
www.burmeseclassic.com

မောင်ဝံသ

# ဒုတိယအတွေး



www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ❖ ပြည်ထောင်စုအပြိုကွဲရေး ဒို့အရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။

တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

'နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်'

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ❖ တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

BURMESE CLASSIC .com

မောင်ဝံသ

# ဒုတိယအတွေး

ဒေါင်းစာပေ
၃/ ၃၃လမ်း(အလယ်) ကျောက်တံတား ရန်ကုန်။ ဖုန်း-၇၃၇၂၀
e-mail: daung73@baganmail.net.mm

www.burmeseclassic.com

**မောင်ဝံသ**

**ဒုတိယအတွေး**

**ပထမအကြိမ်၊**

မတ်၊ ၂၀၀၃

အုပ်ရေ – ၁၀၀၀၊ တန်ဖိုး (၇၀၀) ကျပ်

**စာအုပ်စာတမ်း ခွင့်ပြုချက်အမှတ်**

၈၁၀/ ၂၀၀၂(၉)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၉၈၂/၂၀၀၂(၁၂)

**အဖုံးဒီဇိုင်း**

ဩရသ

**ထုတ်ဝေသူ**

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)

၁၁၃၊ ၃၃လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်အဖုံး ပုံနှိပ်သူ**

ဒေါ်နန်းကလျာဝင်း(၀၆၃၆၁)၊ ငွေကံ့ကော်ပုံနှိပ်တိုက်

၂၀–၃၀၊ ၂၄လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ဒေါင်းစာပေ

၁၁၃၊ ၃၃လမ်း(အထက်လမ်း)၊ ရန်ကုန်မြို့။

ဖုန်း– ၃၇၃၂၁၀

**e-mail: daung@baganmail.net.mm**

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| | ဒဂုန်တာရာ၏ အမှာ | ၇ |
| | မောင်ဝံသ၏အမှာ | ၉ |
| ၁။ | ကံဆိုးသူ မက်ခ်ီယာဗယ်လီ | ၁၁ |
| ၂။ | ဆရာထက် လက်စောင်းထက်သောတပည့် | ၂၁ |
| ၃။ | အများပြည်သူ ထင်မြင်ချက် | ၂၇ |
| ၄။ | အပြည်ပြည်ဆက်ဆံရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ အင်အား | ၃၆ |
| ၅။ | အို၊ နာ၊ သေဘေး တရားပေးသွားသော မေမေ | ၄၂ |
| ၆။ | လူ့သိက္ခာဆိုသည်မှာ | ၅၂ |
| ၇။ | တာဝန်သိနိုင်ငံသား | ၅၈ |
| ၈။ | စံနမူနာ | ၆၅ |
| ၉။ | ဆရာဇော်ဂျီပေးသောဆု | ၆၈ |
| ၁၀။ | ကျည်းကန်ရှင်ကြီးနှင့် အယူတော်မင်္ဂလာ | ၇၂ |
| ၁၁။ | အကန့်အသတ်ကို သိပါ | ၇၈ |
| ၁၂။ | ကြားယောင်မြင်ယောင် | ၈၂ |
| ၁၃။ | လောဘမရှိသော လူမျိုး | ၈၇ |
| ၁၄။ | အလိမ်ဆိုတာ ပေါ်စမြဲ | ၉၂ |
| ၁၅။ | ညစ်ပလီလူမျိုး မဖြစ်စေဖို့ | ၉၆ |
| ၁၆။ | သားရှက်မခံတော့ပါပြီ | ၁၀၀ |
| ၁၇။ | မြင်းမြီးဆွဲမောင်ဆန် | ၁၀၃ |
| ၁၈။ | ဇော်ကန့်လန့်ပုံပြင် | ၁၀၇ |
| ၁၉။ | လိုအပ်သော ဒေါသ | ၁၁၀ |
| ၂၀။ | မွန်မြတ်သောအလုပ် | ၁၁၄ |
| ၂၁။ | သက်ငယ်စကား | ၁၁၆ |
| ၂၂။ | ရေခြားမြေခြား အာရှတိုက်သားများရဲ့ဘဝ | ၁၂၂ |
| ၂၃။ | ဘဝကြမ္မာနှင့် စိတ်အပြောင်းအလဲ | ၁၂၇ |
| ၂၄။ | ငါတကော ကောသူ | ၁၃၄ |
| ၂၅။ | လွတ်လပ်ခွင့်နှင့် ကောင်းကျိုးဆိုးပြစ် | ၁၃၈ |
| ၂၆။ | ချာချီမှားခဲ့သလား | ၁၄၂ |

www.burmeseclassic.com


| | | |
|---|---|---|
| ၂၇။ | လူချမ်းသာရောဂါ | ၁၄၅ |
| ၂၈။ | ကမ္ဘာ့ဗဟုသုတ ဆန်းစစ်ချက် | ၁၄၉ |
| ၂၉။ | ဟမ္ဗားရှီးလ်ပေးခဲ့သော စေ့စပ်ဖျန်ဖြေရေးသင်ခန်းစာ | ၁၅၃ |
| ၃၀။ | ဘေပုရှိန်၏ ဘဝိလပ်အတွေ့အကြုံ | ၁၆၁ |
| ၃၁။ | တို့ကိုယ်ကျိုးလုံးလုံးမပါ | ၁၆၇ |
| ၃၂။ | ဝေါမြို့က လာခဲ့တယ် | ၁၇၁ |
| ၃၃။ | တစ်မှတစ်ရာသို့ | ၁၇၆ |
| ၃၄။ | ဘယ်သူ့သားလဲ | ၁၈၈ |
| ၃၅။ | ငါးဆယ်လည်ပြန် ခြသေ့်လည်ပြန် | ၁၉၀ |
| ၃၆။ | အမှတ်သည်းခြေ | ၂၀၀ |
| ၃၇။ | ချစ်ခြင်း၊ မုန်းခြင်းနှင့် အဆုံးအဖြတ် | ၂၀၂ |
| ၃၈။ | လူ့ဘောင်၏ တွန်းအား | ၂၀၄ |
| ၃၉။ | အဝေဖန်ခံပါ | ၂၀၆ |
| ၄၀။ | ပစ္စည်းမှန်မှ နာရီမှန်မည် | ၂၀၈ |
| ၄၁။ | အမျိုးသားနေ့ဥဒါန်း | ၂၁၀ |
| ၄၂။ | သိမ်ငယ်စိတ်နှင့် ရန်လိုစိတ် | ၂၁၂ |
| ၄၃။ | ရွေးချယ်ခွင့် | ၂၁၄ |
| ၄၄။ | ကိုယ်ကျိုးစွန့်သူများ၏ ကျေးဇူး | ၂၁၆ |
| ၄၅။ | ပြဿနာနှင့် နည်းလမ်း | ၂၁၈ |
| ၄၆။ | ‘နတ်ဆိုး’ကိုရှောင် | ၂၂၀ |
| ၄၇။ | ငြင်းပယ်ခွင့် | ၂၂၂ |
| ၄၈။ | ကောင်းမှုနှင့် မကောင်းမှု | ၂၂၄ |
| ၄၉။ | တစ်ကိုယ်ကောင်းစိတ် | ၂၂၆ |
| ၅၀။ | ချစ်ကြောက်ခြင်းနှင့် မုန်းကြောက်ခြင်း | ၂၂၈ |
| ၅၁။ | မျှော်လင့်ချက်နှင့် အောင်မြင်ခြင်း | ၂၃၀ |
| ၅၂။ | ပူဇော်ထိုက်သူတို့အား ပူဇော်ခြင်း | ၂၃၂ |
| ၅၃။ | လမ်းစဉ်နှင့် ပန်းတိုင် | ၂၃၄ |
| ၅၄။ | ကိုယ်ကောင်းလျှင် ခေါင်းမရှော့ | ၂၃၆ |
| ၅၅။ | အမျက်မထွက်ခြင်း နှင့် သည်းခံခြင်း | ၂၃၈ |
| ၅၆။ | ဒုတိယအတွေး | ၂၄၀ |

## ဒဂုန်တာရာ၏အမှာ

### (က)

ကိုဝံသနှင့် ကျွန်တော်မတွေ့သည်မှာ ကြာပြီ။ သို့သော် တလောကလေးဆီကပင် ပြန်လည်တွေ့ဆုံကြသည်။ သူ့စာအုပ်တစ်အုပ်ထုတ်မည်ဆို၍ ကျွန်တော့်အား အမှာစာ ရေးရန် ပြောသည်။ သူနှင့် ကျွန်တော် သိသည်မှာ ကြာပါပြီ။ သူနှင့်ဖျတ် ခနဲဖျတ်ခနဲဆုံတွေ့ကြသော်လည်း သူ၏ ရုပ်ပုံကားချပ်ကို ကျွန်တော်ဖမ်းမိသည်။ သူက သတင်းစာဆရာ။သူရေးသော အတ္ထုပ္ပတ္တိစာပေများကို ဖတ်ဖြစ်သည်။ ကရူးရှက်၊ တီးတိုး၊ ကျွန်တော်ဝေဖန်စာရေးသည်။ အငြင်းပွားဖွယ် ကရူးရှက်၊ ကောက်ရိုး ခြံနွယ်ဂူမှ သမ္မတနန်းတော်သို့ (တီးတိုး)။ အငြင်းပွားဖွယ် ကရူးရှက်တွင် ကျွန်တော်က ပတိစတာလင်အကြောင်း ရေးခဲ့သည်။

### (ခ)

တကယ်ကတော့ ကျွန်တော်သည် အယ်ဒီတာစားပွဲတွင် ထိုင်ဖူးသည်။ ကျွန်တော့်စားပွဲကတော့ စာပေမဂ္ဂဇင်းအယ်ဒီတာစားပွဲ၊ သတင်းစာ၊ ဂျာနယ်များကို ကျွန်တော်စိတ်ဝင်စားသည်။ သတင်းစာကို စိတ်ဝင်စားသည်။ ဂျာနယ်ကို စိတ်ဝင်စားသည်။ စစ်ပြီးစက ဂျာနယ်တစ်စောင်ပင် ထုတ်ဝေရန် စိတ်ကူးမိသည်။ မဖြစ်မြောက်၍ စာပေမဂ္ဂဇင်းအဖြစ် ရောက်ရှိသွားသည်။ သတင်းထောက်တစ်ဦးအမည်ဖြင့် ရသ သတင်းဆောင်းပါးများ ရေးဖြစ်သည်။

ယခု မောင်ဝံသနှင့် တွေ့ပြန်တော့ သူ့သတင်းစာဘဝကို အားကျမိလိုက်သေးသည်။ သို့သော် ကျွန်တော်သတင်းစာသမားမဖြစ်။ ကျွန်တော့်အပေါင်းအသင်းထဲတွင် သတင်းစာသမားများ ရှိသည်။ ကျွန်တော်သတင်းစာသမားမဖြစ်။ ဂျာနယ်များတွင် နိုင်ငံတကာရေးရာဆောင်းပါးများကို နာမည်တစ်ခုဖြင့် ရေးခဲ့သည်။

### (ဂ)

ကျွန်တော်သည် မောင်ဝံသ၏ သတင်းစာအရေးအသားများကို ဖတ်ဖူးသည်မှာ ကြာပါပြီ။ သူ၏ ဆောင်းပါးများတွင် ပတ်ဝန်းကျင်ကို သတိပြုသည့်အချက်များကို ထင်ရှားစွာ တွေ့ရသည်။ ဘယ်သွားသွား၊ ကားနှင့်သွားသွား၊ သင်္ဘောနှင့်သွားသွား သူရောက်ရာ ဆက်သွယ်ရာ ပတ်ဝန်းကျင်ကို သတိမူသူဖြစ်သည်။ ထို့ကြောင့် သူ သတင်းစာ ဆရာ ဖြစ်သည်မှာ မဆန်း။ သူ့နယ်နှင့်သူ ထက်သန်သူတစ်ယောက်ဖြစ်သည်ကို သိရှိရသည်။ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် သတင်းစာပညာ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဆက်စပ်နေသော တရားဓမ္မဖြစ်သည်။

သမိုင်းတာဝန်များကို ထမ်းဆောင်သော သူများတွင် စာရေးဆရာ၊ သတင်းစာဆရာတို့ပါဝင်သည်မှာ အမှန်ပင်။ နိုင်ငံရေးသမားများသည် တိုင်းပြည်အပေါ်တွင် တာဝန်ရှိ သကဲ့သို့ သတင်းစာဆရာသည်လည်း တိုင်းပြည်အပေါ် တာဝန်ရှိသည်။ ထို့ကြောင့် ကျွန်တော်မောင်ဝံသကို နားလည်သွားသည်။

နိုင်ငံ၏ တာဝန်ကို ထမ်းဆောင်ရာတွင် သတင်းစာဆရာ၏ အခန်းကဏ္ဍ ကြီးကျယ်သည်ကို ကျွန်တော် နားလည်နေသည်။ သူ့သမိုင်းကို သူဆောင်ရွက်သည်။ တောက်ပလျှင်လည်း တောက်ပသည့်သမိုင်း၊ လူတို့သည် မိမိတို့၏ သမိုင်းကို မိမိရေး သားနေသည် မဟုတ်ပါလား။

ကျွန်တော်က သတင်းစာအရေးအသားကို ရသဟန်ဖြင့် ဖွဲ့နွဲ့ချင်သည်။ ထို့ကြောင့် ကျွန်တော် အယ်ဒီတာတစ်ဦး၊ သတင်းထောက်တစ်ဦးဟု ရေးသောစာများ ရသဟန်ပါသည်။ တချို့က ရသဟန် သတင်းစာအဖွဲ့အနွဲ့အရေးအသားများကို သတင်းစာအရေးအသားသစ်ဟု ခေါ်ကြသည်။ စစ်ပြီးခေတ်တွင် ကမ္ဘာပေါ်တွင် ယင်းအဖွဲ့အနွဲ့မျိုးဖြင့် ပေါ်ထွန်း လာသည်။ စစ်မဖြစ်မီကဲ့သို့ ရိုးရိုးစင်းစင်း သတင်းသက်သက် ရေးသားနည်းမဟုတ်ဘဲ လူပုဂ္ဂိုလ် ပတ်ဝန်းကျင်အခြေအနေ စသည်တို့ကို ရသဟန်ဖြင့် ဖွဲ့နွဲ့သော အရေးအသား များကို လူတို့က နှစ်သက်စွဲလမ်းလာကြသည်ကို တွေ့ရသည်။ သိပ္ပံနည်းပညာ၊ လျှပ်စစ် နည်းပညာ၊ သံလိုက်နည်းပညာများ ပေါ်ထွန်းသဖြင့် သတင်းနည်းပညာရပ်ဟူသော စကားပင် ပေါ်ထွန်းခဲ့သည်။ ယနေ့ ကမ္ဘာကြီးသည် လျှို့ဝှက်ထား၍ မရ။ ချက်ချင်း တစ်နေရာမှအဖြစ်အပျက်ကို အသံပါမက ရုပ်ဖြင့်ပင်လျှင် ချက်ချင်း တွေ့မြင်နိုင်သည့် သဘောကို သတင်းနည်းပညာဟု နားလည်နေကြပြီ၊ ဗီဒီယို ကင်မရာခေါ် ရုပ်သံကြား ကိရိယာ ဓာတ်ပုံများကြောင့်လည်း တစ်နေရာ မှာဖြစ်လျှင် ချက်ချင်းကိုယ်တိုင်သွားကြည့်ရာ တွင် မြင်သကဲ့သို့ဖြစ်အောင် သတင်းပေးလာတတ်သည်။ ယင်းအချိန်အခါတွင် ကိုဝံသသည် သတင်းစာဆရာဖြစ်လာသည်။ သည် ရသ အဖွဲ့အနွဲ့ခံစားမှုဖြင့် သတင်းစာဆရာဖြစ်လျှင် တိုင်းပြည်အတွက် အကျိုးပြုနိုင်မည်။ အင်တာနက်ကွန်ရက်သတင်းဆက်သွယ်မှု၊ ရုပ်မြင် သံကြားစသော စက်မှုလျှပ်စစ်ဗေဒပညာရပ်များ ထွန်းကားလာသော ယနေ့ခေတ်တွင် သတင်းနည်းပညာဗေဒဟူသော ဘာသာရပ်ပင် ပေါ်ထွန်းနေပြီ၊ ယနေ့ခေတ်ကို သတင်း ခေတ်ဟူ၍လည်း ပြောနေကြပြီ။ သို့သော် သိပ္ပံယဉ်ကျေးမှု တိုးတက်နေခြင်းကြောင့် ကမ္ဘာပေါ်ရှိ တစ်နေရာမှတစ်နေရာသို့ တစ်စက္ကန့်အတွင်း သတင်းပို့နိုင်သော အခြေအနေသို့ ရောက်ရှိနေပြီး သတင်းပို့သူမှာ လူသား၊ သတင်းစာဆရာ၊ ထိုအခါ သတင်းစာဆရာ၏ အခန်းသည် ယခင်ကာလ ထက် အရေးကြီးလာပြီ။ ကမ္ဘာ့နိုင်ငံရေးကို သတင်း စာဆရာက ပါဝင်ဆက်သွယ်ကာ ဝန်ဆောင်မှုပေးနိုင်သည်။ ထို့ကြောင့် သတင်းစာ ဆရာသည် သတင်းနည်းပညာဗေဒ ပညာရပ်တွင် အရေးပါသော ပညာရှင်ဖြစ်လာပြီ။ ကိုဝံသ၏ အရေးအသားမှာ ဆန်းသစ်လာပြီ။ ရသဟန် အဖွဲ့အနွဲ့ဖြင့် စာဖတ်သူ အကျယ်အဝန်းကို ဖြန့်ပေးနိုင်သည်။ ထိုအခါ သတင်းစာအတတ်ပညာသစ်ပင်ပေါ်ထွန်းလာပေပြီ။

**ဒဂုန်တာရာ**

၁၂-၂-၂၀၀၂

## မောင်ဝံသ၏အမှာ

ကျွန်တော်၏ စာရေးသက်တစ်လျှောက်တွင် သတင်း၊ ဆောင်းပါး၊ ခေါင်းကြီး၊ အက်ဆေး၊ စာတမ်း၊ ကဗျာ၊ ဝတ္ထု– ပင်ကိုနှင့် ဘာသာပြန်၊ ပုံစံအမျိုးမျိုးရေးခဲ့ဖူးသည်။ ယင်းတို့ အနက် ဝတ္ထုအနည်းဆုံးဖြစ်ပြီး ဆောင်းပါးအများဆုံးဖြစ်သည်။

ယခုထုတ်ဝေလိုက်သော ဆောင်းပါးများသည် ၁၉၈၄ခုနှစ်မှစ၍ အတွေးအမြင် စာစောင်တွင် ကျွန်တော်ရေးသားခဲ့သော ဆောင်းပါးများနှင့် ခေါင်းကြီးအချို့ကို စုစည်း ထားခြင်းဖြစ်သည်။ အတွေးအမြင်စာစဉ်(၁၀၀)အထိ ခေါင်းကြီးများမှာ အတွေးအမြင် ဒသနခေါင်းကြီးများစာအုပ်တွင် ဖော်ပြပြီးဖြစ်၍ ယခုထည့်သွင်းထားသည်မှာ စာစဉ် (၁၀၁)နှင့် နောက်ပိုင်းကာလ ရေးသားချက်များဖြစ်သည်။ သို့ရာတွင် ကျွန်တော်သည် ကာလရှည်လျားစွာ စာမရေးနိုင်ဘဲ ပြတ်တောက်သွားချိန်များ ရှိခဲ့သဖြင့် 'အတွေးအမြင်' သက်တမ်း ၁၈–နှစ်အတွင်း ကျွန်တော်၏ ဆောင်းပါးနှင့် ခေါင်းကြီးများမှာ ထင် သလောက် မများလှဘဲ ရှိသည်ကို တွေ့ရသည်။

မည်သို့ရှိစေ၊ ကျွန်တော့်အနေဖြင့် အတွေးအမြင်တွင် ကျွန်တော်ပါဝင်ရေးသား ခဲ့သမျှ ဆောင်းပါးများကို တစ်စုတစ်စည်းတည်း ထုတ်ဝေလိုသည့်ဆန္ဒ ပြင်းပြနေခဲ့ သည်မှာ ကြာပြီ။ ဤဆောင်းပါးများသည် ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ၊ အဂတိတရား လေးပါး ကင်းနိုင်သမျှ ကင်းရှင်းအောင် သတိပြုနှလုံးသွင်း၍ ရေးသားခဲ့သော ကျွန်တော့် ကိုယ်ပိုင်အာဘော် အများဆုံးပါဝင်သော စာစုဖြစ်သည်ဟု ဆိုချင်ပါသည်။

စာဖတ်သူအနေဖြင့် စာရေးသူမောင်ဝံသနှင့် အတွေးအမြင်ချင်း ညှိနှိုင်းဖလှယ် ရင်း အတွေးမျှင်များ ဆင့်ပွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**မောင်ဝံသ**

ဇန်နဝါရီ၊ ၂၀၀၂
၁၁၃၊ ၃၃လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ကံဆိုးသူမက်ခီယာဗယ်လီ

မက်ခီယာဗယ်လီဟူသောအမည်ကို ကြားလိုက်သည်နှင့် သူ၏ 'မင်းသား' ခေါ် 'ရာဇဝေါဒ' ကျမ်းကိုပြေး၍ သတိရမိကြပေမည်။ တစ်ဆက်တည်းမှာပင် မက်ခီယာဗယ်လီဝါဒ၊ မက်ခီယာဗယ်လီဝါဒီစသော အဘိဓာန်စုရင်းဝင်ဝေါဟာရများကို သတိမူမိကြပေမည်။

မက်ခီယာဗယ်လီခမျာ ကံဆိုးရှာသူနိုင်ငံရေးဗေဒပညာရှင်တစ်ဦး ဖြစ်သည်။ သူ့အကြောင်းကို မပြောမီ သူကံဆိုးပုံကို ဦးစွာ ပြောရလျှင် အဘိဓာန်များက မက်ခီယာဗယ်လီနှင့် ပတ်သက်၍ အနက်ဖွင့်ထားကြပုံများကို ကိုးကားရပါလိမ့်မည်။

မြန်မာနိုင်ငံ၌ အတော်ရှေးကျကျကာလကပင် ထုတ်ဝေခဲ့သော 'ဦးထွန်းငြိမ်း အင်္ဂလိပ်–မြန်မာအဘိဓာန်' (၁၉၁၆)ခုနှစ်ထုတ်၌ ဤသို့ ဖော်ပြခဲ့သည်။

| | |
|---|---|
| machiavel(n) | ထောက်ထားညှာတာခြင်းမရှိဘဲ စဉ်းလဲညဏ်ထုတ်သောသူ။ |
| machiavellian(a) | ထောက်ထားညှာတာခြင်းမရှိ စဉ်းလဲညဏ်ထုတ်တတ်သော၊ မြို့ရေးရွာမှု၌ စဉ်းလဲသော၊ အလိမ္မာညဏ်ပါသော၊ အလိမ္မာဖက်သော (colloq)machiave - llism (n) |

'ဒေါက်တာဘဟန်၏ အင်္ဂလိပ်–မြန်မာအဘိဓာန်'(၁၉၅၁)တွင်လည်း ဤသို့ အနက်ဖွင့်ထားခဲ့သည်။

| | |
|---|---|
| machiavellian(a) | (၁) အီတလီပြည် နိုင်ငံရေးပညာကျော် မက္ကရဗလီ သွန်သင်သည့်အတိုင်း နိုင်ငံရေးတွင် တော်တည့်ဖြောင့်မတ်ခြင်းကို ပမာဏမပြုအပ်၊ အစိုးရတည်မြဲခိုင်ခံ့ခြင်းသာ သင့်လျော်ဟုတ်မှန်သည်ဟူသော အယူအဆနှင့်ဆိုင်သော |

www.burmeseclassic.com

(၂) လိုပတ်ပြည့်အောင် သစ္စာမစောင့်အမြဲကောက်ကျစ် စဉ်းလဲသော။ ယင်းအယူအဆအတိုင်း လိုက်နာဆောင်ရွက်သူ။

machiavellianism(n) အီတလီပြည် နိုင်ငံရေးပညာကျော် မက္ကရာဗလီ သွန်သင်သည့်အတိုင်း နိုင်ငံရေးတွင် တော်တည့်ဖြောင့်မတ်ခြင်းကို ပမာဏမပြုအပ်။ အစိုးရတည်မြဲနိုင်ခဲ့ခြင်းသာ သင့်လျော်ဟုတ်မှန်သည်ဟူသော အယူအဆ။

'တက်တိုး'အင်္ဂလိပ်–မြန်မာအဘိဓာန်(၁၉၅၇)တွင်လည်း machiavellian (adj) မသမာအကြံရှိသော–ဟူ၍ အနက်ပေးထားသည်။

မြန်မာနိုင်ငံတွင် ကျောင်းသားအများသုံးအဖြစ် တွင်ကျယ်လျက်ရှိသော လန်းနားစ် အဘိဓာန်[၁]တွင်ကား အောက်ပါကဲ့သို့ ဖော်ပြခဲ့ပေသည်။

machiavelli(n) 1469-1527 an Italian statesman and writer who declared that cunning and deceit are justified in state affairs. Machiavellian, (adj) showing no scruples in gaining what one wants.

သုတေသီတို့ အသုံးများသော (၁၉၆၉)တွင်မူ ပို၍ ပြည့်ပြည့်စုံစုံ အောက်ပါအတိုင်း ဖော်ပြထားသည်။

machiavelli(n) 1. of, like, or befitting Machiavelli. 2. being or acting in accodance with the principles of government analyzed in Machiavelli's treatise. The Prince (1513), in which political expediency is placed above moralith. 3.characterized by unscrupulous cunningm deception, or dishonesty. n. 4. a follower of the principles analyzed or described in the Prince Also Machiallin. Machiallianism Machiavellism (n) Machiavellianlly (adv.)

---

၁။ The Advanced Learnet's Dictionary of Current English=, by. A. A Hornby, E. V. Catenby, H. Wakefield: London, Oxford University Press. (1948)

ဤသို့အားဖြင့် "မက်ခီယာဗယ်လီ"ဟူသော စကားလုံးသည် အဘိဓာန်များတွင် အနက်ပေးထားသည့်အတိုင်း နာမည်ဆိုးဖြင့် ထင်ရှားသော ဝေါဟာရဖြစ်လာခဲ့သည်။

အဘိဓာန်များတွင်မက မြို့မကျောင်းဆရာ ဦးစံထွား ရေးသားပြုစုသော လောကီထုပ္ပတ် လူတို့ဇာတ် တတိယစာစောင်ခေါ် ကမ္ဘာ့သမိုင်းစာအုပ်*တွင် မက်ခီယာဗယ်လီနှင့် ပတ်သက်၍ ဤသို့ ဖော်ပြခဲ့သည်။

'ဥရောပတိုက်သားများ၏ ထိုခေတ်အခါက သမိုင်းကို နားလည်နိုင်ရန် အတန် ခဲယဉ်း၏။ အချိန်ယူကာ အသေးစိတ်၍ လေ့လာမှသာလျှင် နားလည်နိုင်မည်ဖြစ်သည်။ သတိပြုရန်အချက်ကြီးတစ်ခုမှာ ဥရောပတိုက်သားများသည် "အမျိုးသား"ဟု သမုတ်အပ်သော ဂုဏ်တုဂုဏ်ပြိုင်လူမျိုးစုများဖြစ်လာ၍ လူတစ်မျိုးနှင့်တစ်မျိုး ကွဲပြားခြားနားလာကြောင်းကို တဖြည်းဖြည်း သိနားလည်လာကြ၏။ လူမျိုးလိုက် ကွဲပြားခြားနားလာသည်မှာ မကြာသေး၍ လူမျိုးတစ်မျိုး၏ တန်ခိုးအာဏာ တိုးတက်ကြီးမားလာမှုကို အခြား လူမျိုးတစ်မျိုးက မနာလိုမရှုဆိတ်ဖြစ်သည်။ တိုင်းပြည်တိုင်းလိုလိုပင် မိမိပြည်နီးနားချင်း တိုင်းပြည်များထက် အင်အားကြီးမားလို၏။ အေဒီ ၁၅ ရာစုနှစ်များတွင် အီတလီပြည်သား မက္ကီယဗယ်လီအမည်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဘုရင်မင်းမြတ်တို့သည် တိုင်းပြည်ကိစ္စအဝဝကို မည်သို့မည်ပုံဆောင်ရွက်ထိုက်ကြောင်း မင်းကျင့်စဉ်ကျမ်းတစ်စောင်ကို ပြုလုပ်ခဲ့လေသည်။ ဤစာအုပ်ကို မင်းညီမင်းသား(The prince) ဟု အမည်ပေး၍ ထိုခေတ်အခါ လူမျိုးအချင်းချင်း မည်သို့ ဆက်ဆံကြပုံကို မခြွင်းမချန်ဟုတ်မှန်သည့်အတိုင်း ရေးသားခဲ့ပေသည်။ ထိုပုဂ္ဂိုလ်ကြီး၏ အလိုမှာ မင်းညီမင်းသား မည်သည် မိမိတိုင်းပြည်အင်အား ကြီးမားအောင် ရည်သန်ရာသည်။ ဤ ရည်သန်ချက်အတိုင်း ဆောင်ရွက်ရန် ရိုးဖြောင့်တော်မှန်သောနည်းရှိပါက သာ၍ကောင်း၏။ အကယ်၍ ရိုးဖြောင့်တော်မှန်သောနည်းမရှိပါက ရန်သူများအား အောင်နိုင်မည့် အခွင့်အရေးရှိချေသော် မုသားပင်ဖြစ်လင့်ကစား ပြောရဲရမည်။ လိမ်လည်လှည့်ဖြားတတ်ရမည်။ ကတိဖျက်ရဲရမည်ဟု ရေးသားခဲ့ပေသည်။

* မြို့မစာပေအဖွဲ့ထုတ်၊ ရှုမဝစာအုပ်တိုက်၊ ပုံနှိပ်ခုနှစ်မပါ။ (၁၉၄၈–၄၉ ခုနှစ် ပုံနှိပ်ခြင်းဟု ခန့်မှန်းရသည်)

www.burmeseclassic.com

"အိမ်ပြန်ခြံဝင်၊ နွားပါလျှင် ပြီးတမ်း" ဟူသောစကား ကဲ့သို့ နိုင်ငံရေးတွင် မည်သည့်နည်းကိုပင် အသုံးပြုပြု၊ ထမြောက် အောင်မြင်ခြင်းသာလျှင် ပဓာနအကြောင်း ဖြစ်သည်ဟု ဆိုလေသည်။

(လောကီထုပ္ပတ်လူတို့ဇာတ် စာ ၉၃–၉၅)

ဤဆောင်းပါးရှင် (မောင်ဝံသ)ပြုစုသော ခေတ်ပြိုင်ကမ္ဘာ့ရေးရာအဘိဓာန် (၁၉၈၂)တွင်လည်း အောက်ပါကဲ့သို့ အဓိပ္ပာယ်ဖွင့်ပေးခဲ့ပါသည်။

Machiavellian(အာဏာအဓိကသမား)

ရှေးခေတ်အီတလီနိုင်ငံရေးသမား၊ အတွေးအခေါ်ပညာရှင်၊ ကျမ်းပြုဆရာကြီး နီကိုလိုဒီဘာနာဒို မက္ကယာဗေလီ (Nicolo Di Bernardo Machiavelli) (၁၄၆၉–၁၅၂၇)ကို အစွဲပြု၍ မက္ကယာဗေလီ၏ အယူအဆများကဲ့သို့ ခံယူကျင့်ကြံသူ နိုင်ငံရေးသမားများအတွက် သုံးနှုန်းထားသော နာမဝိသေသနဖြစ်သည်။

မက္ကယာဗေလီသည် ၁၅၁၃ ခုနှစ်က ရေးသားစီရင်ခဲ့သော မင်းသားခေါ်ရာဇောဝါဒ လမ်းညွှန်ကျမ်းတွင် စိုးမိုးအုပ်ချုပ်မင်းလုပ်မည့်သူများအတွက် နိုင်ငံရေး တက်လမ်းရှာနည်း၊ နိုင်ငံရေးအာဏာခိုင်မြဲအောင်လုပ်နည်းနှင့် အတိုက်အခံများအပေါ် အောင်မြင်ရေးနည်းများကို ဖော်ပြထားခဲ့သည်။ နိုင်ငံရေးအတွက် သင့်တော်သလို လုပ်ဆောင်ခြင်းသည် ကိုယ်ကျင့်တရား ကိုယ်ကျင့်သိက္ခာတို့ထက် ပို၍အရေးကြီးသည်ဟု မက္ကယာဗေလီက ဆိုခဲ့သည်။ ကျင့်သုံးခဲ့သောနည်းလမ်းများမှန်မမှန်ကို နောက်ဆုံးအကျိုးသက်ရောက်မှုက အတည်ပြုသည်။ (The ends justify the means) ဟူသည်မှာ မက္ကယာဗေလီ၏ ဩဝါဒပင်ဖြစ်သည်။ 'နိုင်ငံအာဏာကို ဘယ်နည်း နှင့် ရရ ရလျှင်ပြီးရော၊ တရားသည်'ဟူသော အယူအဆ ဖြစ်သည်။

ထို့ကြောင့် မက္ကယာဗေလီ၏ မင်းသားကျမ်းမှ အခြေခံမှုများကဲ့သို့ ကျင့်ကြံသူ နိုင်ငံရေးသမားကို machiavellin poltician ဟု သုံးနှုန်းရေးသားလေ့ရှိသည်။ မက္ကယာဗေလီ ဝါဒ (machiavellism) ဟူ၍လည်း ရံဖန်ရံခါ သုံးနှုန်းကြသည်။

ကျွန်တော်သည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ခေတ်ပေါ်စာနယ်ဇင်းများနှင့် အဘိဓာန်များကို လေ့လာ၍ မက်ခီယာဗယ်လီကို အများက အဓိပ္ပာယ်ဖွင့်ဆိုကြသည့်အတိုင်း စုစည်းတင်ပြခဲ့ခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် ခေတ်ပေါ်စာနယ်ဇင်းများ၌ မက်ခီယာဗယ်လီဟူသော စကားလုံးကို တွေ့ရသည့်အခါတိုင်း ကျွန်တော်သည် ထိုပုဂ္ဂိုလ်ကြီးနှင့် ပတ်သက်၍ မကြာခဏ အတွေးနယ်ချဲ့မိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ နီးပါးခန့်က နိုင်ငံရေး သိပ္ပံကျမ်းပြု ဆရာကြီးတစ်ဦးသည် ယနေ့ခေတ်အမြင်တွင် မလိုလား အပ်သူတစ်ဦး ဖြစ်နေရရှာပါပကောဟု သံဝေဂရမိခြင်းဖြစ်သည်။

လူသာသေသည်။ နာမည်မသေသော သူတွေ ရှိကြသည့်အနက် မက်ခီယာ ဗယ်လီသည်လည်း အပါအဝင်ဖြစ်သည်။ သို့ရာတွင် သူ၏ နာမည်မသေပုံမျိုးမှာကား ကံဆိုးလှချေသည်။ သူသည် သူ့ခေတ်သူ့အခါအတွက် အကောင်းအမွန်ဟု ယူဆသော နိုင်ငံရေး ပညာပေးကျမ်းကို ပြုစုသွားခဲ့၏။ သို့ရာတွင် နှစ်ပေါင်း ၅၀၀ နီးပါးခန့် ကြာသောအခါ ခေတ်အမြင်အရ သူသည် လူသားတို့အတွက် ဝါဒဆိုးစနစ်ဆိုးတို့ကို မျိုးစေ့ချပေးခဲ့သူအဖြစ် သမုတ်ခြင်း ခံလာရသည်။

မည်သို့ရှိစေ မက်ခီယာဗယ်လီကား ထူးခြားသောလူသားတစ်ဦးအဖြစ် စိတ်ဝင်စားဖွယ် ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ကျွန်တော်သည် သူ့အကြောင်းနှင့် သူရေးသား ပြုစုခဲ့သော စာပေများအကြောင်းကို လက်လှမ်းမီသမျှ လေ့လာခဲ့သည်။ ထိုအခါ ဘာသွားတွေ့သနည်းဆိုသော် မက်ခီယာဗယ်လီသည် နိုင်ငံရေးတက်ကျမ်း တစ်စောင်တစ်ဖွဲ့ ပြုစု၍ တိုင်းပြည်အုပ်ချုပ်မင်းလုပ်မည့်သူများအတွက် အခါပေး လမ်းညွှန်မှုများ ပြုခဲ့ငြားလည်း သူကိုယ်တိုင်ကား နိုင်ငံရေးလမ်းကြောင်းတွင် ရှုံး နိမ့်သူတစ်ဦးမျှသာ ဖြစ်ခဲ့ကြောင်းပေတည်း။

*

မက်ခီယာဗယ်လီ၏ အတ္ထုပ္ပတ္တိအကျဉ်းမှာ–

သူ့ကို ၁၄၆၉ ခု မေလ ၃ ရက်တွင် ဖလောရင့်မြို့၌ ဖွားမြင်ခဲ့သည်။ ဖခင်မှာ ဝတ်လုံတော်ရရှေ့နေကြီးတစ်ဦး ဖြစ်သည်။ သူသည် လက်တင် စာပေကျမ်းဂန် များနှင့် အီတလီဂန္ထဝင်စာပေများကို အထူးပြုလေ့လာခဲ့သည်။ ၁၄၉၈ ခုနှစ်တွင် ဖလောရင့်သမ္မတနိုင်ငံ အစိုးရအဖွဲ့၌ အမတ်ချုပ်အဖြစ်လည်းကောင်း၊ ဒုတိယ နန်းရင်းဝန်အဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် အရေးပါသော အစိုးရရာထူးများစွာ ခန့်အပ်ခြင်း ခံခဲ့ရသည့်အနက် ၁၅၀၇ တွင် ပြည်သူ့စစ်လက်နက်ကိုင်တပ်များ ဖွဲ့စည်းရေး တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ရခြင်းမှာ ထူးခြားသည်။ မက်ခီယာဗယ်လီ၏ အားတက်သရော တောင်းဆိုချက်အရ ပြည်သူ့ စစ်တပ်ဖွဲ့များ ဖွဲ့စည်းရေးကို တာဝန်ပေးခြင်းဖြစ်သည်။ သို့သော် သူစုစည်းခဲ့သော ပြည်သူ့စစ်တပ်ဖွဲ့များမှာ ၁၅၁၂ခုနှစ်တွင် ရန်သူ(စပိန်)တို့နှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင်

www.burmeseclassic.com

အရေးနိမ့်ခဲ့သည်။ မက်ခီယာဗယ်လီသည်လည်း ထိုနှစ်မှာပင် ရာထူးမှ ပြုတ်သွားသည်။ မကြာမီ အစိုးရဆန့်ကျင်ရေးလုပ်ဆောင်သည်ဟု ဆိုကာ ဖမ်းဆီး ညှဉ်းပန်း ခံရသည်။ နောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှလွတ်လာခဲ့သည်။

သူသည် နိုင်ငံရေးတာဝန်ကို ၁၄ နှစ်ကြာမျှ ထမ်းဆောင်ခဲ့စဉ်အတွင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးနှင့် သံတမန်ရေးနယ်ပယ်များတွင် အတွေ့အကြုံများစွာ ရရှိခဲ့သည်။ အဆိုပါ အတွေ့အကြုံများပေါ်တွင် အခြေပြု၍ အငြိမ်းစားဘဝတွင် စာများ ရေးဖြစ်သည်။

'မင်းသား'ကျမ်းကို ၁၅၁၃ခုနှစ်တွင် စတင်ရေးသားပြီး ၁၅၁၆ခုနှစ်တွင် အပြီး သတ်ခဲ့သည်။ သူသည် ထိုကျမ်းငယ်ကို ဖလောရင့်မြို့ပြနိုင်ငံ၏ အာဏာပိုင်ဖြစ်သူ လော်ရင်ဇိုဒေမက်ဒီစီ (Lorenzo De Medici)ထံ ရွှေနားတော်သွင်းအဖြစ် ပေးပို့ခဲ့သည်။ မက်ခီယာဗယ်လီက မက်ဒီစီထံသို့ ပေးစာတွင် 'အခွင့်အရေးကို မျှော်ကိုးသူတို့သည် မိမိပိုင်ဆိုင်သော အဖိုးတန်ပစ္စည်းများကို ဆက်သခြင်းဖြင့် အရှင်သခင်ထံမှ ဆုလာဘ်များ ရယူလေ့ရှိကြပါသည်။ အကျွန်ုပ်သည်လည်း အရှင့်ထံသို့ အကျွန်ုပ်တန်ဖိုးထားသော ဤကျမ်းငယ်ကို ဆက်သအပ်ပါသည်'ဟု ကျိုးနွံစွာ ရေးသားဖော်ပြခဲ့သည်။

'နိမ့်ကျသော အညတရကျေးတော်မျိုး ကျွန်တော်မျိုးတစ်ဦးက မင်းစိုးရာဇာများ အနေဖြင့် တိုင်းပြည်ကို မည်သို့မည်ပုံ အုပ်ချုပ်သင့်သည်ဟု တင်ပြအစီရင်ခံဝံ့သည်ဟူ၍ မမှတ်ယူပါလင့်။ ရှုမျှော်ခင်းပန်းချီရေးဆွဲသူများသည် တောင်များ၊ ကုန်းမြင့်များကို သဘာဝကျကျရေးဆွဲလိုသောအခါ မြေပြန့်လွင်ပြင်သို့ ဆင်းသက်၍ ကြည့်ဘိသကဲ့သို့ တိုင်းသူပြည်သားများ၏ အနေအထားကို အပြည့်အဝ ဖွင့်ဆိုရန် အလို့ငှာ အရှင်မင်းသား၏ နေရာမှကြည့်ပါရလိမ့်မည်။ အရှင်မင်းသားများ၏ အနေအထားကို အပြည်အဝဖွင့်ဆိုရန် အလို့ငှာ သာမန်တိုင်းသူပြည်သားတစ်ဦး၏ နေရာမှကြည့်ရပါလိမ့်မည်'ဟူ၍လည်း မက်ခီယာဗယ်လီက ရှင်းလင်းတင်လျှောက်ခဲ့သည်။

သူ၏ တင်လျှောက်စာအလိုအရ မက်ခီယာဗယ်လီသည် နိုင်ငံရေးနေရာပြန်ရချင်၍ မင်းသားကျမ်းကို ရွှေနားတော်သွင်းခြင်းဖြစ်သည်ဟု ယူသော် ရနိုင်သည်။ အသင့်အတင့်ကား မှန်သည်။ ထိုကျမ်းကို ဆက်သပြီးနောက် ဖလော့ရင့်မြို့ပြနိုင်ငံ၏ အာဏာပိုင်ဖြစ်သူ မက်ဒီစီ၏အိမ်တော်သို့ ဖိတ်ကြားခြင်းခံခဲ့ရသည်။ သူ့အား ပညာရှိသုခမိန်အရာထား၍ နေရာပေးခြင်းဖြစ်သည်။ ထို့နောက် အရေးမကြီးလှသော ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဆိုင်ရာ တာဝန်များပေး၍ မက်ခီယာဗယ်လီအား စမ်းသပ်အသုံးပြုပြန်သည်။ သူသည် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတာဝန်ဖြင့်

ရောမမြို့သို့လည်း သွားရောက်ခဲ့ရ၍ ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံကာ 'ဖလောရင့် မြို့သမိုင်း'ပြုစုရန် ရဟန်းမင်းကြီးထံမှ ထောက်ပံ့ကြေး ရရှိခဲ့သည်။ မက်ခီယာဗယ်လီသည် ပြည်သူ့စစ်တပ်ဖွဲ့များ ဖွဲ့စည်းရေးအတွက် ရဟန်းမင်းကြီးအား အကြံပေးခဲ့ပြန်သည်။ သို့သော် ရဟန်းမင်းကြီးက လက်မခံသဖြင့် လက်လျှော့ခဲ့ရသည်။ ဤတွင် နိုင်ငံရေးနယ်သို့ မက်ခီယာဗယ်လီပြန်ဝင်ရန် ကြိုးပမ်းခြင်းမှာ သမ္မတနိုင်ငံပြန်လည်ထူထောင်ရန် ကြံရွယ်ခြင်းဖြစ်လိမ့်မည်ဟု မက်ဒီစီက သင်္ကာမကင်းဖြစ်ပြီး သူ့အား မည်သည့်တာဝန်မျှ မပေးတော့ဘဲ လျစ်လျူရှုထားလိုက်သည်။ ထိုနောက် မက်ခီယာဗယ်လီသည် နာမကျန်းဖြစ်လာသည်။ ဝမ်းဗိုက်အောင့်သော ဝေဒနာ ပြင်းထန်စွာ ခံစားရသည်။ ၁၅၂၇ ခုနှစ် ဇွန်လတွင် သူကွယ်လွန်သည်။ သူ၏ မိသားစုမှာ ဆင်းရဲငြိုငြင်စွာ ကျန်ရစ်ခဲ့ရသည်။

မက်ခီယာဗယ်လီ၏ မိသားစုရေးရာနှင့် ပတ်သက်၍ကား မှတ်တမ်းမှတ်ရာ နည်းပါးသည်။ သူသည် ၁၅၀၂ ခုနှစ်တွင် မာရီယက်တာ ကော်ဆီနီနှင့် လက်ထပ်ပြီး ကလေးခြောက်ယောက် ရရှိခဲ့သည်။ ဇနီးသည်က သူ့အပေါ် လွန်စွာမှ ချစ်ကြင်မြတ်နိုးမှု ရှိသည်။ ၁၅၀၃ ခု နိုဝင်ဘာ ၂၄ရက် နေ့စွဲဖြင့် ဇနီးသည်က မက်ခီယာဗယ်လီထံ ပေးစာတွင် ခင်ပွန်းဖြစ်သူအား ချစ်စနိုးကျီစယ်သော အရေးအသားများကို တွေ့ရလေသည်။

'ကျွန်မတို့ သားကလေးဟာ ရှင်နဲ့သိပ်တူတာပဲ။ အသားက နှင်းပွင့်ကလေးလို ဖြူလို့၊ ခေါင်းမှာလည်း ဆံပင်တွေ သန်လိုက်တာ ကတ္တီပါနက်လို မည်းမှောင်နေတာပဲ။ ရှင့်လိုပဲပေါ့၊ သားကလေးဟာ ရှင်နဲ့တူတယ်ဆိုတော့ ချောတယ်လို့ ပြောရမှာပေါ့နော်'ဟု မာရီယက်တာက ရေးသားခဲ့သည်။ (စင်စစ်အားဖြင့်ကား မက်ခီယာဗယ်လီသည် ဥပဓိရုပ် ကောင်းသူမဟုတ်။ အရပ်မနိမ့်မမြင့်၊ သေးသေးသွယ်သွယ်၊ မျက်လုံးတောက်တောက်၊ ဆံပင်နက်နက်၊ ဦးခေါင်းသေးသေး၊ နှာခေါင်းအနည်းငယ်ကောက်သည်။ နှုတ်ခမ်းကို အမြဲတမ်း တင်းတင်းစေ့ထားလေ့ရှိသည်။ စူးရှထက်မြက်သော သုတေသီတစ်ဦး၊ အတွေးအခေါ်ရှင်တစ်ဦး၏ ပုံပန်းမျိုး ဖြစ်သော်လည်း သူတစ်ပါးတို့အား ဩဇာလွှမ်းမိုး သိမ်းသွင်းနိုင်သော အင်္ဂါရုပ်မျိုး မဟုတ်ချေ။)

မက်ခီယာဗယ်လီသည် နိုင်ငံရေးရာများနှင့်သာ နစ်မြုပ်နေ၍ မိသားစုအရေးကို အလေးပေးခဲ့ဟန်မရှိ။ စီးပွားဥစ္စာ စုဆောင်းမှုလည်း မရှိခဲ့။ ထို့ကြောင့် မိသားစုမှာ ဆင်းဆင်းရဲရဲဖြင့် ကျန်ရစ်ခဲ့ကြရသည်။ သူသည် မိသားစုအတွက် နောက်ဆုံး လိုက်လျောချက်တစ်ခုကိုမူ ပြုသွားခဲ့သည်။ ဘာသာရေးရာများကို

www.burmeseclassic.com

ပစ်ပယ်ထားသူဖြစ်လင့်ကစား သေခါနီးအချိန်တွင် ဘုန်းတော်ကြီး မက်တီယိုထံမှောက် ၍ အပြစ်ဖြေသွားခြင်း ဖြစ်သည်။ မက်ခီယာဗယ်လီကွယ်လွန်ပြီးနောက် သားဖြစ်သူ ပီယေရိုက ပီဆာမြို့ရှိ သားချင်းတစ်ဦးထံ ရေးသောစာတွင် သူ၏ ဖခင်သည် ဘုန်းတော်ကြီးမက်တီယိုအား သူ၏ အပြစ်ဖြေချက်ကို ကြားနာရန် ခွင့်ပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။ 'ကြားနာခွင့်ပြုသည်'ဟု သုံးနှုန်းထားခြင်းကို ထောက်၍ သူသည် မိသားစုအား ငဲ့ညှာ၍ သူ့ဆန္ဒမပါဘဲ ထုံးတမ်းစဉ်လာတစ်ခုကို နောက်ဆုံး လိုက် လျောခြင်း ဖြစ်သည်ဟု ယူဆရသည်။

*

မက်ခီယာဗယ်လီ အသက်ရှင်သန်လှုပ်ရှားခဲ့သော ခေတ်သည် အီတလီနိုင်ငံ စည်းလုံးညီညွတ်မှုမရှိသေးဘဲ မြို့ပြနိုင်ငံများအဖြစ် သူတစ်လူငါတစ်မင်း အကွဲကွဲ အပြာပြား ဖြစ်နေသော ကာလဖြစ်သည်။

ထိုကာလသည် မြန်မာနိုင်ငံ၌ အင်းဝ(၁၃၆၄–၁၅၅၁)နှင့် ခေတ်ပြိုင်ဖြစ်သည်။ သိုဟန်ဘွားတို့ ဝင်ဖျက်သဖြင့် အင်းဝပျက်ခါနီးကာလနှင့် တစ်ချိန်တည်းလောက်ဖြစ် သည်။

အီတလီနိုင်ငံ ဖလောရင့်မြို့၌ နိုင်ငံရေးပညာရှင် မက်ခီယာဗယ်လီပေါ်ပေါက် ချိန်သည် မြန်မာနိုင်ငံ အင်းဝခေတ်ဦးမင်းကြီးစွာစော်ကဲ(၁၃၆၇–၁၄၀၀)လက်ထက် နိုင်ငံရေးပညာရှင်ကြီး ဝန်ဇင်းမင်းရာဇာ ပေါ်ထွန်းချိန်နှင့် ယှဉ်လျှင် နှစ် ၁၀၀ ခန့် နောက်ကျသည်။ စာပေယဉ်ကျေးမှုကဏ္ဍတွင် အင်းဝခေတ်နှောင်း ဒုတိယမင်းခေါင် (၁၄၈၀–၁၅၀၁)လက်ထက် ပေါ်ပေါက်ခဲ့သော ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ စသော ပုဂ္ဂိုလ်ထူးများသည် မက်ခီယာဗယ်လီနှင့် ခေတ်ပြိုင်ဖြစ်သည်။ မက်ခီယာ ဗယ်လီ၏ နိုင်ငံရေးပညာပေးကျမ်း 'မင်းသား'သည် ၁၅၁၆ခုနှစ်တွင် ပြုစုပြီးစီးခဲ့၍ ရှင်မဟာရဋ္ဌသာရ၏ 'သံဝရ'ပျို့မှာ ၁၅၂၉တွင် ပြုစုပြီးစီးခဲ့သည်။

အီတလီနိုင်ငံ၌ မက်ခီယာဗယ်လီ ကြုံတွေ့ခဲ့ရသော နိုင်ငံရေးအခြေအနေ သည် ခရစ်နှစ် ၁၅၂၆တွင် အင်းဝပျက်ပြီးနောက် တိုင်းပြည်ကစဉ့်ကလျားဖြစ်နေချိန် မျိုးနှင့် ဆင်တူ၏။ အင်းဝတွင် သိုဟန်ဘွား၊ ပြည်မြို့တွင် နရပတိ၊ ဟံသာဝတီတွင် သုရှင်တကာရွတ်ပိ၊ တောင်ငူတွင် တပင်ရွှေထီးတို့ အသီးသီး တထီးတနန်း စိုးစံ နေကြချိန်ဖြစ်သည်။

မက်ခီယာဗယ်လီ လူလားမြောက်လာသောအချိန်တွင် အီတလီနိုင်ငံသည် လည်း ဖလောရင့်၊ ဗင်းနစ်၊ မီလန်၊ နေပဲလ်၊ ပုပ်ရဟန်းမင်းကြီး၏ ရောမမြို့ဟူ၍ ငါးတိုင်းငါးဌာန ကွဲပြားပြီး သူတစ်လူငါတစ်မင်း အုပ်ချုပ်နေကြသည်။ ပြင်သစ်နှင့်

www.burmeseclassic.com


စပိန်နိုင်ငံတို့၏ ကျူးကျော်လွှမ်းမိုးမှုကိုလည်း ရံဖန်ရံခါ ခံရတတ်သည်။ ကျူးကျော်သူနှင့် ပူးပေါင်း၍ အမျိုးသားချင်း ပြန်လည်အနိုင်ကျင့်မှုကိုလည်း ကြုံရတတ်သေးသည်။

မက်ခီယာဗယ်လီသည် သူ့နိုင်ငံအတွက် ရင်နာမိသည်။ ကြေကွဲမိသည်။ ထို့ကြောင့် သူ၏ဇာတိဌာနဖြစ်သော ဖလောရင့်မြို့နိုင်ငံကို အီတလီ၏ ဗဟိုချက်မ အင်အားကြီးဒေသ ဖြစ်လာစေပြီး စည်းလုံးညီညွတ်သော သမ္မတနိုင်ငံတော်ကြီး ထူထောင်ချင်သည်။ သူ၏ 'မျိုးချစ်စိတ်'သည် ဖလောရင့်ကို မူတည်သော မျိုးချစ်စိတ်ဖြစ်သည်။ ထို့ကြောင့် သူသည် ဖလောရင့်မြို့နိုင်ငံကို လတ်တလော အုပ်ချုပ်နေသော အကြီးအကဲအား မင်းသားကျမ်းကို ဆက်သ၍ သူဖြစ်စေချင်သော 'နိုင်ငံတော်' တည်ဆောက်ရေးပုံစံကို သညာပေးခဲ့ခြင်းဖြစ်သည်။ သူ၏ ကျမ်းသည် (က) ရန်အောင်ကြောင်းလမ်းညွှန်နှင့် (ခ) ရာဇပလ္လင် မြဲရေး လမ်းညွှန်များပင် ဖြစ်သည်။

မက်ခီယာဗယ်လီသည် ၁၆ရာစုအစောပိုင်းကာလ အီတလီနိုင်ငံ၏ ပစ္စက္ခ အခြေအနေများပေါ် မူတည်၍ သူ၏ ကျမ်းကို ပြုစုခဲ့ခြင်းဖြစ်သည်။ ထိုကာလသည် အင်အားကြီးသော နိုင်ငံက အင်အားငယ်သော နိုင်ငံကို တရားလက်လွတ် ကျူးကျော်လွှမ်းမိုးလေ့ ရှိသည့် ကာလဖြစ်သည်။ ထို့ကြောင့် 'အင်အား'တည်ဆောက်ရေးသည် နိုင်ငံတစ်ခုအတွက် မလွဲမသွေ လိုအပ်ချက် ဖြစ်နေသည်။ ဤတွင် မက်ခီယာဗယ်လီသည် 'အရာရာကို အင်အားဖြင့် အောင်စေရာ'ဟူသော လုပ်ထုံးကို ဖော်စပ်၍ သူ့အရှင်သခင်အား နည်းပေး လမ်းညွှန်ပြုခဲ့လေသည်။

ယနေ့ နာမည်ဆိုးဖြင့် ကျော်ကြားနေသော ကံဆိုးသူ မက်ခီယာဗယ်လီဘက်မှ တစ်စုံတစ်ယောက်က ရှေ့နေလိုက်၍ ခုခံမည်ဆိုပါလျှင် သူ၏ အမှုသည် ၁၆ ရာစု အစောပိုင်းကာလ ဖလောရင့်မြို့၏ နိုင်ငံရေးပညာရှင်တစ်ဦးသာ ဖြစ်ကြောင်း၊ သူသည် သူ့မြို့ (သူ့ နိုင်ငံ)၏ အကျိုးစီးပွားအတွက်သာလျှင် စဉ်းစားဆင်ခြင်၍ နိုင်ငံရေးလမ်းညွှန်ကျမ်း ပြုစုခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀ ရာစုအစောပိုင်းကာလတွင် ကမ္ဘာပေါ်၌ ပေါ်ပေါက်ခဲ့သော ဝါဒဆိုး၊ စနစ်ဆိုးများနှင့် ယင်းတို့၏ အကျိုးဆက်များသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်က အသက်ရှင်နေထိုင်ခဲ့သော မက်ခီယာဗယ်လီနှင့် မသက်ဆိုင်ပါကြောင်း၊ အဏုမြူဗုံးကို ထုတ်လုပ်အသုံးချခြင်းနှင့် အဏုမြူကို စိတ်ဖြာနိုင်အောင် စေ့ဆော်ခဲ့သော စွမ်းအင်နိယာမအား ဖော်ထုတ်ခဲ့သူ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းကို ဆက်စပ်၍ စွပ်စွဲချက်တင်မှု မပြုအပ်သကဲ့သို့ မက်ခီယာဗယ်လီကိုလည်း နိုင်ငံရေးစနစ်ဆိုးများ၏ မူလအစ လက်သည်တရားခံ တစ်ဦးအဖြစ် ကမ္ပည်းမထိုးသင့်ပါကြောင်း။ ထို့ကြောင့် မက်ခီယာဗယ်လီအား

www.burmeseclassic.com

'မသမာစဉ်းလဲသော နိုင်ငံရေးပညာကို ထူထောင်ခဲ့သူ'အဖြစ် တံဆိပ်ကပ်ထားခြင်းမှ ပယ်ဖျက်ပေးသင့်ပါကြောင်း ဟူ၍ ထုချေလျှောက်လဲလိမ့်မည်ဖြစ်သည်။

မက်ခီယာဗယ်လီဘက်မှ ဖေးဖေးမမသုံးသပ်တင်ပြခဲ့သူများအနက် မင်းသားကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသူတစ်ဦးဖြစ်သော ဂျော့ဘူးလ်မှာ ထင်ရှားသူတစ်ဦးဖြစ်သည်။ ဂျော့ဘူးလ်၏ ကျမ်းဦးနိဒါန်းရှည်နှင့် မင်းသားကျမ်းဘာသာပြန်ဆိုချက်ကို ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ပင်ဂွင်းစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

ဂျော့ဘူးလ်က 'မင်းသားကျမ်းသည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ရခြင်းမှာ ယင်းကျမ်းကို သေသေချာချာဂဃနဏဖတ်ရှုခြင်း မပြုဘဲ ပြောသံကြားနှင့် တရားနာသူများကြောင့် ဖြစ်သည်။ အချို့ကလည်း မင်းသားကျမ်းကို ထိုခေတ်ထိုကာလ၏ ကြေးမုံပြင် တစ်ခုအဖြစ်ထက်ပို၍ နိုင်ငံရေးသဘောတရားတစ်ခုအဖြစ် ချဉ်းကပ်လေ့လာကြသောကြောင့် ဖြစ်သည်။ စင်စစ်အားဖြင့် မင်းသားကျမ်းသည် သတင်းစာပညာ အဆင့်ထက်ကား ကျော်လွန်သည်။ သို့သော် မင်းသားကျမ်းကို လေ့လာရာ၌ သတင်းစာပညာကို သုံးသပ်သကဲ့သို့ သုံးသပ်လေ့လာခြင်းမပြုလျှင် နားလည်သဘော ပေါက်နိုင်မည်မဟုတ်ပေ။ ရှေးရှေးတုန်းက သတင်းစာများကို ပြန်လည်ဖတ်ရှုသောအခါ ထိုသတင်းစာများ ထုတ်ဝေသောကာလ၏ နောက်ခံအခြေအနေအရပ်ရပ်ကို သိထားခြင်းမရှိပါက အရေးအသားများကို နားလည်သဘောပေါက်ရန်အလွယ်ကူပေ။ ထိုနည်းတူပင် မက်ခီယာဗယ်လီ၏ စာပေများကို လေ့လာလျှင်လည်း ထိုခေတ်ထိုကာလ အီတလီနိုင်ငံ၏ အခြေအနေများကို သိနားလည်ဖို့လိုသည်ဟူ၍ ရေးသားခဲ့သည်။

မက်ခီယာဗယ်လီ၏'ရှင်သန်နေသော အတွေးအခေါ်များ'ဟူသော စာအုပ်ကို ပြုစုခဲ့သည့် ကောင့်ကာလိုစဖော်ဇာကမူ 'မက်ခီယာဗယ်လီသည် တစ်ခုတည်းသော အမှားကို ကျူးလွန်ခဲ့၏။ ထိုအမှားကား အခြားမဟုတ်။ သူ့ခေတ်သူ့ကာလ၏ အစ္စတ္တသရုပ်ကို ဖွင့်ဆိုရာ၌ သိလွန်းအားကြီး၊ မှန်လွန်းအားကြီးနေခြင်းပေတည်း'ဟူ၍ သုံးသပ်ခဲ့သည်။ ။

အတွေးအမြင် စာစဉ် ၂၊ ဒီဇင်ဘာ ၁၉၈၄။

www.burmeseclassic.com

## ဆရာထက် လက်စောင်းထက်သောတပည့်

ကမ္ဘာ့တွေးခေါ်မြော်မြင်ရေးပညာရှင်များသမိုင်းတွင် လက်မွန်မဆွ အထင်ရှားဆုံးပုဂ္ဂိုလ်ကြီးသုံးဦး ရှိခဲ့သည်။

ဆိုကရားတဲစ် (Socrates)(ဘီစီ ၄၆၉–၃၉၉)၊ ပလာတို (Plato)(ဘီစီ ၄၂၉–၃၄၇) နှင့် အာရစ္စတော်တယ်လ် (Aristotles)(ဘီစီ ၃၈၄–၃၂၂)တို့ ဖြစ်ကြသည်။ ဂရိနိုင်ငံ၌ သူတို့ ပေါ်ထွန်းခဲ့သည်မှာ နှစ်ပေါင်း၂၅၀၀နီးပါးမျှ ကြာမြင့်ပြီဖြစ်သော်လည်း အတွေးအခေါ်ပညာကို လိုက်စားသူတိုင်းသည် ဤသုံးဦး၏ ဘဝနှင့် အတွေးအခေါ်များကို မပျက်မကွက်လေ့လာဆည်းပူးကြရစမြဲ ဖြစ်သည်။

သူတို့သည် တစ်မျိုးစီ တော်ကြသည်။ ဆိုကရားတဲစ်ကား ယုံကြည်ချက်အတွက် အသက်ကို စွန့်ခဲ့သူဖြစ်၍ အတွေးအခေါ် အာဇာနည်ကြီးဖြစ်သည်။ သူသည် မည်မည်ရရကျမ်းစာများ မပြုစုခဲ့။ ရှေးခေတ်ဂရိနိုင်ငံ၏ အာသင်မြို့လမ်းများပေါ်တွင် လျှောက်သွားရင်း တပည့်တပန်းတို့အား ဟောပြောလျှက် သူ၏အတွေးအမြင်များကို ဖြန့်ဖြူးခဲ့သည်။ ဆိုကရားတဲစ်အမြဲပြောလေ့ရှိသောစကားမှာ 'ငါသိတာဆိုလို့တစ်ခုပဲရှိတယ်။ အဲဒါဘာလဲဆိုတော့ ငါဟာဘာကိုမျှ မသိသေးဘူးဆိုတဲ့အချက်ပဲ။ ငါဟာ အသိပညာကို ရှာဖွေနေတဲ့ လူပဲ။ လူတွေဟာ ငါ့ရဲ့ဆရာတွေပဲ။ လူတိုင်းလည်း ကိုယ့်ကိုယ်ကို သိအောင်လုပ်ပါ' ဟူ၍ ဖြစ်သည်။

သူသည် စစ်ရေး၊ နိုင်ငံရေး၊ အိမ်ထောင်ရေး၊ အချစ်ရေးမှအစ ဘာသာရေး၊ သိပ္ပံပညာနှင့် အတွေးအခေါ်သဘောတရားပါမကျန် လူရေးလူရာမှန်သမျှကို ဟောပြောဆွေးနွေးခဲ့သည်။

ဆိုကရားတဲစ်နှင့် ခေတ်ပြိုင် ဆိုဖီဆရာများလည်း ပေါ်ထွန်းခဲ့သည်။ ဆိုဖီဆရာတို့သည် အခကြေးငွေယူ၍ ကျောင်းများဖွင့်ကြရာ ငွေကြေးတတ်နိုင်သူတို့၏ သားသမီးများက တက်ရောက်သင်ကြားကြသည်။ အချို့သော ဆိုဖီဆရာများသည် ပညာသင်ပေးသည်ထက် ပရိသတ်အကြိုက် ပေါ်ပင်လိုက်၍ စီးပွားရှာလာကြသည်။

www.burmeseclassic.com

ထိုသူတို့အား ဆိုကရားတဲစ်က သရော်ရှုတ်ချခဲ့သည်။ နောက်ဆုံးတွင် သူ၏ရန်သူ ဆိုဖီဆရာများ၏ လှုံ့ဆော်သွေးထိုးမှုနှင့် လူထု၏တောင်းဆိုချက်အရ ဆိုးကရားတဲစ်အား ဂရိနတ်ဘုရားများကို မကိုးကွယ်သူ၊ အစဉ်အလာကို ဖောက်ဖျက်သူ၊ လူငယ်များကို ဖျက်ဆီးသူအဖြစ် တရားခုံရုံးတင်၍ သေဒဏ်ပေးသည်။ အဆိပ်သောက်၍ သေဒဏ်ကို ခံယူသွားရသည်။ အလေးပြုအပ်သော ဂုဏ်သိက္ခာတရားအပေါင်းတွင် ဝိဇ္ဇာအသိတရား သည် ပဓာနဖြစ်၏ဟု ယုံကြည်သူဖြစ်သည်။ တရားခုံရုံးက ဆိုကရားတဲစ်အား သူ၏အယူအဆများ မှားကြောင်း ဝန်ချလျှင် အသက်ကို လွှတ်မည်ဟု ထွက်ပေါက်ပေး သော်လည်း အမှန်တရားကို ဆုပ်ကိုင်ထားသော ဆိုကရားတဲစ်က ဝန်ချ တောင်း ပန်ခြင်းမပြုဘဲ အသေခံသွားသည်။

ဆိုကရားတဲစ်၏ အတွေးအမြင်များနှင့် နမူနာယူအပ်သော သတ္တိဗျတ္တိနှင့် ကိုယ်ကျင့်တရားတို့ကို သူ၏ တပည့်ကြီး ပလာတိုက စာအုပ်များရေး၍ မှတ်တမ်းတင် သည်။ ပလာတို၏ကျေးဇူးကြောင့် ဆိုကရားတဲစ်၏အကြောင်းကို နှစ်ပေါင်းထောင်ချီ ၍ ကြာသည့်တိုင်အောင် လူသားတို့ သိခွင့်ရကြခြင်း ဖြစ်သည်။ တပည့်ကောင်းသော ကြောင့် ဆရာဂုဏ်တက်ရခြင်းဟု ဆိုနိုင်သည်။ တပည့်ဖြစ်သူ ပလာတိုကသာ မှတ်တမ်းမတင်ခဲ့ပါကဆိုကရားတဲစ်၏ ဘဝဇာတ်ကြောင်းနှင့်အတွေးအမြင်များသည် နှစ်တစ်ရာမျှပင်မခံ ဘဲတိမ်မြုပ်ပျောက်ကွယ်သွားဖို့ များသည်။

သို့သော် ပလာတိုသည် 'ဆရာအစွဲ'ကြီးလွန်းသောကြောင့် သူ၏အယူအဆ ရေးရာများပါ ပြောင်းလဲသွားခဲ့သည်။ ဆရာကြီး ဆိုကရားတဲစ်အား အာသင်မြို့နိုင်ငံ ၏ ဒီမိုကရေစီစနစ်က သတ်ဖြတ်ပစ်လိုက်သည်ကို ပလာတိုသည် လွန်စွာနာကျည်း ၍ 'ဒီမိုကရေစီ'ဟူသော စကားကို လေသံမျှပင် မကြားလိုတော့ချေ။ လူများစု၏ သဘော ဆန္ဒဟု ဆိုတိုင်း ကောင်းသည်ဟု မဆိုနိုင်။ လူများစုထဲတွင် အသိဉာဏ်ပညာနံ့နဲ့ သူတွေက အများစု ပါဝင်နေပါက အဆုံးအဖြတ် မှန်ကန်နိုင်မည်မဟုတ်ဟု ပလာတို က ယုံကြည်သည်။ ထို့ကြောင့် ဆင်ခြင်ဉာဏ်ကြီးမားသော တွေးခေါ်ရှင်တို့သည်သာ လျှင် အုပ်ချုပ်ရေးအာဏာကို ကိုင်တွင်သင့်သည်ဟု အခိုင်အမာ ဆိုခဲ့သည်။

ပလာတိုသည် သမ္မတနိုင်ငံကျမ်း Republika (Republic) ကို ပြုစု၍ စိတ်ကူးယဉ် လူ့အဖွဲ့အစည်းတစ်ရပ်ကို မျှော်မှန်းတည်ဆောက်ခဲ့သည်။ သူ၏ စိတ်ကူးယဉ်လူ့အဖွဲ့အစည်းတွင် လူသုံးမျိုးသုံးစား ပါရှိသည်။

(၁) နိုင်ငံကို အုပ်ချုပ်သူနှင့် တရားသူကြီးများအဖြစ် အသိဉာဏ်နှင့် ဆင်ခြင် တုံတရားရှိသူများက ဆောင်ရွက်ရန်။

(၂) နိုင်ငံကို ကာကွယ်သော စစ်မှုထမ်းများအဖြစ် စွမ်းစွမ်းတမံ ကြိုးစား

အားထုတ်သူများက တာဝန်ယူရန်။

(၃) ဉာဏ်ပညာဖြင့် အလုပ်လုပ်ရန် အသင့်တော်သူများက ကာယလုပ်သားသို့မဟုတ် ကုန်ပစ္စည်းထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများအဖြစ်ဆောင်ရွက်စေ ရန် ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

ပလာတို၏ 'သမ္မတနိုင်ငံကျမ်း'သည် ဘုံဝါဒအရ ဖွဲ့စည်းထားသောသမ္မတနိုင်ငံမျိုး ဖြစ်ရမည်ဟု ဆိုပေသည်။ ဤ 'ဘုံသမ္မတနိုင်ငံ'တွင် နိုင်ငံသားဟူ၍သာလျှင် ရှိရလိမ့်မည်။ အိမ်ထောင်၊ ဆွေမျိုးဟူ၍ မရှိရ၊ လူတိုင်း၏ တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် နိုင်ငံတော်၏ တာဝန်များကို သင့်လျော်စွာ ထမ်းရွက်နိုင်ခွင့်များသာ ရရှိလိမ့်မည်ဟု ဆိုသည်။ ဤဘုံနိုင်ငံတွင် ပုဂ္ဂလိကအိမ်ထောင်ပြုရေးစနစ်ကိုမထားရှိတော့ဘဲ ယောကျ်ားတိုင်းက မိန်းမတိုင်းကို ပိုင်ဆိုင်ခွင့်ရှိသလို မိန်းမတိုင်းကလည်း ယောကျ်ားတိုင်းကို ပိုင်ဆိုင်ခွင့် ရှိရမည်ဟု ဆိုသည်။ လက်ရုံးရည်၊ နှလုံးရည်နှင့် ကျန်းမာရေးများတွင် အကောင်းဆုံးသော ယောကျ်ားများနှင့် အကောင်းဆုံးသော မိန်းမများကို မေထုန်မှီဝဲစေပြီး အမျိုးအစားအကောင်းဆုံးသော ကလေးသူငယ်များ မွေးဖွား၍ နိုင်ငံတော်အား ပေးအပ်ရမည်။ ထို့နောက် ယောကျ်ားသည် မိမိနှင့်ဆန္ဒချင်းတူသော မိန်းမကိုသော်လည်းကောင်း မိန်းမသည် မိမိလိုလားသောယောကျ်ားကိုသော်လည်းကောင်း အသစ်တစ်ဖန် ထပ်မံ၍ လွတ်လပ်စွာ ရှာဖွေကာ လွတ်လပ်စွာချစ်နိုင်ခွင့် ရှိစေရဦးမည်ဟူ၍လည်း ဆိုပြန်ပေသည်။ ထို့ကြောင့် လွတ်လပ်စွာချစ်နိုင်ခြင်းများကို တစ်ဦးချင်းစီ၏ ရွေးချယ်ခွင့်အတွက် လက်ခံကြရမည်။ သို့မှသာလျှင် အကောင်းဆုံးနှင့် အတော်ဆုံးတို့သည် လွတ်လပ်စွာ ပေါင်းစပ်နိုင်လိမ့်မည်ဟုဆိုပေသည်။ ထိုအခါ နိုင်ငံသားအားလုံးသည် ငါ့လင်၊ ငါ့မယား၊ ငါ့သား၊ ငါ့သမီးစသည်ဖြင့် ငါကျိုးရှာစရာမလိုတော့ဘဲ အားလုံးသည် အားလုံးအကျိုးအတွက် ဆောင်ရွက်ကြလိမ့်မည်ဟု ဆိုသည်။

မွေးဖွားလာသော ကလေးသူငယ်များကို နိုင်ငံတော်ကကောင်းစွာ ထိန်းသိမ်း၍ စနစ်တကျ ပျိုးထောင်ပေးရလိမ့်မည်။ နိုင်ငံတော်သည် ထိုကလေးများကို ပညာသင်ပေးမည်ဖြစ်၏။ သို့သင်ကြားပေးရာတွင် အသက် ၂၀အရွယ်အထိ ကာယလေ့ကျင့်မှု ပညာရပ်များကိုသာ သင်ကြားစေမည်။ ကာယလေ့ကျင့်မှုများဖြင့် နိုင်ငံသားတို့၏ ကိုယ်ကာယအချိုးအစားကို ကျနစွာဖြင့် သန်စွမ်းစေလိမ့်မည်။ တေးကဗျာ၊ ဂီတလေ့ကျင့်မှုများဖြင့် နိုင်ငံသားတို့၏ စိတ်ဝိညာဉ်များကို မျှတစွာဖြင့် ညီညွတ်စေလိမ့်မည်။ ဂီတစိတ်မရှိသော ဝိညာဉ်မျိုးကို စိတ်မချရ။ တေးဂီတသည် လွန်ကဲခြင်းများကို မျှတစေနိုင်သည်။ ထို့ကြောင့် တေးဂီတလေ့ကျင့်မှုများကို ကာယလေ့ကျင့်မှုများနှင့် တွဲဖက်၍ ပြုလုပ်စေရမည်။ သို့မှသာလျှင် နိုင်ငံသူနိုင်ငံသားတို့၏ ကာယ၊

စိတ္တ၊ နှစ်ဌာန၏ မျှတညီညွတ်ခြင်းကို ရရှိစေလိမ့်မည်။

ဤသို့လျှင် အသက် ၂၀အရွယ်ထိအောင် ယောကျ်ားလေးများနှင့် မိန်းကလေးများကို အတူတကွ တွဲဖက်ပြီး ပညာသင်စေရမည်ဟု ဆိုပေသည်။ မိန်းကလေးများနှင့် ယောကျ်ားကလေးများသည် ကာယလေ့ကျင့်မှုများကို ပြုရာမှာပင်ဖြစ်စေ၊ တေးကဗျာတို့ကို သီဆိုတီးမှုတ်၍နေကြရာမှာဖြစ်စေ အတူတကွ လေ့ကျင့်ကြ၍ အတူတကွ သီဆိုတီးမှုတ်ကြရမည်။ တစ်ဦးကိုတစ်ဦး မသမာသော စိတ်များဖြင့် ရှက်ခြင်း၊ ဟန်ဆောင်ခြင်းများ မရှိစေရဘဲ ပွင့်လင်းစွာ သိမြင်၍ နားလည်စေကြရမည်။ ပညာသင်ရခြင်းများကို ဝန်ထုပ် ဝန်ပိုးထမ်းခိုင်းသလို မဖြစ်စေဘဲ ပျော်ရွှင်စိတ်ဖြင့် သင်ချင်လာအောင် စီမံပေးရမည်။

အသက် ၂၀အရွယ်သို့ ရောက်ရှိပြီးသောအခါ ပညာတော်သူနှင့် မတော်သူများကို ခွဲခြားစစ်ဆေးပြီး တော်သူများကို ဆက်လက်၍ ပညာသင်စေရမည်။ မတော်သူများကို လယ်သမားများ၊ အလုပ်သမားများနှင့် ရောင်းဝယ်သူများအဖြစ်သို့ တာဝန်ချထားလိုက်ရမည်။

ပညာတော်သူများကို နောက်ထပ်၍ ၁၀နှစ်တိုင်တိုင် အသက် ၃၀အရွယ်သို့ ရောက်သည်ထိအောင် သိပ္ပံပညာရပ်များကို သင်ကြားပေးရမည်ဟု ဆိုပေသည်။ ထိုကျောင်းသားတို့သည် သင်္ချာပညာနှင့် နက္ခတ္တသိပ္ပံပညာများကို သင်ကြားကြရလိမ့်မည်။ သို့သင်ကြားခြင်းသည် လက်မှုလုပ်ငန်းများနှင့် အတွေးအခေါ်ပညာရပ်များအတွက် လိုအပ်သော အခြေခံများကို ရစေရန်ဟု ဆိုပေသည်။ အသက်(၃၀)ပြည့်သောအခါ စာမေးပွဲစစ်ဆေးပြီး စာမေးပွဲကျသူတွေအား စစ်သည်တော်များအဖြစ် တိုင်းပြည်ကာကွယ်ရေးတာဝန်ကို ပေးအပ်ရမည်ဟု ဆိုပြန်ပေသည်။

အသက် ၃၀ပြည့်၍ စာမေးပွဲအောင်သူများကိုမူကား နောင်တစ်နေ့သောအခါတွင် နိုင်ငံတော်အရေးကို ဦးဆောင်ကြရမည့် နိုင်ငံရေးခေါင်းဆောင်များ ဖြစ်လာစေရန် ရည်မှန်းပြီး နိုင်ငံရေးသိပ္ပံပညာနှင့် ဒဿနိကပညာရပ်များ(အတွေးအခေါ် ဖီလော်ဆော်ဖီပညာများ)ကို သင်ကြားစေရမည်။

ဤသို့အားဖြင့် နောက်ထပ်၍ ငါးနှစ်ကြာလျှင် ကျောင်းမှထွက်ကြပြီး နိုင်ငံတော်အစိုးရ၏ လုပ်ငန်းရပ်များအသီးသီးတွင် ဝင်ရောက်၍ အမှုထမ်းကြရမည်။ ယင်းသို့ အမှုထမ်းခြင်းကို ၁၅နှစ်ခန့်ကြာအောင် ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်သောကာလကြီးသည် စာတွေ့နှင့် လက်တွေ့ကို ပေါင်းစပ်လေ့ကျင့်သော ကာလကြီးဟု မှတ်ယူရမည်။ တကယ့်ဘဝကို လေ့လာခြင်းဟူ၍လည်း ခေါ်သည်။ သို့မှသာလျှင် အတွေ့အကြုံပြည့်စုံသော အမျိုးသားကြီးများနှင့် အမျိုးသမီးကြီးများ၏ ထူးချွန်ဘဝသို့ ရောက်ရှိလာကြလိမ့်မည်ဖြစ်သည်။

ထိုအခါဝယ် ငယ်စဉ်အရွယ်မှစ၍ စနစ်တကျ ပျိုးထောင်ပေးခြင်းကို ခံယူလာခဲ့ကြသော အမျိုးကောင်းသားနှင့် အမျိုးကောင်းသမီးတို့သည် ရင့်ကျက်ပြီး ဖြစ်သော အသက် ၅၀အရွယ်သို့ ရောက်ရှိလေပြီ။ ထိုအခါဝယ် ထိုအမျိုးကောင်း သားကြီးများနှင့် အမျိုးကောင်းသမီးကြီးများတို့သည် 'နှိုင်းနှိုင်းချိန်ချိန် သုခမိန်'ဟု ဆိုအပ်သော တွေးခေါ်ရှင်များအဖြစ်သို့ ရောက်လာချေပြီ၊ ထိုအခါဝယ် ထိုတွေးခေါ်ရှင် များကိုယ်တိုင် နိုင်ငံ၏ အရေးကို စီမံခန့်ခွဲကြရမည်။

'တွေးခေါ်ရှင်များကိုယ်တိုင်က နိုင်ငံကို အုပ်စိုးခြင်းမပြုသေးသမျှ ကာလ ပတ်လုံး သို့မဟုတ် နိုင်ငံကို အုပ်ချုပ်သူများကိုယ်တိုင်က အတွေးအခေါ်ပညာများကို မသင်ယူသေးသရွေ့ ကာလပတ်လုံး လူတို့၏ ဒုက္ခပြဿနာများသည် ဘယ်တော့မှ ပြေရှင်းရတော့မည် မဟုတ်'။

ဤသို့လျှင် ဆရာကြီးပလာတိုက ပြောဆိုသည်ဟု ဆိုပေ၏။

ပလာတိုသည် မိမိ၏ မျှော်မှန်းချက်အတိုင်းဖြစ်လမည့် သမ္မတနိုင်ငံကို တွေးခေါ်ရှင်များကသာ ဦးဆောင်ညွှန်ကြားနေရမည်။ ထိုအခါမှသာလျှင် လူ့လောက ကြီးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ချစ်ကြည်ခြင်းတို့ဖြင့် အလွန်သာယာသော နတ်ပြည်ကြီးတမျှ ပျော်မွေ့ဖွယ်ကောင်းလိမ့်မည်ဟု တွေးထင်ခဲ့သည်။ ဤရည်မှန်းချက် အတိုင်းပင် သူ၏ အာကေဒေမီယာကျောင်းတော်ကို ဖွင့်လှစ်၍ ပညာပေးခဲ့ပေသည်။

ပလာတို၏ အာကေဒေမီယာ(အကယ်ဒမီ)သည် ဥရောပတိုက်တွင် ပထမဦး ဆုံး တက္ကသိုလ်ကျောင်းတော် ဖြစ်သည်။

သူ၏ အကယ်ဒမီကျောင်းတော်ထွက်တပည့်များအနက် အာရစ္စတော် တယ်လ်သည် အထင်ရှားဆုံးဖြစ်သည်။ အာရစ္စတော်တယ်လ်သည် ပလာတို၏ အချစ် ဆုံး တပည့်ရင်းတစ်ဦးဖြစ်သော်လည်း 'ငါ့ဆရာဆိုမိန့်သမျှ အမှန်ချည်း'ဟူ၍ မျက်စိစုံမှိတ်လက်ခံသူမဟုတ်။ သူ့ဆရာ၏ အမှားများကို မထောက်မညှာ ဝေဖန် ခဲ့သည်။ 'ကျွန်ုပ်သည် ပလာတိုအား ချစ်ပါ၏။ ကြည်လည်း ကြည်ညိုပါ၏။ သို့သော် ကျွန်ုပ်သည် ပလာတိုကို ချစ်သည်ထက် အမှန်တရားကို ပို၍ ချစ်မြတ်နိုး ပါသည်'ဟု ထုတ်ဖော်ပြောဆိုခဲ့ဖူးသည်ဟု ဆိုသည်။

ပလာတိုက လူ၏ စွမ်းရည်ကွဲပြားမှုများအပေါ် ပိုင်းခြားစိစစ်၍ နိုင်ငံအုပ်ချုပ် ရေးတာဝန်ကို ပညာရှင်များကသာ ကိုင်တွယ်ရမည်ဟု မိန့်ခဲ့သည်။ အရစ္စတော်တယ်လ် ကမူ နိုင်ငံကို ဥပဒေအရသာ အုပ်ချုပ်ရမည်ဟု လူပုဂ္ဂိုလ်ထက် ဥပဒေအုပ်စိုးရေးကို အလေးထားဖော်ပြခဲ့သည်။ ဥပဒေအုပ်စိုးရေးမှာ ယခုခေတ်အခေါ်'ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် အုပ်စိုးသော အစိုးရမျိုး'ဖြစ်၍ အာရစ္စတော်တယ်လ်၏ အမြော်အမြင် ကြီးမှုနှင့် ခေတ်ရှေ့ပြေးမှုကို ထင်ရှားပေါ်လွင်စေသည်။

ပလာတို၏ စိတ်ကူးယဉ်အိပ်မက်နိုင်ငံအယူအဆကိုအာရစ္စတော်တယ်လ်က လုံးဝလက်မခံ၊ ယင်းသည် လက်တွေ့ဖန်တီး၍လည်း မရနိုင်၊ ဖန်တီး၍ ရသည့်တိုင်အောင် ထိုသို့သော သမ္မတနိုင်ငံမျိုးကို မလိုလားအပ်ဟု ငြင်းပယ်သည်။

လူသည် အဖွဲ့အစည်းဖြင့်သာ နေတတ်သော သဘောရှိသည်။ ထို့ကြောင့် လူတစ်ဦးချင်းထက် နိုင်ငံတော်သည် ပို၍ အဓိကကျသည်ဟု အာရစ္စတော်တယ်လ်က ဆိုသည်။ နိုင်ငံတော်ဆိုသည်မှာနိုင်ငံသားအားလုံး အကျုံးဝင်၍ နိုင်ငံသားတို့က အပ်နှင်းသော ပုဂ္ဂိုလ်များက နိုင်ငံက ပြဋ္ဌာန်းသော ဥပဒေအရ အုပ်ချုပ်သောအစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုအစိုးရအဖွဲ့သည် အချုပ်အခြာအာဏာရပ်ကို ပိုင်ဆိုင်ရမည်ဟု ဆိုသည်။

ထို့အပြင် အာရစ္စတော်တယ်လ်သည် ယခုခေတ်ဒီမိုကရေစီစနစ်၏ ပုံစံဖြစ်သော မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အုပ်ချုပ်ရေးကိုလည်း အဦးဆုံး ဖော်ထုတ်တင်ပြခဲ့သည်။ အချုပ်အခြာ အာဏာရပ်ကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် ခွဲဝေတာဝန်ယူဆောင်ရွက်ကြရန် အာရစ္စတော်တယ်လ်က နှိုးဆော်ခဲ့သည်။ သို့သော် အချုပ်အခြာအာဏာကို အခြေခံအားဖြင့် ပိုင်ဆိုင်သူများမှာ နိုင်ငံတော်၌ အကျုံးဝင်သော ပြည်သူများသာ ဖြစ်ရမည်။ နိုင်ငံတော်ကလည်း ဆင်ခြင်တုံတရားနှင့် ဘဝ၏ မွန်မြတ်မှုကို အလေးထား၍အုပ်ချုပ်ရမည်။ သို့ဖြစ်၍ နိုင်ငံတော်တာဝန်ဟူသည်မှာ နိုင်ငံသားများ၏ အသိဉာဏ်တိုးပွားရေး၊ အကျိုးတရားဖြစ်ထွန်းရေးနှင့် တရားမျှတရေးတို့အတွက် စွမ်းဆောင်ရန် ဖြစ်သည်ဟု အာရစ္စတော်တယ်လ်က အတိအကျ ရေးသားဖော်ပြခဲ့သည်။

အာရစ္စတော်တယ်လ်သည် ဆရာကြီးပလာတို၏ အကယ်ဒမီကျောင်းတော်တွင် ပညာရင်နို့သောက်စို့ ကြီးပြင်းခဲ့သူဖြစ်သော်လည်း 'ဆရာအစွဲ' ထားသူမဟုတ်။ ဆရာ့ထံမှ အတွေးအခေါ်ပညာကို သင်ယူပြီး တွေးတတ်ခေါ်တတ်အောင် မိမိကိုယ်ကို ပျိုးထောင်လျက် အမှန်တရားရှာဖွေတွေ့ရှိဖို့သာ ကြိုးစားခဲ့သူဖြစ်သည်။

တပည့်ဖြစ်သော အာရစ္စတော်တယ်လ်သည် ဆရာပလာတိုထက် လက်တွေ့ကျသော အတွေးအမြင်များကို မဖော်ထုတ်ခဲ့ပါက တွေးခေါ်မြော်မြင်ရေးသမိုင်းသည် နောက်ပြန်ဆွဲ၍ ဆုတ်ယုတ်ကျဆင်းသွားဖို့သာ ရှိသည်။

ပညာရှာရာတွင် ဆရာလိုသည်မှာ မှန်၏။ သို့သော် ဆရာ'လောင်းရိပ်'မမိရန် အထူးသတိပြုအပ်သည်။ လောင်းရိပ်မှ လွတ်သောပန်းတို့သာလျှင် လန်းစွင့်ဝေဆာနိုင်မည်ဖြစ်သည်။ ဤသာဓကကို အာရစ္စတော်တယ်လ်က လက်တွေ့ပြသခဲ့သည်။

လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးတွင် မျိုးဆက်ဟောင်းထက် မျိုးဆက်သစ်က သာလွန်ထူးချွန်ဖို့ လိုအပ်လှကြောင်းကိုလည်း အာရစ္စတော်တယ်လ်က သင်ခန်းစာပေးခဲ့သည်ဟု ယူနိုင်သည်။ ။ အတွေးအမြင် စာစဉ် ၃၊ ဖေဖော်ဝါရီ ၁၉၈၅။

www.burmeseclassic.com

## အများပြည်သူထင်မြင်ချက်

"ကမ္ဘာ့သဘောထားထင်မြင်ချက်ဆိုတာ ကျွန်တော်တို့တစ်တွေ ခက်ခက်ခဲခဲ စူးစမ်းဖော်ထုတ်ပြီး ထိန်းညှိထားရလောက်အောင်နက်နဲလှတာမဟုတ်ပါဘူး။ ကျွန်တော် တို့ဟာ ကမ္ဘာ့သဘောထားထင်မြင်ချက်တွေကို စူးစမ်းရုံမျှမက ပုံသွင်းဖို့လည်း တာဝန် ရှိပါတယ်"

ဒေါက်တာဟင်နရီကစ်ဆင်းဂျား

'ပြန်လည်ထူထောင်သော ကမ္ဘာ' **A World Restored**

၁၉၅၇။

*

"ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်"

"ကိုယ်ကောင်းရင် ခေါင်းဘယ်တော့မှ မရွှေ့"

"ငါ့လှေငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်"

ဟူသော စကားများသည် ပတ်ဝန်းကျင်နှင့် ပုဂ္ဂလိက လူတစ်ဦးချင်းတို့၏ ဆက်ဆံရေးမှ ဆက်နွယ်ပေါ်ပေါက်လာသော သဘောထားခံယူချက်များ ဖြစ်လေရာ လူရယ်လို့ ဖြစ်လာသည်နှင့် ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ မဖြစ်တော့ချေ။ လောကီ လူ့အဖွဲ့အစည်းဝင် လူသားတိုင်းသည် ပတ်ဝန်းကျင်အမျိုးမျိုး (သက်ရှိ ပတ်ဝန်းကျင်၊ သက်မဲ့သဘာဝလောကပတ်ဝန်းကျင်)တို့နှင့် လိုက်လျောညီထွေ နေထိုင်ကာ ရှင်သန်ရပ်တည်ကြရသည်။

"ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါဘူး"ဟု တဖွဖွပြောနေသူများသည် စင်စစ် အားဖြင့် ပတ်ဝန်းကျင်ကို ဥပေက္ခာမပြုဝံ့၍ ကြောက်ကန်ကန်ကာ ရဲဆေးတင်သော စကားကို ဆိုနေကြခြင်းသာ ဖြစ်သည်။ အရဲကိုးလွန်သွားသောအခါ ထိုသူမျိုးသည် ပတ်ဝန်းကျင်နှင့် ကဏ္ဍကောစဖြစ်ပြီး 'အပြင်ကလူ' ဖြစ်သွားတတ်သည်။

မည်သို့ဆိုစေ လူသည် ပတ်ဝန်းကျင်နှင့် အပြန်အလှန် ဆက်နွယ်တုံ့လှယ်နေသည်ကိုကား မည်သူမျှ မငြင်းနိုင်။ ရံဖန်ရံခါ လူတစ်ဦးချင်းက ပတ်ဝန်းကျင်ကို လွှမ်းမိုးသြဇာညောင်းသည်လည်း ရှိမည်။ ရံဖန်ရံခါ ပတ်ဝန်းကျင်က လူတစ်ဦးချင်းကို လွှမ်းမိုးသြဇာ ညောင်းလျက် ပြုပြင်လိုက်သည်လည်း ရှိမည်။

ပုဂ္ဂလိက လူတစ်ဦးချင်းတို့အနက် အများပြည်သူတို့နှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေသူများသည် ပတ်ဝန်းကျင်ကို ပို၍ အသိအမှတ်ပြုကြရသည်။ အများပြည်သူနှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေသူများ ဆိုရာတွင် နိုင်ငံရေးသမားများ၊ အနုပညာရှင်များ၊ အားကစားသမားများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ စသူတို့ အကျုံးဝင်သည်။

ထိုသူတို့အဖို့ အများပြည်သူထင်မြင်ချက် Public Opinion သည် အလွန်အရေးကြီး၏။ အများပြည်သူထင်မြင်ချက်အဆိုးအကောင်းမှ ထွက်ပေါ်လာသောရလဒ်သည် ထိုသူတို့၏ ဘဝကံကြမ္မာကို ကြီးစွာ အလှည့်အပြောင်း ဖြစ်စေနိုင်၏။

## အများပြည်သူ၏ အဓိပ္ပာယ်

ဤနေရာတွင် 'အများပြည်သူ'ဟူသော စကား၏ အဓိပ္ပာယ်ကို ဦးစွာ လေ့လာဖို့ လိုအပ်သည်။ အလွယ်ဆုံးအရှင်းဆုံး ဖွင့်ဆိုလျှင် လူတစ်ဦးချင်းတို့ကို အစုအဖွဲ့များအဖြစ် ပေါင်းစပ်လိုက်သောအခါ အများပြည်သူ ဖြစ်လာသည်။

(၁) လူတို့သည် အနိမ့်ဆုံးအားဖြင့် အခြေခံပညာအဆင့် သင်ယူပြီးခဲ့ပါက သာမန်လူမှုရေးကိစ္စများမှစ၍ အစိုးရလုပ်ငန်းဆိုင်ရာ ပြဿနာများအထိ နားလည်နိုင်စွမ်း ရှိသော အသိတရား ကြွယ်ဝသူများ ဖြစ်သည်။

(၂) လူဆိုသည်မှာ အကြောင်းအကျိုး ခွဲခြားဝေဖန်၍ ဆင်ခြင်တုံတရားဖြင့် တွေးခေါ်တတ်သော အသိဉာဏ်အဆင့်မြင့် သတ္တဝါမျိုး ဖြစ်သည်။ ထို့ကြောင့် လူသည် ဆင်ခြင်တုံတရားကပ်၍ တွေးခေါ်မြော်မြင်ပါက ခံစားမှုဘက်လိုက်အသိ၏ သွေးဆောင်မှု နောက်သို့ ပါခဲ့သည်။

(၃) လူသည် လူရေးလူမှုများကို စိတ်ဝင်စားသော သတ္တဝါမျိုး ဖြစ်သည်။ ထို့ကြောင့် လူအများစု၏ အရေးကို ထိခိုက်စေမည့် ကိစ္စရပ်များကို အချိန်ကုန်လူပန်းခံ၍ တွန်းလှန်ဖယ်ရှားလိုသော ဗီဇစိတ်ရှိသည်။

ဤအချက်သုံးချက်သည် လူတစ်ဦးချင်း တစ်ဦးချင်းတို့ကို စုပေါင်းဖွဲ့စည်း၍ ပေါ်ပေါက်လာသော'အများပြည်သူ'၏ ယေဘုယျဂုဏ်အင်္ဂါများဖြစ်သည်။ အချုပ်အားဖြင့် ဆိုသော် အားလုံးလိုလိုသော လူသားတို့သည် အများပြည်သူရေးရာများအပေါ်

စိတ်ဝင်စားမှု ရှိကြသည်။ တုံ့ပြန်မှုလည်း ရှိကြသည်။ ကာယကံမြောက် မဟုတ်သည့်တိုင်အောင် အနိမ့်ဆုံးအားဖြင့် မနောကံ၊ ဝစီကံအားဖြင့် တုံ့ပြန်မှု ရှိကြသည်။

သို့ရာတွင် အရေးကိစ္စ၊ အခြင်းအရာ တစ်စုံတစ်ခုနှင့် ပတ်သက်၍ အများပြည်သူ၏ တုံ့ပြန်မှု (သဘောထားထင်မြင်ချက်)ကို မည်သို့ သိရှိနိုင်မည်နည်း။ သဘောထားထင်မြင်ချက်တစ်ရပ်သည် အများစုဆန္ဒလား၊ အနည်းစုဆန္ဒလား ဆိုသည်ကို မည်သို့ ခွဲခြားမည်နည်း။

အများပြည်သူထင်မြင်ချက်ကို တစ်မျိုးတစ်စားတည်း ရရှိနိုင်ရန်ကား မလွယ်ကူချေ။ လက်တွေ့တွင်လည်း မဖြစ်နိုင်ချေ။

အဘယ်ကြောင့်ဆိုသော် တစ်ဦးချင်းတစ်ဦးချင်းဖြစ်သော အများစုအတွင်းမှ လူအသီးသီးတို့သည် မိမိတို့ဆိုင်ရာဆိုင်ရာ ပတ်ဝန်းကျင်လောကကလေး၌သာ ကျင်လည်လျက်ရှိနေတတ်ကြသောကြောင့် ဖြစ်သည်။ ထိုသူတို့သည် သူတို့ ကျင်လည်ကျက်စားရာ ပတ်ဝန်းကျင်အသီးသီးမှ သိမှီးရယူနိုင်သော ဗဟုသုတမျှသာ များသောအားဖြင့် ရှိနေကြသည်။ ထိုအနည်းငယ်မျှသော ဗဟုသုတများကိုလည်း မိမိပတ်ဝန်းကျင်ရှိ လူထု ဆက်သွယ်ရေးနည်းလမ်းများ (သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ စာအုပ် စာတမ်း)နှင့် လူလူချင်းဆောင်ယူလာသော သတင်းများမှ တစ်ဆင့်သာလျှင် ရရှိကြခြင်းဖြစ်သည်။

လူတစ်ဦးချင်းတို့သည် ယင်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့်သာ အကျွမ်းတဝင် ရှိကြကုန်သည်။ ယင်းတို့၏ ပေါင်းသင်းဆက်ဆံရေးအစုအဖွဲ့ဝင်အချင်းချင်းနှင့် အိမ်နီးချင်းရပ်ဆွေရပ်မျိုးများနှင့်သာ လက်ပွန်းတတီး ရှိကြကုန်သည်။ ထို့ကြောင့် သူ့ပတ်ဝန်းကျင်မှ ကြားရလေ့ရှိသော ဆန္ဒသဘောထားတို့သည် အခြားနေရာဒေသများမှ လူသားတို့၏ ဆန္ဒသဘောထားများနှင့် အတူတူပင် ဖြစ်ချိမ့်မည်ဟု ယူဆလာတတ်သည်။ သို့သော် တစ်ချိန်တည်းတွင် အခြားနေရာဒေသရှိ အခြားလူသားတစ်ဦးချင်းတွင် သီးခြားဖြစ်သော ဆန္ဒသဘောထားများ ရှိနေနိုင်၏။ ထို့ကြောင့် 'အများပြည်သူ'ဟု သတ်မှတ်ရာတွင် တစ်နေရာတည်းရှိ တစ်စုသော အသိုင်းအဝန်းမျှသာမက အခြားနေရာများတွင်လည်း များစွာသော လူ့အသိုင်းအဝန်းများ ရှိနေသေးကြောင်း သတိချပ်ထားရမည်။

**တိတ်ဆိတ်သောလူများစု (Silent Majority)**

အများပြည်သူထဲတွင် ဘာသိဘာသာ နေတတ်သူများလည်း ရှိသည်။ တိုင်းပြည်ကြီး ဘာဖြစ်နေနေ ဘယ်အစိုးရတက်တက် ဘယ်သူတွေ အာဏာရရ ကိုယ်နှင့်မဆိုင်။ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်စီးပွားကိုယ်ရှာ၊ ကိုယ့်ထမင်းကိုယ်စား၊

ကိုယ့်မိသားစုအရေးသာ ကိုယ့်အရေးဟု ကွက်ကွက်ကလေး စဉ်းစားတတ်သူများ ဖြစ်သည်။

ထိုသူတို့ကား ထွေထွေရာရာ မစဉ်းစား၊ စကားလည်း မများ၊ ထို့ကြောင့် အန္တရာယ်ပေးနိုင်သူများမဟုတ်ဟု ဆိုနိုင်၏။ သို့သော် ထိုသို့သော လူမျိုးတွေ တိုင်းပြည်တစ်ပြည်တွင် များသည်ထက်များလာလျှင် တိုင်းပြည်၏ နောင်ရေးအတွက် ရင်လေးစရာဖြစ်ရတတ်သည်။ ရေရှည်တွင် နလပိန်းတုံးမျိုးဆက်သစ်များ ပေါက်ဖွား လာဖွယ် ရှိသည်။

တိုင်းပြည်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေ အနေများကို စိတ်လည်း မဝင်စား၊ ဆွေးနွေးပြောဆိုခြင်းလည်း မရှိသူများကို 'တိတ်ဆိတ်သော လူများစု'ဟု ဆိုစမှတ်ပြုခဲ့သည်။ ထိုစကားလုံးကို လူသိရှင်ကြား စတင်သုံးစွဲခဲ့သူမှာ အမေရိကန်သမ္မတ (၁၉၆၉–၇၄)ရစ်ချတ်နစ်ဆင် ဖြစ်၏။

နစ်ဆင်က 'တိတ်ဆိတ်သောလူများစု'ဟု သုံးစွဲခဲ့စဉ်က သူ့အတွက် ကောင်း သော အဓိပ္ပာယ်ဖြင့် သုံးစွဲခဲ့ခြင်း ဖြစ်သည်။ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ ပါဝင်ပတ်သက်နေခြင်း၊ အမေရိကန်ပြည်တွင်း နိုင်ငံရေး မငြိမ်မသက်ဖြစ်နေခြင်းများနှင့် ပတ်သက်၍ အတိုက်အခံများက ဝေဖန်၊ သတင်းစာများက ပြစ်တင်ရှုတ်ချမှုများ ဆူပွက်လာချိန်တွင် နစ်ဆင်က "ကျုပ်တို့အစိုးရကို မကျေနပ်သူတွေဟာ လူနည်းစုပါ။ တိတ်ဆိတ်သော လူများစုကတော့ အစိုးရအပေါ် ဘာမှ အပြစ်မပြောကြပါဘူး"ဟု ပြောဆိုခဲ့သည်။

နစ်ဆင်၏ အဆိုပါမိန့်ခွန်းကြောင့် 'တိတ်ဆိတ်သောလူများစု' ဟူသော အသုံးအနှုန်းသည် နိုင်ငံရေးဝေါဟာရတစ်ခု ဖြစ်လာသည်။

သို့ဖြစ်ရာ အများပြည်သူ ထင်မြင်ချက်ကို လေ့လာရာတွင် အဆိုပါ 'တိတ်ဆိတ်သောလူများစု'ကို ထည့်တွက်၍ မရချေ။ 'တိတ်ဆိတ်သော လူများစု'သည် 'အများပြည်သူ'ဟူသော ဝေါဟာရ၏ အပြင်ဘက်၌ ရှိနေသည်ဟု ဆိုနိုင်သည်။

## သဘောထားထင်မြင်ချက် Opinion၏ အဓိပ္ပာယ်

သဘောထားဟူသော ဝေါဟာရကို 'မည်သည့်အကြောင်းအရာ တစ်ခုခု အပေါ်၌မဆို ထင်မြင်ယူဆချက်ဖြစ်သည်'ဟု အဓိပ္ပာယ် ဖွင့်လေ့ရှိကြသည်။ သို့သော် နိုင်ငံရေးသိပ္ပံပညာရှင်များကမူ ထိုဝေါဟာရကို ကန့်သတ်၍ ဖွင့်ဆိုကြ၏။ အထူးသဖြင့် 'အချေအတင်ရှိနိုင်သောအကြောင်းအရာတစ်ခုသို့မဟုတ်အမေးပုစ္ဆာ ထွက်နိုင်သော အကြောင်းအရာတစ်ခုအပေါ်ထင်မြင်ယူဆချက်'ဟု ကန့်သတ်ဖွင့်ဆိုခြင်းဖြစ်သည်။

အများပြည်သူရေးရာများနှင့် ပတ်သက်၍ အချို့သော အရေးအတင် သဘောထား များမှာ ပြည်သူလူထုကိုယ်တိုင်က အခြေအနေ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ ကောက်ချက်ဆွဲယူမှုမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ အလားတူပင် တစ်ဦးချင်း၏ အဆုံးအဖြတ်ခံယူချက်မှ ပေါ်ထွက်လာခြင်းလည်း ရှိတတ်သည်။ သို့သော် တစ်ဦးချင်း၏ ဆုံးဖြတ်ခံယူချက်ဆိုသည်မှာ သိလျက်နှင့်ဖြစ်စေ၊ မသိဘဲဖြစ်စေ၊ အခြားပုဂ္ဂိုလ်တို့၏ ထင်မြင်ယူဆချက်များ (သို့တည်းမဟုတ် မိမိဖတ်ရှုကြည့်မြင်ထားရသော စာနယ်ဇင်း၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားစသည်များမှ)ကူးစက်ပေါ်ထွက်လာခြင်း ဖြစ်နေတတ်သည်။ ထို့ကြောင့် ရံဖန်ရံခါ တစ်ဦးချင်းတို့၏ သဘောထားအယူအဆ များသည် ဘက်လိုက်တွေးခေါ်မှုများ ဖြစ်နေလေ့ရှိသည်။ ချစ်ခြင်း၊ မုန်းခြင်း၊ ကိုယ်ကျိုးစီးပွားရှိခြင်း မရှိခြင်းတို့အပေါ် မူတည်၍ တစ်ဦးချင်းတို့၏ သဘောထား အယူအဆများသည် ပေါ်ပေါက်လာစမြဲဖြစ်သည်။

ဘက်လိုက်သော သဘောထားအယူအဆသည် တစ်ဦးချင်း၏ ပုဂ္ဂလိကခံစား ချက်ကြောင့် ဖြစ်ပေါ်တတ်သကဲ့သို့ ဝါဒဖြန့်မှုများ၏ ဩဇာလွှမ်းမိုးခံရခြင်းကြောင့် လည်း ဖြစ်ပေါ်တတ်သည်။

## အများပြည်သူထင်မြင်ချက်အပေါ် ဩဇာလွှမ်းမှု

အများပြည်သူတို့၏ သဘောထားကို ပုံသွင်း၍ ရနိုင်မရနိုင် ဝိဝါဒကွဲပြား မှုများ ရှိခဲ့သည်မှာ ကြာပြီဖြစ်သည်။ အများပြည်သူတို့သည် ဝါဒဖြန့်တိုင်းလည်း နားယောင်ခြင်းမရှိ။ မိမိတို့၏ ဆန္ဒစွဲအလျောက် ထောက်ခံခြင်း၊ ဆန့်ကျင်ကန့်ကွက် ခြင်း ပြုတတ်ကြသည်ဟူ၍လည်းကောင်း၊ အများပြည်သူတို့သည် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်၍ ကိုယ်ပိုင်ဆန္ဒသဘောထား ဖော်ထုတ်မှုနည်းပါးပြီး မိမိ၏ ပတ်ဝန်းကျင်မှ ဆန္ဒသဘောထားများကို ‘ရောယောင်နောက်လိုက်’ လုပ်တတ်ကြသည် ဟူ၍လည်းကောင်း အကဲဖြတ်ချက်များလည်း ရှိခဲ့သည်။

မည်သို့ရှိစေ အများပြည်သူတို့၏ ထင်မြင်ချက်အပေါ် စနည်းနာမှုများ Polling ကိုကား မလုပ်မဖြစ် လုပ်ကြရသည်။ နိုင်ငံရေးသမားများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စာနယ်ဇင်း၊ ရုပ်ရှင်၊ သဘင်၊ တေးဂီတစသည့် နယ်ပယ်များမှ အနုပညာရှင်များသည် အများပြည်သူတို့က မည်သို့သဘောထားကြောင်းကို သိရှိ လိုကြသည်။ အများပြည်သူ ထင်မြင်ချက် အကောင်းအဆိုးအပေါ်တွင် လေ့လာ သုံးသပ်၍ ပြုပြင်စရာရှိသည်များကို ပြုပြင်ကြရသည်။

ရှေးခေတ်ဘုရင်များသည် ရုပ်ဖျက်၍ ပြည်သူအကြားသို့ ဆင်းကာ စနည်းနာမှု ပြုလေ့ရှိကြသည်။ အထောက်တော်များ ထားရှိ၍ အများပြည်သူတို့၏

ထင်မြင်ချက်ကို ထောက်လှမ်းစုံစမ်းပြီး ဘုရင်ထံ ပြန်လည်သတင်းပို့ရသော စနစ်လည်း ရှိသည်။

တစ်ချိန်တည်းမှာပင် အများပြည်သူတို့က မိမိတို့အပေါ် အကောင်းမြင်လာစေရန်နှင့် မိမိတို့၏ ပြိုင်ဘက်များအပေါ် မကောင်းမြင်သွားစေရန်လည်း ဝါဒဖြန့်မှုများ ပြုလုပ်ကြလေ့ရှိသည်။

မျက်မှောက်ခေတ်တွင် အများပြည်သူတို့၏ ထင်မြင်ချက်ကို ပြောင်းလဲစေရန် ဩဇာလွှမ်းမိုးမှုပြုနိုင်သူများမှာ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ စာအုပ်စာတမ်းနှင့် သတင်းစာသမားများ ဖြစ်ကြသည်။ ထိုနယ်ပယ်များမှ ပုဂ္ဂိုလ်များအား ထင်မြင်ချက်ပုံသွင်းသူများ Opinion Moulders ဟူ၍ပင် ခေါ်စမှတ်ပြုကြသည်။

ထို့ကြောင့် ထင်မြင်ချက် ပုံသွင်းသူများအား နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနယ်ပယ်အသီးသီးက အသုံးချလေ့ ရှိကြသည်။ ဝါဒဖြန့်ရန် အသုံးချခြင်း ဖြစ်သည်။

## ဝါဒဖြန့်နည်းစနစ်သွယ်

ထိရောက်သော ဝါဒဖြန့်နည်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဘေးတီးပေးသောနည်း 'Band Wagon'။ 'လူတိုင်း လိုက်လုပ်နေကြပြီ' ဟူသော အဓိပ္ပာယ် ပေါ်လွင်အောင် ဖော်ပေးခြင်း ဖြစ်၏။ လူတစ်ဦးချင်း၏ စိတ်ထဲတွင် သူတကာတွေတောင် လုပ်နေကြပြီ၊ ငါလည်းလုပ်မှပဲဟူသော စိတ်မျိုးဖြစ်လာအောင် ဘေးတီးပေးခြင်း ဖြစ်သည်။

(၂) ပြစ်တင်ရှုတ်ချ အပုပ်ချနည်း 'Name Calling'။ ရန်သူနိုင်ငံ၊ ရန်သူလူမျိုး၊ (သို့မဟုတ်) ပြိုင်ဘက်စီးပွားရေးလုပ်ငန်းအတွင်း မလိုလားအပ်သော အပြုအမူများအကြောင်း ဖွင့်ချ ကြေညာခြင်းဖြင့် တစ်ဖက်ရန်သူအပေါ် အများပြည်သူက အမုန်းကြီးမုန်း၊ အကြောက်ကြီးကြောက်ပြီး မယုံသင်္ကာဖြစ်လာစေရန် တစ်ဖက်သား၏ ပျော့ကွက်ကို ဖော်ထုတ်သောနည်း ဖြစ်သည်။

(၃) ကိုယ့်ဂုဏ်ကို ဖော်နည်း 'Glittering Generalities'။ မိမိ၏ဝါဒ (သို့မဟုတ်) မိမိ၏ ထုတ်ကုန်ပစ္စည်း မည်မျှကောင်းကြောင်းကို ပညာသားပါပါ ဖော်ထုတ်အမွှမ်းတင်ကာ အများပြည်သူ ယုံကြည်လာအောင် ဖန်တီးသောနည်း ဖြစ်သည်။

(၄) တံဆိပ်အငှားသုံးနည်း 'Transfer'။ အများပြည်သူတို့ ကြည်ညိုလေးစားသော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကို ရှေ့တန်းတင် အသုံးချလျက် ထိုပုဂ္ဂိုလ်

ထိုအဖွဲ့အစည်းကပင်လျှင် မိမိတို့အား ထောက်ခံအားပေးနေပြီဟု ကြော်ငြာသော နည်းဖြစ်သည်။

(၅) လူသာမန်များကို ချီးမြှောက်သောနည်း 'Plain Folks'။ သာမန်လူများကို ချီးမြှောက် ဂုဏ်ပြုခြင်းဖြင့် လူတိုင်းက မိမိတို့ကဲ့သို့သော သာမန်လူများ၊ အညတရ ပုဂ္ဂိုလ်များသည်လည်း ချီးမြှောက်ဂုဏ်ပြုခံရချေသည်တကားဟု ခံယူလာပြီး သာမန်လူအများစု၏ ယုံကြည်ကိုးစားမှုကိုရအောင် ယူသောနည်း ဖြစ်သည်။

(၆) ရည်ညွှန်းလိုက်နာစေသောနည်း 'Testimonial'။ နိုင်ငံသိနိုင်ငံကျော် ပုဂ္ဂိုလ်တစ်ဦးက ဤသို့ဤနှယ် ပြုလုပ်ခဲ့သည်ဟု မီးမောင်းထိုးပြကာ ပြည်သူလူထုသည်လည်း ထိုနိုင်ငံကျော် ပုဂ္ဂိုလ်နည်းတူ လိုက်လုပ်လိုစိတ်ပေါ်ပေါက်လာအောင် ဆွယ်ယူသောနည်း ဖြစ်သည်။

(၇) ပဋ္ဌလက်နည်း 'Card Stacking'။ အခြေအနေမှန်၊ အဖြစ်အပျက်မှန်၊ အချက်အလက်မှန်ကို သိရအောင် ကြိုးပမ်းသူများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားစေရန် သတင်းများကို အမှန်ထက်ဝက်၊ မမှန်ထက်ဝက်၊ ဖုံးထက်ဝက်၊ ဖော်ထက်ဝက် လုပ်ခြင်း လက်ငင်းပြဿနာတစ်ခုအပေါ် အရုံပြောင်းသွားစေရန် ပြဿနာအသစ်တစ်ခု ဖန်တီးပေးသောနည်း။

**ထင်မြင်ချက် ပုံသွင်းသူများ၏ အခန်းကဏ္ဍ**

စာရေးဆရာ၊ သတင်းစာဆရာနှင့် အနုပညာရှင်များသည် အများပြည်သူ၏ အာရုံကို အဆွဲဆောင်နိုင်ဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ စာနယ်ဇင်းများဖတ်ရှုခြင်း၊ ရေဒီယိုသတင်းများ နားထောင်ခြင်း၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားကြည့်ရှုခြင်းဖြင့်သာလျှင် အများပြည်သူတို့သည် မိမိပတ်ဝန်းကျင်၏ ပြင်ပရှိ အဖြစ်အပျက် အကြောင်းခြင်းရာများကို သိရှိ အကျွမ်းဝင်နေကြရသည်။

အဆိုပါ လူထုဆက်သွယ်ရေးနည်းလမ်းများက မဟုတ်တာကိုအဟုတ်လုပ်၍ မမှန်တာကို အမှန်လုပ်၍ တင်ဆက်ဖန်များလျှင် အများပြည်သူတို့သည် မဟုတ်တာကို အဟုတ်ထင်၊ မမှန်တာကို အမှန်ထင်သော အခြေအနေသို့ ရောက်မှန်းမသိ ရောက်ကြရသည်။

မဟုတ်တာကို မဟုတ်သည့်အလျောက်၊ မမှန်တာကို မမှန်သည့်အလျောက် ဖော်ထုတ်တင်ပြဖန်များလျှင် အများပြည်သူတို့သည် မဟုတ်တာ၊ မမှန်တာကို မဟုတ်၊ မမှန်သည့်အလျောက် နားလည်သဘောပေါက်၍ အမှားကိုမြင်၊ အမှန်ကို ပြင်နိုင်ကြလိမ့်မည်ဖြစ်သည်။

အများပြည်သူ ထင်မြင်ချက်ကို ပုံသွင်းနိုင်စွမ်းရှိသည့် လူထုဆက်သွယ်ရေး

နည်းလမ်းများသည် အများပြည်သူနှင့် နိုင်ငံကို အုပ်ချုပ်သူများအကြား ပေါင်းကူး တံတားသဖွယ် ဆက်စပ်ပေးရသော တာဝန်ကိုလည်း ထမ်းရွက်ကြရသည်။ အစိုးရက ပြည်သူလူထုထံ ပြောလိုသည်များကိုလည်းကောင်း၊ ပြည်သူလူထုက အစိုးရအား ပြောလိုသည်များကိုလည်းကောင်း လူထုဆက်သွယ်ရေးနည်းလမ်းများက ကြားခံနေရာ မှ တာဝန်ယူ၍ လက်ဆင့်ကမ်း သယ်ဆောင်ပေးရသည်။ တစ်ဖက်သတ်၊ တစ်လမ်းသွား ပြုရိုးထုံးစံမရှိပေ။

ရံဖန်ရံခါ လူထုဆက်သွယ်ရေးနည်းလမ်းများသည် အများပြည်သူ ထင်မြင်ချက်ကို စနည်းနာ စစ်တမ်းကောက်ယူခြင်းဖြင့် ဖော်ထုတ်၍ လမ်းကြောင်းပေး လေ့ရှိသည်။ အမေရိကန်နိုင်ငံတွင် ဂေါလပ်ဆန္ဒကောက်ယူမှု Gall up Polling ခေါ် အဖွဲ့အစည်းမှာ ယင်းလုပ်ငန်းနှင့် ပတ်သက်၍ ထင်ရှားလှသည်။ လူထုဆက်သွယ်ရေး နည်းလမ်းများက လူထုဆန္ဒအကြမ်းဖျင်း ကောက်ယူ၍ ဤကိစ္စကိုဖြင့် လူထု ဘယ်နှရာခိုင်နှုန်းက မနှစ်သက် မထောက်ခံဟု စစ်တမ်းထုတ်ခြင်းကို သက်ဆိုင်ရာတို့က လျှော့မတွက်ဝံ့ချေ။ ပေယျာလကန် မပြုဝံ့ချေ။ လူထုဆက်သွယ်ရေးနည်းလမ်းများက စုစည်းကောက်ချက်ဆွဲပြသော အများ ပြည်သူထင်မြင်ချက်ကို သက်ဆိုင်ရာတို့က (အများအားဖြင့်) တလေးတစား အသိအမှတ်ပြုကြသည်။

ရံဖန်ရံခါ သက်ဆိုင်ရာအဖွဲ့အစည်းများသည် လူထုဆက်သွယ်ရေးနည်း လမ်းများကို အသုံးချ၍ အများပြည်သူတို့၏ ထင်မြင်ချက်ကို ကြိုတင်တီးခေါက် ကြည့်လေ့ရှိကြသေးသည်။ ဥပမာ ဗြိတိသျှအစိုးရသည် အများပြည်သူနှင့်ပတ်သက် သော ကျန်းမာရေးစီမံကိန်းတစ်ခုကို ရေးဆွဲထားသည်ဆိုပါစို့။ ထိုစီမံကိန်းသည် ပြည်သူအများစု၏ ထောက်ခံမှုကို ရမရ မသေချာဘဲ အငြင်းပွားစရာ ဖြစ်နေသည် ဆိုပါစို့။ ထိုစီမံကိန်းကို လူသိရှင်ကြား ထုတ်ဖော်ကြေညာခြင်း မပြုမီ သတင်းစာ ဆရာများထံသို့ (တစ်နည်းနည်းဖြင့်) သတင်းပေါက်ကြားပေးလိုက်သည်။ တရားဝင် သတင်းထုတ်ပြန်ခြင်း မဟုတ်မူဘဲ အစိုးရအဖွဲ့နှင့် နီးစပ်သူတစ်ဦးဦးထံမှ 'ပေါက်ကြား' သွားသည့်သဘောမျိုးဖြင့် သတင်းထွက်ပေါ်သွားအောင် ဖန်တီးလိုက်ခြင်းဖြစ်သည်။

သတင်းစာများကလည်း အဆိုပါ 'သတင်း'ကို ဦးသော၊ ထူးသော သတင်းအဖြစ် ဖော်ပြကြမည်။ ထိုအခါ အများပြည်သူတို့က ထိုသတင်းအပေါ် ထောက်ခံ၊ ကန့်ကွက်၊ ကြိုက်ရာတုံ့ပြန်လာကြမည်။ ဂယက်ရိုက်စရာရှိလျှင် ရိုက်လာ လိမ့်မည်။ ထိုဂယက်အပေါ်တွင် သက်ဆိုင်ရာတို့က သုံးသပ်အကဲဖြတ်၍ စီမံကိန်းကို ဆက်လုပ်သင့်မှ လုပ်မည်။ ရပ်ပစ်သင့် ရပ်ပစ်မည်။ ရပ်ပစ်လိုက်ရလျှင်လည်း(တရားဝင်

www.burmeseclassic.com

ထုတ်ပြန်ကြေညာထားသောကိစ္စမဟုတ်၍) သိက္ခာမကျ။ မြေမသေ တုတ်မကျိုးဘဲ ကိစ္စပြီးငြိမ်းသွားနိုင်သည်။

ဤသို့အားဖြင့် လူထုဆက်သွယ်ရေးနည်းလမ်းများသည် အများပြည်သူ ထင်မြင်ချက်ကို စနည်းနာခြင်း၊ ဖော်ထုတ်ခြင်း၊ ပေါင်းကူးဆက်စပ်ပေးခြင်း၊ ပုံသွင်း ခြင်းစသော ကြီးလေးသော တာဝန်များကို ထမ်းဆောင်လျက် ရှိကြသည်။

သို့ဖြစ်လျှင် လူထုဆက်သွယ်ရေးနည်းလမ်းများအပေါ် အများပြည်သူ ထင်မြင်ချက်ကကော အဘယ်သို့ ရှိမည်နည်း။ အများပြည်သူထင်မြင်ချက်ကို စနည်းနာ ဖော်ထုတ်၊ ပေါင်းကူးဆက်စပ်ပုံသွင်းနေကြသော လူထုဆက်သွယ်ရေး ဆရားများအပေါ် အများပြည်သူတို့၏ ထင်မြင်ချက် မည်သို့ ရှိလိမ့်မည်နည်းဆိုသော မေးခွန်းမှာ စိတ်ဝင်စားစရာ ဖြစ်ပေမည်။

**စာကိုး**

**၁။ Public Opinion by W. Albig**

**၂။ Introduction to Public Opinion by H. L Childs**

**၃။ Public Opinion & Propaganda by D. C Irion.**

www.burmeseclassic.com

## အပြည်ပြည်ဆက်ဆံရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ အင်အား

နိုင်ငံအချင်းချင်း ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးပညာရှင်ကြီးများ စိတ်စောပူပန်ခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ များစွာကြာမြင့်ခဲ့ပြီဖြစ်သည်။

တစ်ကမ္ဘာလုံးက လက်ခံနိုင်သည့် နည်းဥပဒေသများဖြင့် နိုင်ငံတကာပြည်သူတို့ ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြစေရန် စိတ်ကူးယဉ်အိမ်မက်ခဲ့ကြသည်မှာလည်း အကြိမ်ကြိမ်။ နိုင်ငံအချင်းချင်း ညီညွတ်စွာ နေထိုင်သွားကြရန် စိတ်ကူးယဉ်ခဲ့ကြသည်မှာလည်း အဆန်းမဟုတ်တော့။

၁၇ ရာစုနှစ်အစပိုင်းခန့်ကတည်းက ပြင်သစ်ဘုရင် စတုတ္ထမြောက် ဟင်နရီသည် ဥရောပပြည်ထောင်စုဖွဲ့စည်းနိုင်ရေးအတွက် အစီအစဉ်တစ်ခု ချမှတ်ကြည့်ခဲ့ဖူး၏။ [ဘုရင်၏ အမတ်ကြီးဒပ်ဒေဆာလီ (Duc De Sully) ၏ အစီအစဉ်ဖြစ်ဖွယ်ရှိ၏။] ထိုနောက်ပိုင်းတွင်လည်း ပညာရှင်ဝီလိယံပင် (William penn) ဆိုသူက ဥရောပ ပြည်ထောင်စုစနစ်မျှသာမက ကမ္ဘာ့ပြည်ထောင်စုစနစ်အထိ ဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုချက် တင်ပြခဲ့ဖူး၏။ အင်မင် ညျူယဲလ်ကန့် (Immanue Kant)က ဆိုလျှင် နိုင်ငံတကာငြိမ်းချမ်းရေးဖော်ထုတ်နိုင်ရန် ဆိုသော အတွေးအခေါ်ကို သူ၏ အတွေးအခေါ် တစ်စိတ်တစ်ဒေသအဖြစ် ခံယူလာ၏။ ထိုနည်းတူပင် အတွေးအခေါ်ပညာရှင် ရူးဆိုး (Jean Jacques Rousseau) နှင့် ဘင်သမ် (Jeremy Bentham) တို့ကလည်း အလားတူတွေးခေါ်ခဲ့ကြသည်။ သို့သော် ၎င်းတို့အဆိုပြုချက်များမှာ လက်တွေ့မကျ။ စိတ်ကူးယဉ်ဝါဒမျှသာဟု သတ်မှတ်ခဲ့ကြကုန်၏။ အမျိုးသားရေးဝါဒ ထွန်းကားတက်ကြွလွန်းပြီး တစ်နိုင်ငံချင်း အချုပ်အခြာအာဏာအပေါ် ယုံကြည်ချက် ပြင်းပြနေသော ကာလမျိုး၌ အထက်ပါပညာရှင်ကြီးတို့၏ အယူအဆများသည် သဲထဲရေသွန်ဖြစ်ရခြင်းပင်။ သို့ဖြစ်ခဲ့ရသည့်တိုင် ထိုကာလက အဆိုပါပညာရှင်ကြီးများ၏ စိတ်ကူးမျှော်လင့်ချက်များသည် ယနေ့မျက်မှောက်ခေတ်အထိ သက်တမ်းဆက်လျက် ဩဇာ ရှိနေဆဲပင် ဖြစ်၏။

www.burmeseclassic.com


ကုလသမဂ္ဂအဖွဲ့ကြီးအားကမ္ဘာ့အစိုးရအဆင့်မျိုးအထိ တွန်းအားပေးမြှင့်တင်လိုသော အယူအဆများ ရံဖန်ရံခါ ပေါ်ပေါက်လာတတ်သည်မှာ အထက်ပါ ရှေးပညာရှင်ကြီးများ၏ အတွေးအမြင်ကွင်းဆက်ပင် ဖြစ်သည်။

သို့ဖြစ်လင့်ကစား မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများအကြားတွင် နိုင်ငံရေးဝါဒကွဲပြားမှု၊ စစ်ရေးကြောင့်ကြမှုနှင့် စီးပွားရေးပြိုင်ဆိုင်မှုများ တိုးပွားနေဆဲဖြစ်ရာ 'ကမ္ဘာ့ပြည်ထောင်စုကြီး'တည်းဟူသော စိတ်ကူးယဉ်ချက်မှာ မှေးမှိန်တိုင်းဝေးနေဆဲရှိသည်။

ဤအခြေအနေတွင် မျက်မှောက်ခေတ် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကို ပြဌာန်းလျက်ရှိသော အကြောင်းအချက်များအား လေ့လာခြင်းသည် စိတ်ဝင်စားဖွယ် ဘာသာရပ်တစ်ခု ဖြစ်ဖွယ်ရှိပေသည်။

## နိုင်ငံတစ်နိုင်ငံ၏ အင်အား

အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် ဂျက်ကော့ဆင်(G. A Jacobsen) နှင့် လစ်ပမင်း(M. H. Lipman) တို့က နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံတစ်နိုင်ငံ၏အင်အားကို အဆုံးအဖြတ်ပေးသောကဏ္ဍများမှာ စီးပွားရေးနှင့် လူ့ပထဝီရေး(Human Geography) အနေအထား ဖြစ်သည်ဟု ဆို၏။ ထို့အပြင်လည်း ယင်းနိုင်ငံ၏ နိုင်ငံရေးသမိုင်း၊ အမျိုးသားရေးစိတ်ဓာတ်နှင့် စီးပွားရေး၊ စစ်ရေး၊ မူဝါဒတို့ကလည်း နိုင်ငံ၏အင်အားကို ပြဌာန်းသည်ဟု ဆိုသည်။

မည်သို့ရှိစေ၊ ခေတ်သစ်စစ်ဆင်ရေးစနစ်များအရ တွက်ဆလျှင်ကား နိုင်ငံတစ်နိုင်ငံသည် ခေတ်မီစစ်လက်နက်အပြည့်အစုံတပ်ဆင်ပြီး ဖြစ်သော တပ်မတော်အင်အားဖြင့် ရန်သူကို ချက်ချင်းစတိုက်နိုင်သည့်စွမ်းရည်ရှိနေလျှင် ထိုနိုင်ငံက အခြားနိုင်ငံများထက် တစ်ပန်းသာလျက် ရှိနေချေပြီ။

ထိုကဲ့သို့ စစ်ရေးအပိုင်း၌ အမြဲအသင့်ရှိနေနိုင်ခြင်းသည်ပင်လျှင် ထိုနိုင်ငံအတွက် နိုင်ငံတကာမျက်နှာစာ၊ နိုင်ငံချင်းဆက်ဆံရေးအခန်းကဏ္ဍတွင် အားဖြည့်ပေးရာရောက်၏။ သို့သော် ထိုနိုင်ငံမျိုးသည် သယံဇာတပစ္စည်း မကြွယ်ဝလျှင်မူကား ကြီးမားလှသော စစ်စရိတ်အတွက် ရေရှည်ခံနိုင်စွမ်းရှိဖွယ်မမြင်။ သို့ဖြင့် မူလရှိထားသော အင်အားများ တဖြည်းဖြည်း ဆုတ်ယုတ်လာနိုင်၏။ ထိုအခါမျိုးတွင် အခြားကမ္ဘာ့နိုင်ငံအများစုကိုပင် ရန်စလာနိုင်သည်အထိ အခြေအနေဆိုးလာနိုင်သည်။ ကျန်နိုင်ငံများကတစ်ဖက် မိမိတစ်နိုင်ငံတည်းက တစ်ဖက်၊ အထီးကျန်အခြေအနေအထိ ရောက်ရှိသွားနိုင်၏။

## ပထဝီအနေအထားအခန်းကဏ္ဍ

နိုင်ငံတစ်နိုင်ငံ၏ ပထဝီအနေအထားကလည်း ထိုနိုင်ငံ၏ အင်အား အခြေအနေကို ပြဋ္ဌာန်းပေး၏။ (ရာသီဉတုနှင့် မြေသြဇာကောင်းမှုများက နိုင်ငံတစ်နိုင်ငံကို ကြီးစွာ အကျိုးသက်ရောက်မှုရှိစေသည်။) ထို့အပြင် ပင်လယ်ကမ်းရိုးတန်း၌ တည်ရှိသော နိုင်ငံတစ်နိုင်ငံသည် အခြားနိုင်ငံများနှင့် ကုန်သွယ်ရန် အခြေအနေပေးလာရာမှ ရေတပ်အင်အား တည်ဆောက်လာတတ်သည်။ ကုန်းတွင်းပိုင်း၌ တည်ရှိသော နိုင်ငံတစ်နိုင်ငံသည် နိုင်ငံကလည်းကြီး၊ လူဦးရေကလည်း များပြားနေလျှင် မိမိထက်ငယ်ပြီး လူဦးရေနည်းပါးသော နိုင်ငံများအပေါ် ကြည်းတပ်နှင့် လေတပ်အင်အား အသုံးပြုလျက် နယ်ချဲ့တတ်၏။

၂၀ ရာစုစောစောပိုင်းကာလခန့်အထိ အကယ်၍ နိုင်ငံတစ်နိုင်ငံ၏ နယ်မြေသည် ပြန့်ကြောကြီးမဟုတ်ဘဲ ကျစ်ကျစ်လျစ်လျစ် အနေအထား၌ ရှိနေပါက ထိုနိုင်ငံသည် အင်အားတောင့်တင်းသောနိုင်ငံဟု ယူဆခဲ့ကြ၏။

တောတောင်ထူထပ်ခြင်းသည်လည်း နိုင်ငံတစ်နိုင်ငံအတွက် သဘာဝကာကွယ်ရေး နယ်ခြားတံတိုင်းကြီးများ ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း နိုင်ငံတိုင်းသည် ထိုကဲ့သို့သော တံတိုင်းကြီးမျိုးဖြင့် နိုင်ငံကာကွယ်ရေးအတွက် အာမခံချက် ခိုင်လုံစေလိုခဲ့ကြကုန်၏။

## ကုန်ကြမ်းပစ္စည်း ရရှိနိုင်မှုအခြေအနေ

မိမိနိုင်ငံအတွက် မိမိနိုင်ငံထွက် ကုန်ပစ္စည်းများဖြင့်သာလျှင် အဘက်ဘက်၌ ပြည့်စုံလုံလောက်သော နိုင်ငံမျိုးဟူ၍ ရှားပါးလှသည်။ အရေးပါသော ကုန်ကြမ်းတစ်မျိုးသို့မဟုတ် အများအပြား မိမိနိုင်ငံတွင်း၌ မလုံမလောက် ဖြစ်နေတတ်၏။ လုံးဝမရနိုင်သည်လည်း ရှိ၏။ နိုင်ငံတွင်း၌ ရိက္ခာဖူဖူလုံလုံ ရရှိရေး၊ ကျောက်မီးသွေး၊ သံ၊ ရေနံစသည်တို့ ပြည့်စုံရေးအတွက် နိုင်ငံတိုင်းသည် ကြိုးပမ်းအားထုတ်နေကြရ၏။ မရှိမဖြစ် လိုအပ်သော ပစ္စည်းများအတွက် ကုန်ကြမ်းသယံဇာတပစ္စည်းများ ရရှိရေးမှာ နိုင်ငံတိုင်းအတွက် အရေးကြီးလှသည်။

## စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတစ်နိုင်ငံသည် သယံဇာတကြွယ်ဝကောင်းကြွယ်ဝမည်။ သို့သော် ထိုပစ္စည်းများကို မဖော်ထုတ်နိုင်လျှင် ဆင်းရဲသော နိုင်ငံသာဖြစ်နေဖွယ်ရှိ၏။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အင်အားကို တိုင်းတာရာတွင် ထိုနိုင်ငံ၏ စက်မှုနည်းပညာ

ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ မည်မျှရှိသနည်းဆိုသော အချက်ကို ထည့်တွက်ရ၏။ စက်မှုနည်းပညာဆိုရာတွင် သယံဇာတပစ္စည်းများ ဖော်ထုတ်နိုင်မှု၊ စက်မှုလုပ်ငန်းကြီးများ၏ စွမ်းအင်၊ စက်မှုလုပ်ငန်းသုတေသနဌာနနှင့် လူလုပ်တီထွင်ပစ္စည်းများ ထုတ်လုပ်နိုင်မှုစွမ်းအင်စသည်တို့ အကျုံးဝင်သည်။ ခေတ်မမီသော စက်ကိရိယာ သို့မဟုတ် စက်ကိရိယာအဟောင်းအမြင်းများကိုသာ သုံးစွဲနေခြင်းသည် ခေတ်နောက်ကျစေသော အချက်တစ်ချက်ဖြစ်၏။ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၁၉၇၈ခုနှစ်မှ စတင်ခဲ့သော ခေတ်မီရေးလှုပ်ရှားမှုများသည် ထိုအခြေအနေကို ထောက်ခံသော အချက်ဖြစ်သည်။) စက်ကိရိယာများ အခြေအနေ ဆိုးနေချေက ထိန်းသိမ်းပြုပြင်ရေး အတွက် လူအင်အားကုန်ဆုံးပြီး ပစ္စည်းထုတ်လုပ်ရေးတွင်လည်း လူအင်အား ပိုမိုအသုံးပြုရ၏။

## စီးပွားရေးသတ်မှတ်ချက်များ

နိုင်ငံတစ်နိုင်ငံသည် လိုအပ်သောပစ္စည်းများ မရှိသောအခြေအနေ၌ ရောက်နေချေသော် ထိုပစ္စည်းများကို အခြားနိုင်ငံများမှ ရယူနိုင်၏။ ဥပမာ ဗြိတိန်နိုင်ငံသည် မိမိ နိုင်ငံအတွက် လိုအပ်သော စားနပ်ရိက္ခာ၏ လေးပုံတစ်ပုံကိုသာ ထုတ်လုပ်နိုင်၏။ ဤတွင် ပင်လယ်ကူးကုန်သွယ်ရေးလုပ်ငန်းများအမြဲဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းခဲ့ရ၏။ ထိုအချက်သည် ဗြိတိန်နိုင်ငံရေတပ်အင်အား အခိုင်အမာ တည်ဆောက်ထားရခြင်း၏ အကြောင်းရင်းတစ်ရပ်လည်း ဖြစ်၏။ ဗြိတိန်နိုင်ငံ၏ ရန်သူနိုင်ငံများက ရေငုပ်သင်္ဘောများကို အဓိကထား၍ ထုတ်လုပ်ကြပြီး ဗြိတိန်နိုင်ငံကို ထောက်လှမ်းခဲ့ကြခြင်းမှာ ယင်းနိုင်ငံ၏ ရေကြောင်းအင်အားကို ခံ့ညားကြသောကြောင့် ဖြစ်၏။

နိုင်ငံအစိုးရများအတွက် ကုန်သွယ်ရေး ရှင်တမ်းများနှင့် နိုင်ငံခြားသုံးငွေ လက်ကိုင်ရှိမှုအခြေအနေသည် အထူးပင် အရေးပါလှ၏။ အလားတူပင် ထိုနိုင်ငံ၏ ငွေပင်ငွေရင်း အခြေအနေသည် အရေးကြီး၏။ စိတ်ချလောက်သော အခြေအနေရှိမှ နိုင်ငံတကာ ငွေကြေးဈေးကွက်မှ ချေးငှားရယူနိုင်မည် ဖြစ်သည်။

## လူဦးရေအခန်းကဏ္ဍ

လူဦးရေများသော နိုင်ငံတိုင်းလည်း အင်အားတောင့်တင်းသော နိုင်ငံမဟုတ်။ နိုင်ငံတစ်ခု အင်အားတောင့်တင်းရန်မှာ ပညာရေးခေတ်မီတိုးတက်မှုနှင့် ပြည်သူတို့၏ စွမ်းဆောင်ရည်အပေါ်တွင် အဓိကမူတည်သည်။ လူဦးရေများပြားလွန်းသော နိုင်ငံမျိုးတွင် လူဦးရေများပြားလွန်းသောအခြေအနေက ထိုနိုင်ငံအစိုးရကို နယ်မြေချဲ့ထွင်ရန် တွန်းပို့တတ်၏။ ထိုသို့သော နိုင်ငံမျိုးသည် ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းကို

 www.burmeseclassic.com

ဆောက်ချလုပ်ကိုင်သည့် မူဝါဒများ ချမှတ်ရန် လိုအပ်၏။ သို့တည်းမဟုတ် ပြည်ပ သို့ သွားရောက်အခြေစိုက်မှုကို ခွင့်ပြုရန် လိုအပ်သည်။ (ဥပမာ–ယနေ့ခေတ်တွင် လူဦးရေ သန်း ၁၂၀နီးပါး ရှိနေပြီး နယ်မြေကျဉ်းမြောင်းလှသော ဂျပန်နိုင်ငံမှ ဂျပန် လူမျိုးများ၊ တောင်အမေရိကတိုက်ရှိ ဘရာဇီးလ်နိုင်ငံသို့ သွားရောက်အခြေစိုက် နေထိုင်ခြင်းမျိုး ဖြစ်သည်။)

နိုင်ငံတစ်နိုင်ငံသည် သယံဇာတနှင့် လူဦးရေအချိုးအရ လူဦးရေက နည်းပါးနေသော် နှစ်သက်ဝမ်းမြောက်ဖွယ် ဖြစ်၏။ လိုအပ်သမျှ လူအင်အားကို နိုင်ငံခြားသားများအား ခေါ်ယူနိုင်သကဲ့သို့ ပြည်တွင်း၌လည်း ပြည်တွင်းလူဦးရေကို လိုအပ်သော ဒေသများသို့ နေရာချထားပို့ပေးနိုင်၏။ ဆိုဗီယက်၊ ကနေဒါ၊ ဘရာဇီးလ်၊ ဩစတြေးလျနှင့် တောင်အမေရိကနိုင်ငံအများအပြားတွင် လူမနေသေးသော ဒေသများရှိနေပေရာ ထိုနိုင်ငံများ၌ လူဦးရေမှာ နောက်ထပ်တိုးရန်ပင် လိုအပ်နေ သေး၏။ လူအင်အားအခြေအနေကြောင့် စက်မှုလုပ်ငန်းများလည်း အပြည့်အဝ ထုတ်လုပ်နိုင်ခြင်း မရှိသေးပေ။

အနောက်ဥရောပရှိ လူဦးရေအခြေအနေမှာမူ စက်မှုလုပ်ငန်းများနှင့် လိုက်လျောညီထွေ ရှိနေပေသည်။ (မှတ်ချက်။ ။နောက်ဆုံးပေါ် သိပ္ပံနည်းပညာ ထွန်းကားမှုအရ ကွန်ပျူတာများ တီထွင်သုံးစွဲလာသောအခါ လူဦးရေများခြင်း၊ နည်း ခြင်းသည် ကုန်ထုတ်လုပ်မှု အထောက်အကူပြုခြင်းနှင့် မသက်ဆိုင်တော့ပေ။ သိပ္ပံ နည်းပညာ ထွန်းကားမှု ရှေ့တန်းရောက်ခြင်း မရောက်ခြင်းကသာလျှင် နိုင်ငံ တစ်နိုင်ငံ၏ အင်အားကြီးခြင်း၊ နည်းခြင်းကို အဆုံးအဖြတ်ပြုတော့မည် ဖြစ်သည်။

**နိုင်ငံရေးသတ်မှတ်ချက်**

နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် နိုင်ငံရေးစနစ်၏ အခြေအနေပေါ်တွင် အဓိက အခြေတည်နေသည်မှာ အမှန်ပင်ဖြစ်၏။

အရင်းရှင်နိုင်ငံများအုပ်စုနှင့် ဆိုရှယ်လစ်နိုင်ငံများအုပ်စုတို့သည် နိုင်ငံတကာ မျက်နှာစာတွင် အင်အားအသုံးပြုရေးကိစ္စ၌ လက်ရည်တူမျှပင် ရှိနေကြသော်လည်း ကြိုတင်မှန်းဆနိုင်စွမ်းမရှိသော အန္တရာယ်မျိုးကို ရင်ဆိုင်ရန်အတွက် အလျင်အမြန် စစ်ပြင်ဆင်မှုတွင်ကား ဆိုရှယ်လစ်အုပ်စုနိုင်ငံများက တစ်ပန်းသာလျက် ရှိသည်။ ကာကွယ်ရေးနှင့် ပတ်သက်၍ အနောက်အုပ်စုအရင်းရှင်နိုင်ငံများကဲ့သို့ တစ်ယောက် တစ်ပေါက် ကွဲလွဲမှုများ မရှိသောကြောင့် ဆိုရှယ်လစ်အုပ်စုသည် ခိုင်မာစွာ ရပ်တည်လျက် ရှိနေနိုင်ခြင်းဖြစ်သည်။ အရင်းရှင်အုပ်စုနိုင်ငံများမှာမူ တစ်သီးတစ်သန့် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ရှိနေကြ၍ အစဉ်သဖြင့် သဘောထားချင်း ညီမျှမှု

www.burmeseclassic.com


ရှိခဲ့သည်။ ဥပမာ–၁၉၈၀ပြည့်လွန်နှစ်များတွင် ဥရောပဒုံးပျံများကိစ္စ ဆွေးနွေးပွဲများ ပြုလုပ်ရာ၌ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံအချို့ သဘောကွဲလွဲခဲ့ကြခြင်းမျိုး ဖြစ်သည်။ ဥရောပနိုင်ငံများတွင် အမေရိကန် ခရုဇ်နှင့် ပါရှင်းဒုံးပျံများ ဖြန့်ကြက်ချထားရေးနှင့် ပတ်သက်၍ လက်ခံသင့် လက်မခံသင့် အငြင်းပွားခဲ့ကြသည်။ ဆိုဗီယက်ပြည်ထောင်စုဘက်မှမူ ယင်း၏ မဟာမိတ်နိုင်ငံများနှင့် လုံးဝကွဲလွဲမှုမရှိဘဲ တစ်သွေးတစ်သံတစ်မိန့် အာဏာတည်စေသည်။

## စိတ်ဓာတ်ရေးရာ သတ်မှတ်ချက်

အမျိုးသားရေးသမိုင်းစဉ်သည်လည်းကောင်း၊ အမျိုးသားရေး အမြင်သည်လည်းကောင်း နိုင်ငံတစ်နိုင်ငံရှိပြည်သူများ၏ စိတ်ဓာတ်ကို မြှင့်ပေးနိုင်သည်။ ရံဖန်ရံခါ ပြည်သူတို့၏ အစဉ်အလာ အစွဲအလမ်းများသည် နိုင်ငံ၏ အကောင်းဆုံး အကျိုးစီးပွားများ ဖြစ်ထွန်းစေမည့် ပြုပြင်ပြောင်းလဲမှုများကို မလုပ်သာအောင် အဟန့်အတားဖြစ်တတ်သည်လည်း ရှိ၏။ နိုင်ငံခြားသားများကို မုန်းတီးခြင်း၊ မယုံကြည်ခြင်း၊ အခြေခံစိတ်ဓာတ်ကြောင့် အချို့နိုင်ငံများသည် နှစ်ပေါင်းများစွာ တံခါးပိတ်ဝါဒ ကျင့်သုံးခဲ့ကြဖူးသည်။ ထို့ကြောင့် ခေတ်မီရေးတွင် ရာစုနှင့်ချီ၍ နောက်ကျခဲ့ကြသည်။ အချို့နိုင်ငံများမှာမူ ဇာတိပုည ဂုဏ်မာနကို အလေးထားကြသော တိုင်းသူပြည်သားများ၏ အားကျမခံ ကြိုးပမ်းမှုကြောင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အင်အားကြီးနိုင်ငံများအဖြစ်သို့ အချိန်တိုအတွင်း တက်လှမ်းနိုင်ခဲ့ကြသည်။ သို့ဖြစ်ရကား ပြည်သူတို့၏ စိတ်ဓာတ်ပိုင်းအခြေအနေသည် နိုင်ငံတစ်ခု၏ အင်အား တောင့်တင်းမှုနှင့် ချည့်နဲ့မှုကို ပြဋ္ဌာန်းရာ၌ အရေးပါသော အချက်တစ်ချက် ဖြစ်ကြောင်း မှတ်ယူအပ်ပေသည်။

အတွေးအမြင် စာစဉ် ၆၊ ဩဂုတ် ၁၉၈၅။

## စာကိုး

1. International Relations: by G. B. de Huzar & A. de Grazia Jr.
2. International Relations: by N. Hill.
3. The Idea and Practice of World Government: by G. J. Mangone

www.burmeseclassic.com

## အိုနာသေဘေး တရားပေးသွားသော မေမေ

အသက်အရွယ်ကြီးရင့်လာ၍ မှတ်ဉာဏ်အသိဉာဏ်များ ဆုတ်ယုတ်ပျက်ပြား လာကာ ရင်လျက်နှင့် သေသူကဲ့သို့ ဖြစ်နေရသောရောဂါ (Alzheimer's disease) အကြောင်းကို နယူးစ်ဝိခ်မဂ္ဂဇင်းတွင် အကျယ်တဝင့်ဖတ်ရသောအခါ ကျွန်တော် အထူး စိတ်ဝင်စားမိသည်။ ထိုအကြောင်းကို စစ်ပြန်မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ (ဦး)အောင်သန်း(မန္တလေး)၊ စာရေးဆရာကျော်သက်ခိုင်(ဆေး)၊ ဒေါက်တာမျိုးသန့်တင်၊ သုတထွန်းတို့နှင့် စကားဝိုင်းတစ်ခုတွင် ပြောဆိုဖြစ်ခဲ့ရာ စိတ်ဝင်စားမှုချင်း တူညီခဲ့ ကြသည်။ စိတ်မြန်သော ဦးအောင်သန်းက လက်မြန်သော ကျော်သက်ခိုင်ကို နယူးစ်ဝိခ်သတင်းဆောင်းပါးအား အခြေပြု၍ ဆောင်းပါးတစ်ပုဒ်ရေးခိုင်းပြီး စစ်ပြန် တွင် ထည့်သွင်းဖော်ပြလိုက်သည်။

အယ်ဇိုင်းမားရောဂါကို အလွယ်ပြောရလျှင် 'အိုနာ'ဟုပင် ဆိုရပါမည်။ ဇရာ၏ ဖိစီးမှုကြောင့် ကိုယ်ထူကိုယ်ထ ဘာမှမလုပ်နိုင်ဘဲ အရာရာတွင် သူတစ်ပါး ကိုသာ အားကိုးနေရသောအခြေအနေ၊ မျက်လုံးကြောင်တောင် နားကြောင်တောင်နှင့် အယောင်ယောင် အမှားမှား ဖြစ်နေသောအခြေအနေ သနားစဖွယ် ကောင်းလှသော ဇာရာဒုက္ခလဒုက္ခပေတည်း။

ထိုစကားဝိုင်းတွင် ကျွန်တော်က 'အယ်ဇိုင်းမား'ရောဂါဆိုသည်ကို ကျွန်တော် စိတ်ဝင်စားနေခြင်းမှာ ကျွန်တော့်မိခင်ကြီး၏ အဖြစ်နှင့် ဆင်တူနေ၍ဖြစ်ကြောင်း ပြောပြခဲ့သည်။ ဦးအောင်သန်းမှာ ပဲခူးမြို့သို့ ကျွန်တော်နှင့်အတူ အကြိမ်ကြိမ်ရောက်ဖူး၍ ကျွန်တော့်မိခင်ကြီးကိုလည်း တွေ့ဆုံဂါရဝပြုဖူးသူဖြစ်သဖြင့် မိခင်ကြီး၏ ကျန်းမာရေး အခြေအနေကို သိထားပါသည်။

ကျွန်တော့်မိခင်ကြီး ဒေါ်မြစိန်သည် အသက် ၈၂နှစ်အရွယ်၊ ၁၉၈၅ခုနှစ် ဧပြီလ ၁၁ ရက်တွင် ကွယ်လွန်ခဲ့ရှာပါပြီ။ မကွယ်လွန်မီ ခြောက်လခန့်ကစ၍

www.burmeseclassic.com


အယ်ဇိုင်းမားဆန်ဆန် အိုနာကို ခံစားနေခဲ့ရပါသည်။ 'အိုနာ'မှလွဲ၍ အခြားရောဂါ (နှလုံး၊ သွေးတိုး၊ ဆီးချို) တစ်စုံတစ်ရာမျှမရှိပါ။

မိခင်ကြီးထက် အသက်ကြီးသော်လည်း ကျန်းမာဖျတ်လတ်စွာ သွားလာလှုပ်ရှားနေသော အဘိုးအဘွားများကို တွေ့ရတိုင်း ကျွန်တော်သည် မိခင်ကြီးအတွက် ဝမ်းနည်းမိပါသည်။ မိခင်ကြီး၏ ဘုရားသွားကျောင်းသွားဖက် မိတ်ဆွေရင်းချာ အဘွားတစ်ဦးမှာ အသက် ၈၆ နှစ်ရှိပါပြီ။ ယခုတိုင် ဟိုဟိုသည်သည် သွားလာလည်ပတ်နိုင်ဆဲ။ အိမ်ရှေ့အိမ်တွင် အသက် ၉၃ နှစ်အရွယ် အဘိုးတစ်ဦး ရှိပါသည်။ တိုင်းရေးပြည်ရေး၊ လူမှုရေးအကြောင်းအရာများကို ပြောဆိုဆွေးနွေးနိုင်ဆဲ။ နှစ်ပေါင်းများစွာ အနေဝေးနေသော လူငယ်များနှင့် ပြန်တွေ့လျှင် အဘိုးကပင် စတင်မှတ်မိနေသေးသည်။

စာရေးဆရာကြီး ဒဂုန်ဦးလှဘေဆိုလျှင်လည်း ယခု အသက် ၈၆ နှစ်ကျော်သည့်တိုင်အောင် အတွေးအခေါ်ဆောင်းပါးများ (ကိုယ်တိုင်လက်ရေးဖြင့်) ရေးသားနိုင်ဆဲရှိသည်။ 'အတွေးအမြင်'စာအုပ်အတွက် ကျွန်တော်ဆောင်းပါးသွားတောင်းတိုင်း တစ်နာရီထက်မနည်း တရစပ် စကားပြောနိုင်သည်။ ဆရာကြီးသည် အယူအဆများ ခိုင်မာသလို အသံကလည်း မာဆဲ။

ကျွန်တော်၏ မိခင်ကြီးကျတော့ ဘာကြောင့် အိုနာ၏ ဖိစီးခြင်းကို ခံနေရပါသနည်း။

ကျွန်တော်လေ့လာကြည့်သောအခါ ဘာတွေ့သနည်းဆိုသော် မိခင်ကြီး၏ မိတ်ဆွေ အသက် ၈၆နှစ်အရွယ် အဘွားမှာ ဘဝတစ်သက်တာတွင် မပြတ်လှုပ်ရှားနေခဲ့ရသူဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းမှုအတွက်၊ သားရေးသမီးရေး မိသားစုရေးအတွက် နားနေခွင့်မရှိဘဲ လှုပ်ရှားသွားလာနေခဲ့ရပါသည်။ ထို့ကြောင့် ထိုအဘွား၏ စိတ်ရောရုပ်ပါ အစဉ်သွက်လက်နေသည်။ နိုးကြားဖျတ်လတ်နေသည်။

အိမ်ရှေ့အိမ်မှ အသက် ၉၃နှစ်အရွယ် အဘိုးမှာ ချမ်းသာကြွယ်ဝသူဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာသောအချိန်တွင် စီးပွားရေးအတွက် အာရုံထားစရာမလို။ ပျော်ပျော်သာနေသည်။ စိတ်ညစ်စရာ မစဉ်းစား။ သူစိတ်ချမ်းသာမည်ထင်တာကို မလုပ်ပါနှင့်ဟု မည်သူကမျှမတား။ သားသမီးများ၊ မြေးများအားလုံးက အဘိုးအလိုကို လိုက်ကြသည်။ ထို့ကြောင့် အဘိုးသည် စိတ်သွားတိုင်း ကိုယ်ပါလျက် ရှိသည်။ ဆရာကြီးဒဂုန်ဦးလှဘေသည်လည်း အလားတူပင်။ စစ်ကြိုခေတ် ဒဂုန်မဂ္ဂဇင်းအယ်ဒီတာဘဝကစ၍ ယနေ့တိုင် စာဖတ်ခြင်း၊ တွေးခြင်း၊ ရေးခြင်း၊ ဆွေးနွေးခြင်းတို့ကို မပြတ်မလပ် ပြုလုပ်နေသည် မဟုတ်ပါလား။ ထို့ကြောင့် ဆရာကြီးသည် အစဉ်

နိုးကြားနေသည်။ ဆရာကြီး၏ စိတ်ဓာတ်သည် အစဉ်လန်းဆန်းနေသည်။

ကျွန်တော်၏ မိခင်ကြီးမှာ အသက် ၈၀ မတိုင်မီအထိ အတော်ကလေး ကျန်းမာတက်ကြွခဲ့ပါသည်။ သို့ရာတွင် ပထမအဘွားကဲ့သို့ အသက်မွေးမှုအတွက် လှုပ်ရှားရုန်းကန်ခဲ့ရခြင်း မရှိ။ မိသားစု၏ စီးပွားရေး၊ လူမှုရေးကိစ္စများကို သားကြီးသမီးကြီးများက လုံးဝ တာဝန်ယူခဲ့ကြသည်။ မိခင်ကြီးသည် သားငယ်များနှင့် မြေးများ၏ ကျန်းမာရေးနှင့် ပညာရေးအတွက် ကြပ်မတ်အုပ်ချုပ်ခြင်းကိုသာ 'အလုပ်တစ်ခုအနေဖြင့်'လုပ်ခဲ့ဖူးသည်။ ကျွန်တော်အသက် ၅နှစ်အရွယ်ခန့်တွင် ဖခင်ကြီး ကွယ်လွန်သွားသည့်နောက် သားကြီးသမီးကြီးများက နယ်တွင်နေထိုင်၍ မိသားစု စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြချိန်တွင် ပဲခူးမြို့၌ သားငယ်များနှင့်မြေး အဆက်ဆက်တို့အား'ဘော်ဒါအုပ်ကြီး'တစ်ဦးသဖွယ် ကြပ်မတ်အုပ်ချုပ်နေထိုင်ခဲ့သော မိခင်ကြီးသည် နှစ်ပေါင်း ၃၀ကျော်မျှ သွက်လက်နိုးကြားနေခဲ့ပါသည်။

သို့ရာတွင် ကလေးများ ပညာစုံကြ၍ 'ဘော်ဒါအုပ်'အလုပ်မရှိတော့ချိန်တွင် မိခင်ကြီးအတွက် ဝိပဿနာတရားအားထုတ်ခြင်းနှင့် အဓိဋ္ဌာန်ဆွမ်းလောင်းခြင်း အလုပ်များသာ ကျန်ရှိပါတော့သည်။

အသက် ၇၅နှစ်တွင် မတော်တဆ ထိခိုက်မိ၍ မျက်လုံးရေတိမ်ဖြစ်ကာ ခွဲစိတ်ကုသခဲ့ရပါသည်။ မျက်လုံးခွဲစိတ်ပြီးနောက် မိခင်ကြီးသည် အတော်ကလေး စိတ်ဓာတ်ကျသွားပါသည်။ အပြင်ထွက်ခြင်း၊ လမ်းလျှောက်ခြင်း၊ လှုပ်လှုပ်ရှားရှား နေထိုင်ခြင်း လုံးဝမရှိတော့ပါ။ စာလည်း လုံးဝမဖတ်တော့ပါ။

ထိုအခြေအနေတွင် ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ၌ ကျွန်တော်တို့၏ အစ်ကိုအကြီးဆုံး (ဦးမြသန်း)နှလုံးရောဂါဖြင့် ကွယ်လွန်သွားသောအခါ မိခင်ကြီးခမျာ တရားနှင့် ဖြေသည့်ကြားမှပင် ချုံးချုံးကျသွားရှာပါသည်။ ထိုသားကြီးမှာ မိသားစုတစ်စုလုံး၏ အကြီးအမှူး ကျေးဇူးရှင်တစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ကိုကိုကြီးက ပခုံးနှင့် ထမ်းတင်ပေးသလို တင်ပေးခဲ့သည် မဟုတ်ပါလား။ (ကျွန်တော်သည် ကိုကိုကြီးအား ရည်ညွှန်း၍ 'သေခြင်းတရားကို တည့်တည့်ကြည့်ခြင်း' ဟူသော ဆောင်းပါးတစ်ပုဒ် ရေးဖြစ်ခဲ့ပါသေးသည်။ ။ ရတနာမွန်မဂ္ဂဇင်း ဧပြီ ၁၉၈၂)

ထိုနောက်တွင်ကား မိခင်ကြီးသည် စကားလည်း ကောင်းစွာ မပြောတော့ပါ။ အချိန်ရှိသရွေ့ ငေးငိုင်၍သာ နေပါတော့သည်။

အနေဝေးသော သားများကို ခွဲခြားမမှတ်မိတော့ပါ။ ကျွန်တော်တို့သွားရောက်ဂါရဝပြုလျှင် မှတ်ဉာဏ်ရေးရေးပေါ်အောင် မနည်းပြောပြမှ မှတ်မိသလိုလို ရှိလာ

ပါသည်။ "မေမေ ကျွန်တော် မေမေ့သားလေ၊ မေမေ့သားအငယ်ဆုံးလေ"ဟု အထပ်ထပ်ပြောပြကာ မေမေ့လက်ကို ဆွဲယူ၍ ကျွန်တော့်မျက်နှာကို ထိတွေ့ပွတ်သပ်စေရပါသည်။ အတန်ကြာလျှင် သတိရသလိုလို ရှိလာပြီး မျက်နှာပြုံးယောင်သမ်းလာတတ်ပါသည်။ ထိုအခါမျိုးတွင် ရင်ထဲဆို့နင့်၍ မျက်ရည်လည်နေမိပါသည်။

မေမေ့ထံ ရောက်တုန်းရောက်ခိုက် ခြေဆုပ်လက်နယ် ပြုစုလေ့ရှိပါသည်။ ခြေသလုံးသားကလေးများကို ညင်သာစွာ နှိပ်နယ်ပေးပါသည်။ ခဏမျှကြာလျှင် 'တော်ပါတော့ကွယ် ရပါတယ်'ဟု ဆိုတတ်ပါသည်။ မည်သူ့ကိုမဆို အားနာတတ်သော၊ သိမ်မွေ့လှသော မေမေ၏ ပင်ကိုစရိုက်ကလေးများကား ကျန်ရှိပါသေးသည်။

ရန်ကုန်ပြန်ခါနီး၍ ကျွန်တော်တို့က လက်ဆယ်ဖြာမိုးလျက် ရှိခိုးကန်တော့သောအခါ၌ မေမေသည် 'ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ' အစချီကာ ဆုအရှည်ကြီး ပေးပါတော့သည်။ အခြားအခြားသော ပြောစကားများ မမှန်မကန်ရောက်တတ်ရာရာ ဖြစ်ချင်ဖြစ်ခဲ့မည်။ သားသမီးများ ကန်တော့ချိန်တွင် တတွတ်တွတ် ဆုပေးပုံမှာကား လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကအတိုင်း တစ်လုံးတစ်ပါဒမျှ မလွဲပါ။

ကျွန်တော်သည် ယခင်က အခြားသူများနည်းတူ မိခင်ကြီးအား လက်ဆယ်ဖြာမိုး၍ ရှိခိုးကန်တော့ရုံသာ ကန်တော့ပါသည်။

တစ်ခါသော် မိခင်ကြီးအား လက်အုပ်ချီကန်တော့ရာမှ မိခင်ကြီး၏ ခြေဖမိုးအစုံကို နဖူးဖြင့် ဦးတိုက်မိပါသည်။ တစ်ကြိမ်မက အကြိမ်ကြိမ် မေမေ့ ခြေဖမိုးကို နဖူးဖြင့် ထိတွေ့၍ စိတ်ရောကိုယ်ပါ နှစ်မြုပ်လျက် မိခင်ကြီး၏ ကျေးဇူးတရားများကို အောက်မေ့မိပါသည်။

ဆရာကြီးရွှေဥဒေါင်း၏ 'တစ်သက်တာမှတ်တမ်း'မှ ဆရာကြီးက သူ၏ မိခင်ကြီးအပေါ် တွယ်တာလှသော သံယောဇဉ်အကြောင်းများ၊ ဆရာဦးသုခ၏ မိခင်မေတ္တာဟောပြောချက်အဆိုအမိန့်များ၊ ကျွန်တော်လေးစားခင်မင်သော ဦးကျော့မောင် (မဟာစည်ယောဂီ)ထံမှ ကြားရဖန်များလှသော 'မိဘကျေးဇူးသိတရားများ'စသည်တို့ကြောင့် မိခင်ကြီးအား ချစ်မြတ်နိုးကြည်ညိုစိတ်မှာ တိုး၍တိုး၍ လာသည့်အလျောက် ပြင်းပြသော သဒ္ဓါစိတ်ဖြင့် ခြေဖမိုးအစုံကို နဖူးဖြင့် ဦးတိုက် လိုက်ခြင်း ဖြစ်ပါသည်။

မိခင်ကြီးက ကျွန်တော်၏ ခေါင်းမှ ဆံပင်များကို ပွတ်သပ်လျက် တတွတ်တွတ် ဆုပေးပါသည်။

ထိုတဒင်္ဂတွင် ကျွန်တော်၏ စိတ်အလျဉ်အတွင်း၌ ကြည်နူးအေးမြလှစွာသော ပီတိအဟုန်သည် ကြီးစွာ ဖြစ်ပေါ်လာပါသည်။

ဤကဲ့သို့ ခံစားခဲ့ရသော ပီတိ၏ အရသာကို ရန်ကုန်ပြန်အရောက်တွင် မိတ်ဆွေကြီး ဦးကျော့မောင်အား တယ်လီဖုန်းဆက်၍ ပြောပြခဲ့ပါသည်။ ဦးကျော့မောင်က 'သည်တစ်ချက်တော့ ကျုပ်ထက် ခင်ဗျားက သာသွားပြီကောဗျာ'ဟု အားကျသံကြီးဖြင့် ပြန်ပြောပါသည်။ မျှားမကြာမီ ဦးကျော့မောင်သည် ပခုက္ကူရှိ သူ၏မိခင်ကြီးထံ သွားရောက် ကန်တော့ချိန်၌ ကျွန်တော်၏ နည်းကိုယူ၍ သူ၏ မိခင်ကြီး၏ ခြေဖမိုးအစုံကို နဖူးဖြင့် ဦးတိုက်လျက် ရှိခိုးကန်တော့ခဲ့ပါသည်။ ထိုအကြောင်းကို ရတနာမွန်မဂ္ဂဇင်းတွင် ဦးကျော့မောင်က ရသဆောင်းပါး ရေးဖွဲ့တင်ပြခဲ့လေရာ ရှေးဦးမဆွ အကောင်အထည်ဖော်ခဲ့သူ ကျွန်တော်မှာ ပီတိပွားရပြန်လေသည်။

ထို့ကြောင့် ဦးကျော့မောင်အား မုဒိတာစကား ဆိုမိပါသည်။

"သားသမီးတိုင်းလိုလို ကိုယ့်အမေကို ချစ်ကြတာချည်းပါပဲ။ သို့ပေမယ့် အမေရဲ့ ဂုဏ်ကျေးဇူးတွေကို အဖန်ဖန်တလဲလဲ ဆင်ခြင်အောက်မေ့ပြီး ရင်ထဲအသည်းထဲကပါ နှစ်နှစ်ကာကာ ချစ်မြတ်နိုးလာတတ်အောင် ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာဦးသုခတို့။ ဦးကျော့မောင်တို့က ကျွန်တော့်ကို စေ့ဆော်ပေးခဲ့တယ်။ ဒါကြောင့် အမေကို ဘုရားတစ်ဆူလို ကျွန်တော်က ကြည်ညိုသဒ္ဓါထားတတ်လာတဲ့အချိန်မှာ ကျွန်တော့်အမေက သတိမေ့လျော့စ ပြုလာပြီ။ ဒီအချိန်မျိုးမှာ အမေကို ဝစီကံ၊ မနောကံနဲ့ ရှိခိုးပူဇော်ရုံမျှမက ကာယကံမြောက် ခြေအစုံကို နဖူးနဲ့ တိုက်ပြီး ဦးခိုက်ပူဇော်ဖို့ ကျွန်တော့်မှာ အသိကလေး ဝင်လာမိခဲ့တာကိုက ကျွန်တော့်ဘာသာပီတိဖြစ်နေခဲ့တယ်။ သည့်ထက်ပိုပြီး ဦးကျော့မောင်က ကိုယ့်အတွေ့အကြုံကလေးကို ခုလို စာတစ်စောင်ပေတစ်ဖွဲ့ ရေးပြီး မှတ်တမ်းတင်လိုက်တဲ့အတွက် ကျွန်တော်သာခုခေါ်လိုက်ပါတယ်ဗျာ"

*

မိခင်ကြီး၏ များပြားလှသော ကျေးဇူးတရားများအနက် အကြီးမားဆုံး ကျေးဇူးတရားသည်ကား ကျွန်တော်တို့တစ်တွေကို ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမ၌ တည်အောင် ပျိုးထောင်ခဲ့ခြင်းပင် ဖြစ်သည်။

ကသစ်ဝိုင်ဆရာတော်ဘုရားကြီးသည် ကွယ်လွန်လေပြီးသော ကျွန်တော်တို့၏ ဖခင်ကြီးနှင့် ဆရာဒကာအရင်းအချာဖြစ်၍ မိခင်ကြီးမှာလည်း တစ်သက်တာလုံး ကသစ်ဝိုင် ယောဂီလက်ဟောင်းကြီးတစ်ဦးဖြစ်ခဲ့ပါသည်။ မိခင်ကြီး၏ ခေါ်ဆောင်မှုကြောင့် ကျွန်တော်တို့သည် ငယ်စဉ်ကစ၍ ဘုရား၊ ကျောင်း၊ ကန်၊ ရိပ်သာများနှင့် ယဉ်ပါးခဲ့ကြသည်။ ကျွန်တော်တို့တစ်တွေသည် ငယ်စဉ်ကဆိုလျှင် ကသစ်ဝိုင်ဆရာ

တော်ဘုရားကြီးထံ၌လည်းကောင်း နောင်အခါ ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်ဘုရားကြီးထံ၌လည်းကောင်း ဆရာကောင်းတပည့်များ ဖြစ်လာစေရန် ဆည်းကပ်ခဲ့ကြရပါသည်။ ကြခတ်ဝိုင်းဆရာတော်သည် မိခင်ကြီးအား 'မယ်တော်ကြီး'ဟူ၍ လည်းကောင်း၊ ကျွန်တော်တို့ညီအစ်ကိုမောင်နှမ တစ်စုအား 'ညီတော်၊ ညီမတော်' ဟူ၍ လည်းကောင်း ခေါ်ဝေါ်အသိအမှတ်ပြုခဲ့ပါသည်။

ဓမ္မရိပ်သာများ၌ တရားပတ်အကြိမ်ကြိမ် ဝင်ရောက်ခဲ့သော အတွေ့အကြုံကြောင့်ဟု ထင်ပါသည်။ မိခင်ကြီးသည် သေခြင်းတရားကို မရှောင်လွှဲသာသော အဖြစ်အား ကောင်းစွာ ဆင်ခြင်နိုင်စွမ်း ရှိခဲ့ပါသည်။ အသက် ၈၀ကျော်လာချိန်တွင် မြေးမကလေးကိုသာ အရာရာအားပြုနေရသော အခြေအနေ၌ စိတ်သွားတိုင်း ကိုယ်မပါဘဲ အသက်ရှင်နေရခြင်း၏ အချည်းနှီးသော သဘောကို မိခင်ကြီးသည် ကောင်းစွာ နှလုံးသွင်းခံယူခဲ့ပါသည်။

ကျွန်တော်တို့က 'မေမေနေကောင်းတယ်နော်၊ အလျင်တစ်ခေါက်ထက် အခု အများကြီး ကောင်းနေပြီပဲ။ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်ပါမေမေရယ်'ဟု ဖျောင်းဖျပြောဆိုလျှင် 'မထူးပါဘူးကွယ်' သေဖို့အချိန်ကို စောင့်နေရတာပါပဲ။ မြန်မြန် သေချင်ပါပြီလေ။ ခုတော့ သူများတွေကို ဒုက္ခပေးနေရသလိုပဲ ဖြစ်နေတယ်'ဟု ပြန်ပြောတတ်ပါသည်။

ထိုအခါ ကျွန်တော့်မှာ ရှင်ဇနကာဘိဝံသ၏ 'တစ်ဘဝသာသနာ'မှ 'ဘုန်းကြီးက အလုပ်လုပ်ဖို့အတွက်တော့ အသက်ရှည်ချင်ပါသေးတယ်။ အသက်ရှည်သမျှလည်း အလုပ်ကတော့ လုပ်နေမှာပဲ။ အလုပ်မလုပ်နိုင်တော့ဘူးဆိုရင်လည်း အသက်ရှည်၍ မနေလိုတော့ပါဘူး။ သေပြီးပဲအနားယူပါတော့မယ်' (စာ ၃၁၀) နှင့်

"အလုပ်လုပ်နိုင်တဲ့ အင်အားရှိသလောက်သာ လူ့ဘဝမှာ နေချင်ပါတယ်။ အလုပ်မလုပ်နိုင်ဘဲနဲ့တော့ မနေချင်ပါဘူး။ ဘဝအသစ်မှာ လုပ်စရာအလုပ်တွေ အများကြီး ရှိဦးမှာပါ" (စာ၅၂၂) အဆိုအမိန့်များကို သတိရမိပါသည်။

ကျွန်တော်၏ မိခင်ကြီးသဘောထားမှာလည်း (စကားလုံးသာ ကွဲပြားမည်) ဆရာတော်ကြီး၏ ခံယူချက်နှင့် ကိုက်ညီဖွယ်ရှိပါသည်။ မိခင်ကြီးသည် ဇရာကြောင့် လူအိုလူနာကြီးဖြစ်နေပြီး မိမိအတွက်လည်းမကောင်း၊ သူတစ်ပါးအတွက်လည်းဝန်ထုပ်ဝန်ပိုးဖြစ်ရသောအခြေအနေကို အမှန်တကယ်ပင် မလိုလားဘဲ ရှိနေခဲ့ပါသည်။

*

"မြန်မြန်သေချင်ပါပြီကွယ်။ ဒါမှ ကိုယ့်အတွက်ရော သူများအတွက်ပါ ဒုက္ခတွေ ငြိမ်းမှာ"ဟု သတိကပ်ချိန်တွင် မိခင်ကြီး တဖွဖွပြောလေ့ရှိသော စကား

ကြောင့် ကျွန်သည် 'သေခြင်းတရားအား ရွေးချယ်ခွင့် ရှိမရှိ' ပြဿနာကို စိတ်ဝင်စားလာခဲ့ပြန်သည်။

ထို့ကြောင့် ဇရာဘဝဒုက္ခများအကြောင်း၊ ဇရာကို အန်တုနိုင်ရန် သိပ္ပံပညာရှင်တို့ ကြိုးပမ်းနေကြပုံများအကြောင်းနှင့် ဆန္ဒအလျောက် သေပိုင်ခွင့်ရှိမရှိ ပြဿနာစသည်တို့ကို မိတ်ဆွေများနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါသည်။ မိခင်ကြီးအား အကြောင်းပြု၍ ဆွေးနွေးခဲ့ကြသော အဆိုပါ အကြောင်းအရာများသည် ကျွန်တော်၏ မိတ်ဆွေများက အားတက်သရော ရေးသားပေးမှုကြောင့် 'အတွေးအမြင်' ဆောင်းပါးများအဖြစ် ထွက်ပေါ်လာခဲ့ပါသည်။ [အတွေးအမြင် စာစဉ်(၅)တွင် ဖော်ပြပြီးသော ကြည်သာဦး၏ "ဇရာဘဝ ဒုက္ခပြဿနာ"၊ မျိုးမြတ်ဆွေ၏ "ဇရာကို အန်တုသူများ"၊ မောင်ချစ်ဖွယ်၏ "ဆန္ဒအလျောက် သေပိုင်ခွင့်ရှိမရှိ"ဆောင်းပါးများ]

ဖော်ပြပါ ဆောင်းပါးများ ရေးသားကြပြီးနောက် 'အတွေးအမြင်' စာစဉ်(၅) ထုတ်ဝေရေးစီစဉ်နေချိန်မှာပင် ကျွန်တော်၏မိခင်ကြီးသည် ဇရာ၏ ဖိစီးခြင်းအဆင့်မှ လွန်၍ ဗျာဓိမရဏအဆင့်သို့ ရောက်ရှိခဲ့ပါသည်။

မိခင်ကြီး သတိကောင်းစွာ မရတော့။ အစာလည်းမဝင်တော့ဟူသော အကြောင်းကြားချက်ကို အကြန်မကျမီ တစ်ပတ်အလိုတွင် ရရှိ၍ တနင်္ဂနွေနေ့တွင် ကျွန်တော်ပဲခူးသို့ အမြန်သွားရောက်ခဲ့ရာ ကြာသပတေးနေ့တွင် မိခင်ကြီး ကွယ်လွန်ရှာပါသည်။

အဆိုပါ ငါးရက်တာသည် မိခင်ကြီးက ကျွန်တော်တို့အား ဗျာဓိမရဏသဘောကို စောကြောနိုင်ကြစေရန် တရားပြသွားသော ကာလဟူ၍လည်း ဆိုနိုင်ပါသည်။ ထိုကာလအတွင်းမိခင်ကြီးသည် နောက်ဆုံးထွက်သက်ကို ထုတ်လွှတ်ရန် တည်းတည်းကလေးမျှ လိုတော့ပါသော်လည်း မြေးဆရာဝန်ငါးယောက်နှင့် မြေးချွေးမဆရာဝန်တစ်ယောက် စုစုပေါင်း ဆရာဝန်ခြောက်တို့က မလျှော့ဇွဲဖြင့် ကြိုးစားခဲ့ကြပါသည်။ အသက်ရှူကိရိယာများ တပ်ဆင်ထားခြင်း၊ ဆေးများသွင်းထားခြင်းတို့ကြောင့် အသက်ငင်နေသည့် အခြေအနေမှာပင် ငါးရက်တာမျှ ခံသွားပါသည်။

ထိုအတောအတွင်း ကျွန်တော်သည် မိမိ၏တိုက်တွန်းချက်ဖြင့် မိတ်ဆွေကြီး မောင်ချစ်ဖွယ်ရေးသားပေးသော 'သေပိုင်ခွင့်ရှိမရှိ' ဆောင်းပါးမှ အဖြစ်အပျက်များကို ပြန်လည်သတိရနေမိပါသည်။ [အတွေးအမြင် (၅)ရှု]

တိုက်ပဲတိုက်ဆိုင်လွန်းသည်ဟု ဆိုစရာဖြစ်နေပါသည်။ သေပိုင်ခွင့်ရှိမရှိ ပြဿနာကို အလေးအနက် စိတ်ဝင်စားခဲ့သော ကျွန်တော်သည် မိမိ၏ မိခင်ကြီး

ကွယ်လွန်ခါနီးအချိန်၌ ထိုပြဿနာနှင့် နဖူးတွေ့ဒူးတွေ့ ကြုံကြိုက်ရင်ဆိုင်နေခဲ့ရပါသည်။

မိခင်ကြီးသည် ခံစားမှုအာရုံများ ဆုတ်ယုတ်ပျက်ပြားခဲ့ပါပြီ။ အသည်းအသန်ဖြစ်နေသည့် ငါးရက်တာအတွင်း အသိကလေးအနည်းငယ်မျှ ကပ်သောအကြိမ်သုံးလေးကြိမ်သာ ရှိခဲ့ပါသည်။ ရန်ကုန်မှ ကျွန်တော်ရောက်သွားခါစတွင် သိသလိုလို အမူအရာ တစ်ကြိမ်ပြခြင်း၊ တွံတေး ရခိုင်ချောင်မှ မြေးဆရာဝန်ရောက်လာချိန်တွင် မျက်လုံးဖွင့်၍ ခေါင်ညိတ်ပြခြင်း၊ ကြခတ်ဝိုင်းဆရာတော်လာကြည့်ချိန်တွင် သိပါသည်ဟု ပြောဟန်ပြခြင်း စသည်ဖြင့် သတိကပ်သော အရိပ်လက္ခဏာအနည်းငယ်မျှ ပေါ်ခဲ့ပါသည်။

သို့ရာတွင် ကျန်သောအချိန်များတွင် အသက်ငင်၍သာ နေရှာပါသည်။ ကျွန်တော်၏ အစ်ကိုအစ်မများက ဝေဒနာခံစားနေရသည်ကို မကြည့်ရက်ကြ၍ အသက်ရှူကိရိယာများဖြင့် အသက်ကို ဆွဲမထားပါတော့ရန် တူ၊ တူမ ဆရာဝန်များကို တောင်းပန်သည်။ တူ၊ တူမများကလည်း နောက်ဆုံးအချိန် မရောက်မချင်း အသက်ကို လုနိုင်သေးသည်ဟု စွဲမှတ်လျက် လက်မလျှော့ဘဲ ကြိုးစားနေကြပါသည်။

ဤကာလအတွင်း မိခင်ကြီးသည် ညည်းတွားမြည်တမ်းခြင်း တစ်စုံတစ်ရာ မပြဘဲ ဝေဒနာဟူသမျှကို ကြံ့ကြံ့ခံသွားခဲ့ပါသည်။ သေခြင်းတရားကို မျက်မှောက်ပြုရချိန်၌ တည်ငြိမ်မှုရှိရမည်ဟူသော သင်ခန်းစာကို သားသမီးများနှင့် မြေးများအား လက်တွေ့ ပြသွားပါသည်။

နောက်ဆုံးတွင် အကြောထဲ အပ်သွင်းရန် အကြောရှာမရတော့သည့် အခြေအနေရောက်မှပင် မြေးဆရာဝန်များက လက်လျှော့လိုက်ရာ မိနစ် ၂၀မျှအချိန်အတွင်း တည်ငြိမ်စွာ အသက်ရှူနေရင်းမှ အေးချမ်းစွာ အသက်ကုန်သွားရှာပါလေသည်။

*

ယခု ကျွန်တော့်မှာ အမေမရှိတော့ပါပြီ။ အမေ့ကို ကာယကံမြောက် ကန်တော့ချင်လိုက်တာဟူသော ပြင်ပြသည့်ဆန္ဒ အဘယ်မျှ ပေါ်ပေါက်လာစေကာမူ အမေ့ခြေအစုံကို နဖူးနှင့် တိုက်၍ ကန်တော့ခွင့် မရှိတော့ပါ။

သို့သော် အမေ၏ ကျေးဇူးဂုဏ်များကို အဖန်တလဲလဲ အောက်မေ့၍ ကျွန်တော် ဆက်လက်နေထိုင်သွားရမည့် ဘဝတစ်သက်တာတွင် အမေ့လိုအနေဖြောင့် အသေဖြောင့်အောင် ကြိုးစားရဦးမည်ဟု နှလုံးသွင်းနိုင်ခဲ့ပါသည်။

ကြခတ်ဝိုင်းဆရာတော်ဘုရား သီကုံးချီးမြှင့်တော်မူသော မယ်တော်ကြီး

www.burmeseclassic.com

ဒေါ်မြစိန်၏ အသုဘရှုရှစ်လုံးဘွဲ့လင်္ကာများကလည်း ကျွန်တော်တို့ ထာဝရစွဲမှတ်ရန် ဓမ္မသံဝေဂများကို ပေးဆောင်လိုက်ပါတော့သည်။

ရှစ်ဆယ့်နှစ်နှစ်၊ တွက်စစ်ဇီဝါ၊
ဂုဏ်အင်ကြီးလတ်၊ ထေရ်မြတ်မာတာ။
ခန္ဓာပြိုကွဲ၊ သေပွဲဝင်ရှာ၊ တို့တွေလဲ မလွဲသေရမှာ။

အို အို လူများ ရှုစားစေချင်၊
ရုပ်နာမ်နှစ်ချက်၊ ဖြစ်ပျက်လျှင်လျှင်၊
လက်ဖျစ်တစ်တွက်၊ လျှပ်ပြက်ချိန်တွင်၊
ကုဋေကိန်း၊ တစ်သိန်းမကပင်။
ပထမခြေလှမ်း၊ စဉ်တန်းရုပ်နာမ်၊
ဒု–လှမ်းမရောက်၊ ချုပ်ပျောက်လျှင်မြန်၊
ဒုတိယလှမ်း၊ စဉ်တန်းရုပ်နာမ်၊
တ–မရောက်၊ ချုပ်ပျောက်ဇဝကန်။

တစ်လှမ်းတွင်လဲ၊ မလွဲသာလျှင်
နှမ်းအိုးကင်းထက်၊ နှမ်းကျက်ပုံသွင်၊
ဖြစ်ပျက်နှစ်ရုပ်၊ ဆက်စပ်ကာပင်၊
ပညာဖြင့်၊ နှိုင်းချင့်၊ ရှုစေချင်။

ကြီးငယ်ရွယ်လတ်၊ မျိုးဇာတ်အစုံ၊
လိမ္မာမိုက်မဲ၊ ခပဲဥသုံ
ချမ်းသာဆင်းရဲ၊ မလွဲအကုန်၊
သေရခြင်း၊ မကင်းနိုင်ဘူးယုံ။

မြတ်ဘုရားနှင့်၊ သိကြားဗြဟ္မာ၊
ပစ္စေကနှင့်၊ အဂ္ဂသာဝကာ။
ကွေကွင်းသေခြင်း၊ မငြင်းဆန်သာ၊
အနိစ္စ၊ ဒုက္ခ အနတ္တာ။

ကောင်းကင်မြေမိုး၊ ပျံလျှိုးနိုင်ကာ၊
အဘိညာဉ်စွမ်း၊ လျှမ်းလျှမ်းဖြာဖြာ။
ကွေကွင်းသေခြင်း၊ မငြင်းဆန်ရှာ၊

www.burmeseclassic.com


အနိစ္စ၊ ဒုက္ခ အနတ္တာ။

ဆွေမျိုးမိဘ၊ များလှသူငါ၊
သားချစ်သမီးချစ်၊ မြေးမြစ်စုံစွာ၊
ကွေကွင်းသေခြင်း၊ မငြင်းနိုင်ရာ၊
အနိစ္စ၊ ဒုက္ခ အနတ္တာ။

ဒုက္ခဝဋ်တွင်း၊ လွတ်ကင်းဖို့ရန်
ပညာဉာဏ်ဖြင့်၊ နှိုင်းချင့်ဝေဖန်၊
သေပြီးရှင်ဆဲ၊ မလွဲနှစ်တန်
အသုဘ၊ ရှုကြမြဲနိစ္စံ။

မီးရထားကြီး၊ တက်စီးပုံသွင်
ခရီးကြုံကြ၊ ဆုံရသည့်အင်၊
ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ပင်၊
သွားရမြဲ၊ မလွဲမှတ်စေချင်။

ထို့ကြောင့်သာပ၊ များလှသူငါ၊
မနုဿတ္တ၊ ဒုလ္လဘခုခါ။
တွေ့တုန်းကြုံတုန်း၊ ရွှင်ပြုံးကြည်သာ၊
ကုသိုလ်ရေး၊ မနှေးကြစေရာ။

သံသရာထဲ၊ ထပ်လဲဖန်ခါ၊
ကျင်လည်ပါရ၊ များလှသတ္တာ၊
ကုသိုလ်တရား၊ အားထားစရာ၊
ကုသိုလ်မှု၊ ရှာပြုနေ့စဉ်သာ။

ယနေ့ယခု၊ ပေါင်းပြုထွေထွေ၊
ကုသိုလ်ကောင်းမှု၊ အစုကိုလေ၊
မယ်တော်မိမြတ်၊ တပ်အပ်မသွေ၊
ရစေကြောင်း၊ ဆုတောင်းအမျှဝေ။

www.burmeseclassic.com

## လူ့သိက္ခာဆိုသည်မှာ

လွန်ခဲ့သောမေလအတွင်းက အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့တွင် အယူသီး ဆိုးသွမ်းဂိုဏ်းတစ်ဂိုဏ်းကို ရဲအဖွဲ့က ဝိုင်းဝန်းဖမ်းဆီးရာ လူဆိုးဂိုဏ်းက တိုက်ခေါင်မိုးပေါ်မှ ပြန်လည်ခုခံသဖြင့် အနားကပ်၍ပင် မရဘဲရှိနေသည်။ နောက်ဆုံးတွင် အဆိုပါတိုက်ခေါင်မိုးကို ရဲရဟတ်ယာဉ်က ဗုံးကြဲချ၍ လူဆိုးဂိုဏ်း၏ အခိုင်အမာစခန်းကို ဖြိုခွင်းခဲ့ရသည်။ လူဆိုးဂိုဏ်းကို နှိမ်နင်းနိုင်ခဲ့သော်လည်း ရပ်ကွက်ကြီးတစ်ခုလုံး အကြီးအကျယ်မီးလောင် ဆုံးရှုံးခဲ့သည်။ ထို့ကြောင့် တစ်မြို့လုံး ပွက်လောရိုက်သွားသည်။ ရဲအဖွဲ့နှင့် အုပ်ချုပ်ရေး အာဏာပိုင်များကို မြို့လူထုက အပြစ်တင်ဝေဖန်ကြသည်။ လူဆိုးဂိုဏ်းကို နှိမ်နင်းရာတွင် ခရခါးတောင်းကျိုက်ဖမ်းသည့်အလား ဗုံးကြဲတိုက်ခိုက်ခြင်းမှာ လွန်လွန်းသည်။ ရပ်ကွက်ကြီး မီးလောင်သည်အထိ ဖြစ်ရခြင်းမှာ ရဲအဖွဲ့အနေဖြင့် ဆင်ခြင်ဉာဏ်ကင်းမဲ့လွန်း၍ ဖြစ်သည် စသည်ဖြင့် ဆူပွက်ပြစ်တင်ကြသည်။

ရဲအဖွဲ့နှင့်တကွ တာဝန်ရှိသူများမှာ မြို့လူထု၏ အပြစ်တင်မှုဒဏ်ကို ခေါင်းငုံ့ခံခဲ့ကြသည်။ သို့သော် ပြဿနာကို ပြေလည်အောင်ကား မရှင်းနိုင်ခဲ့ကြ။ ဤတွင် ကြားဝင်ဖြေရှင်းသူတစ်ဦး ပေါ်ပေါက်လာသည်။ ထိုသူမှာ ဖီလာဒဲလ်ဖီယားမြို့ကြီး၏ မြို့တော်ဝန် နီဂရိုးအမျိုးသား ဝီလ်ဆင်ဂုဒ်ဖြစ်သည်။ မြို့တော်ဝန်က ယခုဖြစ်ခဲ့သော ကိစ္စရပ်အားလုံးအတွက် သူ့တွင်တာဝန်ရှိကြောင်း၊ လူဆိုးဂိုဏ်းကို ယခုလို နှိမ်နင်းရန် သူကိုယ်တိုင် အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးကြဲတိုက်ခိုက်ရန် အမိန့်ကိုလည်း သူကိုယ်တိုင် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။ တစ်ဆက်တည်းမှာပင် မီးဘေးဒုက္ခသည်များအတွက် မြို့အုပ်ချုပ်ရေးအဖွဲ့က လုံးဝတာဝန်ယူကြောင်း၊ လျော်ကြေးများ ပေးမည့်အပြင် တိုက်သစ်များ အမြန်ဆုံးပြန်ဆောက်ပေးမည်ဖြစ်ကြောင်း ကြေညာလေသည်။

ထိုအခါ ဆူဆူညံညံအသံများ ငြိမ်သွားတော့သည်။ မြို့လူထု၏ ဒေါသသည် တရားခံအစစ်အမှန်ပါပဲဟု ကိုယ်တိုင်ဝန်ခံနေသော မြို့တော်ဝန်ဆီသို့ မြားဦးလှည့်သွားမည်ဟု အများက မျှော်လင့်ခဲ့ကြသည်။ သို့သော် အထင်နှင့် ပြောင်းပြန် ဖြစ်လာ သည်။ မြို့လူထုက မြို့တော်ဝန်၏ သတ္တိကို ချီးကျူးကြသည်။ သူ၏ ပြတ်သားမှုကို ထောက်ခံကြသည်။ သူ၏ ကတိကို ယုံကြည်ကြသည်။ ထိုရက်ပိုင်းအတွင်း အများပြည်သူထင်မြင်ချက် အကြမ်းဖျင်းဆန္ဒမဲကောက်ခံရာ မြို့တော်ဝန်အား လူထု ၇၁ ရာခိုင်နှုန်းက ထောက်ခံကြကြောင်း စာရင်းထွက်လာလေသည်။

မြို့တော်ဝန် ဂုဒ်က သတင်းစာဆရာများနှင့် တွေ့ဆုံရာတွင်—

"လူတွေဟာ အဆုံးအဖြတ်ပြတ်သားတဲ့ ခေါင်းဆောင်မျိုးကို သဘောကျကြစမြဲပဲ။ ဖြစ်ပေါ်လာတဲ့ ရလဒ်ဟာ သူတို့ မျှော်လင့်ထားသလိုမဟုတ်ဘဲ အမှားမှားအယွင်းယွင်း ဖြစ်သွားရင်တောင် ခွင့်လွှတ်နိုင်ကြတယ်။ အရေးအကြီးဆုံးက အမှားအယွင်းဖြစ်လာရင် ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့်ဆိုပြီး ဓားစာခံထိုးပြ၊ လွှဲချတာမျိုးကို လူထုက မကြိုက်ဘူး။ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်တာဝန်ခံရင် ကျေနပ်ကြတာပဲ။ ဒီတော့ ခေါင်းဆောင်လုပ်ပြီဆိုရင် ခေါင်းရှောင်ဖို့ စဉ်းစားလို့ မဖြစ်တော့ဘူး"

ဟု ရှင်းလင်း ပြောကြားလိုက်သည်။

အထက်ဖော်ပြပါ ဗီလာဒယ်ဖီးယားမြို့တော်ဝန်အကြောင်းကို အမေရိကန်သတင်းမဂ္ဂဇင်းများတွင် တွေ့ရှိဖတ်မိပြီးနောက် ကျွန်တော်သည် ဘဝင်ခိုက်အောင်သဘောကျသွားမိသည်။ ကျွန်တော်၏ မှတ်စုစာအုပ်တွင်လည်း အောက်ပါအတိုင်း ရေးမှတ်ထားလိုက်ပါသည်။

"ခေါင်းဆောင်ဆိုတာ မှန်မှန်မှားမှား၊ အဆုံးအဖြတ်ပြတ်သားဖို့ လိုတယ်။ ပြဿနာဖြစ်လာရင် ဓားစာခံရှာပြီး လွှဲချတတ်တဲ့ လူမျိုးဟာ စက်ဆုပ်စရာပဲ။ ကိုယ်လုပ်တဲ့ အလုပ်ကို ကိုယ်တာဝန်ခံရမယ်"

တစ်ဖန်"အတွေးအမြင် (၅)မှ ဒေါက်တာကျော်စိန်ဆောင်းပါးရှု"ဟူ၍လည်း စာညွှန်း ရေးထားလိုက်ပါသည်။ ဒေါက်တာကျော်စိန်၏ ဆောင်းပါးမှာ "ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်" ဖြစ်သည်။ ထိုဆောင်းပါး၏ အဖွင့်မျက်နှာတွင်—

"ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်မချမီတွင် 'မှားယွင်းနိုင်ခြေ'အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်၏။ အန္တရာယ်ကို ရှောင်သည့်အနေဖြင့် ဆုံးဖြတ်ချက်မချဘဲ ထားခြင်းကား သင့်လျော်လျောက်ပတ်ခြင်း မရှိပေ'

ဟု ကောက်နုတ်ချက် စာပိုဒ်ဖော်ပြထားသည်။

*

ကျွန်တော်တို့သည် အဖိုးတန်လှသော လက်တွေ့သင်ခန်းစာများနှင့် ပညာ

ရှင်ကြီးများ၏ ဆုံးမစာအဆီအနှစ်များကို မှတ်မှတ်သားသား နှလုံးသွင်းကျင့်ကြံခြင်းဖြင့် ကိုယ့်ဘဝလမ်းကြောင်းကို မှန်ကန်အောင် တည့်မတ်နိုင်မည် ဖြစ်ပေသည်။

ကျွန်တော်သည် နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေကို စိတ်ဝင်စားမှု အလေးကဲသူဖြစ်၍ မှတ်လောက်သားလောက်အောင် ထူးခြားသူလူပုဂ္ဂိုလ်များ၏ အကြောင်းဆိုလျှင် စွဲစွဲလမ်းလမ်း မှတ်မိနေတတ်ပါသည်။ ကောင်းလျှင်ကောင်းသည့်အလျောက်၊ ဆိုးလျှင်လည်း ဆိုးသည့်အလျောက် ဖတ်မိ၊ မှတ်မိသမျှ စိတ်ထဲစွဲနေသော အမှတ်အသားကလေးများသည် အကြောင်းတိုက်ဆိုင်သောအခါ ထင်ထင်ရှားရှား ပြန်၍ပေါ်လာတတ်သည်။ ထိုအခါ ကျွန်တော့်အဖို့ အလွန်ကျေနပ်ဝမ်းမြောက်ဖွယ် ဖြစ်ရပါသည်။

ယခုလည်း ၁၉၈၅ ခုနှစ် ဇွန်လ 'ချယ်ရီ'မဂ္ဂဇင်းပါ ဗိုလ်မှူးကြီး (ဟောင်း) တင်မောင်၏ 'ပြန်ပြောင်းသက်သေတည်(အမေ့အသံ)'၊ ဆောင်းပါးကို ဖတ်မိရာမှ တစ်ချိန်က စာတစ်ပုဒ်၏ ကျေးဇူးကြောင့် ကျွန်တော့်စိတ်ထဲ စွဲနေသော ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းကို ကြည်နူးဝမ်းမြောက်ဖွယ် သတိတရ ဖြစ်ရပြန်လေသည်။

ထိုပုဂ္ဂိုလ်သည်ကား ဂျပန်စစ်ဗိုလ်ချုပ်ကြီး အူရှိဂျီမား။

သူ့အကြောင်းကို လွန်ခဲ့သော ဆယ်နှစ်ကျော်က သတင်းစာဆောင်းပါး တစ်စောင်တွင် ကျွန်တော်ဖတ်ဖူးခဲ့သည်။

ထိုဆောင်းပါးမှာ ဒုတိယကမ္ဘာစစ်အတွင်း အိုကီနာဝါကျွန်းတိုက်ပွဲ သူရဲကောင်း ဂျပန်ဗိုလ်ချုပ်ကြီး အူရှိဂျီးမား၏ အကြောင်းကို ၎င်း၏တပည့်ဖြစ်ခဲ့ဖူးသော 'ဗိုလ်မှူးသမိန်'က လုပ်သားပြည်သူ့နေ့စဉ်(အင်္ဂလိပ်)သတင်းစာ ၂၀–၂–၇၄ တွင် စိတ်ဝင်စားဖွယ် ရေးသား ဖော်ပြခဲ့ခြင်းဖြစ်သည်။ (ဗိုလ်မှူးသမိန်မှာ ယခုအခါ မဟောသီမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် စာပေတာဝန်ထမ်းရွက်နေသူဖြစ်ပါသည်။ အူရှိဂျီးမား၏ ချီးကျူးဖွယ် ဂုဏ်ပုဒ်များကို ဗိုလ်မှူးသမိန်က ဖော်ပြထားရာ ယင်း သည် ဖက်ဆစ်အစိုးရ၏ ဗိုလ်ချုပ်ကြီးတစ်ဦးပင် ဖြစ်ခဲ့သော်ငြားလည်း ဖြောင့်မတ်သော စစ်ခေါင်းဆောင်တစ်ဦးအနေဖြင့်ကား အမှန်တကယ်ပင် မှတ်တမ်းတင်အပ်သူဖြစ်ကြောင်း တွေ့ရှိရသည်။

အူရှိဂျီးမား၏ ဖြောင့်မတ်မှု ဂုဏ်ပုဒ်များကို ဗိုလ်မှူးသမိန်က ခြယ်မှုန်းပြထားသည့်အနက် အသည်းခိုက်အောင် မှတ်မိနေသင့်သော ဖြစ်ရပ်တစ်ခု ပါဝင်သည်။ ယင်းသည်မှာ ၁၉၄၃ ခုနှစ်တွင် အူရှိဂျီးမားဦးစီးသော စစ်တက္ကသိုလ်ဝင်းထဲရှိ မြင်းဖောင်း မီးလောင်မှုဖြစ်သည်။ မြင်းဖောင်းကို မတော်တဆ မီးလောင်ကျွမ်းရာ အဖိုးတန်စစ်မြင်းကြီးအချို့ သေဆုံးခဲ့ရသည်။ စင်စစ်အားဖြင့် မီးမှာ မတော်တဆ လောင်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အူရှိဂျီးမားက မိမိခေါင်းဆောင်အဖြစ် တာဝန်

ထမ်းဆောင်နေသောနေရာ၌ ဤသို့ မတော်တဆဖြစ်ပွားရခြင်းသည်လည်း မိမိ၏ တာဝန်ပင်ဖြစ်သည်ဟု ခံယူခဲ့သည်။ ထို့ကြောင့် အထက်လူကြီးများက သူ့အား မည်သို့မျှ အရေးယူခြင်းမပြုဘဲနှင့် မိမိကိုယ်မိမိ အပြစ်ပေးခဲ့သည်။ သူ့ကိုယ်သူ ဖမ်းဆီးကာ အပြစ်ချခဲ့သည်။ စစ်တပ်အကျဉ်းခန်းထဲသို့ ဝင်ရောက်ကာ ကျသင့်ကျ အပ်သော အပြစ်ဒဏ်ကို ခံယူခဲ့သည်။

ဤအဖြစ်အပျက်ကလေးသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ဘဝဖြစ်စဉ်တွင် အသေး အဖွဲကလေးတစ်ခုဟု ဆိုနိုင်သော်လည်း 'မမေ့တဲ့နိုင်'ဖြစ်နေရတော့သည်။ မမေ့စရာဖြစ်ခဲ့၍လည်း အကြောင်းဆုံလာသောအခါ ဗိုလ်မှူးသမိန်က အမှတ်တရ မှတ်တမ်းတင်သည် မဟုတ်တုံလော။ (အကြောင်းဆုံသည်ဆိုခြင်းမှာ ဗိုလ်မှူးသမိန်သည် ထိုဆောင်းပါးကို ၁၉၇၄ခုနှစ် ဖေဖော်ဝါရီလက ရန်ကုန်မြို့၌ ပြသသွားသော အိုကီနာဝါကျွန်း တိုက်ပွဲ ရုပ်ရှင်ကားနှင့် ဆက်စပ်၍ ရေးသားခဲ့ခြင်း ဖြစ်သည်။)

ကျွန်တော်သည်လည်း ၁၉၈၅ ဇွန်လထုတ် ချယ်ရီမဂ္ဂဇင်းပါ 'ပြန်ပြောင်း သက်သေတည်'ဆောင်းပါးနှင့် အကြောင်းဆုံပြန်လေတော့ ၁၉၇၄ ခု ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်) သတင်းစာဖြတ်ပိုင်းကို 'ဖြတ်စ၊ ညှပ်စ'ဖိုင်အဟောင်းထဲမှ ထုတ်ယူဖတ်ရှုရင်း ဗိုလ်ချုပ်ကြီး အူရှိဂျီမား၏ 'လူ့သိက္ခာ'ကို ဦးညွတ်ရပြန်ပါသည်။

ထိုစဉ်က သတင်းစာဆောင်းပါးဖြတ်ပိုင်း၏ ဘေးအနား အဖြူသားပေါ်တွင် ကျွန်တော်ရေးထားသည့်(လူ့သိက္ခာဆိုတာ ဒါမျိုးပဲလို့ လက်ညှိုးထိုးပြစရာ ကိုယ်တိုင် နှလုံးသွင်းစွဲမှတ်စရာ)ဟူသော မှတ်ချက်ကို ပြန်ဖတ်ကြည့်၍လည်း ကြည်နူးမိပါ သေးသည်။ အူရှိဂျီမားလို ပုဂ္ဂိုလ်ကို အားကျချီးမွမ်းရကောင်းမှန်း သိခဲ့တယ်ဆိုတော့ ကိုယ့်လူ ဘယ်ဆိုးသေးလို့လဲ ဟူ၍လည်း ကိုယ့်ကိုယ်ကို ပြန်ခနဲ့မိပါသေးသည်။

*

ဗိုလ်မှူးသမိန်ဆောင်းပါးကြောင့် ဗိုလ်ချုပ်ကြီး အူရှိဂျီးမားကို သံယောဇဉ် ဖြစ်နေခဲ့သော ကျွန်တော်သည် ချယ်ရီမဂ္ဂဇင်းပါ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်၏ ဆောင်းပါးတွင် ဖော်ပြထားသည့်'အမေ့အသံ'ကို ဖတ်ရသောအခါ ဗိုလ်ချုပ်ကြီးအူရှိ ဂျီးမား၏ ကျန်ရစ်သူဇနီးကိုပါ အဝေးကလှမ်း၍ ဦးညွတ်လိုက်ရပေသည်။

ချယ်ရီပဂ္ဂဇင်းဆောင်းပါးတွင် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ဘုရင့်စစ် တက္ကသိုလ် ကျောင်းသားဟောင်းအချို့ ၁၉၈၅ခုနှစ်တွင် ရန်ကုန်မြို့၌ ပြန်လည် တွေ့ဆုံပွဲကို ဖော်ပြရာတွင် ယခုအခါ ဇင်ဗုဒ္ဓဘာသာဝင်ဘုန်းကြီးဘဝသို့ ရောက်နေ သော စစ်တက္ကသိုလ် ကျောင်းသားဟောင်းတစ်ဦးက ဗိုလ်ချုပ်ကြီး အူရှိဂျီးမား၏ ဇနီးထံမှ အသံသွင်းတိပ်ခွေကို ဖွင့်ပြသည့်အခန်းပါရှိသည်။

ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်၏ အရေးအသားအတိုင်း အောက်တွင် ဖော်ပြလိုက်ပါသည်။

တနခါးဆန်က ဂျပန်ပြည်မှ ယူဆောင်လာသည့် တိပ်ခွေတစ်ခွေကို ဖွင့်ပြသည်။ ဗိုလ်မှူးကြီးမြသောင်း(အငြိမ်းစား)က မြန်မာလိုဘာသာပြန်ပြောပါသည်။

ထိုတိပ်ခွေတွင် အသံသွင်းနှုတ်ခွန်းဆက်လိုက်သူက ဒုတိယကမ္ဘာစစ်အတွင်းက ကျွန်တော်တို့ တက်ရောက်ခဲ့ရသည့် စစ်တက္ကသိုလ်၏ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ကြီး အူရှီဂျီးမား၏ဇနီး၊ ယနေ့ အသက်ရှစ်ဆယ့်ခုနစ်နှစ်အရွယ်ရှိ အမေအိုပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီး အူရှီဂျီးမားကတော့ ကျွန်တော်တို့ စစ်ကျောင်းသို့ရောက်ပြီး တစ်နှစ်ခန့်အကြာတွင် ထင်ပါရဲ့။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အိုကီနာဝါကျွန်းသို့ တာဝန်ခံတပ်မှူးကြီးအဖြစ် ပြောင်းရွှေ့သွားရသည်။ ထိုကျွန်းသို့ အမေရိကန်များ တက်ရောက်တိုက်ခိုက်သောအခါ၌ လေးလမျှ ခုခံပြီးနောက် မနိုင်သည့်အဆုံး ဘုရင့်ထံသို့ သူ၏ တာဝန်မကျေပွန်ရသည်ကို တောင်းပန်သည့်သဝဏ်လွှာပေးပို့ပြီး နောက်ဆုံးစစ်သား နောက်ဆုံး ကျည်ဆန်အထိ ရန်သူအား တိုက်ခိုက်ကြရန် အမိန့်ပေးပြီး ဘုရင်နန်းစံရာ တိုကျိုမြို့သို့ မျက်နှာမူ၍ သူ့ဝမ်းဗိုက်ကို သူခွဲကာ သတ်သေခဲ့ပါသည်။

"သားတို့ရေ၊ ကျန်းခံသာလို့ မာပါရဲ့လားကွယ်"တဲ့။ အမေအိုက အဲဒီလို စတင် နှုတ်ဆက်ပါသည်။

"အမေ့အနေနဲ့လေ သားတို့ရဲ့ဖခင် ကျောင်းအုပ်ကြီး မရှိတော့ပေမယ့် သားတို့ကို အမြဲတမ်း သတိရနေတယ်။ သူသာ ရှိနေဦးမယ်ဆိုရင်ဖြင့် ထာဝရအမြဲကို သတိရ လွမ်းဆွတ်နေမှာပဲလို့ အမေယုံကြည်တယ်။ နောက်တစ်ခု အမေယုံကြည်တာက သူဟာ ခြားနားသော ဘဝတစ်ခုကနေပြီး သားတို့ကိုယ်စီ ဖြတ်သန်းခဲ့ကြတဲ့ ဘဝတွေကို လိုက်လံကြည့်ရှုနေမယ်ဆိုတာပါပဲကွယ်။ အဲဒီလိုကြည့်ပြီး သားတို့တစ်တွေ တိုင်းပြည်ရဲ့အကျိုးကို သက်စွန့်ကြိုးပမ်း ဘယ်လိုအမှုထမ်းခဲ့ကြတယ်ဆိုတာတွေကိုလည်း သိမြင်နေရလို့ ဘယ်လောက်ဂုဏ်ယူမဆုံး ဖြစ်နေရှာမလဲ။ သားတို့ ကျန်းမာရွှင်လန်းစွာဖြင့် တိုင်းပြည်အတွက် ကျရာနေရာ၊ ကျရာဌာနမှာ တာဝန်ကျေကျေ ဆက်လက်အမှုထမ်းနိုင်ကြပါစေလို့ အမေဆုတောင်းမေတ္တာပို့လိုက်ရပါတယ်"

အမေ့တိပ်ခွေရဲ့ အဓိပ္ပာယ်အကျဉ်းကတော့ ဒါပါပဲ။ အသက်ကိုးဆယ်နားနီးနေပြီဖြစ်တဲ့ အမေအိုရဲ့ တုန်ရင်သောအသံ၊ လေးနက်သောစကားတို့ကို ကြားကြရတော့ ကျွန်တော်တို့မှာ အချင်းချင်း တစ်ယောက်မျက်နှာကိုလည်း တစ်ယောက် မကြည့်ကြ။ မကြည့်ရဲကြသလို ကြည့်ပါလျှင်လည်း မျက်လုံးတို့မှာ မှုန်ဝါးနေကြသည်မို့

www.burmeseclassic.com


အားလုံးသည် ဝိုးတဝါး။ ဆို့နင့်သော ပင့်သက်တို့ကိုသာ ရှိုက်လိုက်မိကြရပါသည်။

ထိုနောက်တော့ အမေ့အိုအတွက် ကျွန်တော်တို့ တစ်ယောက်စီ တစ်ယောက်စီ ကျွန်တော် မည်သူမည်ဝါပါ။ ယခု မည်သို့ အသက်မွေးဝမ်းကျောင်း ပြုနေပါတယ်။ အမေ ကျန်းမာရွှင်လန်းပါစေ စတဲ့ နှုတ်ဆက်စကားများ တိပ်ခွေတစ်ခုတွင် အသံသွင်းကြပါသည်။ ထိုတိပ်ခွေကို တနခါးဆန်က အမေ့ထံ ပြန်ယူသွားမည်ဖြစ်ပါသည်။

*

'အမေ့အသံ'ကို ဖတ်ပြီးနောက် ကျွန်တော်အတန်ကြာမျှ တွေးငေးနေမိပါသည်။ ပြီးမှ မှတ်ချက်တိုတစ်ခု ရေးမှတ်လိုက်ပါသည်။

"အူရှိဂျီးမားဟာ သူ့ဇနီးကိုပါ သူ့လိုစိတ်ဓာတ်မျိုး ခံယူအောင် လက်ဆင့်ကမ်းပေးခဲ့ပေတယ်။ ခေါင်းဆောင်ကောင်းဆိုတာ သားမယားနဲ့ မိသားစုကိုပါ စံနမူနာပြုလောက်တဲ့ စိတ်ဓာတ်အမွေ ပေးခဲ့နိုင်ရမယ်။

အတွေးအမြင် စာစဉ် ၈၊ နိုဝင်ဘာ ၁၉၈၅။

www.burmeseclassic.com

## တာဝန်သိနိုင်ငံသား

ကျွန်တော့်ဆရာတစ်ယောက်သည် အလုပ်ဌာနတစ်ခုတွင် အကြီးအကဲတစ်ဦး ဖြစ်သည်။ သူသည် ဌာနဆိုင်ရာကားကို ဌာနဆိုင်ရာကိစ္စအတွက်သာ သုံးသည်။ သူ၏ မိသားစုမှာ သူဝယ်ခွင့်ရထားသောကားကိုသာ သုံးရသည်။ အိမ်အတွက် မလို အပ်ပါက ပြန်ရောင်းစာလျှင် အမြတ်များများရနိုင်သော ပစ္စည်းများကို လုံးဝမဝယ်ဘဲ နေသည်။ သူ၏ အလုပ်ဌာနအဆောက်အအုံတွင်းရှိ ရေပိုက်ခေါင်းများ ပွင့်နေပြီး ရေများ ယိုဆင်းနေလျှင်၊ လူမရှိဘဲ ပန်ကာများ၊ မီးများဖွင့်ထားလျှင် ကိုယ်တိုင် လိုက်ပိတ်တတ်သည်။ သူ၏ ယာဉ်မောင်းက ညအချိန်ကားရှင်းနေ၍ မီးပွိုင့်တွင် မီးဝါမီးနီကို မစောင့်ဘဲ ဖြတ်မောင်းမည်ပြုလျှင် အတင်းတားမြစ်တတ်သည်။

သို့ကလို အသေးစိတ်ကလေးများကအစ စစ်စစ်ဆေးဆေး လိုက်လုပ်တတ် သည့်အတွက် ကျွန်တော့်ဆရာကို သူလက်အောက်ငယ်သားအချို့က ကွယ်ရာမှာ မေးငေါ့ပြီး အတင်းပြောလေ့ရှိကြသည်။ အများမိုးခါးရေသောက်နေချိန်မှာ မသောက်ဘဲ နေတဲ့လူဟာ အရူးပဲဟု ဆိုသူများပင်ရှိသည်။ သို့သော် ကျွန်တော့်ဆရာက မမှုပါ။ သူ့ကို ယခုလို ပြောဆိုနေကြကြောင်း ကြားသိရသောအခါ ဆရာက "အစိုးရပိုင်ပစ္စည်း ဆိုပြီး မျက်နှာလွှဲ ခဲပစ်လုပ်ရင် တာဝန်သိတဲ့ နိုင်ငံသားမပီသရာရောက်တော့မှာပါ။ အသေးအဖွဲကလေးတွေ ဆိုပေမယ့် အလဟဿမကုန်ခန်းသင့်တာ မကုန်ခန်းအောင် ငါတို့က စံနမူနာပြလုပ်ကြရမှာပဲ"ဟု ပြော၍ လက်အောက်ငယ်သားများကို သြဝါဒ ပေးလေသည်။ ထိုစကားများကို သူ့လက်အောက်အမှုထမ်းအချို့က မည်သို့တုံ့ပြန်သည် ထင်ပါသနည်း။ "ဒီလူကြီးကြောင်နေပြီ"ဟု အတင်းချကြပြန်လေသည်။ ခေတ်စကား နှင့်ဆိုသော် သူ့ကို ကွယ်ရာမှာ ဝိုင်း 'ဟား'ကြလေသည်။

တာဝန်သိစိတ်နိုင်ငံသားဟူသော စကားသည် ထိုအမှုထမ်းအချို့အဖို့ အမှန်တကယ်ပင် 'ဟား'စရာ ဖြစ်နေဖွယ်လည်း ရှိသည်။ သူတို့လိုလူတွေက အများစု ဖြစ်နေသောကြောင့် ကျွန်တော့်ဆရာသည်'ကြောင်နေပြီ'ဟု ထင်စရာဖြစ်နေသည်မှာ သဘာဝကျပါသည်။

www.burmeseclassic.com


ကျွန်တော့်ဆရာက တစ်နေ့သ၌ အထက်ပါသူ့ဖြစ်ရပ်ကို ဝမ်းနည်းပန်းနည်း ပြန်ပြောပြရာ ကျွန်တော်သည် လွန်ခဲ့သော ၈ နှစ်ကျော်ခန့်က အတွေ့အကြုံကလေးအချို့ ကို ပြေးသတိရမိသည်။

*

ထိုစဉ်က ကျွန်တော်သည် အမေရိကန်နိုင်ငံ မစ်ရှီဂန်တက္ကသိုလ်၌ သတင်းစာ ပညာသင်တန်းတက်ရောက်နေသည်။ အချိန်မှာ ဆောင်းရာသီဖြစ်၍ ရေခဲအောင် အေးနေချိန်ဖြစ်သည်။ ထိုနှစ် ဆောင်းရာသီမှာ အမေရိကန်နိုင်ငံအဖို့ (နာမည်ကျော် သတင်းစာဆောင်းပါးရှင် ဂျက်အင်ဒါဆင်၏ အဆိုအရ) သမိုင်းမှာ အဆိုးရွားဆုံး ဆောင်းရာသီတစ်ခု ဖြစ်ခဲ့သည်။ အပူများသော တက္ကဆပ်ပြည်နယ်၌ပင် ၁၈၉၅ ခုနှစ်ကစ၍ ယခုလောက် အေးသောနှစ် မရှိခဲ့ဖူးသေးဟု မှတ်တမ်းများက ဆိုပါသည်။ သို့ဖြစ်ရာ ကျွန်တော်ရောက်ရှိနေသော မြောက်ပိုင်းရှိ မစ်ရှီဂန်ပြည်နယ်၌မူ ဆိုဖွယ်ရာ မရှိလောက်အောင် အေးလွန်းလှသည် အပူပိုင်းဒေသ မြန်မာနိုင်ငံမှ ရောက်သွားသော ကျွန်တော့်မှာ အအေးဒဏ်ကို အလူးအလဲခံခဲ့ရပါသည်။

အချိန်ကာလမှာ ၁၉၇၇ခုနှစ် ဇန်နဝါရီလ ကုန်ပိုင်းဖြစ်သည်။ ဇန်နဝါရီလ ၂၀ ရက်တွင် သမ္မတသစ် ဂျင်မီကာတာ ကျမ်းသစ္စာကျိန်ဆိုပြီးနောက်တစ်နေ့တွင် ပထမဆုံးလုပ်ဆောင်သည်များအနက် စိတ်ဝင်စားစရာအချက်နှစ်ချက် ရှိခဲ့သည်။ ယင်းတို့မှာ ယခင်က စစ်မှုထမ်းဥပဒေကို ရှောင်ပြီး'စစ်ပြေး'လုပ်နေခဲ့ကြသူများကို လွတ်ငြိမ်းခွင့် အပြီးအပြတ်ပေးလိုက်ခြင်းနှင့် လောင်စာရှားပါးမှုပြဿနာကြုံမည့် အရေးကို ကာကွယ်သောအားဖြင့် အမေရိကန်ပြည်သူများ အပူဓာတ်လျှော့ချသုံးစွဲကြ ရန် တစ်ပြည်လုံးသို့ မေတ္တာရပ်ခံလိုက်ခြင်း ဖြစ်သည်။

စစ်ပြေးများကို အပြစ်မယူတော့ဘဲ သမ္မတသစ်က လွတ်ငြိမ်းခွင့် ပေး လိုက်ခြင်းနှင့် ပတ်သက်၍ စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့အစည်းများအပါအဝင် လူထုအတော်များများက ကန့်ကွက်ရှုတ်ချကြသည်။ စစ်မှုမထမ်းမနေရ ဥပဒေအရ အခြားပြည်သူများ အသက်စွန့်ပြီး စစ်သွားတိုက်ခဲ့ကြချိန်တွင် သူရဲဘောကြောင်ပြီး ရှောင်ပေးခဲ့ကြသူတွေကို ယခုလို အပြစ်လွှတ်ခြင်းသည် မလျော်ကန်ပါဟု ဆိုကြသည်။

ကျွန်တော့်မှာ စစ်ပြေးများအား သမ္မတသစ်က အပြစ်လွှတ်ခြင်းနှင့်ပတ် သက်၍ လူထုက မကျေမနပ်ဖြစ်ကြခြင်းကို နားမလည်နိုင်အောင် ရှိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၆၅ခုနှစ်လောက်ကစ၍ ဗီယက်နမ်တွင် အမေရိကန်တို့ စစ်သွားတိုက်ခဲ့ကြသည်။ တဖြည်းဖြည်း စစ်ရှိန်မြင့်လာခဲ့ရာ ၁၉၆၉ခုနှစ်သို့ ရောက်သော အခါ အမေရိကန်နိုင်ငံတွင် ရက်သတ္တပတ်တိုင်း လူငယ်တစ်သောင်းကျော်တို့မှာ

www.burmeseclassic.com

စစ်ထဲအတင်းဆွဲသွင်းခံခဲ့ကြသည်။ ဗီယက်နမ်မှာချည်း အမေရိကန် ငါးသိန်း စစ်သွားတိုက်ခဲ့ကြရသည်။ သူတို့ထဲက သေကြေဒဏ်ရာရ ဒုက္ခိတဖြစ်ခဲ့ကြသူများလည်း မရေတွက်နိုင်အောင် ရှိခဲ့သည်။ ထိုစဉ်တုန်းက အမေရိကန်တက္ကသိုလ်များတွင် နေ့စဉ်လိုလို ဗီယက်နမ်ဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် တခြိမ့်ခြိမ့် ကျင်းပနေခဲ့ကြသည်။ မတိုက်ချင်သော စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် လူငယ်များက စစ်ထဲဆွဲသွင်းမှုကို ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

(နာမည်ကျော် လက်ဝှေ့ချန်ပီယံ မိုဟာမက်အလီခေါ် ကပ်စီးယပ်ကလေးဆိုလျှင် စစ်ထဲမဝင်ဘဲ ငြင်းဆန်ခဲ့၍ ထောင်ပင်ကျခဲ့သေးသည်။ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဘွဲ့ကိုလည်း စွန့်လွှတ်ခဲ့ရသည်။)

ထိုစဉ်တုန်းဆိုလျှင် စစ်မှုမထမ်းဘဲ ငြင်းဆန်တိမ်းရှောင်နေခဲ့သူများကို အပြစ်တင်သူနည်းပါးသည်။ စစ်ဆန့်ကျင်ရေးသမားများအဖြစ် အသိအမှတ်ပြုခြင်းပင် ခံခဲ့ကြရသေးသည်။ ထိုလူများအား 'စစ်ပြေး'ဟူ၍ ရှုတ်ချခြင်းလည်း မရှိခဲ့။

ယခုတော့ သမ္မတသစ်က စစ်ပြေးသူများကို အပြစ်လွှတ်သည်ဆိုသောအခါ "တခြားသူတွေ အသက်စွန့်ပြီး စစ်သွားတိုက်ခဲ့ကြတုန်းက သူ့ရဲဘောကြောင်ပြီး ရှောင်ပြေးခဲ့ကြသူတွေကို ခုလို ကင်းလွတ်ခွင့်ပေးတာ မတရားဘူး"ဟု ဆိုလာကြပြန်သည်။ အဘယ်သို့နည်း။

ကျွန်တော်က မိမိနားမလည်သည်ကို နားမလည်သည့်အလျောက် နီးစပ်သူများအား မေးမြန်းဆွေးနွေးကြည့်ပါသည်။ သင်တန်းသား အမေရိကန်သတင်းစာဆရာတစ်ဦးဖြစ်သော ဂျယ်ရီမော်တင်က ရှင်းပြသည်မှာ မှတ်သားဖွယ်ဖြစ်ပါသည်။

"ကျွန်တော်တို့ အမေရိကန်လူမျိုးတွေရဲ့ အသက်သွေးကြောဟာ အခြေခံဥပဒေပဲဗျ။ အခြေခံဥပဒေဘောင်ထဲကနေပြီး လွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းပြီးရင် နိုင်ငံသားတွေဟာ ဥပဒေကို လိုက်နာကြရမှာပဲ။ ဗီယက်နမ်မှာ စစ်သွားတိုက်ခဲ့တာ ကျွန်တော်တို့ရဲ့ မဟာအမှားကြီးပဲဆိုတာ သမိုင်းက ဆုံးဖြတ်ထားပြီဆိုတာ မှန်တယ်။ သို့ပေမယ့် အဲဒါဟာ နိုင်ငံရေးပြဿနာပဲ။ နိုင်ငံသားတိုင်းရဲ့ တာဝန်ကတော့ စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်မှုထမ်းရမယ့်အချိန်မှာ စစ်ထဲဝင်ရမယ်။ နိုင်ငံက စေလွှတ်တဲ့နေရာကို သွားရမယ်။ အဲဒီတာဝန်ကို တိမ်းရှောင်နေသူဟာ တာဝန်မဲ့နိုင်ငံသားပဲ"

ကျွန်တော့်မိတ်ဆွေ မစ္စတာမော်တင်၏ စကားကို ကျွန်တော်ထောက်လည်း မထောက်ခံခဲ့။ ကန့်လည်း မကန့်ကွက်ခဲ့ပါ။ သူ၏ 'နိုင်ငံသားတာဝန်'အယူအဆကိုကား အမှတ်တရ ဖြစ်နေပါတော့သည်။

www.burmeseclassic.com


သမ္မတဂျင်မီကာတာ၏ ပန်ကြားချက်တစ်ရပ်ဖြစ်သော 'အပူဓာတ်လျှော့သုံးရေး'နှင့် ပတ်သက်၍လည်း အမှတ်တရဖြစ်စရာ အတွေ့အကြုံကလေးတစ်ခု ရခဲ့ပါသေးသည်။

ဂျင်မီကာတာသည် အမေရိကန်အားလုံး အိမ်တွင်း အပူဓာတ်အားကို နေ့လယ်ပိုင်းတွင် ၆၅ဒီဂရီ (ဖာရင်ဟိုက်)သာ အများဆုံး ထားရှိကြရန်နှင့် ည ဘက်တွင် ၎င်းအောက် လျှော့ချကြရန် မေတ္တာရပ်ခံခဲ့သည်။ ယခင် သမ္မတ နစ်ဆင် လက်ထက်က အာရပ်နိုင်ငံများက ရေနံဈေးကိုင်ပြီး ရေနံတင်ပို့မှု ဖြတ်တောက်ကြ စဉ်ကလည်း အမေရိကန်ပြည်သူများအား နစ်ဆင်က လောင်စာဓာတ်အား လျှော့သုံးကြ ရန် မေတ္တာရပ်ခံခဲ့ဖူးသည်။ သို့သော် နစ်ဆင်တုန်းက အများဆုံး ၆၈ဒီဂရီထက် ပို၍ မသုံးကြရန် ပန်ကြားခဲ့သည်ဖြစ်၍ ယခု ဂျင်မီကာတာက ထိုထက် သုံးဒီဂရီ ပို၍လျှော့ခိုင်းခြင်းဖြစ်သည်။ ဆောင်းတွင်းကာလ၌ အမေရိကန်တို့ အိမ်တွင်း အပူ ဒီဂရီ ပုံမှန်ထားကြသည်မှာ ၇၀–၇၂ ဒီဂရီခန့် ဖြစ်သည်။

ဂျင်မီကာတာက ယခု ဆောင်းရာသီတွင် အအေးလွန်ကဲလွန်းသောကြောင့် အချို့ဒေသများတွင် အပူဓာတ်လုံလောက်စွာရရန် လောင်စာဓာတ်ငွေ့ လျော့နည်းနေ သည့်အတွက် ကျောင်းတွေပိတ်ရ၊ လူပေါင်း ၂သိန်းကျော် အလုပ်လက်မဲ့ဖြစ်ရကြောင်း၊ ထို့ကြောင့် ပြည်သူအားလုံးက အပူဓာတ်လျှော့သုံးကြခြင်းဖြင့် လောင်စာဓာတ်ငွေ့ကို ချွေတာစေလိုကြောင်း အသံလွှင့်ကြေညာသွားသည်။

ထိုနေ့ညနေ ကျွန်တော်ကျောင်းက ပြန်လာသောအခါ အဆောင်ခန်းတွင်း၌ ခါတိုင်းနှင့်မတူဘဲ အေးစိမ့်စိမ့်ဖြစ်နေပါသည်။ တစ်ခန်းတည်းနေ အမေရိကန်လူငယ် 'ဂရန့်ပေါင်း'ကို မေးကြည့်ရာ သူက သတင်းစာထိုးပြပြီး သမ္မတ၏ ကြေညာချက်ကို ဖတ်ခိုင်းသည်။ "ကျွန်တော်တို့ရဲ့ သမ္မတကြီးက ၆၅ဒီဂရီထက် ပိုမသုံးပါနဲ့လို့ တောင်းပန်ထားတယ်ခင်ဗျ။ ဒါကြောင့် ကျွန်တော်လျှော့ထားတာ"ဟု သူက ပြော သည်။ အခန်းတွင်း အပူချိန်ထိန်းညှိသော နံရံကပ်ကိရိယာကို ကျွန်တော်ကြည့်လိုက်ရာ တကယ်ပင် ၆၅ဒီဂရီအမှတ်သို့ ရွှေ့ထားသည်ကို တွေ့ရသည်။

"နေပါဦး ငါ့လူရယ်၊ ငါက အပူပိုင်းဇုန်က လာတာကွယ့်၊ တို့ဆီမှာ ၆၅ ဒီဂရီဆိုတာ ဂွမ်းစောင်ကြီးနှစ်ထပ်လောက် ခေါင်းမြီးခြုံပြီး နေရလောက်တယ်။ မလုပ်ပါနဲ့ကွယ်။ ငါ့မှာ အပြင်မှာလည်း သွေးခဲလုအောင် နေ့စဉ်ဒုက္ခခံပြီး သွားလာ နေရ၊ ကိုယ့်အခန်းထဲ ပြန်ရောက်လို့မှ နွေးနွေးထွေးထွေးမနေရရင် မလွယ်ဘူးကွ"ဟု ကျွန်တော်က တောင်းပန်ရသည်။ ဂရန့်က "သမ္မတကြီးရဲ့ မေတ္တာရပ်ခံချက်ကို ကျွန်တော်တို့ လေးစားရမယ်ဗျ"ဟု ဆိုပြန်ပါသည်။

www.burmeseclassic.com

ထိုအချိန်တွင် တစ်ဖက်ခန်းနေ ဂရိလူမျိုး ကျောင်းသားနှစ်ယောက် ပြန်ရောက်လာကြသည်။ သူတို့နှစ်ယောက်၏ အခန်းနှင့် ကျွန်တော်တို့နှစ်ယောက်၏ အခန်းမှာ ကြားတွင် ဧည့်ခန်းတစ်ခု ခြား၍ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ဧည့်ခန်း၊ မီးဖိုခန်း၊ အိမ်သာ၊ ရေချိုးခန်း၊ လျှပ်စစ်ဓာတ်အား၊ တယ်လီဖုန်း၊ ရုပ်မြင်သံကြားစက်တို့ကို လေးယောက် စုသုံးကြရသည်။ ကျသင့်သော ဓာတ်အားခကို လေးယောက် အချိုးကျ ပေးကြရသည်။

ဂရိနှစ်ယောက် အခန်းတွင်း ဝင်ပြီး ခဏအကြာ၌ "ဘာကြောင့် အေးနေသလဲ"ဟု မေးလာကြပြန်သည်။ ဂရန့်က ကျွန်တော့်ကို ဖြေသလိုပဲ ဖြေသည်။ ဟိုနှစ်ယောက်က မကျေနပ်ကြ။ "ငါတို့က ဧည့်သည်ကွ။ ဒီမှာ ကျောင်းလာတက်နေတာ။ မင်းတို့နိုင်ငံသား မဟုတ်ဘူး။ သွေးခဲပြီး အသေမခံနိုင်ဘူး"ဟု 'စပီရို'ဆိုသူ ခပ်စွာစွာ ဂရိက ပြောသည်။ ဂရန့်ကလည်း အလျှော့မပေး။ "ကျုပ်တို့သမ္မတကြီးကိုယ်တိုင် မေတ္တာရပ်ခံထားတာ၊ ကျုပ်တို့နားထောင်ရမယ်ဗျ"ဟူ၍သာ ပြောနေသည်။ ထိုအခါ သဘောကောင်း၍ အေးအေးနေတတ်သော ဂရိကျောင်းသား 'ပွန်'က ကျွန်တော့်အား "ကျွန်တော်တို့ လေးယောက်ထဲမှာ ခင်ဗျားက အသက်လည်း အကြီးဆုံး၊ သတင်းစာဆရာလည်းဖြစ်တယ်။ ဒီတော့ မျှမျှတတဖြစ်အောင် ခင်ဗျားက ဆုံးဖြတ်ပေးဗျာ။ ခင်ဗျားဆုံးဖြတ်တာကို မကျေနပ်ကြဘူးဆိုမှ အဆောင်အုပ်ချုပ်ရေးဌာနကို သွားပြောပြီး ဖြေရှင်းခိုင်းမယ်"ဟု ပြောပါသည်။

ထိုအခါ ကျွန်တော်က ဂရန့်ကို ချော့မော့ဖျောင်းဖျရသည်။ ရာသီဥတုကွာခြားသော နိုင်ငံများမှ လာသူများအနေဖြင့် ဌာနေနိုင်ငံသားများကဲ့သို့ အအေးဒဏ်ကို ကြာရှည် မခံနိုင်ကြောင်း၊ ဧည့်သည်ကို အိမ်ရှင်က ခြွင်းချက်ပေးသင့်ကြောင်း ပြောပြရသည်။ နောက်ဆုံးတွင် ကျွန်တော့်ကို အတော်ကလေး ခင်မင်နေပြီဖြစ်သော ဂရန့်က လျှော့လာသည်။ ကျွန်တော်တို့ကလည်း လျှော့ပေးရသည်။ သို့ဖြင့် အခန်းတွင်း အပူဒဂရီကို ခါတိုင်း ၇၂ ဒီဂရီ ထားနေရာမှ ၇၀ ဒီဂရီထားရန်၊ လေးယောက်စလုံး မရှိချိန် (ကျောင်းသွားနေကြချိန်)တွင် ၆၅ ဒီဂရီသို့ လျှော့ချခဲ့ရန်၊ အခန်းတွင်း တစ်ယောက်ယောက် ပြန်ရောက်မှ ၇၀ ဒီဂရီ ပြန်ထားရန် သဘောတူဆုံးဖြတ်လိုက်သည်။

ဂရန့်မှာ အသက် ၂၀ မျှသာ ရှိသေးသည်။ သဘာဝသိပ္ပံဒုတိယနှစ်ကျောင်းသားတစ်ဦး ဖြစ်သည်။ အားကစားလိုက်စား၍ ကာယကြံ့ခိုင်သလို စိတ်ဓာတ်လည်း ကောင်းပါသည်။ သို့သော် သူက ဘုရားမဲ့ဝါဒီဟု ဆိုသည်။ ဘာသာကိုးကွယ်မှုဆိုတာ မလိုပါ။ လူသားချင်း မေတ္တာထားရမည်ဟူသော အမှန်တရားကိုသာ လက်ခံ

ပါသည်တဲ့။ သူကလေးတွင် သို့ကလို ကြောင်ကွက်ကလေးများ ရှိသော်ငြားလည်း သူ့တိုင်းပြည်၊ သူ့လူမျိုး၊ သူ့ ခေါင်းဆောင်များကို ချစ်ခင်မြတ်နိုးလေးစားရာတွင်ကား အရွယ်နှင့် မလိုက်အောင် ရင့်သန်လှသည်။

"သမ္မတဆိုတာ ကျွန်တော်တို့တွေရဲ့ ဆန္ဒမဲတွေနဲ့ ရွေးတင်ထားတဲ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ပဲ။ သူ့ပြောစကားကို နားမထောင်ရင် ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကို ပြန်စော်ကားသလို ဖြစ်နေမှာပေါ့" ဟူ၍လည်း သူက စကားလုံးထွားထွားဖြင့် ပြောတတ်သေးသည်။ သူသည် ၁၉၇၂ ခုနှစ် ရွေးကောက်ပွဲတုန်းက အသက် ၁၈နှစ် မပြည့်သေး၍ မဲမပေးခဲ့ရ။ ၁၉၇၆ခုနှစ် ရွေးကောက်ပွဲတွင်မှ ပူပူနွေးနွေး မဲပေးခဲ့ရ၍ အလွန်ပင် တက်ကြွနေသည်။

ကျွန်တော်သည် သူကလေးကို ကြည့်၍ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ခေါင်းဆောင်ကို ချစ်ခင်မြတ်နိုးလေးစားတတ်သော သူ့စိတ်ဓာတ်အား အလေးပြုခဲ့မိပါသည်။

*

ထိုနှစ်က ကျွန်တော်သည် နယူးယောက်၊ ဝါရှင်တန်စသော မြို့ကြီးများသို့ ရောက်သောအခါ၌လည်း ဘတ်စ်ကားများတွင် "လောင်စာဆီ ချွေတာသောအားဖြင့် ဘတ်စ်ကားစီးကြပါ။ ဂျင်မီကာတာ"ဟူသော စာလုံးနီစာတန်းကြီးများကို တွေ့ခဲ့ရပါ၏။ တစ်ယောက်တည်းသွားလည်း ကားတစ်စီး၊ နှစ်ယောက်သွားလည်း ကားတစ်စီးနှင့် ကားပေါတိုင်း စီးချင်သလို စီးနေကြပါက လောင်စာဆီ ဖြုန်းတီးရာကျမည်ဖြစ်၍ ကိုယ်ပိုင်ကားမစီးဘဲ တတ်နိုင်သမျှ ဘတ်စ်ကားစီး၍ ခရီးသွားကြပါရန် သမ္မတက မေတ္တာရပ်ခံခြင်း ဖြစ်သည်။ မိတ်ဆွေသတင်းစာဆရာတစ်ဦးကို မေးကြည့်ရာ သမ္မတ၏ ပန်ကြားချက်ကြောင့် ဘတ်စ်ကားစီးသူ ယခင်ကထက် နှစ်ဆခန့် တိုးလာသည်ဟု ဆိုပါသည်။

*

တာဝန်သိနိုင်ငံသားပီသရေး သြဝါဒချွေမိသောကြောင့် 'ကြောင်နေပြီ'ဟု အတင်းအပြောခံရသော ကျွန်တော်၏ဆရာအတွက် ဝမ်းနည်းလှပါသည်။

နိုင်ငံကြီးသားဆိုတာဘာလဲဆိုသည်ကို ကျွန်တော်တို့ ဝေဖန်ဆန်းစစ်သင့်ပါပြီ။ မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပေးရမည့် အမွေများထဲတွင် တာဝန်သိ နိုင်ငံသားစိတ်ဓာတ် ရှေ့ဆုံးက ပါသင့်သည်ဟု ကျွန်တော်က ယူဆပါသည်။

ကျွန်တော်၏ဆောင်းပါးကို ဆော့ခရတ္တိ၏ နိုင်ငံသားကောင်း သဘောအယူအဆနှင့် စပ်လျဉ်း၍ 'ပလေးတိုးနိဒါန်း'စာအုပ်တွင် ဆရာဇော်ဂျီတင်ပြခဲ့သော အကျဉ်းဖော်ပြချက်ဖြင့် နိဂုံးချုပ်ပါအံ့။

"ဥပဒေကို ရိုသေလေးစားရမည့် တာဝန်သည် နိုင်ငံသားကောင်းတို့၏ တာဝန် ဖြစ်ကြောင်း၊ နိုင်ငံသားကောင်းဖြစ်လိုလျှင် ဥပဒေကို ရိုသေလေးစားရမည် ဖြစ်ကြောင်း၊ ဥပဒေမကောင်းဟု ထင်မြင်လျှင် ဥပဒေကောင်းကို ရအောင် အားထုတ် အပ်ကြောင်း၊ ဥပဒေကောင်းစေကာမူ လူမကောင်းလျှင် အကျိုးမဖြစ်၊ အပြစ်ပင် ဖြစ်တတ်ကြောင်း စသော အချက်တို့ကို သေဘေးကြုံသော်လည်း သက်လုံကောင်း ခဲ့သော ဆော့ခရတ္တိက အကြောင်းအကျိုးဆက်သွယ်၍ ဟောပြောခဲ့သည်ကို တွေ့နိုင် သည် ..."

(ပလေးတိုးနိဒါန်း– စာ ၃၅၂)

အတွေးအမြင်စာစဉ် ၉၊ ဒီဇင်ဘာ ၁၉၈၅။

www.burmeseclassic.com

## စံနမူနာ

ကျွန်တော့်တွင် သွားရောဂါရှိသည်။ သွားများပိုးစား၍ အခေါင်းပေါက် အချို့ ဖြစ်နေကာ မကြာခဏသွားကိုက်တတ်သည်။ တစ်ခါတစ်ရံ မခံမရပ်နိုင်အောင် ဝေဒနာ ခံစားရ၏။

တစ်ခါသော် သွားကိုက်လွန်းသဖြင့် ရှုံ့မဲ့ညည်းတွားကာ မျက်ရည်ကျ သည်အထိ ဖြစ်မိသည်။ ယင်းသို့ဖြစ်သည်ကို နို့ညှာသားအကြီး(ခုနစ်နှစ်သား)က မြင်သွား၏။ ထိုစဉ်က သူသည် ဘာမျှမပြော။ အဖေညည်းတွားနေသည်ကို မျက်လုံး အပြူးသားနှင့်သာ ကြည့်နေ၏။

လအတန်ကြာသွားပြီးနောက် တစ်နေ့သ၌ သားကြီးခြေထောက်တွင် အနာစိမ်းပေါက်ရာ ပြည်မှည့်ချိန်တန်လျှင် ပြည်ညှစ်ပေးရ၏။ ထိုအခါ ဘသားချောသည် အသံကုန်အော်ဟစ်၍ ငိုပါလေသည်။ ကျွန်တော်က မငိုရန် တားသည်။ "ယောကျ်ား ဆိုတာ မငိုရဘူးကွ။ နာတာကျင်တာကို အံကြိတ်ခံရတယ်"ဟု ဆုံးမ၏။ ထိုအခါ သားကြီးက "ဖေဖေသွားကိုက်တုန်းက ငိုတယ်မဟုတ်လား၊ ဖေဖေ့ကျတော့ ယောကျ်ား မဟုတ်ဘူးလား"ဟု ချက်ကျကျ တုံ့ပြန်လေသည်။ ကျွန်တော်ဘာမျှမတတ်နိုင်။ "အေးကွာ ငိုတာတော့ ငိုပေါ့။ အော်ကြီးဟစ်ကျယ်မငိုရဘူးကွ"ဟူ၍သာ ဖြေပြော ပြောရပါသည်။

ထိုအဖြစ်အပျက်နောက်ပိုင်းတွင် ကျွန်တော်သည် သားများရှေ့၌ နာကျင်မှုကို ကျိတ်မှိတ်ခံခဲ့ပါသည်။ လက်တွင် ဓားရှ၍ တင်ချထည့်ရာ စပ်လွန်းလှသော်လည်း အံကြိတ်၍ ခံပြရ၏။ "ဖေဖေ မစပ်ဘူးလား"ဟု သားကြီးက မေးလျှင် "ယောကျ်ား ပဲကွာ၊ ဒီလောက်စပ်ရုံနဲ့ ဘာမှမဖြစ်ပါဘူး"ဟု ဟန်လုပ်ပြရ၏။ ထိုအခါ သားကြီးသည် အတော် ကျေနပ်သွားပုံရ၏။ အားကျသွားဟန်လည်း ရှိ၏။

တစ်နေ့သ၌ လှေကားထက်ဝက်မှ သူလိမ့်ကျ၍ လက်များ၊ ခြေထောက်များ ပွန်းပဲ့သွားသဖြင့် တင်ချထည့်ပေးသည့်အခါ အံကြိတ်၍ ခံရှာ၏။ စပ်လွန်း၍ မျက်ရည်များ ကျနေသော်လည်း အော်ဟစ်ဆူပူခြင်းမရှိ။ တအင်းအင်းနှင့် မာန်တင်း၍ ခံနေရှာ၏။

www.burmeseclassic.com

ဤတွင် ကျွန်တော်သည် 'လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ'ဟူသော ရှေးဆိုးမစာ၏ အဓိပ္ပာယ်ကို ပို၍ အလေးအနက်သဘောပေါက်ခံယူမိလာပါသည်။

'အတုမြင် အတတ်သင်'၊ 'မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ'၊ 'သူတော်ချင်းချင်းသီတင်းလွေ့လွေ့'၊ 'ငှက်ပျောပင်စိုက် မိလိုက်ဖပါ'၊ 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက၊ နောက်နွားစဉ်စိုက်၊ ဖြောင့်ဖြောင့်လိုက်၏'စသော မြန်မာစကားပုံ ဆုံးမစာများသည် နောင်းလူများအတွက် စံနမူနာပြုရမည့် လူကြီးမိဘများအဖို့ သတိမလွတ်စေဘဲ နှလုံးသွင်းအပ်သော ဆိုရိုးစကားများဖြစ်သည်။

အနီးကပ်ပတ်ဝန်းကျင်အား အတူခိုးများခြင်းကြောင့် ဆိုးပြစ်ကြုံရပုံများကို ငါးရာ့ ငါးဆယ်နိပါတ်တော်၌ ပုံဝတ္ထုနှစ်ပုဒ်ဖြင့် ဆုံးမခဲ့သည်ကိုလည်း အမှတ်ရမိသည်။ ငါးရာ့ ငါးဆယ် ဧကကနိပါတ်၊ မဟိဠာမုခဇာတ်၌ အနီးကပ်ကြားရဖန်များသော စကားကို နားယောင်၍ အတုယူမှားမိသော မင်္ဂလာဆင်တော်ကြီး၏ အဖြစ်ကိုဖော်ပြထားသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးထံ၌ မဟိဠာမုခအမည်ရှိသောမင်္ဂလာဆင်တော်ရှိရာ ထိုဆင်တော်သည် သီလလည်းရှိ၊ အကျင့်လည်းကောင်း၏။ သို့သော် ဆင်တင်းကုပ်အနီး၌ သူခိုးများသည် တိတ်တဆိတ် စုရုံး၍ ခိုးရန်၊ ဆိုးရန် သူတစ်ပါးကို နှိပ်စက်ဖျက်ဆီးရန် မကြာခဏ တိုင်ပင်သမှုပြုရာ မင်္ဂလာဆင်တော်သည် သူခိုးတို့၏ တိုင်ပင်စကားကို ကြားရဖန်များလတ်သော် စိတ်ကြမ်းကိုယ်ကြမ်း ဖြစ်သွားပြီး ဆင်ထိန်းကိုပင် ပြန်၍ သတ်လေတော့သည်။ နောက် ဆင်ထိန်းတစ်ယောက်ခန့်ထားရာ၌လည်း ထိုဆင်ထိန်းကို သတ်ပြန်သည်။

ထိုအခါ မင်းကြီးက သမားတော်ကြီးများအား မင်္ဂလာဆင်တော်၏ ရောဂါကို ကုသခိုင်းသည်။ သို့သော် ရောဂါကို မည်သို့မျှ ရှာ၍ မရဘဲ သမားတော်များလက်လျှော့ရသည်။ ဤတွင်မှ ဘုရားလောင်း ပညာရှိအမတ်အား ဆင်တော်၏ ဖြစ်ရပ်များကို ပြောပြ၍ အဖြေရှာခိုင်းရာ ဘုရားလောင်းက ဇာစ်မြစ်ကို စုံစမ်းဖော်ထုတ်ခဲ့ရသည်။ ဆင်တော်၏ စိတ်ဓာတ် ဖောက်ပြန်ပျက်ပြားရခြင်း၏ အကြောင်းကို သိရှိပြီးနောက် ဘုရားလောင်း ပညာရှိအမတ်က ဆင်တင်းကုပ်အနီးတွင် သီလရှိသော ရဟန်း ပုဏ္ဏားများအား စုရုံးစေပြီး တရားစကား၊ သီလစကားများကို အခါမလပ်ဆွေးနွေးပြောဆိုစေသည်။ သို့ဖြင့် ကာလအတန်ကြာသော် မင်္ဂလာဆင်တော် မဟိဠာမုခသည် မူလအတိုင်း သီလရှိ၍ အကျင့်ကောင်းသောဘဝသို့ ပြန်လည်ရောက်ရှိလေသည်။

ငါးရာ့ငါးဆယ် ဒုကနိပါတ်မှ ဂီရိဒတ္တဇာတ်၌လည်း အနီးကပ် မြင်ဖန်

www.burmeseclassic.com


များသော မြင်ကွင်းကို အကြောင်းပြု၍ အတုယူမှားသော မင်္ဂလာမြင်းတော်၏ အဖြစ်ကို ဖော်ပြထားသည်။

ဗာရာဏသီပြည်တွင် သာမမင်း မင်းပြုနေစဉ် ဘုရင်မင်းကြီး၌ အလွန်လျှင် ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော မင်္ဂလာမြင်းတော်ပဏ္ဍဝဟူ၍ ရှိ၏။ မင်္ဂလာမြင်းတော်၏ မြင်းထိန်းမှာ ဂီရိဒတ္တ ဆိုသူဖြစ်၏။ ဂီရိဒတ္တက မြင်းတော်အား နှာကြိုးကိုင်၍ ရှေ့က ဆွဲ၍ပြီး ခြေဆန့်လက်ဆန့်လျှောက်ရသည်။ မြင်းထိန်းမှာ ခြေခွင်နေသူဖြစ်၍ ခြေခွင်ခွင်နှင့် ကွတကွတဖြင့် ရှေ့က လျှောက်နေသည်ကိုမြင်ရဖန်များလတ်သော် မင်္ဂလာမြင်းတော်သည်လည်း သူ့အားသင်ပြနေသည်ဟူသော အမှတ်ဖြင့် ခြေခွင်လျက် ကွတကွတလျှောက်လေတော့သည်။

မင်္ဂလာမြင်းတော် ခြေခွင်သွားခြင်းကြောင့် သာမမင်းကြီးသည် အလွန်စိတ်မချမ်းမသာဖြစ်လျက် သမားတော်များအား ကုသခိုင်းသည်။ သမားတော်များမှာ မြင်းတော်၏ ရောဂါကို ရှာမရဘဲ လက်လျှော့ကြရသည်။ ဤတွင်မှ ဘုရားလောင်းပညာရှိအမတ်အား မြင်းတော်ခြေခွင်သွားပုံကို ပြောပြ၍ စုံစမ်းခိုင်းရာ ခြေခွင်သူမြင်းထိန်းနောက်က လိုက်ရဖန်များဖြင့် အတူယူမှားပြီး မြင်းတော် ခြေခွင်သွားရသည်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ရောဂါဇာစ်မြစ်ကို သိရှိပြီးနောက် ဘုရားလောင်းပညာရှိအမတ်က ခြေခွင်သူမြင်းထိန်းကို ဖယ်ရှားပြီး မြင်းထိန်းအသစ်အစားထိုး ခန့်အပ်လိုက်ရာ များမကြာမီ မင်္ဂလာမြင်းတော် ခြေအခွင်ပျောက်၍ ပုံမှန်ပြန်ကောင်းသွားလေသည်။

ဤသို့လျှင် ငါးရာ့ငါးဆယ်နိပါတ်တော်တစ်ခုတည်း၌ပင် ဆင်တူရိုးမှား ပုံဝတ္ထုနှစ်မျိုး ဖော်ပြ၍ 'အတူမြင် အတတ်သင်' ဖြစ်တတ်ခြင်း၏ သဘောသဘာဝကို ဆုံးမသွန်သင်ထားသည်မှာ သင်ခန်းစာ ယူစရာ ကောင်းလှသည်။

ကျွန်တော်တို့၏ နောင်လာနောက်သားများသည် ဆိုခဲ့ပါ ပုံဝတ္ထုများထဲမှ မင်္ဂလာဆင်တော်တို့၊ မင်္ဂလာမြင်းတော်တို့လို အတုယူမှားစရာများ မကြားရ၊ မမြင်ကြရလေအောင် ကျွန်တော်တို့သည် ကိုယ်၊ နှုတ်၊ နှလုံး၊ စောင့်စည်းမှု စံနမူနာကောင်းများ ပြကြရပါလိမ့်မည်။

အတွေးအမြင် စာစဉ် ၁၀၊ ဇန်နဝါရီ ၁၉၈၆။

www.burmeseclassic.com

## ဆရာဇော်ဂျီပေးသောဆု

လွန်ခဲ့သော မတ်လ ၂ ရက်(တနင်္ဂနွေနေ့)က နေရာသုံးနေရာသို့ ကျွန်တော် ရောက်ခဲ့ပါသည်။ ပထမဦးစွာ စမ်းချောင်း ဖျာပုံလမ်းရှိ ဆရာမြသန်းတင့်အိမ်၊ ဆက်လက်၍ စမ်းချောင်း ချမ်းသာလမ်းရှိ ဆရာကြီးဇေယျမိသားစုအိမ်(ယခင်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းနေထိုင်ရာနေရာ)၊ ထို့နောက် ချင်းချောင်းရိပ်သာလမ်းရှိ ဆရာကြီး ဇော်ဂျီ၏အိမ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာမြသန်းတင့်မှာ 'အတွေးအမြင်'စတင်ထုတ်ဝေကတည်းက အားတက်သရော ပါဝင်ရေးသားကူညီခဲ့ပါသည်။ သို့သော် အတွေးအမြင်အတော်ကလေး အရှိန်ရလာသောအခါ၌ အခြားစာမူကြွေးများနှင့် လုံးချာလည်နေသော 'ဆရာမြ'သည် ကျွန်တော့်စာအုပ်အတွက် အရေးကျဲသွားသည်။ စာမူသွားတောင်းလျှင် 'မရေးအားသေးဘူး'ဟု ဘယ်တော့မှ မငြင်း၊ 'ပေးမည်၊ ဆက်ဆက်ပေးမည်'တာဝန်ခံသည်။ သို့သော် နောက်တစ်ကြိမ်သွားတောင်းလျှင် 'မရေးရသေး၊ ပေးမည်၊ ဆက်ဆက်ပေးမည်'ဟု ထပ်မံတာဝန်ခံပြန်သည်။ သို့ဖြင့် 'အတွေးအမြင်'တွင် ဆရာမြ လအတန်ကြာ အဆက်ပြတ်နေခဲ့သည်။ အချို့က 'ဆရာမြသန်းတင့် ဘာကြောင့် မရေးတော့သလဲ၊ အဆင်မပြေတာ ဘာများရှိသလဲ' မေးလာကြသည်။ ထိုအခါ ကျွန်တော်က ဆရာမြကို အကျိုးအကြောင်းပြော၍ စာမူထပ်တောင်းရသည်။ သူကလည်း 'ရေးမည်၊ ပေးမည်၊ ဆက်ဆက်ပေးမည်'ဟု ထပ်မံတာဝန်ခံပါသည်။ ခုထိတော့ စာမူထပ်မရသေးပါ။

ဆရာမြသန်းတင့်ထံ သွားတိုင်း အအားနေသည် မရှိသည်ကတော့ ကိုယ်တွေ့ပါ။ စာဖတ်လျှင်ဖတ်၊ မဖတ်လျှင် လက်နှိပ်စက်တစ်လုံးနှင့် တကုပ်ကုပ် ရိုက်၍ စာရေးနေသည်သာ။ သို့မဟုတ်ပါကလည်း ဧည့်သည်တွေ တစ်ပြုံကြီးကို စကားလက်ခံပြောနေမည်။

မတ်လ ၂ရက်နေ့က ကျွန်တော်ရောက်သွားတော့ အလျင်ရောက်နေသော ဧည့်သည်အချို့ ရှိနေသည်။ ခဏကြာတော့ သူတို့ ပြန်သွားသည်။ ကျွန်တော်နှင့်စကား

ပြောသည်။ ခဏကြာတော့ စံပယ်ဖြူမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ ဒေါက်တာ မောင်မောင်စောနှင့် ဆရာမဒေါ်ခင်ဆွေဦး၏ သမီးပုလဲတို့ ရောက်လာကြသည်။ စကားဝိုင်းဆက်ရသည်။ အတွေးအမြင်(၁၂)တွင် ဖော်ပြခဲ့သော ဆရာဇော်ဂျီ၏ 'သူတို့ညီနောင်နှင့်ကျွန်တော်'ဆောင်းပါးအကြောင်း စကားစပ်မိကြသည်။ ဒေါက်တာစောက ဆရာဇော်ဂျီနှင့် တွေ့ပြီး၍ ထိုဆောင်းပါးအကြောင်း ပြောပြီးကြောင်း၊ ဆရာက ဝမ်းသာနေကြောင်း ပြောပြသည်။ ဆရာမြက သူရေးလက်စ ဆောင်းပါးတစ်ပုဒ်တွင် ဆရာဇော်ဂျီ၏ ပုဂံကဗျာတစ်ပုဒ်ကို ကိုးကားထားကြောင်းပြောပြီး ဆရာဇော်ဂျီနှင့် မကြာသေးမီက ရှုမဝမဂ္ဂဇင်းတိုက်တွင် ဆုံမိ၍ ငါးနာရီခန့်ကြာအောင် စကားလက်ဆုံကျခဲ့ပုံကို ပြောပြသည်။

'ဆရာနဲ့ ကျွန်တော် စကားဝိုင်းဖွဲ့ခဲ့တဲ့အကြောင်း ဆောင်းပါးရေးရရင် ကောင်းမယ်ဗျ။ အကြောင်းအရာအတော်စုံတယ်။ စိတ်ဝင်စားစရာ အများကြီး ပါတယ်'ဟု ဆရာမြက ပြောသည်။ ကျွန်တော်က ရေးဖြစ်အောင်ရေးရန် တိုက်တွန်းသည်။ စံပယ်ဖြူကို ပေးလျှင်လည်း ပေးပါ။ စံပယ်ဖြူကို တခြားပေးစရာရှိရင် အဲဒီစာမူ ကျွန်တော့်ကို ပေးပါဟု တောင်းသည်။ ဆရာမြက 'ရေးမယ်၊ ပေးမယ်'ဟု တာဝန်ခံလိုက်ပါသည်။

"ဆရာဇော်ဂျီကို ကျွန်တော် ထောင်ကလွတ်တော့ ပထမဆုံး သွားကန်တော့တယ်။ အဲဒီတုန်းက ဆရာ ဆုပေးပုံကို ခုထိမှတ်မိနေတယ်။ ဆရာက အသက်ရှည်ပါစေလို့ပဲ ဆုပေးသဗျ။ မင်းကို ထုံးစံအတိုင်း ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေလို့ ဆုမပေးချင်ဘူးကွာ။ ဘုန်းဆိုတာ တန်ခိုးအာဏာဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တယ်။ ဘုန်းကြီးသူဖြစ်သွားရင် မင်းစာရေးဆရာ ဆက်လုပ်နိုင်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် အသက်ရှည်ရှည် စာရေးဆရာဘဝနဲ့ပဲ မြင်ချင်လို့ အသက်ရှည်ပါစေလို့ ဆုပေးတာပဲလို့လည်း ရှင်းပြတယ်"

ဆရာမြက ဆရာဇော်ဂျီပေးဖူးသော ဆုအကြောင်းကိုလည်း ကြည်နူးစရာ ပြောပြလိုက်ပေသည်။

ထို့နောက် ကျွန်တော်သည် ချမ်းသာလမ်းရှိ ဆရာကြီး ဇေယျအိမ်သို့ ခရီးဆက်သည်။ ဆရာကြီးမှာ ကွယ်လွန်ခဲ့ပြီဖြစ်၍ ကျန်ရစ်သူမိသားစု ဆက်လက်နေထိုင်လျက်ရှိသည်။ အိမ်ဧည့်ခန်းကြီးတစ်ခုလုံးတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဓာတ်ပုံ၊ ပန်းချီကားအမျိုးမျိုး ချိတ်ဆွဲထား၍ ဟိုယခင်နှစ်အစိတ်ခန့်က ကျွန်တော်တို့ မကြာခဏလာကန်တော့ကြသည်ကို အမှတ်ရလွမ်းဆွတ်မိပါသည်။

ဆရာကြီးဇေယျ၏သား ကိုတင်အောင်မှာ ရန်ကုန်တက္ကသိုလ်တွင် ကျွန်တော်

www.burmeseclassic.com

နှင့် ကျောင်းနေဖက်ဖြစ်သည်။ လူချင်းမတွေ့သည်မှာ နှစ်အတော်ကြာပြီ။ ယခု သူနှင့် တွေ့တော့ ယခင်အတိုင်းပင် ပါးစပ်မှာ ဆေးပြင်းလိပ် မချွတ်တမ်းခဲလျက်။ ဆရာကြီးဇေယျ၏ ဝဝဖိုင့်ဖိုင့်ပုံသဏ္ဌာန်ကို ပိန်ပိန်သွယ်သွယ်အဖြစ် ချုံ့ထားဘိသကဲ့သို့ ချွတ်စွပ်၊ သူသည်လည်း ဆရာမြတို့နှင့် တစ်ချိန်တည်းလိုလို (လွန်ခဲ့သော နှစ် ၂၀ကျော်က) အထိန်းသိမ်းခံခဲ့ရသည်။ အထဲတွင် ၇နှစ်ကျော်ကျော် ကြာခဲ့သည်။ ပြန်ထွက်လာပြီး ပုလဲနှင့် ငါးဌာနတွင် အလုပ်ဝင်သည်။ ယခု ပင်စင်ယူထားပြီဟု ဆိုသည်။ ကျွန်တော်က အတွေးအမြင်(၁၂)တွင် ဆရာကြီးဇေယျ၏ 'တကောင်း ပြဿနာ'ဆောင်းပါးကို ပြန်ထည့်ထား၍ စာအုပ်နှင့်ညဏ်ပူဇော်ခ လက်ဆောင်လာ ပို့ကြောင်း ပြောပြသည်။ ကိုတင်အောင်က 'အဖေ့စာတွေ၊ ရေးလက်စတွေ ပုံမနှိပ်ရ သေးတာတွေ ရှိသေးတယ်။ ကျွန်တော်ရသမျှ စုပြီး ခင်ဗျားကို ပေးထားမယ်'ဟု ပြောလိုက်ပါသည်။

ကိုတင်အောင်နှင့်ကျွန်တော် စကားပြောနေသည့် ဧည့်ခန်းအတွင်း စားပွဲ ကုလားထိုင်များဘေးတွင် ခွေးကောင်ရေ ခုနစ်ကောင်၊ ရှစ်ကောင်ခန့် ဥဒဟိုသွားလာ လှုပ်ရှားနေကြသည်။ ခွေးတွေမှာ လမ်းဘေးတွင် တွေ့မြင်နေကျ ခွေးလေခွေးလွင့် တွေသာ ဖြစ်သည်။ သူတို့ကို ဤအိမ်တွင် ဝင်စေ၊ ထွက်စေ၊ စားစေ၊ သောက်စေ၊ ဆေးမွဲပေးထားသည်ဟု ဆို၏။ 'ကျွန်တော်တော့ ခုထိ လူပျိုကြီးပဲဗျာ၊ သူတို့တစ်တွေကို ကျွေးမွေးနေပြီး ကြည်နူးနေရတာပဲ'ဟု ကိုတင်အောင်က ပြောလိုက်ပါ၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏မြေး၊ ဆရာကြီးဇေယျ၏သား ကို တင်အောင်၏ ဆေးပြင်းလိပ်ငွေ့များနှင့် ဧည့်ခန်းထဲ လွတ်လွတ်လပ်လပ် ဆော့ကစား နေကြသော ခွေးများအကြားမှ မနည်းလမ်းရှင်းပြီး ကျွန်တော်ထွက်လာခဲ့ပါသည်။

ဆရာဇော်ဂျီ၏ အိမ်သို့ရောက်တော့ မွန်းတည့်ချိန်ရှိပြီ။ အေးချမ်းဆိတ်ငြိမ် သော ခြံဝင်းအတွင်းရှိ တိုက်ဝါကလေးမှာ ဧရိပ်သာဟု ဆိုလောက်ပါသည်။ ဆရာ မှာ ထမင်းစားပြီးခါစ နားနားနေနေ နေချိန်ဖြစ်ပါသည်။

'အတွေးအမြင်'တွင် 'သူတို့ညီနောင်နှင့် ကျွန်တော်'ဆောင်းပါး ဖော်ပြထား ကြောင်း ဒေါက်တာစောတို့ပြောပြ၍ ဆရာကြိုတင်သိပြီးဖြစ်ပါသည်။ ကျွန်တော်က စာအုပ်ပေးသောအခါ ဆရာက ဝမ်းသာကြောင်းပြောပြီး နောက်ထပ် ကောင်းနိုးရာရာ ဆောင်းပါးဟောင်းများကို ယူသုံးနိုင်ကြောင်း ပြောပါသည်။

[အတွေးအမြင် အမှတ်(၁) မထွက်မီကပင် ဆရာ့ ကျွန်တော်တို့သွား၍ စာမူ တောင်းခဲ့ရာ ကျန်းမာရေးကြောင့် အသစ်မရေးနိုင်၊ အဟောင်းတွေထဲက ကြိုက်ရာယူသုံးပါဟု ပြောထားပါသည်။]

www.burmeseclassic.com


'စာရှည်ရှည် မရေးနိုင်တော့ဘူးကွယ်၊ အခု ရှမဝမှာရေးလက်စ ပုဂံကဗျာတွေရေးပြီးရင်နားနေရဦးမယ်။ကဗျာရေးရတာကလည်းတွေးရတာများလေတော့ ဆရာ့ မှာ သွေးက တက်တက်လာတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို အနားပေးမှဖြစ်တော့မယ်'ဟု ပြောပါသည်။ ကျွန်တော့်မှာ အသက် ၇၈နှစ်ရှိပြီဖြစ်သော ဆရာကြီးထံမှ စာမူအသစ်ရရှိရန် မတောင်းခံသာအောင် အဖြစ်ရပါသည်။

ထို့နောက် ၁၉၈၅ခု၊ နိုဝင်ဘာ ၂ရက်က ကမာရွတ် ထွန်းလင်းရိပ်သာလမ်းရှိ ဆရာမင်းသုဝဏ်၏ အိမ်တွင် ကျင်းပခဲ့သော ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့အား တပည့်များ၏ ကန်တော့ပွဲတွင် သတင်းထောက်ဟောင်းတစ်ဦးဖြစ်သူ ဦးအောင်ဒင်ရိုက်ကူးပေးသော ဆရာဇော်ဂျီနှင့် ကျွန်တော်စကားပြောနေပုံ ရောင်စုံဓာတ်ပုံကို ကျွန်တော်က ပေး၍ ဆရာကြည့်နေစဉ် ထိုကန်တော့ပွဲတွင် တပည့်များအား ဆရာဆုပေးရာ၌ မိန့်ကြားခဲ့သော စကားအချို့ကို ကျွန်တော်သတိရနေမိသည်။

"...လောဘ၊ ဒေါသ၊ မာန်မာန၊ ကင်းကြပါစေ၊ အဲဒီဆုကို ပြည့်စုံဖို့ကတော့ မိမိကိုယ်တိုင် အားထုတ်ယူကြဖို့ပဲ ဖြစ်ပါတယ်"

ဆရာမိန့်ကြားခဲ့သော ဆုတောင်းကို ကြားယောင်လျက် ကျွန်တော်သည် သန့်ရှင်းကြည်လင်အေးမြလှသော ဆရာ၏ ရုပ်အသွင်ကို ကြည်ညိုလေးစားစွာ ကြည့်နေမိပါသည်။ ပညာရှိများကို မှီဝဲဆည်းကပ်ရခြင်းသည် နှလုံးချမ်းမြေ့ဖွယ်ပါတကားဟု တွေးမိပါသည်။

ဆရာ့ကို ကျွန်တော်ထိုင်ကန်တော့သောအခါ ဆရာဘယ်လိုများ ဆုပေးပါမည်လဲဟု စိတ်စောလျက် အသေအချာ နားစိုက်နားထောင်နေမိပါသည်။ ဆရာက အေးဆေး ညင်သာသော အသံဖြင့် ဆုပေးပါသည်။

"အေးကွယ်၊ ကျန်းမာပါစေ၊ အသက်ရှည်ပါစေ၊ ချစ်နှစ်သက်သောသူများနဲ့ ကွေကွင်းရခြင်း ဆင်းရဲမှ ကင်းလွတ်ပါစေ၊ မချစ်မနှစ်သက်သောသူများနှင့် ပေါင်းဖော်ရခြင်းဆင်းရဲမှ ကင်းလွတ်ပါစေ"

ဆရာချီးမြှင့်သော ဆုပေးစကားကို နားဆင်ရင်း ကျွန်တော်သည် ကြက်သီးမွေးညင်းထလုနီးပါး ပီတိလျှမ်းခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်လိုချင်သောဆုနှင့် တစ်ထပ်တည်းကျနေသောကြောင့်ပါတည်း။

အတွေးအမြင် စာစဉ် ၁၃၊ မေ ၁၉၈၆။

www.burmeseclassic.com

## ကျည်းကန်ရှင်ကြီးနှင့် အယူတော်မင်္ဂလာ

ထန်းလျက်နှင့်တူသည်လို့ ကျောက်ဖြူကိုလည်း မနမ်းနှင့်၊ ကျွမ်းလျက်နှင့် ဖြူသည်လို့ အောက်သူကိုလည်း မစမ်းနှင့်။

ကျောက်ဖြူကို နမ်းလျှင် ဖုန်ကပ်သည်။ အောက်သူကို စမ်းလျှင် ကုန်တတ်သည်။

အထက်ပါ စိတ်ဝင်စားဖွယ် နဘောထပ်များနှင့် စပ်ဟပ်ထားသော စာပိုဒ်အတို အထွာကလေးများမှတစ်ဆင့် 'ကျည်းကန်ရှင်ကြီး'နှင့် ရင်းနှီးခဲ့သည်မှာ ကျောင်းသားဘဝကပင်။

'နေလိုနေပစေ၊ စာမပေးကမ်းသော်လည်း၊ လွမ်းရင်းရှိသူမှာ လာကြသည်။ အကုန်သေအခွေ၊ စာပေပင် ကမ်းသော်လည်း၊ လွမ်းရင်းမရှိသူမှာ ကြာကြသည်။ သည်ထုံးနှင့်စာပါလျှင်၊ မှာစာကောင်းမကောင်းမှာ၊ အကြောင်းပဓာနမဟုတ်၊ လွမ်းရင်းရှိမှ လာချိမ့်မည်၊ လွမ်းရင်းမရှိက ကြာချိမ့်မည်'ဟူသော ကျည်းကန်ရှင်ကြီး၏ စာတစ်ပုဒ်ကို အသုံးချ၍လည်း 'လွမ်းရင်းမရှိသူ'ဟု စိတ်နာမိသူအပေါ် ခနဲ့စာရေးခဲ့ဖူးသည်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝတွင် ကျည်းကန်ရှင်ကြီး၊ ဦးပုည၊ ကန်တော်မင်းကျောင်းဆရာတော်၊ ကင်းဝန်မင်းကြီး စသူတို့၏ မေတ္တာစာများကို မြတ်နိုးခုံမင်စွာ လေ့လာကျက်မှတ်ခဲ့ကြသည်။ မေတ္တာစာ အသွားရေးနည်းကို သဘောတွေ့လွန်းသဖြင့် နိုင်ငံရေးသရော်စာတစ်ပုဒ်ကို မေတ္တာစာအဖြစ် ရေး၍ ပြည်ထောင်စုသတင်းစာသို့ ပေးပို့ခဲ့ရာ ထည့်သွင်းဖော်ပြခြင်း ခံခဲ့ရဖူးသည်။ (၁၉၆၁ခုနှစ်)

ယခုအခါ ပြင်ပစာစောင် မဂ္ဂဇင်းများတွင် မေတ္တာစာများ လုံးဝမတွေ့ရသလောက်ရှိပြီဖြစ်သည်။ တက္ကသိုလ်ကောလိပ်မဂ္ဂဇင်းများ၌ကား ဟာသမြောက်သော မေတ္တာစာများကို မကြာမကြာတွေ့ရ၍ ကျေနပ်ဝမ်းမြောက်မိသည်။ မေတ္တာစာရေးနည်းကို တက္ကသိုလ်ကျောင်းသားတွေကပဲ ထိန်းသိမ်းစောင့်ရှောက်ထားသည့် သဘော

www.burmeseclassic.com


ရှိသည်။ သို့မဟုတ်ပါက မေတ္တာစာကို မြန်မာစာပေကဗျာနှင့် စိမ်းနေသောကလေး အချို့က 'ရည်းစားစာ'နှင့် ရှုပ်ထွေးကုန်ကြဖွယ် ရှိသည်။

မေတ္တာစာဟူသည်မှာ အမိက သားထံ၊ သားက အမိထံ၊ ဆရာက တပည့်ထံ၊ တပည့်က ဆရာထံ၊ အိမ်သူသက်ထားဇနီးက အဝေးရောက်မောင့်ထံ၊ အဝေးရောက်မောင်က အိမ်သူဇနီးသားသမီးထံ၊ ဆွေစုမျိုးစုက တစ်ရပ်တစ်ကျေးရောက် တူသားနောင်မယ်ထံ၊ တစ်ရပ်တစ်ကျေးရောက် တူသားနောင်မယ်က ဆွေစုမျိုးစုထံ၊ ဆရာဘုန်းတော်ကြီးထံ မိမိတို့ သိစေလိုသော အကြောင်းအရာများကို ရေးသား၍ လူကြုံပါးသောစာမျိုးတွင် 'မာတာမိခင်၊ သားရွှေစင်ကို၊ မမြင်ရတာ၊ ကြာကြီးကြာ၍၊ မြင်ပါရကြောင်း၊ မေတ္တာဟောင်းတွင်၊ ထပ်လောင်းဆင့်ကာ၊ ကြားလိုက်ပါအံ့'စသည်ဖြင့်လည်းကောင်း၊ 'ဩဓိသ ပတ္တနာ၊ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းလေ့ရှိ၊ မိခင်စကား၊ မှာကြားလိုက်သည်၊ သားမောင် ရွှေအောင်'စသည်ဖြင့်လည်းကောင်း၊ မေတ္တာတရား ရှေ့ထား၍ ရေးသားပေးပို့သောကြောင့် 'ပေးစာ'ရိုးရိုးမခေါ်ဆိုဘဲ 'မေတ္တာစာ'ဟု အထူးတလည် ခေါ်ဆိုခြင်း ဖြစ်သည်။

ကျွန်တော်ဖတ်ရှုဖူးသော မေတ္တာစာများအနက် ကျည်းကန်ရှင်ကြီး၏ မေတ္တာစာများကို အနှစ်သက်ဆုံးဖြစ်သည်။ ယင်းမေတ္တာစာများသည် စကားပုံပေါင်းချုပ်အဖြစ် လည်းကောင်း၊ ဗဟုသုတစာပေဘဏ်တိုက်အဖြစ်လည်းကောင်း အသုံးချ၍ရသည်။ ကျည်းကန်ရှင်ကြီး၏ ကဗျာဉာဏ်၊ စာဉာဏ်သည် အခြားမေတ္တာစာဆရာများနှင့် နှိုင်းယှဉ်လျှင် မည်မျှမြင့်သည်၊ နိမ့်သည်ကိုကား ကျွန်တော်အကဲမဖြတ်တတ်ပါ။ ကျွန်တော့်အကြိုက်ကိုသာ ပြောဆိုခြင်း ဖြစ်သည်။

ကျည်းကန်ရှင်ကြီးထွန်းကားချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ကျော်က ဖြစ်၍ ဦးပုညထက် နှစ် ၅၀ မျှစောသည်။ (ကျည်းကန်ရှင်ကြီး ၁၁၁၉ ခုနှစ်ဖွား၊ ဦးပုည ၁၁၇၂ခုနှစ်ဖွား)

ကျည်းကန်ရှင်ကြီးသည် ပခုက္ကူခရိုင်၊ မြောင်မြို့၏ မြောက်ဘက်လက်ာတော ဆယ်ရွာ အဝင်အပါ ကျည်းကန်ရွာဇာတိဖြစ်သည်။ စနေသားဖြစ်၍ ငယ်နာမည် မောင်နု။ သာမဏေဘွဲ့မည် ရှင်နန္ဒဓဇဖြစ်သည်။ အမိအဘတို့၏ အမည်နာမကို မသိရသော်လည်း မုံရွေးဆရာတော်ထံ ပေးသည့် မေတ္တာစာအရ ကေတုမတီ တောင်ငူဘုရင်၏ အဆောင်မြဲမင်း အဆက်အနွယ်ဖြစ်သည်ဟု မှတ်ယူရသည်။ သာမဏေရှင်နန္ဒဓဇသည် စာပေသင်ကြား တတ်မြောက်ပြီးနောက် ရဟန်းဘဝသို့ မတက်ရောက်ပဲ လူထွက်၍ စဉ့်ကူးမင်းလက်ထက်နှင့် အမရပူရ ပထမမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီးလက်ထက်တို့၌ လွှတ်တော်ရုံးတော်များတွင်

၃နှစ်စီ ၄နှစ်စီ ဝင်ရောက်၍ အမှုတော်ကို ထမ်းရွက်သည်။ ထို့အပြင် မြန်မာနိုင်ငံ အထက်အောက်မြို့ ကျေးရွာတို့ကို လှည့်လည်ကာ ဂန္ထရဗဟုသုတ ဒေသန္တရဗဟုသုတ များကို ဆည်းပူးလေ့လာသည်။

ထို့နောက် အသက် ၃၀အရွယ်သို့ ရောက်သောအခါ လူ့ဘောင်ကို စွန့်ပြန်၍ ရဟန်းမခံဘဲ ရှင်သာမဏေအဖြစ်နှင့်သာ ဇာတိဖြစ်သော ကျည်းကန်ရွာသို့ ပြန် ခဲ့၍ 'ဘုံသာကွန်း'အမည်ရှိသော ကျောင်းသစ်၌ စာပေပို့ချနေလေသည်။ ထိုသို့နေ ခိုက်တွင် အရိယာဝံသအာဒိစ္စရံသီဘွဲ့မည်ရှိသော မုံရွေးဇေတဝန်ဆရာတော်မေးသည့် ခက်ခဲနက်နဲသော ပြဿနာ ၅၅ ချက်ကို ဖြေဆိုပြန်ကြားရာ 'မုံရွေးအမေး၊ ကျည်း ကန်အဖြေ'ဟု ယခုတိုင် စာပေလောကတွင် ထင်ရှားလျက်ရှိသည်။ ထို့ပြင် သက္ကရာဇ် ၁၁၅၈ခုနှစ်တွင်လည်း သတ်ပုံလည်းဖြစ်၊ အမေးလည်းဖြစ်၊ ဗဟုသုတလည်း ဖြစ်စေသော 'စွယ်စုံကျော်ထင်'အမည်ရှိ အမေးပုစ္ဆာကျမ်းကြီးကို ပြုစုစီရင်တော်မူသည်။ ထို့နောက် ဘိုးတော်ဗဒုံမင်းတရားကြီးက အမရပူရသို့ ပင့်ခေါ်၍ မောင်းထောင် သာသနာပိုင်ထံတွင် မြဲရသည်။ သက္ကရာဇ် ၁၁၆၉ ခုနှစ်သို့ ရောက်သောအခါ သတ္တော ဝါဒီ ဆယ်လွှန်းတင်ဂါထာကျမ်းကို ရေးသားပြန်သည်။ ထိုမှတစ်ပါး မကာရန္တဗေဒ တွက်ရိုးလင်္ကာနှင့် မေတ္တာစာ၊ ပဏ္ဏာမပဋ္ဌာနာစသောစာများကို ရေးသားခဲ့လေသည်။

ကျည်းကန်ရှင်ကြီး၏ စာများကို လေ့လာလျှင် ဤစာဆိုတော်ကြီး၏ လောကီလောကုတ္တရာ စာပေပညာအဖြာဖြာ မည်မျှနှံ့စပ်ကျွမ်းကျင်ကြောင်းကို ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်သည်။

ကျည်းကန်ရှင်ကြီးသည် ကဗျာလင်္ကာရေးဖွဲ့သီကုံးသော ဝါသနာကို မစွန့်လွှတ်နိုင်၍ ရဟန်းမခံဘဲ ကိုရင်ကြီးဘဝဖြင့်သာ နေထိုင်သွားခဲ့သည်။ သို့ဖြင့် 'ကျည်းကန်ကိုရင်ကြီး'ဟု အများက ခေါ်ဝေါ်ကြရာမှ 'ကျည်းကန်ရှင်ကြီး'ကလောင် အမည်တွင်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။ ရဟန်းအဖြစ် ခံယူလိုက်လျှင် ရဟန်း သိက္ခာပုဒ်များကို တင်းကျပ်စွာ ထိန်းသိမ်းရမည်ဖြစ်ရာ လောကီရေးရာကဗျာလင်္ကာ များသီကုံးရန် မအပ်စပ်တော့မည်ကို ဆင်ခြင်မိ၍ ရဟန်းမခံဘဲ နေခဲ့ခြင်းဖြစ်ဟန် တူသည်ဟု မှန်းဆရပါသည်။ ဤသို့သော 'စည်းစောင့်မှု'ကြောင့်ပင် ကျည်းကန်ရှင်ကြီး အား ပို၍ လေးစားကြည်ညိုမိပါသည်။

ကျွန်တော်တို့သည် 'အတွေးအမြင်'စာအုပ်များတွင် ဆောင်းပါးများ၏ အဆုံး ကွက်လပ်ကျန်သော နေရာများ၌ အဖြူသားချည်း အလဟဿလွှတ်လိုက်မည့်အစား စာဖတ်သူတို့ မှတ်သားဖွယ်ရာ 'ဖြည့်စာ'အဖြစ် ထည့်သွင်းဖော်ပြရန် စာဟောင်း ပေဟောင်းများကို မကြာခဏလှန်လှောရှာဖွေရလေ့ရှိရာ ကျည်းကန်ရှင်ကြီး၏ စာ

www.burmeseclassic.com


များသည် အတွေးအမြင် 'ဖြည့်စာ'အတွက် လွန်စွာမှ အကျိုးပြုခဲ့ပါသည်။ အတွေးအမြင် အမှတ် ၁ နှင့် ၂ တွင် ကျည်းကန်ရှင်ကြီး၏ မေတ္တာစာကောက်နုတ်ချက် ၅ ခုကို ဖော်ပြခဲ့ရာ တစ်နေရာတွင် 'ကျည်းကန်ကိုရင်ကြီး' တစ်နေရာတွင် 'ကျည်းကန်ရှင်ကြီး'ဟူ၍ တစ်မျိုးစီ ဖော်ပြမိခဲ့၍ တောင်ကြီးမြို့နေ ဦးကြီးမောင် (ဆရာဌေးဥဒေါင်း)က စာလှမ်းရေးပြီး ဝေဖန်ခဲ့သည်ကိုလည်း ကျေးဇူးတင်စွာဖြင့် အမှတ်တရ ဖြစ်နေပါသည်။

ယခုတလောတွင်လည်း အတွေးအမြင် 'ဖြည့်စာ'အတွက် ကျည်းကန်ရှင်ကြီး၏ စာပေများကို ပြန်လည်ဖတ်ရှုရာမှ ထူးထူးခြားခြား စာတစ်ပုဒ်ကို တွေ့ရှိ၍ ဤဆောင်းပါးကို ရေးဖြစ်သွားပါသည်။

ထိုစာမှာ ကျည်းကန်ရှင်ကြီး ရေးနေကျမေတ္တာစာများနှင့် လားလားမျှမဆိုင် 'ဘိုးတော်မင်းတရားကြီး၏ အမိန့်စာ'ဟူ၏။ သို့သော် ဘိုးတော်မင်းတရားကြီး၏ အမိန့်စာ အစစ်လည်း မဟုတ်။ ဘုရင်က အမိန့်တော်ထုတ်သော် သည်ကဲ့သို့ ထုတ်လတ္တံ့ဟူ၍ အမိန့်တော်ထုတ်မည့်လက္ခဏာရိပ်ကို စိတ်ကူး၍ ရေးသည့်အမိန့်စာ ဖြစ်သောဟူ၏။

ကျည်းကန်ရှင်ကြီး၏ အဆိုပါဘုရင့်အမိန့် 'စိတ်ကူးယဉ်စာတမ်း'ဖြစ်ပေါ်လာပုံမှာ နောက်ခံဇာတ်လမ်းရှိလေသည်။

ဘိုးတော်မင်းတရားလက်ထက်တွင် 'အယူတော်မင်္ဂလာ'ဟု ထင်ရှားသော ဦးနိုးခေါ် ပညာရှိတစ်ဦးရှိသည်။ အယူတော်မင်္ဂလာသည် အတိတ်စိမ်းကောက်၍ ဟောကိန်းထုတ်သော ဗေဒင်ပညာရှိဖြစ်သည်ဟု ဆိုသည်။ ယုံတမ်းစကားဆန်ဆန် ဇာတ်လမ်းများ ပါရှိသော အယူတော်မင်္ဂလာလျှောက်ထုံးကျမ်းဟူ၍ပင် ပေါ်ပေါက်ခဲ့ဖူးသည်။

တစ်ခါသော် အဆိုပါ အယူတော်မင်္ဂလာက ဘိုးတော်မင်းတရားကြီးထံ သံတော်ဦးတင်စာ တင်သွင်းလေသည်။

ဘိုးတော်မင်းတရားကြီးထံ အယူတော်မင်္ဂလာက သံတော်ဦးတင်စာ တင်သွင်းပုံ။

ဘုရားကျွန်တော် ရာဇဂုရု မင်္ဂလာ ဆက်လျှောက်သည်ဘုရား၊ ယခုကာလတွင် ဆင်းရဲသားတို့ ဖြစ်ဟန်မှာ ကြွေးတောင်းမင်းစေကလည်း တလျှပ်လျှပ်၊ မြို့ကွပ်ကလည်း တူးခါးခါး၊ ရွာကွပ်ကလည်း တခြား၊ စားစရာကလည်း မရှိ၊ လက်ရှိဥစ္စာကလည်း ကြည့်မမြင်၊ ကိုယ်အင်္ဂါနှင့်လည်း မတန်လွန်း၊ မှုဝန်ကလည်း အထွေးထွေး၊ ပြောရမည်ကလည်း လမ်းမဆုံး၊ ပုန်းရမည်ကလည်း မလွတ်၊ ချဝတ်

ကလည်း တသွယ်၊ ယိုးမယ်၍လည်း နေရပြား၊ မင်းများကလည်း ကြေးခွဲမည် တကားကား၊ ငယ်သားများကလည်း ဘုန်းကြီးရာကို မှီမည်ကြံသောကြောင့် မင်းများကလည်း မလှန်ဝံ့အောင်ချောက်၊ ကြောက်သောအခါ အမိန့်တော်အတိုင်းလို့ သာလိုက်ရ၊ ပေးစရာကလည်းမရှိ၊ မင်းအားနှင့်ဖိ၍တောင်းသောအခါလည်းမခံ နိုင်။ ပိုင်သည့်လယ်ယာများကလည်း မအားမလပ်ပြီ၊ သူ့မြို့နှင့်အတန်သာ ကာလသို့ ရောက်ခဲ့ပြီဘုရား။

ဤသို့ အယူတော်မင်္ဂလာလျှောက်သည့်စာတမ်းကို ဘိုးတော်မင်းတရားကြီးက မည်သို့မည်ပုံ အရေးယူဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာအတိအကျ မတွေ့ရှိရသေးပါ။ သို့သော် ပေထက်အက္ခရာတင်၍ ကျန်နေရစ်သည်မှာကား ကျည်းကန်ရှင်ကြီး 'စိတ်ကူး၍ ရေးသည့်အမိန့်စာ' ဖြစ်လေသည်။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဘဝရှင်မင်းတရားကြီး ဗျာဒိတ်တော် ရှိသည်။ ငါ၏ ဝန်ရှင်တော်တို့။ အယူမင်္ဂလာသည် ငါ၏ ဆင်းရဲသားကျွန်တော်မျိုး ကိုးကွယ်မသိ ဆင်းရဲရှိချက်ကို လျှောက်ဆက် သံတော်ဦးတင်သည်မှာ ငါ၏ ရွှေလက်ထက်တော်တွင်သာ ဆင်းရဲသည်မဟုတ်၊ သမုဒ္ဒရာဇ်၊ သေဉ်လည်ကြောင်၊ ရသေ့ကြောင်၊ ကြောင်တူရာဇ်၊ ထွန်ချစ်၊ စောခင်နှစ်၊ ဒွတ္တပေါင်၊ ဒွတ္တရန်၊ သရေခေတ္တရာ ပုဂံမြင်စိုင်း စစ်ကိုင်း ပန်းယ အင်းဝမင်းအဆက်ဆက် အနမတဂ္ဂ အစမထင် သင်သရာ မပျက်မပြို မဂ်ဖိုမရသေးသမျှ ဆင်းရဲကြသည်ပင်။ ဘုရားရှင်ရှိစဉ်ကာလက စစ်ပြုကြသည့် မင်းလည်း အများဟောထားတော်မူခဲ့သည့် ဇနကမှာလည်း အရိဋ္ဌနှင့် ပေါလညီနောင် သေအောင် စစ်ထိုးကြခြင်း အထင်အရှားဖြစ်သည်။ သည်ကို ထားဦး၊ ဘုရားလောင်းပြီပြီ ပါရမီရင့်မှာ မဟောသဓာမှ ပဉ္စာလရာဇ်နှင့် စစ်ပြိုင်တော်မူသေးသည်ပင်။ သို့ဆင်ခြင်ရန် ထုံးစံအများနှင့် တရားအနေကို ခွဲဝေစီမံလျှင် နိဗ္ဗာန်မရသေးသမျှ သတ္တဝါဟူက သင်္ခါရကို ဒုက္ခချည်းသာ မြတ်စွာဘုရား ဟောတော်မူခဲ့သည်။ အထင်အမြင်၊ အရှင်ဇေကရာဇ်ကြောင့် ဆင်းရဲသည် မဆိုရာ၊ ကံသာ အမိ ဘုရားဟောရှိသည်ဟု သိမြင်သူများမှာလည်း မေတ္တာသသူသ၊ အမျှဝေသူဝေ ညောင်ရေလောင်းသူလောင်း သက်တော်ရှည်ကြောင်းကို ဆုတောင်းဆုယူကြည်ဖြူ ရွှင်လန်း ပန်းသင်ပုတ်တင် ဘုရားဝင်ကျောင်းတက် ကုသိုလ်ဆက်၍ မပျက်အောင် ရှိကြပါသည်ပင်။ သို့ကိုစဉ်လျက် ငါ့ရွှေလက်ထက်တော်တွင်သာ ဗျာပါပူထပ်မရပ် မတည် အသည်လူသူ ဆာပူလောင်လဲ ဆင်းရဲလေဘိသကဲ့သို့ ကမ္ဘာကြေ၍ ဥဒါန်းမကျေရှိအောင် ကြံဆောင်စီကုံး၍ ရွှေနှလုံးတော်အနေနှင့် မလျော်အောင် မတော်သော စကားဖြင့် လျှောက်ထားတင်ဆက်သူဖြစ်သည်။ ပြည်သူ

ပြည်သား စိတ်များစဖွယ် ပရိယာယ်ဆိုနိုင်သူဖြစ်ကြောင်းနှင့် မောင်းကြော်ပြီလျှင် ငါ၏နိုင်ငံတော်နှင့် မတန်မရာ မင်္ဂလာကို အညာတတန်းမှာ ရဟန်းပြုနေစေ။ အမိန့်တော်။

ယခုဖော်ပြခဲ့သော 'စိတ်ကူးယဉ်အမိန့်စာ'သည် ကျည်းကန်ရှင်ကြီး၏ စာစုများအနက် ထူးခြားသော စာတစ်ပုဒ်ဖြစ်သည်။ ကျွန်တော်၏အမြင်ကို ပြောရလျှင် ကျည်းကန်ရှင်ကြီး၏ ပြောင်မြောက်လှသော သရော်စာတစ်ပုဒ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ပညာရှင်များ ညှိနှိုင်းကြပါကုန်။

အတွေးအမြင် စာစဉ် ၁၄၊ ဇွန် ၁၉၈၆။

www.burmeseclassic.com

## အကန့်အသတ်ကို သိပါ

စာရေးဆရာကြီး သခင်ဘသောင်းသည် 'သခင်အစ ဘသောင်းက'ဟု ဥဒါန်းတွင်ရစ်အောင် 'တို့ဗမာအစည်းအရုံး'ကို စတင်တည်ထောင်ကာ သခင်အမည်ကို ဦးစွာ ခံယူခဲ့သူဖြစ်သည်။သခင်ဘသောင်း၏ အတ္ထုပ္ပတ္တိကို စနစ်တကျ သုတေသနပြု၍ ရေးသားကြမည်ဆိုလျှင် နောင်လာနောက်သားတို့အတွက် အဖိုးတန်လှသော သမိုင်းမှတ်တမ်း ဖြစ်လာဖွယ် ရှိပါသည်။ ဤဆောင်းပါးမှာ သခင်ဘသောင်း၏ အတ္ထုပ္ပတ္တိနှင့် မသက်ဆိုင်ပါ။ ဆရာကြီးသခင်ဘသောင်း အမှတ်မထင်ပြောခဲ့ဖူးသော အဆိုအမိန့်တစ်ခုနှင့် ဆက်စပ်၍ အတွေးဋ္ဌီကာချဲ့ခြင်းများ ဖြစ်ပါသည်။

ဆရာကြီးသခင်ဘသောင်း(၁၉၀၉–၀၉၈၁)သည် အသက် ရ၀ကျော် ကွယ်လွန်အချိန်အထိ အရက်သောက်သွားပါသည်။ အရက်သောက်ရာတွင် ဆရာကြီးသည် ဘယ်တော့မှ အလွန်အကျွံ ဣန္ဒြေပျက်ခဲ့ဖူးခြင်း မရှိကြောင်း မှတ်သားရပါသည်။ အရက်ဝိုင်းအချို့တွင် ဆရာကြီးပြောလေ့ရှိသည်မှာ "ဟေ့... ဖီလော်ဆော်ဖီမှာ နိုးသိုင်ဆဲ့လ်ဖ်(Know Thyself)ကိုယ့်ကိုယ်ကို သိပါ ဆိုတဲ့ဆောင်ပုဒ်ကို ကြားဖူးကြတယ်မဟုတ်လား။ အေး ဆရာကလည်း အရက်သောက်တဲ့နေရာမှာ ဘယ်သူမဆို နိုးသိုင်လစ်မစ်(Know Thylimit) ကိုယ့်အကန့်အသတ် ကိုယ်သိပါ။ အရက်စကားနဲ့ပြောရင် ကိုယ့်ရေချိန်ကိုယ်သိပါလို့ပဲ ဆုံးမချင်တယ်။ ကိုယ့်ရေချိန်နဲ့ ကိုယ်မှန်မှန်သောက်ရင် အရက်ကြောင့် ဒုက္ခမရောက်ဘူးကွ။ အရက်ကိစ္စမှာတွင် မဟုတ်သေးဘူး။ တခြားကိစ္စတွေမှာလည်း ကိုယ့်အကန့်အသတ် ကိုယ်သိပြီး ကိုယ့်အတိုင်းအဆနဲ့ ကိုယ်နေတတ်ရင် ကိုယ်လည်း ဒုက္ခမရောက်ဘူး။ ကိုယ့်ကြောင့် သူတစ်ပါးလည်း ဒုက္ခမဖြစ်ဘူး။

'ကိုယ့်အကန့်အသတ်ကိုယ်သိပါ။ ကိုယ့်ရေချိန်ကိုယ်သိပါ'တဲ့။ ဆရာကြီးသခင်ဘသောင်း၏ စကား။ မှန်းလိုက်သည့်ဖြစ်ခြင်း။ စေ့စေ့တွေးလေ၊ မှန်လိုက်လေဟု ကျွန်တော် နှစ်နှစ်ကာကာ ဘဝင်ကျစွာ ထောက်ခံမိပါ၏။

အကန့်အသတ်အကြောင်း၊ ရေချိန်အကြောင်းကို ကျွန်တော် ဋ္ဌီကာမချဲ့လိုပါ။

www.burmeseclassic.com


နားလည်နိုင်ကြမည်ထင်ပါသည်။ လူတိုင်းတွင် အကန့်အသတ်ရှိကြောင်းကိုသာ ဆက်ပြောလိုပါသည်။ ဆိုလိုသည်မှာ ဗုဒ္ဓဘုရားရှင်ကဲ့သို့သော မဟာလူသားသာလျှင် ဘုန်းတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ ရှိနိုင်ပါသည်။ သာမန် လူသားဟူသမျှသည် ဘုန်း၊ ကံ၊ ဉာဏ်စသည်တို့၌ သူ့အတိုင်းအတာနှင့်သူသာ ရှိမည်ဖြစ်ပါသည်။

လူထဲကလူအချင်းချင်းပင် ဖြစ်လင့်ကစား လူတိုင်းသည် ဘုန်း၊ ကံ၊ ဉာဏ်တန်းတူချည်းတော့ မဖြစ်နိုင်ပါ။ လက်အတိုအရှည်ရှိသလို လူတွင် အရည်အချင်း အကန့်အသတ် အသီးသီး ရှိကြသည်မှာ ဓမ္မတာတရားပင်ဖြစ်သည်။ အလွယ်ဥပမာ ပေးရလျှင် လေးပစ်ကျွမ်းကျင်သူနှင့် သေနတ်ပစ်ကျွမ်းကျင်သူဟူ၍ ရှိသည်ဆိုပါစို့။ ပစ်ခတ်မှုကိစ္စချင်း တူသော်လည်း ကိုင်ဆောင်နိုင်သော လက်နက်အကန့်အသတ်ချင်း မတူပါ။ ကျွမ်းကျင်မှု အကန့်အသတ်ချင်း မတူပါ။ လေးသမားက ကိုယ့်အကန့်အသတ် ကိုယ်မသိဘဲ သေနတ်သမားကို စိန်ခေါ်မိပါက သေနတ်ဖျားတွင် ကားခနဲ ဖြစ်သွားဖို့သာ ရှိပါ၏။

အလားတူပင် ခုနစ်တန်းပညာမျှတတ်သူက သင်္ချာအဓိကဖြင့် ဘွဲ့ရထားသူကို သင်္ချာပြိုင်တွက်လျှင် အရှုံးရလဒ်ထွက်ဖို့သာ ရှိပါ၏။ ကာယလုပ်သား တစ်ယောက်က ဉာဏလုပ်သားတစ်ယောက်နှင့် ယှဉ်ပြိုင်၍ ပညာရပ်ဆိုင်ရာ အလုပ်မျိုးကို လုပ်လျှင် အနိုင်မရနိုင်သလို ကာယဗလမရှိသော ဉာဏလုပ်သားလူဗလံ တစ်ယောက် ဆန်အိတ်ဝင်ထမ်းဖို့ ကြိုးစားလျှင် အရှက်တကွဲဖြစ်မည်မှာ သေချာပါ၏။ ကျွမ်းကျင်မှုနယ်ပယ်ချင်းတူစေကာမူ ဖလိုင်းဝိတ်တန်း လက်ဝှေ့သမားတစ်ယောက်က ဟဲဗီးဝိတ်တန်းသို့ တက်ထိုးလျှင်လည်း နှာနှပ်၍ ထမ်းထုတ်ခံရဖို့သာ ရှိပါလိမ့်မည်။

မည်သို့ရှိစေ လူဆိုသည်မှာ ကိုယ့်အကန့်အသတ်ကို ပိုတွက်လေ့ရှိသူသာများ ပါသည်။ မိမိတွင်ရှိသော အရည်အချင်းထက် ပို၍ ကိုယ့်ကိုယ်ကို ထင်တလုံး ဖြစ်နေခြင်းသည် လူအများစု၏ သဘာဝပင် ဖြစ်ပါသည်။

အထူးသဖြင့် အကြောင်းအားလျော်စွာ 'စိုင်ကော်၍ ချုံပေါ်ရောက်'ဆိုဘိသကဲ့သို့ ကြီးပွားလာသူများတွင် ကိုယ့်'အကန့်အသတ်'ကို ကိုယ်မေ့လျော့နေမှုများ၊ တမင်မသိ ကျိုးကျွံပြုမှုများ ပို၍ ရှိတတ်သည်။ ကျွန်တော်သိကျွမ်းဖူးသူတစ်ယောက်သည် ရန်ကုန်သို့ ရောက်စက လမ်းဘေးထမင်းဆိုင် စားပွဲထိုးဘဝဖြင့် ရုန်းကန်ခဲ့ရသည်။ ထိုမှတစ်ဆင့်ပြီး တစ်ဆင့် မသမာအရောင်းအဝယ်လုပ်ကိုင်ရင်း ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်တိုက်နှင့် နေနိုင်သည့်အခြေအနေအထိ ကြီးပွားသွားသည်။ သူသည် ကိုယ့်လက်မှတ် ကိုယ်ထိုးနိုင်ရုံသာသာမျှ ပညာတတ်သည်။ လျှောက်လွှာ

တစ်စောင်ကိုပင် ကိုယ်တိုင်ဖြောင့်အောင် မရေးတတ်။ သို့သော် သူသည် ဥပဒေနှင့် မလွတ်ကင်းတာ အပါအဝင် ငွေရပေါက် ရလမ်းဆိုလျှင် လက်ရဲဇက်ရဲလုပ်ရဲသည်။ ထို့ကြောင့် ဆယ်နှစ်အတွင်း သူဌေးဟု အခေါ်ခံရသည့်ဘဝ ရောက်သွားခြင်း ဖြစ်သည်။

သူဌေးဖြစ်သွားသောအခါ သူဘာတွေလုပ်သနည်း။ ထုံးစံအတိုင်း မယားငယ်တွေယူသည်။ နာမည်ကြီးစားသောက်ဆိုင်တွေမှာ ဝိုင်းဖွဲ့စားသောက်သည်။ ထိုမှ တစ်ဆင့်တက်၍ ထင်ရှားကျော်ကြားသော တိုင်းသိပြည်သိ အနုပညာသည် စသော ပုဂ္ဂိုလ်တွေနှင့် သိကျွမ်းအောင် ကြိုးစားသည်။ ရေကူးကလပ်ဝင်၊ မြင်းစီးအသင်းဝင်၊ ကားအလဲလဲစီး စသည်ဖြင့် ထိုသူတွေကြားမှာ လူရာဝင်မည်ဟု သူထင်သော အလုပ်တွေကို လိုက်လုပ်သည်။

ထိုအခါ သူသွား၍ရောသော လူတွေက သူ့ကို မည်သို့သဘောထားကြမည် ထင်သနည်း။ လူပေါတစ်ယောက်အဖြစ်သာ လက်ခံကြသည်။ သူ့ကို အရေးတယူ ဆက်ဆံသူများကိုလည်း ကပ်ပါးယပ်စားများအဖြစ် ရှုမြင်ကြသည်။ သူ၏ အကန့်အသတ်မှာ 'ပညာမဲ့ ခေတ်ပျက်သူဌေး'အဆင့်၌သာ ရှိသည်။ ငွေပေါတိုင်း လူရာမဝင်နိုင်ဟူသော အကန့်အသတ်သဘောကို သူနားမလည်ရှာ၍ လူပေါဖြစ်ရခြင်းပင်။ နောက်ဆုံးတွင် အကန့်အသတ်ဘောင်ကျော်သည်ထက် ကျော်သွားပြီး စီးပွားရေးပစ်မှုတစ်မှုဖြင့် ထောင်ကျခဲ့ရလေသည်။

ဤကား သာမန်လူတစ်ဦး၏ အကန့်အသတ်ဘောင်ကျော်မှုကြောင့် ဒုက္ခရောက်ရသော သင်ခန်းစာဇာတ်လမ်း တစ်ခုဖြစ်သည်။

သာမန်လူမဟုတ်သော လူထူးလူချွန်များ အကန့်အသတ်ဘောင်ကျော်သွားလျှင်ကား ကာယကံရှင်တစ်ဦးချင်းသာမက ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းပါ ဒုက္ခသုက္ခများ ကြုံတွေ့ရတတ်ပါသည်။ ထူးချွန်ထက်မြက်သူများသည် မိမိ၏ ထူးချွန်ထက်မြက်မှု အကန့်အသတ်အတွင်း ပြုမူဆောင်ရွက်သမျှကာလပတ်လုံး အတ္တပရ အကျိုးစီးပွားကို ဖြစ်ထွန်းစေပါသည်။ ထို့ထက်လွန်ကဲပြီး မိမိကိုယ်မိမိ 'လူ့အထက်က လူ'ဟု သွေးနားထင် ရောက်ကာ ထင်မိထင်ရာ ပြုလာပြီဆိုလျှင် ပြုသူလည်းပျက်စီး၊ ပတ်ဝန်းကျင်လည်း နစ်နာရတတ်ပါသည်။ ဥပမာ ဒုတိယကမ္ဘာစစ်ကြိုကာလနှင့် စစ်အတွင်းက အီတလီနိုင်ငံမှ မူဆိုလီနီ၊ ဂျာမနီနိုင်ငံမှ ဟစ်တလာတို့သည် သူတို့ကိုယ်သူတို့ မဟာလူသားများဟု အထင်ရောက်ခဲ့သည်။ သူတို့၏ နောက်လိုက်များကလည်း 'အရှူးဘုံမြှောက်'ဆိုရမည်ကဲ့သို့ သူတို့အာ ဘုံမြှောက်ပေးခဲ့ကြသည်။ 'မူဆိုလီနီသည် အမြဲမှန်ကန်၏'**(Mousolini is always right)** ဟူသော ကြွေးကြော်သံ

ဆောင်ပုဒ်ကို အီတလီတစ်ပြည်လုံး ပျံ့နှံ့စေခဲ့၏။ 'ဟိုင်း…ဟစ်တလာ'ဟု ဂျာမန်နာဇီတွေက ခေါင်းဆောင်ကြီးကို ဘုံမြှောက်ခဲ့ကြ၏။ နောက်ဆုံးတော့ ဘာဖြစ်သနည်း မူဆိုလီနီကို ပြည်သူတွေက လမ်းလယ်ကောင်၌ ကြိုးပေးသတ်လိုက်ကြ၏။ ဟစ်တလာမှာ ပုန်းကျင်းထဲ၌ ကိုယ့်ကိုယ်ကို သတ်သေသွား ရ၏။ မူဆိုလီနီနှင့် ဟစ်တလာတို့သည် ဘုန်းကံအကန့်အသတ်အလျောက်သာ တန်ခိုးထွားနိုင်ခဲ့ကြသည်။ သူတို့သည် လူမသေခင်ကတည်းက နာမည်သေခဲ့ကြသည်။ သေပြီးတော့လည်း ကမ္ဘာ့သမိုင်းတွင် စစ်ရာဇဝတ်ကောင်များအဖြစ် နာမည်ဆိုးကြီးများ ကျန်ရစ်ခဲ့သည်။

ယခုတင်ပြခဲ့သော ဥပမာနှစ်ရပ်တွင် ခေတ်ပျက်သူဌေးသည် သူ့အကန့်အသတ် သူမသိ။ ဘောင်ကျော်လွန်းတော့ ဒုက္ခရောက်ရ၏။ သို့သော် သူသွားရောသော ပတ်ဝန်းကျင်က သူ့အကန့်အသတ်ကို ပိုင်းဖြတ်သတ်မှတ်ကာ ထိုက်တန်သလိုသာ ဆက်ဆံခဲ့ကြသည်။ သို့ဖြစ်၍ ထိုပတ်ဝန်းကျင်သည် သူ့ကြောင့် တစ်စုံတစ်ရာမျှ မနစ်နာခဲ့။

မူဆိုလီနီနှင့် ဟစ်တလာတို့သည်ကား အကန့်အသတ်ကို ပိုတွက်၍ 'လူ့အထက်က လူ'ဟုကိုယ့်ကိုယ်ကို ထင်ခဲ့ကြ၏။ သူတို့၏ နောက်လိုက်များကလည်း ဘုံမြှောက်ခဲ့ကြ၏။ ထို့ကြောင့် သူတို့လည်း ပျက်စီး၊ လူ့အဖွဲ့အစည်းသည်လည်း အနစ်နာကြီး နစ်နာခဲ့ရသည်။

ဤသို့လျှင် အတွေးငှိုကာချဲ့မိသောအခါ ဆရာကြီးသခင်ဘသောင်း၏ ဆုံးမ စကား (ကိုယ့်အကန့်အသတ်ကို ကိုယ်သိပါ)တွင် (သူတစ်ပါးအကန့်အသတ်ကိုလည်း သိပါစေ)ဟု ကျွန်တော့်ဘာသာကျွန်တော်နောက်တိုးဆောင်ပုဒ်အဖြစ် နှလုံးသွင်းထားလိုက်ပါသည်။

အတွေးအမြင် စာစဉ် ၁၆၊ စက်တင်ဘာ ၁၉၈၆။

www.burmeseclassic.com

## ကြားယောင်မြင်ယောင်

ပြီးခဲ့သော ခရစ္စမတ်နေ့က ပဲခူးမြို့သို့ ကိစ္စတစ်ခုဖြင့် နေ့ချင်းပြန်ခရီးသွားခဲ့သည်။ ပဲခူးတိုင်း မြို့နယ်သမဝါယမအသင်းစုမှ ပြေးဆွဲနေသော ဉဿာဒင်္ဂံ ဟီးနိုးဘတ်စ်ကားကို စီးရသည်။ နံနက်ပိုင်း ရန်ကုန်မှအသွားတွင် ထိုင်ခုံလက်မှတ်ရ၍ အဆင်ပြေသော်လည်း မွန်းလွဲပိုင်း ပဲခူးမှအပြန်ခရီးတွင် ထိုင်ခုံလက်မှတ်မရပါ။ ကြားခုံခေါ် ထိုင်ခုံတန်းများအကြားရှိ လူသွားလမ်း၌ ချပေးသော ခွေးခြေခုံကလေးပေါ်၌ ထိုင်လိုက်ရသည်။ ခြေဆန့်လက်ဆန့်၍ မရ၊ ကျောမှီ၍မရ၊ ပင်ပန်းလှပါသည်။

ကျွန်တော်က ကိုယ့်ကိုယ်ကိုပင်ပန်းလှသည်ထင်မိသော်လည်း မြို့မှအထွက်များမကြာမီ ကျွန်တော့်ထက်ဆိုးသူများစွာကို တွေ့ရတော့သည်။ လမ်းခုလတ်မှ တက်ရသူများမှာ ထိုင်စရာနတ္ထိ။ တစ်လမ်းလုံး မတ်တတ်ရပ်၍ လိုက်ကြရသည်။ မြို့မှအထွက် ငါးမိုင်ခန့်တစ်နေရာတွင် အဘွားအိုတစ်ဦးနှင့် ကျောင်းသားအရွယ်သူငယ်တစ်ဦး တက်လာသည်။ အဘွားအိုမှာ ဒယိမ်းဒယိုင်နှင့် ဖြစ်နေသည်။ ရှေ့နားက နှစ်ယောက်ထိုင် ထိုင်ခုံတွင် မိန်းမတစ်ယောက်နှင့် လေးနှစ်သားအရွယ်ကလေးတစ်ယောက်ရှိသည်။ အဘွားအိုနှင့် ပါလာသော သူငယ်က 'အဘွား ဒီခုံအစွန်းမှာ ကပ်ထိုင်ပါလား'ဟု ပြော၍ ထိုင်ခိုင်းသည်။ ထိုင်ခုံရှိ မိန်းမက ခုံအစွန်းသို့ တင်ပါးကို ရွှေ့၍ထိုင်သည်။ အဘွားအိုက အစွန်းတွင် ထိုင်မည်ပြုသောအခါ တည်းတည်းကလေးပင် ထိုင်ချ၍မရ။ မကုန်းမကွ ဖြစ်နေတော့သည်။ သူငယ်ကလေးက သူ့အဘွားကို မှီတွဲရင်း "အန်တီရယ် ဟိုဘက်မှာ အကျယ်ကြီးပါ။ နည်းနည်းကလေး တိုးပေးပါလား။ သိပ်မကြာပါဘူး။ လှည်းကူးမှာ ဆင်းမှာပါ"ဟု တောင်းပန်သည်။ ထိုမိန်းမက မကြားဟန်ဆောင်နေသည်။

ထိုအချိန်တွင် ရှေ့နား၌ မတ်တတ်ရပ်နေသည့် လူအချို့၏ အကြားထူးခြားသော မြင်ကွင်းတစ်ခုကို ကျွန်တော်လှမ်းမြင်လိုက်ရသည်။ ထိုမိန်းမ၏ ထိုင်ခုံနှင့် မျက်နှာချင်းဆိုင်ရှိ ခုံတန်းကလေးတစ်ခုပေါ်မှ နိုင်ငံခြားသားစုံတွဲက သူတို့ခုံအစွန်းတွင် အဘွားအိုကို ထိုင်ရန် နေရာပေးခြင်းဖြစ်သည်။ စင်စစ် ထိုနေရာ

တွင် ပုံမှန်အားဖြင့် ထိုင်ခုံမရှိ။ ယာဉ်မောင်း၏ ကျောနောက်မှီကို ကျောပေးထား သောနေရာဖြစ်သည်။ အရေးပေါ် ခုံတန်းကလေး ထိုးပေးလိုက်ဟန်တူသည်။ သို့သော် ခုံတန်းကလေးမှာ ပုံမှန် နှစ်ယောက်ခုံလောက် မရှိ၍ နိုင်ငံခြားသား စုံတွဲ သည်ပင် ကျပ်ကျပ်သိပ်သိပ် ထိုင်နေရသည်။ သို့သော် သူတို့နှစ်ယောက်မှာ ခပ် ပိန်ပိန်ဖြစ်၍ နှစ်ယောက်စလုံး ကိုယ်ကို ကျုံ့ပေးလိုက်သောအခါ အဘွားအိုတင်ပါး စွန်းတင်၍ ထိုင်ဖြစ်သွားသည်။ ကျွန်တော်သည် ကလေးနှင့် မိန်းမကို နောက်က လှမ်းကြည့်မိသည်။ နားနှစ်ဖက်တွင် စိန်နားကပ်တလက်လက်ကို မြင်လိုက်ရ၏။

နိုင်ငံခြားသားစုံတွဲမှာ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ သူတို့သည် မျက်နှာဖြူများမဟုတ်။ ဂျပန်လား ကိုရီးယားလား တစ်မျိုးမျိုး ဖြစ်မည်။ ဝတ်ဆင်ထား သည်ကတော့ မြင်နေကျ 'တိုးရစ်စ်'များ၏ ပုံစံအတိုင်းပင်။ ဂျင်းဘောင်းဘီ ညစ် ထေးထေး၊ စွပ်ကျယ်ညစ်ထေးထေး။ (အမျိုးသမီးကလည်း စွပ်ကျယ်နှင့်ပင်) အရွယ်မှာ အသက် ၂၅–၃၀ခန့် ရှိမည်။ အမျိုးသား၏ခေါင်းတွင် 'ယူစီအယ်လ်အေ'စာတန်း ရေးထားသော အဝတ်ဦးထုပ်ပျော့ကလေး ဆောင်းထားရာ ယူနီဗာစီတီအော့ဖ် ကာလီဖိုးနီးယား။ (လော့စ် အိန်ဂျလိမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်)ကျောင်းထွက် ဖြစ်ကောင်း ဖြစ်နိုင်သည်။ သူ့လက်ထဲတွင် 'ထိုင်းလင်းနှင့်မြန်မာ'ဟူသော ခေါင်း စီးမျက်နှာဖုံးနှင့် ရုပ်စုံစာအုပ်ကိုင်ထားသည်။ ကမ္ဘာလှည့်ခရီးသည် လမ်းညွှန်စာအုပ် တစ်အုပ်ဖြစ်သည်။ အဝတ်အဆင် ညစ်ထေးသော်လည်း ပညာတတ်ရုပ်လက္ခဏာ ပေါ်လွင်သည်။ အမျိုးသမီးကလေးမှာ ပို၍ သနားကမား ပုံပန်းရှိသည်။ ပေါင်ပေါ် တွင် အိတ်ကလေးတစ်အိတ်သာ တင်ထားသည်။ ပြတင်းပေါက်မှ မြင်ရသော ရှုခင်းများကို ငေးမော၍သာ လိုက်ပါလာသည်။

လှည်းကူးတွင် အဘွားအိုနှင့် သူငယ်ကလေးဆင်းသွားသည်။ မတ်တတ် ရပ်နေသူများ ရှိသေးသော်လည်း ယောကျ်ားများချည်းဖြစ်၍ နိုင်ငံခြားသားစုံတွဲ၏ ခုံအစွန်းတွင် ဝင်မထိုင်ကြ။ ထိုအခါမှ အမျိုးသားက စာအုပ်ကို ဖွင့်၍ အေးအေး ဆေးဆေး ဖတ်နေသည်။

အတန်ကြာသော် သူတို့နားဆီမှ လူပ်လူပ်ရှားရှား အသံကြား၍ လှမ်းကြည့်မိ သည်။ နိုင်ငံခြားသားအမျိုးသမီးကလေးက ပေါင်ပေါ်ရှိ အိတ်ထဲမှ ပလတ်စတစ် အိတ်ငယ် တစ်အိတ်ကို ထုတ်ယူပြီးရှေ့မှ ကလေး၏ ပါးစပ်အောက်သို့ တေ့ပေးနေ သည်ကို တွေ့ရသည်။ ကလေးမှာ ကားမူး၍ အန်ခြင်း ဖြစ်သည်။ ကလေးမိခင်မှာ ပျာပျာသလဲဖြင့် ကျောကို ဖိပေးနေသည်။ ကလေး ပါးစပ်၊ မေးစေ့နှင့် လည်ပင်း များတွင် အန်ဖတ်များ စီးကျနေသည်။ အန်ပြီးသွားသော် ကလေးမိခင်က ပလတ်

www.burmeseclassic.com

စတစ်အိတ်ကို နိုင်ငံခြားသူကလေး၏ လက်မှ လှမ်းယူ၍ အိတ်၏ အပေါ်ပိုင်းဖြင့် ကလေးပါးစပ်ကို သုတ်ပေးသည်။ ပြီးလျှင် အိတ်ကို ပြတင်းပေါက်မှ အပြင်သို့ လွှတ်ချလိုက်သည်။ ကလေး၏ပါးစပ်တစ်ဝိုက်မှာ အန်ဖတ်အစများ ရှိနေဆဲပင်။ ထိုအခါ နိုင်ငံခြားသူကလေး၏အဖော် အမျိုးသားက သူ့အိတ်ထဲမှ မွေးပွလက်ကိုင်ပဝါ ကလေးထုတ်၍ ကလေး၏ပါးစပ်၊ မေးစေ့ စသည်များကို သုတ်သင်ပေးလေသည်။ ကျွန်တော်သည် မြင်ကွင်းကို ကြည့်၍ ကြည်နူးဝမ်းမြောက်ခြင်း ဖြစ်မိပါသည်။

ကျွန်တော်စိတ်ဝင်စားသွားပါပြီ။ သူတို့ဘာလူမျိုးပါလိမ့်။ ဂျပန်နှင့် ကိုရီးယား တစ်မျိုးမျိုး ဖြစ်မည်ဟုတော့ ထင်သည်။ ဘာပဲဖြစ်ဖြစ် သူတို့တစ်တွေသည် အာရှ တိုက်သားများပီပီ သူတစ်ပါးအား ရိုင်းပင်းကူညီလိုသော စေတနာရှိကြသူများပေ တကားဟု မှတ်မိဘာပွားနေမိသည်။

ခဏအကြာတွင် အမျိုးသမီးက အိတ်ထဲမှ လိမ္မော်သီးတစ်လုံး ထုတ်သည်။ အခွံနွှာသည်။ ထက်ဝက်ကို ရှေ့ရှိကလေးကို ပေးသည်။ ကလေးကမယူ။ တွင်တွင်သာ ခေါင်းယမ်းပြသည်။ မိခင်ကို ခြေဟန်လက်ဟန်ဖြင့် ပေးခိုင်းပြန်သည်။ မိခင်ကလည်း တွင်တွင်သာ ခေါင်းယမ်းပြ၏။ သို့ဖြင့် သူ့ဘာသာသူပဲ စားနေသည်။ အခွံများကို လက်ထဲ၌ ကိုင်ထားသည်။ ထိုအချိန်တွင် ကားမှာ ထောက်ကြံ့မြို့အထွက် လုံခြုံရေး ဂိတ်သို့ ရောက်လာပြီဖြစ်သည်။ ကျွန်တော်သည် ထိုမိန်းကလေး၏ လက်ထဲမှ လိမ္မော်ခွံများကို လှမ်းကြည့်ရင်း မဆီမဆိုင် တွေးပူနေမိသည်။ ထောက်ကြံ့ဂိတ်ရှိ ရဲဘော်များသည် အလွန်စည်းကမ်းကြီးသည်။ သူတို့ဂိတ်အဝင်အထွက် ကားလမ်း တစ်ခုလုံးကို အမှိုက်တစ်စ မရှိအောင် ရှင်းလင်းထားသည်။ ခရီးသွား ကားများပေါ်မှ မြေပဲခွံများ၊ စက္ကူစုတ်များ ပစ်ချလျှင် ကားကို ရပ်ခိုင်းပြီး ဆင်းကောက်ခိုင်းသည်ဟု သတင်းကြီးသည်။ ထို့ကြောင့် ကျွန်တော့်မှာ နိုင်ငံခြားသူကလေးကများ သူ့လက်ထဲက လိမ္မော်ခွံတွေကို သည်နေရာတွင် ပစ်ချလိုက်မှဖြင့် ခက်တော့မှာပဲဟု ကြားထဲက ကြောင့်ကြမိနေခြင်း ဖြစ်သည်။

သို့သော် သူကလေးသည် လိမ္မော်ခွံကို ပစ်ချဖို့ဝေးစွ၊ ပါးစပ်ထဲ မြုံ့ပြီး ကျန်ရှိသော လိမ္မော်စေ့များကိုပင် လက်ထဲရှိ လိမ္မော်ခွံပက်လက်ထဲသို့ တစ်စေ့ချင်း ထည့်နေသည်ကို တွေ့ရသည်။ လိမ္မော်သီးကုန်သွားပြီး ခဏအကြာတွင် အမျိုးသမီး ကလေးသည် စီးကရက်ထုတ်သောက်၏။ နိုင်ငံခြားဖြစ် ယမ်းကပ်မီးခြစ်ကလေးကို ဖစ်၍ မီးညှိပြီး မီးခြစ်ဆံကို လိမ္မော်ခွံထဲသို့ပင် ထည့်သည်။ စီးကရက်ကို ကုန် အောင် မသောက်။ ထက် ဝက်သာသာမျှအကုန်တွင် လိမ္မော်ခွံထဲသို့ ထိုးချေပစ်သည်။ (လမ်းတစ်လျှောက်လုံးတွင် အမျိုးသား ဆေးလိပ်သောက်သည်ကို မတွေ့ရပေ။)

ကျွန်တော်သည် သူတို့စုံတွဲကို စိတ်ဝင်တစားဖြင့် စောင့်ကြည့်ပြီး လိုက်ပါလာခဲ့သည်။ တမင် လှည့်ကြည့်နေစရာလည်းမလို။ ရှေ့မြင်ကွင်း တည့်တည့်ဖြစ်၍လည်း ကြည့်ရှုလာနိုင်ခြင်း ဖြစ်သည်။ ထိုစဉ် 'ဥဿာ–ဒဂုံ' သည် ပြည်လမ်းမကြီးပေါ်သို့ ရောက်လာပြီး ရွှေတိဂုံစေတီတော်ကြီးကို ဖူးတွေ့နေရပြီဖြစ်သည်။ အမျိုးသားက သူ့လက်ထဲရှိ စာအုပ်တစ်နေရာကို ပြ၍ ရွှေတိဂုံစေတီတော်ကို ညွှန်ပြသည်။ အမျိုးသမီးက စာအုပ်ကို တစ်လှည့်၊ စေတီတော်ကိုတစ်လှည့် ကြည့်၍ ခေါင်းတညိတ်ညိတ်။

မြို့တွင်းသို့ ဝင်လာချိန်တွင် အမျိုးသမီးက အိတ်ထဲမှ ပလတ်စတစ်အိတ်ငယ် တစ်အိတ်ကို ထုတ်ယူပြီး လက်ထဲရှိ လိမ္မော်ခွံ၊ စီးကရက်တိုနှင့် မီးခြစ်ဆံများကို အိတ်ငယ်ထဲသို့ ထည့်လေသည်။ (ကားဂိတ်သို့ ရောက်၍ ဆင်းပြီးတော့မှ အမှိုက်ပုံးရှိရာသို့ သွား၍ စွန့်ပစ်သည်ကို တွေ့ရသည်။ အမျိုးသားကလည်း ကလေး၏ အန်ဖတ်ကြွင်းများကို သုတ်ပေးခဲ့သော လက်ကိုင်ပဝါကို အမှိုက်ပုံးထဲ စွန့်ပစ်ခဲ့လေသည်။)

ကျွန်တော်သည် သူတို့နှစ်ယောက် ဘာလူမျိုးလဲဆိုသည်ကို ပို၍ သိချင်လာသည်။ ထို့ကြောင့် ကားဂိတ်မှ သူတို့အထွက်တွင် ဖော်ရွေသော အပြုံးဖြင့် နှုတ်ဆက်ပြီး "ဘယ်နိုင်ငံကလာကြသလဲ"ဟု မေးလိုက်ပါသည်။ "ကိုရီးယား၊ အာရ်အိုကေ ကပါ"ဟု အမျိုးသားက ပြန်ဖြေသည်။ "ကျေးဇူးပါပဲ။ မြန်မာပြည်မှာ ပျော်ရွှင်ကြပါစေ"ဟု ကျွန်တော်နှုတ်ဆက်လိုက်ပါသည်။

*

အာရ်အိုကေ(ကိုရီးယားသမ္မတနိုင်ငံ)ကဆိုတော့ ခင်မင်ရင်းနှီးခဲ့ဖူးသော ဒေါက်တာယွမ်ကို သတိရမိသည်။ သူသည် မစ်ရှီဂန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပီအိပ်ချ်ဒီဘွဲ့ ရရှိသွားသူဖြစ်သည်။ သူပီအိပ်ချ်ဒီဘွဲ့ရသည့်နေ့က ကျွန်တော့်ကို နေ့လယ်စာကျွေးသည်။ ပီအိပ်ချ်ဒီဘွဲ့ရအောင် ဘယ်ရွေ့ဘယ်မျှ ကြိုးပမ်းခဲ့ရသည်ကို ဂုဏ်ယူစွာ ပြောပြသည်။

ကိုရီးယားမှ အမေရိကန်နိုင်ငံသို့ ယွမ်ထွက်လာချိန်မှာ ၁၉၇၀ပြည့်နှစ်။ ဇနီးကို ဌာနေမှာပဲ ထားခဲ့သည်။ ပီအိပ်ချ်ဒီ မရမချင်း မပြန်ဟု သန္နိဋ္ဌာန်ချခဲ့သည်။ ထိုစဉ်တုန်းက သူ့တိုင်းပြည်အခြေအနေအရ နိုင်ငံခြားငွေဒေါ်လာ ၅၀ သာ လဲခွင့်ရခဲ့သည်။ ထို ငွေ ၅၀ ကို အိတ်ထဲထည့်၍ အမေရိကန်သို့ လာပြီး ရရာအလုပ်လုပ်၍ ပီအိပ်ချ်ဒီဘွဲ့အတွက် ကြိုးပမ်းခဲ့သည်။ ခုနစ်နှစ်အကြာ ၁၉၇၇ခုနှစ်တွင်မှ ရည်မှန်းချက်အောင်မြင်သည်။ သူ့ဇနီးသည် လိုက်လာပြီ။ သူ့ဇနီး ယခုလာသောအခါ နိုင်ငံခြားငွေ ဒေါ်လာ ၃၀၀၀ လဲလာနိုင်ခဲ့ပြီ။ မိခင်တိုင်းပြည်၏ စီးပွားရေးခုနစ်နှစ်

www.burmeseclassic.com

အတွင်း ယခုလောက် တိုးတက်လာသည်ကို ယွမ်မှာ ဝမ်းမြောက်ကြည်နူး၍ မဆုံးနိုင်တော့။

"ကျွန်တော်တို့တိုင်းပြည် ဘာကြောင့် ဒီလောက်မြန်မြန် တိုးတက်လာသလဲ သိလား။ ကျွန်တော့်ဇနီးက ပြောပြတယ်။ ကျွန်တော်တို့ လူမျိုးတွေဟာ အခု အလုပ်သိပ်ကြိုးစားကြတယ်တဲ့။ စည်းကမ်းလည်း သိပ်ရှိကြတယ်တဲ့။ စည်းကမ်းနဲ့ အလုပ်ကြိုးစားတဲ့နေရာမှာ ဂျပန်ထက်သာစေရမယ်ဆိုတဲ့ သိန္နိဋ္ဌာန်နဲ့ တစ်မျိုးသားလုံး အလုပ်ကျုံးလုပ်နေကြတာပဲတဲ့ သိလား"

ယွမ်က ဝမ်းသာအယ်လဲဖြင့် အားပါးတရ ပြောပြပါသည်။ ထို့နောက် သူနှင့် သူ့ဇနီး အမေရိကန်တစ်ခွင် ခြောက်လခန့် လည်ပတ်ဦးမည်။ ပြီးလျှင် ပြည်တော်ပြန်မည်။ ကိုရီးယားတက္ကသိုလ်တစ်ခုခုမှာ အလုပ်ပြန်လာပ်မည်ဟု ဆိုသည်။

"ခင်ဗျားဗျာ ပီအိပ်ချ်ဒီ ရထားပြီပဲ။ ဒီမှာပဲ ဆက်နေ၊ ဆက်အလုပ်လုပ်ရင် မဖြစ်ဘူးလား"ဟု ကျွန်တော်က သွေးတိုးစမ်း၍ မေးကြည့်ရာ–

"ဘာလုပ်ဖို့ ဒီမှာ ဆက်နေရမှာလဲ။ ဒီနိုင်ငံက တိုးတက်ပြီးသား။ ကျွန်တော့်လိုလူတွေကို သိပ်မလိုလားပါဘူး။ လိုတာက ကျွန်တော်တို့တိုင်းပြည်ဗျ။ ကိုယ်တိုင်းပြည် ကိုယ်ပြန်ပြီး ကိုယ့်တိုင်းပြည်အတွက် ကိုယ်လုပ်မှာပေါ့ဗျ"ဟူ၍ ပြန်ဖြေလိုက်ပါသည်။

*

ကျွန်တော်သည် မိတ်ဆွေကြီးယွမ်၏ စကားကို ပြန်လည်ကြားယောင်ရင်း ဥသာ–ဒဂုံကားပေါ်မှ ကိုရီးယားလူငယ်စုံတွဲကို မြင်ယောင်နေမိပါလေသည်။

အတွေးအမြင် စာစဉ် ၁၁၊ ဖေဖော်ဝါရီ ၁၉၈၆။

www.burmeseclassic.com

## လောဘမရှိသောလူမျိုး

ပုထုဇဉ်လူသားမှန်သမျှ လောဘ၊ ဒေါသ၊ မာန်မာနတရားများနှင့်မကင်းဟူ၍ ကျွန်တော်တို့လက်ခံ ယုံကြည်ထားကြသည်။ လောဘ၊ ဒေါသ၊ မာန်မာနတရားများ ထူပြောလွှမ်းလာ၍ အဝိဇ္ဇာပိတ်ဖုံးလာသည့်အဆုံး စစ်ပွဲများ ဖြစ်ပွားရသည်။ လူအချင်းချင်းဟူသော အဆိုးရွားဆုံး ပြစ်မှုကြီးများကို ကျူးလွန်ခဲ့ကြသည်။

သို့သော် ယနေ့ခေတ် ခေတ်သစ်ကမ္ဘာကြီးသည် အလွန်တိုးတက် ယဉ်ကျေးနေပါသည်ဟု ကျွန်တော်တို့က ကြွေးကြော်နေကြသည်။ တောကြီးမျက်မည်းထဲတွင် နေထိုင်ကြဆဲ ရှိသော ခေတ်နောက်ကျလူမျိုးနွယ်စုများကိုမူ 'လူရိုင်းများ'ဟု ကျွန်တော်တို့က ခေါ်ဝေါ်သမုတ်ကြသည်။

ယင်းသို့ ကျွန်တော်တို့က လူရိုင်းများဟု ခေါ်ဝေါ်ခြင်းခံရသူများထဲတွင် လောဘ၊ ဒေါသ၊ မာန်မာနဆိုသည်ကို နားမလည်။ စစ်ဖြစ်ဖို့ကို မဆိုထားဘိ ဒေါသဖြစ်ခြင်း၊ ရန်ဖြစ်ခြင်းဆိုးသည်ကိုပင် မသိရှာကြသော လူမျိုးစုကလေးတစ်စု ရှိခဲ့ဖူးကြောင်း ကြားရလျှင် မယုံနိုင်သူ များပေလိမ့်မည်။

မယုံမရှိပါနှင့်။ အမှန်ပင် ထိုသို့ လူမျိုးစုတစ်စု ရှိခဲ့ဖူးပါသည်။ ထိုလူမျိုးစု၏ အမည်မှာ တာဆာဒေး။ မှီတင်းနေထိုင်ရာနေရာကား ဖိလစ်ပိုင်နိုင်ငံ ပိုင်နက် မင်ဒါနာအိုကျွန်း တောင်ပိုင်းရှိ တောင်ပေါ်ဒေသ တစ်နေရာဖြစ်သည်။ အဆိုပါ တာဆာဒေးလူမျိုးတို့သည် အဘယ်မျှ ခေတ်နောက်ကျသနည်း။ (တစ်နည်းအားဖြင့်) အဘယ်မျှ 'ရိုင်း'သနည်းဆိုသော် မနုဿဗေဒပညာရှင်များက 'ကျောက်ခေတ်လူသား အကြွင်းအကျန်များ'ဟု သတ်မှတ်ခဲ့ကြရသော လူမျိုးများဖြစ်သည်။

'တာဆာဒေး'ခေါ် ကျောက်ခေတ်ဂူအောင်းလူသား မျိုးနွယ်စုတစ်စု ရှိနေကြောင်းကို ၁၉၇၁ခု ဇွန်လတွင် မုဆိုးတစ်ဦးက စတင်တွေ့ရှိခဲ့သည်။ သို့ဖြစ်၍ ကျောက်ခေတ် လူသားအကြွင်းအကျန်အချို့ (၂၄ဦးမျှ)အား ဖိလစ်ပိုင်ကျွန်းတစ်ကျွန်းပေါ်၌ တွေ့ရှိကြောင်း သတင်းတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ရာ ကမ္ဘာ့သတင်းဌာနများက ကြေးနန်းသတင်းတစ်ပုဒ်အဖြစ် ဖော်ပြခဲ့ကြသည်။ ထိုအခါ မနုဿဗေဒ ပညာရှင်

အသိုင်းအဝန်းအချို့က လွဲ၍ ထူးထူးခြားခြား စိတ်ဝင်စားသူမရှိကြ။ ထူးဆန်းအံ့သြဖွယ် သတင်းကလေးတစ်ပုဒ်အဖြစ် သာမန်မျှသာ မှတ်သားမိလိုက်ကြသည်။

မနုဿဗေဒပညာရှင်များကမူ အထူး ရှားရှားပါးပါး တွေ့ရှိခဲ့ရသော ဂူအောင်း ကျောက်ခေတ်လူသားစစ်စစ်များအား ဆက်လက်၍ အသေးစိတ် သုတေသနပြုခဲ့ကြလေသည်။

ဖိလစ်ပိုင်နိုင်ငံသမ္မတ မားကို့စ်က တာဆာဒေး လူမျိုးများအတွက် ထိုကျွန်းပေါ်မှာပင် ဧက ၄၆၀၀၀ ကျယ်ဝန်းသော မြေနေရာကြီးတစ်ခု သတ်မှတ်ပေး၍ (ပြင်ပ 'လူယဉ်ကျေးများ'အဝင်အထွက်မရှိစေဘဲ) သူတို့၏ ဓလေ့ထုံးစံအတိုင်း လွတ်လပ်စွာ နေထိုင်စေသည်။ ထိုသို့ သဘာဝအတိုင်း တာဆာဒေးတို့၏ နေထိုင်ပုံများကို သမ္မတက အထူးတာဝန်ပေးသော ပညာရှင် မင်နူအယ်အယ်လီဇာဒီ ဆိုသူ ဦးဆောင်သော အဖွဲ့က တစ်နှစ်ကြာမျှ သုတေသန ပြုခဲ့သည်။ ဤအတောအတွင်း နေရှင်နယ် ဂျီအိုဂရပ်ဖစ်ခေါ် ပထဝီ မဂ္ဂဇင်းကြီးမှ အဖွဲ့တစ်ဖွဲ့ကလည်း ထိုကျွန်းသို့ အရောက်သွားကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်၍ ၁၉၇၂ခု ဩဂုတ်လ မဂ္ဂဇင်းတွင် အကျယ်တဝင့် ဖော်ပြခဲ့သည်။

ပထဝီ မဂ္ဂဇင်းကြီးတွင် ဖော်ပြထားသော ဓာတ်ပုံဆောင်းပါးမှ စိတ်ဝင်စားဖွယ် အချက်အလက်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- တာဆာဒေးတို့မှာ လူဦးရေ ၂၄ ဦးသာ ရှိသည်။ (ယောကျ်ား ၁၀ဦး၊ မိန်းမ ငါးဦး၊ ကလေး ကိုးဦး) ထိုမိန်းမငါးဦးစလုံး ခင်ပွန်းရှိကြသည်။ တစ်လင်တစ်မယား စနစ်သာရှိ၍ ကျန်ယောကျ်ားများသည် ရာသက်ပန် လူပျိုကြီးများအဖြစ် အရိုးထုတ်ကြရဖွယ် ရှိသည်။

ယောကျ်ားများသည် နေ့စဉ်အမဲလိုက်၊ ငါးဖမ်း အစာရှာထွက်ကြသည်။ မိုးမချုပ်မီ ဂူသို့ အရောက်ပြန်ကြသည်။ နေထိုင်သောဂူမှ သုံးညထက် ပို၍ ထွက်ခွာသွားခြင်း မရှိ။ စိုက်ပျိုးရေးလုပ်ငန်း မရှိ။ စိုက်ပျိုးရကောင်းမှန်းလည်း မသိ။ စိုက်ပျိုးရေးကိရိယာဟူ၍လည်း မရှိ။ အလေ့ကျပေါက်သော အပင်များမှ အသီးများကို ဆွတ်ယူ၍သာ စားသုံးကြသည်။ သူ့အလုပ်ကိုယ့်အလုပ် တာဝန်ခွဲဝေမှု မရှိ။ စီမံခန့်ခွဲသော ခေါင်းဆောင်လူကြီးဟူ၍လည်း မရှိ။ အမဲသားငါးစားစရာများကို ကိုယ်ရှာနိုင်သလောက် ရှာဖွေယူဆောင်လာကြသည်။ ပြန်ရောက်လျှင် အားလုံးစုထားပြီး အညီအမျှ ခွဲဝေစားသောက်ကြသည်။ ရလာသော အစားအစာနည်းနေလျှင် ကလေးများကို ဝအောင် အလျှင်စားစေပြီး ကျန်သမျှကိုသာ လူကြီးတွေက စားကြသည်။

တာဆာဒေးတို့တွင် ကိုယ်ပိုင်ပစ္စည်းဟူ၍ သတ်မှတ်ထားခြင်း မရှိ။ ကျောက်ပုဆိန်များ၊ ကျောက်ဓားများကို စုပုံ၍ ထားရှိသည်။ လိုအပ်ချိန်တွင် လိုအပ်သူက ယူသုံးနိုင်သည်။ (တစ်ခါသော် သုတေသနအဖွဲ့က တာဆာဒေးယောက်ျားများအား ဓားများ လက်ဆောင်ပေးရာ ကိုယ်စီကိုယ်ငှ ဓားတစ်ချောင်းစီ ရရှိပြီးနောက် ဓားတစ်ချောင်း ပိုနေသည်။ ထိုပိုနေသော ဓားကို ဘယ်သူမျှ မယူကြ။ "ကျုပ်တို့ တစ်ယောက်တစ်ချောင်းစီ ရပြီးပါပြီ"ဟု တာဆာဒေးတို့က ဆိုလေ၏။

တာဆာဒေးတို့သည် အဝတ်အထည်ရက်လုပ်မှုမရှိ။ အဝတ်လည်း မဝတ်။ သစ်ရွက်များကိုသာ အရှက်လုံရုံ ခါး၌ စည်းထားကြ၏။

ဆေးလိပ်၊ ဆေးတံ လုံးဝမသောက်ရှူကြခြင်းမှာ အထူးခြားဆုံး ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်လုံးဝမသောက်တတ်သော (တစ်နည်းအားဖြင့်) ဆေးလိပ်သောက်ရကောင်းမှန်းလည်း မသိသော လူမျိုးမှာ တာဆာဒေးတို့သာ ဖြစ်ဖွယ်ရှိသည်။

အံ့သြဖွယ်အကောင်းဆုံးမှာ တာဆာဒေးများသည် အချင်းချင်း နာကျင်အောင် ပြုခြင်း၊ တိုက်ခိုက်သတ်ပုတ်ခြင်း လုံးဝမရှိခြင်းပင်။ သူတို့တွင် ချစ်ခင်တတ်သော စိတ်သာရှိ၏။ မုန်းတီးခြင်း ဟူသော စိတ်ထား လုံးဝမရှိကြပေ။ ပြင်ပမှ သူစိမ်းများ (လေ့လာရေးအဖွဲ့)လာရောက်သောအခါ၌လည်း မယုံသင်္ကာစိတ်၊ ကြောက်စိတ်ဟူ၍လည်း မရှိ။ မျက်နှာများ ပကတိပြုံးရွှင်ကြည်လင်စွာဖြင့် ကြိုဆိုကြလေသည်။

*

သုတေသနလုပ်ငန်း တစ်နှစ်ပြည့်မြောက်သောအခါ အထူးပညာရှင်မစ္စတာ အယ်လီဇာဒီက သူ၏ လေ့လာချက်များကို ထုတ်ဖော်ကြေညာလေသည်။

၁၉၇၂ခု ဇွန်လ ၅ ရက်နေ့ ရိုက်တာကြေးနန်းသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သော အယ်လီဇာဒီ၏ သတင်းစာရှင်းလင်းပွဲမှ ပြောကြားချက်များ၌ တာဆာဒေးလူမျိုးများအကြောင်း မနုဿဗေဒဆိုင်ရာ လေ့လာချက်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ လေ့လာတွေ့ရှိချက်မှာ ပါရှိလေသည်။

မစ္စတာ အယ်လီဇာဒီပြောကြားသော 'တာဆာဒေး'များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ လေ့လာတွေ့ရှိချက်သည် ခေတ်သစ် လူ့ယဉ်ကျေးမှုများအတွက် တွေးစရာအကြောင်းများကို အစဖော်ပေးဖွယ် ရှိလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

"ကျွန်တော်တို့ တွေ့ရှိလေ့လာခဲ့တဲ့ တာဆာဒေးခေါ် ကျောက်ခေတ်ဂူအောင်း လူသားအကြွင်းအကျန်တွေဟာ အနေအထိုင် ကြမ်းတမ်းကောင်း ကြမ်းတမ်းကြပါလိမ့်မယ်။ ဒါပေမယ့် သူတို့ဟာ ယနေ့ကမ္ဘာပေါ်မှာ အသိမ်မွေ့ဆုံး လို့လည်း ပြောနိုင်ပါတယ်။

"တာဆာဒေးတွေမှာ ထူးခြားတဲ့ အမူအကျင့်တွေကို တွေ့ရတယ်။ ဒါတွေကို လေ့လာမိတဲ့အခါ အတွေးအခေါ်ဆိုင်ရာ ပြဿနာတစ်ရပ် ပေါ်လာပါတော့တယ်။ ယနေ့ ကျွန်တော်တို့ ခေတ်သစ်လူသားတွေရဲ့ ယဉ်ကျေးမှုဆိုတာကိုလည်း ဘယ်လောက်ကောင်းပါသလဲလို့ သံသယဝင်လာစရာ ဖြစ်ပါတယ်။

"တာဆာဒေးတွေဟာ တစ်ဦးနဲ့တစ်ဦး ကျူးကျော်ခြင်း၊ တိုက်ခိုက်ခြင်း လုံးဝ မရှိကြဘူး။ ကုန်ကုန်ပြောရရင် ဒေါသဖြစ်ခြင်းဆိုတာကို နားတောင် နားမလည်ရှာကြဘူး။ အထူးခြားဆုံးကတော့ လိမ်လည်ခြင်း၊ လီဆယ်ပြောဆိုခြင်း မရှိတာပဲ။ ကျွန်တော်တို့က ရာဇဝတ်မှုလို့ ခေါ်ဝေါ်တဲ့ သူတစ်ပါးကို ကျူးလွန်စော်ကားမှုလည်း လုံးဝမရှိဘူး။ တာဆာဒေးတွေမှာ ပြည့်တန်ဆာဆိုတာလည်း မရှိဘူး။

"ဒီတော့ကာ ယနေ့ ကျွန်တော်တို့ ခေတ်သစ်လူသားတွေရဲ့ ယဉ်ကျေးမှုဆိုတာ ဘယ်လိုပါလဲ။ ဘာတွေကို ယဉ်ကျေးမှုလို့ ခေါ်မလဲ။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဆိုတာတွေအတွက် ကျွန်တော်တို့ ဆုံးရှုံးရတာတွေလည်း အများကြီး ရှိနေတယ် မဟုတ်လား။ ဒီတော့ တာဆာဒေးတွေကို ကျွန်တော်တို့က လူရိုင်းတွေလို့ ခေါ်မလား။ သူတို့ကို လူရိုင်းတွေလို့ ခေါ်ရင် ယဉ်ကျေးတယ်ဆိုတာ ဘာကို ခေါ်ပါသလဲ"

ဖိလစ်ပိုင်ပညာရှင်ကြီး၏ ပြောကြားချက်များကို ကျွန်တော်ပြန်လည်ဖတ်ရှုမိပြီးနောက် 'ယဉ်ခြင်း ရိုင်းခြင်းပြဿနာ'ကို အထပ်ထပ် ဆင်ခြင်မိသည်။

တာဆာဒေးများသည် ကျယ်ပြန့်လှသော တောကြီးမျက်မည်းထဲတွင် ပင်ပန်းကြီးစွာ အမဲလိုက်၊ ငါးဖမ်းကြပြီး 'ရိုင်းစိုင်းစွာ' နေထိုင်စားသောက်နေကြရရှာသည်ဟု ယနေ့ခေတ်သစ်လူသားတို့က သနားကရုဏာဖြစ်မိကြမည်။ အဝတ်အထည် မဝတ်ဆင်ကြသော တာဆာဒေးများ၏ ကိုယ်ခန္ဓာကို ကြည့်၍ ရှက်စရာကြီးဟု ထင်မြင်ကြမည်။

တာဆာဒေးများအား အဝတ်ဝတ်လာအောင်၊ ခေတ်မီလက်နက်များ သုံးတတ်လာအောင် လောဘ၊ ဒေါသ၊ မာန်မာနတရားများကို နားလည်လာအောင်၊ စစ်တိုက်တတ်လာအောင်၊ လိင်ဖောက်ပြန်လာအောင် ကျွန်တော်တို့ သင်ကြားပေးသင့်ပါသလော။

ဆိုခဲ့ပါတို့ကို တတ်မြောက်နားလည် ကျင့်ကြံခြင်းကို 'ယဉ်ကျေးမှု'ခေါ်လျှင် တာဆာဒေးများသည် ကျွန်တော်တို့၏ ထို'ယဉ်ကျေးမှု'မျိုးကို အရသာခံတတ်ကြပါမည်လော။ အရသာခံတတ်ဖို့ ဝေးစွ။ တာဆာဒေးများသည် ခေတ်သစ်လူသားတို့၏ 'ယဉ်ကျေးမှု'ဆိုသည်များကို မြည်းစမ်းကြည့်ကြပြီးနောက် ကျွန်တော်တို့ကို ပြန်၍များ သနားနေကြမည်လားဟု တွေးမိသည်။

သို့သော် ကျွန်တော်တို့ အတွေးမှားခဲ့လေသည်။ အကြောင်းမူကား

တာဆာဒေးများအား တွေ့ရှိပြီးနောက် ၁၀ နှစ်ခန့်ကာလအတွင်း လူယဉ်ကျေးများက သူတို့အား သနားသဖြင့် ကူညီစောင်မမှုကြောင့် တာဆာဒေးအချို့ အကျင့်ပျက်စ ပြုလာကြပြီဟူသော သတင်းကို ကြားသိရသောကြောင့် ဖြစ်သည်။

ဖြစ်ပုံမှာ ဤသို့တည်း။ မူလက တာဆာဒေးတို့သည် အဝတ်မဝတ်ကြ။ အလှအပပစ္စည်းများကို သိလည်းမသိကြ။ လိုချင်မှုလည်း မရှိကြ။ ကုန်ကုန်ပြောရလျှင် သူတို့ဆီမှာ အိုးခွက်ပန်းကန် ဆပ်ပြာစသော လူသုံးပစ္စည်းများပင် မရှိကြ။ ဤမျှ 'မသိနားမလည်'ရှာကြသော တာဆာဒေးများအား လူယဉ်ကျေးများက သနားမိကြသည်။ ထို့ကြောင့် တားမြစ်သော ကန့်သတ်နယ်မြေဟု ဆိုစေကာမူ လေ့လာရေးအတွက် သွားရောက်ရသူများက တာဆာဒေးအချို့အား လူယဉ်ကျေးတို့၏ ဓလေ့ထုံးစံအတိုင်း လက်ဆောင်ပစ္စည်းကလေးများ ပေးကြသည်။ လက်ဆောင်ပစ္စည်းများထဲတွင် အဝတ်အထည်လှလှကလေးများနှင့် ဆပ်ပြာများ ပါဝင်သည်ဟု ဆိုသည်။

ဤသို့ ခံစားမှုအသစ်များနှင့် ကြုံလာရသောအခါ တာဆာဒေးများအချို့တွင် လိုချင်မှုတည်းဟူသော စိတ်ထားပေါ်ပေါက်လာသည်ဟူ၏။ ဒါငါ့ဟာ ငါ့ပစ္စည်း ဟူသော သီးခြားပိုင်ဆိုင်မှုအပေါ် တပ်မက်တွယ်တာသည့် စိတ်ဓာတ်များ ပေါ်ပေါက်လာသောအခါ 'ငါ့ဆီမှာ ဒီပစ္စည်းရှိတယ်။ သူ့ဆီမှာတော့ မရှိဘူး'ဟူသောကြွားဝါလိုစိတ်၊ 'သူ့ဆီမှာ ရှိတာ ငါ့ဆီမှာတော့ မရှိပါလား'ဟူသော မနာလိုဝန်တိုစိတ်၊ လူယဉ်ကျေးဧည့်သည်များထံမှ လက်ဆောင်ပစ္စည်း လိုချင်သော လောဘစိတ်များ ပေါ်ပေါက်လာကြသည်ဟူ၏။

ဤတွင် ပညာရှင်များ မျက်လုံးပြူးလာကြတော့သည်။ လောဘစိတ်ဝင်လာလျှင် သူတို့တစ်တွေ 'ယဉ်ကျေး' ကုန်တော့မည်။ လောဘမှ အစပျိုး၍ ဒေါသနှင့် မာန်မာနတို့ကို ဆင့်ပွားမွေးမြူလာကြကုန်ရှေ့မည်။ ထိုသို့ ဆိုလျှင် တာဆာဒေး အချင်းချင်း ရန်ဖြစ်ခြင်း၊ တိုက်ခိုက်ခြင်းများ ရှိလာချိမ့်မည်။ ဤသို့ကာ အဖြစ်မခံနိုင်။ ရောဂါကို မရင့်မီ တားမှ ဖြစ်မည်ဟုဆိုကာ တာဆာဒေးတို့၏ နယ်မြေသို့ လူယဉ်ကျေးများ လုံးဝအဝင်အထွက်မရှိစေရန် ထပ်မံတားမြစ်ကန့်သတ်ရပြန်လေသည်။

၁၉၈၃ခုနှစ်တွင် အထက်ပါ နောက်ဆုံးသတင်းကို ကြားသိခဲ့ရပြီး နောက်ဆက်တွဲ သတင်းများ မသိရတော့ပါ။ ခုနေခါဝယ် တာဆာဒေးတို့ခမျာ မည်သို့ ရှိနေမည်နည်း။ လောဘပိုးကလေးများ ဝင်သွားပြီဖြစ်သော တာဆာဒေးအချို့သည် ကျန်သော 'လူရိုင်း'များအကြားတွင် နေ၍မှ ဖြစ်ပါတော့မည်လော။

အတွေးအမြင်စာစဉ် ၁၂၊ မတ် ၁၉၈၆။

**စာကိုး**

၅–၆–၇၂ ရိုက်တာ ကြေးနန်းသတင်း၊ ၃–၇–၈၃ တိုင်းမဂ္ဂဇင်း

**National Geographic August 1972.**

www.burmeseclassic.com

## အလိမ်ဆိုတာ ပေါ်စမြဲ

(၁)

ဤဆောင်းပါးသည် အမှားပြင်ဆင်ချက်ဖြစ်ပါသည်။ အတွေးအမြင်တွင် ကျွန်တော် ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်သည် မဟုတ်မမှန်လုပ်ကြံ လီဆယ်ထားသော သတင်းအချက်အလက်အချို့ကို ပင်မအခြေခံ၍ ရေးသားခဲ့မိပါသဖြင့် ရှက်လည်းရှက်၊ မျက်နှာလည်းပူပူဖြင့် စာဖတ်သူများအား တောင်းပန်လျက် ဤဆောင်းပါးဖြင့် အမှားပြင်ဆင်လိုက်ရပါသည်။

ကြိုတင်ရှင်းလင်းလိုသည်မှာ မဟုတ်မမှန်လုပ်ကြံ လီဆယ်ထားသော သတင်း အချက်အလက်များကို ကျွန်တော်သည် တစ်ဆင့်ကြားဖြင့် သိမှတ်ခဲ့ရခြင်း ဖြစ်ပါသည်။ ဤကိစ္စတွင် ကျွန်တော့်နည်းတူ နှပ်ပစ်ခံရသူပေါင်းများစွာ ရှိခဲ့ရာတွင် ပါးနပ်လှပါသည်ဆိုသော ကမ္ဘာကျော် သတင်းထောက်ကြီးများမှအစ တိကျမှန်ကန်မှု အရာ၌ နံပါတ်တစ် တံခွန်ထူထားသော အမျိုးသားပထဝီဝင် မဂ္ဂဇင်းကြီးအဆုံး ရှက်ပြုံးပင် မပြုံးနိုင်လောက်အောင် အထိနာခဲ့ကြရပါ၏။

(၂)

မှတ်မိကောင်းမှတ်မိကြပါလိမ့်မည်။ ၁၉၈၆ခုနှစ် မတ်လထုတ် အတွေးအမြင် အမှတ်(၁၂)တွင် ကျွန်တော်သည် လောဘမရှိသောလူမျိုးဟူသော ခေါင်းစဉ်ဖြင့် ဖိလစ်ပိုင်နိုင်ငံ ကျောက်ခေတ်ဂူအောင်း လူသားလက်ကျန် 'တာဆာဒေး'လူမျိုး အကြောင်းကို ရေးသားခဲ့ပါသည်။

အဆိုပါ တာဆာဒေးလူမျိုးစုခေါ် ကျောက်ခေတ်လူသားအကြွင်းအကျန် အချို့ (ဦးရေ ၂၄ဦးမျှ)ကို ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအို ကျွန်းပေါ်တွင် ၁၉၇၁ခုနှစ် ဇွန်လ၌ မုဆိုးတစ်ဦးက စတင်တွေ့ရှိခဲ့ကြောင်း။ ဖိလစ်ပိုင်သမ္မတမားကို့စ်၏ အထူးတာဝန်ပေးခြင်းခံရသော ပညာရှင် မင်နူအယ်အယ်လီဇာဒီ ဦးဆောင်သည့် အဖွဲ့က တစ်နှစ်ကြာမျှ သုတေသန ပြုပြီးနောက် တာဆာဒေးလူမျိုးတို့၏ အေးချမ်း သာယာလှသော နေထိုင်မှုဘဝနှင့် စပ်လျဉ်း၍ ပညာရှင်အယ်လီဇာဒီက သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ကြောင်း စသည့် အချက်အလက်များကို ကျွန်တော်၏ ဆောင်းပါးတွင် ဖော်ပြခဲ့ပါသည်။

www.burmeseclassic.com 

အယ်လီဇာဒီ၏ သတင်းစာရှင်းလင်းပွဲသည် ကမ္ဘာ့ကြေးနန်းသတင်းများတွင် ပါရှိခဲ့၍ မနုဿဗေဒပညာရှင်များက အထူးစိတ်ဝင်စားခဲ့ကြသည်။ 'နေရှင်နယ်ဂျီအိုဂရပ်ပစ်'ခေါ် အမျိုးသားပထဝီဝင် မဂ္ဂဇင်းကြီးမှ အဖွဲ့တစ်ဖွဲ့ပင် ထိုကျွန်းသို့ အရောက်သွားကာ မှတ်တမ်းဓာတ်ပုံများ ရိုက်၍ ၁၉၇၂ခု ဩဂုတ်လထုတ် မဂ္ဂဇင်းတွင် အကျယ် တဝင့် ဖော်ပြခဲ့သည်။ အဆိုပါ အမျိုးသားပထဝီဝင် မဂ္ဂဇင်းကြီးကား နယ်နယ်ရရ မဟုတ်ပါ။ ဓာတ်ပုံတစ်ပုံရဖို့အတွက်ကိုပင် ဒေါ်လာထောင်ချီ၍ အကုန်ခံကာ အတိကျ အခိုင်လုံဆုံး မှတ်တမ်းတင်လေ့ရှိသော မဂ္ဂဇင်းကြီးဖြစ်ပါသည်။ တော်ရုံ တန်ရုံ အကြောင်းအရာများကိုလည်း ဖော်ပြလေ့မရှိပါ။ ထို့ကြောင့် အမျိုးသား ပထဝီဝင်မဂ္ဂဇင်းကြီးသည် ကမ္ဘာ့ပညာတတ် ပညာရှင်များလောကတွင် ဩဇာကြီးမား လျက် ရှိပါသည်။

ကျွန်တော်၏ 'လောဘမရှိသောလူမျိုး'ဆောင်းပါးသည် အဆိုပါ မဂ္ဂဇင်းကြီးမှ အထူးဓာတ်ပုံဆောင်းပါး၊ တိုင်းမဂ္ဂဇင်း သတင်းဆောင်းပါးနှင့် ရိုက်တာ ကြေးနန်းသတင်းတို့ကို အခြေခံ၍ ကျွန်တော်အတွေးနယ်ချဲ့မိပုံများကို ထပ်ဆင့် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

'တာဆာဒေး'လူမျိုးများတွင် အမုန်းစိတ်မရှိ၊ လောဘမရှိ၊ ဒေါသမရှိ၊ လိုချင်တပ်မက်မှုမရှိ စသောအချက်အလက်များသည် ဆောင်းပါးရှင်တစ်ဦးအဖို့ ကလောင်ကွန့်၍ ရေးချင်စရာတွေ ဖြစ်ခဲ့ပါ၏။ ထို့ကြောင့် ကျွန်တော်သည် ဤမျှ သူတော်ကောင်းတရား ပွားများနေကြသော ကျောက်ခေတ်လူသားလက်ကျန်များ အကြောင်းကို ကောင်းချီး ဩဘာပြု၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

(၃)

သို့သော် ၁၉၈၆ခုနှစ် မေလ ၂၈ရက်ထုတ် နယူးစ်ဝိခ်မဂ္ဂဇင်းတွင် တာဆာဒေး အလိမ်ဇာတ်ထုပ် ပေါ်ပေါက်လာပုံကို ဖွင့်ချလိုက်သော သတင်းဆောင်းပါး ဖတ်ရှုလိုက်ရသည့်အခါ ကျွန်တော့်မှာ မိုးကြိုးထိမှန်သလို တုန်လှုပ်သွားရပါသည်။ ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်ခဲ့ရပါ၏။

အလိမ်ဇာတ်ရှုပ်ကြီး ပေါ်ပေါက်လာပုံမှာ ဤသို့။

၁၉၈၆ခု၊ ဖေဖော်ဝါရီလတွင် သမ္မတမားကို့စ်ကို မစ္စက်အကီနိုက ပြည်သူ့စွမ်းအားဖြင့် ဖြုတ်ချလိုက်၍ မားကို့စ်ထွက်ပြေးသွားရပြီးနောက် ဆွီဒင်သတင်းစာဆရာ အော့စ်ဗားလ် အိုင်တင်ဆိုသူသည် တာဆာဒေးဂူသို့ သွားရောက်ခဲ့ရာ တာဆာဒေး တစ်ယောက်မှ မတွေ့ရတော့ချေ။ အနီးပတ်ဝန်းကျင်မှ ဌာနေတိုင်းရင်းသားများကို မေးကြည့်ရာ ကျောက်ခေတ်လူသားလက်ကျန်ဟုဆိုသော တာဆာဒေးတို့မှာ စင်စစ်အား

www.burmeseclassic.com

ဖြင့် မာနဘိုမျိုးနွယ်များသာ ဖြစ်ကြောင်း သိခဲ့ရသည်။ သတင်းစာဆရာက ဆက်လက်စုံစမ်းသောအခါ 'တာဆာဒေး'ဟူသည်မှာ သမ္မတမားကို့စ်နှင့် သူ၏ လူမျိုးစုရေးရာလက်ထောက် ဖြစ်သူ အယ်လီဇာဒီတို့၏ ထွင်လုံးမျှသာဖြစ်ကြောင်း၊ ကမ္ဘာ့စိတ်ဝင်စားစရာဖော်ထုတ်တွေ့ရှိမှုကြီးတစ်ခုအဖြစ် အထင်ခံရအောင် ဖိလစ်ပိုင်နိုင်ငံအတွက်လည်း ရှေးအကျဆုံး လူသားတို့၏ ဌာနေအဖြစ် ကြွားဝါနိုင်အောင် မားကို့စ်နှင့် အယ်လီဇာဒီတို့က လုပ်ကြံလီဆယ် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း၊ မားကို့စ်၏ ကလိန်ဉာဏ်ကို အယ်လီဇာဒီက ယုတ္တိရှိရှိ အကောင်အထည်ဖော်ပေးခဲ့ခြင်း ဖြစ်ကြောင်း ထပ်မံသိရှိရသော ဟူ၏။

ထို့နောက် ဆွီဒင်သတင်းစာဆရာက တာဆာဒေး 'သရုပ်ဆောင်ဟောင်းများ'ကို လိုက်လံရှာဖွေပြီး တဲအိမ်များထဲ၌ အဝတ်အစားတွေ၊ အသုံးအဆောင်တွေနှင့် နေကြထိုင်ကြပုံကို ဓာတ်ပုံရိုက်ယူခဲ့လေသည်။

တစ်ဖန် မတ်လအတွင်း၌ ဂျာမန်'စတန်း'မဂ္ဂဇင်းမှ သတင်းထောက်တို့က ထိုနယ်မြေသို့သွား၍ တာဆာဒေးတို့ကို ဓာတ်ပုံသွားရိုက်ရာ ကျောက်ခေတ်လူသားများ 'အိုက်တင်'ဖြင့် ဓာတ်ပုံအရိုက်ခံလိုက်ကြသေးသည်။

ထိုသတင်းဆောင်းပါးကို ဖတ်ရသောအခါ ကျွန်တော့်မှာ ခံစားချက်သုံးခုဖြစ်ပေါ်ခဲ့ရပါသည်။ ပထမ ရှက်ခြင်း၊ ဒုတိယ ယူကျုံးမရဖြစ်ခြင်း၊ တတိယ ဒေါသဖြစ်ခြင်း။

ရှက်မိသည်မှာ အချက်အလက်အမှား၊ သတင်းအမှားကို အခြေခံ၍ ဟန်ကပန်ကျ ဆောင်းပါးရေးမိခြင်းကြောင့်ဖြစ်ပါသည်။ သို့သော် 'ငါတစ်ယောက်တည်း ခံရခြင်းမဟုတ်။ ဇရာမမဂ္ဂဇင်းကြီးနှင့် ကမ္ဘာ့သတင်းဌာနကြီးများပင် လှည့်ဖြားခံခဲ့ရသော ကိစ္စပါတကား။ ငါကဲ့သို့ မြန်မာပြည်မှ ပါမွှားကလောင်သမားမှာ သူတို့ဆီက သတင်းတွေ၊ ဆောင်းပါးတွေ ဖတ်ပြီး တစ်ဆင့်တစ်ဆင့် ပြန်ရေးခြင်းမျှသာ ဖြစ်လေတော့ ဖြေသာပါတယ်လေ'ဟူ၍ မိမိကိုယ်ကို ဖျောင်းဖျရပါသည်။

ယူကျုံးမရဖြစ်မိသည်မှာ မသမာသူတို့၏ လုပ်ကြံဖန်တီးချက် ဖြစ်စေကာမူ 'တာဆာဒေး'တို့၏ စရိုက်လက္ခဏာမှာ လောဘ၊ ဒေါသနှင့် မာန်မာနကင်းသော လူတစ်စုဟု လက်ညှိုးထိုးပြစရာ စံနမူနာဟူ၍ တကယ်တမ်း လုံးဝမရှိပါလားဟူသည့် အသိက ဝင်လာသောကြောင့် ပါတည်း။

ဒေါသဖြစ်ရခြင်းကတော့ မားကို့စ်၊ အယ်လီဇာဒီနှင့် သင်းတို့၏ အပေါင်းပါများအပေါ်တွင် ဖြစ်ပါသည်။ လူသားတို့အဖို့ အကောင်းအမွန်ဆုံး စရိုက်လက္ခဏာများဟု ဆိုအပ်သော လောဘ၊ ဒေါသ၊ မာန်မာနကင်းသည့် မျိုးနွယ်စာဆိုသည်ကို သင်းတို့လို လူလိမ်လည်များက လုပ်ကြံဖန်တီးခဲ့မှုသည် ယုတ်ညံ့သော သတ္တဝါ၏

www.burmeseclassic.com


ပါးစပ်မှ နတ် စကားထွက်သည့်နှယ်ဖြစ်ရလေခြင်းဟု ဒေါသထွက်ခဲ့ခြင်း ဖြစ်ပါသည်။

မားကို့စ်၏ လက်ပါးစေ အယ်လီဇာဒီကား မားကို့စ် ထွက်မပြေးရမီ သုံးလေးနှစ်ကတည်းက ဖိလစ်ပိုင်နိုင်ငံမှ ပျောက်သွားခဲ့သည်။ သူသည် မည်မျှ ဇာတ်ရှုတ်များ ခင်းပြီး ကိုယ့်ဇာတ်ကိုယ်မနိုင်၍ ထွက်ပြေးသွားသည်မသိ။ ထိုစဉ်က စ၍ သူ့သတင်း စုပ်စမြုပ်စ ပျောက်သွားခဲ့သည်။

သူ့ဆရာ မားကို့စ်၏အကြောင်းကိုကား ဤဆောင်းပါးတွင် အထူးဆိုဖွယ်မရှိဟု ထင်ပါသည်။ ကမ္ဘာကျော်ကမ္ဘာသိ သူ၏ ကျဆုံးခန်းက အထင်အရှား ပြခဲ့ပြီ ဖြစ်ပါသည်။

ဤနေရာတွင် မားကို့စ်၏ လံကြုပ်ဇာတ်ခင်းတတ်ပုံ ဥပမာတစ်ခုကိုမူ အကြောင်း စပ်ဆိုင်သဖြင့် ဖော်ပြလိုပါသေးသည်။ ၁၉၇၂ခုနှစ်က သူသည် ဖိလစ်ပိုင်နိုင်ငံတွင် စစ်အုပ်ချုပ်ရေးကြေညာ၍ အာဏာရှင်အဖြစ် အုပ်ချုပ်ရန် ကြံစည်ခဲ့ရာတွင် ကာကွယ်ရေးဝန်ကြီး အွန်ရေလီနှင့် ပေါင်း၍ ကြံခဲ့လေသည်။ အွန်ရေလီလိုက်ပါလာသော ကားကို မနီလာမြို့လယ်ကောင်တွင် သေနတ်သမားတစ်စုက ချောင်းမြောင်း ပစ်ခတ်သည်။ အွန်ရေလီသည် အသက်ဘေးမှ သီသီကလေး လွတ်ခဲ့၏။ ထိုဖြစ်ရပ်ဖြစ်ပွားပြီးနောက် မားကို့စ်က ကာကွယ်ရေးဝန်ကြီးကိုပင် မနီလာမြို့လယ်မှာ ပစ်တာခတ်တာတွေ ဖြစ်နေပြီ။ ဒါကြောင့် စစ်အုပ်ချုပ်ရေး ကြေညာရသည်ဆိုကာ စစ်အုပ်ချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့လေသည်။

၁၉၈၆ခုနှစ် ဖေဖော်ဝါရီလတွင် မားကို့စ်ကို ဖြုတ်ချသော ပြည်သူ့အောင်ပွဲ၌ အွန်ရေလီသည် စစ်ဦးစီးချုပ် ရာမို့စ်နှင့် လက်တွဲပါဝင်ကာ မစ္စက်အကီနိုအားသမ္မတ အဖြစ် တင်မြှောက်ခဲ့ကြသည်။ ထိုနောက် မကြာမီ မားကို့စ်၏ မသမာဇာတ်ကြောင်းများကို လှန်သောအခါ စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းလို၍ မားကို့စ်က မိမ်ကို အသုံးချပြီး အထက်ပါအတိုင်း လံကြပ်ဇာတ်ခင်းခဲ့ပုံကို အွန်ရေလီက ပြန်လည်ဖွင့်ချခဲ့လေသည်။

သို့ဖြစ်ရကား နိုင်ငံရေးအာဏာအတွက် ဤရွေ့ဤမျှ လိမ်ရဲညာရဲသော မားကို့စ်သည် မိမိ၏ ထင်ပေးမှုအတွက် တာဆာဒေးများကို ဖန်တီးကာ လိမ်ညာခဲ့ခြင်းမှာ မပြောပလောက်ဟု ဆိုဖွယ် ရှိပါသည်။

ဤသို့ ဆိုခြင်မိတော့မှပင် ကျွန်တော်သည် လူလိမ်လူညာများအပေါ် ထွက်နေသော မိမိ၏ ဒေါသကို မျိုချသိမ်းဆည်းနိုင်ပါတော့သည်။

မည်သို့ရှိစေ။ လိမ်တယ်ညာတယ်ဆိုတာ တစ်နေ့နေ့တော့ ဖူးပေါ်သလို ပေါ်လာစမြဲ၊ လိမ်ညာသူတွေဟာလည်း တစ်နေ့တော့ မလွဲမသွေ ကျဆုံးရစမြဲဟူ၍လည်း ဥပဒေသထုတ်ယူမိပါ၏။

အတွေးအမြင်စာစဉ် ၁၇၊ အောက်တိုဘာ ၁၉၈၆။

www.burmeseclassic.com

## ညစ်ပလီလူမျိုး မဖြစ်စေဖို့

လူမျိုးအသီးသီးတွင် ယေဘုယျအားဖြင့် ကောင်းသတင်း ဆိုးသတင်း ကျော်ကြားမှုအမျိုးမျိုး ရှိတတ်ကြသည်။ ဥပမာ အင်္ဂလိပ်လူမျိုးတို့သည် စည်းကမ်းကြီးသည်။ ရှေးထုံးမပယ်ဘဲ အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ကြရာ၌ စံပြဖြစ်သည်ဟူသော ကောင်းသတင်း ရှိသလို အင်္ဂလိပ်လူမျိုးတို့သည် ကိန်းခန်းကြီးသည်။ လူမျိုးကြီးဝါဒ ကျင့်သုံးတတ်သည်ဟူသော ဆိုးသတင်းလည်း ရှိ၏။

အလားတူ ဂျာမန်လူမျိုးတို့သည် စက်မှုသိပ္ပံပညာ ထူးချွန်ထက်မြက်သည်။ အလုပ်ကို ခွန်စိုက်အားစိုက် လုပ်ကိုင်တတ်သည်ဟူသော ကောင်းသတင်းရှိသလို ရက်စက်တတ်သည်။ အနေအထိုင်ကြမ်းတမ်းသည်ဟူသော ဆိုးသတင်းလည်း ရှိခဲ့သည်။

ပြင်သစ်လူမျိုး၏ ကောင်းသတင်းကား ယဉ်ကျေးမှုအနုပညာ ဝါသနာထုံခြင်း၊ အနုပညာသည်များ ထွန်းကားရာ ဗဟိုချက်မဖြစ်ခြင်းဟူ၍ ဖြစ်ပြီး ဆိုးသတင်းမှာ ကာမဂုဏ် အပျော်အပါးလိုက်စားလွန်းခြင်း၊ စည်းကမ်းမဲ့ခြင်း ဟူ၍ဖြစ်သည်။

ထို့အတူ ဂျူးလူမျိုးတို့သည် ထူးချွန်ထက်မြက်သည်ဟူသော ကောင်းသတင်းရှိသလို 'ကပ်စေးနဲကော်တရာများ ဖြစ်သည်။ အမြတ်ကြီးစား ကုန်ကူးသူများဖြစ်သည်'ဟူသော ဆိုးသတင်းလည်း ရှိ၏။

အမေရိကန်လူမျိုးတို့သည်ကား လွတ်လပ်မှုကို မြတ်နိုးသည်။ အလုပ်ကို တန်ဖိုးထားသည်။ ဖွဲ့ကောင်းသည်ဟူသော ကောင်းသတင်း ရှိသလို တစ်ကိုယ်ကောင်း ဆန်လွန်းသည်။ ပြင်ပကမ္ဘာ့ဗဟုသုတနည်းပါးသည် ဟူသော ဆိုးသတင်းလည်း ထွက်ခဲ့သည်။

ဂျပန်လူမျိုးတို့မှာမူ သဲကြီးမဲကြီး အလုပ်လုပ်တတ်သည်။ အတုခိုးလွန်း၊ အတတ်လွယ်သည်။ စီးပွားရေးလာဘ်မြင်သည်ဟူသော ကောင်းသတင်း ရှိသလို မိုက်ရူးရဲဆန်သည်၊ အနောက်ကို အထင်ကြီးအားကျတုပလွန်းသည်ဟူသော ဆိုးသတင်းလည်း ထွက်ပေါ်ခဲ့သည်။

www.burmeseclassic.com


အထက်တွင် ဖော်ပြခဲ့သော လူမျိုးအချို့၏ စရိုက်လက္ခဏာအသီးသီးမှာ ယေဘုယျ ပြု၍ သမုတ်ထားသော အကောင်းအဆိုးများဖြစ်ပါသည်။ အားလုံးဤသို့ နှင်နှင်ဟု ဆိုလိုခြင်း မဟုတ်ပါ။ တိကျမှန်ကန်သည်ဟူ၍လည်း မဆိုနိုင်ပါ။ သို့ရာ တွင် ယေဘုယျအားဖြင့် အများကမြင်သော အမြင်အချို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့လက်လှမ်းတမီ ဖတ်မှတ်လေ့လာဖူးသမျှ ဗဟုသုတကလေးဖြင့် ပြောရလျှင် မြန်မာလူမျိုးကို ရင်းရင်းနှီးနှီး ဆက်ဆံဖူးသော နိုင်ငံခြားသားအများစုက မြန်မာတို့သည် စေတနာ သဒ္ဓါတရားထက်သန်သည်။ ကူညီတတ်သည်။ ဘာသာ တရားကိုင်းရှိုင်းသည် စသည်ဖြင့် ချီးမွမ်းကြသည်က များပါသည်။ အလားတူပင် မြန်မာတို့သည် ရောင့်ရဲလွယ်သည်။ အပျင်းထူသည်။ စိတ်ပျော့ညံ့သူများ ရှိသည့်နည်းတူ ခက်ထန်ကြမ်းကြုတ်ပြီး ထစ်ခနဲဆို ဓားဆွဲတုတ်ဆွဲ သတ်ရဲဖြတ်ရဲသူများလည်း ရှိသည် စသည်ဖြင့် ကိုယ်မြင်ရာကိုယ့်အတွေးဖြင့် ရေးသားပြောဆိုသူများလည်း ရှိခဲ့ပါသည်။

ပူလစ်ဇာဆုရ ကမ္ဘာကျော် အမေရိကန်သတင်းစာဆရာကြီး ဂျိမ်းအေ မစ်ချင်နာသည် လွန်ခဲ့သော နှစ် ၃၀ ကျော်က အာရှနိုင်ငံများသို့ လှည့်လည်သွား ရောက်ပြီး မြန်မာ၊ ဂျပန်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ယိုးဒယား စသည်တို့ အပါအဝင် အာရှ ၁၁ နိုင်ငံအကြောင်း စာပန်းချီရေးခြယ်၍ အာရှအသံဟူသော စာအုပ်တစ်အုပ် ထုတ်ဝေခဲ့ရာတွင် မစ်နာချင်က မြန်မာတို့အကြောင်းကို ကလောင်တစ်ချက် တို့ခဲ့ သည်မှာ 'စစ်ဟူသည်ကို နားလည်လိုလျှင် မြန်မာပြည်ကို သွားပါ။ အဘယ်ကြောင့် ဆိုသော် နှစ်ပေါင်း တစ်ထောင်နီးပါး ကာလပတ်လုံး မြန်မာတို့သည် စစ်တိုက်ခဲ့ကြ၏။ သူတို့သည် အရှေ့တောင်အာရှတစ်ခွင်၌ သူတစ်ပါးကို စစ်ဆင်နွှဲခြင်းဖြင့်လည်းကောင်း၊ သူတစ်ပါးက လာတိုက်သည်ကို ခုခံတိုက်ခိုက်ရခြင်းဖြင့်လည်းကောင်း တစ်ရံ တစ်ဆစ်မျှ စစ်နှင့် မကင်းခဲ့ မြန်မာ–ယိုးဒယားစစ်ပွဲများသည် ဥရောပစစ်ပွဲများ၏ စံချိန်ကိုပင် ချိုးခဲ့သည်ဟု ဆိုနိုင်ဖွယ်ရှိ၏။ မြန်မာတို့သည် ထူးထူးကဲကဲ ရဲစွမ်း သတ္တိရှိကြပြီး လွန်လွန်မင်းမင်း မျိုးချစ်စိတ် ပြင်းထန်ကြသည်။ နိုင်ငံ၏ ရန်သူဆိုလျှင် မည်သို့သော ရန်သူမျိုးကိုမဆို စစ်ပွဲဆင်နွှဲရန် အသင့်ရှိကြသည်။

ဤစာကို မစ်ချင်နာသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးခါစ ပြည်တွင်းဆူပူ သောင်းကျန်းမှုများ အရှိန်တက်နေချိန်၌ လာရောက်လေ့လာပြီး ရေးသားခဲ့ခြင်း ဖြစ်သည်။ မည်သို့ရှိစေ၊ ယနေ့ ကမ္ဘာကျော်စာရေးဆရာကြီး ဖြစ်နေသော မစ်ချင်နာ ၏ လွန်ခဲ့သော နှစ် ၃၀ ကျော်က စာတစ်အုပ်တွင် မြန်မာတို့အပေါ် ရှုမြင်ပုံမှာ မှတ်သားဖွယ် ကောင်းပါသည်။

*

လူမျိုးအသီးသီးတွင် 'ဇာတိပုညဂုဏ်မာန'ဟူ၍ ရှိကြရာ ကိုယ့်လူမျိုးအကြောင်း အကောင်းပြောလျှင် ကြိုက်၍ မကောင်းပြောလျှင် မခံချင်ဖြစ်တတ်ကြသည်မှာ ဓမ္မတာပင်။ သို့သော် အကောင်းပြောပြော အဆိုးပြောပြော အမှန်အကန်အတိုင်း ဟုတ်ရဲ့လား။ အမှန်နဲ့ နီးစပ်ရဲ့လားဟူ၍ ကိုယ့်ကိုယ်ကို ဝေဖန်ရေးအမြင်ဖြင့် ယှဉ်ကာ လေ့လာခံယူပါမှ လျော်ကန်မည်ဖြစ်ပါသည်။

မြန်မာတို့၏ ဓလေ့စရိုက်နှင့် စပ်လျဉ်း၍ မြန်မာအချင်းချင်း ပြုပြင်ရေးစေတနာဖြင့် ရေးသားပြောဆိုကြမှုများလည်း အများအပြား ရှိခဲ့ပါသည်။

မြန်မာတို့၏ ပျင်းတတ်ပုံ၊ လုံ့လဝီရိယမရှိပုံ၊ အချိန်ကို မလေးစားပုံကို 'မြန်မာစော နေထွက်' 'မြန်မာစော ရှမ်းတောက ပြန်' 'မြန်မာစံတော်ချိန်ပေါ့' ဟူ၍လည်းကောင်း၊ မြန်မာတို့ အသုံးအဖြုန်းကြီးပုံ စီးပွားရေးလာဘ်မမြင်ပုံကို 'တရုတ်လိုရှာ ကုလားလိုစု၊ မြန်မာလိုမဖြုန်းနဲ့'ဟူ၍လည်းကောင်း၊ မြန်မာတို့ သူတစ်ပါးကို အပြစ်ပြောတတ်ပုံ၊ လောကြီးပုံကို 'မပြီးခင် မြန်မာမမြင်စေနဲ့' ဟူ၍လည်းကောင်း၊ ငယ်ရွယ်စဉ်က စုစုဆောင်းဆောင်း မရှိဘဲ အသက်ကြီးသောအခါ ခိုကိုးရာမဲ့ ဖြစ်တတ်ကြပုံနှင့် ငယ်ရွယ်စဉ်က မည်မျှပင် အပျော်အပါးကို လိုက်စားခဲ့ကြသော်လည်း အသက်ကြီးလာလျှင် ဘုရားရိပ်ကျောင်းရိပ်ခိုလှုံတတ်ကြပုံကို 'မြန်မာအို ကျောင်းကြို့ကျောင်းကြား'ဟူ၍လည်းကောင်း စကားပုံဆန်ဆန် ဆိုရိုးစကားများ ပြောစမှတ် ရှိခဲ့သည်မှာ အများသူငါ သိပြီး ဖြစ်ပါသည်။

ထို့အပြင် အချုပ်တန်းဆရာဖေ၏ 'မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ရပြီ။ မီးငြိမ်းထောက်အသစ်မှီသည် ညစ်ပလီလူမျိုး' အစချီ တေးထပ်သည်လည်း မြန်မာတို့၏ ညံ့ကွက်ကို ခပ်စပ်စပ် နှက်ထားသော ဝေဖန်ရေးစာတစ်ပုဒ်ဟု ယူဆနိုင်ပါသည်။

ဆရာဖေ၏ တေးထပ်မှ 'ညစ်ပလီ'ဟူသော စကားလုံးကို ရင်နာနာဖြင့် ခွဲခြမ်း စိတ်ဖြာကြည့်မိပါသည်။ အထက်တွင်ဖော်ပြခဲ့သော လူမျိုးစရိုက်လက္ခဏာများထဲမှ ကိန်းခန်းကြီးခြင်း၊ ရက်စက်ခြင်း၊ အနေအထိုင် ကြမ်းတမ်းခြင်း၊ အပျော်အပါးလိုက်စားလွန်းခြင်း၊ ကပ်စေးနဲခြင်း၊ တစ်ကိုယ်ကောင်းစိတ်ထားလွန်းခြင်း၊ မိုက်ရူးရဲဆန်ခြင်း စသည်တို့အပြင် မြန်မာတို့၏ ယေဘုယျစရိုက်ဟု ဆိုသော ပျင်းရိခြင်း၊ လုံ့လမရှိခြင်း၊ စိတ်ခက်ထန်ခြင်း၊ လက်ရဲဇက်ရဲ သတ်ဖြတ်ရဲခြင်း စသည်တို့အပါအဝင် ဆိုးသတင်းများစွာသည် မခံမရပ် ဖြစ်လောက်စရာ မရှိပါ။

'ညစ်ပလီ'လူမျိုးဟု သမုတ်ခံရခြင်းသည်ကား မခံသာအောင် နာစရာဖြစ်ပါ၏။ 'ညစ်'ခြင်းသည် ဆိုးခြင်းမိုက်ခြင်းနှင့် ကွဲပြားပါသည်။ ဆိုးခြင်းမိုက်ခြင်းထက်

ယုတ်နိမ့်ပါသည်။ 'သည်လူတော်တော်ဆိုးတယ်၊ သည်လူ တော်တော် မိုက်တယ်' အပြောခံရခြင်းထက် 'သည်လူက တော်တော်ညစ်တဲ့လူ'ဟု သမုတ်ခံရခြင်းက ပို၍ နာစရာကောင်းပါသည်။ 'ပလီ'ခြင်းကား ညစ်ခြင်းနှင့်မတိမ်းမယိမ်းဟု ဆိုနိုင်စရာ ရှိပါသည်။ ပလီစိချောက်ချက် စကားမမှန်မကန်ပြောခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ မျက်နှာလိုမျက်နှာရလုပ်ခြင်း၊ အားကြီးသူကို ဒူးထောက်၍ အားနည်းသူကို အနိုင်ကျင့်ခြင်း စသည်ဖြင့် အဆိုး တကာ့အဆိုးအဓိပ္ပာယ်များဖြင့် ပြည့်လျှံနေပါတော့သည်။

အချုပ်တန်းဆရာဖေသည် ပါတော်မူပြီးခါစ မြန်မာပြည်၏ မြင်ကွင်းကို ကြည့်၍ 'မြန်မာတွေ စည်းကမ်းဖောက်လို့' ချီတေးထပ်တွင် 'ညစ်ပလီလူမျိုး'ဟု ကရုဏာဒေါသောဖြင့် ရေးဖွဲ့ခဲ့ခြင်း ဖြစ်ဖွယ်ရှိပါသည်။ မြန်မာတစ်ဦးဖြစ်သော ဆရာဖေက မြန်မာလူမျိုးကို ကိုယ့်ကိုယ်ကို ဝေဖန်ရေးအဖြစ် ခပ်စပ်စပ် ဝေဖန်ခဲ့ခြင်းမှာ ခံသာပါသေးသည်။ လူမျိုးခြားများက ကျွန်တော်တို့ကို 'ညစ်ပလီလူမျိုး'ဟု အကဲဖြတ်ခဲ့ကြပါမူကား ရင်နာရ၍ ဆုံးတော့မည် မဟုတ်ပါ။

ယခုအထိ ကျွန်တော်တို့လက်လှမ်းတမီ ဖတ်မှတ်လေ့လာဖူးသမျှ ဗဟုသုတထဲတွင်မူ မြန်မာတို့ကို 'ညစ်ပလီ'လူမျိုးဟု သမုတ်သည်အထိတော့ မတွေ့ဖူးသေးပါ။ ထို့အတွက် စိတ်ချမ်းသာရပါသည်။

*

ကျွန်တော်၏ ဆောင်းပါးကို ဆရာကြီးမင်းသုဝဏ်၏ သြဝါဒစကားတစ်ရပ်ဖြင့် နိဂုံးချုပ်လိုပါသည်။

"လူဆိုတာ ကိုယ့်ကိုယ်ကို ကောင်းနေပြီလို့ ထင်လျှင် ပိုပြီး ကောင်းအောင် မကြိုးစားချင်ကြတော့ဘူး။ ကိုယ့်ကိုယ်ကို ညံ့နေသေးမှန်း သိမှ ညံ့သေးတယ်လို့ ထင်မှ ကောင်းအောင် ကြိုးစားတတ်ကြတယ်။ ကိုယ်ညံ့တာကို ညံ့မှန်းသိဖို့လည်း အရေးကြီးတယ်"

အတွေးအမြင် စာစဉ် ၁၈၊ နိုဝင်ဘာ ၁၉၈၆။

www.burmeseclassic.com

## သားရှက်မခံတော့ပါပြီ

စက်တင်ဘာလအတွင်း တစ်နေ့သ၌ မိတ်ဆွေကဗျာဆရာတစ်ဦးနှင့် ကျွန်တော် ဆုံမိပါသည်။ တစ်ရက်နှစ်ရက်အတွင်း သူတို့ ပဲခူးမြို့သို့ သွားမည်။ အခြေခံပညာအထက်တန်း စာမေးပွဲ၌ တစ်ပြည်လုံး အောင်ချက် အကောင်းဆုံးဆုကို နှစ်နှစ်ဆက်တိုက် ရရှိခဲ့သော ပဲခူးအထက(၃)သို့ ပညာရေးဌာန၏ တာဝန်ပေးချက်အရ သွားရောက်လေ့လာကြမည်။ ရွှေတံဆိပ်ဆုနှစ်နှစ်ဆက်တိုက် ရရှိလောက်အောင် ဆရာမိဘကျောင်းသားတို့ မည်သို့ တက်ညီလက်ညီ ကြိုးပမ်းခဲ့ကြသည်ကို လေ့လာပြီး ဆောင်းပါးများရေးသား၍ တိုင်းပြည်သို့ တင်ပြကြမည်။ သွားမည့်အဖွဲ့တွင် ဆရာ မင်းကျော်၊ ဆရာမောင်စွမ်းရည်တို့လည်း ပါဝင်မည်ဟု သိရပါသည်။ ကျွန်တော့် မှာ ထိုသတင်းကြားလိုက်ရသည်နှင့် ဝမ်းမြောက်ဝမ်းသာ ကြည်နူးပီတိဖြစ်လှစွာဖြင့် ကဗျာဆရာအား အိမ်သို့ ဖိတ်ခေါ်ခဲ့ပြီး ၎င်းတို့အဖွဲ့ သွားရောက် လေ့လာရာတွင် အထောက်အကူဖြစ်စေရန် ပဲခူးအမျိုးသားတန်းမြင့်ကျောင်း (ယခု အထက ၃)မှ လွန်ခဲ့သော ၁၆နှစ်က ထုတ်ဝေခဲ့သော အမျိုးသားအောင်ပွဲနေ့ ရွှေရတုသဘင်မဂ္ဂဇင်း ကို ပေးဖတ်ပါသည်။ ထိုမဂ္ဂဇင်းတွင် ပဲခူးအထက(၃) ဖြစ်လာမည့် အမျိုးသားတန်းမြင့် ကျောင်း၏ သမိုင်းမှတ်တမ်းအပြည့်အစုံ ပါရှိသည်။

ကျွန်တော်သည် ‘နေရှင်နယ်ကျောင်း’ခေါ် ပဲခူးအမျိုးသားကျောင်းထွက် ဖြစ်၍ မိခင်ကျောင်းကြီး၏ အကြောင်းထုပ္ပတ်ကို ပြောရမည်ဆိုလျှင် မမောတမ်း ပြောလိုသူဖြစ်ပါသည်။ ပဲခူးအမျိုးသားကျောင်းထွက်ဟူသော ဂုဏ်ပုဒ်ကိုလည်း အမြတ်တနိုး တန်ဖိုးထားလျက် ခံမင်လှပါသည်။ အထူးသဖြင့် ကျွန်တော်သတင်းစာ နယ်၊ စာပေနယ်သို့ ရောက်ရှိလာအောင် ဗီဇမျိုးစေ့ချပေးခဲ့သော မိခင်ကျောင်း၏ ကျေးဇူးကို တစ်သက်မမေ့ပါ။

ပဲခူးအမျိုးသားကျောင်းမှ ကျောင်းတော်ကြေးမုံခေါ် နှစ်ပတ်လည်မဂ္ဂဇင်း ကို နှစ်စဉ် ထုတ်ဝေခဲ့ရာ ကျွန်တော်သည် ၁၉၅၈ခုနှစ်တွင် ထိုကျောင်းမဂ္ဂဇင်း၌ စတင်၍ ကလောင်သွေးပြီး စာပေမျိုးစေ့ အညှောင့်ထွက်ခဲ့ရသည်မဟုတ်လား။

ပဲခူးအမျိုးသားကျောင်းသားဘဝအတွေ့အကြုံများကို ကျွန်တော် အားပါး တရ ပြန်လည်ပြောပြစဉ် ကဗျာဆရာက ရွှေရတုသဘင်မဂ္ဂဇင်းကို လှန်လှောရင်း နားထောင်နေရာမှ စာမျက်နှာတစ်ခုသို့ အရောက်တွင် အသေအချာကြည့်နေပြီး "ဒီမှာ ကျွန်တော့် ကဗျာလည်း ပါသကိုး။ ဒီကဗျာလေးရေးခဲ့တာတောင် မေ့နေတယ်။ ကျေးဇူးတင်လိုက်တာဗျာ၊ အမှတ်တရပြန်ကူးထားရမယ်"ဟုပြောပါသည်။ ထိုအခါ မှ လှမ်းယူ၍ ကြည့်မိရာ 'ငါကား ဖခင်ဖြစ်ချေပြီ'ဟူသော ကဗျာကို တွေ့ရပါသည်။

သူ့ကဗျာကို ကျွန်တော်လည်း ကြည်နူးစိတ်ဖြင့် ပြန်ဖတ်မိပါသည်။ ယခုကလေးတွင် လွန်ခဲ့သော နှစ် ၃၀နီးပါးခန့်က နေရှင်နယ်ကျောင်းသားငယ်ဘဝသို့ ပြန်ရောက်သွားဘိသကဲ့သို့ ရှိနေခဲ့သော ကျွန်တော့်အား မိတ်ဆွေကဗျာဆရာ၏ ကဗျာက သတိပေးလိုက်တော့သည်။ 'ငါကား ဖခင်ဖြစ်ချေပြီ'တဲ့။

ကျွန်တော်တို့သည် အသက် ၄၀ ကျော်ခဲ့ကြပြီ။ ကျောင်းသားကလေးများ မဟုတ်ကြတော့။ ကျောင်းသားကလေးများ၏ ဖခင်တွေ ဖြစ်နေကြပြီကော။

သူ၏ ကဗျာကလေးမှာ တိုသလောက် အဓိပ္ပာယ်ထိရောက်ပါဘိသည်။

'တို့အဖေကား
ရွှေငွေဥစ္စာ၊ အာဏာမင်းစက်
ရာထူးမက်'ဟု
သားရက်မခံတော့ပါပြီ။
'တို့အဖေကား
နေရာတစ်ခု၊ ရလိုမှုအတွက်
အလုအယက်၊ ခြေကိုဖက်'ဟု
သားရက်မခံတော့ပါပြီ။
ငါ၏စိတ်ထား၊ ငါ့စကားသည်
သားတို့တန်ဆောင်
သားတို့ခေါင်းဆောင် ဖြစ်ချေပြီ။

ကျွန်တော်သည် ကဗျာကို နှစ်ကျော့ပြန်ဖတ်မိပြီး ရှေ့တွင်ထိုင်နေသော ကဗျာဆရာအား ငေးကြည့်ရင်း အတွေးများ ပြန့်လွင့်နေပါသည်။ ကျွန်တော်တို့သည် လူ့ဘဝသက်တမ်းထက်ဝက်ကျော်ကို ဖြတ်သန်းခဲ့ကြပြီး ကျောင်းသားသူငယ်ကလေး များဘဝမှ ဖခင်များဘဝသို့ ရောက်နေကြပြီ။ ယခုအထိ မိမိသည် 'ရွှေငွေဥစ္စာ' အာဏာမင်းစက်၊ ရာထူးမက်သူ'အဖြစ် သမုတ်ခံခဲ့ရဖူးပြီလား။ 'နေရာတစ်ခုရလိုမှု အတွက် အလုအယက် ခြေကို ဖက်သူ'အဖြစ် သတင်းကျော်စောခဲ့ဖူးပြီလော။ ဤသို့လျှင် စောကြောကြည့်ရင်း သက်ပြင်းချမိပါ၏။

www.burmeseclassic.com

'ကောင်းလိုက်တာဗျာ၊ အခုပြန်ဖတ်ရတော့ ပိုပြီးအရသာတွေ့လိုက်တာ' ဟူ၍လည်း လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိပါသည်။ ကဗျာဆရာကား ဆေးလိပ်ကို ဖွာရှိုက်လျက် ငြိမ်နေပါသည်။ အတန်ကြီးကြာမှ လေးတွဲ့စွာ စကားဆိုပါ၏။

"ဆရာမင်းသုဝဏ်ရဲ့ ဩဝါဒစကားတစ်ခုရှိတယ်ဗျ၊ လူဆိုတာ သေခါနီး ပြန်စဉ်းစားမိတဲ့အချိန်မှာ ကိုယ်တိုင် သာစုခေါ်သွားနိုင်တဲ့အလုပ်မျိုးကို လုပ်နိုင်ခဲ့ဖို့ ကြိုးစားရမယ်တဲ့။ ကျွန်တော်တို့ကတော့ ကိုယ်လုပ်ခဲ့တာတွေအတွက် ကိုယ့်သားသမီးတွေ ရှက်စရာမဖြစ်အောင် ကြိုးစားနေရတုန်းပါဗျာ"

ကဗျာဆရာပြန်သွားသည်အထိ ကျွန်တော်၏ နားထဲတွင် သူ့ကဗျာထဲမှ 'သားရှက်မခံတော့ပါပြီ' ဟူသော အသံသည် မြည်ဟည်းလျက် ကျန်နေရစ်ပါသည်။

အတွေးအမြင် စာစဉ် ၁၉၊ ဒီဇင်ဘာ ၁၉၈၆။

www.burmeseclassic.com

# မြင်းမြီးဆွဲ မောင်ဆန်

မြတ်စွာဘုရား၏ ဖြစ်တော်စဉ်ကို ကြားဖူးနားဝရှိသူတိုင်း အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော်များအကြောင်းကိုလည်း နားယဉ်နေကြပါသည်။ ဖွားဖက်တော်များအနက် ခန္ဓကမြင်းသည် အနော်မာသောင်ကမ်းမှ အပြန်တွင် ရင်ကွဲနာကျ၍ သေခဲ့သည်။ အလောင်းတော်နှင့်အတူ နောက်တော်ပါးမှ တစ်ဖဝါးမကွာ လိုက်ပါခဲ့သော မြင်းမြီးဆွဲမောင်ဆန်သည်ကား နေပြည်တော်သို့ ပြန်၍ သိဒ္ဓတ္ထမင်းသား တောထွက်သွားပြီဖြစ်ကြောင်း သတင်းပြန်ပို့သူဖြစ်သည်။

အတ္ထုပ္ပတ္တိစာပေများ၌ အထူးစိတ်ဝင်စားသူတစ်ဦးအနေဖြင့် ကျွန်တော်သည် အတ္ထုပ္ပတ္တိများတွင် ပါဝင်သော ဇာတ်ဆောင်များအကြောင်းကို ရေဆုံးရေဖျားအတွေး ဆန့်လေ့ရှိပါသည်။ လူတစ်ယောက်၏အကြောင်းကို လေ့လာလျှင် သူ့ဘဝ၏ 'အစအလယ် အဆုံး' သုံးကဏ္ဍစလုံးကို သိမှ ပြည့်စုံမည်ဖြစ်ပါသည်။ လူတစ်ယောက်၏ အကောင်းအဆိုးကို အကဲဖြတ်ကောက်ချက်ချရာတွင် ထိုသူဘဝနိဂုံးချုပ်ချိန်အထိ စောင့်ကြည့်ပြီးမှ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းပြုရာသည် ဟူသော ပညာရှိအဆိုအမိန့် တစ်ရပ်ကို ကျွန်တော် အစဉ်အမြဲသတိချပ်ထားပါသည်။

ယခု ကျွန်တော်စိတ်ဝင်စားနေသည်မှာ 'ဗုဒ္ဓဝင်'တွင် အရေးပါသော ဇာတ်ဆောင် တစ်ဦးဟု ဆိုအပ်သည့် 'မြင်းမြီးဆွဲမောင်ဆန်' (ဝါ) 'မြင်းတော်ခံ မောင်ဆန်'ဖြစ်ပါသည်။ အမည်မှန်မှာ ဆန္နအမတ် ဖြစ်သော်လည်း သိဒ္ဓတ္ထမင်းသား တောထွက်ချိန်တွင် မြင်းမြီးဆွဲ၍ (တစ်နည်း)ခန္ဓကမြင်းနောက်က တကောက်ကောက် လိုက်ပါခဲ့သူဖြစ်၍ 'မြင်းမြီးဆွဲ မောင်ဆန်'ဟု အမည်တွင်ခဲ့သူ ဖြစ်ပါသည်။

ဆန္နအမတ်သည် အလောင်းတော်နှင့်အတူ လိုက်ပါကာ ရဟန်းပြုလိုသော်လည်း အလောင်းတော်၏ အမိန့်အရ နေပြည်တော်သို့ သတင်းပြန်ပို့ရန်အတွက် အနော်မာသောင်က ပြန်ခဲ့ရသည်ဟု ဖတ်ရှုမှတ်သားရပါသည်။ ထိုနောက်ပိုင်းတွင် မောင်ဆန်(ခေါ်)ဆန္နအမတ်၏ ဇာတ်လမ်းတစ်ခန်းရပ်သွားပါသည်။ ကျွန်တော်သည် ဘာသာရေးစာပေ ကျွမ်းသူပုဂ္ဂိုလ်အချို့အား မောင်ဆန်၏ နောက်ပိုင်းဇာတ်လမ်းကို မေးမြန်း၍ မှတ်သားရပါသည်။

တစ်နေ့သ၌ ဆရာကြီးဒဂုန်ဦးစန်းငွေအား မောင်ဆန်အကြောင်း မေးကြည့်ရာ စိတ်ဝင်စားဖွယ်ဇာတ်ကွက်တချို့ကို ကြားနာရပါသည်။

'မောင်ဆန်ဟာ ဘုရားရှင်တစ်ဝါရအပြီးလောက်မှာ ရဟန်းပြုခဲ့တယ်။ သို့ပေမယ့် သူ့လုပ်ပုံတွေက အတော်ဆိုးသဗျ။ ဘုရားရဲ့ဖွားဖက်တော်၊ တောထွက်ဖော်ဆိုပြီး ရဟန်းအချင်းချင်း အဆုံးအမလည်း မခံ၊ အဂ္ဂသာဝကတွေနဲ့ ထေရ်ကြီးဝါကြီးတွေကိုလည်း ပမာမခန့်လုပ်၊ အလောင်းတော်တောထွက်စဉ်က ဘယ်သူမှမပါ။ ငါတစ်ယောက်တည်း ပါခဲ့တယ်။ ခုမှ သာရိပုတြာသော၊ မောဂ္ဂလန်သော လာပြောမနေကြနဲ့၊ ငါသာလျှင် ဘုရားရှင်ရဲ့ မူလလက်ရင်း တပည့်ရင်းဖြစ်တယ်လို့ မောက်မောက်မာမာပြောပြီး သံဃာရဲ့အဆုံးအမကို မခံဘဲ နေခဲ့တယ်။ ဘုရားရှင်ကိုယ်တော်တိုင် ဆုံးမပေမယ့် မရတဲ့အဆုံး ဥပေက္ခာပြုခဲ့ရတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးမှ သံဃာအစည်းအဝေးက ဆန္နရဟန်းကို ဗြဟ္မဒဏ်ပေးလို့ နောင်တရပြီး ဘာဝနာတရားကို မနေမနား အားထုတ်တော့မှ ရဟန္တာဖြစ်သွားတယ်။ ဆရာအားကိုးနဲ့ နွဲ့ဆိုးဆိုးခဲ့တဲ့ ဆန္နရဟန်းကို ဗြဟ္မဒဏ်ပေးပြီး ဆုံးမခဲ့တာဟာ သာသနာသမိုင်းမှာ အထင်အရှားပါပဲ'ဟု ဆရာကြီး ဆရာဒဂုန်ဦးစန်းငွေက ရှင်းပြပါသည်။

ဆက်လက်၍ ဆန္နရဟန်းအကြောင်း အခွင့်ကြုံတိုင်း လေ့လာခဲ့ရာ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော သာသနာရောင်ခြည်စာစောင်တစ်ခုတွင် 'ဆရာဦးသန်းရှိန်(ပုသိမ်)ရေးသားသည့် 'ဗြဟ္မဒဏ်ပေးခံရသော ဆန္နမထေရ်' ဆောင်းပါးကို ဖတ်ရှုရပေသည်။ ထိုဆောင်းပါးတွင် သံဃာအချင်းချင်း ပြောဆိုဆုံးမသည်ကို မနာယူဘဲ ငါတကောကောနေသော ဆန္နရဟန်းအား သီတင်းသုံးဖော်များက ဖျောင်းဖျပြောဆိုသော စကားဖြင့် အစချီထားသည်မှာ မှတ်သားဖွယ်ကောင်းလှပါသည်။

'တစ်စုံတစ်ယောက်၌ မတော်တာကို တွေ့လျှင် အချင်းချင်းပြောဆိုဆုံးမလာခဲ့ခြင်း၊ တစ်စုံတစ်ယောက်၌ အာပတ်သင့်လျှင် ဝိနည်းဓမ္မကံအရ အချင်းချင်း အာပတ်မှထအောင် ကူညီဆောင်ရွက်လာခဲ့ခြင်းကြောင့် ထိုဘုရားရှင်၏ တပည့်သားပရိသတ် သံဃာတော်သည် ဤအခြေအနေတိုင်အောင် တိုးတက်ကြီးပွားလာရပါသည်"

ထိုသို့ သီတင်းသုံးဖော်များက အချင်းချင်း ပြောဆိုဆုံးမသော်လည်း ဆန္နရဟန်းက 'အရှင်ဘုရားတို့ တပည့်တော်ကို ကိုယ်တော်တို့က ပြောဆိုဆုံးမရန် မလိုပါဘူး။ တပည့်တော်ကို ဘာမှ မပြောကြပါနှင့်။ ဘုရားရှင်ဟာ တပည့်တော်ရဲ့ဘုရားဖြစ်ပါတယ်။ လေမုန်တိုင်းကြီး တိုက်လာတဲ့အခါ ထင်းမြက်သစ်ရွက်သစ်ခက်တွေဟာ တစ်နေရာကို ရောက်သွားသလို တပည့်တော်က အရှင်ဘုရားတို့ကို လွှင့်

ပစ်ရှင်းပစ်နိုင်တယ်။ ပြောစရာ ဆုံးမစရာရှိလျှင် တပည့်တော်ကသာ အရှင်ဘုရားတို့ကို ပြောရမှာ၊ ဆုံးမရမှာ'ဟု မခံသာအောင် ပြန်လှန်ပြောဆိုတတ်ပုံကို ဖတ်ရှုရသောအခါ ဆရာအားကိုးနှင့် ထောင်လွှားတတ်သူတို့၏ သဘောကို ကွက်ကွက် ကွင်းကွင်း မြင်လာမိပါသည်။

ဆန္နသည် ဘုရားရှင်အား ပုဂ္ဂိုလ်ရေးအရ ခင်မင်တွယ်တာကြည်ညိုလွန်း၍သာ ရဟန်းပြုခဲ့ခြင်း ဖြစ်သည်။ ဘုရားရှင်၏ တရားတော်များကို နားလည်သဘောပေါက်၍ မဟုတ်။ နားလည်သဘောပေါက်ရန်လည်း မကြိုးစား။ 'ငါ့ဘုရား ငါ့ဘုရား'ဟူ၍ တွင်တွင်ပြောကာ အာပတ်များကို ကျူးလွန်နေခဲ့လေသည်။ ဘုရားရှင်ကိုယ်တော်တိုင် ကြားသိသဖြင့် ခေါ်ယူပြီး သုံးကြိမ်တိုင် ဆုံးမစကား ပြောကြားသော်လည်း မရဘဲ ဆိုးမြဲဆိုးနေရာ ဘုရားရှင်က ငါဘုရား သက်တော်ထင်ရှား ရှိစဉ်မှာ ဆန္နကို ဆုံးမ၍ သင်လို့ ရမည်မဟုတ်။ ငါဘုရားပရိနိဗ္ဗာန်စံဝင်သောအခါမှ ဆုံးမ၍ ရပေမည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။ သဗ္ဗညုတ ဉာဏ် တော်ရှင် မြတ်စွာဘုရားကား ဆန္နရဟန်းသည် အချိန်တန်သောအခါ၌ အရဟတ္တဖိုလ်ကို ရ၍ ရဟန္တာဖြစ်မည်ကို သိတော်မူသဖြင့် အချိန်မတန်သေးခိုက်တွင် ခွင့်လွှတ် တော်မူခဲ့ခြင်း ဖြစ်လေသည်။

ဆန္နရဟန်းအသိတရားရလာစေရန်အတွက်လည်း ဘုရားရှင်သည် ပရိနိဗ္ဗာန် စံခါနီး၌ ဆန္နအား ဗြဟ္မဒဏ်ပေးလေဟု မှာကြားခဲ့ပေရာ အရှင်အာနန္ဒာက ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမသင်္ဂါယနာတင်ရန် မထေရ်ကြီးများ စုဝေးချိန်တွင် ဘုရားရှင်၏ မိန့်မှာချက်ကို မထေရ်ကြီးများအား လျှောက်ထားခဲ့လေသည်။ ထို့နောက် မထေရ်ကြီးများ၏ တာဝန်ပေးချက်အရ အရှင်အာနန္ဒာသည် ဆန္နရဟန်းထံ သွားရောက်၍ ဗြဟ္မဒဏ်ပေးကြောင်းပြောပြသောအခါ ဆန္နရဟန်းက ဗြဟ္မဒဏ်ဟူသည် အဘယ်ပါနည်းဟု မေးမြန်းသဖြင့် အရှင်အာနန္ဒာက ဘုရားရှင်၏ အမိန့်တော်ကို ပြန်ကြားလေသည်။ 'ဆန္နရဟန်းသည် ပြောလိုရာကို ပြောစေ၊ ရဟန်းတို့သည် ဆန္နရဟန်းးကို မပြောဆိုအပ်၊ မဆုံးမအပ်၊ မကံမြစ်အပ်၊ ဤကား ဗြဟ္မဒဏ်တည်း။

ထိုအခါ ဆန္နရဟန်းသည် ဆောက်တည်ရာမရ ဖြစ်သွားလျက် နောင်တ တရားရကာ တစ်ယောက်တည်း ဆိတ်ငြိမ်ရာသို့ သွား၍ ဘာဝနာတရားကို မနေ မနား အားထုတ်သဖြင့် မကြာမီ ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။ ထိုအခါမှ ဗြဟ္မဒဏ်မှ လွတ်ငြိမ်းခွင့် ရခဲ့လေသည်။

မြင်းမြီးဆွဲ မောင်ဆန် ဇာတ်လမ်းသည် သင်ခန်းစာများစွာကို ပေးနေဆဲ ရှိသည်ဟု ကျွန်တော်မှတ်ယူပါသည်။

စင်စစ်အားဖြင့် မောင်ဆန်သည် ဘုရားအလောင်းတော် တောထွက်ရာ၌ မြင်းမြီးဆွဲအဖြစ်လိုက်ပါခဲ့သည်မှာ အမှန်ဖြစ်၍ အစဉ်အလာကြီးမားသူဖြစ်ပါပေသည်။ သို့ရာတွင် သူသည် ဘုရားရှင်၏ တရားတော်ကို သက်ဝင်ယုံကြည်၍ မဟုတ်ဘဲ ဘုရားရှင်အား ပုဂ္ဂိုလ်အရ အရူးအမူး ချစ်ခင်တွယ်တာခြင်းကြောင့်သာလျှင် ဘုရားရှင်၏ နောက်လိုက် တပည့်ရဟန်းဖြစ်လာခဲ့သည်။ သူသည် 'ငါ့ဘုရား၊ ငါ့ဘုရား'ဟု ဝင့်ကြွားနေရုံမှအပ အခြားခံယူချက် ဘာမျှမရှိခဲ့။ 'ငါ့ဘုရားတောထွက်တုန်းက ငါတစ်ယောက်တည်းပဲ ပါခဲ့တာ'ဟု အစဉ်အလာကို ပြန်ဖော်နေရုံမှအပ လက်ငင်း တာဝန်များကို တစ်စုံတစ်ရာ လိုက်နာဆောင်ရွက်မှု မရှိခဲ့။ ထိုမျှသာမက သာသနာရေးတာဝန်ကျေပွန်လျက် ရှိကြကုန်သော သူတော်စင်ရဟန်းများကိုပင် စော်ကား မော်ကား မောက်ကြွားခဲ့သေးသည်။ သူသည် ဘုရားရှင် မျက်ကွယ်ပြုသွားချိန်တွင် အားကိုးရာမဲ့ဖြစ်ကာ အကြဉ်ခံ ဝိုင်းပယ်ခံရတော့မှ သတိတရား ရခဲ့ရှာသည်။ တော်ပါသေးသည်။ ရဟန္တာဖြစ်သွားသည်အထိ ပါရမီရှိသူဖြစ်၍ အဆိုးထဲမှ အကောင်း ထွက်ပေါ်ခဲ့ခြင်းဟု ဆိုစရာ ရှိလေသည်။

မည်သို့ရှိစေ မြင်းမြီးဆွဲမောင်ဆန်ဇာတ်လမ်းမှ သင်ခန်းစာများကို ကျွန်တော် တို့ ယူတတ်လျှင် ရနိုင်မည်ပင်။

အတွေးအမြင် စာစဉ် ၂၂၊ မတ် ၁၉၈၇။

www.burmeseclassic.com

## ဇော်ကန့်လန့်ပုံပြင်

"ဟိုတစ်နေ့က လူရင်းတွေ ဆုံကြလို့ အရက်ဝိုင်းဖွဲ့ကြတယ်ဗျာ။ အရက်က တစ်ပုလင်းတည်း၊ လူက လေးယောက်ဆိုတော့ ခဏလေးနဲ့ ကုန်သွားရော။ ထပ်ဝယ်ခိုင်းတော့လည်း အရက်က ရှားလိုက်တာဗျာ။ ဝယ်လို့ကို မရဘူး။ ဒါနဲ့ လေးယောက်စလုံး ဇော်ကန့်လန့် ဖြစ်ကုန်ကြတော့တာပဲ"

ကျွန်တော်တို့မိတ်ဆွေအသိုက်အဝန်းတစ်စုကြားတွင် 'ဇော်ကန့်လန့်'ဟူသော ဝေါဟာရတစ်ရပ်ကို ဤသို့ဤနှယ် အလျဉ်းသင့်သလို အသုံးပြုခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။ မည်သူက စတွင်၍ မည်မျှကျယ်ပြန့်စွာ သုံးနှုန်းနေကြကြောင်းကိုကား ကျွန်တော်တို့ မသိပါ။

'ဇော်ကန့်လန့်'ဟူသော စကားကို ကျွန်တော်စတင်ကြားရစဉ်က စူးစမ်းခဲ့ဖူးရာ မိတ်ဆွေတစ်ဦးက ရှင်းပြသည်ကိုမူ မှတ်မိနေပါသည်။

"ဒီလိုဗျာ တစ်ရံရောအခါ တောတစ်ခုမှာ ဇော်ဂျီဖြစ်အောင် ကျင့်ကြံနေသူ တစ်ယောက်ရှိသတဲ့။ တစ်နေ့တော့ ဖေဇော်ဂျီလောင်းဟာ သူ့ကိုယ်သူ သိဒ္ဓိပေါက်ပြီ အထင်နဲ့ ဆေးတောင်ဝှေးပခုံးထမ်း၊ 'ဇော် ဟေ့ ဇော်ကွ'လို့ ကြုံးဝါးပြီး မိုးပေါ်ပျံတက်ဖို့ ခုန်လိုက်သတဲ့။ အဲ–သိဒ္ဓိက လုံးဝပြီးပြည့်စုံအောင် ပေါက်သေးတာမဟုတ်လေတော့ အပေါ်တော့ တက်သွားပါရဲ့။ သစ်ပင်အဖျားလွန်အောင် အပေါ်လည်း မရောက်၊ မြေကြီးပေါ်လည်း ပြန်မကျဘဲ လမ်းခုလတ်မှာ တောင်ဝှေးကြီး ပခုံးထမ်းလျက်နဲ့ ကန့်လန့်ကြီး ဖြစ်နေပါရောတဲ့။ အဲဒါ ထင်းခုတ်သမားတွေက မြင်တော့ "ဟော ဟိုမှာ ဇော်ကန့်လန့်ကြီးဟေ့"လို့ ပြောပြောပြီး ရယ်ကြသတဲ့။ ပုံပြင်ကလေးကတော့ ဒါပါပဲခင်ဗျ"

"ဟာ ခင်ဗျားပုံပြင်က ဆုံးလည်း မဆုံးသေးပါလား။ အဲဒီဇော်ကန့်လန့်ဟာ နောက်တော့ ဘယ်လိုဖြစ်သွားသတဲ့လဲ"ဟု ကျွန်တော်က အမှန်တကယ်ပင် သိချင်စောဖြင့် မေးမိသည်။

"ပုံပြင်က မဆုံးဘူးလေဗျာ။ ပုံပြင်အမည်ကိုက ဇော်ကန့်လန့်ပုံပြင်ပါဆိုနေမှ၊ ဇာတ်လမ်းထဲက ဇော်ကန့်လန့်လိုပဲပေါ့။ အဆုံးမသတ်ဘဲ ကိုးလို့ကန့်လန့်

ဒီအတိုင်း ရပ်နေတော့တာပဲ”ဟု မိတ်ဆွေက ဟားတိုက်၍ နိဂုံးချုပ်လိုက်လေသည်။

ဤတွင်မှ ကျွန်တော်သည် ဇော်ကန့်လန့်အဓိပ္ပာယ်ကို ရေးရေးသဘောပေါက်ခဲ့ရသည်။ ကြာသော် တွေးရင်းတွေးရင်း ပို၍ သဘောပေါက်လာသည်။ ဇော်ကန့်လန့်ဖြစ်ရပ်များ၊ ဇော်ကန့်လန့်အလုပ်များ၊ ဇော်ကန့်လန့်လူပုဂ္ဂိုလ်များကို တွေ့ရတိုင်း ထိုပုံပြင်ကို ပြန်တွေးမိပြီး ပြုံးမိသည်။

ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်ပြီး “ငါတကား”ဟု ကြုံးဝါးမာန်တက်ခဲ့သူများ လောကဓံတရားနှင့် ရင်ဆိုင်ရသောအခါ မာန်ပြန်ချ၍ မရတော့ဘဲ အထက်မရောက် အောက်မကျ ဖြစ်နေတတ်သည်ကို သံဝေဂယူ၍ ရှုမြင်ရင်းကပင် ဇော်ကန့်လန့်ပုံပြင်ကို သတိရမိသည်။

တစ်ခါတစ်ရံလည်း ကြီးပွားတိုးတက်ချင်လွန်းသော စိတ်ဖြင့် နည်းမျိုးစုံကြိုးစားရင်း မှန်းသလောက်လည်း ခရီးမပေါက်၊ ရောက်သည့်နေရာကလည်း နောက်ပြန်မဆုတ်နိုင်ဘဲ ဇော်ကန့်လန့် ဖြစ်နေသူများကို ကြည့်၍ တရားကျမိသည်။

အနီးစပ်ဆုံး သင်ခန်းစာအဖြစ် စာရေးဆရာအချင်းချင်းထဲမှပင် ကောက်နုတ်ပြစရာ များစွာရှိပါသည်။ စာရေးဆရာတစ်ဦးသည် ပရိသတ်အကြိုက်နှင့် တွေ့သွားကာ ငယ်ငယ်ရွယ်ရွယ်နှင့် တစ်ဟုန်ထိုးအောင်မြင်ထွန်းကားသွားသည်။ အောက်ခြေလွတ်သွားသည်။ အပျော်အပါး လောင်းကစားအစုံလုပ်သည်။ နောက်ဆုံးတော့ သူကျဆင်းသည်။ သို့သော် မြေကြီးပေါ်အထိ ပြန်မရောက်။ ယခင်အရှိန်အဝါဖြင့် စာတော့ရေးနေဆဲ။ သူ့ကိုယ်သူ ပထမတန်းအဆင့်ဟု ဖွတ်မိုတ်ယုံကြည်နေဆဲ။ သို့ပေမယ့် သူ့ကို လက်ရှိပထမတန်းအဆင့် ရှိနေသူများကလည်း တစ်တန်းတည်းဟု အသိအမှတ်မပြု။ သူလောက် မအောင်မြင်သေးသူများကလည်း အောက်ခြေလွတ်နေသူဟု သူ့ကို သတ်မှတ်ကာ ဆေးဖော်ကြောဖက် မလုပ်ကြ။ သို့ဖြင့် သူသည် ဇော်ကန့်လန့်စာရေးဆရာဖြစ်နေရလေသည်။

နောက်တစ်မျိုးမှာ စာရေးဆရာဖြစ်အောင် နည်းမျိုးစုံဖြင့် ကြိုးစားသူတစ်ဦးအကြောင်း။သူသည်အောင်မြင်ကျော်ကြားသော စာရေးဆရာဖြစ်လာလောက်အောင် ပါရမီမပါ။ အစွမ်းအစမရှိ။ သို့ပေမယ့် စာနယ်ဇင်းအယ်ဒီတာများအား သူ့စာမူများကို မလွှဲမရှောင်သာ သုံးစေနိုင်သော ‘အနေအထား’၌ ရှိနေသည်။ ထို့ကြောင့် ကာလတစ်ကန့်မှာဖြင့် သူ့စာတွေကို စာနယ်ဇင်းတွေမှာ တွေ့နေရသည်။ အချို့က စာအုပ်တစ်အုပ်စ နှစ်အုပ်စ ထုတ်ပေးကြသေးသည်။တစ်နေ့တစ်ချိန်မှာတော့ သူသည် ထိုအနေအထား၌ မရှိတော့ဘဲ လောကဓံအလှည့်အပြောင်းတစ်ခုနှင့် ကြုံရသောအခါ သူ့စာတွေ တစ်စတစ်စ ပျောက်သွားတော့သည်။ သို့သော် လူကတော့ ပျောက်မသွား။ ဇော်ကန့်လန့်တစ်ယောက်အဖြစ် တလည်လည် ရှိနေဆဲပင်။

www.burmeseclassic.com


စီးပွားရေးနယ်ပယ်မှာလည်း အလားတူပင်။ ခေတ်ပျက်သူဌေးများ၊ အထည်ကြီးပျက်များသည် ဇော်ကန့်လန့်များပင် ဖြစ်ပါသည်။ မဟုတ်မတရားနည်းမျိုးစုံဖြင့် ပွပေါက်တိုးပြီး သူဌေးဖြစ်လာသူများသည် ပညာစွမ်းဖြင့်လည်းကောင်း၊ သမ္မာအာဇီဝ စီးပွားရေးလုပ်ငန်းဖြင့်လည်းကောင်း ကြီးပွားချမ်းသာလာသူများအကြားတွင် ကန့်လန့်ကြီး ဖြစ်နေတတ်သည်။ ပွပေါက်တိုးပြီး ချမ်းသာလာသူများအား အဆင့်အတန်းရှိသော လူ့အသိုက်အဝန်းက နှစ်နှစ်ကာကာ လေးလေးစားစား ဆက်ဆံသမှုမပြုကြ။ ယခင်ဘဝတူများကလည်း သူတို့ကို အောက်မကြို့ချင်။ ယခင်ကလိုလည်း လိုက်လိုက်လှဲလှဲ အပေါင်းအသင်းမလုပ်ချင်။ သို့ဖြင့် ပွပေါက်တိုးပြီး ဖြတ်လမ်းမှ သေဌေးဖြစ်လာသူများမှာ လူမှုဆက်ဆံရေးနယ်ပယ်တွင် ဇော်ကန့်လန့်များ ဖြစ်နေလေသည်။

ကောင်းရောင်းကောင်းဝယ် စီးပွားရေးလုပ်စားသူများထဲတွင်လည်း ဇော်ကန့်လန့်ဖြစ်သူတွေ တွေ့ဖူးသည်။ မိတ်ဆွေတစ်ဦးသည် ပြည်တွင်းဖြစ်စက္ကူခေတ်ကောင်းချိန်၌ စက္ကူစက်ကလေးတည်၍ အလုပ်လုပ်ရာ ဖောက်သည်အတော်များများရ၍ လုပ်ငန်းတွင်ကျယ်စပြုလာခိုက် သူ၏ စက္ကူစက်တည်ရှိသော နေရာတစ်ဝိုက် လျှပ်စစ်မီးများ ဖြတ်တောက်ခံရသဖြင့် စက်ကို ပိတ်လိုက်ရသည်။ ဤတွင် သူ့ခများအခြားစီးပွားရေးပြောင်းလုပ်ရကောင်းနိုးနိုး မီးပြန်ရချိန်ကိုပဲ စိတ်ရှည်ရှည်စောင့်ရကောင်းနိုးနိုး ဇော်ကန့်လန့် ဖြစ်နေရရှာလေသည်။

အလားတူပင် 'ဇော်ကန့်လန့်'ဟူသော ဥပမာအလင်္ကာဖြင့် တင်စားပြောဆို၍ရသောဖြစ်ရပ်များနှင့် လူပုဂ္ဂိုလ်အတော်များများကို တွေ့ဖူးကြုံဖူးပါသည်။ ထိုသို့တွေ့ကြုံရလျှင် "ဒီလူကတော့ ဇော်ကန့်လန့်ဖြစ်နေပြီ' 'ဒါကတော့ ဇော်ကန့်လန့်အဖြစ်မျိုးပဲ'ဟု ပြောမိသောအခါ အဓိပ္ပာယ်ပေါက်ပြီးသား လူအချင်းချင်းမဟုတ်ပါက 'ဘာလဲဗျ ဇော်ကန့်လန့်ဆိုတာက'ဟု ပြန်အမေးခံရတတ်ပါသည်။ ထိုအခါ ကျွန်တော်တို့က ဇော်ကန့်လန့်ပုံပြင်ကို ထပ်မံဖောက်သည်ချပါသည်။ နားထောင်ရသူက ကျွန်တော့်တုန်းက လိုပင် 'ခင်ဗျား ပုံပြင်က ဆုံးလည်းမဆုံးပါလား။ အဲဒီ ဇော်ကန့်လန့်ဟာ နောက်တော့ ဘာဖြစ်သွားသတဲ့လဲ'ဟု မေးစမြဲ ဖြစ်ပါသည်။ ကျွန်တော်တို့ကလည်း 'ပုံပြင်က မဆုံးဘူးလေဗျာ။ ပုံပြင်နာမည်အတိုင်း တိုးလို့တန်းလန်းရပ်နေတော့တာပဲပေါ့'ဟု ပြောရစမြဲပါတည်း။

အတွေးအမြင် စာစဉ် ၂၃၊ ဧပြီ ၁၉၈၇။

www.burmeseclassic.com

## လိုအပ်သောဒေါသ

ဘာသာပြန်သူ၏ စကားချီး

[ဂျပန်နိုင်ငံမှ ထုတ်ဝေနေသော 'ငြိမ်းချမ်းရေး၊ ပျော်ရွှင်မှုနှင့် သာယာဝပြောမှု (ပီအိပ်ချ်ပီ) (Peace, Happiness & Prosperity-PHP) ခေါ် အင်္ဂလိပ်ဘာသာဖြင့် လစဉ် ထုတ်စာစောင်ကလေးတစ်ခုကို ကျွန်တော်တို့ ရနိုင်သမျှ စုဆောင်း၍ ဖတ်ရှုလေ့လာကြရပါသည်။ 'ပီအိပ်ချ်ပီ'စာစောင်သည် အသိဉာဏ်ဖွံ့ဖြိုးရေးအတွက် လေ့လာဆည်းပူးလို သူများအဖို့ စာကောင်းပေကောင်း ဆောင်းပါးကောင်းများစွာ ပါရှိပါသည်ဟု ကျွန်တော်တို့ ယုံကြည်သည့်အလျောက် ယင်းစာစောင်မှ ဆောင်းပါကောင်းအချို့ကို 'အတွေးအမြင်'တွင် ဘာသာပြန်ဆိုဖော်ပြခဲ့ဖူးပါသည်။

ယခုလတွင် ပီအိပ်ချ်ပီအဖွဲ့အစည်းကို တည်ထောင်ခဲ့သူလည်းဖြစ်၊ လက်ရှိ ဥက္ကဋ္ဌလည်းဖြစ်သော ကိုနိုဆူကေမတ်ဆုရှိတ ကိုယ်တိုင်ရေးသားသည့် 'စီမံခန့်ခွဲရေးတွင် ဒေါသကို အသုံးချနည်း'ဆောင်းပါးကို ပြန်ဆိုဖော်ပြပါသည်။ ယခုအခါ အသက် ၈၀ ကျော် အရွယ်ရှိပြီဖြစ်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ ဘဝအတွေ့အကြုံမှ ရရှိသော အတွေးအမြင်ရှုထောင့်အချို့မှာ စိတ်ဝင်စားဖွယ် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။]

ရုရှား–ဂျပန်စစ်ပွဲ (၁၉၀၄–၁၉၀၅)ဖြစ်ပွားပြီး မကြာမီနှစ်များအတွင်း၌ ကျွန်ုပ်သည် အသက် ၁၄နှစ် ၁၅နှစ်အရွယ်ခန့် ရှိနေပြီး အိုဆာကာမြို့ စက်ဘီး အရောင်းဆိုင်တစ်ဆိုင်၌ အသက်အငယ်ဆုံး အလုပ်သမားကလေးတစ်ဦးအဖြစ် အလုပ်လုပ်နေပါသည်။ တစ်ခါသော် ကျွန်ုပ်ထက်အသက်ကြီးသော အလုပ်သမား တစ်ယောက်သည် ဆိုင်ရှိ စက်ဘီးပစ္စည်းအချို့ကို ခိုးမှုကျူးလွန်ပါသည်။ အလုပ်ရှင် သိသွားသောအခါ အလုပ်သမားကို ပြစ်တင်မောင်းမဲသည်။ သို့ရာတွင် ထို အလုပ်သမား၏ လုပ်ရည်ကိုင်ရည်ကို အလုပ်ရှင်က သဘောကျနေပြီဖြစ်၍ အလုပ်မှထုတ်ပစ်သည်အထိ အရေးမယူပါ။

www.burmeseclassic.com


ဤတွင် ကျွန်ုပ်ကမူ ထိုအလုပ်သမား၏ လုပ်ရပ်ကို ခွင့်မလွှတ်နိုင်ဘဲ အလုပ်ရှင်က သူ့အားအလုပ်မှ ထုတ်မပစ်သည်ကို ကန့်ကွက်သောအားဖြင့် အလုပ်မှ ထွက်ရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ကျွန်ုပ်၏ထွက်စာကို အလုပ်ရှင်ထံသွားပေးရင်း 'ကျွန်တော်အလုပ်က ထွက်ပါတယ်ဆရာ'ဟု ပြောလိုက်ပါသည်။

'ကြံကြီးစည်ရာ မင်းက ဘာကြောင့်အလုပ်ထွက်ချင်ရတာလဲ'ဟု အလုပ်ရှင်က အံ့သြတကြီးဖြင့် မေးပါသည်။

"ဒီလိုပါဆရာ၊ မရိုးသားတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်နဲ့ ကျွန်တော်အတူ တွဲပြီး အလုပ်မလုပ်ချင်ပါဘူး။ ဒါပေမယ့် ဆရာက သူ့ကို ဆက်ထားဖို့ ဆုံးဖြတ်ခဲ့လေတော့ ဆရာ့ဆုံးဖြတ်ချက်ကို ကျွန်တော်သဘောမတူနိုင်တဲ့အတွက် ကျွန်တော်ပဲ အလုပ်က ထွက်ပါရစေဆရာ"

ကျွန်ုပ်၏စကားကြောင့် အလုပ်ရှင်မှာ အကျပ်အတည်းဆိုက်သွားသည်။ သူက ခိုးမှုကျူးလွန်သူ အလုပ်သမားအား ပြုပြင်ရန် အခွင့်အရေးပေးလိုသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်ကိုလည်း အဆုံးရှုံးမခံလို။ သို့ဖြင့် နောက်ဆုံးတွင် အလုပ်ရှင်က ထိုအလုပ်သမားကို ထုတ်ပယ်လိုက်ရပါသည်။

နှစ်အတန်ကြာပြီးနောက် ကျွန်ုပ်ကိုယ်တိုင် အလုပ်ရှင်တစ်ဦးဖြစ်လာသော အခါတွင်မှ ဟိုယခင် စက်ဘီးဆိုင်ပိုင်ရှင်က ခိုးမှုကျူးလွန်သူအလုပ်သမားအား အပြစ်တင် သတိပေးရုံသာ အရေးယူပြီး အလုပ်မှ ထုတ်ပစ်သည့်အထိ အရေးမယူလိုခြင်း၏ အကြောင်းကို နားလည်သဘောပေါက်လာပါသည်။ အတိတ်ကို ပြန်ပြောင်းသုံးသပ်မိသောအခါ ထိုစဉ်က ဆိုင်ပိုင်ရှင်၏ နေရာတွင် ကျွန်ုပ်ရှိပါကလည်း သူ့နည်းတူ ဆုံးဖြတ်ခဲ့လိမ့်မည်သာ ဖြစ်သည်ဟု တွေးမိပါသည်။ အပြစ်ကျူးလွန်မိသော လူငယ်တစ်ဦးအား ကရုဏာရှေ့ထား၍ ပဲ့ပြင်ဆုံးမခြင်းသည် ထိုလူငယ်၏ နောင်ရေးအတွက် အကောင်းဆုံး အရေးယူမှုပင်ဖြစ်ကြောင်း ကျွန်ုပ်ခံယူလာနိုင်ပါသည်။

သို့သော် ဤအတွေးမျိုးသည် အသက် ၁၅နှစ်အရွယ် အလုပ်သင် လူငယ်ကလေးတစ်ဦးနှင့် အဟပ်ကွာလွန်းပါသည်။ ထိုအသက်အရွယ်တုန်းက ကျွန်ုပ်သည် ကျွန်ုပ်တို့၏ လုပ်ငန်းခွင်ကလေးတွင် တရားမျှတမှုတစ်ခုတည်းကိုသာ မြင်တွေ့လိုခဲ့ပါသည်။ ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးကို တမင်သက်သက် ရန်လိုမုန်းတီးပြီး ပြုမူခဲ့ခြင်းမဟုတ်ပါ။ ပြစ်မှုကျူးလွန်သူကို အပြစ်အလျောက် အရေးယူခြင်းသည် လုပ်ငန်းခွင်၏ အကျိုးစီးပွားအတွက် ကောင်းရာကောင်းကြောင်း ပြုမူခြင်းဖြစ်သည်ဟု ကျွန်ုပ်ရိုးရိုးလေး တွေးခဲ့ပါသည်။ အပြစ်ကျူးလွန်သူကို ထိထိရောက်ရောက် အရေး

မယူ၍ ဖြစ်ပေါ်လာခဲ့သော ကျွန်ုပ်၏ ဒေါသသည် အများအကျိုးအတွက် ပေါ်ပေါက်ရသော ဒေါသဟု ဆိုနိုင်ပါသည်။

မည်သို့ရှိစေ ထိုအရေးအခင်း ဖြစ်ပွားပြီးနောက် ကျွန်ုပ်တို့၏ စက်ဘီးဆိုင်ကလေးတွင် အလုပ်သမားတို့၏စိတ်ဓာတ်ရေးရာပိုင်းသည် အများကြီး တိုးတက်လာခဲ့သည်ကား အမှန်ပင်ဖြစ်ပါသည်။ လုပ်ငန်းခွင်တစ်ခုလုံးရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်လကြ၍ ပစ္စည်းအရောင်းစံချိန်လည်း သိသိသာသာ တက်လာခဲ့ပါသည်။

ဤအတွေ့အကြုံက ကျွန်ုပ်ကို သင်ခန်းစာတစ်ခု ပေးခဲ့ပါ၏။

"သင်၏ ရာထူးအဆင့် မည်မျှနိမ့်ကျသည်ဖြစ်စေ တရားမျှတမှန်ကန်သည်ဟု စွဲမြဲယုံကြည်သောကိစ္စအတွက် သင့်ကိုယ်ကျိုးကို စွန့်လွှတ်သည်အထိ သန္နိဋ္ဌာန်ချ၍ လုပ်ဆောင်ပါက သင်၏ ပတ်ဝန်းကျင်ကို ပို၍ ကောင်းမွန်သော အခြေအနေသို့ ပြောင်းလဲနိုင်စွမ်း ရှိသည်"

*

ယခုအခါ ဂျပန်လူမျိုးများသည် 'အချင်းချင်း သင့်မြတ်ညီညွတ်ရေး' ဆိုသည်ကို ရှေ့တန်းတင်လျက် လုပ်ဖော်ကိုင်ဖက်အချင်းချင်းထဲက အမှားများ ကျူးလွန်ခြင်းကို သည်းခံခွင့်လွှတ်နေကြသည်။ လုပ်ငန်းကြီးတစ်ခုလုံး နာမည်ပျက်ရတော့မည့်အရေးကြုံမှသာ ပြုပြင်ကြတော့သည်။ ကျွန်ုပ်တို့သည် လူတစ်ယောက်ကို မျက်နှာတည့်တည့်ဆိုင်၍ တိုက်ရိုက်ပြစ်တင်ဝေဖန်ရန် ဝန်လေးကြသည်။ ထိုသူထိခိုက် နစ်နာသွားမည်ကို စိုးရိမ်ကြသည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောချင်း မတိုက်ဆိုင် ပါကလည်း ကျွန်ုပ်တို့သည် ပွင့်ပွင့်လင်းလင်း ပြောလေ့ဆိုလေ့မရှိကြ။ တစ်ပါးသူ၏ ထင်မြင်ချက်နှင့် ဆန့်ကျင်သော မိမိ၏အယူအဆကို ကျွန်ုပ်တို့သည် သတိကြီးစွာထား၍ တင်သွင်းနေကြရသည်။

ဤသို့အားဖြင့် စီးပွားရေးလုပ်ငန်းများတွင်သော်လည်းကောင်း၊ လူမှုရေးရာဆက်ဆံရေးတွင်လည်းကောင်း၊ ပြဿနာများ၊ အငြင်းပွားမှုများကို ဖြေရှင်းရာ၌ မရေမရာ မပြတ်မသား ဖြစ်လာလေ့ရှိသည်။

ဂျပန်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလ၌ ဒေါသထွက်သင့်ချိန်တွင် ဒေါသထွက်တတ်သော မန်နေဂျာကောင်းတစ်ယောက်ရဖို့ အတော်ခဲယဉ်းလာသည်။ သဘောကောင်း မနောကောင်း၊ မန်နေဂျာဖြစ်ရုံဖြင့် မန်နေဂျာကောင်းတစ်ယောက် မဖြစ်နိုင်ပါ။ သည်းခံခွင့်လွှတ်နားလည်နိုင်စွမ်းရှိခြင်းနှင့် နားလည်မှုရှိခြင်းသည် ဦးစီးခေါင်းဆောင် နေရာအတွက် အရေးကြီးလှသော အရည်အချင်းများ ဖြစ်သော်လည်း

www.burmeseclassic.com


ကျွန်ုပ်အနေဖြင့်မူ ဒေါသဖြစ်သင့်ချိန်၌ ဒေါသဖြစ်ခြင်းကို မရှိမဖြစ်လိုအပ်သော အရည်အချင်းတစ်ရပ်ဟု ဆိုချင်ပါ၏။ ပမာအားဖြင့် ကုမ္ပဏီတစ်ခု၏ အကြီးအကဲ ဥက္ကဋ္ဌဖြစ်သူသည် သူ၏ အလုပ်သမားများအကြား၌ 'တို့ဥက္ကဋ္ဌက ပုံမှန်ဆိုရင် အင်မတန်သဘောကောင်းပြီး သိမ်သိမ်မွေ့မွေ့ ဆက်ဆံတတ်တယ်။ အဲသူဒေါသ ထွက်လာပြီဆိုရင်တော့ မလွယ်ဘူးဟေ့၊ တကယ် ပြတ်တယ်'ဟူ၍ နားလည်ထားစေရန် လိုအပ်သည်။ သို့မှသာ ခိုင်မာသော ခေါင်းဆောင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

သတိချပ်ရန်တစ်ချက်မှာ မန်နေဂျာတစ်ယောက်သည် စိတ်အလွန်တိုလေ့ရှိပြီး သာမန်ကိစ္စကလေးတိုင်းလိုလို၌ ဒေါသအိုးပေါက်ကွဲနေတတ်လျှင် ထိရောက်သော ခေါင်းဆောင်မှု ပေးနိုင်လိမ့်မည် မဟုတ်ပါ။

အနောက်ဂျာမနီဝန်ကြီးချုပ် ကွန်းရာ့ဒ်အက်ဒီနော်ဝါက အမေရိကန်သမ္မတကြီး အိုင်ဆင်ဟောင်ဝါကို ပြောဖူးသောစကားရှိသည်။ 'လူတစ်ယောက်သည် အသက် ၇၀ ကျော်မှ ဘဝကို သေသေချာချာ နားလည်စပြုပါသည်။ အသက်မည်မျှ ကြီးလာသည်ဖြစ်စေ ဒေါသထွက်သင့်ချိန်၌ ဒေါသထွက်တတ်ဖို့ မမေ့အပ်ပါ'ဟူ၍ ဖြစ်ပါ၏။ အနောက်ဂျာမန် နိုင်ငံရေးခေါင်းဆောင်ကြီး ဆိုလိုသည်မှာ ပုဂ္ဂိုလ်ရေး ခံစားမှုဖြင့် ဒေါသဖြစ်ခြင်းမဟုတ်မူဘဲ အများအကျိုးအတွက် ဒေါသထွက်ခြင်းကို ဆိုလိုသည်ဟု ကျွန်ုပ်ယုံကြည်သည်။ ခေါင်းဆောင်တစ်ဦးတွင် ရှင်းလင်းပြတ်သားသော ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများ ရှိရမည်ဖြစ်ပါသည်။ အများပြည်သူအကျိုးစီးပွားကိုလည်း ကောင်း၊ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကိုလည်းကောင်း ဆန့်ကျင်ထိပါးသော အပြုအမူများကို မြင်တွေ့ရပါက ခေါင်းဆောင်တစ်ဦးသည် ဒေါသ ထွက်ရပေမည်။

နိုင်ငံရေးခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲသူများသည် ဒေါသထွက်တတ်ခြင်း၏ တန်ဖိုးကို လေ့လာအပ်ပါသည်။ တရားမျှတမှုမရှိသော ကိစ္စရပ်များကို တွေ့ရပါက ဒေါသဖော်ထုတ်ရမည်ဖြစ်ပါသည်။

တရားမျှတမှုမရှိသော ကိစ္စရပ်များကို ဒေါသဖြစ်တတ်ဖို့ အရေးကြီးဆုံးသော လိုအပ်ချက်သည်ကား ကမ္ဘာလုံးဆိုင်ရာ စံနှုန်းအရ မည်သည်က အမှန်၊ မည်သည်က အမှားဆိုသည်ကို ခွဲခြားဆုံးဖြတ်တတ်ရေးပင် ဖြစ်ပါသတည်း။

အတွေးအမြင် စာစဉ် ၂၄၊ မေ ၁၉၈၇။

www.burmeseclassic.com

## မွန်မြတ်သောအလုပ်

ကလေးငယ်များကို လူကြီးများက မေးလေ့ရှိသော မေးခွန်းတစ်ခုရှိသည်။ "မင်းကြီးလာလျှင် ဘာလုပ်မလဲ"

ထိုအခါ ကလေးတို့က မိမိတို့စွဲမိစွဲရာ၊ အားကျမိအားကျစရာ စံနမူနာပုဂ္ဂိုလ်များကို ရည်ညွှန်း၍ "ကျွန်တော်ကြီးဘာရင် စစ်ဗိုလ်ကြီးလုပ်မယ်၊ ဆရာဝန်ကြီး လုပ်မယ်၊ အင်ဂျင်နီယာကြီးလုပ်မယ်၊ မန်နေဂျာကြီးလုပ်မယ်" စသည်ဖြင့် အသီးသီး ဖြေတတ်ကြသည်။

ကျွန်တော်ငယ်စဉ် ဇာတိရွာတွင် နေစဉ်ကလည်း ထိုမေးခွန်းမျိုးနှင့် ကြုံခဲ့ရဖူးပါသည်။ မြို့မှလာလည်သော ဆွေမျိုးသားချင်းများ၊ အရာရှိအရာခံများက ချစ်စနိုးဖြင့် "ဟေ့ကလေး မင်းကြီးလာရင် ဘာလုပ်မလဲ"ဟု မေးကြသည်။ ထိုအခါ ကျွန်တော်မှာ ၉နှစ် ၁၀နှစ်သားခန့် ဖြစ်ပါသည်။ "ကျွန်တော်ကြီးလာရင် သူကြီးလုပ်မယ်"ဟု ဖြေလိုက်သောအခါ မေးခွန်းရှင်လူကြီးများသည် ပထမတွင် ကြောင်တက်တက်ဖြစ်နေကြပါသည်။ ခဏကြာမှ ဝါးခနဲရယ်ကြပြီး "တော်တော်လာတဲ့ ကောင်လေး၊ တခြားကလေးတွေကို မေးလိုက်ရင် ဆရာဝန်လုပ်မယ်၊ စစ်ဗိုလ်လုပ်မယ်လို့ ဖြေကြတာများတယ်။ ဒီကလေးကျမှ ကြံကြံဖန်ဖန် သူကြီးလုပ်မယ်တဲ့"ဟု မှတ်ချက်ချကြသည်။ ချီးမွမ်းခြင်းလား ကဲ့ရဲ့ခြင်းလားတော့မသိ။

ကျွန်တော်ကမူ ကိုယ့်အကြောင်းနှင့်ကိုယ် ရှိပါသည်။ ထိုအချိန်က ကျွန်တော့်ဦးလေးသည် ၁၂ရွာအုပ် သူကြီးဖြစ်၍ ဩဇာအာဏာကြီးလှပါသည်။ အထူးသဖြင့် ဆိုးသွမ်းရမ်းကားသူများကို ဖမ်းဆီး၍ ထိပ်တုံးခတ် ပြစ်ဒဏ်ပေးနိုင်ခွင့်ရှိပါသည်။ သို့သော် သူသည် ရွာလူထုက နှလုံးနာရွံမုန်းနေသူများအား အပြစ်မပေးခဲ့ပါ။ အပြစ်မယူသည့်အပြင် ထိုသူများကို မြှောက်စား၍ပင် နေခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကလေးအတွေးဖြင့် "ငါသူကြီးဖြစ်လိုက်စမ်းချင်တယ်။ ငါသူကြီးဖြစ်မှ ဟိုလူတွေကို ကောင်းကောင်း ဆော်ပစ်မယ်"ဟု ကြံစည်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် သူကြီးတစ်ယောက်တွင်ရှိသော လုပ်ပိုင်ခွင့်အာဏာလောက်ကိုသာ မြင်ဖူး၍ "ကြီးလာလျှင် သူကြီးလုပ်မယ်"ဟု ဆိုခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

သို့သော် မြို့ကျောင်းသို့ပြောင်း၊ တက္ကသိုလ်သို့တက်၍ အရွယ်ကလေးအတန် ရောက်လာသောအခါ သူကြီးလုပ်လိုသောဆန္ဒ ပျောက်ကွယ်သွားပြီး တစ်တိုင်းတစ်ပြည်လုံးနှင့် ဆိုင်သော နိုင်ငံရေးရာများကို စိတ်ဝင်စားလာခဲ့သည်။ သို့ဖြစ်လင့်ကစား လက်တွေ့တွင် နိုင်ငံရေးနယ်ပယ်သို့ မရောက်ရှိဘဲ သတင်းစာသမား စာပေသမားဖြစ်လာခဲ့သည်။

မည်သို့ရှိစေ လက်တွေ့နိုင်ငံရေးနယ်ပယ်သို့ ရောက်မသွားသော်လည်း နိုင်ငံရေးကို 'ပညာရပ်တစ်ခုအနေဖြင့်' လေ့လာလိုက်စားသူအဖြစ်ကား ဆက်လက်အကျွမ်းဝင်နေခဲ့သည်။

ထိုအခါတွင်မှ နိုင်ငံရေးပညာနှင့် နိုင်ငံရေးဆောင်ရွက်သူတို့၏ အခန်းကဏ္ဍကို ပို၍ အလေးအနက်တန်ဖိုးထားလာမိသည်။ နိုင်ငံရေးပညာ၏ သိမ်မွေ့နက်နဲမှုနှင့် လူ့အဖွဲ့အစည်းအတွက် နိုင်ငံရေးဆောင်ရွက်သူတို့၏ ကြီးစွာသော အရေးပါမှုတို့ကို အတော်ပင် သဘောပေါက်လာမိသည်။

'နိုင်ငံရေးလောကဟူသည် လူညစ်တို့၏ ခိုလှုံရာစခန်း'ဟုသော မလိုတမာအပြောမျိုးကို ဗိုလ်ချုပ်အောင်ဆန်းက ဆတ်ဆတ်ထိမခံဘဲ ချေပခဲ့ဖူးကြောင်း ကြားဖူးဖတ်ဖူးကြပါလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးဆောင်ရွက်မှုကို မွန်မြတ်သောအလုပ်ဟူ၍ ခံယူခဲ့သူဖြစ်သည်။ လူသည် နိုင်ငံရေးသတ္တဝါဖြစ်သည်။ လူရယ်လို့ဖြစ်လာလျှင် လူ့အဖွဲ့အစည်းနှင့် ကင်းကွာနေ၍မဖြစ်။ လူ့အဖွဲ့အစည်းထဲမှာနေလျှင် လူရေးလူမှု တိုင်းရေးပြည်မှုတို့ကို စိတ်ဝင်စားရမည်။ ကိုယ့်အကျိုးအတွက်လုပ်ဆောင်ရင်း အများအကျိုးအတွက် ဖြစ်ထွန်းစေရမည်။ သို့မှသာ လူပီသမည်စသော ခံယူချက်တို့ကို ဖြောင့်မတ်သော နိုင်ငံရေးဆောင်ရွက်သူတိုင်းက နှလုံးသွင်းထားစမြဲ ဖြစ်သည်။

သို့ဆိုလျှင် နိုင်ငံရေးဆောင်ရွက်သူဟူသည် 'သာမန်လူ'မဟုတ်ကြောင်း ပေါ်လွင်လာသည်။ ကိုယ့်ပညာရပ်အတွက်သက်သက်၊ ကိုယ့်စီးပွားရေးအတွက် သက်သက်မျှသာ လုပ်ကိုင်နေသူ၊ ကိုယ့်မိသားစုရေးအတွက်သာ စိတ်ဝင်စားသူတို့သည် နိုင်ငံရေးဆောင်ရွက်သူ မဖြစ်နိုင်ချေ။ ထိုသူတို့သည် သာမန်တိုင်းသူပြည်သားသာလျှင် ဖြစ်သည်။ ထိုတိုင်းသူ ပြည်သားတို့၏ အရေးကို နိုင်ငံရေးဆောင်ရွက်သူတို့က ရှေ့တန်းတက်၍ လုပ်ဆောင်ပေးကြရသည်။

'သာမန်လူမဟုတ်သော နိုင်ငံရေးဆောင်ရွက်သူသည် သူထမ်းဆောင်သော အဆင့်အလျောက် တာဝန်ကြီးမားသည်။ ကိစ္စရပ်အသီးသီးတွင် သူ၏ အဆုံးအဖြတ် အမှားအမှန်သည် တိုင်းသူပြည်သားတို့၏ ကံကြမ္မာကို ပြဋ္ဌာန်းမည်ဖြစ်ရကား အဆုံး

www.burmeseclassic.com

အဖြတ်မမှားဘဲ အမှန်အမျှားဆုံး ဖြစ်ရေးသည် သူ၏ စိတ်ဓာတ်နှင့် အရည်အချင်းပေါ်တွင် တည်လေသည်။

စိတ်ဓာတ်ဆိုင်ရာ အပိုင်းကိုကား အထူးဖွင့်ဆိုစရာမလိုပါ။ စိတ်ဓာတ်ကောင်းခြင်း၊ ဆိုးခြင်း၊ မွန်မြတ်ခြင်း၊ နိမ့်ကျခြင်းဟူသည် လူတစ်ဦးချင်းစီ၏ ပင်ကိုစရိုက်ပေါ်တွင် အခြေခံသည်။ လူတစ်ဦးချင်းစီ၏ မိမိကိုယ်မိမိ တစ်သက်တာ ပျိုးထောင်ခဲ့မှု အပေါ်တွင် အခြေခံသည်။ နိုင်ငံရေးဆောင်ရွက်လိုသူသည် အများအကျိုး ဆောင်လိုသော စိတ်ဓာတ်ရှိဖို့ကား မဖြစ်မနေလိုအပ်၏။

အရည်အချင်းအပိုင်းတွင်ကား စဉ်းစားစရာများ ရှိလေသည်။

ဥပမာ လူတို့အား အသက်ကယ်သောအလုပ်ကို လုပ်ရသည့်ဆရာဝန်ဆိုပါစို့။ ဆရာဝန်တစ်ယောက်ဖြစ်လာရန်အခြေခံပညာ ၁၀နှစ်၊ ဆေးပညာ ၇နှစ်၊ လက်တွေ့လေ့ကျင့်မှု တစ်နှစ်၊ စုစုပေါင်း ၁၈နှစ် ကြာမြင့်သည်။ ထိုရွေ့ထိုမျှ ဆည်းပူးသင်ကြားလေ့ကျင့်ပြီးမှ အကြင်သူသည် ဆေးပညာကို ကျွမ်းကျင်တတ်မြောက်ပြီးဖြစ်၍ ဆေးကုသသော အလုပ်ကို လုပ်နိုင်ပြီဟု သက်ဆိုင်ရာတို့က အသိအမှတ်ပြု လက်မှတ်ထုတ်ပေးလေသည်။

ဆရာဝန်ဆေးမှားကုလျှင် အသက်တစ်ချောင်းသာ ဆုံးနိုင်သည်။ နိုင်ငံရေးဆောင်ရွက်သူတို့ အဆုံးအဖြတ်မှားလျှင်ကား တစ်နယ်လုံး(သို့မဟုတ်) တစ်နိုင်ငံလုံး (သို့မဟုတ်) တစ်နွယ်ငင်တစ်စင်ပါ နိုင်ငံအစုလိုက် ကံဆိုးမိုးမှောင်ကျနိုင်သည်။ သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်တည်းဟူသော ကပ်ကြီးသုံးပါးကျရောက်နိုင်သည်အထိ ဆိုးရွားပြင်းထန်နိုင်သည်။

သို့ဆိုလျှင် နိုင်ငံရေးဆောင်ရွက်သူ၏ အရည်အချင်းကား မည်သို့ရှိအပ်ပါသနည်း။

နိုင်ငံရေးဆောင်ရွက်ရန်အတွက် ကျောင်းပညာအဘယ်ရွေ့အဘယ်မျှ ရှိရမည် ဟု ကန့်သတ်ချက်ထားရှိသောနိုင်ငံဟူ၍ကား မကြားဖူးပါ။ စာရေးတတ်၊ ဖတ်တတ် သော အဆင့်အနိမ့်ဆုံးအားဖြင့် ရှိလျှင် နိုင်ငံရေးဆောင်ရွက်၍ ဖြစ်သည်။ ဤနေရာတွင် နိုင်ငံရေးဆောင်ရွက်သူတစ်ဦး၏ အရည်အချင်းနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံရေး သိပ္ပံသူတေသီ ပေါလ်လီယစ်(စ)နှင့် ဝီလျံစတက်ပွန်ကပ် (William P Steponkus) တို့ပြုစုသော နိုင်ငံရေးအကြောင်း (All about Politics) စာအုပ်မှ ကောင်းနိုးရာရာ အချက်အလက်အချို့ကို ထုတ်ဖော်ပြလိုပါသည်။

(၁) နိုင်ငံရေးဟူသောစကားသည် 'ပိုလစ်တစ်'ဟူသောစကားမှ လာသည်။ မူလဂရိဘာသာ ပိုလစ္စ (Polis) ဟူသောစကားမှ သက်ဆင်းသည်။ အဓိပ္ပာယ်မှာ

www.burmeseclassic.com


မြို့တော် ဖြစ်၏။ မြို့တော်ရေးရာတွင် ဝင်ရောက်ဆောင်ရွက်သူကို နိုင်ငံရေးဆောင်ရွက်သူဟု ခေါ်ခဲ့ကြသည်။

(၂) နိုင်ငံရေးဆောင်ရွက်မည့်သူသည် 'အောင်စိတ်'ရှိရမည်။ အောင်မြင်လိုသော ဆန္ဒသည် အောင်မြင်ကြောင်း အဓိကလမ်းညွှန်ဖြစ်သည်။ ယင်းသို့ အောင်စိတ်ရှိသော ပုဂ္ဂိုလ်သည် လူထု၌ ဖြစ်ပေါ်လာသော ပြဿနာတို့ကို တကယ်စိတ်ဝင်စားပြီး တကယ်အရေးယူဆောင်ရွက်လိုသူ ဖြစ်ရမည်။

(၃) နိုင်ငံရေးဆောင်ရွက်လိုသူသည် အုပ်ချုပ်ရေးပညာကို ဆည်းပူးလေ့လာထားရမည်။ သို့တည်းမဟုတ် အုပ်ချုပ်ရေးနှင့် လိုက်လျောညီထွေ ဆောင်ရွက်တတ်ရမည်။

(၄) လူထုရှေ့၌ စကားပြောတတ်ရမည်။ လူထုကို မိမိပြောလိုသမျှ ရှင်းလင်းစွာ နားလည်အောင် ပြောဆိုတတ်ရမည်။

(၅) လူထု၏ လိုအပ်ချက်ကို သိအောင် ကြိုးစားရမည်။ လူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားရမည်။

(၆) အရေးကြီးဆုံးမှာ အရေထူဖို့ ဖြစ်သည်။ သူတစ်ပါးက မိမိကို မည်မျှပင် ထိုးနှက်တိုက်ခိုက်စေကာမူ အလိုက်သင့် အလျားသင့် ခံတတ်ရမည်။ သမ္မတဟယ်ရီထရူးမင်းက 'မီးပူမခံနိုင်လျှင် မီးဖိုချောင်ထဲ မဝင်ပါနှင့်'ဟု ဆိုခဲ့သည်။

(၇) နိုင်ငံရေးဟူသည်မှာ ဖြစ်နိုင်သည်၊ ရနိုင်သည်ကို ဖြစ်အောင် ရအောင်လုပ်ရခြင်းဖြစ်သည်ဟု ဂျာမနီနန်းရင်းဝန်ဘစ္စမတ်က ပြောဖူးသည်။ နိုင်ငံရေးဆောင်ရွက်သူသည် အမှန်တကယ်ဖြစ်ပျက်နေသည်တို့ကို ကြည့်၍လုပ်ရသည်။ စိတ်ကူးကောင်းတိုင်း စိတ်ကူးပြီး စိတ်ကူးထဲမှာမြင်ရသော အရာတို့ ဆောင်ရွက်ခြင်းမျိုးမဖြစ်စေရပေ။ နိုင်ငံရေးဆောင်ရွက်သူသည် လက်တွေ့ဖြစ်နေသော အခြေအနေကို လက်ခံရမည်။ ဖြစ်သင့်သည် ဆိုသောအချက်ကို မကြည့်ဘဲ ဖြစ်နေသော အခြေအနေကို ကြည့်၍ အလိုက်သင့်ဆောင်ရွက်သွားရမည်။ ပေါင်မုန့်တစ်လုံးကို အပြည့်မရနိုင်ချိန်တွင် ပေါင်မုန့်ထက်ဝက်နှင့်တင်းတိမ်နိုင်ရမည်။ ဖော်ပြပါတို့သည် လက်ဝဲလက်ယာ * နိုင်ငံရေးရာ အယူဝါဒ မည်သို့ ကွဲပြားသည်ဖြစ်စေ၊ နိုင်ငံရေးဆောင်ရွက်သူတို့အတွက် ယေဘုယျအခြေခံစံများအဖြစ် လေ့လာဖွယ်ဖြစ်သည်။

ယင်းသို့သော ယေဘုယျအခြေခံ စံများထက် ကျော်လွန်၍ နိုင်ငံရေးကို သိပ္ပံပညာတစ်ရပ်အနေဖြင့် စနစ်တကျ လေ့လာဆောင်ရွက်လိုသူများအတွက်ကား 'နိုင်ငံရေးသိပ္ပံ'ဟူသော ဘာသာရပ်ကို အနိုင်နိုင်ငံ တက္ကသိုလ်များတွင် သင်ကြားပို့ချပေးလျက် ရှိ၏။

www.burmeseclassic.com

သို့သော် ဆည်းပူးသင်ကြားခြင်းသည် တစ်ကဏ္ဍဖြစ်၍ လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းသည် တစ်ကဏ္ဍဖြစ်လေသည်။ တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံပညာကို ဂုဏ်ထူးဖြင့် အောင်ခဲ့စေကာမူ လက်တွေ့နိုင်ငံရေးဆောင်ရွက်လျှင် အောင်မြင်ချင်မှ အောင်မြင်မည်ဖြစ်သည်။

သို့ဆိုခြင်းကြောင့် နိုင်ငံရေးပညာအလေးထားစရာမလိုဟု မဆိုလိုပါ။ ရှိရင်းစွဲပင်ကိုအရည်အချင်းတွင် စနစ်ကျသော လေ့လာဆည်းပူးမှုကို အားဖြည့်ပေး နိုင်လျှင် အကောင်းဆုံး ဖြစ်ပေသည်။

အတွေးအမြင် စာစဉ် ၂၅၊ ဇွန် ၁၉၈၇။

*** လက်ဝဲလက်ယာ**

*နိုင်ငံရေးလောကတွင် လက်ဝဲနှင့် လက်ယာဟူသော စကားလုံးများ သုံးနှုန်းနေခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယနေ့ခေတ်တွင် ဆိုရှယ်လစ်၊ ကွန်မြူနစ် အယူဝါဒလက်ခံသူများကို လက်ဝဲ၊ အရင်းရှင်ဝါဒလက်ခံသူများကို လက်ယာဟူ၍ ခေါ်ဝေါ်လျက် ရှိသည်။ စင်စစ်အားဖြင့် လက်ဝဲလက်ယာဟူသော စကားလုံးမှာ ၁၈ရာစုတွင် ပြင်သစ်အမျိုးသား လွှတ်တော်တွင်း နိုင်ငံရေးဂိုဏ်းကွဲကြရာမှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဘုရင့်ဂိုဏ်းသားနှင့် ကွန်ဆာဗေးတစ်ဂိုဏ်းသားများသည် သဘာပတိ၏လက်ယာဘက်တွင် ထိုင်ကြသည်။ သဘာပတိ၏ ရှေ့တည့်တည့်တွင် အလယ်အလတ်ဝါဒီ မော်ဒရိတ်ဂိုဏ်းသားများ ထိုင်ကြသည်။ သဘာပတိလက်ဝဲဘက်တွင် အရင်းအမြစ်ကစ၍ ပြုပြင်ရေးဝါဒီ ရယ်ဒီကယ်လ်များ ထိုင်ကြသည်။ ဤသည်ကို အစွဲပြု၍ လက်ယာသမားဆိုလျှင် ကွန်ဆာဗေးတစ်၊ အလယ်အလတ်ဆိုလျှင် မော်ဒရိတ်၊ လက်ဝဲသမားဆိုလျှင် ရယ်ဒီကဲလ်ဟုခေါ်ဆိုလာကြသည်။*

www.burmeseclassic.com

## သက်ငယ်စကား

'သားသမီးတွေဟာ မိဘထက်တော်အောင် ကြိုးစားရမယ်။ တပည့်တွေဟာ ဆရာထက်တော်အောင် ကြိုးစားရမယ်'ဟူသော ဩဝါဒကို ကျွန်တော်အသက် ၄၀ကျော်တော့မှ နှစ်နှစ်ခြိုက်ခြိုက်ကြီး လက်ခံမိပါသည်။

ဤအချိန်တွင် သားသမီးများလည်း အတော်အတန်အရွယ်ရောက်ကြပြီ။ သူတို့လေးတွေကို ဤလောကအလယ်၌ လူတစ်လုံးသူတစ်လုံး ဖြစ်လာစေချင်သည်။ သူတို့လေးတွေ ကြီးလာလျှင် မိမိ၏ လက်ရှိအဆင့်ထက် သာလွန်သော အသိဉာဏ် ပညာရှင်များ ဖြစ်စေလိုသည်။ မိမိ၏ လက်ရှိအဆင့်ထက် သာလွန်သော လူနေမှု အဆင့်အတန်းသို့ ရောက်စေလိုသည်။

သားသမီးများသည် မိဘထက်သာလွန်သော ဉာဏ်ပညာနှင့် လုပ်ရည် ကိုင်ရည် မရှိကြပါက မျိုးရိုးနွယ်ဆက် အစဉ်တစိုက် ဆုတ်ယုတ်နိမ့်ကျသွားဖို့သာ ရှိသည်။ အဆုံးတစ်နေ့တွင် မိမိ၏ မျိုးဆက်သည် လူတောထဲ မတိုးရုံမျှမက လူ့ အဖွဲ့အစည်း၏ အန္တရာယ်များအဖြစ်သို့ပင် ကျဆင်းသွားနိုင်သေးသည်။

ဤအသိဝင်လာပြီးသည့်နောက်တွင် ကျွန်တော်သည် သားသမီးများအား မိမိထက်သာလွန်သော အဆင့်အတန်းသို့ မရောက်လျှင်ရှိစေ၊ မိမိအောက်နိမ့်ကျသော အဆင့်သို့ ရောက်မသွားကြရလေအောင် မည်သို့ ပြုစုပျိုးထောင်ရပါမည်နည်းဟူ၍ အချိန်ရသမျှ ကြံဆသည်။ ဆုံးမပဲ့ပြင်သည်။ ဖျောင်းဖျသည်။ မိဘထက် သာလွန်သော လူချွန်လူမွန်ကလေးများဖြစ်အောင် ပုံသွင်းဖို့ ကြိုးစားသည်။ ကောင်းမြတ်သော စေတနာဖြင့် ပုံသွင်းဖို့ ကြိုးစားခြင်းဖြစ်သည်။

သို့သော် ကျွန်တော်တို့က 'ကောင်းမြတ်သည်'ဟု ယုံကြည်သော စေတနာကို ကလေးတွေက မည်သို့ခံယူသနည်း။ အစပထမတွင် ကျွန်တော်တို့ မစောကြောမိပါ။ ကာလအတန်ကြာတော့မှ 'မျိုးဆက်ကွာဟမှု'ဟူသော ပြဿနာကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားလာရသည်။

'အကောင်းနှင့်အဆိုး'အပေါ် လူကြီးနှင့် လူငယ်တို့၏ ရှုမြင်နလုံးသွင်းခံယူပုံ ကွဲပြားခြားနားလာမှု။

လူကြီးက 'အကောင်း' ဟု သတ်မှတ်ထားသောအရာကို လူငယ်က'အဆိုး'

ဟု မြင်ကောင်းမြင်ကြမည်။ လူငယ်၏ 'အကောင်း'ကို လူကြီးက 'အဆိုး'ဟု မြင်ကောင်း မြင်မည်။

အလွယ်ဆုံးသော ဥပမာပေးရလျှင် ခေတ်ပေါ်စတီရီယိုတေးဂီတအချို့ကို လူကြီးတွေက နားဆူသည်။ လူငယ်တွေက နားဝင်ပီယံ ဖြစ်သည်။ မြန်မာ့ဇာတ်သဘင်မှ ဇာတ်မင်းသားငယ်ငယ်ကလေးများ၏ ခေတ်ပေါ်နှစ်ပါးသွားပုံစံကို လူကြီးတွေက မျက်စိနောက်သည်။ လူငယ်မိန်းကလေးတွေက လှိုက်လှဲစွာ ကြိုဆိုသည်။

ထိုအခါ ကျွန်တော်တို့သည် ငါလူကြီးဟူသော အပေါ်စီးအနေအထားမှ ရပ်တည်၍ သားသမီးများကို ပိတ်ပင်ဟန့်တားမှုများစွာ ပြုမိကြသည်။ ဆီလျော်သော အကြောင်းခံတရားများကို မပြနိုင်ဘဲ အဓမ္မပိတ်ပင်ဖန်များလာသောအခါ ကလေးတွေက ကျွန်တော်တို့အား ရွံမုန်းလာကြသည်။ ထိုမှတစ်ဆင့် ဆန့်ကျင်လာကြသည်။ ဤတွင် 'မျိုးဆက်ကွာဟမှု'သည် ပဋိပက္ခအသွင်ဖြင့် ထိပ်တိုက်တွေ့ခြင်းအဆင့်သို့ ရောက်ရှိသွားသည်။

(၂)

လူငယ်များအား တင်စားသော အသုံးအနှုန်းတစ်ခု ရှိသည်။ 'အညွန့်တလူလူ' ဟူ၍။

အညွန့်တလူလူရှိနေသော လူငယ်များသည် ထိပ်တိုက်မတွေ့ချင်သောကြောင့် အရာရာ၌ လူကြီးအကြိုက်ချည်း လိုက်နေကြလျှင် အညွန့်တုံးကုန်ကြမည်မှာ သေချာသည်။ ကျွန်တော်တို့သည် ကိုယ့်သားသမီးများကို လူတစ်လုံး သူတစ်လုံး အညွန့်တလူလူ ဖြစ်စေလိုသလော။ အကြံတုံး၊ ဉာဏ်တုံးအညွန့်တုံးကလေးများဖြစ်စေလိုသလော။

ဤအကြောင်းအရာများကို တစ်ခါတွင် စာရေးဆရာကြီးတက်တိုးနှင့် ဆွေးနွေးဖူးရာ ဆရာတက်တိုးက 'ခုခေတ်လူငယ်တွေကို ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်အတွေး မွေးမြူတတ်အောင် လေ့ကျင့်ပေးရမယ်ကွ။ ပြီးတော့ ကိုယ့်စိတ်ကူး ကိုယ့်အတွေးကို ထုတ်ပြောချင်လာအောင် အားပေးရမည်။ သူတို့ကို စကားများများ ပြောအောင် အခွင့်အရေးပေးရမယ်။ တို့ငယ်ငယ်က ကျောင်းတွေမှာ စကားရည် လုပွဲတွေ။ ကျပန်းစကားပြောပွဲတွေ လုပ်တာ ဒီသဘောပဲ။ ပြဿနာတစ်ခုနဲ့ ကြုံလာရင် ကိုယ့်သဘောထားက ဘယ်လိုရှိသလဲ။ ကိုယ့်စိတ်ကူးထဲ ဖြစ်လာတဲ့ သဘောထားကို လူကြားထဲ ပြောရဲတဲ့အကျင့်ရှိအောင် လုပ်ပေးရမယ်။ အဲဒီလိုမှ မဟုတ်ရင် လူငယ်တွေဟာ သူများပြောတာကိုပဲ အဟုတ်ထင်၊ အဟုတ်မှတ်။ သူများပြောတာ ကောင်းသလား၊ မကောင်းဘူးလား မစဉ်းစားတော့ဘဲ ခေါင်းညိတ်နေတတ်တဲ့ အကျင့်ကြီးတွေ ပါကုန်လိမ့်မယ်'ဟု ပြောကြားပါသည်။

www.burmeseclassic.com


ဆရာတက်တိုး၏ ထင်မြင်ချက်မှာ ကျွန်တော်တို့ အလေးအနက် သတိပြုသင့်သောအချက်တစ်ချက် ဖြစ်ပါသည်။ လူငယ်တွေကို လူရာဝင်စေလိုလျှင် လူငယ်တွေကို စကားပြောတတ်အောင် လမ်းဖွင့်ပေးရမည်ဆိုခြင်းမှာ ရိုးစင်းသော်လည်း လေးနက်သော အဆိုအမိန့်တစ်ရပ်ပါပေ။ မည်သူတွေက လမ်းဖွင့်ပေးရမည်နည်း။ လူကြီးတွေကပဲ လမ်းဖွင့်ပေးရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် 'သက်ကြီး စကား သက်ငယ်နားထောင်'ဆိုသော စကားပုံဆိုရိုးကို အသေဆုပ်ကိုင်မထားသင့်တော့ ပါ။ 'သက်ငယ်'စကားကိုလည်း 'သက်ကြီး'က နားထောင်ပါမှ လူငယ်များ၏ အနေအထားကို နားလည်နိုင်မည်ဖြစ်ပါသည်။ လူငယ်များကို သူတို့ပြောချင်သောစကား မပြောခိုင်းဘဲ ကိုယ်နားထောင်ချင်သော စကားချည်းသာ ပြောခိုင်းလျှင် အဖြေမှန် မထွက်နိုင်ပါ။

(၃)

ဤနေရာတွင် ကျွန်တော့်မိတ်ဆွေစာရေးဆရာဆောင်းပါးရှင်တစ်ဦး ပြောကြားဖူးသော စကားကို သတိရမိပြန်သည်။ "ကျုပ်ဗျာ လောကကြီးကို အကောင်းမြင်တဲ့ရှုထောင့်က ရေးရင် ရေးတဲ့လူလည်း မင်္ဂလာရှိ၊ ရေးတဲ့စာလည်း မင်္ဂလာရှိ၊ ဖတ်ရတဲ့လူကလည်း မင်္ဂလာရှိတယ်ဆိုပြီး အကောင်းဘက်ကချည်း ကတ်ကတ် သတ်သတ် ရှာဖွေရေးလာလိုက်တာ အခုဆိုရင် အဆိုးရှုထောင့်က ကြည့်လည်း မကြည့်တတ်တော့ဘူး။ ရေးလည်း မရေးတတ်တော့ဘူး။ ကျုပ်ရဲ့မျက်စိထဲမှာ အရာခပ်သိမ်းဟာ အကောင်းချည်း ဖြစ်နေတော့တယ်ဗျာ။ ဒါကြောင့် စာပေဝေဖန်ရေးတွေ ဘာတွေလည်း မရေးတတ်တော့ဘူး။ ကျုပ်သာစာပေဝေဖန်စာရေးရင် အညံ့ဆုံး ဝတ္ထုတစ်ပုဒ်ကိုတောင် ကောင်းလှချည်ရဲ့လို့ ထောက်ခံရေးမိတော့မှာပဲ"ဟူ၏။

ထိုစာရေးဆရာ၏ နမူနာကို ယူ၍ ကျွန်တော်တို့သည် လူငယ်များ၏ ထင်မြင်ချက်ကို ဖော်ထုတ်ရန် အားပေးအားမြှောက်ပြုကြရာ၌ အကောင်း ဘက်ကချည်း ပြောတတ်သော အကျင့်ကြီး ပါမသွားစေရန်လည်း သတိချပ်ရပေမည်။

(၄)

'ရှင်ဘုရင်ကြီး ပုဆိုးမပါဘူးဗျို့'ဟု အော်ဟစ်ရဲသည်မှာ ကလေးသူငယ်သာ လျှင် ဖြစ်ပေရာ အမှန်ကို အမှန်အတိုင်း ရှုမြင်ပြောဆိုရဲသော ကလေးသူငယ်များ၏ မူလစိတ်ဓာတ်ကို ဖွံ့ဖြိုးအောင်သာလျှင် ကျွန်တော်တို့ ကြိုးပမ်းသင့်သည်ဟု ထင်ပါသည်။

အမှန်ကို မြင်တတ်ပြီး အမှန်ကို ပြောတတ်မှသာလျှင် အမှန်ကို လုပ်တတ်ကြ မည် မဟုတ်ပါလား။

အတွေးအမြင် စာစဉ် ၂၇၊ ဩဂုတ် ၁၉၈၉။

www.burmeseclassic.com

## ရေခြားမြေခြား အာရှတိုက်သားများရဲ့ဘဝ

ဤကမ္ဘာကြီးမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရေကြည်ရာမြက်နုရာ ဆိုသလို ရွှေ့ပြောင်းနေထိုင်ကြသူတွေ အများအပြား ရှိကြပါသည်။ အထူးသဖြင့် တောကနေ မြို့ပေါ်တက်ပြီး စီးပွားရှာအခြေချနေထိုင်ကြသလို မဖွံ့ဖြိုးမတိုးတက်သေးတဲ့နိုင်ငံတွေကနေ ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေဆီ ရွှေ့ပြောင်းသွားရောက် အခြေချနေထိုင်ကြသူတွေဟာ ယခု ၂၀ရာစု အလယ်ပိုင်းလောက်ကစပြီး ပိုမိုများပြားလာတယ်လို့ ဆိုပါတယ်။ ထိုသို့ နိုင်ငံရွှေ့ပြောင်း နေထိုင်ကြသူများအနက် အာရှတိုက်နိုင်ငံတချို့က အမေရိကန်နိုင်ငံသို့ သွားရောက်အခြေချ နေထိုင်ကြသူတွေအကြောင်းကို မကြာသေးခင်က ဖတ်ရှုလေ့လာခဲ့ရတာ စိတ်ဝင်စားစရာပါ။

ဆိုလိုရင်းကတော့ အမေရိကန်ရောက် အာရှလူမျိုးအများစုဟာ အလုပ်အကိုင် အဆင့်အတန်းခွဲခြားမှုနဲ့ ကြုံတွေ့ရင်ဆိုင်ခဲ့ရ၊ ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ဒါကြောင့် အာရှလူမျိုးတွေအနေနဲ့ သို့ကလို ခွဲခြားခွဲခြား အလုပ်ခံနေရမှုကို ကျော်လွှားနိုင်ဖို့ ရုန်းကန် ကြိုးစားနေကြတဲ့အကြောင်းပါပဲ။

မည်သို့ရှိစေ အမေရိကန်နိုင်ငံကို သွားရောက်နေထိုင်ကြတဲ့ အာရှတိုက်သား အရေအတွက်ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးပွားနေဆဲပါပဲတဲ့။ စာရင်းဇယားများအရ ၁၉၆၀ပြည့်နှစ်မှာ အမေရိကန် အာရှတိုက်သားဦးရေ ကိုးသိန်းမျှ ရှိခဲ့ရာက ဆယ်နှစ်အကြာ ၁၉၇၀ပြည့်နှစ်မှာ ၁သန်း ၄သိန်း၊ ၁၉၈၀ပြည့်နှစ်မှာ ၃သန်းခွဲ ရှိခဲ့ပြီး ၁၉၉၀ပြည့်နှစ်မှာ ၆သန်းခွဲ၊ ခရစ်နှစ် ၂၀၀၀ပြည့်ရင် ၉သန်း ၉သိန်းအထိ တိုးပွားလာဖွယ်ရှိပါသတဲ့။

နိုင်ငံပြောင်းရွှေ့နေထိုင်ကြတယ်ဆိုတာ အကြောင်းကြောင်းကြောင့် ဖြစ်ပေမယ့် များသောအားဖြင့် ဤဆောင်းပါးအစမှာ ဆိုခဲ့တဲ့အတိုင်း တောက မြို့တက် စီးပွားရှာတဲ့ သဘော၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့သဘောနဲ့ သွားရောက်ကြတာပါပဲ။ မိခင်နိုင်ငံမှာ နေလို့မဖြစ်တော့တဲ့ နိုင်ငံရေးအရင်းခံကြောင့် ပြောင်းရွှေ့ကြတဲ့လူတွေရှိသလို ကိုယ့်နိုင်ငံကို ခြေစုံကန်ပြီး တစ်ကိုယ်ကောင်းအကြံနဲ့ သွားကြ

www.burmeseclassic.com


သူတွေလည်း ဒုနဲ့ဒေးပေါ့။

ဘယ်လိုပဲဖြစ်ဖြစ်၊ ရေခံမြေခံချင်းမတူ၊ အသွေးအရောင်ချင်းမတူ၊ လူမှုရေးဓလေ့ စရိုက်မတူ၊ ယဉ်ကျေးမှုမတူတဲ့ နိုင်ငံတစ်နိုင်ငံမှာ ရာသက်ပန်သွားနေကြတဲ့သတွေအဖို့ အနည်းနဲ့အများ အခက်အခဲတွေရှိစမြဲပါ။ သူတို့တစ်တွေအထဲမှာ 'အောင်မြင်မှုဇာတ်လမ်းတွေ'ရှိတန်သလောက်ရှိသော်လည်း အများစုကတော့ ဘဝရပ်တည်ရေးအတွက် အပတ်တကုတ်ကြိုးစားပြီး အလုပ်လုပ်ကြရတယ်။ တည်တည်တံ့တံ့ အလုပ်တစ်ခုရဖို့အရေး လပေါင်းများစွာ နှစ်နဲ့ချီပြီး ရှာဖွေကြရတယ်။ အလုပ်ရပြန်တော့လည်း အသားဖြူလူမျိုး မဟုတ်လို့ဆိုပြီး လုပ်ခလစာနဲ့ အလုပ်အခွင့်အရေးကအစ ချိုးနှိမ်ခြင်းခံရတယ်။

တရုတ်လူမျိုးတစ်ယောက်ဖြစ်တဲ့ ဟင်နရီတန်ဆိုသူဟာ လွန်ခဲ့တဲ့နှစ်၂၀က ဆိုရင် ကုမ္ပဏီတစ်ခုပြီးတစ်ခု အလုပ်လိုက်လျှောက်ပေမယ့် အာရှတိုက်သားဖြစ်နေလို့ဆိုပြီး ငြင်းပယ်ခြင်းခံခဲ့ရတယ်။ တစ်ခါတော့ အမေရိကန်လူမျိုးမဟုတ်လို့ သူ့ကို အလုပ်မခန့်နိုင်ကြောင်း ရှင်းရှင်းအပြောခံခဲ့ရသလို သူ့ခမျာ တယ်လီဖုန်းရုံကလေးတစ်ခုထဲ ဝင်ထိုင်ပြီး မျက်ရည်သုတ်နေခဲ့ရဖူးသတဲ့။ အခုတော့ တန်ဟာ ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားခဲ့လို့ ဘဏ်လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေပါပြီ။ တန်က သူ့ကို အလုပ်ကလေးတစ်ခုတောင် မပေးနိုင်ဘူးလို့ ငြင်းပယ်ခဲ့တဲ့ ကုမ္ပဏီတွေရဲ့ နာမည်ကိုတော့ ပြန်မပြောတော့ပါဘူး။ အခုဆိုရင် အဲဒီ ကုမ္ပဏီတွေဟာ သူ့ဆီက ငွေချေးနေတဲ့ ဖောက်သည်တွေဖြစ်နေကြပါပြီလို့ တန်က ပြောပါသတဲ့။

ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားခဲ့လို့ ဘဏ်သူဌေးဘဝရောက်သွားတဲ့ တန်လို ကံထူးသူတချို့ရှိသလို အဆင့်အတန်းမခွဲတဲ့ အလုပ်ရှင်ကောင်းနဲ့ ကြုံလို့ ကြီးပွားတိုးတက်သူ တချို့လည်း ရှိတတ်ပါတယ်။ အသက် ၂၆နှစ်သာ ရှိသေးတဲ့ ကိုရီးယားမကလေး ဆူနူနီဆိုရင် နယူးယောက်မြို့ ဘဏ်တိုက်တစ်ခုမှာ အတွင်းရေးမှူးတစ်ယောက်အဖြစ် အလုပ်စဝင်ခဲ့ပြီး လက်ထောက်မန်နေဂျာအဆင့်ကို အမြန်ဆုံးတက်သွားခဲ့တယ်။ ခူနီဟာ အာရှလူမျိုးအချင်းချင်းသာမက မျက်နှာဖြူတွေနဲ့လည်း အပေါင်းအသင်းလုပ်တယ်။ သူ့အဖို့တော့ လူမျိုးရေးခွဲခြားပြီး အနှိမ်ခံရတာ မကြုံဖူးဘူးတဲ့။ ခူနီလို ဘဝလမ်းကြောင်း အဆင်ပြေသူတွေကတော့ သူတို့တစ်တွေဟာ 'ငှက်ပျောသီးလိုပါပဲ'လို့ ပုံခိုင်းပြီး ပြောကြသတဲ့။ အပေါ်ယံအရေခွံက ဝါပေမယ့် အတွင်းက ဖြူတယ်ပေါ့။ လူကတော့ အသားဝါလူမျိုး၊ စိတ်ဓာတ်က မျက်နှာဖြူစိတ်ဓာတ်မွေးပြီး နေနိုင်ရမယ်ဆိုတဲ့ သဘောပေါ့။

အလားတူ ကံကောင်းသူတစ်ယောက်ကတော့ မွန်းယွင်းဆိုတဲ့ အာရှတိုက်

www.burmeseclassic.com

သား လုပ်ငန်းရှင်ကြီးပါပဲ။ သူဟာ အင်ဂျင်နီယာကုမ္ပဏီတစ်ခုမှာ ၂၇နှစ်ကြာ အမှုထမ်းခဲ့ပေမယ့် လျှပ်စစ်အင်ဂျင်နီယာချုပ်အဆင့်ထက် ပိုတက်ဖို့ အခြေအနေမရှိခဲ့ဘူး။ ဒါကြောင့် သူ့ကိုယ်ပိုင်ကုမ္ပဏီတစ်ခုထောင်ပြီး ခွဲထွက်တော့ ၁၁နှစ်အတွင်းမှာ သူ့အလုပ်ရှင်ဟောင်းထက် ပိုပြီး ကြီးပွားလာခဲ့တယ်။ မွန်ယွင်းရဲ့ အောင်မြင်မှုဇာတ်လမ်းက ဘာကို ဖော်ပြသလဲဆိုတော့ အာရှတိုက်သားတွေရဲ့ ဓလေ့စရိုက်ဟာ ကိုယ့်အလုပ်ရှင်(ကျေးဇူးရှင်)ကို အတွင်းကနေ ပြန်မတိုက်ဘဲ အေးအေးဆေးဆေး လမ်းခွဲထွက်၊ ကိုယ့်ဘာသာကိုယ် ကြီးပွားတိုးတက်အောင် ကြိုးစားခြင်းဖြင့် လိုရာဆန္ဒပြည့်စုံနိုင်တဲ့သဘောကို ဖော်ပြနေတယ်လို့ ဆိုပါတယ်။ အမေရိကန်ရောက် အာရှတိုက်သား အတော်များများဟာ ယခင်က ဒီနည်းလမ်းကိုပဲ ကျင့်သုံးခဲ့ကြတာများတယ်။ အခုတော့ တဖြည်းဖြည်း အမြင်ကျယ်လာကြပြီး ကုမ္ပဏီအတွင်းမှာပဲအခွင့်အရေးတောင်းဆိုတာတွေ၊ အလုပ်ပြုတ်နစ်နာကြေးအတွက် တရားစွဲတာတွေ ရှိလာပြီ။ ပိုပြီး အမေရိကန်ဆန်လာကြပြီလို့ ဆိုပါတယ်။

မကြာသေးခင်ကပဲ ဟူစတန်မြို့မှာ ဗီယက်နမ်လူမျိုး စာရေးစာချီတွေကို အလုပ်ထုတ်ပစ်လို့ ဗီယက်နမ် ၁၀၀လောက်က အလုပ်အကိုင် အခွင့်အလမ်း တန်းတူရေး ကော်မရှင်ဆီကို တိုင်တောကန့်ကွက်တိုက်ပွဲဝင်ခဲ့ကြသတဲ့။ ဆန်ဖရန်စစ္စကိုမှာဆိုရင် တရုတ်တန်းက တရုတ်အသင်းတစ်သင်းဆီမှာ လူမျိုးရေးခွဲခြားလို့ တိုင်ကြားအရေးဆိုတဲ့ အမှုပေါင်း တစ်နှစ်တစ်နှစ်ကို ၆၀ကျော်လောက်ရှိနေတယ်။ နယူးယောက်က ဖိလစ်ပိုင်အမျိုးသမီး မန်နေဂျာတစ်ယောက်ကတော့ မျက်နှာဖြူတွေအောက် လစာလျော့နည်းပြီး တစ်နှစ်ကို ဒေါ်လာ ၁၀၀၀၀ ပဲရလို့ မကျေနပ်တဲ့အတွက် လစာတူပေးရေးတောင်းဆိုတဲ့အခါ အလုပ်ထုတ်ခံရတယ်။ ဒါကြောင့် သူ့ကုမ္ပဏီကို တရားစွဲထားတယ်။

နယူးယောက်ရှိ အာရှအသင်းကြီးရဲ့ ဥက္ကဋ္ဌရောဘတ်အောက်စနမ်ကလည်း အာရှလူမျိုးတွေဟာ အသားအရောင်ခွဲခြားမှုဒဏ်ခံနေရတယ်လို့ ထုတ်ဖော်ပြောတယ်။ ၁၉၈၅ ခုနှစ် စာရင်းဇယားများအရ အတတ်ပညာသည်နဲ့ ကျွမ်းကျင်မှုပညာရှင်ဦးရေရဲ့ ၄ဒသမ၃ရာခိုင်နှုန်းဟာ အာရှတိုက်သားတွေ ဖြစ်တယ်။ ဒါပေမယ့် သူတို့ထဲက ၁ဒသမ၄ရာခိုင်နှုန်းသာလျှင် အရာရှိအဆင့်နဲ့ မန်နေဂျာအဆင့်ကို ရရှိခဲ့ကြတယ်လို့ ဆိုတယ်။

အမေရိကန်တွေက အာရှတိုက်သားတွေအပေါ် အမြင်မကြည်လင်ကြခြင်းမှာ အဓိကကျတဲ့ အကြောင်းတစ်ချက်လည်း ရှိပါသေးတယ်။ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံအပေါ် ကုန်သွယ်ရေးအမြတ်ထွက်နေတာရယ်၊ အာရှတိုက်သားတွေ မဆုတ်မနစ်ကြိုးစားပမ်းစား အလုပ်လုပ်ကြတာရယ်၊ ဒီအချက်တွေ

www.burmeseclassic.com 

ပေါ်မှာ အမေရိကန်တွေက အာဃာတရှိနိုင်ပါသတဲ့။

အာရှတိုက်သားတွေဟာ သူတို့မူလတိုင်းပြည်မှာ နေခဲ့တုန်းကသာ အပျင်းတွေ အဖျင်းတွေ ဖြစ်ချင်ဖြစ်မယ်။ အမေရိကန်နိုင်ငံကို ရောက်တဲ့အခါကျတော့ ဘဝပေးအခြေအနေအရ အမေရိကန်တွေထက် အလုပ်ပိုကြိုးစားတယ်။ အာရှသား အချင်းချင်း ပိုပြီ စည်းလုံးတယ်။ မိသားစုသံယောဇဉ် ပိုကြီးတယ်။ ဒါကြောင့် အမေရိကန်တွေက အာရှတိုက်သားတွေရဲ့ အနေအထိုင်နဲ့ လူမှုရေးစရိုက်တွေကို မျက်မုန်းကျိုးလာကြတယ်။ ပြည်သူ့အခွင့်အရေးကော်မရှင်ရဲ့ ၁၉၈၆–ခုနှစ် အစီရင်ခံစာမှာ အာရှတိုက်သားတွေဟာ လူမည်းတွေလောက် လူမျိုးရေးခွဲခြားမှုဒဏ် မခံကြရသော်လည်း လူဖြူတွေရဲ့ အကြမ်းဖက် အနိုင်ကျင့်မှုဒဏ်တွေကိုတော့ နိုင်ငံတစ်ဝန်းလုံးမှာ ကြုံနေကြရတယ်လို့ ဖော်ပြခဲ့တယ်။

အာရှတိုက်သားတွေဟာ အလုပ်အကိုင် အခွင့်အလမ်းတွေ အနိမ့်ခံရပေမယ့် အချိန်ပြည့်အလုပ်တစ်ခုခုရပြီဆိုရင် ကြိုးစားပမ်းစားလုပ်လေ့ရှိကြတယ်။ ဒါကြောင့် အမေရိကန်ရှိ အချိန်ပြည့် အလုပ်သမားတွေရဲ့ အလယ်အလတ်နှစ်စဉ်ဝင်ငွေကို ဇယားချလိုက်ရင် ယခုလို ပေါ်လာပါတယ်။

| **အာရှတိုက်သား** | **ပျမ်းမျှနှစ်စဉ် ဝင်ငွေ(ဒေါ်လာ)** |
|---|---|
| အိန္ဒိယလူမျိုးများ | ၁၈၇၀၇ |
| ဂျပန် | ၁၆၈၂၃ |
| တရုတ် | ၁၅၇၅၉ |
| မျက်နှာဖြူ | ၁၅၅၇၂ |
| ကိုရီးယား | ၁၄၂၂၄ |
| ဖိလစ်ပိုင် | ၁၃၆၉၀ |
| ဟာဝ္စပန်နစ် | ၁၁၆၅၀ |
| ဗီယက်နမ် | ၁၁၆၄၁ |
| လူမည်း | ၁၁၃၇၂ |

ဖော်ပြပါ စာရင်းဇယားဟာ အာရှတိုက်သားတွေရဲ့ အလုပ်ကြိုးစားမှုကို ပြနေပါတယ်။ အာရှတိုက်သားတွေဟာ ရိုးရိုးကျင့် မြင့်မြင့်ကြံ ဆိုတဲ့ဆောင်ပုဒ်ကို ကိုင်ဆွဲပြီး တစ်နယ်တစ်ကျေးမှာ အလုပ်ကိုပဲ ဖိလုပ်နေကြပြန်တော့လည်း အမေရိကန်တချို့က တစ်မျိုး အပြစ်မြင်ကြပြန်ပါသတဲ့။

အာရှလူမျိုးတွေဟာ သွက်လက်တက်ကြွမှုမရှိဘူး။ ခေါင်းဆောင်မှုအားနည်း

www.burmeseclassic.com

တယ်။ ဒါကြောင့် မန်နေဂျာလို ရာထူးမျိုးတွေနဲ့ မထိုက်တန်ဘူးတဲ့။ အဲသလို အကဲဖြတ်ချက်နဲ့ပတ်သက်ပြီး သိပ္ပံနဲ့နည်းပညာဆိုင်ရာ ပညာသည်များ ကော်မရှင်ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး၊ ဘက်တီဗက်တာရဲ့ တုံ့ပြန်ချက်ဟာ မှတ်သားစရာပါပဲ။ သူက ဂျပန်လူမျိုးတွေရဲ့ အောင်မြင်မှုကို ကိုးကားပြီး 'ဂျပန်တွေဟာ စီမံခန့်ခွဲရေး မကျွမ်းကျင်တဲ့ လူမျိုးတွေဆိုရင် ဘယ့်နှယ်ကြောင့် ကမ္ဘာမှာ ကျုပ်တို့ထက် ကြော နေသလဲ။ စဉ်းစားစရာပဲ' လို့ ဆိုပါတယ်။

မည်သို့ရှိစေ အမေရိကန်ရောက် အာရှလူမျိုးတွေကတော့ သူတို့ကိုယ်သူတို့ 'ဆူပါမိုင်နော်ရတီ' (ထိပ်ဆုံးတန်းက လူနည်းစု)လို့ ခံယူပြီး လူမျိုးရေးခွဲခြားမှု ဒုက္ခတွေကြားက ရုန်းကန်ကာ ကြီးပွားရာကြီးပွားကြောင်း ကြိုးစားနေကြဆဲ ပါပဲ။ ငှက်ပျောသီးလို အဝါနဲ့အဖြူ တွဲစပ်နေထိုင်နိုင်အောင် ကြိုးစားကြရင်း နောက်လာမယ့် မျိုးဆက်သစ်တွေကလည်း လူ့အခွင့်အရေးတန်းတူညီမျှရေးအတွက် တိုက်ပွဲဝင်ဖို့ အားယူနေကြတာကို လေ့လာမှတ်သားရပါတယ်။

အတွေးအမြင် စာစဉ် ၂၈၊ စက်တင်ဘာ ၁၉၈၇။

www.burmeseclassic.com

## ဘဝကြမ္မာနှင့် စိတ်အပြောင်းအလဲ

စိတ်သည် ဆန်းကြယ်၏။ ကစားတတ်၏။ အပြောင်းအလဲများ၏။ အပြောင်းအလဲများခြင်းသည်ပင် စိတ်သဘာဝဖြစ်၏။

လူလူချင်း ဆက်ဆံရေးတွင် 'ဒီလူက စိတ်ထားမမှန်ပါဘူးဗျာ။ သိပ်ပြီး စိတ်အပြောင်းအလဲများတာပဲ'ဟူ၍လည်းကောင်း၊ 'ဒီလူကတော့ စိတ်အပြောင်းအလဲမများတတ်ဘူး။ တစ်ခုခု ဆုံးဖြတ်ပြီးရင် ဆုံးဖြတ်တဲ့အတိုင်း လုပ်လေ့ရှိတယ်'ဟူ၍လည်းကောင်း၊ အကဲဖြတ်ကြသည်ကို ကြားဖူးသည်။

မှန်ပါသည်။ စိတ်ထားတည်ကြည်ခြင်းသည် လူကောင်းတို့၏ ဂုဏ်ပုဒ်တစ်ခုပင်ဖြစ်ပေ၏။ သို့သော် စိတ်ထားတည်ကြည်ခြင်းသည် စိုက်လိုက်မတ်တတ်၊ ငါတကော ကောခြင်းနှင့် မတူချေ၊ 'ဒါဆိုဒါပဲ၊ ထွက်ပြီးတဲ့ဆင်စွယ် ဝင်တယ်လို့ မရှိဘူး။ မှားမှားမှန်မှန် တစ်သမတ်တည်း ရပ်တည်သွားမယ်'ဟု ဆိုတတ်သော လူအချို့ကိုလည်း ကြုံဖူး၏။ ခုတစ်မျိုး တော်ကြာတစ်မျိုး စိတ်အပြောင်းအလဲများသူဟု အထင်ခံရမည်စိုး၍ မိမိ၏ဆုံးဖြတ်ချက် မှားနေမှန်းသိလျက် မပြောင်းလဲမပြုပြင်ဘဲ နေသူများလည်း ရှိတတ်၏။

အပြောင်းအလဲဆိုရာတွင် အမှားမှ အမှန်သို့ပြောင်းခြင်းနှင့် အမှန်မှအမှားသို့ ပြောင်းခြင်းဟူ၍ နှစ်မျိုး ရှိနိုင်ပေသည်။ မှန်သည် မှားသည်ဆိုရာတွင်လည်း ပြောင်းလဲသူ၏ စိတ်ခံစားချက်အပေါ်တွင် မူတည်သည်။ ပြောင်းလဲသူဘက်မှကြည့်လျှင် သူ့အနေဖြင့် မှန်သည်ဟု ယူဆသော ပြောင်းလဲမှုကိုပြုခြင်းသာ ဖြစ်ပေမည်။ ပျက်အစဉ်ပြင်ခဏဟူသော စကားအတိုင်း အမှားကို မြင်၍ အမှန်ကိုပြင်သော အပြောင်းအလဲမျိုးသည်ကား ကြိုဆိုအပ်ပေသည်။

သို့သော် လူတို့သည် အဆုံးအဖြတ်များ ချမှတ်ရာတွင် 'ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ'တည်းဟူသော အဂတိတရားများနှင့် ငြိစွန်းတတ်ကြသည်ဖြစ်ရကား လူတို့၏ ယုံကြည်ချက်၊ ခံယူချက် ပြောင်းလဲမှုများကို အကဲဖြတ်သုံးသပ်သောအခါ အဆိုပါ အဂတိလေးပါးအနက် တစ်ခုမဟုတ်လျှင်တစ်ခုကြောင့် ပြောင်းလဲကြခြင်းဖြစ်ကြောင်း တွေ့ရှိရမည်သာဖြစ်သည်။

* * *

စိတ်သဘောထားပြောင်းလဲခြင်းဆိုင်ရာ သဘောသဘာဝများကို စဉ်းစားဆင်ခြင်ရင်း မြန်မာရာဇဝင်မှ စိတ်ဝင်စားဖွယ်အဖြစ်အပျက်အချို့ကို တစ်ဆက်တစ်စပ်တည်း သတိရမိသည်။

ပထမဦးစွာ သတိရမိသည်မှာ ပုဂံခေတ်က ကျန်စစ်သားမင်းနှင့် စောလူးမင်းအကြောင်း–

စောလူးမင်းသည် သူ့အား ပုန်ကန်သော ငရမန်ကန်း၏ လက်တွင်းသို့ ကျရောက်ပြီး အကျဉ်းသားဖြစ်နေချိန် ကျန်စစ်သားက စွန့်စွန့်စားစား ဝင်ရောက်ကယ်တင်ရာ ‘ကျန်စစ်သားသည် ငါ့အားသဘောရိုးနှင့် ကယ်တင်ခြင်းမဖြစ်နိုင်၊ ငရမန်ကန်းသည်ကား ငါ၏ နို့စို့ဖက်ဖြစ်၍ ငါ့ကို အန္တရာယ်ပြုလိမ့်မည်မဟုတ်၊ ကျန်စစ်သားသည် ငါ့ကို ဖျောက်ဖျက်ပစ်ရန် အကြံနှင့် လာခိုးခြင်း ဖြစ်လိမ့်မည်’ဟု စောလူးမင်းက တစ်ထစ်ချယူဆပြီး ‘ကျန်စစ်သား ငါ့ကို လာခိုးနေပါပြီ’ဟု အော်ဟစ်သည်။ သူ့ဘက်သားလား၊ ကိုယ့်ဘက်သားလား မခွဲခြားတတ်သော စောလူးမင်းအား ကျန်စစ်သားက ကျောပိုးထားရာမှ ပစ်ချ၍ ‘စောလူး ရန်သူ့လက်မှာ ခွေးသေဝက်သေ သေရစ်ပေရော့’ဟုဆိုကာ ကိုယ်လွတ်ရုန်း ပြေးခဲ့ရလေသည်။ စောလူးမင်းကား သူ့ဘဝ၏ အရေးအကြီးဆုံးအချိန်ပိုင်းကလေးတွင် သူ့ဘက်သားကိုယ့်ဘက်သား အတွက်မှားပြီး စိတ်ကစားမိ၍ နောက်ဆုံးတွင် ငရမန်ကန်း၏ အဆုံးစီရင်ခြင်းကို ခံခဲ့ရလေသည်။

*

အင်းဝခေတ်တွင် ဘုရင်မင်းခေါင်၏ ညီတော်ရှင်သိဒ္ဓတ်သည် ငယ်စဉ်ဘဝက ဆင်းရဲဖော်ဆင်းရဲဖက်ဖြစ်ခဲ့သော အစ်ကိုဖြစ်သူက သူအား ပစ်ပယ်ပြီး သားတော်မင်းရဲကျော်စွာအား အိမ်ရှေ့မင်းအရာပေးသောအခါ နောင်တော်အား ပုန်ကန်ပြီးနောက် မွန်ဘုရင် ရာဇာဓိရာဇ်ထံသို့ ကူးပြောင်းခိုလှုံခဲ့သည်။

ရာဇာဓိရာဇ်ကလည်း ရှင်သိဒ္ဓတ်အား တစ်နေ့နေ့တွင် အသုံးချနိုင်မည်ဟု ယူဆ၍ ခိုလှုံခွင့် ပေးထားသည်။

ဘုရင်မင်းခေါင် စစ်ချီလာသောအခါ ရာဇာဓိရာဇ်က သူရဲကောင်းလဂွန်းအိမ်အား ဘုရင်မင်းခေါင်ကို စစ်မြေပြင်တွင် ရင်ဆိုင်တိုက်ခိုက်ပြီး သုတ်သင်ရန် တာဝန်ပေးလိုက်၏။ လဂွန်းအိမ်က ကျွန်ုပ်ဘုရင်မင်းခေါင်ကို မသိဟု ဆိုရာ ရှင်သိဒ္ဓတ်အား လဂွန်းအိမ် စီးသော ဆင်ပေါ်တွင် ကုန်းလယ်စီးအဖြစ် တင်၍ လွှတ်လိုက်သည်။ ရာဇာဓိရာဇ်က ရှင်သိဒ္ဓတ်အား ‘မင်း၌ ရှေးက ကောင်းမှု၏ အကျိုးကို ခံစားရမည့်အချိန်ရောက်ပြီ။ ငါသို့ ရောက်လာစကပင် အင်းဝရွှေနန်းကို တင်မည်ဟု နေ့ညမပြတ်အောက်မေ့တော်မူသည်။ ဘုရင်မင်းခေါင် ချီလာသည်ကို ဖမ်း၍ပေးမည်ဟု အာမခံ

www.burmeseclassic.com


သည်။ ငါ့ကျွန်သည် ဘုရင်မင်းခေါင်ကိုမသိ၊ လဝွန်းအိမ်နှင့် ကုန်းလယ်စီး၍ ဘုရင်မင်းခေါင်ကို ပြပါ။ အကြံအတိုင်း ပြီးလျှင် ငါကိုယ်တိုင် အင်းဝသို့ချီ၍ အင်းဝရွှေနန်းတော် မင်းကို တင်မည်။ အင်းဝတွင် ဘုရားရှိခိုး၍ ငါပြန်မည်'ဟု မိန့်မှာလိုက်သည်။

စစ်မြေပြင်တွင် ဘုရင်မင်းခေါင်နှင့် လဝွန်းအိမ် ရင်ဆိုင်တွေ့ကြသောအခါ ဆင်အစွယ်ချင်း မယှက်ခင် ရှင်သိဒ္ဓတ်က သူ့အစ်ကိုအား လှမ်းဟစ်အော်၍ 'မင်းဧကရာဇ် စဉ်လျက် အမှုုအမတ်နှင့် ဆင်တိုက်ဖူးသလော၊ နောက် တပ်အကူလည်း များလှသည်။ တတ်နိုင်ချိမ့်မည်လော၊ ခွာတော့'ဟု သတိပေးသည်။ ထို့ကြောင့် ဘုရင်မင်းခေါင်က ချွန်းငင်ကာ ခွာသွား၏။

ဘုရင်မင်းခေါင်လွတ်သွား၍ ရာဇာဓိရာဇ်က လဝွန်းအိမ်ကို စစ်ဆေးသောအခါ ရှင်သိဒ္ဓတ်က လှမ်းအော်ပြီး သတိပေးသောကြောင့် ဘုရင်မင်းခေါင် ခွာသွားသည်ဟု လျှောက်၏။ ရှင်သိဒ္ဓတ်ကို မေးရာ အမှန်အတိုင်း ပြန်ဖြေ၏။ ဘာကြောင့် ထိုသို့ဆိုသနည်းဟု မေးရာ 'ညီအစ်ကိုဖြစ်၍ ဘေးရောက်မည်ကို စိုးသောကြောင့် ဆိုပေသည်'ဟု ဖြေ၏။ ရာဇာဓိရာဇ်က 'အရပ်အနေမသင့်၍ ငါသို့ရောက်လာသည်။ သူကောင်းဖြစ်အောင် ကြံသည်ကိုမူကား ငါ့ထက်ပင် အစ်ကိုချစ်သေးသည်။ နောင်သော် အတွင်းရန်သူဖြစ်လိမ့်မည်'ဟု ဆို၍ ရှင်သိဒ္ဓတ်အား ကွပ်မျက်လိုက်လေ၏။

ဤကား အစ်ကိုကိုစိတ်နာ၍ ရန်သူထံသို့ကူးပြောင်းခိုလှုံသွားပြီးမှ သံယောဇဉ် မပြတ်နိုင်သောကြောင့် ဘဝနိဂုံးအဆုံးသတ်ခဲ့ရသော ရှင်သိဒ္ဓတ်၏ ကြေကွဲဖွယ် ဖြစ်ရပ်ပေတည်း။

သူသည် အစပထမတွင် အင်းဝထီးနန်းကို မျှော်လင့်ချက်မရှိတော့၍ အစ်ကိုကို ဆန့်ကျင်ပြီး ရန်သူဘက်သို့ကူးပြောင်းသွားခဲ့၏။ တစ်နည်းအားဖြင့် ဆိုရသော် အာဏာလောဘကြောင့် ဘက်ပြောင်းသွားခြင်းဖြစ်၏။

စစ်မြေပြင်တွင် လဝွန်းအိမ်က မင်းခေါင်ကို အနိုင်တိုက်၍ သုတ်သင်လိုက်နိုင်ပါက ရှင်သိဒ္ဓတ်အား ရာဇာဓိရာဇ်က အမှန်တကယ်ပင် အင်းဝတွင် နန်းတင်ကောင်းတင်ပေးဖွယ် ရှိ၏။ ဩဇာခံမဟာမိတ်အဖြစ် အင်းဝထီးနန်းကို ပေးအပ်ဖွယ်ရှိ၏။

သို့သော် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ကြရချိန်တွင် ရှင်သိဒ္ဓတ်သည် သူ့အစ်ကိုအား လဝွန်းအိမ်လက်ချက်ဖြင့် ကျဆုံးသွားမည်ကို မကြည့်ရက်နိုင်ချေ။ ထို တဒင်္ဂတွင် မင်းစည်းစိမ်ကို တပ်မက်သောစိတ်အား သူ၏ မူလအတွင်းစိတ်အခြေခံဖြစ်သော ညီအစ်ကိုသံယောဇဉ်က လွှမ်းမိုးသွားဟန်ရှိ၏။ ထို့ကြောင့်လည်း ဤသို့ပြုလျှင် မိမိ သေရမည်ကို သိလျက် ဟစ်အော် သတိပေးလိုက်ခြင်း ဖြစ်ဖွယ်ရှိသည်။

*

ရာဇာဓိရာဇ်သည် မင်းသားဗညားနွဲ့ဘ၀တွင် ဟံသာဝတီ ထီးနန်းအတွက် ပုန်ကန်နေချိန်၌ သံလျင်မြို့စား အမတ်တိန်သည် ဗညားနွဲ့နှင့် မပူးပေါင်းခဲ့ချေ။ ဗညားနွဲ့အရေးတော်အောင်၍ ရှင်ဘုရင်ဖြစ်လာသောအခါ အမတ်တိန်ကို သတ်ရန် အမိန့်ချမှတ်လေသည်။

အမတ်တိန်က အကျွန်ုပ်၏ အပြစ်ကို ပြတော်မူပါဟု လျှောက်သောအခါ ရာဇာဓိရာဇ်က 'ငါပုန်ကန်နေစဉ်ကာလတွင် အခြားအမှုးအမတ်များသည် ငါနှင့် လာ၍ ပူးပေါင်းကြသည်။ အသင်ကမူ ယခုငါအထွတ်အမြတ်သို့ ရောက်မှ လာရောက်ခစားသည်'ဟု ဆို၏။

အမတ်တိန်က 'ကျွန်တော်သည် အရှင့်ခမလည်းတော်၏ ကျွန်တော်ရင်းဖြစ်၍ သန်လျင်မြို့ကို စားရသည်။ ထီးဖြူဆောင်းသည့် မင်းကိုသာ ခစားသည်။ ထီးဖြူမဆောင်းသေးသည့် မင်းကို မခစားတတ်၊ အမျက်တော်ရှိ၍ ကွပ်ညှပ်တော်မူသော် ကျွန်ုပ်အား သေရမည်။ သို့သော် နောင်အခါ လူအများ ပြောစရာဖြစ်လေတော့မည်။ အမတ်တိန်ငယ်သည် ထီးဖြူဆောင်းရသောမင်းကိုသာ ယုံစားနေပြီး သောင်းကျန်းထောင်ထားသူနှင့် မပူးပေါင်းသောကြောင့် သောင်းကျန်းထောင်ထားသူ မင်းအဖြစ်သို့ ရောက်သောအခါ ခံရလေသည်ဟု ဆိုစမှတ် ပြုစရာဖြစ်လိမ့်မည်'ဟု လျှောက်သည်။ ဤသို့ အလျှောက်ကောင်းသဖြင့် အမတ်တိန်သည် အပြစ်ဒဏ်မခံရဘဲ ပို၍ တိုးတက်ကြီးပွားခဲ့လေသည်။

*

သစ္စာရှိသော အမတ်တိန်သည် ရာဇာဓိရာဇ်လက်ထက်တွင် လက်ရုံးရည် နှလုံးရည်စွယ်စုံရ သူရဲကောင်းကြီးအဖြစ် ထင်ရှားခဲ့၏။

မြန်မာမင်းသား မင်းရဲကျော်စွာ၏ စစ်ဦးသည် မြစ်ဝကျွန်းပေါ်တစ်ဝိုက်သို့ တရကြမ်း ထိုးနှက်ဆင်နွှဲလာသည့်ကာလ၌ အမတ်တိန်သည် ပုသိမ်မြို့မှ ကြံ့ကြံ့ခံနေရ၏။

မင်းရဲကျော်စွာသည် ပုသိမ်မြို့ကိုဝိုင်းထားရာမှ အမတ်တိန်ထံ စာရေး၍ သိမ်း သွင်း၏။ စာ၏ လိုရင်းအချက်မှာ 'အမတ်တိန်အနေဖြင့် မိမိတို့ဘက်သို့ ကူးပြောင်း ဝင်ရောက်ပြီး ပုသိမ်မြို့ကို အညံ့ခံပါ။ သို့ဆိုလျှင် ရာဇာဓိရာဇ်ပေးသည့် စည်းစိမ်ထက် အဆအရာသာလွန်၍ ပေးမည်'ဟူ၍ ဖြစ်၏။

အမတ်တိန်က မည်သို့အကြောင်းပြန်ခဲ့သနည်း။

"ကျွန်ုပ်ကို ရာဇာဓိရာဇ်က ယုံကြည်စိတ်ချလျက် ပုသိမ်မြို့မှ ခုခံရန် တာဝန်ပေးထားသည်။ သင်တို့ဘက်သို့ ကူးပြောင်းရန် စကားဆိုလာခြင်းသည် မင်းရဲကျော်စွာ

အသက်ငယ်သေးသောကြောင့် ဤသို့ဆိုခြင်းဖြစ်သည်။ × × × ပုသိမ်မြို့တွင် ကျွန်ုပ်ကို တာဝန်ပေးထားသည်မှာ ရန်သူဘက်သို့ ကူးပြောင်းပူးပေါင်းရန်မဟုတ်၊ ရန်သူကို တိုက်ဖို့သာ ဖြစ်သည်"

ဤကား အမတ်တိန်၏ အကြောင်းပြန်ချက်ပေတည်း။ ကိုယ်ကျိုးတစ်ခု တည်းကို ကြည့်၍ ရပ်တည်ချက်ပြောင်းလဲခြင်းကို စက်ဆုတ်သော အမတ်တိန်၏ အတ္ထုပ္ပတ္တိကား မော်ကွန်းတင်စရာဖြစ်ခဲ့ချေသည်။

× × ×

အမတ်တိန်အား သိမ်းသွင်းရန် ကြိုးစားခဲ့သော မင်းရဲကျော်စွာသည် အယောင်ဆောင် ကူးပြောင်းသူ အဲမွန်ဒယာနှင့် ကျမှ ခံလိုက်ရလေသည်။

ဒလမြို့ကို မင်းရဲကျော်စွာ၏ တပ်က ဝိုင်းထားစဉ် ဒလမြို့တွင်းမှ ခုခံလျက် ရှိသော ရာဇာဓိရာဇ်၏သားတော် ဗညားဒလနှင့် စစ်သူရဲကောင်း သမိန်အဝန်နိုင်တို့ထံ ရာဇာဓိရာဇ်က တမန်စေလွှတ်လိုသည်။ ဒလမြို့သို့ မိမိတို့စစ်ကူလာတော့မည်ဟူသော သတင်းကို ကြိုတင်ပေးပို့ရန် ဖြစ်သည်။

မင်းရဲကျော်စွာ၏ တပ်များက အထပ်ထပ် ဝိုင်းထားသဖြင့် မည်သူမျှ ဒလမြို့ တွင်းသို့ မဝင်နိုင်ဘဲရှိရာ အဲမွန်ဒယာက ဥပါယ်တံမျဉ်ဖြင့် ဒလမြို့တွင်းသို့ ရအောင် ဝင်သည်။ ဝင်ပုံမှာ ရာဇာဓိရာဇ်နှင့် အမတ်တိန်တို့က မိမိအား ချိုးနှိမ်နှိပ်ကွပ်သဖြင့် စိတ်နာလှသောကြောင့် ခိုလှုံလှာပါသည်ဟု ပြော၍ မင်းရဲကျော်စွာထံသို့ ဝင်ရောက် သည်။ ယုံကြည်အောင်လည်း မြို့ပြင်တိုက်ပွဲတစ်ခုတွင် ဒလမြို့သား နှစ်ယောက်ကို ခုတ်ဖြတ်ပြသည်။ အတန်ကြာမှ တိုက်ပွဲတစ်ခုတွင် ဒလမြို့သားတို့ကို လိုက်ခုတ်မည့် ဟန်ဖြင့် လိုက်၍ မြို့တွင်းသို့ ပြေးဝင်သွားလေ၏။

အဲမွန်ဒယာ လှည့်ဖြားသွားသည်ကို ခံပြင်းလှသော မင်းရဲကျော်စွာက ဒလ မြို့တွင်းမှ အဲမွန်ဒယာထွက်ပြီး ပဲခူးမြို့သို့ ပြန်နိုင်လျှင် ဆုပေးမည်ဟု လောင်းကြေး ခေါ်ရာ အဲမွန်ဒယာက တစ်နံနက်ခင်း၌ လူသေအလောင်းအသွင်ဖြင့် ရေကြောင်းမှ ဖောင်မျှော၍ ထွက်သွားလေသည်။

ဤကား မိမိ၏ ရည်ရွယ်ချက်တစ်ခုအတွက် ဟန်ဆောင်ဘက်ပြောင်းသော နည်းကို ကျင့်သုံးခဲ့သူ အဲမွန်ဒယာ၏ အောင်မြင်မှုနှင့် ဘက်ပြောင်းသူအား ယုံစားမိ သော မင်းရဲကျော်စွာ၏ ရှုံးနိမ့်မှု သာဓကပေတည်း။

× × ×

ဒုတိယ အင်းဝခေတ် အစပျိုးချိန် အနောက်ဘက်လွန်မင်းသည် တောင်ငူ ကို တိုက်ယူပြီးနောက် နောင်တော်ဖြစ်သူ တောင်ငူဘုရင် နတ်ရှင်နောင်ကိုပင် မြို့စား

အဖြစ် ပြန်လည်ပေးထားခဲ့သည်။ သို့ရာတွင် နတ်ရှင်နောင်သည် မြို့စားအရာမျှဖြင့် မကျေနပ်နိုင်ချေ။ အနောက်ဘက်လွန်မင်းကို ပြန်လည် အံတုနိုင်ရန် သံလျင်မှ ပေါ်တူ စီ ဒီဘရစ်တိုခေါ် ငဇင်္ဂါနှင့် လျှို့ဝှက်ပူးပေါင်းခဲ့သည်။ ငဇင်္ဂါအား တောင်ငူကို လာတိုက်ခိုင်းပြီး မိမိအား 'ဖမ်းဆီး'သွားစေခဲ့သည်။

နတ်ရှင်နောင်၏ ဖြစ်ရပ်ကို သုံးသပ်ဆင်ခြင်လျှင် သူသည် ငဇင်္ဂါအား ယုံကြည်ကိုးစားသော(ဆန္ဒစွဲ)ကြောင့် အဂတိဖြစ်ခဲ့သလော။ အနောက်ဘက်လွန်မင်း အပေါ် နာကျည်းမှု(ဒေါသ)ကြောင့် အဂတိဖြစ်ခဲ့သလော။ အနောက်ဘက်လွန်မင်းက မိမိအား ရန်ပြုဖယ်ရှားတော့မည်ဟူ၍ စိုးရိမ်ကြောင့်ကြသော(ဘယာ)ကြောင့် အဂတိဖြစ်ခဲ့သလော။ ငဇင်္ဂါတို့ကဲ့သို့သော လူမျိုးခြား လူရမ်းကားနှင့် ပူးပေါင်းခြင်းသည် အဘယ်မျှ မှားယွင်းကြောင်း မသိနားမလည်သည့် (မောဟ)ကြောင့် အဂတိဖြစ်ခဲ့ သလော။ အတွေးနယ်ချဲ့စရာ များစွာ ရှိနေပေသည်။

မည်သို့ရှိစေ နတ်ရှင်နောင်သည် ကာယကံမြောက်အားဖြင့် ဒီဘရစ်တို ခေါ် ငဇင်္ဂါဘက်သို့ ပြောင်းခဲ့သည်မှာ နောက်ဆုံးတွင် ပေါ်လွင်လာခဲ့သည်ဖြစ်ရကား အနောက်ဘက်လွန်မင်း၏ အဆုံးစီရင်ခြင်းကို ခံလိုက်ရလေသည်။ နှောင်းခေတ်တွင် 'နတ်ရှင်နောင်'သစ္စာဖောက်–မဖောက်ဟူ၍ အချေအတင်ငြင်းပွားစရာ ဖြစ်ခဲ့သေးသော်လည်း အသမိုင်းတွင် ဤမြန်မာဘုရင်တစ်ပါး၏ ဖြစ်ရပ်မှာ အမည်းစက်ကြီး ထင်ကျန်ရစ်ချေတော့သည်။

× × ×

ကုန်းဘောင်ခေတ်ကို ထူထောင်ခဲ့သော အလောင်းမင်း ဦးအောင်ဇေယျသည် မုဆိုးဘိုမှ တော်လှန်ရေးစချိန်၌ ခင်ဦးမြို့စား ဦးချစ်ညိုအား စည်းရုံးသိမ်းသွင်းခဲ့သော်လည်း ဦးချစ်ညိုသည် ဦးအောင်ဇေယျအား မယုံကြည်ခြင်းကြောင့် ပူးပေါင်းခြင်း မပြုခဲ့ချေ။ လက်ဝဲနော်ရထာ ရေးသားသော အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းနှင့် အခြားသမိုင်းမှတ်တမ်းများအရ ဦးချစ်ညိုသည် အမှန်တကယ်ပင် လူစွမ်းကောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။ သို့သော် သူသည် မိမိရပ်တည်ရမည့်ဘက်ကို အရွေးမှားခဲ့ပေသည်။ အလောင်းမင်း ဦးအောင်ဇေယျက ဦးချစ်ညိုထံ စာရေး၍ မိမိနှင့် ပူးပေါင်းရန် စည်းရုံးသေးသည်။ သို့သော် ဦးချစ်ညိုသည် ဦးအောင်ဇေယျနှင့် ရန်စရှိဖူး၍ မိမိအား ကောင်းသော သဘောဖြင့် စည်းရုံးခြင်းမဟုတ်တန်ရာဟု အတွေးခေါင်ပြီး ဦးအောင်ဇေယျဘက်သို့ မဝင်ဘဲ တစ်ဖက်ရန်သူထံသို့ ဝင်ရောက် ပူးပေါင်းခဲ့သည်။ ဦးချစ်ညိုသည် မိမိအား ဦးအောင်ဇေယျက ရန်ပြုလိမ့်မည်ဟု စိုးရိမ်သော ဘယာဂတိကြောင့် မိမိ ရပ်တည်ရမည့်'ဘက်' အရွေးမှားကာ နောက်ဆုံးတွင် မိမိဝင်ရောက်သော

ဘက်မှ ရန်သူများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရရှာသည်။

× × ×

ဘဝဆုံးဖြတ်ချက်များ အပြောင်းအလဲများဖြစ်ရခြင်း၏ သဘောသဘာဝနှင့် ပြောင်းလဲသူများ၏ ဘဝကံကြမ္မာ ဇာတ်လမ်းများကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်လျှင် သင်ခန်းစာနှင့် သံဝေဂများစွာ ရရှိနိုင်ပေသည်။

အတွေးအမြင်စာစဉ် ၂၉၊ အောက်တိုဘာ ၁၉၈၇။

www.burmeseclassic.com

## ငါတကော ကောသူ

လွန်ခဲ့သော နှစ်အစိတ်လောက်က ရန်ကုန်တက္ကသိုလ် အသင်းအဖွဲ့အချို့တွင် လက်တွဲလုပ်ခဲ့သော သူငယ်ချင်းအချို့နှင့် မကြာမီက တွေ့ဆုံမိကြသည်။ နှစ်ပေါင်း များစွာ ကွဲကွာနေကြသူများ ကြုံတောင့်ကြုံခဲ ပြန်တွေ့ကြခြင်းဖြစ်၍ မိတ်ဆုံထမင်းစား ပြီး ရှေးဟောင်းနှောင်းဖြစ် စားမြုံ့ပြန်ကြရန် ကမ္ဘာအေးဘက်ရှိ နာမည်ကြီးစားသောက် ဆိုင်တစ်ဆိုင်သို့ ချိန်းဆိုကြသည်။ ယင်းစားသောက်ဆိုင်လုပ်ငန်းဖြင့် ကြီးပွားနေသူ မှာ ကျောင်းနေဖက် သူငယ်ချင်းပင်ဖြစ်၍ စားဖွယ်အားလုံး သူက တာဝန်ယူသည်။ သောက်ဖွယ်ကိစ္စကိုမူ ကိုယ့်အစီအစဉ်နှင့်ကိုယ်လုပ်ကြရန် မေတ္တာရပ်ခံသည်။

သူငယ်ချင်းကိုးယောက် စားပွဲဝိုင်းကြီးတွင် နေရာယူမိကြပြီးနောက် အိမ်ရှင် ဖြစ်သူက ဟင်းလျာစာရင်း ကတ်ပြားကိုပေး၍ သူ့ဆိုင်ရှိ ကောင်းပေ့ဆိုသော စားစရာ များ ကြိုက်ရာမှာစားရန် ပြောသည်။

သူငယ်ချင်းများအချင်းချင်း ညှိနှိုင်းကြသည်။ ဘာစားကြမလဲ၊ ဘာဟင်းမှာ မလဲ စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုကြသည်။ ခဏမျှအကြာတွင် နယ်မှ သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို ညွှန်ပြ၍ 'ကဲ သူက တို့အထဲမှာ တစ်ဦးတည်း သော သတင်းစာဆရာဆိုတော့ လူရည်အလည်ဆုံးပဲ။ ဟိုတယ်တကာလှည့်ပြီး စား နေတဲ့မောင်ဆိုတော့ သူ့ကိုပဲ မှာခိုင်းတာ ကောင်းတယ်'ဟု အဆိုပြုသည်။ ကျန်သူများ က တစ်ခဲနက်ထောက်ခံသည်။ ကျွန်တော်က သူတို့ထင်သလို လူရည်မလည်လှပါ ကြောင်းပြောပြီး ငြင်းသည်။ ကိုယ်ကြိုက်တာကိုယ်မှာစားကြပါရန် ပြောသည်။ သူတို့ ကအားလုံးအတွက်ကျွန်တော်သင့်မည်ထင်သလိုသာမှာပေးပါဟု တောင်းဆိုကြသည်။

ကျွန်တော်က 'ဒါဖြင့် ဘာအသားဘာငါး ကြိုက်တယ်မကြိုက်ဘူးဆိုတာ တော့ ဆန္ဒပေးကြဦးဗျာ။ ပြီးမှ ကျွန်တော်မှာပေးတဲ့ ဟင်းလျာတွေ စားလို့ မကောင်းဘူး လို့ မပြောနဲ့'ဟု ဆိုမိသည်။

ဤတွင် ကျောင်းမှာကတည်းက အာကျယ်ကျယ်ပြောလေ့ရှိသော သူငယ် ချင်းတစ်ယောက်က 'အံမယ် ဒီကောင် ဟိုတုန်းက အချိုးအတိုင်းပါပဲလား'ဟု ပြော

လိုက်၍ ကျွန်တော်က 'ဘာ့ပိုတုန်းက အချိုးအတိုင်း ဆိုတာက ဘာလဲကွ'ဟု ပြန်မေးရာ ကျန်သူငယ်ချင်းအားလုံးက သူတို့ချင်းချင်း သိပြီးသား ပြက်လုံးတစ်ခုကို ကြားလိုက်ရဘိသကဲ့သို့ ဝိုင်းရယ်ကြသည်။

'ဟေ့ မင်းတို့ ဒီလိုတော့ မပြောင်ကြနဲ့ကွာ၊ ကိုယ်က မင်းတို့ဟားစရာဖြစ်နေခဲ့လို့လား'ဟု ကျွန်တော်က မလုံမလဲဖြင့် ထပ်ပြောရာ ထပ်မံရယ်မောကြရင်း သူငယ်ချင်းတစ်ယောက်က 'ကဲပါလေ ပြီးမှ ပြောတာပေါ့။ အခု စားစရာတွေ အလျင်မှာစမ်းပါဦး၊ နည်းနည်းပါးပါး သောက်ကြရင်း စကားပြောရအောင်'ဟုဆိုသဖြင့် ကျွန်တော်က စိတ်ထင့်ထင့်ဖြင့်ပင် ဟင်းလျာစာရင်းကို ကြည့်၍ ငါး၊ ကြက်၊ ဘဲ၊ ပုစွန်တို့ဖြင့် ချက်ပြုတ်ကြော်လှော်သော စားစရာများကို မှာပေးလိုက်သည်။

'ဟေ့ကောင် ဝက်တို့၊ ငါးရှဥ့်တို့ မပါတော့ဘူးလား'ဟု တစ်ယောက်က မေးရာ ကျန်သူငယ်ချင်းများက ဝိုင်းရယ်ကြပြန်သည်။

'တော်ပါပြီကွာ၊ ကိုးယောက်စာ အတော်လောက် မှာလိုက်တာပဲ၊ ကိုယ်က ဝက်တို့ ငါးရှဥ့်တို့ကိုလည်း အလျင်ကလို သိပ်မကြိုက်တော့ဘူးကွ'ဟု ကျွန်တော်က အမှတ်မထင် ပြန်ပြောလိုက်သည်။ ဤတွင်မှ သူငယ်ချင်းတစ်ယောက်က 'အေး အဲဒါပေါ့ကွ၊ မင်းရဲ့ ပိုတုန်းက အချိုးဆိုတာ့'ဟု ဆိုပြန်ပါလေသည်။

ဤကိစ္စကိုတော့ ရှင်းခိုင်းမှဖြစ်တော့မည်ဟု ဆင်ခြင်မိ၍ ကျွန်တော်က 'ကဲ ပြောစမ်းကွာ ကိုယ့်အချိုးက ဘာဖြစ်နေလို့လဲ'ဟု မေးမြန်းရသည်။

သို့ဖြင့် ယမကာဝိုင်းစဖွဲ့ရင်း သူငယ်ချင်းတစ်ယောက်က ဦးဆောင်၍ ပြောပါလေသည်။

"အကြောင်းတိုက်ဆိုင်လို့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကလေးတွေ ပြောကြစို့။ တို့တစ်တွေ ဆုံမိကြတုန်း တစ်ယောက်အကြောင်း တစ်ယောက်မကောင်း ပြောဖို့တော့ မသင့်ဘူးပေါ့ကွာ။ ဒါပေမယ့် နှစ်အစိတ်လောက် အနေဝေးခဲ့ကြပြီး ပြန်တွေ့ကြတဲ့အခါ ဘယ်သူကဖြင့် ဘယ်လိုပြောင်းလဲနေပြီ၊ ဘယ်သူကဖြင့် အလျင်အတိုင်းပဲ စသည်ဖြင့် ပြောစရာလေးတွေလည်း ရှိလာတာပေါ့။ တချို့က အယူအဆ ပြောင်းသွားကြတယ်။ သဘောထားပြောင်းသွားကြတယ်။ ကိုယ်ရောက်ရှိနေတဲ့ အခြေအနေပေါ်မှာ တည်ပြီး အသီးသီး ပြောင်းကြတာပဲ။ ကောင်းသောပြောင်းခြင်း ရှိသလို မကောင်းသော ပြောင်းခြင်းလည်း ရှိတတ်တယ်။ တချို့ကျတော့ ပေါင်းဟောင်းသင်းဟောင်းတွေကိုတောင် လမ်းမှာတွေ့ရင် နှုတ်မဆက်ရဲအောင် ပြောင်းသွားကြတယ်။ မင်းကတော့ အဲသလို ဆက်ဆံရေးပိုင်းမှာ အခုထိ လုံးဝမပြောင်းပါဘူး။ ပြောင်းစရာလည်း မလိုဘူးလေ။ မင်းရဲ့အဆင့်က သာမန် သတင်းစာအယ်ဒီတာ အဆင့်ပဲကိုး။

ဒီထက် မြင့်မားသွားရင်တော့ မပြောတတ်ဘူးပေါ့။ အဲဒီလို ဘဝင်ကိုင်သွားရင်လည်း ဒီလို မိတ်ဆုံဝိုင်းမျိုးကို မင်းလာစရာမလိုဘူး။ မင်းကိုလည်း တို့က ဖိတ်မှာမဟုတ်ဘူး။ အဲ့မင်း မပြောင်းလဲတာကတော့ ငါတကောကောတတ်တဲ့ အကျင့်ပဲ။ မှတ်မိလား။ ကျောင်းမှာတုန်းက အသင်းအဖွဲ့ကိစ္စ တစ်ခုခု လုပ်စရာရှိလို့ မင်းကို တာဝန်ပေးတဲ့အခါ မင်းက ပထမဦးဆုံး အများဆန္ဒ ဘယ်လိုရှိပါသလဲ၊ အကြံပေးကြပါ၊ ဆွေးနွေးကြပါ၊ အများဆန္ဒအတိုင်း ကျွန်တော်လုပ်ပါ့မယ်လို့ ပြောလေ့ရှိတယ်။ တို့ကလည်း အဟုတ်မှတ်ပြီး ဘယ်လိုလုပ်သင့်တယ်၊ ဘယ်လိုမလုပ်သင့်ဘူး စသည်ဖြင့် မင်းကို ဝိုင်းပြောကြတယ်။ မင်းက ကောင်းပြီ ကောင်းရဲ့ဆိုပြီး မှတ်လို့သားလို့၊ အဲ့ပြီးတော့မှ မင်းလုပ်ချင်တာ စွတ်လုပ်လိုက်တာပဲ မဟုတ်လား။ တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်၊ အဲဒီအချိုးမျိုးချည်း မကြာမကြာလုပ်တတ်လို့ မင်းကိုတို့က ရှေ့မှာလည်း ဝေဖန်၊ ကွယ်ရာမှာလည်း ကဲ့ရဲ့ရှုတ်ချခဲ့ကြတာ မင်းမမှတ်မိတော့ဘူးလား။ အခုလည်း စားစရာတွေ မှာခိုင်းတော့ မင်းက တို့ရဲ့ ဆန္ဒကို အလျင်မေးနေသေးတယ်။ မင်းရဲ့ မျက်နှာပေးနဲ့ လေသံဟာ ဟိုတုန်းက အတိုင်းပဲကွ၊ လွှမ်းစရာလေးတွေပေါ့ကွာ။ ပြီးတော့မှ ဝက်နဲ့ငါးရှဉ့်တော့ အခု မင်းမကြိုက်တော့လို့ မမှာတော့ဘူးတဲ့။ ကဲ့မင်းဟာ အများရဲ့ အကြိုက်နဲ့ မင်းရဲ့အကြိုက်ကို ယှဉ်ပြီး နောက်ဆုံးတော့ မင်းရဲ့အကြိုက်နဲ့ ဆုံးဖြတ်လိုက်တာပဲ မဟုတ်လား။ အဲဒါကြောင့် တို့က ဝိုင်းရယ်ကြတာကွ။ တို့သူငယ်ချင်းဟာ အလျင်အတိုင်း ငါတကောကောတဲ့ အကျင့် မပျောက်သေးဘူးလို့ ပြောစရာဖြစ်ပြန်တာပေါ့ကွာ'

စကားပြောကောင်းသော မြင်းခြံသားသူငယ်ချင်းက ယမကာလေးတမြမြနှင့် ရှည်ရှည်ဝေးဝေး ဆွေးနွေးဝေဖန်သွားသည်ကို နားထောင်နေရင်း ကျွန်တော်နားထင်နားရင်းတွေ ပူထူလာမိသည်။ စင်စစ် သူတို့ထင်သလို ငါတကောကောတတ်သည့်စိတ် ကျွန်တော့်တွင်မရှိဟု ကျွန်တော်ယူဆပါသည်။ ယခုလည်း ကြည့်ပါ။ သူတို့ဆန္ဒကို ကျွန်တော် အလျင်မေးခဲ့ပါသည်။ အားလုံးက ကျွန်တော့်အနေဖြင့် သင့်မည်ထင်တာ မှာပါဟုပြော၍ ကျွန်တော်က မှာရခြင်းဖြစ်သည်။ ဝက်တို့၊ ငါးရှဉ့်တို့ကို ထည့်၍မမှာခြင်းမှာ ဤအစာများကို လူတိုင်း စားလေ့မရှိ၊ ရှောင်ကြဉ်သူ များသည်ဖြစ်၍ တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်လည်း ယခင်လို မကြိုက်လှတော့၍တစ်ကြောင်း မမှာခြင်းဖြစ်ပါသည်။

သူငယ်ချင်းတို့၏ ဝေဖန်ချက်ကို ဤဆင်ခြေများဖြင့် ကျွန်တော်ပြန်ရှင်းမည်ဟု စိတ်ကူးပါသည်။ သို့သော် ပါးစပ်ပြင်မိပြီးမှ အတွေးတစ်မျိုး ပေါက်လာသဖြင့် မရှင်းတော့ပါ။ ယခုလို ကြုံခဲသော မိတ်ဆုံပွဲတွင် ကျွန်တော့်ကိစ္စ ငြင်းခုံကြခြင်းဖြင့်

www.burmeseclassic.com


အကျိုးမရှိ။ ပြီးတော့လည်း ကျွန်တော့်အား ငါတကောကောတတ်သူဟု ထင်နေကြသူ အများစုကို ကျွန်တော်က ပြန်ငြင်းနေလျှင် ကျွန်တော့်အဖို့ ပိုဆိုးဖို့သာ ရှိမည်ဟု သုံးသပ်မိသဖြင့် ဘာမှမပြောဖြစ်တော့ခြင်း ဖြစ်ပါသည်။

ကျွန်တော်က 'အေးကွာ မင်းတို့အခုလို ဝေဖန်တာ ကျေးဇူးအများကြီးတင်တယ်။ ကိုယ့်မှာ မင်းတို့နဲ့တွေ့မှပဲ ခုလို မညှာမတာ ဝေဖန်တာမျိုးနဲ့ ကြုံရတာ၊ ကြီး မှ ပေါင်းရတဲ့ မိတ်ဆွေတွေကျတော့ အားနာတာရယ်၊ အမုန်းမခံချင်တာရယ်ကြောင့် ဒီလို စကားမျိုး ဘယ်သူမှ မပြောကြဘူးကွ၊ အခု မင်းတို့ထောက်ပြတဲ့ ကိုယ့်ချွတ်ယွင်း ချက်ကို တတ်နိုင်သမျှ ပြင်ပါ့မယ်ကွာ၊ ကဲ တခြားပြောစရာခေါင်းစဉ်တစ်ခု ပြောင်းပြီး ပျော်ပျော်ပါးပါး စားကြသောက်ကြရအောင်'ဟုဆိုကာ လမ်းကြောင်းလွှဲလိုက်ပါသည်။

သို့တိုင်အောင် သူငယ်ချင်းတစ်ယောက်က ထပ်၍ ကွန့်လိုက်ပါသေးသည်။

"ဟော့...ဒီလိုဆိုတော့လည်း တို့သူငယ်ချင်းက ဟိုတုန်းကနဲ့ မတူဘဲ ပြောင်းလဲသွားပြန်ပြီကွ။ ဟိုတုန်းကဆို သူ့ကို နည်းနည်းလေး ဝေဖန်မိရင် မျက်နှာကြီးနီ၊ အံကြိတ်လက်သီးဆုပ်ပြီး ဒေါနဲ့မောနဲ့ ဆင်ခြေဆင်လက်တွေ တောင်ပုံရာပုံနဲ့ ပြန်ပြန် ငြင်းလိုက်တာ တစ်ခါတလေ အသားတွေတောင်တုန်လို့၊ အခုတော့ အတော်ဟုတ်နေပြီပဲကွ။ ဝေဖန်တာကို ဆင်ခြင်တုံတရားနဲ့ ခံယူနိုင်စွမ်း ရှိလာတာလား။ ဘယ်သူ ဘာပြောပြော ပြန်မပြော၊ နားမထောင်ဆိုတဲ့ သဘော ကျင့်သုံးသွားတာလား။ သူများ ပြောသမျှဆိုသမျှ ခေါင်းငုံ့ခံတတ်တဲ့ အကျင့်ကြီး ပါနေတာလား။ တစ်ခုခုတော့ တစ်ခုခု ပဲ။ ဘယ်လိုလဲ သူငယ်ချင်းရ. . ."

ဟု စကားရှည်နေပြန်ရာ ကျွန်တော်က 'ဘယ်လိုမှ မလဲပါဘူးကွာ။ ပျော်ပျော် ပဲ နေချင်လို့ပါ။ ကဲ ပျော်စရာတွေ ပြောကြရအောင်'ဟု စကားဖြတ်၍ ဖန်ခွက်ကို မြှောက်လိုက်ရပါတော့၏။

အတွေးအမြင် စာစဉ် ၃၃၊ ဖေဖော်ဝါရီ ၁၉၈၈။

www.burmeseclassic.com

## လွတ်လပ်ခွင့်နှင့် ကောင်းကျိုးဆိုးပြစ်

ချက်ကိုစလိုဗက်ကီးယားနိုင်ငံတွင် ကွန်မြူနစ်စနစ် ကျဆုံးသွားပြီးနောက် လွတ်လပ်ခွင့်များ ရရှိလာခဲ့ရာ လူအများသည် အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း လျော့နည်းလာကြသည်။ အိမ်ထောင်ရေးဖောက်ပြန်မှုများ သိသိသာသာ လျော့နည်းသွားသည်။ ဇနီးမယားတို့ စိတ်ပျက်ရလောက်အောင်ပင် လင်ယောကျာ်းတို့ အလုပ်ကို ကြိုးစားလာကြသည်။ သို့ရာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနှုန်းမှာမူ တိုးလာခဲ့သည်ဟု အမျိုးသမီး စိတ်ခွဲပညာရှင် ဟယ်လီနာကလင်မိုပါ(၅၅–နှစ်)က ပြောကြား သည်။

ဟယ်လီနာသည် လူမှုရေးပညာရှင်သတင်းစာဆရာမတစ်ဦးဖြစ်ပြီး ကွန်မြူ နစ်ဝါဒကို ဆန့်ကျင်မှုကြောင့် ၁၉၆၈ခုနှစ်တွင် ချက်နိုင်ငံသို့ ဆိုဗီယက်တို့ ကျူးကျော်ဝင်ရောက်အပြီး ခုနစ်နှစ်လုံးလုံး အလုပ်လက်မဲ့ဖြစ်နေခဲ့သည်။ ထိုကာလအတွင်း စိတ်ခွဲပညာရပ်ကို လေ့လာဆည်းပူးခဲ့ရာ ၁၉၈၁ခုနှစ်တွင် စိတ်ရောဂါကုပညာရှင်တစ်ဦးဖြစ်လာခဲ့သည်။ ဟယ်လီနာသည် ချက်လူမျိုး စာရေးဆရာအိုက်ဗင်ကလင်မာနှင့် အိမ်ထောင်ပြုခဲ့ပြီး ပရာဟာမြို့တွင် စိတ်ရောဂါကုဌာန ဖွင့်ထားသည်။ နယူးစ်ဝိခ်မဂ္ဂဇင်းက သူ့အား တွေ့ဆုံမေးမြန်းရာတွင် ကွန်မြူနစ်ဝါဒကျဆုံးအပြီး ချက်နိုင်ငံပြည်သူအများ၏ စိတ်ပိုင်းဆိုင်ရာ အနေအထားကို ပိုင်းခြားစိတ်ဖြာ၍ ပြောကြားလိုက်သည်။

(က) ယခင်စနစ်အောက်တွင် နိုင်ငံဝန်ထမ်းတို့သည် အလုပ်ခွင်တွင် အထက်ကိုပင့်၊ အောက်ကို ဖိတတ်သော အရာရှိများ၏ ဒဏ်ကို ကျိတ်မှတ်ခံကြရသည်။ ခေါင်းငုံ့ရင်သွား ခိုင်းတာလုပ်၊ ခံမပြောနဲ့ဟူသော အနေအထားတွင် စိတ်ခံစားမှုများကို ပွင့်ပွင့်လင်းလင်း ဖွင့်အန်၍လည်း မဖြစ်၊ ကြိမ်မီးအုံးသကဲ့သို့ နေခဲ့ကြရသည်။ ထို့ကြောင့် အိမ်ပြန်အရောက် မိသားစုအတွင်း ပေါက်ကွဲတတ်သည်။ လင်မယား ရန်အဖြစ်များသည်။ တစ်နေ့ပြီးတစ်နေ့ အပ်ကြောင်းထပ်နေသော ဘဝတွင် စွန့်စားလိုမှု၊ အသစ်အဆန်း ရှာတွေ့လိုမှု ချင်ခြင်းများ ပေါ်လာတတ်သည်။ သို့ဖြင့် ယောကျာ်းတွေရော၊ မိန်းမတွေပါ အိမ်ထောင်ရေး ဖောက်ပြန်မှုများဖြင့် စိတ်လှုပ်ရှားစရာ အပြောင်းအလဲ

www.burmeseclassic.com


ရှာလာကြသည်။ သို့ရာတွင် ယခု လွတ်လပ်ပြီဖြစ်သော ခေတ်၌မူ သို့ကလိုမျိုးတွေ မရှိသလောက်ပင်။ မျိုသိပ်ထားစရာတွေ မရှိတော့ဘဲ စိတ်ရှင်းရှင်း နေနိုင်ကြပြီဖြစ်၍ ခိုးကြောင်ခိုးဝှက်စွန့်စားမှုမျိုးဖြင့် စိတ်အပြောင်းအလဲ လုပ်စရာမလိုကြပြီ။

(ခ) လုပ်တိုင်းမပဟန် ကြံတိုင်းမဖြစ်ဘဲ စိတ်ထွေပြားမှုများလေ၊ အရက်နှင့် ဆေးလိပ်သောက်မှု များလေဖြစ်သည်။ စိတ်ပင်ပန်းနွမ်းနယ်ခြင်းနှင့် ငြီးငွေ့ခြင်းသည် လည်း အရက်နှင့် ဆေးလိပ်သောက်သုံးသူ ပို၍များစေသည်။ ယခုမူ ချက်နိုင်ငံတွင် လင်ယောကျ်ားတို့သည် အရက်သောက်ချိန်၊ ဆေးလိပ်သောက်ချိန်ပင် မပေးနိုင်လောက် အောင် အလုပ်ကို ဖိလုပ်နေကြလေပြီ။ ယခင်တုန်းက လင်ယောကျ်ား အရက်သောက် လွန်း၍ ညည်းညူနေခဲ့သော ဇနီးမယားသည် ယခုတော့ ယောကျ်ားလုပ်သူက မိန်းမ အနား မကပ်နိုင်လောက်အောင် အလုပ်ချည်း ကျုံးလုပ်နေခြင်းကို စိတ်ပျက်နေလေ သည်။

(ဂ) စနစ်ပြောင်း ခေတ်ပြောင်းချိန်တွင် လူအတော်များများ အလုပ်ပြုတ်ခဲ့ ကြသည်။ သို့ရာတွင် အလုပ်ပြုတ်သူများသည် စိတ်ပျက်ဝမ်းနည်းခြင်း မရှိကြ။ လူ တိုင်းပင် အလုပ်အကိုင်သစ်တစ်ခုခု ရဖို့ သေချာသည်ဟု ယုံကြည်ကြသည်။ တချို့က ကိုယ်ပိုင်လုပ်ငန်းများ စတင်ထူထောင်ကြသည်။ ရုံးစာရေးတစ်ဦးသည် အိမ်မှာပင် အဝတ်အထည်ချုပ်လုပ်ငန်း စတင်လုပ်ကိုင်နေသည်။ ဆံပင်အလှပြင်မယ်တစ်ဦးက ကိုယ်ပိုင်အလှပြင်ဆိုင်ဖွင့်ထားသည်။

(ဃ) ခေတ်သစ် ပြောင်းချိန်တွင် ရာဇဝတ်မှုများ တိုးပွားလာသည်ကို တွေ့ ရသည်။ ပြည့်တန်ဆာများ၊ ပြစ်မှုကျူးလွန်သူများ၊ သူတောင်းစားများ ယခင်က လုံးဝ မရှိခဲ့ရာမှ ယခုအများအပြားပေါ်ပေါက်လာသည်။ ယခင်စနစ်အောက်မှာတုန်းက ဤ သို့သော လူတွေကို အစုလိုက်အပြုံလိုက် ဖမ်းပြီး ထောင်ထဲတွင်ထားခဲ့သည်။ ယခု တော့ ယခင်ကလို တင်းတင်းကျပ်ကျပ် နှိမ်နင်းခြင်းမရှိ၍ ထကြွလာခြင်းဖြစ်သည်။ တကယ်ကတော့ လူ့အဖွဲ့အစည်းတွင် အာဏာစက်ကျင့်သုံးရမည့် လူစားမျိုးတွေ လည်း ရှိပါသည်။ အာဏာစက် ကွယ်ပျောက်သွားသည်နှင့် သူတို့တစ်တွေ လမ်းလွဲ ရောက်ကုန်ကြသည်သာ ဖြစ်သည်ဟု စိတ်ခွဲပညာရှင် ဟယ်လီနာက ရှင်းပြသည်။

(နယူးစ်ဝိခ် ၁၃–၇–၉၂)

## ရုရှားသမ္မတ၏ အမျိုးသမီးအကြံပေးအရာရှိ

ဂါလီနာစတာရိုဗိုအီတိုဗာ(Galina Starovoitova)သည် ရုရှားနိုင်ငံ သမ္မတ ဘောရစ်ယဲ့လ်ဆင်၏ လူမျိုးစုရေးရာ အထူးအကြံပေးအရာရှိဖြစ်သည်။ လက်ရှိ ရုရှား အစိုးရအဖွဲ့တွင်း၌ အဆင့်အမြင့်ဆုံး ရာထူးရှင်အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူသည်

www.burmeseclassic.com

၁၉၉၂တွင် အသက် ၄၆နှစ်အရွယ်မျှသာ ရှိသေးပြီး လူမှုစိတ်ပညာပါရဂူတစ်ဦး ဖြစ်သည်။ အမေရိကန်နိုင်ငံမှ နယူးစ်ဝိခ်မဂ္ဂဇင်းနှင့် ၁၉၉၂ မေ ၂၈ရက်တွင် အင်တာဗျူးလုပ်ခဲ့ရာ၌ သူ၏ ပြောကြားချက်များအနက် မှတ်သားစရာ အချို့ကို ကောက်နုတ်ဖော်ပြပါသည်။

နယူးစ်ဝိခ်မဂ္ဂဇင်းက 'ရုရှားနိုင်ငံအစိုးရထဲမှာ လူမှုဖူလုံရေးဌာန ဝန်ကြီး အယ်လာပမ်ဖီလိုဗာနဲ့ ခင်ဗျား(ဂါလီနာ)တို့နှစ်ယောက်ပဲ အမျိုးသမီးခေါင်းဆောင်များ အဖြစ် ပါဝင်တာ တွေ့ရတယ်။ အခုလို ထိပ်ပိုင်းရာထူးနေရာကိုရတဲ့ အမျိုးသမီး နည်းလွန်းတာ ဘာကြောင့်ပါလဲ'ဟု မေးမြန်းရာ ဂါလီနာက အောက်ပါအတိုင်း ဖြေကြားသည်။

'ရုရှားပါလီမန်မှာ အမျိုးသမီးအမတ်ဦးရေဟာ ၅ရာခိုင်နှုန်းပဲ ပါဝင်ပါတယ်။ ဒီအချိန်မှာ ဥရောပတိုက် ဒီမိုကရေစီနိုင်ငံတချို့ရဲ့ ပါလီမန်တွေထဲမှာ အမျိုးသမီး အမတ် ၄၀ ရာခိုင်နှုန်းလောက် ပါဝင်ကြတဲ့အထိ နေရာရနေကြပါတယ်။ ဒါတင်မက ဖင်လန်နိုင်ငံမှာဆိုရင် အမျိုးသမီး ကာကွယ်ရေးဝန်ကြီး၊ နော်ဝေးနိုင်ငံမှာ အမျိုးသမီးဝန်ကြီးချုပ်၊ အိုက်စလန်နိုင်ငံမှာ အမျိုးသမီးသမ္မတစသည်ဖြင့် တာဝန်ယူနေကြတယ်။ ဗြိတိန်နိုင်ငံမှာတော့ အမျိုးသမီးဝန်ကြီးချုပ် (မာဂရက်သက်ချာ)ဟာ နှစ်ပေါင်းများစွာ ကြာမြင့်တဲ့အထိ တာဝန်ယူသွားခဲ့တယ်။ အခုလောလောဆယ်ဆယ်မှာလည်း ဗြိတိန်နိုင်ငံရဲ့ ထောက်လှမ်းရေးအကြီးအကဲဟာ အမျိုးသမီးဖြစ်နေတယ်။ ကျွန်မတို့ ရုရှားနိုင်ငံမှာ အမျိုးသမီး ပါလီမန်အမတ် ၅ရာခိုင်နှုန်းပဲ ရှိနေတာကတော့ သိပ်နည်းလွန်းပါတယ်။ ဒီနိုင်ငံမှာ အမျိုးသမီးတွေဟာ အဓိကကျောရိုးပါပဲ။ ဒါပေမယ့် သူတို့ရဲ့ အရည်အချင်းပိုင်းကျတော့ ယောကျ်ားတွေလောက် မမြင့်မားဘဲ ရှိနေတယ်။ ပုံမှန်အားဖြင့် အဆင့်မြင့်ပညာရေး ပြီးဆုံးခဲ့တဲ့ ကျွမ်းကျင်သူဦးရေရဲ့ ၅၆ရာခိုင်နှုန်းဟာ အမျိုးသမီးတွေပါ။ သို့သော်လည်း လက်တွေ့ပိုင်းကျတော့ သူတို့ဟာ ယောကျ်ားတွေလောက် အရည်အချင်းမရှိဘဲ ဖြစ်နေကြတယ်။ အမျိုးသမီးအင်ဂျင်နီယာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် တကယ်တမ်း အရည်အချင်း ပြည့်မီသူ နည်းပါတယ်။ အမျိုးသမီးတွေ အလုပ်လုပ်တယ်ဆိုတာ တစ်ခါတလေကျတော့ အိမ်ထောင်ဖက်ရှာဖွေဖို့၊ ပင်စင်လစာရဖို့၊ ဒါမှမဟုတ် သားသမီးတွေမွေးလာရင် နိုင်ငံတော်ထောက်ပံ့ကြေးရဖို့ ဆိုတဲ့ ရည်ရွယ်ချက်တွေကြောင့်ပဲလို့ ပြောစရာ ဖြစ်နေတယ်'

'သမ္မတယဲ့လ်ဆင်နဲ့ သူ့အဖွဲ့ဝင်တွေက အမျိုးသမီးတစ်ယောက်ဖြစ်တဲ့ ခင်ဗျားရဲ့ အကြံပေးချက်တွေကို အလေးအနက်ထားကြရဲ့လား'ဟု မေးမြန်းရာ ဂါလီနာက ဤသို့ဖြေကြား၏။

www.burmeseclassic.com


'အင်း...အစည်းအဝေးတွေမှာ ကျွန်မပါဝင်ရတဲ့အခါမျိုးမှာ ဆဲရေးတိုင်းထွာတာတို့၊ ယောက်ျားတွေချည်း ပြောလေ့ရှိတဲ့စကားတွေ ပြောတာမျိုးကို ရှောင်ကြရတာ သူတို့အတွက် ကသိကအောက်တော့ ဖြစ်ကြမှာပဲ။ ဒါပေမယ့် ယဲ့လ်ဆင်ကို အကြံပေးကြရတဲ့ တခြားယောက်ျားတွေထက် ကျွန်မရဲ့အဆင့်ဟာ မလျော့ဘူးလို့ ထင်ပါတယ်။ ယဲ့လ်ဆင်ကလည်း ယောက်ျား အကြံပေး အရာရှိတွေရဲ့ အကြံဉာဏ်ထက် ကျွန်မရဲ့ အကြံပေးချက်တွေကို ပိုပြီး လက်ခံပါတယ်။

(နယူးစ်ဝိခ်မဂ္ဂဇင်း ၂၂–၆–၉၂)

အတွေးအမြင် စာစဉ် ၈၉၊ ဧပြီ ၁၉၉၃။

www.burmeseclassic.com

## ချာချီမှားခဲ့သလား

ဗြိတိန်နိုင်ငံ နန်းရင်းဝန်ဟောင်း ဆာဝင်စတန်ချာချီကို ဗြိတိသျှတို့က ဒုတိယကမ္ဘာစစ်တွင် ဗြိတိန်ကို ကယ်တင်ခဲ့သူအဖြစ် မှတ်တမ်းတင်ခဲ့ကြ၏။ သူသည် သမိုင်း၏ သူရဲကောင်းတစ်ဦးအဖြစ် နေရာပေးခံခဲ့ရ၏။ သို့ရာတွင် မကြာသေးမီကပင် ထိုသူရဲကောင်းကြီး ချာချီအား "လုပ်ရပ်အမှားတွေ ကျူးလွန်ခဲ့သူ"ဟူ၍ ဝေဖန်မှုများ ပေါ်လာခဲ့ပေ၏။

*

ဝင်စတန်ချာချီ၏ အဖေဖြစ်သော နာမည်ကျော် လော့ဒ်ရင်းဒေါ့ဖ်ချာချီကြီးက "ကြီးကျယ်တဲ့လူတိုင်း အမှားတွေ လုပ်မိကြတာချည်းပဲ" ဟု ရေးခဲ့ဖူးသည်။

ထိုပုဂ္ဂိုလ်ကြီးကို နာမည်ကျော်ဟု ဆိုရခြင်းမှာ "မြန်မာပြည်ကို လွတ်လပ်ရေး မပေးသင့်၊ လွတ်လပ်ရေးပေးလိုက်ရင် သွေးချောင်းစီးသွားလိမ့်မယ်"ဟု မဦးမချွတ် ပြောခဲ့ဖူးသူ ဖြစ်သောကြောင့်ပင်။

*

ရင်းဒေါ့ဖ်ကြီး၏သား ဝင်စတန်ချာချီ၏ အကြောင်းကို "ချာချီ–ကြီးမြတ်ခြင်း၏ နိဂုံး" "Churchill: The End of Glory" ဟူသော ခေါင်းစဉ်ဖြင့် ဂျွန်ချမ်မလေ (John Chermley) ဆိုသူက စာအုပ်ရေးထုတ်လိုက်သည်။ ချန်မလေသည် ၁၉၅၅ခုနှစ်က မွေး ဖွားခဲ့သူဖြစ်၍ ယခုမှ အသက် ၃၈နှစ် ရှိသေးသည်။ ၁၉၅၅ခုနှစ်၊ နိုင်ငံရေးမှ ဝင်စတန် ချာချီ အနားယူသော နှစ်တွင် လူ့လောကသို့ ရောက်လာသူက ယခု ချာချီကို ဒူးနှင့် လှမ်းတိုက်ခြင်းဖြစ်သည်။

*

ချန်မလေ၏ စာအုပ်တွင် ဝင်စတန်ချာချီ လူငယ်ဘဝ၊ စစ်မှုထမ်းဘဝမှစ၍ နိုင်ငံရေးသမားဘဝအထိ အမှားအထွေထွေကို စစ်စစ်ပေါက်ပေါက် သုတေသနလုပ်၍ ဝေဖန်သုံးသပ်ထားသည်။ ဟစ်တလာကို ချော့မော့ကျေအေးရေးပေါ်လစီ ကျင့်သုံးရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သူ ချိန်ဘာလိန်၏ နေရာတွင် ချာချီသည် ၁၉၄၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့၏။ (ဘုရင်စနစ် ကျင့်သုံးသော တိုင်းပြည်ဖြစ်၍

www.burmeseclassic.com


ထိုခေတ်က နန်းရင်းဝန်ဟု ခေါ်ဝေါ်သုံးနှုန်းသည်။) ချာချီတက်လာပြီးနောက် ချိန်ဘာလိန်ကဲ့သို့ ရွေ့ပြည်အေးဝါဒ မကိုင်စွဲတော့ဘဲ ဟစ်တလာကို ရင်ဆိုင်ရန် စစ်ပြင်ဆင် မှုများပြုလုပ်ခဲ့သည်။ ဟစ်တလာ၏ တိုက်ခိုက်ခြင်းကို ဗြိတိန်နိုင်ငံ ခံခဲ့ရသည်။ ချာချီ၏ ဦးဆောင်မှုဖြင့် ကြံ့ကြံ့ခံ ခုခံခဲ့သည်။ ဗြိတိန်နှင့် အမေရိကန်ပေါင်း၍ ဂျာမန်ကို ထိုးစစ်ပြန်ဆင်ခဲ့သည်။ ထို့နောက် ဆိုဗီယက်ရုရှားနှင့်ပါ မဟာမိတ်ပြု၍ ဟစ်တလာ၏ဂျာမနီကို ညှပ်ပူးညှပ်ပိတ် တိုက်သည်။ ၁၉၄၅ ခုနှစ်တွင် ဂျာမနီ လက်နက်ချ၍ မဟာမိတ်တို့ စစ်အောင်နိုင်ခဲ့သည်။ စစ်လည်းပြီးရော စစ်နိုင်အောင် တိုက်ပေးခဲ့သူ ချာချီနှင့် ကွန်ဆာဗေးတစ်ပါတီသည် ရွေးကောက်ပွဲတွင် ရှုံး၍ အက်တလီခေါင်း ဆောင်သော လေဘာပါတီ အာဏာရသွားသည်။

*

စာရေးသူ ချန်မလေက "ချာချီသည် ၁၉၄၀ပြည့်နှစ်တွင် နာဇီဂျာမနီနှင့် ငြိမ်းချမ်းရေးရအောင်လုပ်မည်ဆိုက လုပ်နိုင်ခဲ့သော အခြေအနေရှိသည်"ဟု ရေးသည်။ ၁၉၄၀တွင် ဂျာမနီနှင့် ငြိမ်းချမ်းရေးလုပ်နိုင်ခဲ့မည်ဆိုလျှင် ၁၉၄၅ခုနှစ်တွင် ဂျာမနီကို စစ်အောင်နိုင်ခြင်းထက် ပို၍ ကောင်းနိုင်သည်ဟု သုံးသပ်သည်။ ကွန်ဆာဗေးတစ် ပါတီ လက်ယာစွန်းဝါဒီဝန်ကြီးဟောင်း အလန်ကလပ်က စာရေးဆရာချန်မလေ၏ အာဘော်မျှနှင့် မကျေနပ်နိုင်။ ၁၉၄၀တွင် ချာချီသည် ဂျာမနီနှင့် စစ်မဖြစ်အောင် လုပ်ခဲ့ သင့်သည်။ ထိုသို့လုပ်လည်း လုပ်နိုင်သည်။ ထိုစဉ်တုန်းက ဗြိတိန်က ဂျာမနီနှင့် စစ်မဖြစ် အောင် ရှောင်ခဲ့ပါက ဟစ်တလာသည် ဆိုဗီယက်တစ်ဦးတည်းကို တိုက်ခိုက်နိုင်ပြီး ကွန်မြူနစ်စနစ်ကို အဲဒီကတည်းက ချေမှုန်းဖျက်ဆီးပစ်နိုင်ခဲ့လိမ့်မည်ဟု ကလပ်က ဝေဖန်လေသည်။

*

အဲသလိုသာဆိုလျှင် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ယခင်မဟာမိတ်ဟောင်းဆိုဗီယက်နှင့် အနောက်အုပ်စုတို့၏ စစ်အေးတိုက်ပွဲ၊ လက်နက်ပြိုင်ဆိုင်ပွဲစသည်တို့လည်း ဖြစ်လာစရာမလိုတော့ဘူးဟု ဝေဖန်သူတို့က ဆိုချင်ဟန်တူသည်။ သို့ပေမယ့် ၁၉၅၅ခုနှစ်တွင်မှ မွေးဖွားခဲ့သူသည် ၁၉၄၀ပြည့်နှစ်တုန်းက ဟစ်တလာက ဗြိတိန်နိုင်ငံအပေါ် ဘယ်လို ဦးတည်ချက်တွေ ထားခဲ့သည်ကို နားလည်နိုင်စွမ်းရှိမည်မဟုတ်ဟု ချေပသူများလည်း ရှိသည်။

မည်သို့ဆိုစေ သမိုင်းကို ရေးကြရာတွင် "အကယ်၍သာ" စကားခံ၍ ရေးရိုးထုံးစံမရှိ။ "အကယ်၍သာ"ခံ၍ ပြောမည်ဆိုလျှင် ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်လိမ့်မည်သာပင်။

*

www.burmeseclassic.com

သမိုင်းတွင် လူကောင်းက လူဆိုး၊ လူဆိုးက လူကောင်းဖြစ်သွားကြသည့် သာဓကတွေ အများကြီး ရှိသည်။ အချိန်ကာလနှင့် အခြေအနေပေါ် တည်ပြီး အကပ် ခံထားရသော တံဆိပ်အပြောင်းအလဲ ရှိတတ်သည်။

*

လွန်ခဲ့သော နှစ် ၇၀ကျော်က ရုရှားအင်ပိုင်ယာ အရှင်သခင် ဇာဘုရင်သည် မိသားစုနှင့်အတူ ဗော်လ်ရှီဗစ်တို့၏ ကွပ်မျက်ခံခဲ့ရသည်။ ထိုစဉ်က ဇာဘုရင်သည် လူဆိုးကြီးဖြစ်၏။ ယခု ဆိုဗီယက်ကြီး ပြိုကွဲသွားတော့ ဗော်ရှီဗစ်တို့သည် လူဆိုး၊ ဇာဘုရင်က သနားစရာ သူတော်ကောင်းကြီးဖြစ်သွားပြန်သည်။ စတာလင်သည် သူ့ ခေတ်နှင့်သူ ဆိုဗီယက်သူရဲကောင်းကြီးဖြစ်ခဲ့ပြီး ခရုးရှက်တက်လာတော့ သင်္ချိုင်းပါ နေရာအရွှေ့ခံခဲ့ရသည်။ ခရုးရှက်ကိုလည်း ပြန်လည်ပြင်ဆင်ရေးသမားဟုဆိုကြပြန် သည်။ ဂါဗာချော့ဖ်တက်လာတော့ ခရုးရှက်သည် လူကောင်းပြန်ဖြစ်ပြန်သည်။ ဆခါး ရော့ဗ်သည် တစ်ချိန်က ဖောက်ပြန်ရေးသမားဟု တံဆိပ်ကပ်ခံခဲ့ရသည်။ ခေတ်ပြောင်း သွားတော့ ဆိုဗီယက်ဂုဏ်ဆောင် စံပြမောင်ဖြစ်ခဲ့လေ၏။

၁၉၆၈ခုနှစ်က ချက်ကိုစလိုဗက်ပါတီခေါင်းဆောင် အလက်ဇန္ဒားဒူ့ဘ်ချက် သည် ဖောက်ပြန်ရေးသမားဟုဆိုကာ ဖြုတ်ချခံခဲ့ရ၏။ သစ်တောဌာနတွင် မန်နေဂျာ ဘဝဖြင့် အသက်မွေးနေခဲ့ရသည်။ နှစ်အစိတ်လောက်ကြာတော့ ဒူ့ဘ်ချက်သည် စံပြ ခေါင်းဆောင် ပြန်ဖြစ်လာသည်။ ဟိုယခင်က သူပြောခဲ့သော လူသားမျက်နှာနှင့် ကွန်မြူနစ်ဝါဒ (Communism with the Human Face) ဟူသောစကား ပြန်လည်ခေတ်စား လာသည်။

*

ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ(ဂျီဒီအာ)ခေါင်းဆောင်ကြီး ဟွန်နက်ကာ သည် ဘဝနေဝင်ချိန်တွင် တရားခံအဖြစ် ရောက်ရှိပြီး ဟိုပြေးသည်ခိုဘဝဖြင့် သနားစရာ လိုလို သံဝေဂယူစရာလိုလို ဖြစ်နေရသည်။

*

ဒါကြောင့် ဘဝဟူသည် တစ်သမတ်တည်းမရှိ၊ မျဉ်းဖြောင့်တစ်ကြောင်းလို တစ်ဖြောင့်တည်းမသွား။ လောကဓံတရားရှစ်ပါးအတိုင်းသာလျှင် ဖြစ်ပျက်နေကြသည် ဟု ဆင်ခြင်တတ်လျှင် လောက၌ နေတတ်ထိုင်တတ်ပေလိမ့်မည်။

အတွေးအမြင် စာစဉ် ၉၀၊ မေ ၁၉၉၃။

www.burmeseclassic.com

## လူချမ်းသာရောဂါ

စာရေးသူ၏ မိတ်ဆွေ၊ ချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ် တစ်ဦးစ၊နှစ်ဦးစ မကြာသေးမီက တဖြုတ်ဖြုတ် ကွယ်လွန်သွားကြသည်။

သေသူများကိုကြည့်၍ သံဝေဂ ယူမိပါသည်။ အသုဘမှာ ကမ်းသော ယပ်တောင်ပေါ်မှ 'သွားနှင့်မည်'ဆိုတဲ့ သံဝေဂလင်္ကာကလေးက လိုက်ပို့တဲ့လူတွေကို "သင်တို့လည်းတစ်နေ့ လိုက်ခဲ့ကြပေတော့"လို့ ပြောနေတာပါပဲ။

*

လူ့ဘဝဆိုတာ အသက်ရှင်တည်တံ့နေထိုင်နိုင်ဖို့ (Survival)လှုပ်ရှားရုန်းကန်နေကြရခြင်းသည် အခြေခံတရားဟု ပညာရှိများက မိန့်ဆိုခဲ့ကြသည်။ အသက်ရှင်နေတုန်း မိမိလိုပဲ လူသတ္တဝါအများစု၏ ကောင်းကျိုးချမ်းသာဖြစ်ထွန်းအောင် ကြိုးပမ်းလုပ်ဆောင်ခြင်းသည် 'ကောင်းသည်၊ မှန်သည်'ဟု အတွေးအခေါ် ပညာရှင်ကြီးများက သညာပြုခဲ့ကြသည်။

*

အသက်ရှည်ပြီး ဆင်းရဲဒုက္ခရောက်နေခြင်းသည် မကောင်း၊ ချမ်းသာကြွယ်ဝပြီး အသက်တိုပြန်တော့လည်း အချည်းနှီး။ ကျန်းမာချမ်းသာစွာဖြင့် အသက်ရှည်ရှည်နေရခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်းမှာ အငြင်းပွားဖွယ် ရှိမည်မထင်ပါ။

အလားတူ ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီးလျှင်လည်း အလကားပင်။ ကိုယ့်ဘာသာကိုယ် ကံကောင်းထောက်မ၍ အသက်ရှည်နေသည်ကို မြန်မြန်သေပါစေဟု ဆုတောင်းခံနေရသော ဘဝဆိုလျှင်လည်း စက်ဆုပ်စရာပင်။

*

အသက်ရှည်ခြင်း၊ အသက်တိုခြင်းအကြောင်းတွေ ဖြန့်ကြက် စဉ်းစားမိရင်းက စာနယ်ဇင်း အတိုအစ ဖြတ်စတချို့မှ ဂျပန်သူဌေးကြီးများ တစ်နှစ်အတွင်း သောကဗျာပါဒကြောင့် စုပြုံသေခဲ့ကြပုံကို ပြန်ဖတ်မိသည်။

ဂျပန်နိုင်ငံ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီး ၁၂ဦးသည် ၁၉၈၇ခုနှစ်အတွင်း တဖြုတ်ဖြုတ် သေဆုံးခဲ့ကြရာ တစ်နှစ်အတွင်း သူဌေးကြီးဦးရေ ဤမျှကွယ်လွန်ရခြင်းသည် ဂျပန်နိုင်ငံအဖို့ သတင်းထူးကြီးများဖြစ်ခဲ့သည်။

www.burmeseclassic.com

လူသည် သေမျိုးဖြစ်၍ သေသည်မှာ မဆန်းသော်လည်း ယောက်များ ပျမ်းမျှ သက်တမ်း ၇၅နှစ် ရှိသည်အထိ လူနေမှုအဆင့်အတန်း တိုးတက်နေသော ဂျပန်နိုင်ငံတွင် ကျန်းမာရေးအတွက် အစစအရာရာ တတ်နိုင်သော သူဌေးကြီးများ အသက် ၅၀ကျော် ၆၀ကျော် အရွယ်မျှနှင့် နေ့မြင်ညပျောက် အသေမြန်ခဲ့ကြသည်မှာ ထူးဆန်းသည်ဟု ဆိုဖွယ်ရာရှိသည်။

နေ့စဉ် စောင်ရေ လေးသန်းကျော်ထုတ်ဝေရသော ဂျပန်နိုင်ငံ၏ ထိပ်တန်းသတင်းစာကြီး "ယိုမိယူရီရှင်ဘွန်း"က "ဂျပန်လုပ်ငန်းရှင်ကြီးများ ရုတ်တရက် သေဆုံးကြခြင်း၊ စီးပွားရေးကျဆင်းမှုနှင့် ယန်းငွေ တန်ဖိုးတက်လွန်းခြင်းတို့ကြောင့် သောကပိုရမှု၏ဒဏ် ခံခဲ့ကြရ"ဟု ခေါင်းစဉ်ကြီးများတပ်၍ ထိုသတင်းကို ဖော်ပြခဲ့သည်။ တနင်္ဂနွေထုတ် မိုင်နီချီ သတင်းစာကြီးကလည်း "ဂျပန်လုပ်ငန်းရှင်ကြီးများ၏ ကျဆုံးခန်း"ဟု ခေါင်းတပ်၍ သတင်းဖော်ပြခဲ့သည်။

ဂျပန်သူဌေးကြီးများ သေဆုံးရမှုမှာ ၁၉၈၆ခုနှစ်အတွင်းက ထိပ်တန်းလုပ်ငန်းရှင်ကြီး လေးယောက်သာ ကွယ်လွန်ခဲ့ပြီး ၁၉၈၇ခုနှစ်တွင် ၁၂ယောက်အထိ တိုးလာခဲ့သည်။ ရောဂါများမှာ အဆုတ်အအေးမိ နျူမိုးနီးယားမှ နှလုံးရောဂါအထိ မျိုးစုံဖြစ်ခဲ့ကြသည်။ သို့သော် ဂျပန်အများစုကမူ သူဌေးကြီးများကို သတ်သော အဓိက လက်သည်မှာ 'အင်ဒါက'(နညီနှ) ခေါ် ယန်းငွေတန်ဖိုး တက်လွန်းခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ၁၉၈၅ခုနှစ် စက်တင်ဘာလမှစ၍ ဂျပန်ယန်းငွေသည် ၄၀ရာခိုင်နှုန်းအထိ တန်ဖိုးတက်လာခဲ့ရာ ဂျပန်ကုန်ပစ္စည်းများသည် ပြည်ပတွင် အလွန်အမင်းဈေးကြီးကုန်သည်။ ဂျပန်ပစ္စည်းများ ဈေးကြီးလွန်းသဖြင့် ပို့ကုန်ပမာဏကျဆင်းလာသည်။ ကုမ္ပဏီကြီးများသည် ပို့ကုန်ပစ္စည်းများ အရောင်းကျခြင်းနှင့် အမြတ်နည်းလွန်းခြင်းတို့ကို ရင်ဆိုင်လာရသည်။ ဤတွင် လုပ်ငန်းရှင်သူဌေးကြီးများ သောကပွေတော့သည်။ ရောဂါတွေတစ်မျိုးပြီးတစ်မျိုး စွဲကပ်တော့သည်။

တိုကျို ဂျန်တင်ဒို တက္ကသိုလ်မှ ဆေးပညာပါမောက္ခ ဒေါက်တာ အိုကာဒါက "စီးပွားရေးအနေအထားမှာ ရုတ်တရက် အပြောင်းအလဲဖြစ်တာကို ရင်ဆိုင်ရတဲ့အခါ အခြေအနေသစ်နဲ့ လိုက်လျောညီထွေ နေနိုင်စွမ်း မရှိသူတွေအဖို့ သောကဗျာပါဒရဲ့ ဖိစီးမှုကို ခံရတော့တာပဲ။ အကန့်အသတ်ထက် ကျော်လွန်ပြီး သောကဖိစီးရင် ရုတ်တရက် သေတတ်တယ်" ဟုဆိုသည်။

သေဆုံးသူ သူဌေးကြီး ၁၂ဦးအနက် ထင်ရှားသူအချို့မှာ ဆီကိုအက်ပ်ဆွန်ကုမ္ပဏီဥက္ကဋ္ဌ ဟက်တိုရီ (၅၅)နှစ်၊ သူသည် ဆီကိုကုမ္ပဏီကို နာရီကုမ္ပဏီအဖြစ်မှ အီလက်ထရွန်းနစ်ပစ္စည်းများ အကြီးအကျယ်ထုတ်လုပ်သော လုပ်ငန်းကြီးအဖြစ်သို့ ရောက်ရှိအောင် နှစ်နှစ်အတွင်း ကြိုးပမ်းခဲ့သူဖြစ်သည်။ ယန်းငွေတန်ဖိုးတက်မှုကြောင့်

မနှစ်က ဆီကိုကုမ္ပဏီ၏ အမြတ်ငွေသည် ၈၀ရာခိုင်နှုန်း ထိုးကျသွားခဲ့သည်။ မကြာမီ ဟက်တိုရီသည် ဂေါက်ကစားနေရင်း ဂေါက်ကွင်း၌ပင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

ဂျပန်နိုင်ငံ၏ တတိယအကြီးဆုံးသုတ်ဆေးမှုတ်ဆေး လုပ်ငန်းကြီးဖြစ်သည့် ဒိုင်နီပွန်တော်ယို၏ ဥက္ကဋ္ဌ တိုရှိယူကီနာကာမူရာ (၆၂)နှစ်၊ ယန်းငွေ တန်ဖိုး ထိုးတက်ပြီးနောက် ကုမ္ပဏီတွင် အရှုံးများပေါ်၍ ကြွေးတွေ တင်လာသည်။ အရှုံးများပေါ်၍ ကြွေးတွေတင်လာသည်။ အရှုံးများ ထေမိအောင် ကြိုးစားပမ်းစား အလုပ်လုပ်ရင်း တစ်နေ့သ၌ သူ၏ ရုံးခန်း၌ အခြားအမှုဆောင်များနှင့် အစည်းအဝေးထိုင်နေစဉ် နာကာမူရာသည် ရုတ်တရက် ရင်ဘတ်ကို လက်နှင့်ဖိကာ ကုလားထိုင်ပေါ်မှ လဲကျသေဆုံးသွားသည်။ နှလုံးရောဂါဟု ဆရာဝန်များက ပြောသည်။

နီပွန်အသေးစား သတ္တုပစ္စည်းလုပ်ငန်းဥက္ကဋ္ဌ အာဆာနို (၆၃နှစ်)၊ ဂျပန် နိုင်ငံ၏ အကြီးဆုံး အလူမီနမ် ထုတ်လုပ်သည့် လုပ်ငန်းရှင်ကြီးဖြစ်သည်။ ယန်းငွေ တန်ဖိုးတက်မှုကြောင့် သူ့ကုမ္ပဏီပစ္စည်းများကို ပြည်ပက မဝယ်ကြတော့ဘဲ ပြည်ပမှ မျိုးတူပစ္စည်းများဂျပန်နိုင်ငံသို့ ဈေးချိုချိုဖြင့် ဝင်လာခဲ့သည်။ အာဆာနိုသည် ရေခဲမုန့်စက်ကဲ့သို့သော စက်ကိရိယာများကို ပြောင်းလဲထုတ်လုပ်ရန် ကြိုးပမ်းနေစဉ် တစ်နေ့သ၌ ရုံးမှ အိမ်သို့အပြန် လေဖြတ်၍ လမ်းတွင် သေဆုံးသွားသည်။ ယခင်က သူသည် နံနက်တိုင်း အိမ်မှ ရုံးသို့ ရထားစီး၍သွားသည်။ ဘူတာမှ ရုံးရှိရာသို့ မိနစ် ၂၀ လမ်းလျှောက်၍ သွားသည်။ ဤမျှ ကျန်းမာကြံ့ခိုင်သူသည် ရုတ်တရက် လေဖြတ်၍ ကွယ်လွန်သွားခြင်းဖြစ်သည်။

ကာဝါဆာကီ သံမဏိလုပ်ငန်းကြီး၏ မန်နေဂျင်းဒါရိုက်တာ ကေတို (၅၉နှစ်)၊ ယမန်နှစ်က သူ့ကုမ္ပဏီသည် ဒေါ်လာ သန်း ၂၀၀၀ အရှုံးပေါ်ခဲ့သည်။ နိုင်ငံခြားသို့ မကြာခဏ ခရီးသွားရသူဖြစ်၍ လုပ်ငန်းကိစ္စဖြင့် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေစဉ် လေဖြတ်၍ သေဆုံးခဲ့သည်။

ဂျပန်နိုင်ငံ၏ အကြီးဆုံး ကော့စမက်တစ်လုပ်ငန်း 'ရှီဆေဒို'၏ ဥက္ကဋ္ဌ အိုနို (၆၅ နှစ်)၊ ရေကူးလေ့ကျင့်ခန်း မှန်မှန်ယူသူဖြစ်သည်။ ၁၉၈၇ခုနှစ်အတွင်း အစာအိမ်ရောဂါဖြစ်၍ ခွဲစိတ်ကုသခဲ့သည်။ ထိုနောက် အဆုတ်အအေးမိရောဂါဖြင့် သေဆုံးသည်။ သူ့ကုမ္ပဏီထွက် ပစ္စည်းများကို အမေရိကန်နှင့် အခြားနိုင်ငံခြားဈေးကွက်များသို့ တိုးချဲ့တင်ပို့ရန် အကျိတ်အနယ်ကြိုးစားနေရင်း ကွယ်လွန်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်မှုကုမ္ပဏီကြီးဖြစ်သော မစ်ဆူဘီရှိကော်ပိုးရေးရှင်း၏ ဥက္ကဋ္ဌ ကွန်ဒို (၆၄ နှစ်)၊ မစ်ဆူဘီရှိကုမ္ပဏီသည် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လာသော်လည်း ကုမ္ပဏီ၏ ပစ္စည်းများ ၅၀ရာခိုင်

www.burmeseclassic.com

နှုန်းကျော်မျှ အရောင်းကျခဲ့ပြီးနောက် ကွန်ဒိုသည် အသည်းရောဂါဖြင့် နိုဝင်ဘာလတွင် သေဆုံးသွားသည်။

အောလ်နီပွန် အဲယားဝေးစ် လေကြောင်းကုမ္ပဏီ ဥက္ကဋ္ဌ တိုင်ဇိုနာကာမူရာ (၆၆)နှစ် အောလ်နီပွန် လေကြောင်းကို ပြည်တွင်းခရီးစဉ်မှ နိုင်ငံတကာခရီးစဉ်များအထိ တိုးချဲ့တင်ပို့ရန် ကြိုးပမ်းနေရင်း လွန်ခဲ့သော နှစ်နှစ်ကစ၍ သွေးတိုးရောဂါ စွဲကပ်ကာ နောက်ဆုံးတွင် အဆုတ်အအေးမိရောဂါဖြင့် သေဆုံးသွားသည်။

*

မည်သည့်နိုင်ငံတွင်မဆို စီးပွားရေးလုပ်ငန်းရှင်ဆိုသည်မှာ အတက်ရှိသလို အကျလည်း ရှိတတ်သည်။ သို့ဖြစ်လင့်ကစား ဂျပန်စီးပွားရေးလုပ်ငန်းရှင်များသည် အဘယ်ကြောင့် ဤမျှ ခံနိုင်ရည် မရှိသနည်း။ အကြောင်းမှာ ဂျပန်စီးပွားရေးသမားများသည် လုပ်ငန်းအစွဲ၊ ကုမ္ပဏီအစွဲသည်းလွန်းခြင်းကြောင့် ဖြစ်သည်။ တစ်သက်လုံး ကုမ္ပဏီတစ်ခုတည်းတွင်သာ စွဲစွဲမြဲမြဲ လုပ်သူတွေများသည်။ ကုမ္ပဏီ၏ ကံကြမ္မာနှင့် ဦးဆောင်လုပ်ကိုင်သူများ၏ ကံကြမ္မာသည် ထပ်တူထပ်မျှ ဖြစ်နေသည်။

ဂျပန်မန်နေဂျာများ နှလုံးရောဂါဖြစ်ပွားမှုအခြေအနေကို ဆေးပညာပါမောက္ခ ဒေါက်တာ အိုကာဒါက သုတေသနပြုခဲ့ရာတွင် ၁၉၆၆–၆၈ ဂျပန်စီးပွားရေးအရှိန်မြင့်တက်လာသည့်ကာလထက် ၁၉၇၄နှင့် ၁၉၇၉တွင် ရေနံပြဿနာ ဖြစ်ပွား၍ စီးပွားရေးလုပ်ငန်းများ အကျပ်ဆိုက်သည့်ကာလတွင် ဂျပန်မန်နေဂျာများ နှလုံးရောဂါ လေးဆ တိုး၍ ဖြစ်ပွားကြောင်း တွေ့ရှိရသည်။

ဂျပန်လုပ်ငန်းရှင်များသည် အလုပ်ကို သဲသဲမဲမဲ လုပ်တတ်ကြသည်။ မိသားစုနှင့် နေထိုင်ချိန်နည်းလွန်းသည်။ အလုပ်ချိန်အပတွင် ဧည့်ခံပွဲ၊ စားပွဲသောက်ပွဲများ အမြဲလိုလိုရှိရာ စင်စစ်အားဖြင့် အလုပ်နှင့် ဆက်စပ်နေသည်သာဖြစ်သည်။ ဧည့်ခံပွဲတက်သည်မှာ အလုပ်လုပ်နေကြခြင်းပင်ဖြစ်သည်။ စားရင်းသောက်ရင်း အလုပ်အကြောင်းပဲ ပြောဆို ဆွေးနွေးကြသည်။

တစ်ခါတစ်ရံ ဧည့်ခံပွဲ နှစ်ပွဲဆက်တိုက်တက်၍ ကယ်လိုရီများသော အစားအစာများကို စားပြီး အရက်လည်း အသောက်ကြမ်းကြသည်ဟု တိုကျို ရှင်အာကာဆာကာ ဆေးကုဌာနမှ ဒေါက်တာ မတ်ဆူကီက ပြောသည်။ မတ်ဆူကီနှင့် အခြားသမားတော်များက စီးပွားရေးလုပ်ငန်းအကြီးအကဲများအား အိမ်တွင် မိသားစုနှင့် သက်သောင့်သက်သာ အချိန်ပေး၍ နေရန်နှင့် အစားအသောက်ကို အချိန်အဆနှင့် စားရန် တိုက်တွန်းခဲ့ကြသော်လည်း အချည်းနှီးပင်ဟု ဆိုသည်။

အတွေးအမြင် စာစဉ် ၉၄၊ စက်တင်ဘာ ၁၉၉၃။

www.burmeseclassic.com

## ကမ္ဘာ့ဗဟုသုတဆန်းစစ်ချက်

ကမ္ဘာရေးရာ ဗဟုသုတများကို ယနေ့ခေတ်တွင် လူအများ ပို၍ စိတ်ဝင်စား လာကြသည်ကို သတိပြုမိပါသည်။ အထူးသဖြင့် လူငယ်များသည် ကမ္ဘာရေးရာများ ကို လေ့လာလိုက်စားမှတ်သားနေကြသည်ကို တွေ့မြင်ရပါသည်။

ကျွန်တော်သည် "ခေတ်ပြိုင်ကမ္ဘာရေးရာအဘိဓာန်"အမည်ဖြင့် စာအုပ်တစ်အုပ် ကိုပြုစုခဲ့၍ ၁၉၈၂ခုနှစ် နှစ်ဦးပိုင်းက ဘ၀တက္ကသိုလ်စာပေမှ ထုတ်ဝေဖြန့်ချိခဲ့ရာ ယခုဆို လျှင် ၁၀နှစ်ကျော်ပြီ ဖြစ်ပါသည်။ ထိုစဉ်က အုပ်ရေ ၂၂၀၀ ပုံနှိပ်ခဲ့ပြီး မဂ္ဂဇင်းကြီးအရွယ် စာမျက်နှာ ၅၀၀ခန့်ရှိသော ထိုစာအုပ်ကို တန်ဖိုးကျပ် ၄၀ဖြင့် ရောင်းချခဲ့ရာ တစ်နှစ်ခန့် ရောင်းမှ ကုန်ခဲ့ပါသည်။

ဆိုလိုသည်မှာ ထိုစဉ်က စာဖတ်ပရိသတ်၏ အခြေအနေအရ ထိုစာအုပ်မျိုး သည် ထွက်ထွက်ချင်း ပြိုက်ခနဲ ကုန်သွားသော အမျိုးအစား မဟုတ်ခဲ့ကြောင်း ပြော လိုရင်းဖြစ်ပါသည်။

ကျွန်တော်၏ "ခေတ်ပြိုင်ကမ္ဘာရေးရာအဘိဓာန်"စာအုပ်ကို ဖတ်ရှုမိသော ယနေ့လူငယ်အချို့က ယင်းစာအုပ် နိဒါန်းတွင် ကျွန်တော်ရေးသားခဲ့သလို 'ဖြည့်စွက် ပြုစုပြီး နောက်ထပ် ပုံနှိပ်ခြင်းများ မပြုလုပ်တော့ဘူးလားဟု မေးလာကြပါသည်။ ကျွန်တော်က 'တစ်နေ့နေ့တော့ လုပ်ဖြစ်မှာပါ'ဟူ၍သာ ဖြေခဲ့ပါသည်။ 'သို့သော် ဘယ် နေ့မှန်းမသိ'ဟူ၍ကား ဆက်မပြောခဲ့ပါ။

ဤကြားထဲတွင် စာဖတ်ချိန် အသင့်အတင့်ရ၍ စာဖတ်ဖြစ်ခဲ့ရာ ကမ္ဘာရေးရာ ဗဟုသုတနှင့် ပတ်သက်၍ မိမိကိုယ်မိမိ ဆန်းစစ်ရန် ကမ္ဘာ့ဖြစ်ရပ်ခေါင်းစဉ် အချို့ကို တွေ့ရှိရပါသည်။ ခေါင်းစဉ်များကို ဖတ်သွားကြည့်ပါ။ ဖတ်လိုက်ရုံနှင့် အကြောင်း ခြင်းရာများကို သိပြီးသားများ ပါသလို မကြားဖူး မသိဖူးသေးသော နာမည်များနှင့် ဖြစ်ရပ်များကိုလည်း တွေ့ရပါလိမ့်မည်။ သိပြီးသား ဘယ်လောက်၊ မသိသေးတာ ဘယ်လောက်အချိုးအစားကို ကြည့်၍ မိမိ၏ ကမ္ဘာ့ရေးရာဗဟုသုတ ရေချိန်ကို တိုင်းတာနိုင်ပါလိမ့်မည်။ မသိဖူးသေးသော အကြောင်းအရာများကို တွေ့ရလျှင် သိ အောင် ဆက်လက် လေ့လာရန် စိတ်ဝင်စားပါက အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော

www.burmeseclassic.com

နှစ်ချုပ်စာအုပ်များ စုံလင်သည့် စာကြည့်တိုက်ကြီးများတွင် နာမည်အညွှန်း၊ အကြောင်းအရာ အညွှန်းများကို ရှာဖွေ၍ဖတ်ရှုရန် တိုက်တွန်းလိုပါသည်။

**၁၉ရာစု အကုန်နှင့် ၂၀ရာစုအတွင်း ထင်ရှားသော လူပုဂ္ဂိုလ်များနှင့်ဖြစ်ရပ်များ**

ကားလ်မာ့က်စ်(၁၈၁၈–၈၃)၊ ဝက်ဂ်နာ(၁၈၁၃–၈၃)၊ အိန်ဂျယ်(၁၈၂၀–၉၅)၊ ဒေါ့စတိုယက်ဗ်စကီး(၁၈၂၁–၈၁)၊ အစ်ဘ်ဆင်(၁၈၂၈–၁၉၀၆)၊ တော်လ်စတွိုင်(၁၈၂၈–၁၉၁၀)၊ ဘိုရိုဒင်(၁၈၃၃–၈၇)၊ ဘရမ်းစ် (၁၈၃၃–၉၇)၊ ဇိုလာ(၁၈၄၀–၁၉၀၂)၊ နစ်ရှေး (၁၈၄၄–၁၉၀၀)၊ လီနင်(၁၈၇၀–၁၉၂၄)။

အာဖရိကတိုက်အနောက်ပိုင်း၌ လိုင်ဘေးရီးယားဒေသကို လွတ်မြောက်လာသော အမေရိကန်ကျွန်ဟောင်းများ၏ ကိုလိုနီနယ်မြေအဖြစ် တည်ထောင်(၁၈၂၂)၊ လယ်ထွန်စက်တီထွင် ထုတ်လုပ်(၁၈၃၄)၊ ပါရီ၊ မီလန်၊ နေပဲလ်စ်၊ ဗင်းနစ်၊ ရောမ၊ ဘာလင်၊ ဗီယင်နာ၊ ပရာဟာ၊ ဘူဒါပက်စ်တို့တွင် တော်လှန်ရေးများဖြစ်ပွား(၁၈၄၈)၊ ကရိုင်းမီးယားစစ်ပွဲ(၁၈၅၄–၅၆)၊ ဗြိတိသျှနှင့် ပြင်သစ်တို့ ပီကင်းကို သိမ်းပိုက်(၁၈၆၀)၊ ပင်ဆယ်ဗေးနီးယားတွင် ရေနံတူးဖော်(၁၈၅၉)၊ မာ့က်စ်က ပထမအင်တာနေရှင်နယ်ကို လန်ဒန်တွင် ဖွဲ့စည်းတည်ထောင်(၁၈၆၄)၊ ဗြိတိန်နိုင်ငံတွင် အလုပ်သမား သမဂ္ဂများ တရားဝင်ဖွဲ့စည်းခွင့်ပြု(၁၈၇၁)၊ ပါရီကွန်မြူန်းအရေးတော်ပုံ (၁၈၇၁)၊ သံဆူးကြိုးတီထွင် (၁၈၇၆)၊ တယ်လီဖုန်းတီထွင်(၁၈၇၆)၊ အာဖရိကတိုက်တွင် ဥရောပအင်အားကြီးနိုင်ငံများ၏ သြဇာနယ်ပယ်ခွဲခြားသတ်မှတ်ရေးကို ဘာလင်ညီလာခံက သဘောတူဆုံးဖြတ်(၁၈၈၅)၊ အာဖရိကတိုက်ကို ခွဲခြမ်းမှုပြီးစီး (၁၈၉၅)။

ဖရွိုက်(၁၈၅၆–၁၉၃၉)၊ ဖရှော့စ်(၁၈၇၁–၁၉၂၂)၊ ပီကာဆို(၁၈၈၁–၁၉၇၃)၊ ဝက်ဘာ(၁၈၆၄–၁၉၂၀)၊ ဂန္ဒီ(၁၈၆၉–၁၉၄၈)၊ ဘာထရန်ရပ်ဆဲလ်(၁၈၇၂–၁၉၇၀)၊ အိုင်းစတိုင်း(၁၈၇၉–၁၉၅၅)၊ ကာဖကာ(၁၈၈၃–၁၉၂၄)၊ ကိန်းစ်(၁၈၈၃–၁၉၄၆)၊ ဟဲမင်းဝေး(၁၈၉၉–၁၉၆၁)၊ ဂျော့အော်ဝဲလ်(၁၉၀၃–၅၀)၊ ယန်းပေါလ်ဆတ်(၁၉၀၅–၈၀)၊ ကိုအက်စ်လာ(၁၉၀၅–၈၄)၊ ဆိုလ်ဇင်နီဇင်(၁၉၁၈–   )၊ ဆခါးရော့ဗ်(၁၉၂၁–၁၉၉၀)၊ လီနင် (၁၈၇၀–၁၉၂၄)။

မော်တော်ကား အင်ဂျင်တီထွင်(၁၈၈၇)၊ ကြိုးမဲ့ကြေးနန်း(၁၈၉၅)၊ တရုတ်ပြည် လက်သီးတော်လှန်ရေး(၁၉၀၀)၊ ရေဒီယိုတယ်လီဖုန်းတီထွင်(၁၉၀၂)၊ လေယာဉ်ပျံတီထွင်(၁၉၀၃)၊ ရုရှား–ဂျပန်စစ်ပွဲ ဂျပန်နိုင် (၁၉၀၅)၊ ဗြိတိန်အောက်လွှတ်တော်တွင် ပထမဆုံး လေဘာပါတီအမတ်များ ရွေးကောက်ခံရ(၁၉၀၆)၊ တရုတ်ပြည်တွင် မန်ချူးမင်းဆက်ကို ဆွန်ယက်ဆင်က တော်လှန်ရေးဖြင့် ဖြုတ်ချ(၁၉၁၂)၊ ပထမကမ္ဘာစစ်ကြီး (၁၉၁၄–၁၈)၊ ရုရှားတော်လှန်ရေးကြီး(၁၉၁၇)၊ ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး တည်

www.burmeseclassic.com


ထောင် (၁၉၁၉)၊ အိုင်ယာလန်ပြည်တွင်းစစ်(၁၉၁၉)၊ ပါလက်စတိုင်းတွင် ဂျူးနိုင်ငံတည်ထောင်(၁၉၂၀)၊ အမေရိကန်ပြည်ထောင်စုတွင် အရက်သေစာသောက်စားခြင်းကို ဥပဒေဖြင့်တားမြစ်(၁၉၂၀–၃၃)၊ ဆိုဗီယက်ပြည်ထောင်စုကြီးတည်ထောင်(၁၉၂၂)၊ ဗြိတိန်အသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ)တည်ထောင်(၁၉၂၂)၊ အီတလီတွင် ဖက်ဆစ်မူဆိုလီနီအာဏာရှင်ဖြစ်လာ(၁၉၂၃)၊ လီနင်ကွယ်လွန်(၁၉၂၄)၊ စတာလင် အာဏာရှင်ဖြစ်လာ(၁၉၂၄–၁၉၅၃)၊ ရုပ်မြင်သံကြားတီထွင်(၁၉၂၅)၊ သိပ္ပံပညာရှင်ကြီးဖလင်းမင်း က ပင်နီဆလင်ဆေးဖော်စပ်(၁၉၂၈)၊ ကမ္ဘာ့စီးပွားရေးအချက်အချာ နယူးယောက်ဝေါလ်လမ်းမကြီးစီးပွားပျက်(၁၉၂၉)၊ ဂျာမနီတွင် အဒေါ့ဖ်ဟစ်တလာဝန်ကြီးချုပ်ဖြစ်လာ(၁၉၃၃)၊ စတာလင်က ကွန်မြူနစ်ပါတီတွင်း သန့်စင်ပွဲကြီး စတင်(၁၉၃၃)၊ ဂျာမနီတွင် ဟစ်တလာအာဏာရှင်ခေါင်းဆောင်ကြီးအဖြစ်ခံယူ(၁၉၃၄)၊ မော်စီတုန်းခရီးရှည်ချီတက်ပွဲကြီး(၁၉၃၄–၁၉၃၆)၊ ရှန်ဟဲနှင့် ပီကင်းကို ဂျပန်သိမ်းပိုက်(၁၉၃၈)၊ ဂျာမနီက ပိုလန်ကို ၁၉၃၉၊ စက်တင်ဘာ ၁ရက်တွင် ကျူးကျော်သိမ်းပိုက်၊ ဒုတိယကမ္ဘာစစ်ကြီးစတင်၊ ဟီရိုးရှီးမားနှင့် နာဂဆာကီ အဏုမြူပုံးချခံရ(၁၉၄၅–ကြဂုတ် ၆နှင့် ၉)၊ နူရင်ဘတ်စစ်ခုံရုံး(၁၉၄၆)၊ အိန္ဒိယပြည်ကြီး လွတ်လပ်ရေးရ(၁၉၄၇)၊ ပါကစ္စတန်သီးခြားနိုင်ငံပေါ်လာ(၁၉၄၇)၊ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းကြေညာ(၁၉၄၇)၊ အစ္စရေးနိုင်ငံတည်ထောင်ခြင်း(၁၉၄၈)၊ တောင်အာဖရိကနိုင်ငံ အစိုးရက အသားအရောင်ခွဲခြားရေး(အပါသိုက်)ကို တရားဝင်မူဝါဒအဖြစ် ကြေညာ(၁၉၄၉)၊ တရုတ်ပြည်တွင် မော်စီတုန်းဦးဆောင်သော ကွန်မြူနစ်အစိုးရပေါ်ပေါက်(၁၉၄၉)၊ ဂျာမနီနိုင်ငံနှစ်ခြမ်းခွဲခြား(၁၉၄၉)၊ အမေရိကန်တွင် ဆီးနိတ်အမတ် မက်ကာသီ ဦးဆောင်သောအမေရိကန် မပီသသူများ ဖော်ထုတ်ရေးလှုပ်ရှားမှုပေါ်ပေါက်(၁၉၅၀)၊ နျူကလီးယားလက်နက်ဖျက်သိမ်းရေးလှုံ့ဆော်မှုများစတင်(၁၉၅၂)၊ ကိုရီးယားစစ်ပွဲ(၁၉၅၃)၊ အသက်ဇီဝဓာတ်(ဒီအင်အေ)ပုံစံကို ဝပ်ဆင်နှင့် ခရစ်က တွေ့ရှိဖော်ထုတ်(၁၉၅၃)၊ သေဒဏ်ဖျက်သိမ်းရေးကြိုးပမ်းမှုများ စတင်(၁၉၅၆)၊ စတာလင်ကို ခရုရှက်က အပုပ်ချ(၁၉၅၆)၊ ရောမစာချုပ်ဖြင့် အီးအီးစီခေါ် ဥရောပစီးပွားရေးမိသားစု အဖွဲ့ဖွဲ့စည်း(၁၉၅၇)၊ ကျူးဘားတွင် ကပ်စထရိုက အာဏာရှင်ဘာတစ္စတာကို တော်လှန်ဖြုတ်ချ(၁၉၅၉)၊ တိဗက်တော်လှန်အုံကြွမှု(၁၉၅၉)။

အာဖရိကတိုက်တွင် ကိုလိုနီ ၁၇နိုင်ငံ လွတ်လပ်ရေးရ(၁၉၆၀)၊ အန္တာတိတ်ဒေသကို သိပ္ပံသုတေသနအတွက် သီးသန့်ဒေသသတ်မှတ်(၁၉၆၀)၊ ပဋိသန္ဓေတားဆေးများ တရားဝင်သုံးစွဲခွင့် ခွင့်ပြု(၁၉၆၀)၊ အမျိုးသမီးလွတ်မြောက်ရေးလှုပ်ရှားမှု အရှိန်အဟုန်မြင့်(၁၉၆၁)၊ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကြီး(၁၉၆၆–၆၉)၊ ဗီယက်နမ်တွင် အမေရိကန်စစ်ရေးစွက်ဖက်မှု(၁၉၆၄)၊ ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှား

www.burmeseclassic.com

မှုစတင်(၁၉၆၆)၊ ဂရိနိုင်ငံ အာဏာသိမ်းပွဲ(၁၉၆၇)၊ ပါရီတွင် ကျောင်းသားအရေးတော်ပုံ ဖြစ်ပွား၊ ပညာရေးပြဿနာများအပေါ် ကမ္ဘာနှင့်အဝန်း စောကြောလာ(၁၉၆၈)၊ ချက်ကိုစလိုဗက်ကီးယားကို ဆိုဗီယက်ကျူးကျော်(၁၉၆၈)။

ဗြိတိန်က အိုင်ယာလန်မြောက်ပိုင်းသို့ စစ်တပ်များပို့၊ ကမ္ဘောဒီးယားကို အမေရိကန်ကျူးကျော်(၁၉၇၀)၊ နိုင်ငံတကာအကြမ်းဖက်မှုများတိုးပွား၊ ကုလသမဂ္ဂသို့ တရုတ်ပြည်ဝင်ခွင့်ရ၊ ဖော်မိုဆာကိုထုတ်ပယ်(၁၉၇၁)၊ အရှေ့ပါကစ္စတန်မှ ဘင်္ဂလား ဒေ့ရှ် နိုင်ငံသစ်ပေါ်ပေါက်(၁၉၇၁)၊ မြောက်ဗီယက်နမ်အား တောင်ဗီယက်နမ်က အညံ့ခံ၊ ဗီယက်နမ်စစ်ပွဲဆက်ဖြစ်၊ တိရစ္ဆာန်များအပေါ် ကြင်နာတရားထားရှိရေး လှုပ် ရှားမှု ပေါ်ပေါက်၊ တောင်အာဖရိကတွင် လူမျိုးရေးအဓိကရုဏ်းများဖြစ်ပွား(၁၉၇၆)၊ မော်စီတုန်းကွယ်လွန်၊ ဂျင်မီကာတာ အမေရိကန်သမ္မတဖြစ်(၁၉၇၇)၊ ဇင်ဘာဘွေ လွတ် လပ်ရေးရ(၁၉၇၈)၊ ရေနံပြဿနာမှစ၍ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဖြစ်(၁၉၇၈)၊ ဗြိတိန်တွင် ကွန်ဆာဗေးတစ်ဝန်ကြီးချုပ် မာဂရက်သက်ချာဖြစ်လာ(၁၉၇၉–၈၉)၊ အီရန် တွင် အယာတိုလာခိုမေနီခေါင်းဆောင်ကြီးဖြစ်လာ(၁၉၇၉)၊ အာဖဂနစ္စတန်ကို ဆိုဗီယက် ကျူးကျော်(၁၉၇၉)၊ အမေရိကန်သမ္မတရော်နယ်ရေဂင်တက်လာ(၁၉၈၁)၊ အာဖရိက တိုက် အနှံ့အပြားအငတ်ဘေးဆိုက်(၁၉၈၂)၊ ဖောက်ကလန်စစ်ပွဲ(၁၉၈၃)၊ ဂရင်နေဒါ ကျွန်းကို အမေရိကန်ကျူးကျော်တိုက်ခိုက်(၁၉၈၃)၊ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ လုပ်ကြံခံရ၊ ရာဂျစ်ဂန္ဒီဝန်ကြီးချုပ်ဖြစ်(၁၉၈၄)၊ စတားဝါးစ် ကြယ်တာရာစစ်ပွဲ မဟာ ဗျူဟာဖော်ထုတ်(၁၉၈၄)၊ ဆိုဗီယက်တွင် ချာနင်ကိုနေရာ၌ ဂေါ်ဘာချော့ဖ်ခေါင်းဆောင် ဖြစ်(၁၉၈၅)၊ ဖိလစ်ပိုင်တွင် မားကို့စ်ပြုတ်ကျထွက်ပြေးရပြီး မစ္စက်အကီနိုသမ္မတဖြစ် (၁၉၈၆)၊ အိန္ဒိယဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီလုပ်ကြံခံရ(၁၉၉၀)၊ ရိုမေးနီးယားတွင် ချောင်ဆက် စကူး မောင်နှံကို လူထုက သုတ်သင်၊ ချက်ကိုစလိုဗက်ကီးယား အုံကြွမှုဖြစ်၊ ဟာဗယ် သမ္မတဖြစ်လာ၊ ယူဂိုဆလားဗီးယားအပါအဝင် အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများ ပြိုကွဲ၊ ဂေါ်ဘာချော့ဖ်ပြုတ်၊ လွတ်လပ်သော နိုင်ငံများ ဓနသဟာယအဖွဲ့ပေါ်ပေါက်၊ ရုရှားသမ္မတနိုင်ငံတွင် ယဲလ့်ဆင်ခေါင်းဆောင်မှုပေါ်ထွန်း(၁၉၉၁–၉၂)၊ အမေရိကန် ပြည်ထောင်စုတွင် ရီပတ်ဗလီကင်သမ္မတဂျော့ဘုရှ် ရှုံးနိမ့်ပြီး ဒီမိုကရက်တစ်သမ္မတသစ် ကလင်တန်တက်(၁၉၉၃)၊ အသစ်အသစ်သော ကမ္ဘာ့ဖြစ်ရပ်များကို လောကဓာတ်ခံ၊ ဤလူ့ဘုံဝယ်၊ အဖုံဖုံ အလီလီ တွေ့မြင်နေရပေဦးမည်။

အတွေးအမြင် စာစဉ် ၉၆၊ နိုဝင်ဘာ ၁၉၉၃။

www.burmeseclassic.com

## ဟမ္မားရှိုးလ်ပေးခဲ့သော စေ့စပ်ဖျန်ဖြေရေး သင်ခန်းစာ

အောက်ပါ တကယ့်အဖြစ်အပျက်ကို သုံးခန်းရပ်ပြဇာတ်ပုံစံဖြင့် ကျွန်တော် တင်ပြသွားပါမည်။ အချိန်ကာလမှာ ၁၉၆၀ပြည့်နှစ်အတွင်း နေရာမှာ နယူးယောက်မြို့၊ ဇာတ်ကောင်များမှာ ထိုစဉ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်၊ တက္ကစီယာဉ်မောင်းတစ်ဦး၊ ကျွန်တော်၏ ဂျစ်ကားအိုကြီးနှင့် ကျွန်တော်တို့ဖြစ်ကြပါသည်။

(မှတ်ချက်။ ။မစ္စတာဟမ္မားရှိုးလ်(၁၉၀၅–၆၁)မှာ ဆွီဒင်လူမျိုးသံတမန်တစ်ဦး ဖြစ်ပြီး ၁၉၅၃ ဧပြီလတွင် ကုလသမဂ္ဂအတွင်းရေးမှူးအဖြစ် စတင်တာဝန်ယူခဲ့၏။ ၁၉၆၁ ခုနှစ်တွင် ကွန်ဂိုအရေးအခင်းအတွက် ခရီးထွက်ကြိုးပမ်းစဉ် လေယာဉ်ပျက်ကျ၍ ကွယ်လွန်ရှာပါပြီ။)

ပြကွက်(၁)

ကျွန်တော်သည် မစ္စတာဟမ္မားရှိုးလ်နှင့် တွေ့ဆုံရန် ချိန်းဆိုထားပါသည်။ နိုင်ငံတကာစေ့စပ်ဆွေးနွေးပွဲများနှင့်ပတ်သက်၍ သတင်းဆောင်းပါးရှည်ကြီးတစ်ပုဒ် ရေးရန် ကျွန်တော်ပြင်ဆင်လျက်ရှိရာ ထိုနေ့ညနေက နယူးယောက်မြို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးအဆောက်အအုံ၏ ၃၈ထပ်ရှိ အတွင်းရေးမှူးချုပ်၏ ရုံးခန်း၌ ကျွန်တော်တို့ တွေ့ဆုံကြပါသည်။ ကျွန်တော်ရေးသားမည့် သတင်းဆောင်းပါး အကြောင်းအရာမှာ နက်နဲကျယ်ပြန့်လှ၍ တင်ပြရန် မလွယ်ကူကြောင်း၊ အတွင်းရေးမှူး ချုပ်အနေဖြင့်လည်း မပြီးပြတ်သေးသော သူ၏ လုပ်ငန်းများအကြောင်းကို ထုတ်ဖော် ရှင်းလင်းလိမ့်မည်မဟုတ်ကြောင်း စသည်ဖြင့် သံတမန်ရေးရာမိတ်ဆွေသတင်းထောက် များက ကျွန်တော့်ကို သတိပေးခဲ့ကြပါသည်။

သို့ရာတွင် ကျွန်တော်တို့ ဆုံမိကြသောအခါ အံ့အားသင့်စရာဖြစ်ရပါသည်။ မစ္စတာ ဟမ္မားရှိုးလ်သည် ကျွန်တော့်ကို လိုလိုလားလား ကြိုဆိုပါသည်။ သူသည် အပေါ်ကွတ်အင်္ကျီကို ချွတ်ထားပြီး ရှပ်အင်္ကျီဝတ်ထားလျက်ပင် ကျွန်တော့်ကို ဧည့်ခံ ပါသည်။ ထိုနေ့က သူသည် သောက်နေကျ ဆေးပြင်းလိပ်သေးသေးရှည်ရှည်ကလေး မဟုတ်ဘဲ ဆေးတံခဲထားပါသည်။ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ရန် ထိုင်ရာမှထ

လိုက်သောအခါ သူသည် ကျွန်တော်တို့ ရုပ်မြင်သံကြားထဲ၌ မြင်နေကျထက် ပို၍ အရပ်မြင့်၊ ပို၍သွယ်လျပြီး အသားဖြူသည်ကို တွေ့ရပါသည်။

အတွင်းရေးမှူးချုပ်က ကျွန်တော့်အား အခန်းထောင့်ရှိ ဧည့်ခံစားပွဲတစ်လုံးသို့ ခေါ်သွားပြီး နှစ်ယောက်သားထိုင်ကြကာ ကျွန်တော်၏ မေးခွန်းများကို စတင်ဖြေကြား ပါသည်။ ကျွန်တော်၏မေးခွန်းများကို ဖြေရာတွင် သူသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အရေးပါသော အခန်းကဏ္ဍကို အလေးအနက် အင်တိုက်အားတိုက်ပြောဆိုသွားပါ သည်။ ယခုအထိ ကုလသမဂ္ဂအဖွဲ့ကြီးက ဆောင်ရွက်ပြီးသော လုပ်ငန်းများအကြောင်း နှင့် အနာဂတ်တွင် ကြိုးပမ်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ကျွန်တော့်အား ရှင်းလင်းပြောပြပါသည်။ "အမှားတွေကို ကျွန်တော်တို့ ရှောင်ကြဉ်ကြရမယ်၊ စေ့စပ် ဆွေးနွေးဖျန်ဖြေတဲ့နည်းလမ်းကို ကျွန်တော်တို့ တန်ဖိုးထားကြမှဖြစ်မယ်။ ယခုဆိုလျှင် စေ့စပ်ဖျန်ဖြေတဲ့နည်းကို နိုင်ငံတော်တော်များများက ကျင့်သုံးနေကြပါပြီ။ စေ့စပ်ဖျန်ဖြေ တဲ့ နေရာမှာ အရေးကြီးတာက တစ်ဖက်သားရဲ့ မာနကို မထိပါးဖို့၊ ဒေါသကို လမ်းလွှဲ ပေးဖို့ ကြိုးစားရခြင်းပဲ ဖြစ်ပါတယ်။ ပဋိပက္ခတစ်ခုကို တစ်ဖက်နဲ့တစ်ဖက် အလျှော့ အတင်း အပေးအယူလုပ်ခြင်းဖြင့်သာ အဆုံးသတ်နိုင်ပါတယ်"ဟု မစ္စတာဟမ္မားရှိုးလ် က ပြောလေသည်။

ကျွန်တော်တို့ ဆွေးနွေးပွဲပြီးဆုံးချိန်တွင် သူ၏စားပွဲမှ တယ်လီဖုန်းမြည်လာ ပါသည်။ မစ္စတာဟမ္မားရှိုးလ်က စကားသွားပြောရာ သူ၏ပြောကြားချက်ကို နား ထောင်ရခြင်းဖြင့် တစ်ဖက်မှ စကားပြောသူသည် မစ္စတာဟမ္မားရှိုးလ်နှင့် ညစာစားရန် ချိန်းဆိုထားကြောင်း၊ သို့ရာတွင် ကောက်ကာငင်ကာ နေမကောင်းဖြစ်လာသဖြင့် ညစာစားရန် အစီအစဉ်ကို ဖျက်သိမ်းကြောင်း သိရပါသည်။ တယ်လီဖုန်းပြန်ချပြီး နောက် မစ္စတာဟမ္မားရှိုးလ်မှာ ချိန်းဆိုထားသော အစီအစဉ်တစ်ခု ပျက်သွားသဖြင့် စိတ်ပျက်နေပုံရပါသည်။ ကျွန်တော်က အခွင့်ကောင်းယူ၍ လှမ်းပြောလိုက်ပါသည်။

"မစ္စတာ ဟမ္မားရှိုးလ်၊ တခြားအစီအစဉ်မရှိဘူးဆိုရင် ကျွန်တော်နဲ့အတူ ညစာလိုက်စားပါလားခင်ဗျား"

အတွင်းရေးမှူးချုပ်က ငြင်းဆိုလိမ့်မည်ဟု ကျွန်တော်ထင်နေမိပါသည်။ မဟုတ်ပါချေ။ သူက လိုက်လိုက်လှဲလှဲဖြင့် "ဟာ သိပ်ကောင်းတာပေါ့ဗျာ"ဟု ပြန်ပြော သည်။

သူ၏ ရုံးခန်းမှ ထွက်လာကြစဉ် ကျွန်တော်က ကျွန်တော်သည် နယူးယောက် မြို့မှ မိုင် ၆၀အကွာတွင် နေထိုင်ကြောင်း၊ ယနေ့နံနက်တွင် ရထားမမီသဖြင့် ကျွန်တော် ၏ အနီရောင်ဂျစ်ကားအိုကြီးကို မောင်းပြီးလာခဲ့ရကြောင်း ပြောပြပါသည်။

www.burmeseclassic.com


"ဂျစ်ကားအနီ ဟုတ်လား၊ အဲဒါမျိုး မစီးဖူးသေးဘူးခင်ဗျ"ဟု မစ္စတာဟမ္မားရှိုးလ်က ပြန်ပြောပါသည်။

ကျွန်တော်သည် အတွင်းရေးမှူးချုပ်နှင့် ညစာစားဖို့ သွားရမည့်နေရာကို အမြန် ဆုံး စဉ်းစားနေရပါသည်။ မကြာသေးမီက ကျွန်တော်ရောက်ခဲ့ဖူးသော စားသောက်ဆိုင် ကလေးတစ်ခုကို သတိရလိုက်ပါသည်။ ထိုဆိုင်ကလေးမှာ ဆိတ်ငြိမ်အေးချမ်းပြီး အနောက်အိန္ဒိယကျွန်းသား အစားအစာများ အကောင်းဆုံး ရနိုင်ပါသည်။ ကျွန်တော် က ထိုဆိုင်ကလေးအကြောင်းပြောပြပြီး ထိုနေရာသို့ သွားကြရန် ပြောရာ မစ္စတာဟမ္မား ရှိုးလ်က "အနောက်အိန္ဒိယအစားအစာဆိုရင် ကျွန်တော်အင်မတန် ကြိုက်တာပေါ့ ခင်ဗျာ။ ပုစွန်ဆိတ်ဟင်းနဲ့ ဆန်ထမင်းနဲ့စားရတာ သိပ်ကောင်းပေါ့။ အဲဒီနေရာလေးကို ပဲ သွားကြရအောင်၊ ဒါထက် ကျွန်တော်က ဒီနေ့အလုပ်ဆင်းချိန်နောက်ကျမှာမို့ ကျွန်တော့်ယာဉ်မောင်းကို ပြန်လွှတ်လိုက်ပြီ။ ခင်ဗျားရဲ့ ဂျစ်ကားအနီနဲ့ပဲ သွားကြတာ ပေါ့ မဟုတ်ဘူးလား"

"ကျွန်တော့်ကားက လူမြင်လို့တောင် မကောင်းပါဘူးမစ္စတာဟမ္မားရှိုးလ်၊ ဘေးအကာ တာရပတ်တွေလည်း မရှိဘူး၊ ဂီယာက သိပ်မကောင်းတော့ တုံ့တုံ့ပြီး ခုန်နေတတ်တယ်"

ကျွန်တော်က မရှုံ့မရဲဖြင့် ပြောလိုက်ရာ မစ္စတာ ဟမ္မားရှိုးလ်က ကျွန်တော့် ပခုံးကို လက်တစ်ဖက်ဖြင့် ဖက်လိုက်ပြီး "သတ္တိမွေးစမ်းပါဗျာ"ဟု ပြောလိုက်ပါသည်။

ပြကွက်(၂)

ညနေရုံးဆင်းချိန်ဖြစ်၍ ကားအသွားအလာများ အလွန်ရှုပ်ထွေးလျက်ရှိသည်။ တစ်နေရာတွင် ကျွန်တော့်ဂျစ်ကားနောက်မှကားတစ်စီးက ရုတ်တရက် ကျယ်လောင်စွာ ဟွန်းတီးပြီး ဆိုင်းမဆင့်ဗုံမဆင့် ကျော်တက်လိုက်ပါသည်။ ထိုကားမှာ တက္ကစီကားတစ်စီးဖြစ်ပြီး ကြမ်းတမ်းစွာ ကျော်တက်ကာ ကျွန်တော့်ကားရှေ့သို့ ဗြုန်းခနဲ ထိုးဝင်ပါသည်။ ကျွန်တော့်မှာ ကြောက်အားလန့်အားဖြင့် ဘရိတ်ကို ဖမ်းနင်းပြီး လက်ကိုင်ခွေကို ညာဘက်သို့ အတင်းကွေ့လိုက်ရပါသည်။ ထိုအခါ ကျွန်တော့်ကားသည် ပလက်ဖောင်းပေါ် တက်သွားပြီး တွဲလောင်းဆွဲထားသော လမ်းဘေးအမှိုက်ပုံးကို ပွတ်တိုက်၍ ဓာတ်တိုင်တစ်ခုကို ဦးတိုက်ပြီး ရပ်သွားပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လိုက်ပါလာသော ကျွန်တော်၏ ဂျစ်ကားအိုကြီးသည် နယူးယောက်မြို့လယ်၌ လမ်းဘေးဓာတ်တိုင်ကို ဦးတိုက်၍ ကန့်လန့်ကြီး ဖြစ်နေပါသည်။ တော်ပါသေးသည်။ အထိအခိုက်အပျက်အစီး တစ်စုံတစ်ရာမရှိပါ။

ထိုစဉ် ကျော်တက်သွားသော တက္ကစီသည် ရှေ့နားလမ်းဘေးကားရပ်ရန်

www.burmeseclassic.com

နေရာတစ်ခု၌ ရပ်၍ ယာဉ်မောင်းက ဒေါင်းတီမောင်းတီဖြင့် ဆင်းလာပါသည်။ အနီးသို့ သူမရောက်ခင် ကျွန်တော်က ဆီး၍ ဟောက်လိုက်ပါသည်။

"ဟေ့လူ ရမ်းကားလှချည်ကလား၊ အချက်ပြမီးလည်း မပြဘဲ ကျော်တက်ရသလား၊ ခင်ဗျားဟာ အတော်မိုက်ရိုင်းတဲ့လူပဲ"

တက္ကစီယာဉ်မောင်းက "ဘာပြောတယ်၊ နောက်ကနေ ဟွန်းတတီတီ တီးနေတာ မကြားဘူးလား၊ ကိုယ့်လူ နားကန်းနေသလား ကိုယ့်လူမှာ ဦးနှောက်မရှိဘူးလား" ဟု ပြန်ဟောက်ပါသည်။ ထို့နောက် သူကပင် ကျွန်တော့်ယာဉ်မောင်းလိုင်စင်ပြရန် တောင်း၍ ကျွန်တော်က အိတ်ထဲမှ ထုတ်ပေးပြီး သူ၏ လိုင်စင်ကို ပြရန် ပြန်တောင်းပါသည်။ သူက ကျွန်တော့်လိုင်စင်ကိုကြည့်ပြီး "ဒီခေတ်မှာတော့ လုပ်ချင်သလို လုပ်နေကြတာပဲ။ ပေါက်တတ်ကရလူတွေကိုလည်း ယာဉ်မောင်းလိုင်စင်ထုတ်ပေးနေတာကိုး" ဟု ပြောပါသည်။

ကျွန်တော့်မှာ ဒေါသကို မထိန်းနိုင်တော့ဘဲ "မင်းလုပ်ပုံက တို့အားလုံးသေသွားနိုင်တယ်၊ နားလည်လား" ဟု ပြောလိုက်ပါသည်။

ဤအချိန်တွင် ကျွန်တော်တို့နှစ်ယောက်စလုံး ဒေါသအထွက်ဆုံးအဆင့်သို့ ရောက်သွားကြပါပြီ။ တက္ကစီယာဉ်မောင်း၏ ကြွက်သားများ တင်းရင်းလာသည်ကို ကျွန်တော်တွေ့ရပါသည်။ ကျွန်တော်ကလည်း ပလက်ဖောင်းပေါ်တွင် ခြေနှစ်ဖက်စုံခွဲရပ်၍ အသင့်အနေအထားဖြင့် ရင်ဆိုင်ပါသည်။ လမ်းဘေးပရိသတ်များကလည်း ဝိုင်းလာကြသည်။ တက္ကစီယာဉ်မောင်းက မစ္စတာဟာမ္မားရှီးလ်ကို လှမ်းကြည့်ပြီး "ဒီမယ်မိတ်ဆွေ၊ ကျုပ်သာ ခင်ဗျားနေရာမှာဆို ဒီငနဲမောင်းတဲ့ကားကို စီးမှာမဟုတ်ဘူး။ ဒီငနဲက တောသားဒရိုင်ဘာပဲ။ သူလိုလူမျိုးနဲ့ သူ့ဂျစ်ကားမျိုးဟာ တောနဲ့ပဲ တန်တယ်" ဟု မထီမဲ့မြင် ပြောလိုက်ပါသေးသည်။

ကျွန်တော်က တက္ကစီယာဉ်မောင်းကိုတစ်တစ်ခွခွပြန်လည်ချေပတော့မည်ပြုစဉ် မစ္စတာဟာမ္မားရှီးလ်က အေးချမ်းသောလေသံဖြင့် "အေးဗျာ၊ ဒီလိုမြို့ကြီးမှာ တစ်နေကုန် တက္ကစီမောင်းရတာ အတော်စိတ်ရှုပ်စရာဖြစ်မှာပဲ။ ကျွန်တော်သာဆိုရင် ဒီအလုပ်မျိုး လုပ်နိုင်မှာ မဟုတ်ဘူး။ ဒီလောက် ကားတွေ ရှုပ်ထွေးနေတဲ့ နေရာမှာ ယာဉ်တိုက်မှုတွေ သိပ်မဖြစ်လှတာကို အံ့ဩနေမိတယ်"

မစ္စတာဟာမ္မားရှီးလ်၏ ပြောစကားကို ကြားလိုက်ရသောအခါ တက္ကစီယာဉ်မောင်း၏ မျက်နှာ တစ်မျိုးပြောင်းသွားသည်ကို တွေ့ရပါသည်။ သူ၏ဘဝကို စာနာသောလေသံဖြင့် ပြောဆိုသော စကားကို သူကြားလိုက်ရသောကြောင့် ဖြစ်ပုံရပါသည်။

www.burmeseclassic.com


“ဟုတ်ပါ့ခင်ဗျာ၊ ကားမောင်းရတာ မလွယ်ပါဘူး။ ကားတွေရှုပ်ရတဲ့အထဲ နွင်းခဲတွေကျလိုက်၊ မိုးတွေရွာလိုက်၊ ပြီးတော့ ယာဉ်ထိန်းရဲတွေကိုလည်း ကြောက်ရ သေး၊ ဒီမြို့မှာကားမောင်းရတာ အင်မတန်ပင်ပန်းလှပါတယ်” ဟု တက္ကစီယာဉ်မောင်း က မစ္စတာဟမ္မားရှိုးလ်အား ပြေပြေပြစ်ပြစ် ပြန်ပြောသည်။

ခုနကပင် ဒေါကြီးမောကြီးဖြင့် စကားအနိုင်လုရန် အသင့်ရှိနေခဲ့သော ကျွန်တော်သည်လည်း သူတို့နှစ်ယောက်၏ စကားပြောခန်းကို ဝင်ပါမိလျက်သား ဖြစ်နေပါသည်။ ကျွန်တော်က “ဟုတ်တယ်ဗျာ၊ ကားမောင်းရတာ အတော်ဆိုးပါတယ်။ နယူးယောက်မြို့ကြီးကို ကားမောင်းပြီး လာရတာ တစ်လမှာ တစ်ကြိမ်နှစ်ကြိမ်ထက် မပိုတာကိုပဲ ဝမ်းသာမိသေးတယ်”

ဤတွင် မစ္စတာဟမ္မားရှိုးလ်က ကျွန်တော့်ဘက်သို့လှည့်၍ “ခင်ဗျားအလုပ် ကလည်း အတော်ဦးနှောက်ခြောက်ရတာပဲ မဟုတ်လား” ဟုပြောပါသည်။

“ဟုတ်ပါတယ်ခင်ဗျာ၊ ပြီးတော့ ကားမောင်းလာရင်း ခင်ဗျားကို စကား တဖောင်ဖောင် ပြောလာမိလို့ နည်းနည်းသတိလစ်သွားတယ်”

မစ္စတာဟမ္မားရှိုးလ်က တက္ကစီယာဉ်မောင်းဘက်သို့လှည့်၍ “ကျွန်တော့် မိတ်ဆွေက သူနည်းနည်းသတိလစ်သွားတယ်လို့ ပြောပါတယ်ဗျာ”

ဤတွင် တက္ကစီ ယာဉ်မောင်းက “သြော်–ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း အတင်းကျော်တက်ပြီး ရှေ့က ဖြတ်ဝင်လိုက်မိတယ်”ဟု ဝန်ခံသည်။ “သူဟာ တော ဘက်က တက်လာတယ်ဆိုတာ ကျွန်တော်သတိထားမိဖို့ ကောင်းပါတယ်။ သူ့ကြည့် ရတာ နယူးယောက်မြို့က ယာဉ်မောင်းအချက်ပြစည်းကမ်းတွေကိုပါ သိပ်နားမလည် ဘူးထင်ပါရဲ့”ဟု သူက ဆက်ပြော၏။

ကျွန်တော်သည် နယူးယောက်မြို့ဇာတိဖြစ်ပြီး နယူးယောက်တွင် ကြီးပြင်း လာသူဖြစ်ကြောင်း၊ ယာဉ်မောင်းလိုင်စင်ကို လွန်ခဲ့သည့် ၁၅နှစ်ကတည်းက ရထားသူ ဖြစ်ကြောင်း ပြန်လည်ချေပပြောဆိုတော့မည်ပြုစဉ် တစ်စုံတစ်ခုကို သတိရလိုက်မိသည်။ ထို တစ်စုံတစ်ခုကား အခြားမဟုတ်။ မစ္စတာဟမ္မားရှိုးလ်၏ ဖျန်ဖြေရေးနည်းလမ်းပင်ဖြစ်သည်။စာစာပိုင်းကသူ၏ရုံးခန်းတွင်နိုင်ငံတကာဆွေးနွေးပွဲများ၌ ကျင့် သုံးအပ်သည့် ဖျန်ဖြေကျေအေးရေးနည်းလမ်းအကြောင်းကို မစ္စတာဟမ္မားရှိုးလ်က ကျွန်တော့်အား ပြောပြခဲ့သည်။

ယခုသူသည် မော်တော်ကားနှစ်စီး အသေးအဖွဲ့ မတော်တဆဖြစ်ရာမှ ယာဉ် မောင်းနှစ်ဦး ခိုက်ရန်ဖြစ်ပွားအံ့ဆဲဆဲ အခြေအနေကို ကျေအေးအောင် ကြားဝင်ဖျန်ဖြေ နေခြင်း မဟုတ်ပါလား။ ထို့ကြောင့် ကျွန်တော်ဘာမှ ပြန်မပြောတော့ဘဲ နေလိုက်သည်။

www.burmeseclassic.com

သူ၏ရုံးခန်းတွင် ဆွေးနွေးခဲ့ကြစဉ်က မစ္စတာဟာမ္မားရှိုးလ်က "ဖျန်ဖြေသူဟာ အချက်သုံးချက်ကို အမြဲတမ်းနှလုံးသွင်းထားရမယ်"ဟု အလေးအနက် ပြောကြားခဲ့သည်။

တစ်။ ။အခြေအနေတစ်ရပ်ဟာ သင့်မြတ်ကျေအေးအောင် လုပ်လို့မရနိုင်တော့ဘူးလို့ ယူဆစရာဖြစ်နေရင်တောင် စိတ်ပျက်တုန်လှုပ်ချောက်ချားခြင်း မဖြစ်ပါနှင့်။ နှစ်ဖက်စလုံးက တစ်ဖက်နှင့်တစ်ဖက် အော်ကြီးဟစ်ကျယ် ပြောလာတဲ့အထိ အခြေ အနေ ဖျန်ဖြေသူဆိုတာ ကြားဝင်စရာ မလိုပါဘူး။ ဖျန်ဖြေသူရဲ့ ပထမဆုံး အရေးကြီး တဲ့ ခြေလှမ်းက ဘာလဲဆိုတော့ နှစ်ဖက်စလုံးနဲ့ ကျေကျေလည်လည် ဆက်ဆံရေးထူထောင်ဖို့ပဲ။ ရန်ပြိုင်နေတဲ့ ဘက်နှစ်ဖက်ဟာ တစ်ဖက်နဲ့တစ်ဖက် ဓားတဝင့်ဝင့် လုပ်နေချိန်မှာလည်း ဖျန်ဖြေသူဟာ နှစ်ဖက်စလုံးနဲ့ အဆက်အသွယ်ရှိနေရမယ်။

နှစ်။ ။ဒေါသထွက်နေတဲ့ ဟိုဘက်သည်ဘက် ပုဂ္ဂိုလ်တွေကို သူတို့ရဲ့ အခင်းဖြစ်ပွားတဲ့ မူလကိစ္စနဲ့ မသက်ဆိုင်တဲ့ အခြားအကြောင်းအရာတချို့ဆီ လမ်းလွှဲပေးပြီး သူတို့ရဲ့ ဒေါသတွေ အားပျော့သွားအောင် လုပ်ဖို့ကြိုးစားရမယ်။ လမ်းလွှဲပေးတဲ့ အကြောင်းအရာဟာ ပုဂ္ဂိုလ်စွဲဆန္ဒစွဲမဟုတ်ဘဲ အများနဲ့သက်ဆိုင်တဲ့ အကြောင်းအရာမျိုးဖြစ်ရမယ်။ ခက်ခဲနက်နဲတဲ့ ပြဿနာမျိုးလည်း ဖြစ်ရမယ်။ ဥပမာအားဖြင့် ဘာသာစကားတစ်ခုခုနဲ့ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်တတ်ပုံ၊ ကမ္ဘာ့စီးပွားရေး ဆိုးရွားလာနေပုံ၊ ရာသီဥတုအခြေအနေကြောင့် လူတွေမှာ စိတ်ပိုင်းဆိုင်ရာ အပြောင်းအလဲဖြစ်တတ်ပုံ၊ ဒီလိုအကြောင်းအရာမျိုးတွေနဲ့ စကားစမြည်ပြောမယ်ဆိုရင် မူလဒေါသဖြစ်စရာကိစ္စတွေကို ခေတ္တခဏမေ့လျော့ပြီး ဒေါသ အားပျော့သွားနိုင်တယ်။ ဖျန်ဖြေသူရဲ့ ပုဂ္ဂိုလ်ချင်းရင်းနှီးမှုလည်း ရလာနိုင်တယ်။

သုံး။ ။ရန်ဖြစ်နေတဲ့ နှစ်ဖက်စလုံးက ပုဂ္ဂိုလ်တွေ သဘောညီမျှပြီး အပြုသဘော ဆွေးနွေးလာနိုင်တဲ့ အကျိုးတူအကြောင်းကိစ္စရပ်မျိုးကို ဖျန်ဖြေသူက ဖော်ထုတ်ပေးရ မယ်။ အဲဒီ အကြောင်းကိစ္စရပ်ဟာ လတ်တလောအချင်းများနေတဲ့ ပြဿနာနဲ့ လုံးဝ သက်ဆိုင်ချင်မှ သက်ဆိုင်မယ်။ ဒါပေမယ့် ရန်ဖြစ်နေတဲ့ နှစ်ဖက်စလုံးက အဲဒီ အကြောင်းကိစ္စရပ်အပေါ် တူညီတဲ့ သဘောထားမျိုး ထားလာကြပြီဆိုရင် ဖျန်ဖြေသူ အနေနဲ့ လမ်းစပေါ်လာပြီလို့ ဆိုနိုင်တယ်။ နောက်ဆုံးမှာ သူတို့အချင်းများနေတဲ့ ပြဿနာကို သဟဇာတဖြစ်အောင် ဖြေရှင်းပေးနိုင်ဖို့အတွက် တခြားပြဿနာတစ်ခုခု အပေါ်မှာ တူညီတဲ့ အမြင်မျိုးဖြစ်ပေါ်လာအောင် ကျုံးသွင်းယူနိုင်ဖို့ အရေးကြီးတယ်။

နှစ်နိုင်ငံ စစ်ဖြစ်ခါနီး လက်တစ်ကမ်းလောက်အလိုမှာ နှစ်ဖက်စလုံး နောက်ပြန်ဆုတ်ပြီး ချုပ်တည်းလာကြရအောင် ဖျောင်းဖျနိုင်ရင် အဲဒီနှစ်နိုင်ငံဟာ တစ်နေ့မှာ

www.burmeseclassic.com


မိတ်ဆွေရင်းချာနိုင်ငံတွေ ဖြစ်လာနိုင်တယ်ဆိုတာ သမိုင်းက သက်သေပြသွားပါလိမ့်မယ်။ အရေးကြုံလာရင် တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကူအညီတောင် ပေးလာကြလိမ့်မယ်။

အထက်ပါအတိုင်း မစ္စတာဟာမ္မားရှီးလ်၏ ဖြန့်ဖြေရေးတရားကို ပြန်လည် သတိရမိသည့်အတွက် ကျွန်တော်သည် တက္ကစီယာဉ်မောင်းအား ရန်စကားဆက်မပြော တော့ဘဲ ငြိမ်နေလိုက်ပါသည်။ ထိုအခါ တက္ကစီယာဉ်မောင်းက "အေးဗျာ–ကျွန်တော် တို့နှစ်ယောက်စလုံး နည်းနည်းပိုပြီး သတိထားလိုက်ကြရင် ခုလိုဖြစ်မှာမဟုတ်ဘူး" ဟုပြောပါသည်။ ကျွန်တော်က ခေါင်းညိတ်ပြီး သူ့စကားကို ထောက်ခံလိုက်ပါသည်။ တက္ကစီယာဉ်မောင်းကလည်း သူ့ကားဆီသို့ ပြန်သွားပါသည်။

ကျွန်တော်သည် မစ္စတာဟာမ္မားရှီးလ်အား တဖွဖွတောင်းပန်စကားဆိုရင်း ပလက်ဖောင်းပေါ်က ဂျစ်ကားကို ပြန်မောင်းရင်း ခရီးဆက်ခဲ့ပါသည်။

ပြကွက်(၃)

မိုင်ဝက်ခန့်မောင်းလာခဲ့ပြီးနောက် ကျွန်တော့်ဂျစ်ကားအင်ဂျင်စက်သံ မမှန် တော့ဘဲ ရှိလာပါသည်။ ဓာတ်ဆီဒိုင်ခွက်ကို ကြည့်လိုက်ရာ မြားတံသည် သုညဆီသို့ ပြနေပါ၏။

"သေလိုက်ပါတော့ကွာ"ဟု ကျွန်တော်က သတိလက်လွတ် ရေရွတ်မိပါ သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကြီး၏ ရှေ့မှောက်တွင် သံတမန်ဝေါဟာရများကို မေ့လျော့သွားမိပါသည်။ "ကျွန်တော်ကတော့ ဂြိုဟ်ကောင်ဖြစ်နေပြီဗျာ။ အားနာစရာ ကောင်းလိုက်တာ"ဟု ပြောပြောဆိုဆို ဂျစ်ကားကို လမ်းဘေးကားရပ်နားရာတစ်နေရာ သို့ ထိုးဆိုက်ပြီး လက်ဆွဲဘရိတ် ဖမ်းထားလိုက်ပါသည်။ ထို့နောက် ကျွန်တော်တို့ ညစာသွားစားမည့် ဆိုင်သို့ တက္ကစီတစ်စီးဖြင့် သွားကြရန် မစ္စတာဟာမ္မားရှီးလ်အား ပြောပြပါသည်။ ထိုစဉ် တက္ကစီကားတစ်စီး ဖြတ်မောင်းသွား၍ ကျွန်တော်က လှမ်းအော် တားလိုက်ရာ ချက်ချင်းထိုးရပ်လာပါသည်။ ထိုသူမှာ အခြားမဟုတ်။ မိနစ်ပိုင်းအတွင်း က ကျွန်တော်နှင့် အချင်းများခဲ့သူပင်ဖြစ်နေပါသည်။

"ခင်ဗျားတို့ ပြဿနာပေါ်နေပြန်ပြီလားဗျို့"ဟု တက္ကစီယာဉ်မောင်းက လှမ်း မေးသည်။

"ဓာတ်ဆီကုန်သွားလို့ဗျာ"ဟု ကျွန်တော်က စိတ်ပျက်လက်ပျက် ပြောလိုက် ရပါသည်။

"လာ တက်ဗျာ၊ ရှေ့နားမှာ ဓာတ်ဆီဆိုင်တစ်ဆိုင် ရှိတယ်။ ဓာတ်ဆီဝယ် ပြီး ပြန်လာခဲ့ပေါ့"

ကျွန်တော်တို့ တိုင်ပင်ကြပြီးနောက် မစ္စတာဟာမ္မားရှီးလ်အား ဂျစ်ကားတွင်

www.burmeseclassic.com

စောင့်ပြီး နေခဲ့စေပါသည်။ ကျွန်တော်က တက္ကစီဖြင့် လိုက်သွားပါသည်။ ဓာတ်ဆီဆိုင်သို့ ကားမောင်းလာစဉ် ယာဉ်မောင်းက "ခင်ဗျားနဲ့ ပါလာတဲ့လူဟာ အတော်သဘောထား ပြည့်ပုံရတယ်ဗျာ၊ လူကြည့်တော့ စကားအလွန်နည်းပုံပဲ၊ ဒါပေမယ့် တကယ်ခင်ဖို့ ကောင်းတဲ့လူမျိုးဗျ" မှတ်ချက်ချပါသည်။

ဓာတ်ဆီဆိုင်တွင် ကျွန်တော်ဓာတ်ဆီတစ်ပုံး ဝယ်နေစဉ် တက္ကစီသမားက စောင့်နေပါသည်။ ထိုနောက် ကျွန်တော့်ကို ဂျစ်ကားဆီသို့ ပြန်မောင်းပို့ပါသည်။ တက္ကစီပေါ်မှ အဆင်းတွင် ကျွန်တော်က ပိုက်ဆံအိတ်ယူထုတ်လိုက်ပြီး ကားခပေးချေရန် မီတာခွက်သို့ လှမ်းကြည့်လိုက်ရာ မီတာမောင်းတံ မချိုးဘဲ ထားသည်ကို တွေ့ရပါ သည်။ မီတာတွင် ကားခကျသင့်ငွေ မပေါ်ဘဲ ရှိပါသည်။ "နေပါစေဗျာ၊ ကားခမပေး ပါနဲ့၊ ကျွန်တော် ကူညီတာပါ"ဟု ပြောပြောဆိုဆို ကားကို မောင်းထွက်သွားပါလေ သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်နှင့် မော်တော်ကားတစ်ကြိမ် အတူစီးရင်း ကြုံတွေ့ခဲ့ရသော ထိုဖြစ်ရပ်ကလေးသည် ကမ္ဘာတုန်လောက်အောင် ကြီးကျယ်သော အရေးအခင်းမဟုတ်ပါ။ သို့ရာတွင် ကျွန်တော်သည် ဤအဖြစ်အပျက်ကို မကြာခဏ သတိရနေတတ်ပါသည်။ စာဖတ်သူမိတ်ဆွေသာ ယခုလို ကြုံတွေ့ခဲ့ရလျှင်လည်း ကျွန်တော့်လိုပင် မမေ့တဲ့နိုင် တသသဖြစ်နေပါလိမ့်မည်ဟု ယုံကြည်ပါသည်။

(ရီးဒါးစ်ဒိုင်ဂျက်စ်၊ ၁၉၆၂၊ ဇူလိုင်လထုတ်မှ **A Lesson in Diplomacy-From Dag Hammarskjold By Jhan Robbins** ကို ပြန်ဆိုပါသည်။)

အတွေးအမြင် စာစဉ် ၉၇၊ ဒီဇင်ဘာ ၁၉၉၃။

www.burmeseclassic.com

## သောပုရှိန်၏ ဘိလပ်အတွေ့အကြုံ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ဘိလပ်သွားမြန်မာကိုယ်စားလှယ်ကြီး သုံးဦးအကြောင်းသည် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ခဲ့သည်။ ၁၉၉၃ခု၊ အောက်တိုဘာလထုတ် အတွေးအမြင်စာစဉ် (၉၇)တွင် ဖေဘီယန်ဦးဘခိုင်၏ မြန်မာပြည်နိုင်ငံရေးရာဇဝင်မှ ကောက်နုတ်ချက်တစ်ပိုင်းကို ဖော်ပြခဲ့ရာ၌ 'ဤကဲ့သို့၁၉၁၉ခု အိန္ဒိယပြည်အုပ်ချုပ်ရေးဥပဒေတွင် မြန်မာပြည်ကို ထည့်သွင်းခြင်း မပြုသောအခါ မြန်မာပြည်မှ ဝတ်လုံ ဦးပု၊ ဦးဘသောနှင့် ဦးထွန်းရှိန်ကိုယ်စားလှယ်သုံးဦးကို အင်္ဂလန်ပါလီမန်သို့ပို့၍ (Home Rule) ဟုမ္မရူး ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို မြန်မာပြည်အား အမြန်ပေးအပ်ပါရန် တောင်းဆိုစေလေသည်။ ဤကဲ့သို့ သွားရောက်တောင်းဆိုသော်လည်း အင်္ဂလန်က တစ်စုံတစ်ရာ ယတိပြတ် တာဝန်ခံချက် မပေးချေ'ဟု ဖတ်ရှုလိုက်ရသည်။

ဘိလပ်သွား မြန်မာပြည် ကိုယ်စားလှယ်ကြီးသုံးဦး၏ ဆောင်ရွက်ချက်များကို ဖေဘီယန် ဦးဘခိုင်၏ စာအုပ်တွင် အသေးစိတ် မဖော်ပြခဲ့ချေ။ သို့ဖြစ်၍ ထိုခေတ်ထိုကာလ မြန်မာနိုင်ငံရေး ခေါင်းဆောင်တို့၏ ကြိုးပမ်းမှုများကို မှတ်တမ်းတင်ထား သောစာအုပ်စာတမ်းအချို့ကို ဆက်လက်လေ့လာသောအခါ သတင်းစာဆရာကြီး တိုးတက်ရေး ဦးထွန်းသန်းပြုစုသော 'မြန်မာပြည်နိုင်ငံရေးရှင်းတမ်း (၁၉၃၉၊ ဩဂုတ်လထုတ်)တွင် အသေးစိတ် ဖော်ပြထားသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရသည်။

မြန်မာကိုယ်စားလှယ်ကြီးသုံးဦးမှာ အောက်ပါပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။

**(၁) ဦးပု** ။ ။ဝတ်လုံတော်ရတစ်ဦးဖြစ်ပြီး ငယ်ရွယ်စဉ်က ဘိလပ်တွင် ပညာ သင်ခဲ့သူဖြစ်သည်။ နောင်အခါ ဒိုင်အာခီအုပ်ချုပ်ရေးလက်ထက်တွင် လွှတ်တော် ဥက္ကဋ္ဌနှင့် သစ်တောရေးဝန်ကြီးချုပ်ဖြစ်လာသည်။ ၉၁၄၁န အုပ်ချုပ်ရေးခေတ်တွင် ညွှန့်ပေါင်းအစိုးရ ပြုတ်ကျသောအခါ၌ နန်းရင်းဝန်ဖြစ်လာခဲ့သည်။

**(၂) ဦးဘသော**။ ။သူရိယသတင်းစာအယ်ဒီတာ ဦးဘသော(နောင်အခါ ဘကြီးဘသောဟု ထင်ရှားလာသူ)သည် ကာလကတ္တားမြို့သို့ ရှေးဦးပထမ နိုင်ငံရေးကိုယ်စားလှယ်

စေလွှတ်ရာတွင် ပါဝင်လျက် ဒိုင်အာခီအုပ်ချုပ်ရေး၌ သစ်တောရေးဝန်ကြီးချုပ်၊ ဇာသဌာန အုပ်ချုပ် ရေး၌ ပြည်ထဲရေးဝန်ကြီးချုပ်ရာထူးများကို ယူခဲ့သည်။ (မှတ်ချက်။ ။၁၉၁၉ ခုနှစ်တွင် လူထုကိုယ်စားလှယ်အဖြစ် အရေးဆိုရန် ဘိလပ်သို့သွားစဉ်က 'သပြေနုချိန် တင်ရန် ပန်းတွေက များသနဲ့၊ ဘေပုရှိန် အင်္ဂလန်နန်းမြေအသွားမှာဖြင့်'ဟူ၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကောင်းချီးဩဘာ အပေးခံခဲ့ရသော ဦးဘဘေသည် နောင်နှစ် များစွာ မကြာမီ ဗြိတိသျှတို့ထံမှ ငါးထောင် စားဝန်ကြီး ရာထူးအတွက် အလုအယက် ကြိုးစားလာသောအခါ 'တောင်ကျရေ နွားနှစ်ကောင် မဝသလိုပ၊ မောင်ဘဘေ ငါး ထောင်မရသောကြောင့်'ဟု လူထု၏ အသံ၏ ထင်ဟပ်သော လေးချိုးကြီးဖြင့် ဆုံးမခြင်း ခံခဲ့ရလေသည်။ စာရေးသူ)

**(၃) ဦးထွန်းရှိန်**။ ။ဘိလပ်သို့ ကိုယ်စားလှယ် လူကြီးတစ်ဦးအဖြစ် လိုက်ပါသွားရစဉ် အခါက အသက် ၂၉နှစ်မျှသာ ရှိလျက် မန္တလေးမြို့ ဗုဒ္ဓဘာသာကျောင်းမှ ကျောင်းအုပ် ဆရာကြီးဖြစ်သည်။ ဘိလပ်သို့ နိုင်ငံရေးကိစ္စဖြင့် လိုက်ပါဆောင်ရွက်သောကြောင့် အစိုးရ ပညာရေးဌာနက ဦးထွန်းရှိန်အား ကျောင်းအုပ်ကြီးရာထူးမှ နုတ်ပယ်လိုက်ခြင်း ကို ခံခဲ့ရသည်။ ဘိလပ်မှ မြန်မာပြည်ရောက်ပြီး နောက်တစ်နှစ်တွင် အနိစ္စရောက် သွားရရှာသည်။ ဦးထွန်းရှိန်၏ ဇာပနမှာ လူငယ်နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ ဇာပနဖြစ်၍ ထိုခေတ်က အစည်ကားဆုံးဟု ဆိုကြသည်။ ဦးထွန်းရှိန်ဇာပနကို လန်ဒန် အတ် ဦးအုန်းမောင်က ရုပ်ရှင်ရိုက်ကူးထားခဲ့ရာ မြန်မာနိုင်ငံတွင် ပထမဆုံး မှတ်တမ်း တင်သတင်းကားအဖြစ် ရာဇဝင်တွင်ရစ်သည်။

ဖော်ပြပါ ကိုယ်စားလှယ်ကြီး သုံးဦးသည် ၁၉၁၉ခု ဇူလိုင်လ ၇ရက်နေ့တွင် ရန်ကုန်မြို့မှ ပင်လယ်ကူးသင်္ဘောကြီးဖြင့် ထွက်ခွာသွားကြရာ ပြည်သူလူထုက သောင်း သောင်းဖြဖြ လိုက်လံပို့ဆောင်၍ ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။ ၎င်းတို့သည် အင်္ဂလန်ပြည် လန်ဒန်မြို့သို့ ထိုနှစ် ဩဂုတ်(၈)ရက်နေ့တွင် ကျန်းမာချမ်းသာစွာ ဆိုက် ရောက်ကြလေသည်။

ဘေပုရှိန် မြန်မာကိုယ်စားလှယ်ကြီးသုံးဦးအား အင်္ဂလန်ပြည်သို့ စေလွှတ် လိုက်သော အဖွဲ့အစည်းကြီးမှာ ဝိုင်အမ်ဘီအေအသင်းချုပ်ကြီးဖြစ်လေသည်။ (မှတ် ချက်။ ထိုစဉ်က ဂျီစီဘီအေဟု မခေါ်သေး။) ၁၉၁၉ခု၊ မေလ ၁၈ရက်တွင် ကျင်းပသော ဝိုင်အမ်ဘီအေအသင်းချုပ် အစည်းအဝေးကြီးက မြန်မာပြည် အုပ်ချုပ်ရေးတိုးမြှင့်ရရှိ ရန် တောင်းဆိုရေးအတွက် ကိုယ်စားလှယ်ကြီးသုံးဦးအား စေလွှတ်အရေးဆိုစေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကိုယ်စားလှယ်တော်ကြီးများအတွက် လိုအပ်သောစရိတ်ငွေ ကို တစ်နိုင်ငံလုံးက ဝမ်းသာအားရ ထည့်ဝင်လှူဒါန်းခဲ့ကြသည်ဖြစ်၍ မြန်မာပြည်သူ

www.burmeseclassic.com

တို့၏ စရိတ်ဖြင့် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်များအဖြစ် သွားရောက်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့သုံးဦး ဆောင်ရွက်ရန်ကိစ္စအကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးဖြစ်ပွားချိန်တွင် အင်္ဂလန်ပြည်သည် လက်နက်လူသူ ငွေကြေးစုဆောင်းရာ၌ လက်အောက်ခံ နိုင်ငံငယ်များကို အားကိုးအားထားပြုခဲ့ရသည်ဖြစ်ရာ စစ်ကြီးပြီးလျှင် အိန္ဒိယပြည်နှင့် မြန်မာပြည်အား ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးပါမည်ဟု ဗြိတိသျှအစိုးရက ကတိခံဝန်ချက် အတိအလင်းပေးခဲ့၏။ သို့ရာတွင် စစ်ကြီးပြီး၍ လက်အောက်ခံနိုင်ငံများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်ကိစ္စကို စဉ်းစားသောအခါ အိန္ဒိယပြည်အတွက်ကိုသာ '၁၉၁၉ခု အိန္ဒိယပြည်အုပ်ချုပ်ရေးအက်ဥပဒေ'ဟူ၍ ရေးဆွဲခဲ့ပြီး မြန်မာပြည်ကို ချန်လှပ်ထားခဲ့သည်။ သို့ဖြစ်၍ ဘော–ပု–ရှိန်တို့အား မြန်မာပြည်အတွက် ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုရန် စေလွှတ်ခဲ့ခြင်း ဖြစ်လေသည်။

ဤတွင် သတင်းစာဆရာကြီး တိုးတက်ရေး ဦးထွန်းသန်းက ကိုယ်စားလှယ်ကြီးသုံးဦး ကြုံတွေ့ခဲ့ရသော အခြေအနေများကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။

သို့ရာတွင် ဘိလပ်၌ ကိုယ်စားလှယ်လူကြီးများ လုပ်ကိုင်ဆောင်ရွက်ရာ၌ အခက်အခဲအမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် ထိုအခါက မြန်မာပြည်မှ လူရောငွေပါ တစ်နိုင်ငံလုံး ဝိုင်းဝန်းညီညာစွာ ကူညီအားပေးသော နောက်ခံအင်အားများ မရှိပါက ထိုကိုယ်စားလှယ်လူကြီးများသည် လက်မှိုင်ချကာ မြန်မာပြည်သို့ ပြန်လည်၍ လာကြရမည်မှာ မုချဧကန်အမှန်ပင်ဖြစ်လေသည်။

ကိုယ်စားလှယ်လူကြီးများ အင်္ဂလန်ပြည်သို့ ရောက်ရှိသွားသောအခါ ကြုံတွေ့ရသော အခက်အခဲအချို့ကို ဖော်ပြရမည်ဆိုသော် အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) မြန်မာပြည်အကြောင်းကို အင်္ဂလန်၌ သိရှိကြားဖူးသူ အလွန်ရှားပါးခြင်း။

(၂) မြန်မာကိုယ်စားလှယ်လူကြီးများသည် ပထမအကြိမ် နိုင်ငံရေးကိုယ်စားလှယ်များ ဖြစ်ခြင်းကြောင့် အတွေ့အကြုံမရှိဖူးခြင်း။

(၃) အင်္ဂလန်ပြည်တွင် ကုလားကိုယ်စားလှယ်လူကြီးများစွာ ရှိလျက် ကုလားသတင်းစာနှစ်စောင် ရှိသော်လည်း မြန်မာကိုယ်စားလှယ်လူကြီးများမှာ မိမိတို့ သုံးဦးမျှသာရှိခြင်း။

(၄) အင်္ဂလန်ပြည်တွင် ကွန်ဂရက်အဖွဲ့အတွက်ဗြိတိသျှကော်မတီဟူ၍

နှစ်ပေါင်းများစွာကပင်တည်ထောင်ဖွင့်လှစ်လျက် ရှိသော်လည်း မြန်မာပြည်အတွက် မည်ကဲ့သို့ အဖွဲ့တစ်စုံတစ်ခုမှ မရှိခြင်း။

(၅) ဗြိတိသျှပါလီမန်လွှတ်တော်အစည်းအဝေးသည် ရပ်ဆိုင်းထားဆဲဖြစ်၍ ပါလီမန်လူကြီးတို့နှင့် တွေ့ဆုံရန် ခဲယဉ်းနေခြင်း။

(၆) ကမ္ဘာစစ်ကြီး ပြီးစီးသဖြင့် အင်္ဂလန်ပြည်တွင် သတင်းစာများနှင့် တိုင်းသူပြည်သားတို့သည် မိမိတို့၏ ပြည်တွင်းရေးပြဿနာများကိုသာ စိတ်ဝင်စားနေကြ ခြင်း။

(၇) အင်္ဂလန်ပြည်တွင် အလုပ်သမားပြဿနာ၊ စစ်တပ်များ ဖျက်သိမ်းရေး ပြဿနာအစရှိသော ပြဿနာတို့ဖြင့် အလုပ်များလျက်ရှိခြင်း။

မြန်မာပြည်မှ ကိုယ်စားလှယ်ကြီးများသည် အင်္ဂလန်ပြည် သို့ ဆိုက်ရောက်သွားကြသောအခါ အထက်ပါအခက်အခဲများကို တွေ့ကြုံနေရသည့်အပြင် မြန်မာပြည်ကိစ္စနှင့် နှိုင်းယှဉ်လျှင် ပိုမို၍ အရေးကြီးနေသော အိုင်ယာလန်ပြည်၊ အိန္ဒိယပြည် နှင့် အီဂျစ်ပြည်တို့အတွက် 'ဟုမ်းရူး'ပေးရန် ပြဿနာကြီး လွှမ်းမိုး ဖုံးဖိလျက် ရှိနေသော ကြောင့် ဗြိတိသျှလူမျိုးများနှင့် ဗြိတိသျှသတင်းစာများအား မြန်မာပြည်၏ ကိစ္စလေး အတွက် စိတ်ဝင်စားကြစေရန် ခက်ခဲလျက် ရှိနေရပေသည်။

သို့ရာတွင် အိန္ဒိယပြည်အုပ်ချုပ်ရေးဥပဒေကြမ်းကို အထက်အောက် ပါလီမန်က ခန့်ထားသော တွဲဖက်ကော်မတီက စဉ်းစားဆဲ ရှိနေသည့်ပြင် အိန္ဒိယပြည်မှ ကိုယ်စားလှယ်များကိုလည်း ထိုတွဲဖက်ကော်မတီက နေ့စဉ်ပင် စစ်ဆေးမေးမြန်းလျက် ရှိနေသောကြောင့် မြန်မာကိုယ်စားလှယ်လူကြီးများ အင်္ဂလန်ပြည်သို့ ဆိုက်ရောက်ကြသောအချိန်သည် အချိန်ကောင်းအခါကောင်း ဖြစ်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် အင်္ဂလန်ပြည်သို့ ဆိုက်ရောက်ပြီးနောက် မြန်မာကိုယ်စားလှယ်လူကြီးများသည် ပါလီမန်တွဲဖက်ကော်မတီသို့ ချက်ချင်းပင် အကြောင်းကြားလိုက်ပြီးလျှင် မြန်မာလူမျိုးတို့၏ လိုလားချက်များကို ပြောဆိုခွင့်ပြုရန် တောင်းဆိုလိုက်ကြလေသည်။

အင်္ဂလန်ပြည်တွင် မြန်မာပြည်၌ အမှုထမ်းခဲ့သော မစ္စတာဘီဟောက်တန် ဆိုသူ ပုဂ္ဂိုလ်သည် မြန်မာပြည်ကိုယ်စားလှယ်လူကြီးတို့အား အကူအညီများစွာ ပေးသည့်အတိုင်း ၎င်းပုဂ္ဂိုလ်နှင့်ပင် အစစအရာရာတွင် တိုင်ပင်နှီးနှောလျက် မြန်မာကိုယ်စားလှယ်လူကြီးတို့က လုပ်ကိုင်ဆောင်ရွက်ကြလေသည်။

နောက်ဆုံးတွင် တွဲဖက်ကော်မတီက မြန်မာများ၏ လိုလားချက်ကို ပြောဆိုခွင့်ပေးလိုက်သည့်အတိုင်း ၁၉၁၉ခု ဩဂုတ်လ (၁၉)ရက်နေ့တွင် ပါလီမန်တွဲဖက်

ကော်မတီရှေ့၌ ဦးပုက မြန်ပြည်၏ ကိုယ်စား လိုလားချက်များကို အကျယ်တဝင့် ထုတ်ဖော်ပြောဆို၍ ပြရလေသည်။

ပါလီမန် တွဲဖက်ကော်မတီတွင် ဥက္ကဋ္ဌဖြစ်သူမှာ လော့(ဒ်)ဆယ်(လ်)ဘုံးဖြစ်၍ ဦးပုအား ၎င်းဥက္ကဋ္ဌက မေးမြန်းလျက် ဦးပုက ဖြေကြားသော စကားရပ်များမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ဥက္ကဋ္ဌ။ ။ခင်ဗျားနှင့် ခင်ဗျား၏ အဖော်များသည် မြန်မာပြည်ရှိဖောင်းလိပ်ဟု ခေါ်သော အသင်းမှ ကိုယ်စားလှယ်များ ဟုတ်ပါသလော။

ဦးပု။ ။မှန်ပါသည်။ သို့သော် မြန်မာပြည် ရှိဖောင်းလိ ဟုခေါ်သော အသင်း တစ်ခုသာ မဟုတ်ဘဲ မြန်မာလူမျိုးများစွာအတွက် ကိုယ်စားလှယ်ဖြစ်ပါသည်။ မြန်မာပြည်ရှိဖောင်းလိပ်ဟုခေါ်သော အသင်းသည် မြန်မာလူမျိုးများစွာတို့၏ တစ်စိတ်တစ်ဒေသမျှသာဖြစ်လျက် ထိုအသင်းတွင် ကျွန်ုပ်က ဥက္ကဋ္ဌဖြစ်နေသည့်အတိုင်း ဥက္ကဋ္ဌ ဟူ၍ လက်မှတ်ရေးထိုးလိုက်ခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။မြန်မာပြည်မှ ယခုလို လာရောက်ခြင်းသည် တွဲဖက်ကော်မတီ၏ ရှေ့တွင် ခင်ဗျားတို့၏ ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုပြရန်ဖြစ်သည်ဟု ထင်ပါသည်။

ဦးပု။ ။မှန်ပါသည်။

ဥက္ကဋ္ဌ။ ။ကျွန်ုပ်၏ အဖော်များနှင့် ကျွန်ုပ်ကပါ ခင်ဗျား၏ ပြောဆိုချက်များကို ကြားသိလိုပါသည်။ စာတမ်းတစ်ခုကိုလည်း ကျွန်ုပ်ထံသို့ တင်သွင်းလိုက်သည်ဟု ထင်ပါသည်။

ဦးပု။ ။ဟုတ်ကဲ့ စာတမ်းနှစ်ခုတင်သွင်းလိုက်ပါသည်။ တစ်ခုမှာ 'မြန်မာပြည်အတွက် တောင်းပန်ချက်'ဖြစ်၍ နောက်တစ်ခုမှာ 'မြန်မာပြည်အတွက် အုပ်ချုပ်ရေး ပြုပြင်ရန် စကင်း'ဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။ဤအကြောင်းများနှင့် ပတ်သက်၍ ခင်ဗျားပြောလိုရာကို ပြောပြပါ။

ထိုအခါ ဦးပုက ပါလီမန် တွဲဖက်ကော်မတီရှေ့တွင် မြန်မာလူမျိုးတို့၏ လိုလားချက်များကို ရှည်လျားစွာပြောပြရာ ဥက္ကဋ္ဌကသော်လည်းကောင်း၊ ကော်မတီလူကြီး တစ်ဦးတစ်ယောက်သော်လည်းကောင်း ကြားဖြတ်၍ မေးမြန်းခြင်းမရှိဘဲ အဆုံးတိုင်အောင် နားထောင်၍ နေကြလေသည်။

တွဲဖက်ကော်မတီရှေ့တွင် အိန္ဒိယပြည်မှ ကိုယ်စားလှယ်များက မိမိတို့ လိုလားချက်များကို တစ်ဦးစီ ထုတ်ဖော်ပြောဆိုသောအခါ တွဲဖက်ကော်မတီလူကြီးများက မကြာခဏ အချေအတင်ပြုလုပ်၍ မေးမြန်းကြသော်လည်း မြန်မာပြည်အတွက်

www.burmeseclassic.com

တွဲဖက်ကော်မတီရှေ့တွင် ပြောဆိုသော မြန်မာမှာ ဦးပုတစ်ယောက်တည်းဖြစ်သည့်ပြင် ဦးပုပြောဆိုနေသောအခါ၌လည်း တွဲဖက်ကော်မတီလူကြီးတို့က တစ်ခွန်းတစ်ပါဒမျှ မေးမြန်းခြင်း မပြုလုပ်ကြဘဲ ဆိုးခန်းတိုင်အောင် နားထောင်လျက်သာ နေကြသော ကြောင့် အလွန်ဆန်းကြယ်သော အခြင်းအရာဖြစ်နေရပေ၏။

ဦးပုက တွဲဖက်ကော်မတီရှေ့တွင် ပြောဆိုရာတွင် ၁၉၁၇ခုနှစ်၊ ဩဂုတ်လ ၂၀ရက်နေ့၌ ပါလီမန်၏ ထုတ်ပြန်ကြေညာချက်ကြောင့် မြန်မာလူမျိုးတို့သည် မျှော်လင့်ချက် ထားရှိရခြင်း၊ မွန်တေဂူ–ချန်းစဖုတ်၏ တွဲဖက်အစီရင်ခံစာ၌ မြန်မာပြည် အတွက် မစဉ်းစားဘဲ ချန်လှပ်ထားခဲ့သောကြောင့် စိတ်ပျက်ရခြင်း၊ ဒုတိယဘုရင်ခံ ကရက်ဒေါက်က တိုင်းပြည်၏ လိုလားချက်နှင့် ဆန့်ကျင်လျက် အုပ်ချုပ်ရေးစကင်းကို မလိမ့်တပတ်ပြုလုပ်စီမံသောအခါ တစ်နိုင်ငံလုံး မကျေမနပ်ဖြစ်လာခြင်း အစရှိသော အကြောင်းခြင်းရာတို့ကို ရှည်လျားစွာ ထုတ်ဖော်ပြောပြပြီးလျှင် မြန်မာပြည်အုပ်ချုပ်ရေး ပြုပြင်ရန်အတွက်ကိုလည်း ပါလီမန်တွဲဖက်ကော်မတီက စဉ်းစားလျက် ရှိနေသော အိန္ဒိယပြည်အတွက် ဥပဒေကြမ်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလေသည်။

အချုပ်အားဖြင့်ဆိုသော် ပါလီမန်တွဲဖက်ကော်မတီရှေ့တွင် မြန်မာပြည်ကိုယ်စားလှယ်လူကြီးတို့၏ တောင်းဆိုချက်မှာ အိန္ဒိယနိုင်ငံရှိ ပြည်နယ်များနှင့် အလားတူ တစ်ပါတည်း အုပ်ချုပ်ရေး ပြုပြင်ပေးရန် ဖြစ်လေသည်။

ထိုကဲ့သို့ တွဲဖက်ကော်မတီရှေ့တွင် ဦးပုက မြန်မာပြည်အတွက် ပြောခွင့်ရှိသမျှကို ပြောဆိုခဲ့ပြီးနောက် ကိုယ်စားလှယ်လူကြီးများသည် အခြေအနေကို စုံစမ်းကြည့်ရှုနေရင်း အင်္ဂလန်ပြည်တွင် မြန်မာပြည်အတွက် အမျိုးမျိုး ဆက်လက်၍ လုပ်ကိုင်နေကြလေသည်။

အတွေးအမြင် စာစဉ် ၉၉၊ မတ် ၁၉၉၄။

www.burmeseclassic.com

## တို့ကိုယ်ကျိုး လုံးလုံးမပါ

စာပေလောကစာအုပ်တိုက်နှင့် ပုံနှိပ်တိုက် စတင်တည်ထောင်သူ သခင်ခင်ညွန့်၏ အသက် (၈၀)ပြည့် မွေးနေ့ပွဲကို ၁၉၉၄ခုနှစ် ဇူလိုင် ၃၁ရက်နေ့က ရွှေတိဂုံဘုရားလမ်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်တန်ဆောင်း၌ ကျင်းပခဲ့ရာ ကျွန်တော်သွားရောက်ခဲ့ပါသည်။

ကျွေးမွေးဧည့်ခံမှုများ ပြီးခါနီးလောက်တွင် ကျွန်တော်ပြန်ထွက်လာပြီး တစ်နေရာသို့ ခရီးဆက်ရန် အငှားကားစောင့်နေခိုက် မိတ်ဆွေတစ်ဦး၏ ကားထိုးဆိုက်လာပြီး ဘယ်သွားမလဲ၊ လိုက်ပို့ပေးမယ်ဟု ပြော၍ အထူးကျေးဇူးတင်စွာဖြင့် ကားပေါ်တက်တော့မည်ပြုစဉ် သခင်ခင်ညွန့် မွေးနေ့ပွဲမှ ထွက်လာသော လေထီးဦးအုန်းမောင် (လေထီးဗိုလ်အုန်းမောင် ဟု လူသိများပါသည်။) ဝါးခယ်မ သခင်သိန်းမောင်တို့နှင့်တွေ့၍ ကျွန်တော်က တရိုတသေ နှုတ်ဆက်ကာ ခေတ္တစကားပြောနေပါသည်။ ပြီးမှ မိတ်ဆွေ၏ ကားပေါ် တက်ပြီး ထွက်လာခဲ့ကြပါသည်။

မိတ်ဆွေမှာ ကျွန်တော်နှင့် သက်တူရွယ်တူ အသက် ၅၀ ဝန်းကျင်ခန့် ရှိပါသည်။ တက္ကသိုလ်ဘွဲ့ရပညာတတ်၊ နိုင်ငံခြားပြန်၊ ယခု ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း များဖြင့် ကြီးပွားနေပါသည်။ ကျွန်တော့်ကို ကျောင်းနေဖက်တစ်ဦးအဖြစ် အတော် ကလေး ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံပါသည်။

သူက ကားမောင်းလာရင်း ဘယ်က ပြန်လာတာလဲ မေး၍ သခင်ခင်ညွန့် မွေးနေ့ပွဲမှ ပြန်လာကြောင်း ပြောပြပါသည်။ စာပေလောက သခင်ခင်ညွန့်ဟူသည်ကို သူသိပုံမရပါ။

"ဒီ–သခင်နာမည်တပ်တဲ့လူတွေ ခုထိ ရှိတုန်းပဲလားဗျ။ ကျွန်တော်က သခင်တို့ဘာတို့ဆိုတာ ဟိုရှေးတုန်းက ခေတ်ဟောင်းထဲ ကျန်ခဲ့ပြီ မှတ်တာ"ဟု သူက ပြောပါသည်။

ကျွန်တော်က "ကျန်သေးတာပေါ့ဗျာ။ ဒါပေမယ့် အသက်တွေက ကြီးကုန်ကြပါပြီ။ အနည်းဆုံး အသက် ၇၀ကျော်ကြပြီပေါ့။ သက်ရှိထင်ရှား ကျန်သမျှ

လူကြီးတွေက သခင်ဆိုတဲ့ ဂုဏ်ပုဒ်ကို အင်မတန် မြတ်နိုးကြတာဗျ”ဟု ပြန်ပြောလိုက်ပါသည်။

ခဏအကြာတွင် မိတ်ဆွေက “ကားပေါ်တက်ခါနီး နှုတ်ဆက်တဲ့ အဘိုးကြီးတွေကကော သခင်တွေပဲလား”ဟု မေးပါသည်။

“ဟုတ်တယ်၊ ဖြူဖြူဝဝက ဝါးခယ်မသခင်သိန်းမောင်၊ ညိုညိုမြင့်မြင့် တစ်ယောက်က လေထီးဗိုလ်အုန်းမောင်တဲ့”

“နေစမ်းပါဦးဗျ။ လေထီးဆိုတာ ဘာလဲ။ သူ့ကျတော့ သခင်နာမည်မတပ်ဘူးလား”

“လေထီးဆိုတာ ခင်ဗျားတကယ် မသိဘူးလား။ မကြားဖူးဘူးလား”ဟု ကျွန်တော်က သူ့ဗဟုသုတကို စောကြောချင်၍ ပြန်မေးလိုက်ပါသည်။

“ဟင့်အင်း ဟို လေထီးခုန်တာတို့၊ ဘာတို့တော့ သိတာပေါ့ဗျာ၊ ပြီးတော့ လေထီးပိတ်စဆိုတာ ကြားဖူးတယ်လေ”

“အဲ အဲဒီ လေထီးပိတ်စလို့ ခင်ဗျားကြားဖူးတဲ့ခေတ်ကပေါ့ဗျာ။ ဂျပန်တော်လှန်ရေးအတွက် အိန္ဒိယမှာ စစ်ပညာသွားသင်ပြီး မြန်မာပြည်ထဲ လေထီးနဲ့ပြန်ဆင်း၊ ဖက်ဆစ်တော်လှန်ရေးသမားတွေနဲ့ ပေါင်းပြီးတိုက်ခဲ့ကြတဲ့ တော်လှန်ရေးသမားတွေ ရှိခဲ့တယ်။ ခုနက အဘိုးကြီးက အဲဒီအဖွဲ့ကပဲ။ သူ့ကို လေထီး ဗိုလ်အုန်းမောင်လို့ လူသိများကြတယ်”

“အင်း ခင်ဗျားပြောမှပဲ ကြားဖူးတာပါ။ ခု သူဘာလုပ်နေလဲဗျ”

“ဘာမှ မလုပ်ပါဘူး။ သားတွေ သမီးတွေလုပ်စာ ထိုင်စားနေတာပေါ့။ ခြေထောက်ကလည်း မသန်ဘူးလေ”ဟု ဆိုကာ လေထီးဦးအုန်းမောင်အကြောင်း ကျွန်တော်သိသမျှ အကျဉ်းချုပ် ပြောပြလိုက်ပါသည်။ ပြီးမှ–

“ခင်ဗျားက စိတ်ဝင်စားနေလို့လား၊ ဘာကြောင့်လဲဗျ”ဟု မေးလိုက်ပါသည်။

“ဩော်–ခုနက ခင်ဗျား သူတို့ကို နှုတ်ဆက်တာ အင်မတန် ရိုရိုသေသေ လေးလေးစားစားပုံမျိုးပေါ်နေလို့ ဘယ်လိုလေးစားစရာလူတွေများလဲလို့ သိချင်တာပါ”

“ကျွန်တော်က တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး လုပ်ခဲ့တဲ့ လူတွေဆိုရင် အားလုံးကို လေးစားတာပဲ။ အဲဒီအဘိုးကြီးတွေဟာ အဲသလို လေးစားလောက်အောင် တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့ကြတယ်ဗျ”

“အေးဗျာ၊ ခင်ဗျားပြောသလို ဒီလူကြီးတွေ ဒီလောက်လုပ်ခဲ့ကြပေမယ့် ဘာမှလည်း ဖြစ်မလာခဲ့ကြဘူးနော်”ဟု သူက မှတ်ချက်ချပါသည်။ သူ ဘာကို ဆိုလိုသည်ကို ကျွန်တော် ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါသည်။ သူ့ကို

အချေအတင် ပြန်လည် ရှင်းပြရမည်ဆိုလျှင် ဆောင်းပါးရှည်ကြီးတစ်ပုဒ်စာမျှ ရှည်လျား သွားဖွယ် ရှိပါသည်။ ထို့ကြောင့် တိုတိုနှင့်လိုရင်း နားလည်အောင် ပြောပြလိုက်ပါသည်။

"သူတို့နိုင်ငံရေး လုပ်ခဲ့ကြတာက တို့ဗမာသီချင်းဆိုပြီး အဲဒီသီချင်းထဲက နောင်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်ကျိုးလုံးလုံးမပါ ဆိုတဲ့အတိုင်း လက်တွေ့လုပ်ခဲ့ကြတာဗျ။ သူတို့ကိုယ်ကျိုးစီးပွားဘက်က ကြည့်ရင် ဘာမှဖြစ်မလာ တာ သဘာဝကျပါတယ်ဗျာ"

ထို့နောက် ကျွန်တော်သွားလိုသော နေရာသို့လည်း ရောက်ပြီဖြစ်၍ ကျေးဇူး တင်ကြောင်း ပြောပြီး ဆင်းနေခဲ့ပါသည်။

ထိုနေ့အဖို့ ကျွန်တော့်မိတ်ဆွေနှင့် ပြောခဲ့ဆိုခဲ့သည်များကို ပြန်လည်သုံးသပ် ရင်း အတော်ကလေး စိတ်အလုပ်များခဲ့ပါသည်။ တစ်နေ့နေ့တော့ သည်အကြောင်း ဆောင်းပါး ရေးဦးမည်ဟု တေးမှတ်ထားခဲ့ပါသည်။

ပြေ(ဆေး၂)ရေးသည့် "နီပွန်းဂျင်းနှင့် ဘိရုမာဂျင်း"ဆောင်းပါးကို ဖတ်လိုက် ရသောအခါ ဤဆောင်းပါးကို လက်တွေ့ချရေးဖြစ်သွားပါသည်။ ကျွန်တော်ထုတ်ဖော် ချင်သော အချက်အလက်များကို ပြေ(ဆေး၂)က သူ့ဆောင်းပါးတွင် တိုတိုနှင့်လိုရင်း ရေးပြသွားပါ၏။ ကျေးဇူးအထူးတင်မိပါသည်။

"× × × ခေတ်တိုင်း ခေတ်တိုင်းမှာ ဒီလိုလူမျိုးတွေ ရှိနေတာပါပဲတဲ့။ ဘကြီးက ဆက်ပြောတယ်။ သူတို့လူငယ်ဘဝ၊ သူ့ကျွန်ဘဝက အင်္ဂလိပ်လက်အောက် မှာ ရှိစဉ်အခါက အင်္ဂလိပ်မင်းရဲ့လက်အောက်မှာ ရာထူး၊ ငွေ၊ အာဏာနဲ့ စီးပွားရေး ပြေလည်နေကြတဲ့ လူတွေ၊ ပြေလည်အောင် နည်းမျိုးစုံနဲ့ ကြံဆကြတဲ့လူတွေ ရှိကြတာ ပါပဲတဲ့။ သူတို့အဖို့တော့ ကိုယ့်မိသားစု၊ ကိုယ့်ဘဝ ကောင်းစားနေရမယ်ဆိုရင် ပြီးတာ ပဲလေ။ ငါတို့ဟာ ငါတို့ လူမျိုးဟာ ကျွန်ဘဝမှာ နေနေရပါလား၊ ငါတို့ဟာ အင်္ဂလိပ် ရဲ့ ကျွန်ဖြစ်နေကြပါလားလို့ တွေးကြမယ် မဟုတ်ဘူး။ ကျေနပ် ပျော်ရွှင်စားသောက် နေထိုင်ရေးနဲ့ ကိုယ့်စီးပွား ကြီးပွားရေး ရာထူးတည်မြဲရေးကိုပဲ အာရုံရှိတယ်။ အဲဒီ အချိန်အခါက မျိုးချစ်တဲ့လူတွေ ပေါ်ခဲ့ဖူးတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့က အစ သခင်အောင်ဆန်းတို့ထိ လူတွေစိတ်ထဲမယ် ဒါကို မကျေနပ်ဘူး။ ကိုယ်မချမ်းသာ လို့ မဟုတ်ဘူး။ အခု ခေတ်စားနေတဲ့ အသုံးလေးပေါ့လေ၊ "စပျစ်သီးချဉ်တဲ့အတွေး" ဆိုတာမျိုး မဟုတ်ပေဘူး။ ငါတို့ဟာ ကျွန်ဆိုတာကို ရဲရဲကြီးမြင်တယ်၊ ကွင်းကွင်းကြီး မြင်တယ်။ ခံယူတယ်။ ဒီတော့ ဘာမာန တက်စရာလဲ။ ကျွန်ဘဝမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရှာတယ်။ ရှာတဲ့အခါ အဲဒီ အချိန်အခါကတောင်မှ မြန်မာ တိုင်းက ထောက်ခံကြတာ မဟုတ်ဘူး။ အင်္ဂလိပ်လက်အောက်မှာ အလိုက်သင့် ကိုယ့်

www.burmeseclassic.com

မိသားစုဘဝ အဆင်ချောနေကြတဲ့လူတွေ၊ ဘိုရှုးတွေက ဒီသခင်စိတ်မွေးတဲ့လူတွေ အပေါ် ရှုတ်ချကြတာပါပဲ။ ကျွန်ဘဝက လွတ်မြောက်အောင် ပြောတဲ့လူတွေကို သရော်စရာ၊ ဟားစရာ လူလို့ မြင်ခဲ့ကြတယ်။ ဝိုင်းရှုတ်ချကြတာပဲ။ ဒါ ခေတ်တိုင်းမှာ ရှိတယ်လို့ ဘကြီးက ကွမ်းကလေးဝါးရင်း ပြောပြဖူးတယ်"

ပြေ(ဆေး ၂)၏ သရုပ်ဖော်ချက်ကို ကျေးဇူးတင်စွာ ဖတ်ရှုမှတ်သားရပြီး မရေးမနှောင်းမှာပင် မြန်မာ့အလင်းသတင်းစာ (၂၉–၈–၉၄)တွင်လည်း ကျွန်တော်၏ ဘဝင်ကို ခိုက်စေသော စာပိုဒ်အချို့ကို တွေ့၍ ရေးကူးထားမိပြန်ပါသည်။

အလွန်ထင်ရှားသော ပညာရှိကြီး ဦးရွှေအောင်၏ "ဗုဒ္ဓ၊ လောကသားတို့၏ အနိုင်းမဲ့ကျေးဇူးရှင်၊ ကိုယ်ကျင့်ဗုဒ္ဓဝင်"ဆောင်းပါးမှ နိဂုံးချုပ် စာပိုဒ်ဖြစ်ပါသည်။ ထို စာပိုဒ်ကို ဖော်ပြ၍ ကျွန်တော်၏ ဤဆောင်းပါးကို အဆုံးသတ်ပါအံ့။

"ဤစာအုပ်၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ယနေ့မြန်မာနိုင်ငံသား တို့၏ သန္တာန်၌ အနစ်နာခံလိုစိတ်ကိုလည်းကောင်း၊ ကိုယ်တိုင်အနစ်နာမခံနိုင်သေးလျှင် အနစ်နာခံကြသူများအပေါ် မြတ်နိုးတတ်သော စိတ်ကိုလည်းကောင်း၊ အခြေခံအုတ်မြစ် အဖြစ် ခိုင်မာစွာ တည်ဆောက်ရန် ဖြစ်၏။ အမှန်အားဖြင့် အနစ်နာခံခြင်းဟူသည် ရိုးရိုး ကမာဝါစရကုသိုလ်လို 'အဟောသိက'ဖြစ်ရိုးမရှိ၊ မုချ အကျိုးပေးမည် ဖြစ်၏။ "သန္တိဋ္ဌိက"ဂုဏ်တော်အရ လက်တွေ့စမ်းသပ်၍လည်း ရ၏။

\+ \+ \+

အနစ်နာခံသူအားလုံးအား ဂါရဝပြုဦးညွှတ်လျက်–

အတွေးအမြင် စာစဉ် ၁၀၆၊ ဒီဇင်ဘာ ၁၉၉၄။

www.burmeseclassic.com

## ဝေါမြို့က လာခဲ့တယ်

(၁)

ရေးလိုသည်မှာ ဂလိုဘယ်လိုက်ဇေးရှင်း(Globalization)အကြောင်းဖြစ်၏။ ယင်းကို မြန်မာလိုဘာသာပြန်ကြသည်မှာ သန်ရာသန်ရာ အကွဲကွဲအလွဲလွဲ ဖြစ်နေဆဲပင်။ ကျစ်ကျစ်လျစ်လျစ် မြန်မာမှုပြုလို့မပြီးသေးဟု မှတ်ယူရသည်။ သဘောကိုတော့ နားလည်ကြပြီးဖြစ်၏။ 'ကမ္ဘာလုံးဆိုင်ရာပျံ့နှံ့မှုဖြစ်စဉ်'ဟု နားလည်ထားကြသည်။ ကျွန်တော်က ဤဆောင်းပါးတွင် 'ကမ္ဘာပြန့်ဖြစ်စဉ်'ဟု အတိုကောက် သုံးနှုန်းသွားလိုပါသည်။ 'မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း'ဟူ၍ ရှိခဲ့စဉ်က 'မြန်စာပြန့်'ဟု အတိုကောက် ခေါ်ဝေါ်သုံးစွဲလက်ခံခဲ့ကြသည်ကို နမူနာယူ၍ 'ဂလိုဘယ်လိုက်ဇေးရှင်း' ကို 'ကမ္ဘာပြန့်ဖြစ်စဉ်'ဟု မြန်မာမှု ပြုကြည့်ခြင်းဖြစ်သည်။

သူ့အရင်က ကမ္ဘာရွာ(Global Village)ဟူသော အသုံးအနှုန်းတစ်ခု ခေတ်စားခဲ့ဖူးသည်။ ဆရာကြီး ဘာထရန်ရပ်ဆယ်တို့ကလည်း ကမ္ဘာ့အစိုးရ(World Govern-ment) အယူအဆကို ဖော်ထုတ်ခဲ့ကြဖူး၏။ ကမ္ဘာသုံးစာပေ(Esperato)တီထွင်မှု တစ်ရပ်လည်း ရှိခဲ့ဖူးသည်။ လက်တွေ့တွင် ဥရောပသမဂ္ဂ(ဥရောပပြည်ထောင်စု)၊ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၊ အာဖရိကနိုင်ငံများအဖွဲ့(အိုအေယူ)၊ အမေရိကနိုင်ငံများအဖွဲ့(အိုအေအက်စ်)စသည်တို့ ပေါ်ပေါက်လာပြီး မိမိတို့ဒေသအလိုက် ရိုင်းပင်းမှုများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်နေကြသည်။ ယူရို (Euro) ဟုခေါ်သော ဥရောပငွေကြေးစနစ်လည်း ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ ဤအကြောင်းများကို စဉ်းစားရင်း ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ကျော်က ဗိုလ်ချုပ်အောင်ဆန်း၏ 'အာရှပြည်ထောင်စု'တည်ထောင်ရန် စိတ်ကူးကို သတိရမိသည်။ ဥရောပပြည်ထောင်စုထက်တော့ အများကြီးစောတာ သေချာ၏။

တစ်ဖန် ၁၉၆၁–၆၂ခုနှစ်က ရန်ကုန်တက္ကသိုလ်ဟောပြောပွဲတစ်ခုတွင် ဖဆပလခေါင်းဆောင် ဦးကျော်ငြိမ်းက စိတ်ကူး(Idea)တစ်ခု တင်ပြခဲ့ဖူးသည်ကို မှတ်မိနေသည်။ 'ဥရောပဘုံဈေး'(ယခုအခေါ်) အီးစီသည် ဖွံ့ဖြိုးဆဲနိုင်ငံများထံမှ ပို့ကုန်ကုန်ကြမ်း

www.burmeseclassic.com

များကို ဈေးနှိမ်ဝယ်ယူနေကြကြောင်း၊ ဝယ်ဈေးကို သူတို့အချင်းချင်း ညှိပြီး သတ်မှတ်နေကြကြောင်း၊ ထို့အပြင် သူတို့ဆီက ပို့ကုန်ဖြစ်သော ကုန်ချောများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ သူတို့အချင်းချင်း ညှိထားသော ဈေးဖြင့် တင်ပို့ရောင်းချကြပြန်ကြောင်း၊ ကုန်ကြမ်းဝယ်ဈေးကိုလည်း သူတို့ကပဲ သတ်မှတ်ပြီး တစ်ဖက်သတ် အရောင်းအဝယ်လုပ်နေခြင်းဖြစ်ကြောင်း၊ ဤအခြေအနေကို ဖွံ့ဖြိုးဆဲနိုင်ငံများက တန်ပြန်ရင်ဆိုင်သင့်ပြီဖြစ် ကြောင်း၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများသည် ဥရောပဘုံဈေးကဲ့သို့ပင် အရှေ့ တောင်အာရှဘုံဈေးအဖွဲ့ ဖွဲ့စည်းပြီး မိမိတို့ထံမှ ပို့ကုန်ကုန်ကြမ်းများ၏ ဈေးနှုန်း ကိုလည်း ညှိနှိုင်းသတ်မှတ်၊ မိမိတို့က ဝယ်ယူသော ကုန်ချောဈေးများကိုလည်း ဝယ်ဈေးသတ်မှတ်ခြင်းဖြင့် ပြန်လည်ထိန်းသင့်ပြီဖြစ်ကြောင်း' ဟောပြောသွားပါ၏။ ထိုစဉ် က ဥပစာ ဝိဇ္ဇာကျောင်းသားတစ်ဦးဖြစ်သော ကျွန်တော်သည် ပရိသတ်ထဲတွင် ရှိပြီး ကိုယ်တိုင်နားနှင့်ဆတ်ဆတ် ကြားနာခဲ့ရခြင်းဖြစ်သည်။ ကျွန်တော့်နည်းတူ အဲဒီအခါ တုန်းက ဦးကျော်ငြိမ်း၏ ဟောပြောချက်ကို နားထောင်ခဲ့ရဖူးသူ ကျောင်းသားကျောင်း သူများ မှတ်မိကြဦးမည်ထင်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် ၁၉၆၇ခုနှစ်က ပေါ်ပေါက်ခဲ့ခြင်းဖြစ်၍ ဖဆပလ ဦးကျော်ငြိမ်း၏ အိုင်ဒီယာက ငါးနှစ်ခန့်စောပါ၏။

(၂)

ယနေ့ 'ကမ္ဘာပြန့်ဖြစ်စဉ်'တွင် အဓိကအားဖြင့် စီးပွားရေးနှင့် နည်းပညာရေးကို အလေးပေးနေကြသည်။ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများက ကမ္ဘာ့ချောင်ကြိုချောင်ကြားမကျန် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ ပြုနေကြသည်။ ဦးကျော်ငြိမ်း ထောက်ပြခဲ့သော တစ်ဖက်စောင်းနင်းအခြေအနေသည် 'ကမ္ဘာပြန့်ဖြစ်စဉ်'တွင် ပို၍ပင် ထင်ရှားပေါ်လွင်လာသည်။ ဆင်းရဲနိုင်ငံများက ချမ်းသာနိုင်ငံများအပေါ် 'ရောင်းဈေးဝယ်ဈေး' ကို 'တင်း'နိုင်ဖို့ဝေးစွ။ ကျားသနားမှ နွားချမ်းသာမည့် အနေအထားသို့ပင် ရောက်နေကြသည်။

'ကမ္ဘာပြန့်ဖြစ်စဉ်'တွင် ဆင်းရဲနိုင်ငံများက ချမ်းသာနိုင်ငံများဆီသို့ ထိုးဖောက်ဝင်ရောက် ရင်းနှီးမြှုပ်နှံဖို့ဆိုသည်ကား အိပ်မက်မျှပင် မမက်ဝံ့သော အခြေအနေ။ တစ်ချိန်တည်းမှာပင် ချမ်းသာနိုင်ငံများကတော့ ဆင်းရဲနိုင်ငံများကို ခေါင်းခေါက်ပြီး ရွေးချယ်ခွင့် ရှိနေကြသည်။ မောင်မင်းကြီးသားတို့ များများလာရောက် ရင်းနှီးမြှုပ်နှံဖို့ကိုပင် ဆင်းရဲနိုင်ငံအချင်းချင်း အပြိုင်အဆိုင် လမ်းဖွင့်ပေးနေကြရ၏။

နည်းပညာပိုင်းမှာလည်း ထို့အတူပင်။ အင်တာနက် ကွန်ရက်များတွင် ချမ်းသာနိုင်ငံများကသာ ကြီးစိုးလွှမ်းမိုးထားကြသည်။ ယနေ့ကမ္ဘာတွင် အရင်းအနှီးနှင့်

နည်းပညာပိုသာသူက အားကြီးသူဖြစ်လာပြီး ယင်းနှစ်ဌာနတွင် နောက်ကျန်သူက အားနည်းသူဖြစ်လျက် ရှိသည်။

(၃)

ကျွန်တော်သည် အသက် ၁၅နှစ်အရွယ်ထိ ရန်ကုန်ကို မရောက်ဖူးခဲ့ပါ။ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ မြစ်ကျိုးမြို့ကလေးတွင် မွေးဖွားခဲ့ပါသည်။ နောင်အခါ လက်ထောက်မြို့ပိုင် ရုံးစိုက်၍ တိုက်နယ်ဆေးရုံရှိလာပြီး မြို့နယ်ခွဲအဆင့် သတ်မှတ်ပေးသဖြင့် မြစ်ကျိုးသည် မြို့ကလေးဖြစ်လာသော်လည်း ကျွန်တော့်ကို မွေးဖွားစဉ်က ကျေးရွာအဆင့်သာဖြစ်သည်။

ထိုစဉ်က အစိုးရမူလတန်းကျောင်းသည် မြစ်ကျိုးတွင် အမြင့်ဆုံးပညာရေးအဆင့်ဖြစ်၏။ ကျွန်တော်သည် ထိုကျောင်းမှ မူလတန်းအောင်မြင်ခဲ့သည်။ ဝေါမြို့တွင် အစိုးရအထက်တန်းကျောင်း ရှိ၏ သို့ရာတွင် ကျွန်တော်သည် ဝေါတွင် ကျောင်းဆက်မတက်ဖြစ်ဘဲ ပဲခူးမြို့ အမျိုးသားကျောင်းသို့ ဆက်လက် တက်ရောက်ပြီး ထိုမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ အကြောင်းမှာ ကျွန်တော်၏ မိသားစုတစ်ဝက်သည် ပဲခူးသို့ ပြောင်းရွှေ့အခြေချခဲ့ကြသောကြောင့် ဖြစ်၏။

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ကြားခဲ့သည်။ ထိုနောက် အလုပ်ခွင်ထဲ ရောက်သွားသည်။ ရန်ကုန်တွင် နေထိုင်၍ ရန်ကုန်တွင် အလုပ်လုပ်သူ ဖြစ်သွား၏။ နှစ်ပေါင်း ၃၀ခန့်ကြာသွားပြီး အငြိမ်းစားယူပြီးတော့မှ ကျွန်တော်သည် ဝေါမြို့သို့ ပြန်ရောက်ခဲ့သည်။ ဝေါမှတစ်ဆင့် မြစ်ကျိုးမြေသို့ ပြန်လည်ခြေချခဲ့သည်။

စင်စစ်အားဖြင့် မြစ်ကျိုးသည် သွားလာရေးခက်ခဲသော နယ်မြေတစ်ခုဖြစ်၏။ ရန်ကုန်မှ ဝေါမြို့အထိသာ ကားလမ်း၊ ရထားလမ်းပေါက်သည်။ ဝေါမှ မြစ်ကျိုးသို့ ကားလမ်း၊ ရထားလမ်း လုံးဝမရှိ။ ပဲခူးစစ်တောင်းတူးမြောင်း(ခေါ်) မြစ်ကျိုးတာဝတူးမြောင်းတစ်လျှောက် ရေလမ်းဖြင့်သာ သွားလာနိုင်သည်။ ကျွန်တော်တို့ငယ်ငယ်က ချောင်းကမ်းဘေးရှိ တာရိုးပေါ်မှာ ကယ်ရီယာစက်ဘီးဖြင့် သွားလာ၍ ရသည်။ ယခုအခါ တာလမ်းများ ပျက်နေ၍ စက်ဘီးအတော်နည်းသွားသည်။ ချောင်းထဲတွင် ပဲ့ထောင်စက်လှေများ ဥဒဟိုပြေးဆွဲနေကြ၍လည်း တာလမ်းကို အသုံးနည်းသွားခြင်း ဖြစ်ဟန်တူသည်။

မြစ်ကျိုးသည် ကျွန်တော်ကလေးဘဝတုန်းကနှင့် လားလားမှ မတူတော့ပြီ။ အစိုးရအထက်တန်းကျောင်းနှင့်၊ ဆေးရုံနှင့်၊ စည်ကားလှသော ဈေးကြီးနှင့်၊ ပီပီ မြို့တစ်မြို့ ဖြစ်နေပြီ။ အိမ်အတော်များများတွင် တီဗွီ ရေဒီယို ရှိသည်ကို တွေ့ရသည်။

လူငယ်များ၏ ဝတ်စားဆင်ယင်မှုသည် ရန်ကုန်နှင့် ဘာမှ မခြားနားပေ။ မြို့သူမြို့သား တို့၏ အသိပညာအဆင့်သည် ရန်ကုန်နှင့်ဘာမှမခြားနားပေ။ ကမ္ဘာ့ မီဒီယာများသည် လေထုရှိသလောက် ပျံ့နှံ့ပေသည်။ ကမ္ဘာပြန့်ဖြစ်စဉ်၏ အနံ့အသက်ပေလော။

(၄)

ဝေါနှင့် မြစ်ကျိုးသို့ နောက်ဆုံးအခေါက် ရောက်ခဲ့သည်မှာ ဆယ်နှစ်ခန့်ကြာ ပြီဖြစ်သည်။ ရှေးဟောင်းနှောင်းဖြစ်များ ပြန်လည်စဉ်းစားမိသောအခါတိုင်း ဇာတိမြေကို လွမ်းဆွတ်သောခံစားချက် ပေါ်လာသည်။ အထီးကျန်အတွေးများထဲတွင် အတိတ်၏ အရိပ်များ ပေါ်ပေါက်လာတတ်သည်။ ချစ်ကျွမ်းဝင်သော ဆွေမျိုးသားချင်း မိတ်သင်္ဂဟ များ ပေါ်ပေါက်လာတတ်သည်။ ချစ်ကျွမ်းဝင်သော ဆွေမျိုးသားချင်း မိတ်သင်္ဂဟများ သာမက ရေမြေတောတောင် ရှုခင်းများကိုပါ စိတ်ကူးထဲတွင် ပီပီသသတွေ့ရသည်။

ထိုအခါ ကျွန်တော် ကြည်ညိုလေးစားသော ဆရာတစ်ဆူဖြစ်သူ ဆရာကြီး ဒေါက်တာလှဘေ၏ ဆိုစကားတစ်ရပ်ကို ပြန်ပြောင်းသတိရမိပါ၏။

ဗြိတိန်တွင် နှစ်ပေါင်း ၄၀ကျော် နေထိုင်ခဲ့ပြီး လန်ဒန်တက္ကသိုလ်တွင် ပါမောက္ခ ရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဒေါက်တာလှဘေသည် အငြိမ်းစား ယူပြီးသည့်နောက် ၁၉၈၀ပြည့်နှစ်၌ မြန်မာပြည်သို့ ပြန်လာကာ မော်လမြိုင်မြို့တွင် အခြေချ နေထိုင်ခဲ့ပါသည်။ ဗြိတိန်လူနေမှုအဆင့်အတန်းနှင့်ပင် အဆင့်မြင့်မြင့် နေထိုင် နိုင်သော ပါမောက္ခ ပင်စင်လစာဖြင့် အိုးပိုင်အိမ်ပိုင် နေထိုင်ရာမှ ဘာကြောင့် မြန်မာပြည် မှာ လာနေပါသလဲဟု ကျွန်တော်က မေးမြန်းရာ ဆရာကြီးက ဤသို့ ပြန်ဖြေပါ၏

'အသက်ကြီးလာလေ၊ ဇာတိမြေကို လွမ်းလေပဲ မောင်ဝံသရဲ့။ ဘုရားကျောင်း ကန်အရိပ်အာဝါသကို ဆရာအင်မတန်လွမ်းဆွတ်မိတယ်။ စေတီဘုရားတွေက ဆည်း လည်းသံကလေးတွေကို တမ်းတမိတယ်။ ကိုယ့်လူမျိုးတွေ သွားကြလာကြ၊ လုပ်ကြ ကိုင်ကြ၊ ပြောကြဆိုကြ၊ နေကြထိုင်ကြတဲ့ ကြားထဲမှာ ဆရာပြန်နေရတာ ဆွေရိပ်မျိုးရိပ် ကို ခိုလှုံနေရသလိုပဲ။ အင်မတန်အေးချမ်းတယ်ကွယ့်။ ဒါကြောင့် ကိုယ့်ဇာတိမြေမှာပဲ ခေါင်းပြန်ချဖို့ ဆရာဆုံးဖြတ်ခဲ့တာပေါ့'

(၅)

ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာပြန့်ဖြစ်စဉ်အကြောင်း စကားပြောကြလျှင် စီးပွားရေးနှင့် နည်းပညာရေးကို ထိပ်ဆုံးက တင်ထားကြသည်မှာ မှန်သော်လည်း ယဉ်ကျေးမှုဆိုင်ရာ ကမ္ဘာပြန့်ဖြစ်စဉ်သည်လည်း အရေးပါသော ကဏ္ဍတစ်ခုအဖြစ် ပါဝင် သည်ကို ငြင်းပယ်၍ မရပေ။

ကမ္ဘာပြန့်ဖြစ်စဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားလက္ခဏာ

www.burmeseclassic.com


ထိန်းသိမ်းစောင့်ရှောက်ရေးသည် 'နယ်စည်းမဲ့ကမ္ဘာ'အယူအဆရှင်များနှင့် လွန်ဆွဲ ရဦးမည့် ပြဿနာတစ်ရပ် ဖြစ်သည်။ ရေရှည်တွင် နိုင် မနိုင်တော့မသိ။ လတ်တလော တွင်မူ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားလက္ခဏာ သံယောဇဉ်နှောင်ကြိုးများက ဆွဲအားကောင်းဆဲ ရှိပါသည်။ အင်္ဂလန်အမေရိကန်ကို နတ်ဘုံနတ်နန်း သဘောထား ပြီး ပြောင်းရွှေ့နေထိုင်သူများ ရှိနေသလို လန်ဒန်မှာ မနေဘဲ မော်လမြိုင်မှာ ပြန်နေသူ လည်း ရှိနေပါသည်။

သို့ရာတွင် မော်လမြိုင်မှာ ပြန်နေသော ဆရာကြီးသည် ပင်စင်စားသက်ကြီး ရွယ်အိုတစ်ဦးဖြစ်သည်ကို သတိပြုမိဖို့ လိုသည်။ ငယ်ရွယ်နုပျိုသော ကာလများတွင် ဆရာကြီးသည်လည်း သူ့ခေတ် သူ့အခါအလျောက် ကမ္ဘာပြန့်ဖြစ်စဉ်ထဲမှာ ပါဝင် ရှင်သန်နေခဲ့သည်မဟုတ်လော။ သို့အားဖြင့် ဆရာကြီးသည် လန်ဒန်တက္ကသိုလ် ပါမောက္ခတစ်ဦးအဖြစ်သို့တိုင်အောင် ပေါက်ရောက်အောင်မြင်ခဲ့သည်မဟုတ်လော။ ဖွံ့ဖြိုးဆဲနိုင်ငံမှ ပညာချွန်ကျောင်းသားငယ်တစ်ဦး ဖွံ့ဖြိုးပြီး နိုင်ငံတစ်ခုတွင် အဆင့်ဆင့် တိုးတက်အောင်မြင်ခဲ့သော ခေတ်သစ်ပုံပြင်တစ်ပုဒ်သည် ကမ္ဘာပြန့်ဖြစ်စဉ်၏ ပြောင်းပြန် သက်ရောက်မှုတစ်ခုဖြစ်သည်။ အလားတူအောင်ဝတ္ထု ( Success Story) အများအပြား ရှိသေးသည်။ သို့ရာတွင် ယင်းတို့သည် ပုဂ္ဂလိကဆိုင်ရာ ခြွင်းချက်များသာ ဖြစ်၏။ ဖွံ့ဖြိုးဆဲနိုင်ငံမှ တစ်ဦးချင်း ထူးချွန်သူများသည် တစ်ဦးချင်း စွမ်းဆောင်ရည်(talent) အလျောက် ကမ္ဘာပြန့်ဖြစ်စဉ်ထဲတွင် ကမ္ဘာနှင့် ရင်ပေါင်တန်း ရှင်သန်ကြီးထွားလျက် ရှိကြသည်။ သို့ရာတွင် အရေအတွက် အချိုးအစားအားဖြင့်ကား မဖြစ်စလောက်၊ မဆို စလောက်။

ဖွံ့ဖြိုးဆဲတို့အနေဖြင့် နိုင်ငံနှင့်ချီ၍ ကမ္ဘာပြန့်ဖြစ်စဉ်ထဲတွင် ရင်ပေါင်တန်း ပါဝင်နိုင်ဖို့ ဆက်လက် လျှောက်လှမ်းကြရပေဦးမည်။

ဤအကြောင်းအရာများကို ဆက်စပ်စဉ်းစားရင်း ကျွန်တော်သည် ဝေါမြို့မှ လာခဲ့သော ခရီးလမ်းကို ပြန်ပြောင်းငဲ့စောင်းကြည့်မိ၏။ ဆရာကြီး ဒေါက်တာလှဘော မော်လမြိုင်ကို ပြန်သလို ကျွန်တော်လည်း ဝေါမြို့သို့ ပြန်ခဲ့တယ်ဟု ဘယ်သောအခါ ပြောနိုင်မည်နည်း။ ယခုတော့ ဝေါမြို့က လာခဲ့တယ်ဟူ၍သာ ပြောနိုင်ဦးမည်။

မှတ်ချက်။ ။ဆရာကြီး ရွှေတိုင်ညွှန့်၏ 'ယောဆရာ'ခေတ်ဟောင်းသီချင်း တွင် 'ယောမြို့က ပြန်ခဲ့တယ်။ ဆေးဝါးတော့ သူနားမလည်'ဟူသော စာသားပါရှိပါ သည်။ ထိုစာသားကို အတုခိုးပြီး 'ဝေါမြို့က လာခဲ့တယ်'ဟု ခေါင်းစဉ်ပေးခြင်းဖြစ်ပါ ကြောင်း။

အတွေးအမြင် စာစဉ် ၁၅၂၊ ဒီဇင်ဘာ ၂၀၀၁

www.burmeseclassic.com

## တစ်မှတစ်ရာသို့

၁၉၈၁ခုနှစ်အတွင်း တစ်နေ့သောအခါဝယ် စာရေးဆရာကြီး ပါရဂူ၏ အိမ်သို့ အလည်သွားရင်း ကျွန်တော်၏ စာပေစိတ်ကူးတစ်ခုကို ပြောပြ၍ တိုင်ပင်ဆွေးနွေး ခဲ့ဖူးသည်။

ကျွန်တော်၏စိတ်ကူးမှာ ကိုယ်ပိုင်သန့်သန့်တော့ မဟုတ်ပါ။ ဆင့်ပွားအတွေး ဟု ဆိုသော် ရနိုင်ပါလိမ့်မည်။ ကျွန်တော် အထူးသဘောကျသော 'ဒိုင်ယာလော့' မဂ္ဂဇင်းကဲ့သို့သော မြန်မာစာစောင်တစ်စောင်ထုတ်ဝေရန် စိတ်ထဲ၌ ထက်သန်နေသော အကြံအစည်ကို ဆရာပါရဂူအား ပထမဦးဆုံး တင်ပြခဲ့ခြင်း ဖြစ်သည်။

'ဒိုင်ယာလော့'မှာ အမေရိကန်နိုင်ငံမှ ထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်ဖြစ် သည်။ စာရေးဆရာကြီးများနှင့် စာပေနယ်မှ မဟုတ်သော အခြားနယ်ပယ်စုံမှ ကျွမ်း ကျင်သူများ၊ ပညာရှင်များ၏ အတွေးအမြင် ဆောင်းပါးရှည်ကြီးများကို သီးသီးသန့် သန့် ဖော်ပြသည်။ မဂ္ဂဇင်းပုံစံမဟုတ်ဘဲ သီးသန့်ပရိသတ်အတွက် သီးသန့်စာစောင် ဖြစ်သည်။

'ဒိုင်ယာလော့'တွင် ဖော်ပြသော ဆောင်းပါးများမှာလည်း အကြောင်းအရာ တစ်စုံတစ်ခုကို ကျွမ်းကိုးများ ခိုင်ခိုင်လုံလုံနှင့် အတွင်းကျကျ နက်နက်ရှိုင်းရှိုင်း လေ့လာ ၍ ပညာရပ်ဆိုင်ရာ စကားလုံးများဖြင့် လေးလေးနက်နက် ရေးသားထားကြခြင်းဖြစ် သည်။

ထို့ကြောင့် အင်္ဂလိပ်စာဖတ်ပရိသတ်များထဲ၌ပင် 'ဒိုင်ယာလော့'ကို 'ဖတ်ရ တာ ပျင်းစရာကြီး'ဟု ပြောသူ အများအပြားတွေ့ရဖူးသည်။ 'ဒိုင်ယာလော့'မှာ မြန်မာ နိုင်ငံသို့ ကျယ်ကျယ်ပြန့်ပြန့်လည်း မရောက်ပါ။ သံရုံးက လက်ဆောင်ပေး၍ ဖတ်ရခြင်း ဖြစ်သည်။ ကျွန်တော်သည် ထိုစဉ်က ပြည်သူပိုင်သတင်းစာတစ်စောင်တွင် အယ်ဒီတာ လုပ်နေပြီး ဆောင်းပါးများလည်း ရေးနေသူဖြစ်၍ သံရုံးက မေတ္တာ လက်ဆောင် ပေးပို့ နေခြင်းဖြစ်သည်။ ယခုတော့ မေတ္တာလက်ဆောင် လုံးဝမရတော့ပါ။ 'ဒိုင်ယာလော့' အဟောင်းများကို ပြင်ပက ဈေးကြီးပေး၍ ဝယ်ဖတ်နေရပါသည်။

www.burmeseclassic.com 

ကျွန်တော်သည် ဒိုင်ယာလော့ပုံစံမျိုး မြန်မာစာစောင်ထုတ်ဝေရန် အကြံကို ဆရာကြီးပါရဂူအား တိုင်ပင်သောအခါ 'ဆရာပါ'က လှိုက်လှိုက်လှဲလှဲ ထောက်ခံသည်။ သူတတ်နိုင်တဲ့အပိုင်းက ကူညီမည်ဟု အာမခံသည်။

ကျွန်တော်သည် ထိုစဉ်က တက်တက်ကြွကြွ ဆွေးနွေးတိုင်ပင်ခဲ့သော်လည်း တကယ်အကောင်အထည်ဖော်ရန် စီစဉ်သောအခါ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘဲ ဖြစ်နေခဲ့သည်။ စာအုပ်ထုတ်ဝေရေး အတွေ့အကြုံမှာမူ ကျွန်တော့်တွင် ရှိပြီးဖြစ်သည်။

၁၉၇၃ခုနှစ်ကတည်းက ခွပ်ဒေါင်းစာပေအမည်ဖြင့် ကျွန်တော့်မိသားစု ကိုယ်ပိုင် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတစ်ခု ရှိသည်။ ကျွန်တော်ရေးသော နိုင်ငံရေးဆိုင် ရာ အတ္ထုပ္ပတ္တိစာအုပ်များအပြင် ပါမောက္ခဒေါက်တာလှဖူး၏ 'လက်တွေ့စိတ်ပညာ' ကျမ်းကဲ့သို့သော စာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်။ ထိုသို့ လုံးချင်းစာအုပ် ထုတ် ဝေသော အလုပ်မှာ တာဝန်သိပ်မကြီးလှ။ လစဉ်လဆက် ဟောတစ်အုပ်၊ ဟောတစ်အုပ် ထုတ်ဝေနေခြင်းမဟုတ်သဖြင့် ပြင်ဆင်ချိန်ကောင်းစွာ ရသည်။ ထို့ကြောင့် မပင်မပန်း မှန်တမ်းလုပ်သွားလို့ဖြစ်သည်။

အချိန်မှန်ထုတ်စာစောင်ကျတော့ လုံးချင်းစာအုပ်နှင့်မတူ။ ဗာဟီရတွေ များ လွန်းသည်။ အဆင့်တွေ များလွန်းသည်။ ကျွန်တော်တစ်ဦးတည်း လုပ်၍မဖြစ်နိုင်။ စိတ်တူသဘောတူ တွဲဖက်လုပ်မည့်လူ လိုသည်။ ထိုသို့လုပ်ဖော်ကိုင်ဖက်ရှာရင်း အချိန် တွေသာ ကုန်သွားသည်။ လက်တွေ့လုပ်ငန်းမစနိုင်။ ဤအတောအတွင်း 'ရွှေနေကြီး ပယ်ရီမေဆင်'ဝတ္ထုအုပ်တွဲစဉ်များကို ဘာသာပြန် ထုတ်ဝေဖြစ်ခဲ့သည်။ နိုင်ငံရေးဆိုင် ရာ စာအုပ်လေးအုပ် ရေးသားပြီးစီးခဲ့သော်လည်း ထုတ်ဝေသည့် အဆင့်သို့ မရောက်ခဲ့။ သည်လိုနှင့် သုံးနှစ်ခန့် ကြာသွားသည်။

၁၉၈၄ခုနှစ် နှစ်လယ်ပိုင်းတွင် (ထိုစဉ်က) မြဝတီမဂ္ဂဇင်းအယ်ဒီတာတစ်ဦး ဖြစ်သူ မောင်ကောင်းမြင့်နှင့် စကားစပ်မိသည်။ ဆရာပါရဂူကို ကျွန်တော်တိုင်ပင်ခဲ့သော စာစောင်အကြောင်း။

မောင်ကောင်းမြင့် ချက်ချင်း ငေါက်ခနဲ ခေါင်းထောင်ထလာသည်။ မေးခွန်း တွေ တရစပ်မေးသည်။ ကျွန်တော့်စိတ်ကူးနှင့် သူ့စိတ်ကူး တူနေပုံကို တစ်မဟုတ်ချင်း ပြောပြသည်။ ကျွန်တော်စိတ်ကူးအိပ်မက် မက်နေခဲ့သော စာစောင်မျိုးကို သူကိုယ်တိုင် လည်း လုပ်ချင်နေတာ အတော်ကြာပြီဟု ဆိုသည်။ ကျွန်တော်တို့နှစ်ယောက် အတိုင် အဖောက်ညီညီ ဆွေးနွေးကြသည်။ မဖြစ်ဖြစ်အောင် လုပ်မယ်ဟု သန္နိဋ္ဌာန်ချကြသည်။

စင်စစ်အားဖြင့် ကိုကောင်းမြင့်နှင့် ကျွန်တော်မှာ သတင်းစာနယ်ပယ်သားချင်း ဖြစ်၍ သိကျွမ်းရင်းနှီးခဲ့ကြသည်မှာ ကြာပြီ။ ထိုနှစ်ပိုင်းအတွင်း သူတာဝန်ခံ အယ်ဒီတာ

လုပ်နေသော မြဝတီတိုက်ထုတ် 'လူငယ်ဂျာနယ်'အတွက် အပတ်စဉ် ဘာသာပြန် ဆောင်းပါးများ ကျွန်တော်ရေးသားပေးနေ၍ သူနှင့်ကျွန်တော် မကြာခဏတွေ့နေသည်။ သို့ရာတွင် ကျွန်တော် စိတ်ကူးနေသော စာစောင်အကြောင်း စကားမစပ်မိခဲ့ကြ။ ယခု အမှတ်မထင် (ဘာအကြောင်းပြောနေကြရာက ဆက်စပ်ပြောမိသလဲ မမှတ်မိတော့) စကားစပ်မိတော့ သူက အားတက်သရော တက်ကြွစွာ တုံ့ပြန်သဖြင့် ကျွန်တော်ပါ ပြန်လည် နိုးကြားလာသည်။

"စာစောင်နာမည် ဘယ်လိုပေးမလဲ၊ စဉ်းစားထားသလား"ဟု ကိုကောင်းမြင့်က မေးသည်။

"စဉ်းစားထားတာ ရှိတယ်။ အတွေးနှင့်အရေး"

"ဟင် ဒါက ကိုသိန်းလွင်တို့ လုပ်ခဲ့တဲ့ စာစောင်နာမည်ပဲ"

"ဟုတ်တယ်။ အဲဒီနာမည်ကို ကျွန်တော်က သိပ်ကြိုက်ခဲ့တာ။ ကိုသိန်းလွင်တို့လုပ်တုန်းက ကျွန်တော်လည်း ဝင်ရေးခဲ့တယ်လေ"

၁၉၆၆–၆၇လောက်က ၁၀အုပ်ကျော်မျှ ထွက်ခဲ့သော 'အတွေးနှင့်အရေး' စာစောင်ကို ကျွန်တော်တို့ သံယောဇဉ်ဖြစ်ခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် လုပ်ကိုင်နေသည်။ ယမုံနာစာပေထုတ်ဝေသူ ဦးဘိုးဟန်နှင့် ကိုသိန်းလွင်တို့လက်တွဲပြီး စာပေသဘောတရားနှင့် ဝေဖန်ရေးစာစောင်အဖြစ် ထုတ်ဝေရာ ဦးလှမြိုင်(ကိုဆောင်း)၊ ဦးထိန်လင်း(ကိုကိုထွန်း)၊ ဓနုဖြူကျော်မင်း(ကျော်မင်းကျော်)နှင့် ကျွန်တော်တို့ တပျော်တပါးကြီး ပါဝင်ရေးသားခဲ့ကြသည်။

အတွေးနှင့်အရေးသည် ဆယ်အုပ်ခန့်သာ ထွက်ခဲ့သော်လည်း ထူးခြားသော ဟန်ပန်လက္ခဏာကြောင့် အောင်မြင်တွင်ကျယ်ခဲ့သည်ဟု သိရသည်။ သို့ရာတွင် ရေရှည်မလုပ်ဖြစ်တော့ဘဲ နှမြောစရာရပ်စဲသွားခဲ့သည်။

ကျွန်တော်ထုတ်ဝေချင်သော စာစောင်မှာ ဆိုခဲ့ပြီးသည့်အတိုင်း 'ဒိုင်ယာလော့' မဂ္ဂဇင်းပုံစံဖြစ်၍ 'အတွေးနှင့်အရေး'ကဲ့သို့ စာပေသဘောတရား၊ စာပေဝေဖန်ရေးစာစောင်မျိုး မဟုတ်သော်လည်း စာစောင်၏ အမည်ကို 'အတွေးနှင့် အရေး'ဟု တပ်ချင်သော အစွဲအလမ်းက ရှိနေခဲ့သည်။ စာစောင်၏ အနှစ်သာရမှာလည်း ထိုအမည်နှင့် လိုက်ဖက်သည်ဟု ယုံကြည်နေသည်။

ကိုကောင်းမြင့်ကို ကျွန်တော်က အကျိုးအကြောင်း ရှင်းပြရာ သူကလည်း သဘောတူညီ၍ 'အတွေးနှင့်အရေး'နာမည် အသုံးပြုမည်ဖြစ်ကြောင်း ကိုသိန်းလွင်ကို တရားဝင် အသိပေးရန် ဆုံးဖြတ်ကြသည်။ စင်စစ်အားဖြင့် 'အတွေးနှင့် အရေး'မှာ ကိုသိန်းလွင် ကိုယ်ပိုင်နာမည်မဟုတ်။ (ဆိုလိုသည်မှာ သူ့အမည်နှင့် မှတ်ပုံတင်

www.burmeseclassic.com


ထားခြင်းမဟုတ်)။ ယမုံနာစာပေက ထုတ်ဝေခဲ့သော စာစောင်တစ်ခု အမည်ဖြစ်ပြီး မထုတ်ဝေတဲ့ ရပ်စဲနေသည်မှာ ၁၅နှစ်ကျော်မျှ ကြာပြီဖြစ်သည်။ မည်သို့ရှိစေ ထို စာစောင်ကို ကိုသိန်းလွင် ဦးစီးဦးကိုင် လုပ်ခဲ့ကြောင်း စာပေသမားတိုင်းသိနေကြ သည်ဖြစ်၍ သူ့ထံမှတရားဝင်ခွင့်ပြုချက်လိုအပ်သည်ဟု ကျွန်တော်တို့ ယူဆပါသည်။

ထိုစဉ်က ကိုသိန်းလွင်သည် ရန်ကုန်ဘူတာကြီးအနီး စခန်းသာဟိုတယ်တွင် ခံ့ညားထည်ဝါစွာ တည်းခိုနေထိုင်လျက် ရှိသည်။ ကျွန်တော်က ဟိုတယ်သို့ ဖုန်း လှမ်းဆက်ပြီး တွေ့ခွင့်ပြုရန် အချိန်တောင်းရသည်။ သူက "ကျုပ်နဲ့တွေ့ချင်တယ် ဆိုတာ ဘာကိစ္စလဲ၊ ခင်ဗျားကိစ္စလား၊ ကျုပ်ကိစ္စလား"ဟု မေးသည်။ ကျွန်တော်က "စာအုပ်ကိစ္စဗျာ၊ ကျွန်တော့်ကိစ္စလို့ ဆိုပါတော့"ဟု ပြန်ပြောသည်။ သူက "ခင်ဗျား ကိစ္စဆိုရင် ကျုပ်ကို ခင်ဗျားလာတွေ့ပေါ့။ မနက်ဖြန်မနက် ၉နာရီမှာ ဟိုတယ်ဧည့်ခန်း မှာ လာစောင့်"ဟု အချိန်ပေးပါသည်။ ကျွန်တော်နှင့် ကိုကောင်းမြင့် စခန်းသာ ဟိုတယ်သို့ ချိန်းထားသည့် အချိန်အတိုင်းအရောက်သွားကြရသည်။ မြန်မာပြည်သို့ လာလည်သည့် နိုင်ငံခြားမှ ဧည့်သည်စာရေးဆရာကြီးတစ်ဦးကို သွားတွေ့ရသည် နှင့်ပင် တူနေပါသေးသည်။ ဟိုတယ်ဧည့်ခန်းကောင်တာတွင် ကျွန်တော်တို့ ရောက်ပြီ ဖြစ်ကြောင်း အခန်း နံပါတ်(++)ရှိ ဆရာကိုသိန်းလွင်ထံ အကြောင်းကြား ပေးပါရန် သတင်းပို့ရသည်။ ကောင်တာမှ လှမ်းဆက်ပေးပြီး ၉နာရီတိတိတွင်မှ ဆရာ ကိုသိန်း လွင် လှေကားမှ ဆင်းလာပြီး ကျွန်တော်တို့ကို လက်ခံတွေ့ဆုံပါသည်။

ပြီးတော့မှ အပြင်သွားရအောင်ဟု သူက ပြော၍ ကားပေါ်တင်ပြီး ထွက်လာ ရသည်။ ဘယ်သွားမလဲဆိုတော့ ပန်းဆိုးတန်း လက်ဖက်ရည်ဆိုင်တဲ့။ စခန်းသာ ဟိုတယ်ကြီးမှာ ချိန်းတွေ့ပြီး ပန်းဆိုးတန်း လမ်းဘေးပလက်ဖောင်း လက်ဖက်ရည် ဆိုင်မှာ ကျွန်တော်တို့သုံးယောက် ဟန်ရပန်ရ ဆွေးနွေးခဲ့ကြပါ၏။

တိုတိုပြောရလျှင် ကိုသိန်းလွင်က ကျွန်တော်တို့၏ 'အိုင်ဒီယာ'ကို အလွန် ကြိုက်သည်။ အားပေးမည်၊ ကူညီမည်ဟု ဆိုသည်။ 'အတွေးနှင့်အရေး'နာမည်ကို လည်း သုံးခွင့်ပြုသည်။ သို့ရာတွင် အယ်ဒီတာအဖွဲ့မှာ သူပါ ပါမည်။ စာမူတောင်း ခံခြင်း၊ ရွေးချယ်ခြင်း၊ ပယ်ခြင်း၊ အသုံးပြုခြင်းတို့ကို သူအပါအဝင် ကျွန်တော်တို့ သုံးယောက် အဆုံးအဖြတ်နှင့်သာ ဆောင်ရွက်ရမည်ဟူ၏။

ကျွန်တော်က ကိုသိန်းလွင်ဆိုသည်မှာ စာပေနယ်တွင် 'ဟိတ်'ကြီးမားပါ ကြောင်း၊ 'ဟိတ်'ကြီးသလောက် ချစ်သူ မုန်းသူလည်း များပါကြောင်း၊ ထို့ကြောင့် အယ်ဒီတာအဖွဲ့မှာ သူပါနေလျှင် Controversialဖြစ်လာနိုင်ကြောင်း ကျွန်တော်တို့က လည်း ကျွန်တော်တို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် လုပ်ချင်ကြောင်း၊ ဒါ

www.burmeseclassic.com

ကြောင့် ပုံမှန်ဆောင်းပါးသာ ရေးပေးပါဟု ဆွေးနွေးပန်ကြားပါသည်။ ထိုစဉ်က စကားလုံး ရှာမတွေ့၍ Controversial ဟု ညှပ်ပြောလိုက်ရပါသည်။ သဘောကတော့ ခင်ဗျားပါလျှင် အငြင်းပွားစရာ၊ အထင်မှားစရာတွေ ဖြစ်သွားလိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

သူကလည်း ပြတ်သည်။ အယ်ဒီတာအဖွဲ့မှာ သူမပါဘဲ 'အတွေးနှင့်အရေး' နာမည်သုံးခွင့် မပေးနိုင်။ သူ့ဘာသာသူ ထုတ်ဝေရန်လည်း စီစဉ်နေသည်ဟု ဆိုသည်။

သို့ဖြင့် ကျွန်တော်တို့၏ တွေ့ဆုံဆွေးနွေးပွဲ မအောင်မမြင် ဖြစ်ခဲ့သည်။ ကိုကောင်းမြင့်နှင့် ကျွန်တော်ပြန်လာပြီး ခေါင်းချင်း ရိုက်ကြသည်။ နာမည်အသစ် စဉ်းစားကြသည်။

အတွေးအခေါ် စာပေတွေကို ဖော်ပြမည့် စာစောင်ဖြစ်၍ 'အတွေး'ဆိုသော စကားလုံး ပါရမည်။ ပြီးတော့ တွေးခေါ်ဆင်ခြင်ခြင်းကြောင့် ပေါ်ပေါက်လာသော 'အမြင်'များကို တင်ပြကြမည်ဖြစ်၍ 'အတွေးအမြင်'။ ကျွန်တော်က စာရွက်ပေါ် ရေးချလိုက်ရာ ကိုကောင်းမြင့်က "နောက်ထပ် စဉ်းစားမနေနဲ့တော့။ ဒီနာမည် အကောင်းဆုံးပဲ" ဟု ဝမ်းသာအယ်လဲ အတည်ပြုလိုက်ပါသည်။

ကိုကောင်းမြင့် စိတ်အားထက်သန်ပုံ၊ သွက်လက်မြန်ဆန်ပုံကား စံထား လောက်ပါပေသည်။ သူ့ကြောင့်လည်း 'အတွေးအမြင်'စာစောင် စတင်ထုတ်ဝေဖြစ်ခြင်း ဖြစ်ကြောင်း ကျွန်တော်မှတ်တမ်းတင်ပါသည်။ နောက်တစ်နေ့မှာပင် သူကိုယ်တိုင် မျက်နှာဖုံးပုံကြမ်း ရေးဆွဲ၍ ယူလာသည်။ ကျွန်တော်ပြောသော 'ဒိုင်ယာလော့'ပုံစံ မဟုတ်။ 'ရီးဒါးစ်ဒိုင်ဂျက်'မဂ္ဂဇင်းပုံစံ။ မာတိကာကို ရှေ့ဖုံးမှာ တင်ထားသည်။ ပန်းချီ သရုပ်ဖော်ပုံကို ကျောဖုံးနှင့် ရှေ့ဖုံးဘယ်ဘက် မာဂျင်တစ်လက်မခန့်အထိ ယူထား သည်။ 'အတွေးအမြင်'စာစောင်၏ အမှတ်တံဆိပ်အဖြစ် ပန်းပုဆရာကြီး ရိုဒင်၏ 'အတွေးရှင်' (The Thinker) ပန်းပုရုပ်ပုံကို ရွေးယူလာသည်။ 'အတွေးအမြင်'စာစောင် ၏ ပုံသေမျက်နှာဖုံးခေါင်းစီးစာလုံးကို ပန်းချီဆရာကြီး ဦးဘရင်ကလေးထံ အပ်မည် ဟု အဆိုပြုသည်။ ကျွန်တော်ကလည်း သူလုပ်ခဲ့သမျှအားလုံးကို သဘောတူ၍ ဖဆပလ ရပ်ကွက်ရှိ ဆရာကြီး ဦးဘရင်ကလေးအိမ်သို့သွားကာ ခေါင်းစီးစာလုံးနှင့် ဒီဇိုင်းအပ်ကြသည်။ ဆရာကြီးက သုံးရက်မျှသာ အချိန်ယူပြီး 'အတွေးအမြင်'ခေါင်းစီး စာလုံးဒီဇိုင်းကို ဆွဲပေးလိုက်ပါသည်။ ဒီဇိုင်းသွားယူချိန်တွင် ဆရာကြီးက 'အတွေး အမြင်' ဟူသော အနက်အဓိပ္ပာယ်ကို စာလုံးထုထည်အထူအပါး အကွေးအညွတ် ကလေးများဖြင့် ဖော်ထားပုံကို ရှင်းပြသည်။ ကဗျာတို့ ဂီတတို့မှာ Rhythm ရှိသလို ပန်းချီစုတ်ချက်မှာလည်း Rhythm ရှိကြောင်း စိတ်ရှည်လက်ရှည်ရှင်းပြသည်။ ယခုခေတ်

www.burmeseclassic.com


လက်ဝဲစာလုံး ဟု ခေါ်ဝေါ်နေကြသော စာလုံးပုံစံကို ဆရာကြီး ဦးဘရင်ကလေးက စတင်တီထွင်ခဲ့သည့် နောက်ခံသမိုင်းကြောင်း၏ တစ်စွန်းတစ်စကိုလည်း ဗဟုသုတ အဖြစ် ကြားနာမှတ်သားခဲ့ရသည်။

'အတွေးအမြင်'စာလုံးဒီဇိုင်း ရရှိပြီးနောက် စာရေးစက္ကူခေါင်းစီးအတွက် ဘလောက်အပ်၊ ပုံနှိပ်။ စာရေးဆရာကြီးများနှင့် ပညာရှင်သုတေသီများထံမှ စာမူတောင်းခံသော စာများကို စာကူးစက်နှင့်လှည့်။ ဆရာကြီးများထံပို့။ ကျွန်တော်တို့နှစ်ယောက် မမောနိုင် မပန်းနိုင် ပျော်ရွှင်စွာအလုပ်လုပ်ခဲ့ကြသည်။ စာမူတောင်းခံလွှာလိုက်ပို့ရင်း ကျွန်တော်တို့ ထုတ်ဝေမည့်စာစောင်၏ ရည်ရွယ်ချက်များကိုလည်း လေးလေးစားစား ရှင်းလင်းတင်ပြကြရသည်။ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ထံရောက်တော့ ဆရာမကြီးက လှိုက်လှိုက်လှဲလှဲ အားပေးသည်.။ ဆရာမကြီးထံတွင် ရှိနေသော Writers မဂ္ဂဇင်း တစ်ထပ်ကြီးကို ထုတ်ပြသည်။ နည်းယူစရာရှိလျှင် ယူရန် တိုက်တွန်းသည်။ ကိုကောင်းမြင့်က Writers မဂ္ဂဇင်းတစ်အုပ်၏ အဖုံးကို သဘောကျသွားသည်။ ဆီမီးတိုင်များ ထွန်းတောက်ဝေဖြာနေသော ပန်းချီပုံ၊ ကိုကောင်းမြင့်မှာ ပန်းချီလည်း ဆွဲတတ်သူဖြစ်၍ ထိုအဖုံးကို တစ်ထိုင်တည်း အကြမ်းကူးဆွဲယူလာသည်။ ၎င်းပုံကြမ်းကို ဆရာကြီးဦးဘရင်ကလေးထံ ပေးပြီး အပ်နှံခဲ့ရာ ဆရာကြီးက မြန်မာဆန်ဆန် ကနုတ်ပန်းဖော်အောက်ခံစိုက်ခွက်ကလေးများနှင့် ဖယောင်းတိုင်မီးများ ထွန်းတောက်ဝေဖြာနေ သော အလွန်ကျက်သရေ ရှိလှသည့် အတွေးအမြင်အမှတ်(၁)အဖုံး ပန်းချီပုံကို ရေးဆွဲပေးခဲ့ပါသည်။

ထို့နောက် ဆရာကြီး ဒဂုန်ဦးလှဘော၊ ဦးသော်ဇင်၊ ဒဂုန်ဦးစန်းငွေ၊ ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာမင်းသုဝဏ်၊ ဆရာတက်တိုး၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ် စသော စာပေပညာရှင်ကြီးများ၊ ဆရာပါရဂူ၊ ဆရာမြသန်းတင့်၊ ဆရာမောင်စူးစမ်း၊ ဆရာဆန်းလွင်၊ ဆရာမောင်သာနိုး စသော အတွေးသွက်၊ အရေးသွက်စာရေးဆရာများ၊ ပါမောက္ခဒေါက်တာကျော်စိန်၊ ပါမောက္ခဦးခင်မောင်ဒင်၊ ဆရာနန္ဒာသိန်းဇံစသော တက္ကသိုလ်ဆရာများထံမှ စာမူများ ရရှိသည်။ ဆရာအောင်သင်းထံမှမူ အားပေးစကား၊ အကြံပေးစကားများသာ ရရှိခဲ့သည်။ ယခု အုပ်(၁၀၀)ပြည့်သည်အထိ ဆောင်းပါး တစ်ပုဒ်မျှ မရရှိခဲ့။ 'အတွေးအမြင်'ထုတ်ဝေမည့်အစီအစဉ်ကို ဦးစွာသွားရောက် ဆွေးနွေးတိုင်ပင်ခဲ့သူများတွင် ဆရာအောင်သင်းပါဝင်ပါသည်။ ဆောင်းပါးများ ရေးပေးမည်ဟုလည်း အားတက်သရော ပြောခဲ့ပါသည်။ သို့ရာတွင် ဘာကြောင့်မှန်းမသိ၊ ယနေ့အထိ တစ်ပုဒ်မှ ရေးမပေးသေးဘဲ ရှိနေသည်။

မှတ်မှတ်ရရ ကိစ္စတစ်ရပ်မှာ ကျွန်တော်တို့ အထူးလေးစားကြည်ညိုသော

www.burmeseclassic.com

ဆရာဒဂုန်တာရာထံမှ ပထမအုပ်အတွက် စာမူမတောင်းမိခြင်းဖြစ်သည်။ ဆရာ ဒဂုန်တာရာနှင့် ကျွန်တော် ရင်းနှီးခင်မင်ခဲ့သည်မှာ ထိုစဉ်က ဆယ့်လေးငါးနှစ်ခန့် ရှိပြီ။ သို့ပါလျက် ကျွန်တော်ဘယ်လို 'ကြောင်'ခဲ့မှန်းမသိ။ စာမူတောင်းခံလွှာလည်း မပို့ဖြစ်၊ ဖုန်းလည်း မဆက်ဖြစ်ဘဲ ရှိခဲ့သည်။ ဒုတိယစာစောင်အတွက်ကျမှ ဆရာပါရဂူမှ တစ်ဆင့်တောင်းခံခဲ့သည်။ ဆရာဒဂုန်တာရာကလည်း ဒုတိယစာစောင်ပုံနှိပ်ချိန်အမီ ရေးပေးပါသည်။ ရေးတော့လည်း ပွင့်ပွင့်လင်းလင်းပင် ကျွန်တော့်အား ညင်သာစွာ 'ဝေဖန်'လိုက်သည်။ ကျွန်တော်နှင့်သူ ရင်းနှီးကြပါလျက်၊ လူချင်းလည်းအဆက်မပြတ်ကြပါလျက်၊ တယ်လီဖုန်းလည်း ရှိကြပါလျက် ပထမစာစောင်အတွက် စာမူမတောင်းခြင်းကို ဆရာ့စိတ်ထဲမှာ နည်းနည်းခံစားရပုံ ပေါ်လွင်နေသည်။ နောက်ပိုင်းတွင်ကား ဆရာဒဂုန်တာရာသည် လစဉ်မဟုတ်သော်လည်း ကြိုးကြားကြိုးကြား ရေးပေးနေခဲ့ပါသည်။

ဆရာကိုသိန်းလွင်ကမူ 'တစ်ရံရောအခါ အစချီဝတ္ထု'ဟူသော ခေါင်းစဉ်ဖြင့် သမိုင်းနောက်ခံဝတ္ထုရေးဆရာများကို 'နှက်'ထားသည့် ဆောင်းပါးပေး၍ ကျွန်တော်တို့ ထည့်သွင်းဖော်ပြလိုက်ပါသည်။

အတွေးအမြင် အမှတ်(၁) ထွက်သွားပြီးနောက် ရိုက်ခတ်သော ဂယက်အချို့တွင် ကိုသိန်းလွင်၏ ဆောင်းပါးကိစ္စလည်း ပါဝင်ပါသည်။ ထိပ်တန်းစာရေးဆရာကြီးများနှင့် ပညာရှင်ကြီးများ၏ ဆောင်းပါးများချည်း သီးသီးသန့်သန့် ဖော်ပြထားခြင်း၊ ဆောင်းပါးများမှာလည်း ပညာတတ်အဝန်းအဝိုင်းကသာ စိတ်ဝင်စားမည့် လေးလေးပင်ပင် အရေးအသားများက အများစုဖြစ်နေခြင်း၊ အရောင်အသွေး အဆင်တန်ဆာဘာမှမပါဘဲ ဆောင်းပါးခေါင်းစီးများကိုပင် ခဲစာလုံးပို့ုင့်များ ကစား၍ ဖော်ပြထားခြင်း၊ စာအုပ်အရွယ်မှာ ပုံမှန်မဂ္ဂဇင်းများအရွယ်မဟုတ်ဘဲ ဆယ်ချိုးဆိုက်ဖြစ်ပြီး ရီးဒါးဒိုင်ဂျက်စ်ပုံစံအတိုင်း မျက်နှာဖုံးတွင် မာတိကာတင်ထားခြင်း၊ ဆရာကြီးဦးဘရင်ကလေး၏ နွဲ့ပျောင်းသော 'အတွေးအမြင်'စာလုံးဒီဇိုင်းက ဆန်းသစ်နေခြင်း စသည့် ထူးခြားမှုများကြောင့် 'အတွေးအမြင်'ဟူသော စာစောင်သစ်ကို ဆရာမောင်စွမ်းရည်စသော စာပေ ဝေဖန်ရေးဆရာများက ချီးကျူးကြိုဆိုရေးသားကြသည်။ ကိုသိန်းလွင်၏ ဆောင်းပါး ဂယက်ကား သမိုင်းနောက်ခံဝတ္ထုရေးနေကြသော စာရေးဆရာများက မကျေမလည် ဖြစ်ကုန်ကြခြင်းပင်။

ကိုသိန်းလွင်ရေးပုံကလည်း စပ်ဖျဉ်းဖျဉ်းဖြစ်စရာ။ "အခုအခါမှာတော့ သမိုင်းနောက်ခံ ဝတ္ထုအားလုံးဟာအပျော်ဖတ်တွေချည်းပါပဲ။ စင်တင်ထားရလောက်တဲ့ သမိုင်းနောက်ခံဝတ္ထုရယ်လို့ မရှိပါဘူး။ ရှိလည်း မရှိနိုင်ပါဘူး။ သည်တော့ အပျော်ဖတ်ဝတ္ထု

www.burmeseclassic.com


ထဲမှာတောင် ပင်ကိုရေးမဟုတ်တဲ့ အပျော်ဖတ်ဝတ္ထုလို့ ကျွန်တော်မြင်ပါတယ်”တဲ့။

ပြဿနာတွေ တက်နိုင်သည်ဟု ကျွန်တော်တို့စဉ်းစားမိပါသည်။ သို့ရာတွင် ကိုသိန်းလွင်က သူ့ဘာသာ တာဝန်ခံ၍ ရေးသားခဲ့ခြင်းဖြစ်သည်ကတစ်ကြောင်း ‘ရှုထောင့်အသီးသီးမှ အတွေးအမြင်အသီးသီးကို ဖော်ထုတ်ရန်’ဟူသော အတွေးအမြင်၏ မူရှိသည်ကတစ်ကြောင်းတို့ကြောင့် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

‘အတွေးအမြင်’ အမှတ်(၁)တွင် ဆရာကြီး ဒဂုန်ဦးလှဘောက ‘ဒဿနတံခွန်’ ဟူသော ပင်တိုင်ဆောင်းပါးခေါင်းစဉ်ကို စတင်ဖွင့်လှစ်လိုက်ပြီး ကျွန်တော်တို့ကို ကြိုဆိုအားပေးခဲ့ပါသည်။

> ‘အတွေးအမြင်’ဆောင်းပါးစာမူများ ရေးသားချီးမြှင့်ပါရန် ဟူသော ဖိတ်စာ ကို ရရှိသည်။ ထိုအတွေးအမြင်ဆောင်းပါးစာစဉ်သည်–
>
> (က) တွေးခေါ်မြော်မြင်ခြင်းကို အလုပ်တစ်ခုဟုထင်မြင်၍ စဉ်းစားဉာဏ် ရင့်သန်လိုသူများအတွက်၊
>
> (ခ) မိမိ၏ ဦးနှောက်ကို အသုံးချ၍ ဆင်ခြင်တုံတရားဖွံ့ဖြိုးတိုးတက်လိုသူ များအတွက်
>
> (ဂ) အလုပ်သုံးပါးအနက် မနောကံအလုပ်ဟုဆိုအပ်သော စိတ်ကူးခြင်း၊ ဆင်ခြင်စဉ်းစားခြင်းကို အာရုံဝင်စားသူများအတွက် ရည်ရွယ်ပါသည် ဟု အတွေးအမြင် ဆောင်းပါးတောင်းစာတွင် ရေးသားပါရှိသည်။
>
> ထိုသူတို့၏ အတွေးအမြင်သရုပ်နှင့်တကွ ဖိတ်ခေါ်ချက်၊ ရည်ရွယ်ချက်များ ကို တွေ့သိရသဖြင့် အင်အားတက်ကြွဝမ်းသာလှပါသည်။ အတွေးအမြင် အဆင့်မြင့် ရေးအတွက် သမိုင်းပေးလာခြင်းဖြစ်သည်ဟု ကြိုဆိုပါသည်။

ဆရာကြီး ဒဂုန်ဦးလှဘော၏ ကြိုဆိုမှုကြောင့် ကျွန်တော်တို့ အထူးအားတက်ခဲ့ရပါသည်။ အတွေးအမြင် အမှတ်(၂) ထုတ်ဝေရေးအတွက် ဆက်လက်ကြိုးပမ်းကြပြန်သည်။ ကျွန်တော်တို့သည် အခြေအနေအရ နှစ်လတစ်ကြိမ်ထုတ် စာစောင်အဖြစ် စတင်ပျိုးထောင်ခဲ့ကြ၍ ၁၉၈၄ခုနှစ် အောက်တိုဘာလတွင် အမှတ်(၁)ထွက်ပြီးနောက် ဒီဇင်ဘာလထုတ်အတွက် ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။ ထိုအချိန်တွင် ကိုကောင်းမြင့်၏ ဇနီး ဆေးရုံတွင် မီးဖွားသည်။ ကလေးမှာ ဆေးရုံမဆင်းမီ ဆုံးပါးသွားရှာသည်။ ကိုကောင်းမြင့်မှာ စာစောင်အတွက် အချိန်သိပ်မပေးနိုင်တော့ပါ။ သူ့ကိုယ်စား မိတ်ဆွေရင်းတစ်ဦးဖြစ်သူ မောင်မြင့်ဦး(ညောင်လေးပင်)အား ကူညီရန် လွှဲအပ်ပါသည်။ မောင်မြင့်ဦး(ညောင်လေးပင်)ကို ကလောင်အနေဖြင့် ရင်းနှီးပြီးဖြစ်သော်လည်း လူပုဂ္ဂိုလ်အရ ထိုအခါတွင်မှ နီးနီးကပ်ကပ် ဆက်ဆံခဲ့ရသည်။ သူသည် နှစ်ကာလ ရှည်ကြာစွာ

www.burmeseclassic.com

'အတွေးအမြင်'၏ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၈၃ခုနှစ် ဇန်နဝါရီလတွင်မှ ရွှေရုပ်စုံမဂ္ဂဇင်းကို သူ့ကိုယ်ပိုင်လုပ်ငန်းအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။

မောင်မြင့်ဦး(ညောင်လေးပင်)ကလောင်အမည်မှာ နာမည်ရပြီးဖြစ်သော် လည်း မြို့စွဲ၊ ရွာစွဲ၊ ဒေသစွဲ ကလောင်အမည်မှာ အယ်ဒီတာတစ်ဦးအတွက် ဘောင်ကျဉ်း သည်ဟု ယူဆသဖြင့် သူ့အား အခြားကလောင်နာမည်တစ်ခု မွေးယူရန် တိုက်တွန်း ပါသည်။ (ကျွန်တော်ကိုယ်တိုင်လည်း တစ်ချိန်က စိုးသိမ်း–ပဲခူး ကလောင်နာမည် နှင့် အတော်ကြာကြာ ရေးခဲ့သော်လည်း နောက်ပိုင်းတွင် အသုံးမပြုတော့ပါ။) သို့ဖြင့် ကြည်သာဦး ဟူသော ကလောင်အမည်နှင့် အယ်ဒီတာအမည်သည် အတွေးအမြင် စာမျက်နှာများတွင် လွှမ်းမိုးလာခဲ့ပါသည်။

ကြည်သာဦးသည်လည်း မောင်ကောင်းမြင့်နည်းတူ အတွေးအမြင်၏ ဦးစီး ပဲ့ကိုင်တစ်ဦး ဖြစ်ခဲ့ပါသည်။ ကျွန်တော်အတူတွဲလုပ်နေချိန်တွင်လည်းကောင်း၊ အတူ တွဲမလုပ်နိုင်သော အချိန်များတွင်လည်းကောင်း ကြည်သာဦးသည် အတွေးအမြင် ရွက်လှေကို ကျောက်ဆောင်တို့မှ လွတ်အောင်၊ လှေမနစ်မြုပ်အောင် ပဲ့ကိုင်ပေးခဲ့ပါသည်။ သူ၏ ကျေးဇူးများကိုလည်း မှတ်တမ်းတင်အပ်ပါသည်။

အတွေးအမြင် အမှတ်(၂) ပုံနှိပ်ချိန်တွင် အမှတ်(၁) စောင်ရေ ၂၂၀၀ မှာ လက်ကျန်မရှိ ကုန်သွားသည်။ နယ်များမှ အမှာစာများ ထပ်မံရောက်ရှိလာ၍ အမှတ် (၃) ပုံနှိပ်ပြီးသည့်နောက် အမှတ်(၁)ကို ဒုတိယအကြိမ် ထပ်မံပုံနှိပ်ခဲ့ရပါသည်။ လုံးချင်း စာအုပ်မဟုတ်သော စာစောင်တစ်ခုကို ဒုတိယအကြိမ် ပုံနှိပ်ရခြင်းမှာ စာနယ်ဇင်းလောက တွင် မရှိသလောက် ရှားသည်ဟု ဆိုရပါမည်။ ကျွန်တော်တို့ပို၍ အားတက်စရာ ရှိ ခဲ့ပါသည်။

အတွေးအမြင်သည် တာထွက်ကောင်းသလို အရှိန်လည်း ကောင်းလာခဲ့ သည်။ စတင်ထုတ်ဝေပြီး တစ်နှစ်အကြာ ၁၉၈၅ခုနှစ် အောက်တိုဘာလ (စာစဉ်–၇) မှစ၍ နှစ်လတစ်ကြိမ်ထုတ် မဟုတ်တော့ဘဲ လစဉ်ထုတ်အဖြစ် စတင်ထုတ်ဝေနိုင်ခဲ့ သည်။ ကလောင်အင်အားလည်း တစ်လထက်တစ်လ အားကောင်းလာသည်။

မှတ်မှတ်ရရ ဆရာကြီး ဒေါက်တာလှဘေသည် အတွေးအမြင်အမှတ်(၆)မှ စ၍ ပါဝင်ရေးသားခဲ့ရာ ယခုထက်တိုင် ဖြစ်သည်။ ဆရာကြီးသည် လန်ဒန်တက္ကသိုလ် ပါမောက္ခအဖြစ်မှ အငြိမ်းစားယူပြီး ၁၉၈၀ပြည့်နှစ်တွင် မော်လမြိုင်၌ ပြန်လည်နေထိုင် လျက်ရှိရာမှ ဆရာမောင်စူးစမ်းနှင့် ဦးခင်မောင်လွင်(ရွှေမြိုင်ကောလိပ်)တို့မှတစ်ဆင့် ကျွန်တော်နှင့် အဆက်အသွယ် ရပြီး ၁၉၈၅ခုနှစ် နှစ်ဦးပိုင်းတွင် အတွေးအမြင်အတွက် ဆောင်းပါးလှမ်းတောင်းခဲ့ပါသည်။ ဆရာကြီးက လှိုက်လှိုက်လှဲလှဲ တုံ့ပြန်ပြီး စာမူများ ချီးမြှင့်ခဲ့ပါသည်။

“ဆရာ စာရေးတော့မယ်ဆိုရင် ဘယ်စာစောင်မှာ ရေးမလဲဆိုတာကိုပါ ထည့်စဉ်းစားတယ်။ စာကို လေးလေးနက်နက် ဖတ်တဲ့ ပရိသတ်မျိုးရှိတဲ့ စာစောင်မှာ ရေးမှ ရေးရကျိုးနပ်တယ်။ ဟိုးယခင်ခေတ်က ဂန္ထလောကမှာ ရေးခဲ့တယ်။ အခုတော့ ‘အတွေးအမြင်’ဟာ ဆရာလိုချင်တဲ့ ပရိသတ်မျိုး ရှိတယ်လို့ ယူဆတဲ့အတွက် ရေးပေးတယ်” ဟု ဆရာကြီးက ပြောဖူးပါသည်။

ထိုစဉ်က အုံနှင့်ကျင်းနှင့် ဝိုင်းဝန်းမြေတောင်မြှောက်ပေးခဲ့ကြသော ပုဂ္ဂိုလ်ကြီးအချို့ကား ကွယ်လွန်ခဲ့ကြပါပြီ။ ဆရာကြီး ဒဂုန်ဦးလှဘော၊ ဦးသော်ဇင်၊ ဒဂုန်ဦးစန်းငွေ၊ ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဦးကျော့မောင်၊ ပန်းချီဦးဘရင်ကလေး၊ ဗဂျီအောင်စိုး၊ ပန်းချီမောင်ငွေထွန်း။

သူတို့ ကျေးဇူးဖြင့် အခြေခိုင်ခဲ့ပြီဖြစ်သော ‘အတွေးအမြင်’သည် တွေးအားရေးအားကောင်းသော ကလောင်များ ထပ်မံအားဖြည့်၍ ဆက်လက်ရှက်လွှင့် ခရီးနှင်နိုင်ခဲ့ပါသည်။ (၂၅)အုပ်မြောက် ငွေရတု၊ အုပ်(၅၀)မြောက် ရွှေရတု၊ (၇၅)အုပ်မြောက် စိန်ရတုစသည်ဖြင့် မှတ်တိုင်များကို ဂုဏ်ယူစွာ ဖြတ်သန်းလာခဲ့ပါပြီ။ အုပ်(၅၀)နှင့် (၇၅)အုပ်မြောက် အထူးထုတ်ကာလများသည် ဆရာကြည်သာဦး တစ်ကိုယ်တော် ကြိုနေရချိန်ဖြစ်ပါသည်။ ကျွန်တော်သည် ကာယကံမြောက် တာဝန်မထမ်းနိုင်သော်လည်း စိတ်ဓာတ်အားဖြင့် ဆက်စပ်နေခဲ့ပါသည်။ အတွေးအမြင်သည် ကျွန်တော့်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေပါပြီ။ တစ်ခါက ကျွန်တော် အစာအဆိပ်သင့်ပြီး ဝမ်းလျှော၍ သတိလစ်ကာ ဆေးရုံရောက်သည်အထိ ဖြစ်ခဲ့ရပါသည်။ ကျွန်တော့်ရဲဘော်တစ်ဦးအား “ကိုကြည်သာဦးနဲ့ ကျွန်တော့်ဇနီးကို ဆက်ဆက်ပြောပေးပါ၊ အတွေးအမြင်ကို မရပ်လိုက်ပါနဲ့၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆက်ထုတ်ကြပါ”ဟု တဖွဖွမှာကြားနေကြောင်း သူတို့ ပြန်ပြောပြ၍ သိရပါသည်။

ပြောမနာဆိုမနာ ရေးဖော်ရေးဖက် လုပ်ဖော်ကိုင်ဖက်တစ်ဦးက ကျွန်တော်နှင့် ကိစ္စအချို့တွင် အချေအတင် ငြင်းခုံပြီး သူ့ဘက်က ပြောစရာစကားကုန်ပြီဆိုလျှင် “ဒီမယ် ကိုယ့်လူ၊ ခင်ဗျားကို အသိအမှတ်ပြုစရာဆိုလို့ အတွေးအမြင်ထုတ်ဝေတာ တစ်ခုပဲ ကျန်တယ်၊ မှတ်ထား” ဟု ပြောဆိုအနိုင်ယူတတ်ပါသည်။

ဆရာကြီးတက်တိုးကမူ အတွေးအမြင် ငါးအုပ်မြောက် ထွက်ပြီးချိန်တွင် ကျွန်တော့်အား စောင်ရေမည်မျှ ရှိပြီလဲဟု မေးပါသည်။ သုံးထောင်နီးပါး ရှိပါသည်ဟု ဖြေရာ “အေးကွ၊ အတွေးအမြင်လို စာအုပ်မျိုး စောင်ရေ ငါးထောင်ကျော် ထုတ်နိုင် ပြီဆိုရင် ငါတို့တိုင်းပြည်မှာ ခေတ်ကြီးပြောင်းတော့မယ်လို့ ငါပြောဝံ့တယ်”ဟု အားရ ပါးရ ပြောဖူးပါသည်။ (မှတ်ချက်။ အတွေးအမြင်ကို ၁၉၈၆–၈၈တွင် စောင်ရေ လေး ထောင်ခန့်အထိ ထုတ်ဝေခဲ့ရဖူးပါသည်။)

၁၉၉၃ခုနှစ်ထဲတွင် ဆရာမောင်သိန်းလွင်နှင့် 'လေထန်ကုန်း'တွင် ဆုံမိကြရာ သူကလည်း မှတ်မှတ်ရရ အတွေးအမြင် လက်ရှိစောင်ရေကို မေးပါသည်။ အမှန်အတိုင်း ပြောပြလိုက်ရာ သူက 'အင်း ဒီလောက်စောင်ရေနဲ့ ပုံမှန်ထွက်နေနိုင်တာကိုပဲ ဝမ်းသာပေတော့'ဟု မှတ်ချက်ချလိုက်ပါသည်။

'အတွေးအမြင်'ဆက်လက် ရှင်သန်ရေးကို အဓိကအားပေးသူများကား စာဖတ်ပရိသတ်ပင်ဖြစ်ပါသည်။ ခဲစာလုံးများ မှုန်ဝါးမှုနှင့် စက္ကူညှို့ဖျင်းမှုများကို ကာလရှည်ကြာ သည်းခံခွင့်လွှတ်၍ လစဉ်ပုံမှန် ရပ်တည်နေနိုင်အောင် စာဖတ်ပရိသတ်က ကူပံ့ခဲ့ကြပါသည်။ ထိုကျေးဇူးများကို တုံ့ပြန်သောအားဖြင့် 'အတွေးအမြင်'ကို ၁၉၉၃ ခုနှစ် မေလထုတ် (စာစဉ် ၉၀)မှစ၍ ကွန်ပျူတာစာလုံးနှင့် အော့ဖ်ဆက်ဖြင့် ပြောင်းလဲ ပုံနှိပ်ခဲ့ပါသည်။ သို့ဖြင့် ပရိသတ်၏ တိုးတက်အားပေးမှုကို ရရှိခဲ့ပါသည်။ သို့ရာတွင် ယခင်စောင်ရေမျိုးကိုကား ပြန်လည်မရရှိတော့ပါ။ ကျပ်တည်းနေသော စာဖတ်ပရိသတ်သည် စာဖတ်ရာ၌ပင် ခြစ်ခြစ်ချုတ်ချုတ် ဖတ်နေကြရကြောင်း လေ့လာ တွေ့ရှိရပါသည်။ ယခင်က 'အတွေးအမြင်'ကို တစ်ယောက်တစ်အုပ် ဝယ်ဖတ်ခဲ့ကြသော ပရိသတ်ငါးဦးသည် ယခုအခါ ငါးဦးပေါင်းပြီးမှ တစ်အုပ် ဝယ်ဖတ်နေကြရသည့် အခြေအနေမျိုးကို တွေ့ရှိရပါသည်။ စာအုပ်ဈေးကွက်ကို ကျွမ်းကျင်သော ကျွန်တော့် မိတ်ဆွေတစ်ဦးကလည်း 'အတွေးအမြင်'ကို ဖတ်တဲ့ပရိသတ်တော့ လျော့မသွားဘူးဗျ။ တိုးတောင်တိုးလာတယ် ထင်တယ်။ အဲ ဝယ်ပြီး မဖတ်နိုင်ကြတာ တစ်ခုပဲ။ တချို့က ပိုက်ဆံစုပြီးတစ်အုပ်ပဲ ဝယ်တယ်။ ပြီးတော့ ဆယ်ယောက်လောက် အလှည့်ကျဖတ်ကြတယ်။ ဖတ်ပြီးတော့ အလေးအနက်ဆွေးနွေးသုံးသပ်ကြတယ်"ဟု သူ၏ လေ့လာ ချက်ကို ပြောပြပါသည်။

ဤသို့သိရသည့်အတွက် ကျွန်တော်တို့မှာ အမောပြေရပါသည်။ အားတက်ရပါသည်။ 'အတွေးအမြင်'အပေါ် စေတနာထားကြကုန်သော ပရိသတ်များလည်း ဝမ်း မြောက်ဝမ်းသာ ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

တစ်ခု ပြောစရာ ရှိပါသေးသည်။ 'အတွေးအမြင်'ကို လေးလေးစားစား တန်ဖိုးထားပြီး ဖတ်ရှုအားပေးသူများ ရှိသလို မြန်မာနိုင်ငံတွင် 'အတွေးအမြင်'ဟူသော စာစောင်တစ်ခု ထုတ်ဝေနေသည်ဆိုခြင်းကိုပင် လုံးဝမသိ၊ ကြားတောင်မကြားဖူးဘူး ဆိုသူများလည်း ရှိပါကြောင်း။ 'မယုံမရှိနဲ့၊ ကိုယ်တွေ့'ဟု ပြောရပါမည်။ ကျွန်တော့်ကို လူပုဂ္ဂိုလ်အားဖြင့် သိကြသူအချို့က အခုဘာလုပ်နေသလဲဟု မေး၍ 'အတွေးအမြင်' စာစောင်ထုတ်ဝေနေကြောင်း ပြောလျှင် "အဲဒါ ဘာစာအုပ်လဲ"ဟု အမေးခံရတတ်ပါသည်။ "ကိုသိန်းမောင်ရေ ကျုပ်ဘဝင်မြင့်သွားပြီထင်ရင် အဲဒီအမှုကလေးအကြောင်း ပြန်ဖော်ပြီး သတိပေးစမ်းပါ"ဟု စုံထောက်ဦးစံရှားပြောသလို ကျွန်တော်လည်း ဘဝင်

မြင့်တော့မည်ထင်လျှင် "အတွေးအမြင်ဆိုတာ ဘာစာအုပ်လဲ"ဟူသော မေးခွန်းကို ကိုယ့်ဘာသာကိုယ် ပြန်မေးနေမိပါသည်။

နိဂုံးရေးပါတော့မည်။

'အတွေးအမြင်'သက်တမ်းကိုးနှစ်ကျော် ဆယ်နှစ်အတွင်း ဤစာစောင်မှ ဆောင်းပါးများစွာကို 'ပေါင်းချုပ်'စာအုပ်များအဖြစ် ထုတ်ဝေမှုများ ရှိခဲ့သည်။ ပါရဂူ၊ ဒေါက်တာလှဘော၊ ဒေါက်တာကျော်စိန်၊ သောင်းထိုက်၊ မြသန်းတင့်၊ မောင်သာမညာ၊ မောင်ကြည်သစ်၊ ဒေါက်တာမတင်ဝင်း စသည်ဖြင့်–

ဒေါက်တာကျော်စိန်က မြဝတီတိုက်မှထုတ်ဝေသော သူ၏ 'စိတ်ပညာ ဆောင်းပါးပေါင်းချုပ်'နိဒါန်းတွင် 'အတွေးအမြင်'ကျေးဇူးကြောင့် ဤစာအုပ်ဖြစ်မြောက်ခဲ့ကြောင်း ထုတ်ဖော်ထားသည်။ ကျွန်တော့်ထံ စာအုပ်လက်ဆောင်ပေးပို့ရာတွင် ('အတွေးအမြင်ရွှေခေတ်ကို သတိတရဖြင့်') ဟု ရေးပြီး လက်မှတ်ထိုးထားသည်။

ဆရာဦးကျော်စိန်က 'အတွေးအမြင်ရွှေခေတ်'ဟု သုံးနှုန်းလိုက်ခြင်းအတွက် ကျွန်တော့်မှာ စဉ်းစားစရာတချို့ ပေါ်လာရပါသည်။ 'ရွှေခေတ်ကို သတိတရဖြင့်'ဟု ရေးလိုက်ခြင်းသည် ဆရာဦးကျော်စိန်အပါအဝင် ကလောင်ရှင်ကြီးများ စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း ပါဝင်ရေးသားခဲ့ကြသည့် ၁၉၈၄–၁၉၈၈ကာလကို လွမ်းလွမ်းဆွတ်ဆွတ် တသလိုက်ခြင်းဖြစ်နိုင်ပေသည်။

ကျွန်တော်တို့သည် ဆယ်စုနှစ်တစ်ခုနီးပါး ဖြတ်သန်းခဲ့ကြပြီ။ လောကဓံအချို့ ကို ရင်ဆိုင်ခဲ့ကြရသည်။ တွေ့ကြုံဆုံပြောကြရာမှ တွေ့ကြုံဆုံကွဲ ဖြစ်ကြရသည်။ အတွေးအမြင်တွင် စောင့်ဖတ်ကြရသည့်ကလောင်အချို့ကို ယခု မမြင်ကြရ။ နီးသူအချို့နှင့် ဝေးခဲ့ကြပြီ။ ရင်းသူအချို့နှင့် စိမ်းခဲ့ကြပြီ။

အတွေးချင်း အမြင်ချင်း တူတာတွေ ရှိကြမည်။ မတူတာတွေ ရှိကြမည်။ ကိုယ့်အတွေးကိုယ့်အမြင်ကို ဖြောင့်မှန်စွာ တင်ပြခွင့် ရှိရပေမည်။ မတူတာတွေကို ညှိနှိုင်းပြီး အဖြေရှာနိုင်ဖို့ ကြိုးစားကြရပေမည်။ ကမ္ဘာကြီးသည် ဗဟုဝါဒခေတ်သို့ ရောက်နေပေပြီ။ အတွေးအမြင်အသီးသီးကို အပြန်အလှန်လေးစားသမှုဖြင့် ညှိနှိုင်းအဖြေထုတ်သော တိုင်းနိုင်ငံများသည် ငြိမ်းချမ်းသာယာတိုးတက်စည်ပင်နေကြပေပြီ။ ယင်းအခြေအနေကို အတွေးအမြင် ရွှေခေတ်ဟု ဆိုနိုင်ပေလိမ့်မည်။

အတွေးအမြင် စာစဉ် ၁၀၀၊ မေ ၁၉၉၄။

www.burmeseclassic.com

## ဘယ်သူ့သားလဲ

အတွေးအမြင် အမှတ်(၁၉)တွင် ဖော်ပြခဲ့သော ‘သားရုက်မခံတော့ပါပြီ’ ဆောင်းပါးကို ဖတ်မိသည့် ကျောင်းဆရာတစ်ဦးက ဖြည့်စွက်ဆွေးနွေးလာပါသည်။

“ခင်ဗျားရေးတဲ့ ဆောင်းပါးမှာ ကဗျာဆရာရဲ့ ‘တို့အဖေကား၊ ရွှေငွေဥစ္စာ အာဏာမင်းစက်၊ ရာထူးမက်ဟု၊ သားရုက်မခံတော့ပါပြီ’ဆိုတာရယ်၊ ‘တို့အဖေကား နေရာတစ်ခု၊ ရလိုမှုအတွက် အလုအယက် ခြေကိုဖက်ဟု၊ သားရုက်မခံတော့ပါပြီ’ဆို တာရယ် ကဗျာနှစ်ပိုဒ်ကို အသားပေးရေးထားတာ တွေ့ရတယ်။ အဲဒီ ဆောင်းပါးဖတ် မိတော့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က အဖြစ်အပျက်ကလေးတစ်ခုကို သွားသတိရမိ တယ်ဗျာ”

“အထက်တန်း ကျောင်းတစ်ကျောင်းမှာ ကျွန်တော် ကျောင်းဆရာလုပ်နေတဲ့ နှစ်တစ်နှစ်မှာ ဇူလိုင်လ ၁၉ရက် အာဇာနည်နေ့အတွက် ဟောပြောပွဲလုပ်ဖို့ စီစဉ်ရ တယ်။ ဟောပြောပွဲနေ့မှာ ကျောင်းသားကျောင်းသူတွေ မပျက်မကွက် တက်ရောက်ဖို့ ကျွန်တော်တို့က ဆော်ဩရတာပေါ့။ အဲဒီနှစ်မှာ ကျွန်တော်က ကျောင်းဆရာအသစ်ဆို တော့ ကိုယ့်အတန်းက ကျောင်းသားတွေ မပျက်မကွက် တက်ဖို့ ဖိဖိစီးစီး ပြောရတယ်။

“အတန်းချိန်ပြီးတော့ ကျောင်းသားတစ်ယောက် ကျွန်တော့်ဆီ လာတွေ့ တယ်ဗျ။ ဆရာရယ်၊ အာဇာနည်နေ့ ဟောပြောပွဲကို ကျွန်တော်မတက်ပါရစေနဲ့။ ခွင့် ပေးပါတဲ့။ ကျွန်တော်အံ့အားသင့်ပြီး ဘာဖြစ်လို့လဲလို့ အကျိုးအကြောင်းမေးတော့ သူက ကျွန်တော်ဟာ (  –  )ရဲ့ သားပါဆရာ။ အာဇာနည်နေ့ ဟောပြောပွဲကို တစ်ကြိမ်ပဲ ကျွန်တော်တက်နားထောင်ဖူးပါတယ်။ ကျွန်တော်နောက်ထပ် နားမထောင် ရဲတော့ပါဘူးဆရာ။ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံရာမှာ ပါဝင်ခဲ့တဲ့ ကျွန်တော့်အဖေရဲ့ ပြစ်မှုကြီးအတွက် ထိုက်ထိုက်တန်တန် ပြစ်ဒဏ်ခံရပြီး ဖြစ်ပေမယ့် ဒီအကြောင်းတွေကို ထပ်ကြားရတိုင်း ကျွန်တော်မျက်ရည်ကျနေရပါတယ်ဆရာရယ်။ ကျွန်တော်မတက်ပါရစေနဲ့။ နားမထောင်ပါရစေနဲ့။

“ကြည့်စမ်း၊ ဒီကလေးဟာ သူ့အဖေထောင်က လွတ်လာပြီး နှစ်အတော်ကြီး ကြာပြီးမှ မွေးတဲ့သားဗျာ။ ဒါပေမယ့် သူ့အဖေရဲ့ အတိတ်တစ္ဆေက သူ့ကို ခြောက်လှန့် နေတုန်းပဲ။ သာမန်အချိန်မှာ မေ့မေ့ပျောက်ပျောက်နေခဲ့ပေမယ့် အာဇာနည်နေ့နီးလာတိုင်း ပတ်ဝန်းကျင်က သူ့ကို ရိုးရိုးကြည့်ရင်တောင် ငါ့ကို ဘယ်သူ့ရဲ့သားပဲဆိုပြီး ကြည့်ကြ တာများလားလို့ တွေးပြီး စိတ်ထဲ ချောက်ချားနေရရှာတယ်။

www.burmeseclassic.com


“ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို တိုင်းပြည်က မမေ့နိုင်သလို အာဇာနည်ကြီးတွေကို လုပ်ကြံမှုမှာ ပါဝင်ခဲ့သူတွေရဲ့ အမည်တွေကို လည်း ဒီအချိန်ဒီအခါ ရောက်တိုင်း မမေ့နိုင်ကြဘူးဗျ။ ဒါဟာ ဖခင်တစ်ယောက်ရဲ့ ဘဝတစ်ကွေ့က အမည်းစက်ကြီးတစ်စက်အတွက် သားသမီးတွေမှာ တစ်သက်တာ ရှက်ကြောက်စရာဖြစ်ရတဲ့ သင်ခန်းစာတစ်ခုပဲ မဟုတ်လားဗျ။

“ဒါကြောင့် ဆရာ့ရဲ့ကဗျာမှာ ကျွန်တော်က စာတစ်ပိုဒ်လောက် ထပ်ဖြည့် လိုက်ချင်တယ်။ ‘တို့အဖေကား တိုင်းပြည်မျက်နှာ၊ မညှာမထောက်၊ သစ္စာဖောက်ဖျက်၊ သူလုပ်ရက်ဟု၊ သားရှက်မခံတော့ပါပြီ’လို့။ ကျွန်တော်အခုလို ဖြည့်စွက်တဲ့အကြောင်း ကိုလည်း ခင်ဗျားက ဆောင်းပါးတစ်ပုဒ် ထပ်ရေးပေးဦးဗျာ’

မိတ်ဆွေ ကျောင်းဆရာ၏ ဆွေးနွေးချက်ကို ကျွန်တော်အလေးအနက် ခံယူ ပါသည်။ ကျွန်တော်ခံယူသည့်နည်းတူ ဖခင်များစွာတို့ထံသို့လည်း ဖြန့်ဝေပေးလိုပါ သည်။ ကျွန်တော်တို့သည် ဖခင်များဖြစ်လာပြီဆိုကတည်းက မျိုးရိုးနွယ်ဆက်၏ တာဝန်ကို ထမ်းရွက်ကြရပါပြီ။ ကျွန်တော်တို့၏ သားသမီးများ၏ ကျောင်းဝင်မှတ်ပုံ တင်၊ ဘွဲ့လက်မှတ်၊ အမှုထမ်းစာအုပ်၊ မင်္ဂလာဖိတ်စာ၊ လူမှုရေးရာအဖြာဖြာတို့ ပြုပြု သမျှတွင် ဖခင်များ၏ နာမည်ကို မလွဲမသွေ စာရင်းသွင်းကြရတော့မည်။ ယုတ်စွအဆုံး ရာဇဝတ်မှု ကျူးလွန်မိလျှင်တောင်မှ ဖခင်အမည်သည် တရားခံ၏ အမည်နှင့် ယှဉ်တွဲ လျက် ပါရှိတော့မည်။

မည်သည့်ခေတ်အခါမဆို ‘သူက ဘယ်သူ့သားပဲ’ဟု ဆိုလိုက်ချိန်၌ ကြားသိ ရသူများက အပြင်က ဟန်ဆောင်ပြုံး၊ အတွင်းက ရွံ့ကြောက်စိတ် ဖုံးကာ နှလုံးမကြည် မသာ လိုက်လျောဆက်ဆံကြရပြီး ကာလတစ်ခုတွင် ‘ဘယ်သူ့သားပဲ’ဟု ဆိုလိုက် သည်နှင့် ချက်ချင်း နှာခေါင်းရှုံ့ကာ ဝေးရာသို့ ဖယ်ခွာသွားခြင်းခံရသည့်အဖြစ်မျိုးကို သားသမီးများ မကြုံရအောင် ဖခင်များတွင် တာဝန်ရှိပါသည်။

ကာလတစ်တန့်တွင် အကြင်ဖခင်တစ်ဦးသည် ရာထူးဂုဏ်သိန်၊ စည်းစိမ် ချမ်းသာ၊ အာဏာရှိန်စော်၊ ဦးခေါင်းတမော်မော်ဘဝကို ရယူနိုင်ခဲ့သော်ငြားလည်း ထို ဘဝကို သားသမီးများထံ ထာဝရ အမွေပေးခဲ့၍ မရနိုင်ပါချေ။ (‘အတွေးအမြင်’စာစဉ် ၂၃၊ ‘မိမွေဖမွေ ရှု)

ဤသဘောကို နှလုံးသွင်းတတ်ပြီဆိုလျှင် ကျွန်တော်တို့သည် သားသမီး များကို ‘ဘယ်သူ့သားပဲ’ဟု အချိန်အခါမရွေး ရဲရဲပြောဝံ့အောင် ကျင့်ကြံနေထိုင်သွားဖို့ သာ ရှိတော့သည်မဟုတ်ပါလား။

အတွေးအမြင် စာစဉ် ၂၆၊ ဇူလိုင် ၁၉၈၇။

www.burmeseclassic.com

## ငါးဆယ်လည်ပြန် ခြသေ့်လည်ပြန်

(၁)

စာရေးခြင်းဖြင့် အသက်မွေးလျက်ရှိသော ကျွန်တော်သည် ဤရက်ပိုင်း အတွင်း စာသိပ်မရေးဖြစ်၊ စာတွေအဖတ်များနေခဲ့သည်။ အထူးသဖြင့် အတ္ထုပ္ပတ္တိစာပေများ။

ကျွန်တော့်စာအုပ်စင်တွင် ဆရာကြီးရွှေဥဒေါင်း၏ 'တစ်သက်တာမှတ်တမ်း' မဟာဆွေ၏ 'မဟာဆွေ'၊ ပီမိုးနင်း၏ 'ပီမိုးနင်း'၊ ဒဂုန်တာရာ၏ 'ဒဂုန်တာရာ'၊ ဒဂုန်တာရာ၏ 'ရုပ်ပုံလွှာ'၊ ဦးသိန်းဖေမြင့်၏ 'ကျော်ငြိမ်း'၊ 'တစ်ခုသော ငွေရတုသဘင်'၊ ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ'၊ ဦးသုဝေ ပြုစုထားသော 'ဖဆပလဦးကျော်ငြိမ်း' လက်ရေးစာမူကြီးတို့ အစီအရီ ရှိနေကြသည်။

ကျွန်တော်ရေးသားခဲ့သော 'ကစ်ဆင်းဂျား'၊ 'မိုရှေဒါယန်'၊ 'အာယန်ဒေး'၊ 'ဆဒတ်'၊ 'နစ်ဆင်'၊ 'မာရှယ်တီးတိုး'၊ 'ခရူးရှက်'၊ 'မောင့်ဘက်တန်' 'စတီးဝဲလ်' စာအုပ်များနှင့် ရေးသားပြီးစီးခဲ့ပြီး ပုံမနှိပ်ဖြစ်ခဲ့သော 'တိန့်ရှောင်ဖိန်'၏ အတ္ထုပ္ပတ္တိစာမူကြီးတို့က စာအုပ်စင် အောက်ခြေလက်တစ်ကမ်းမီအဆင့်၌ ရှိနေသည်။

ကျွန်တော်သည် စာရေးဆရာကြီးများ ရေးသားပြုစုခဲ့သော အတ္ထုပ္ပတ္တိစာအုပ်များနှင့် ကျွန်တော်ရေးသားခဲ့သော နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်များကို ဟိုတစ်စ သည်တစ်စ မြည်းစမ်းဖတ်ရှုရင်း မိမိ၏ အတ္ထုပ္ပတ္တိကို ပြန်ကြည့်နေခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် လာမည့် ၁၇-၄-၉၅ နေ့တွင် ကျွန်တော့်အသက် ၅၀ပြည့်ပြီဖြစ်သောကြောင့်တည်း။

၅၀ဟူသည် ရွှေရတုကာလဖြစ်သည်။ မှတ်မှတ်ရရ အထိမ်းအမှတ်ပြုအပ်သော နှစ်အပိုင်းအခြားဖြစ်သည်။

ယခု ၁၉၉၅-ခုနှစ်သည် နှစ် ၅၀ပြည့် အထိမ်းအမှတ်များစွာနှင့် ကြုံကြိုက်နေသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခြင်း နှစ် ၅၀ပြည့်ချိန်၊ ကုလသမဂ္ဂအဖွဲ့ကြီး နှစ် ၅၀ပြည့်ချိန်၊ မြန်မာ့ဖက်ဆစ်တော်လှန်ရေးကြီး နှစ် ၅၀ပြည့်ချိန်။ ဤအခါသမယတွင် ကျွန်တော့်အသက် ၅၀ပြည့်လေသည်။

ကျွန်တော်စိတ်လှုပ်ရှားနေသည်ကား အမှန်ဖြစ်သည်။ သို့ရာတွင် လူပျို ပေါက်တို့၏ ရင်ဖိုခြင်းကဲ့သို့ကား မဟုတ်။ လက်ဖွဲ့သမားတစ်ယောက် ကြိုးဝိုင်းထဲ တွင် သွေးပူလေ့ကျင့်ခန်းလုပ်နေချိန် ရင်ဖိုခြင်းမျိုးပါတည်း။

ကျွန်တော်သည် နောက်သို့ ပြန်လှည့်ကြည့်သည်။ ကုန်လွန်ခဲ့သော နှစ် ၅၀ ဖြတ်သန်းမှုကို လည်ပြန်ကြည့်သည်။ အင်္ဂါသား ကျွန်တော်သည် အသက်ငါး ဆယ်အရွယ်တွင် ခြသေ့်လည်ပြန် ကြည့်ခြင်းမျိုးဖြင့် အတိတ်ကို ပြန်ကြည့်ပါသည်။

(ကျွန်တော် ကြည်ညိုလေးစားသော ဆရာတစ်ဦး၏ 'ခြသေ့်လည်ပြန်'စကား လုံးကို ငှားရမ်းသုံးစွဲခြင်းဖြစ်ပါသည်။)

ကျွန်တော့်စာရေးစားပွဲပေါ်တွင် အမှတ်အသားအချို့ကို အစီအရီထား ကြည့်လိုက်သည်။ စာမေးပွဲအောင်လက်မှတ်များ၊ သတင်းထောက်၊ အယ်ဒီတာ ဝန်ထမ်းကတ်များ၊ သင်တန်းဆင်းလက်မှတ်များ၊ ပြည်တွင်းပြည်ပ ခရီးသွားဆောင်းပါး များ၊ ရေးခဲ့သော စာအုပ်များ၊ တည်းဖြတ်ခဲ့သော စာစောင်များ၊ ဖိတ်စာဟောင်းများ၊ တရားဟောစင်ပေါ်မှ ဓာတ်ပုံများ၊ အငြိမ်းစားလက်မှတ်၊ သတင်းစာဖြတ်ပိုင်းများ၊ ခေါင်းစဉ်မည်းကြီးများ

ဘဝ၏ ပုံရိပ်များကို ဝိုးတဝါးမဟုတ်ဘဲ ကြည်ကြည်လင်လင် မြင်ရသည်။

(၂)

ဓာတ်ပုံအယ်လ်ဘမ်၏ ရှေ့ပိုင်းမျက်နှာများတွင် ဝေါမြို့နယ်၊ မြစ်ကျိုးရွာသား၊ မူလတန်းကျောင်းသားကလေးသည် ဘောင်းဘီတိုကလေးနှင့် ပြုံးပြုံးကလေး ရပ်နေ သည်။ ပိန်ခြုံးခြောက်ကပ်နေသော ယခုပုံနှင့် တခြားစီ။

ကျွန်တော်သည် မူလတန်းကျောင်းသားကလေး၏ ဘဝကို လွမ်းဆွတ် အားကျစွာ ငေးကြည့်နေမိသည်။ အတွေးပုံရိပ်ထဲတွင် ထိုကျောင်းသားကလေး၏ ဆရာဖြစ်သူ ဦးချစ်လှိုင်ခေါ် ဗိုလ်သိန်းတန်ကို ဝိုးတဝါး မြင်ရသည်။ စာဖတ်ဝါသနာ ကြီးအောင် လေ့ကျင့်ပျိုးထောင်ပေးသော ငယ်ဆရာ။ သူသည် လွန်ခဲ့သော နှစ် ၄၀ ခန့်ကပင် တောခိုကွန်မြူနစ်ဘဝဖြင့် ကျဆုံးခဲ့ပါသည်။ မနေ့တစ်နေ့က ကွယ်လွန်သွား သော ဗိုလ်သိန်းတန်မဟုတ်ပါ။ ကျွန်တော့်ဆရာ ဗိုလ်သိန်းတန်မှာ အလွန်ဆုံးရှိမှ မြို့ နယ်အဆင့်ခေါင်းဆောင်မျှသာ ဖြစ်နိုင်ပါသည်။

ထို့နောက် ကျွန်တော်၏ မြို့ကျောင်းသားဘဝမှတ်တမ်းများကို ပြန်ကြည့် မိသည်။ ပဲခူးမြို့ အမျိုးသားကျောင်းသားဘဝ၊ အတန်းတိုင်း၌ ကျွန်တော်ရရှိခဲ့သော ပညာထူးချွန်ဆု လက်မှတ်များကို သားသမီးများ အားကျအောင် ပေးထားရာမှ ယူကြည့်သည်။ ကျောင်းအုပ်ဆရာကြီး 'ပုံ–မောင်သန်း'ဟူသော လက်မှတ်များကို

မြင်တော့ ဆရာကြီး ဦးသန်းကို တမ်းတမိသည်။ မကြာသေးမီလပိုင်းကပင် အသက် ၈၄နှစ်အရွယ်၌ ကွယ်လွန်သွားရှာသော ဆရာကြီးဦးသန်းသည် ထူးချွန်သော ပညာရေး သမားကြီးတစ်ဦးမျှသာမက ဖဆပလ ပြည်သူ့လွှတ်တော်အမတ်၊ ပါလီမန် အတွင်းဝန် စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သော နိုင်ငံရေးအကျိုးဆောင် ပုဂ္ဂိုလ်ကြီးတစ်ဦး လည်းဖြစ်ခဲ့ပါသည်။ 'ဆရာကိုယ်တိုင် နိုင်ငံရေးကို ဖြူဖြူစင်စင် လုပ်ခဲ့တယ်။ ဆရာ့ တပည့်တွေထဲကလည်း နိုင်ငံရေးကို ဖြူဖြူစင်စင် လုပ်တဲ့သူတွေ ပေါ်ထွက်စေချင်တယ်။ နိုင်ငံရေးကို အဆင့်အတန်းမြင့်မြင့် လုပ်သူတွေ ပေါများလာမှ တိုင်းပြည်တိုးတက်မှာ ကွ'ဟု ဆရာသန်းက ပြောလေ့ရှိပါသည်။ ဆရာသန်းသည် ကွယ်လွန်ခါနီး ရက်ပိုင်း လပိုင်းထိ ကျွန်တော်နှင့် အဆက်အသွယ်မပြတ်ပါ။ အနည်းဆုံးသတင်းစကားလူကြုံ ပါး၍ ကျွန်တော့်ကို စိတ်ဓာတ်ရေးရာအရ အားပေးနေခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝ ကျွန်တော်၏ မှတ်တမ်းဓာတ်ပုံများ ကတော့ စုံလွန်းလှသည်။ ဖိလစ်ပိုင်မျိုးချစ်တော်လှန်ရေးခေါင်းဆောင်ကြီး၊ စာရေးဆရာ ကြီး ဒေါက်တာဟိုဆေးရီဇာလ်(ယခင်ကတော့ ဂျိုဆေရီဇော်လို့ပဲ ဖတ်ကြပါသည်) ၏ အတ္ထုပ္ပတ္တိကိုဖတ်၊ အရူးအမူး အားကျပြီး ဟိုဆေးရီဇာလ်စာအုပ်ထဲက ဓာတ်ပုံ အတိုင်း နှုတ်ခမ်းမွေးစစထားခဲ့သော ကျွန်တော်၏ ဆယ်ကျော်သက်အရွယ် ရုပ်ပုံမှာပြုံး ချင်စရာ။ သို့ပေမယ့် နှုတ်ခမ်းမွေး စစနှင့် ဟိုဆေးရီဇာလ်အတုကလေး၏ မျက်လုံးအစုံ မှာ ယခု ငါးဆယ်သားကြီး၏ မျက်လုံးထက်တော့ ပို၍တောက်ပသည်ဟုထင်ပါသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားကလေး၏ ရုပ်ပုံများစွာကို လှန်လှောကြည့် ရင်း အမိတက္ကသိုလ်ကြီး၏ အရိပ်အာဝါသကို ကျွန်တော် တတမ်းတတ လွမ်းမောမိ ပါသည်။ ကျွန်တော်သည် ဤကဲ့သို့သော ဘူမိနက်သန်နေရာမှန်တွင် ဗီဇမှန်မှန် မျိုးစေ့ မှန်မှန်ဖြင့် ပေါက်ဖွားကြီးပြင်းခဲ့သူပေတကား။ ရန်ကုန်တက္ကသိုလ်ကြီး၏ ရင်ခွင်ထဲမှာ ကျွန်တော်လူလားမြောက်ခဲ့သည်ဟု ဆိုလျှင် ချဲ့ကားရာ ရောက်မည်မဟုတ်ပါ။

လူတစ်ယောက်၏ဘဝကို လေ့လာရာ၌ ဗီဇနှင့် ပတ်ဝန်းကျင်ကို ထည့်တွက် ရစမြဲဖြစ်ပါသည်။ ပတ်ဝန်းကျင်ကောင်း၊ ဆရာကောင်း၊ မိတ်ဆွေကောင်းများနှင့် ကြုံ ဆုံခဲ့သလား၊ ဘယ်လိုကြီးပြင်းလာသလဲ ဆိုခြင်းမှာ လူတစ်ယောက်ကို အကဲဖြတ်ရာ ၌ အရေးပါလှပါသည်။

ကျွန်တော်တို့အား လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် လေ့ကျင့်ပျိုးထောင် ပေးလိုက်သော ရန်ကုန်တက္ကသိုလ်ကြီးသည် ယခုနှစ်တွင် ၇၅နှစ် စိန်ရတုသက်တမ်း သို့ ရောက်ရှိပါပြီ။ ကျွန်တော့်အသက် ရွှေရတုနှင့် အမိတက္ကသိုလ်ကြီးအသက် စိန်ရတု တိုက်ဆိုင်နေခြင်းကို ဆက်စပ်၍ ကျွန်တော်ဂုဏ်ယူမဆုံးဖြစ်မိပါသည်။

(၃)

ကျွန်တော်သည် တက္ကသိုလ်ပရိဝုဏ်ကို စွန့်ခွာခဲ့ရပြီးနောက် သတင်းစာလောကသို့ ရောက်သွားသည်။ နှစ်ပေါင်း ၂၀ကျော်မျှ အစိုးရအမှုထမ်းဖြစ်ခဲ့ပါသည်။ ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်း၊ ဆရာကောင်းတို့နှင့်လည်း ကြုံခဲ့ရပါသည်။ ကလောင်တစ်ချောင်းပိုင်သူဖြစ်အောင် မိမိကိုယ်ကို ပြုစုပျိုးထောင်ပေးခဲ့ရပါသည်။ မူလလက်ရင်းဖြစ်သော သတင်းစာပညာပိုင်းတွင် ဘာခိုင်းခိုင်း လုပ်တတ်အောင် 'ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုး' ကြိုးစားအားထုတ်ခဲ့ပါသည်။ ဆရာတက်တိုး၊ ဆရာကိုဆောင်း၊ ဆရာမိုးညိုတို့၏ မြေတောင်မြှောက်ပေးမှုဖြင့် ကျွန်တော်၏ ကလောင် အညွန့်တက်ရှင်သန်လာခဲ့ခြင်းဖြစ်ပါသည်။

ပထမပတ် သတင်းစာ သင်တန်း၊ သင်တန်းဆရာကြီးများဖြစ်ကြသော ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာကြီးတက္ကသိုလ်မောင်မောင်ကြီး၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၊ ဆရာဦးသိန်းဖေမြင့်၊ ဆရာဇဝန၊ ကျောင်းအုပ်ကြီး ဆရာဦးသောင်းထိုက်တို့ကား ကျွန်တော်၏ သင်ဆရာများဖြစ်ကြပါသည်။ ဆရာမောင်စူးစမ်းကား ကျွန်တော်၏ မြင်ဆရာတစ်ဦးဖြစ်ပါသည်။ ပတ်ဝန်းကျင်ကောင်း၊ ဆရာကောင်းတို့နှင့် ကြုံဆုံခဲ့ရခြင်းသည် ကျွန်တော်၏ ကုသိုလ်ကံဟုပင် ဆိုချင်ပါသည်။

ကျွန်တော်၏ ကလောင်သည် ပြင်ပစာနယ်ဇင်းလောကသို့ ပြူထွက်လာသည်။ နိုင်ငံရေးအတွေ့အကြုံစာပေများ၊ ဘာသာပြန်စာအုပ်များ၊ ဂျာနယ်မဂ္ဂဇင်းအချို့၏ ပင်တိုင်ဆောင်းပါးရှင်။ ကလောင်သွက်သလောက် လူကလည်း တက်ကြွနေသည်။ မြောက်ကြွနေသည်။ ပညာမှန်ယို၊ မဆိုစလောက် မာန်စောင်မြောက်ချိန်။

ထို့နောက် မစ်ရှီဂန်တက္ကသိုလ်သတင်းစာသင်တန်း၊ ဆီးနှင်းများ တဖွဲဖွဲအောက်မှာ ဖော်မပါတစ်ကိုယ်တည်း ခရီးနှင်ခဲ့ရချိန်များ။ ဆိုရှယ်လစ် သတင်းစာပညာဘက်မှ ခုခံခဲ့သော စကားလုံးများ၊ အမေရိကန်မိတ်ဆွေတို့ရဲ့ ရယ်မောသံများ။ ရန်ကုန်တက္ကသိုလ်မှာ သတင်းစာပညာဒီဂရီဘွဲ့ပေး သင်တန်းဖွင့်ရန် မစ်ရှီဂန်မှာ ရေးသားတင်ပြခဲ့သော စီမံချက်စာတမ်း။ နောင် ဆယ်နှစ်ကြသောအခါ ကျွန်တော်တို့ ဘာဖြစ်နေမလဲဟူသော မှန်းဆချက်စာတမ်း။

နောင် ဆယ်နှစ် ကြာပြီးချိန်တွင် သင်တန်းတက်ဖက် အမေရိကန်သတင်းစာဆရာ မိတ်ဆွေများက စာလှမ်းရေးကြသည်။ ပို့စကတ်များ ပို့ကြသည်။ သူတို့ဘယ်အဆင့် ဘယ်နေရာရောက်နေကြပြီဆိုသည်ကို ကြားရ၊ သိရသည်။ အဲဒီအချိန်မှာ ကျွန်တော်က ဗဟိုနိုင်ငံရေးတက္ကသိုလ်သင်တန်းတက်နေဆဲ။ ဆိုရှယ်လစ် ဒီမိုကရေစီသီဝရီများကို အလွတ်ကျက်နေဆဲ။

www.burmeseclassic.com

'အတွေးအမြင်'ကတော့ အရှိန်ရနေလေပြီ။ ၁၉၈၄ခုနှစ်ကစ၍ ကျွန်တော်တို့ ပျိုးထောင်ခဲ့သော 'အတွေးအမြင်'စာစောင်သည် အလွန်နည်းပါးသော သီးသန့်စာဖတ် ပရိသတ်၏ အခိုင်အမာ အားပေးမှုဖြင့် တည်တံ့နေပါပြီ။ သည်ကြားထဲ 'လူချွန်လူမွန်'၊ 'သတင်းထူး'၊ 'ဘက်စုံ'စသော မဂ္ဂဇင်းဂျာနယ်များ ကျွန်တော်လုပ်သေးသည်။ နောက်ဆုံးတော့ စိတ်သွားတိုင်းကိုယ်မပါနိုင်တော့သဖြင့် လက်လျှော့လိုက်ရသည်။

သတင်းစာနယ်၊ စာပေနယ်မှာ ကျွန်တော်လက်အသွက်ဆုံး၊ အတက်ကြွဆုံး အချိန်များကို လွမ်းဆွတ်တသမိပါသည်။

(၄)

ကျွန်တော်၏ ကုသိုလ်ကံအလျောက် ပတ်ဝန်းကျင်ကောင်း၊ ဆရာကောင်း၊ မိတ်ဆွေကောင်းများကို ကြုံခဲ့ရပါသည်။ ဆရာဒဂုန်တာရာ၊ ဆရာဗန်းမော်တင်အောင်၊ ဆရာပါရဂူ၊ ဆရာမြသန်းတင့်၊ ဆရာလင်းယုန်မောင်မောင်တို့သည် ကျွန်တော်၏စံ ပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြပါသည်။

ဆရာဗန်းမော်တင်အောင်မှာ ကျွန်တော်ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ တွင် သူ့အား ပင့်ဖိတ်၍ ဟောပြောပွဲ ကျင်းပခဲ့ဖူးသဖြင့် ကျွန်တော့်ဘက်မှ တရင်းတနှီး ဖြစ်နေခဲ့ပါသည်။ ကျွန်တော့်ကို မှတ်မိတော့မည်မထင်ချိန်၊ နောင် ဆယ်နှစ်ကျော်အကြာ တွင် ပင်းယစာအုပ်တိုက်၌ ပြန်ဆုံသောအခါ ကောင်းစွာ မှတ်မိနေကြောင်း တွေ့ရက တည်းက ဆရာဗန်းမော်တင်အောင်သည် ကျွန်တော်၏ 'စံပြလူ'ဖြစ်ခဲ့ပါသည်။ လူတွေ ကို ချစ်ခင်လေးစားစွာ၊ လှိုက်လှဲပျူငှာစွာ၊ မိမိကိုယ်မိမိ နှိမ့်ချစွာ ဆက်ဆံတတ်သော ဆရာဗန်းမော်တင်အောင်အား ကျွန်တော်မမီမကန်းနှင့် နှစ်ပေါင်းများစွာ အတုခိုးခဲ့ပါ သည်။ ယခုထိတော့ မနီးစပ်သေးပါ။ မိမိ၏ ယုံကြည်ချက်ကို မဆုတ်မနစ် စွဲမြဲခဲ့သော ဆရာဗန်းမော်တင်အောင်ကိုလည်း ကျွန်တော်မမီမကန်းနှင့် အတုခိုးခဲ့ပါသည်။ နီးစပ် သည် မနီးစပ်သည် ကျွန်တော်မဆုံးဖြတ်တတ်ပါ။

ဆူးလေ ဘတ်စ်ကားဂိတ်တွင် ညနေပေါင်းများစွာ ကျွန်တော်နှင့် ဆုံမိတတ် ရာ သူ့အောက် မျိုးဆက်တစ်ဆက်ခန့် ကွာသော ကျွန်တော်တို့အပေါ် မျှော်လင့်ချက် ကြီးစွာ ထားရှိသည့် ဆရာဗန်းမော်တင်အောင်၏ အလေးအနက်စကားများကို ကျွန်တော်မမေ့ပါ။

ဆရာဒဂုန်တာရာကတော့ လွန်ခဲ့သော ၂၃နှစ်ကျော်က ၃၄လမ်း၊ ရွှေပြည်စိုး ပုံနှိပ်တိုက်တွင် ဆရာပါရဂူ၊ ဆရာလင်းယုန်မောင်မောင်တို့နှင့်အတူ ကျွန်တော်တို့ ညနေ ပေါင်းများစွာ ဆုံစည်းခဲ့ကြစဉ်က စ၍ အပြောင်းအလဲမရှိ။ အဖုအထစ်မရှိ၊ ကျွန်တော် နှင့် ပုဂ္ဂိုလ်ရေးအရရော၊ အယူအဆရေးပါ တွယ်ငြိခဲ့ကြပါသည်။ ၁၉၇၉ ခုနှစ်တွင်

www.burmeseclassic.com


ကျွန်တော်၏ ခရူးရှက် အတ္တုပ္ပတ္တိစာအုပ်ကို ဗညားသီဟကလောင်ဖြင့် မိုးဝေမဂ္ဂဇင်းမှ ဝေဖန်တုန်းကတော့ ကျွန်တော်အတော်ကလေး စပ်ဖျဉ်းဖျဉ်း ဖြစ်ခဲ့ဖူးပါသည်။ ဧပြီလ ၁၇ရက်၊ ကျွန်တော်နှင့် ခရူးရှက် မွေးလ၊ မွေးရက်ချင်း တူပုံကို ကျွန်တော်၏နိဒါန်း၌ ထည့်ရေးခဲ့မိ၍၊ မာ့က်စ်ဝါဒနှင့် ပတ်သက်ပြီး ထင်မြင်ချက်ပြောင်းလဲလာပုံကို ထည့်ရေး ခဲ့မိ၍ ဗညားသီဟက သိမ်သိမ်မွေ့မွေ့ကလေး ထေ့လိုက်သည်ကို ကျွန်တော်မှတ်မိနေ ပါသည်။

နောင်တွင် ထိုသို့သော သူငယ်နာမစင်သည့် အရေးအသားမျိုးတွေကို ကျွန်တော်ကြိုးစားရှောင်လာခဲ့သည်မှာ ဆရာဒဂုန်တာရာ၏ ကျေးဇူးကြောင့်ပဲ ဖြစ်ပါ သည်။ ဆရာဗန်းမော်တင်အောင်ကဲ့သို့ ဆရာကလည်း ကျွန်တော်တို့ခေတ်ကို မျှော် လင့်ချက်ကြီးစွာထားကြောင်း မကြာခဏ ပြောနေဆဲပင်။

ဆရာမြသန်းတင့်ကတော့ စာရေးရာမှာ ဘယ်သူ့အတွက် ရေးတာလဲဆို သည့် ပစ်မှတ်ကို မျက်ခြည်မပြတ်ဖို့ ပြောဖူးသည့် စကားနှင့်ပင် ကျွန်တော့်မှာ ဆင်ခြင် စရာများစွာ ရရှိခဲ့ပါသည်။ (လင်းယုန်မောင်မောင် 'စာပေရုပ်ပုံလွှာ'တွင် ဤအကြောင်း အကျယ်တဝင့် ရေးခဲ့ပြီးပါပြီ။) ယခုထိ ဆရာမြသည် ကျွန်တော့်အား လက်တွေ့နမူ နာများ ပြ၍ သင်ကြားပေးနေဆဲ ရှိသည်ဟု ကျွန်တော်ခံယူပါသည်။

ဆရာပါရဂူကိုမူ ကျွန်တော်၏ 'အတွေးအမြင်'စာစောင်ဖြစ်မြောက်ရေး အဓိက အားပေးခဲ့သူအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ ကျွန်တော်၏ အသက် ထက်ဝက်ခန့် နှစ်ကာလများစွာ ကြာမြင့်အောင် ကျွန်တော်တို့၏ ဆက်ဆံရေးအတွင်း သဘောကွဲလွဲမှု လုံးဝမရှိဘဲ နေနိုင်ခဲ့ကြသည်ကို ကျွန်တော်ဝမ်းသာကြည်နူးမိပါသည်။ 'အများအကျိုး ဆောင်ရွက်သူကို ကျွန်တော်လေးစားတယ်'ဟု အမြဲတမ်း ကြွေးကြော် လေ့ရှိသော ဆရာပါရဂူက ကျွန်တော့်အား ထိုစာရင်း၌ ထည့်ပြီး ကျွန်တော့်ကို ရဲရဲ နှုတ်ဆက်ဝံ့သူပင် ရှားပါးခဲ့သော ကာလတစ်ခုတွင် သီးသန့်ညစာစားပွဲတစ်ရပ် တည် ခင်းဖူးသည်ကို သတိရတိုင်း ပီတိဖြစ်နေမိပါသည်။

ဆရာလင်းယုန်မောင်မောင်ကား ကျွန်တော့်အပေါ်တွင် တစ်သက်တာ ကျေး ဇူးရှိနေသူဖြစ်ပါသည်။၁၉၇၃ခုနှစ်ကကျွန်တော်၏ပထမဆုံးလုံးချင်းစာအုပ်'ကစ်ဆင်းဂျားအတ္ထုပ္ပတ္တိ'ကို ဆရာလင်းယုန်မောင်မောင်ကထုတ်ဝေဖြန့်ချိပေးခဲ့ပါသည်။ ထိုစာ အုပ်ဖြင့် မောင်ဝံသဟူသော ကလောင်သည် လုံးချင်းလောကသို့ တိုးဝင်နိုင်ခဲ့ခြင်းဖြစ် ပါသည်။ ဆရာလင်းယုန်မောင်မောင်သည် ယခုနှစ်တွင် အသက် ၇၀ပြည့် မွေးနေ့ပွဲ ကျင်းပရန် ပြင်ဆင်နေပါပြီ။ အသက်ရာကျော်ရှည်၍ သူများတကာ၏ ဗျာပနများစွာ ကို ပို့နိုင်ပါစေ၊ ကလောင်သစ်များကိုလည်း ဆထက်ထမ်းပိုးတိုး၍ မြေတောင်မြှောက် နိုင်ပါစေဟု မွေးနေ့ဆုမွန်တောင်းလိုက်ပါသည်။

www.burmeseclassic.com

(၅)

ကျွန်တော့်အသက် ၅၀ပြည့်မွေးနေ့ကို ခမ်းခမ်းနားနား ကျင်းပရန် စိတ်ကူးယဉ်ခဲ့ဖူးပါသည်။ ဆရာဦးသိန်းဖေမြင့် အသက် ၄၀ပြည့်ချိန်က ညစာစားပွဲ ကျင်းပခဲ့ပုံကို ဖတ်ဖူး၍ အထူးအားကျခဲ့ပါသည်။

ကျွန်တော်က ရွှေရတုမွေးနေ့ပွဲကို ကျွန်တော်ချစ်ခင်သူ၊ လေးစားကြည်ညိုသူအားလုံး စုံစုံညီညီနှင့် ကျင်းပချင်သည်။ ထိုနေ့တွင် အရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့မှ—

'ငါနှင့်ငါသာ၊ နှိုင်းစရာဟု
ပညာမှန်ယို၊ အရွယ်ပိုကျူ
မဆိုစလောက်၊ မာန်စောင်မြှောက်ခဲ့
နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း
နှောင်းပြီတစ်ခါ၊ ရှိသေစွာလျှင်
ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်
စိတ်ကျန်းမာန်လျှော့၊ ငါကန်တော့၏။
မပေါ့ချစ်ခင်၊ သားနှယ်ကြင်၍
အရှင်တကာ၊ သည်းခံပါလော့'

လင်္ကာစာပိုဒ်အတိုင်း ကျွန်တော် 'မာန်စောင်မြှောက်ခဲ့'သည်များ ရှိခဲ့လျှင် ဝန်ချတောင်းပန်၍ သင်ပုန်းချေချင်သည်။ ကျွန်တော့်အပေါ် ဆရာများ၊ မိတ်ဆွေများ ကကောင်းသော စေတနာဖြင့် ဝေဖန်ဆုံးမကြသည်ကို ကြားနာချင်သည်။

သို့ပေမယ့် အခြေအနေအရ မွေးနေ့ပွဲကို အကောင်အထည် မဖော်နိုင်ပါ။ ကျွန်တော်၏ စာအုပ်စင်နှင့် စာကြည့်စားပွဲမှ ဘဝမှတ်တမ်းပုံရိပ်များကို ခြသေ့်လည်ပြန်ကြည့်၍ ကိုယ့်ဘာသာကိုယ်ပဲ ပြန်လည် သုံးသပ်မိပါသည်။

ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်သောအခါ အကောင်းဘက်က မြင်တတ်ကြတာ များသည်။ ကိုယ့်အပြစ်တွေကို ဖော့၍ ကြည့်တတ်ကြသည်။ ကျွန်တော်လည်း သည်ပုတ်ထဲက သည်ပဲပေပဲလား။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် လူ့ဘဝမှာ နှစ်ပေါင်း ၅၀မျှ အသက်ရှင်နေထိုင် ကျင့်ကြံလုပ်ကိုင်ခဲ့သည်များကို ကျွန်တော့် ဘာသာ ပြန်ကြည့်တော့ အင်မတန်မှ ကျေနပ်အားရမိသောကြောင့်ပေတည်း။

ကျွန်တော်သည် အသက်မွေးဝမ်းကျောင်းမှုအရ သတင်းစာသမား၊ စာပေသမားဖြစ်ခဲ့ပါသည်။ သတင်းစာ၊ စာပေအလုပ်ကို လူထုဆက်သွယ်ရေးလုပ်ငန်းဟု သုံးနှုန်းကြပါသည်။ ကျွန်တော်တို့သည် လူထုနှင့်ထိတွေ့၊ လူထုနှင့်ဆက်သွယ်၊ လူထု

www.burmeseclassic.com


နှင့် မကင်းသူများ ဖြစ်ပါသည်။ အလုပ်သဘောအရကိုက ကျွန်တော်တို့သည် လူထုနှင့် ဆက်စပ်နေပါသည်။ ဘာပဲလုပ်လုပ်၊ ဘာပဲရေးရေး၊ ဘာပဲပြောပြော၊ လူထုအမြင်ကို ထင်ဟပ်ကြရပါသည်။ လူထုကို ဆန့်ကျင်လျှင် သတင်းစာဆရာ ပါရာဇိကံထိုက်သည်ဟု ကျွန်တော်တို့ ဆရာသမားများက ဆိုမိန့်ခဲ့ကြဖူးသည်မဟုတ်ပါလား။

ကျွန်တော်သည် သတင်းစာ၊ စာပေအလုပ်ကို လုပ်ကိုင်ခဲ့ခြင်းကြောင့် လူတွေနှင့် ပိုမို နီးစပ်ခဲ့ပါသည်။ လူတွေကို ပို၍ ချစ်မြတ်နိုးတတ်လာပါသည်။

ကျောက်ခေတ်ကစ၍ ယနေ့ 'ဟိုင်းတက်'ခေတ်အထိ လူ့သမိုင်းကြီး တိုးတက်လာခြင်းသည် လူ့ဉာဏ်၊ လူ့အကြံတွေကြောင့်ပဲ မဟုတ်ပါလား။ လူ့လောကကြီး တိုးတက်မြင့်မားအောင် လုပ်ဆောင်ခဲ့ကြသူများကို လူတွေက ချီးမြှောက်ကြပါသည်။ လူ့လောကကြီး ဆုတ်ယုတ်လျှောကျအောင် လုပ်ခဲ့သူများကို လူတွေက ရှုတ်ချကြပါသည်။ ဤလူထုအမြင်ကို ထင်ဟပ်ရသော ကျွန်တော်တို့ သတင်းစာသမား၊ စာပေသမားများကလည်း ကောင်းသူကို သာစေ၍ မကောင်းသူကို နာစေရပါသည်။ ဤအခြေခံခံယူချက်ဖြင့် ကျွန်တော့်ကလောင်ကို အသုံးချခဲ့ပါသည်။ ဤအတွက် ကျေနပ်အားရမိပါသည်။

ကျွန်တော့်ဘဝတွင် မလုပ်သင့်မလုပ်အပ်သည်များကို လုပ်ခဲ့တာ ဘယ်လောက် များသလဲ။ လုပ်သင့်လုပ်အပ်သည်များကို လုပ်ခဲ့တာ ဘယ်လောက်ရှိသလဲဟု ပြန်လည်ဆန်းစစ်ကြည့်သောအခါ၌လည်း ကျွန်တော်ကျေနပ်အားရမိပါသည်။

ကျွန်တော်တို့ ပဲခူးအမျိုးသားကျောင်းကြီး၏ နှစ် ၅၀ ရွှေရတုသဘင်မဂ္ဂဇင်းထုတ်ခဲ့စဉ်က ကဗျာဆရာကျော်တစ်ဦး ရေးသားပေးခဲ့သော ကဗျာတစ်ပုဒ်သည် ကျွန်တော့်ရင်ထဲမှာ စွဲမြဲနေပါသည်။

တို့အဖေကား
ရွှေငွေဥစ္စာ၊ အာဏာမင်းစက်
ရာထူးမက်'ဟု
သားရှက်မခံတော့ပါပြီ။
'တို့အဖေကား
နေရာတစ်ခု၊ ရလိုမှုအတွက်
အလုအယက်၊ ခြေကိုဖက်'ဟု သားရှက်မခံတော့ပါပြီ။
ငါ၏စိတ်ထား၊ ငါ့စကားသည်
သားတို့တန်ဆောင်
သားတို့ခေါင်းဆောင် ဖြစ်ချေပြီ။

ကျွန်တော်သည် သမီးနှစ်ယောက်၊ သားနှစ်ယောက်၏ ဖခင်ဖြစ်နေပြီ။ ကျွန်တော့်ကြောင့် သူတို့လေးတွေ ရှက်စရာဖြစ်စေမည့် အလုပ်မျိုး ကျွန်တော်မလုပ်ခဲ့ဖူးဘူးဟု အာမခံနိုင်သောကြောင့် 'ငါးဆယ်လည်ပြန်ချိန်'တွင် လိပ်ပြာသန့်သန့်ဖြင့် ဤစာကို ရေးနေနိုင်ခြင်း ဖြစ်ပါသည်။

(၆)

ခြုံ၍ ပြောရလျှင်ဖြင့် ကုန်လွန်ခဲ့သော နှစ် ၅၀ကို အသက်ရှူမှန်စွာဖြင့် ကျွန်တော်ရဲရဲ ပြန်ကြည့်နိုင်ပါသည်။ ဤသို့ ပြန်ကြည့်နိုင်ခြင်းလောက် စိတ်ပေါ့ပါးစရာ ဘာများ ရှိဦးမှာလဲ။ ဒါသည်ပင် ချမ်းသာခြင်းအစစ်ဖြစ်ဖွယ် ရှိပါသည်။

ရုပ်ပိုင်းဆိုင်ရာအားဖြင့်တော့ ယခုလောလောဆယ် ကျွန်တော့်ကို ချမ်းသာသည်ဟု မည်သို့မျှ ပြောနိုင်မည်မဟုတ်ပါ။ သားသမီးများအတွက် ငွေကြေးဥစ္စာ အမွေအနှစ် ပေးနိုင်ဖို့ကား ဝေလာဝေး။ စာရေးခြင်းမှ ရသော ဓမ္မိယလဒ္ဓဝင်ငွေဖြင့် နှစ်ပေါင်းများစွာ ကိုယ်ပိုင်ကား စီး၍နေလာခဲ့သော ကျွန်တော့်မှာ ယခု ကိုယ်ပိုင်ကားဝေးစွ၊ တက္ကစီပင် ငှားမစီးနိုင်ပါ။ စုစုဆောင်းဆောင်း ရှိသမျှမှာလည်း ကျွန်တော်အိမ်မှာမရှိချိန် ကာလတစ်ကန့်၌ ကုန်ဆုံးခဲ့ပြီဖြစ်ပါသည်။ ကျွန်တော့်မိသားစုတာဝန်ကို မယူနိုင်ချိန်တွင် ဇနီးနှင့် သားသမီးများက လုပ်နိုင်သမျှ၊ လုပ်တတ်သမျှ အလုပ်လုပ်၍ ကျွန်တော့်အတွက်ရော အိမ်ထောင်အတွက်ပါ ရုန်းကန်ကြိုးစားခဲ့ကြပါသည်။ ဒရိုင်ဘာမောင်းသော ကားစီး၍ ကျောင်းတက်နေခဲ့ကြသော ကျွန်တော့်သမီးများသည် အိမ်တွင် အပ်ထည်များကို ချုပ်လုပ်၍ လိုင်းကားစီးပြီး ဖောက်သည်အထည်ဆိုင်များဆီသို့ လိုက်သွင်းခဲ့ကြပါသည်။ လက်နှိပ်စက် ရိုက်ခဲ့ရသော ကျွန်တော့်ဇနီး၏ လက်ချောင်းထိပ်လေးများမှာ အသားမာတက်နေပါသည်။ အလားတူ ကျွန်တော့်ဘဝသည်လည်း အသားမာတက်နေလောက်ပါပြီ။

ကျွန်တော့်သားများ အင်မတန်မှ ကြိုက်သော ဇော်ဝင်းထွဋ်၏ သီချင်းများထဲမှ တေးရေးဆရာ ဝင်းမင်းထွေး၏ လက်ရာ 'ရာဇဝင်'ကို ကျွန်တော် ယခုရက်ပိုင်းအတွင်း မကြာမကြာ နားထောင်ပါသည်။ ကျွန်တော့်မွေးနေ့ရောက်လျှင် အဲဒီသီချင်းနှင့် ကိုခင်မောင်တိုး၏ 'ခွန်အားဖြည့်မိငယ်' သီချင်းကို အရသာခံ၍ နားထောင်ပါဦးမည်။

ယခုတော့ 'ရာဇဝင်'ကို မျှဝေခံစားရင်း ကျွန်တော့်မွေးနေ့ဆောင်းပါးကို အဆုံးသတ်ပါမည်။

www.burmeseclassic.com


## ရာဇဝင်

ဆိုးသောသွေးများ ဖောက်ထုတ်စွန့်နိုင်တယ်။
ငါမာရ်နတ်လား၊ ငါ့စိတ်ကို အမြဲမေး
ဒီကမ္ဘာကို ငါ့ကြောင့် အညစ်အထေး မစွန်းစေချင်။
မကယ်တင်နိုင်လည်း ဒုက္ခတွေမပေးဘူး။
ကမ္ဘာပေါ် ငါနေထိုင်တာ တန်ဖိုးရှိသလား။
ဒီလိုမေးခွန်းမျိုးအား လူတွေဆုံးဖြတ်ပါစေ၊
လူတွေကို ကောင်းကျိုးတစ်ခုခု ပေးပြီးပြီလား
ရာဇဝင်အား ရေးသားနေတယ်။
လူတွေကို ဆိုးကျိုးတစ်ခုခု ပေးဖူးသလား။
လူတွေကို ဆိုးကျိုးတစ်ခုခု ချန်ထားသလား။
ရာဇဝင်အား ဆုံးဖြတ်နိုင်တယ်။
ငါဘာကောင်လဲ ဆုံးဖြတ်လိုက်ဦး။
အရေခွံပေါ် မိတ်ကပ်တစ်ခုနဲ့ မဖုံးခဲ့ဘူး။
မှန်ကန်တဲ့တရား ခန္ဓာကိုယ်သွေးသား
ရာဇဝင်ကို ဖုံးအုပ်ဖျောက်ဖျက်မထားခဲ့ဘူး။
မှန်ကန်တဲ့လမ်း ယုံကြည်စွာ ရွေးထား
ဆိုးသောသွေးများ ဖောက်ထုတ် စွန့်နိုင်မလား
ဘာဖြစ်နိုင်မလဲ၊ ငါဘာကောင်လဲ ဆုံးဖြတ်နိုင်တယ်
ဘာဖြစ်နိုင်မလဲ ဆုံးဖြတ်ခံရဲတယ် ရာဇဝင်ရှိတယ် ဘာဖြစ်နိုင်မလဲ။

ရွှေဝတ်မှုန်မဂ္ဂဇင်း၊ မေ ၁၉၉၅

www.burmeseclassic.com

## အမှတ်သည်းခြေ

ဒုတိယကမ္ဘာစစ်အတွင်းက အာရှနိုင်ငံများတွင် ဖက်ဆစ်ဂျပန်တို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ဂျပန်ဝန်ကြီးချုပ် ဟိုဆိုကာဝါက ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောဆိုပြီး ထိုလုပ်ရပ်များအတွက် တောင်းပန်ခဲ့လေသည်။ စစ်ပြီးခေတ် ဂျပန်အစိုးရ များသည် စစ်အတွင်း ဂျပန်တို့၏ လုပ်ရပ်များနှင့် ပတ်သက်၍ တောင်းပန်ရန် မဆိုထားဘိ။ ဝန်ခံဖို့ပင် ဝန်လေးခဲ့ကြလေသည်။ ယမန်နှစ်က တက်ရောက်လာခဲ့သော (ယခုနှစ် ဧပြီလ အတွင်းက နုတ်ထွက်သွားခဲ့သူ) ဝန်ကြီးချုပ်သစ် ဟိုဆိုကာဝါ လက်ထက်ကျမှသာလျှင် ဝန်ချတောင်းပန်ခြင်းဖြစ်လေသည်။

ဖက်ဆစ်ဂျပန်တို့၏ ဒဏ်ကို ခံစားခဲ့ကြရသော အာရှနိုင်ငံအများအပြားမှ ကာယကံရှင် ပြည်သူများကလည်း ဂျပန်တို့၏ စစ်အတွင်း လုပ်ရပ်များကို ပြန်လည်ဖော်ထုတ်၍ နစ်နာကြေးတောင်းဆိုမှုများပင် ရှိနေကြောင်း ကမ္ဘာ့သတင်းများတွင် တွေ့မြင်နေရပေသည်။

စစ်အတွင်းက အောင်နိုင်သူဂျပန်တို့၏ အာဏာစက်အောက်တွင် အလူးအလဲခံစားခဲ့ကြရကုန်သော အာရှပြည်သူများသည် ထိုဖြစ်ရပ်များကို မမေ့နိုင်ကြပေ။ ကိုယ်တိုင်ကိုယ်ကျ သိမီလိုက်ကြသော သက်ကြီးရွယ်အိုများက 'သက်ကြီးစကား သက်ငယ်ကြား'ဆိုသည့်အတိုင်း အစဉ်အဆက်ပြောပြချက်များကြောင့် နောင်လာနောက်သားတို့ကလည်း မိမိတို့၏ မိဘဘိုးဘွားတို့ ခံစားခဲ့ကြရပုံများကို အမှတ် ထင်ထင်ဖြစ်နေကြပေသည်။

လူ့ဘဝသက်တမ်းတစ်ခု၌ ဖြစ်ရပ်ပေါင်းစုံ အတွေ့အကြုံပေါင်းစုံ ရှိကြစမြဲ ဖြစ်ရာ ဖြစ်ဖြစ်သမျှ တွေ့ကြုံသမျှ အခြင်းအရာတို့ကို မှတ်မိနေနိုင်ဖို့မှာ မလွယ်ကူပေ။ လိုလည်း မလိုအပ်ပေ။ အလားတူပင် သူတစ်ပါးက ပြောပြသော အကြောင်းအရာများ၊ စာထဲပေထဲမှ ဖတ်ရှုသိရှိရသော အချက်အလက်များ စသည်တို့မှာလည်း မှတ်သား၍ မကုန်နိုင်လောက်အောင် များပြားလှပေရာ လူဦးနှောက်သည် ကြုံသမျှ၊ ကြားသမျှ၊ သိသမျှတို့ကို မှတ်မိနိုင်စွမ်း မရှိကြပေ။ အားလုံးကို မှတ်မိအောင် ကြိုးစားဖို့ လိုလည်း

www.burmeseclassic.com


မလိုအပ်ပေ။ ထို့ကြောင့် လူတို့တွင် မေ့မေ့ပျောက်ပျောက် ဟူသော အလေ့အကျင့် ရှိနေခြင်းဖြစ်ပေသည်။ မေ့သင့်သည်ကို မေ့ပစ်မှုလည်း မှတ်သင့်သည်ကို မှတ်ရန် ဦးနှောက်အကန့် ကျန်မည်ဖြစ်ရာ သဘာဝလည်း ကျပေသည်။

သို့ရာတွင် လူ့ဘဝ၌ မေ့သင့်သည်ကို မေ့ပစ်ရန် လိုအပ်သလို မမေ့မပျောက် သင့်သော ဖြစ်ရပ်များလည်း ရှိပေသည်။ အထက်၌ ဆိုခဲ့ပြီးသော စစ်အတွင်း ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုများသည်ကား လူ့ဘဝသက်တမ်းတစ်ခု၌သာမက လူ့သမိုင်း တစ်လျှောက်လုံး မမေ့ပျောက်သင့်သော အမှတ်သညာများ ဖြစ်အပ်ပေသည်။ ခံခဲ့ရချိန်၌ နစ်နစ်နာနာ ခံစားခဲ့ရသော်လည်း များမကြာမီမှာပင် ပြီးပြီးပျောက်ပျောက် သဘောထားသူကို 'အမှတ်သည်းခြေမရှိသူ'ဟု ဆိုလေ့ရှိသည်။ ထိုသူမျိုးသည် နောက်တစ်ခါ ထပ်မံ၍ ခံလှည့်ကြုံရပါက မည်သူကမှ မသနားတော့ချေ။ 'အမှတ်သည်းခြေမှ မရှိတာ၊ ခံရတာတောင် နည်းသေး'ဟု အပြောခံရတတ်ပေသည်။

ထိုသို့ မဖြစ်ရလေအောင် အမှတ်သည်းခြေ ရှိကြဖို့ လိုသည်။ သို့မှသာ ရှောင်သင့်သည်ကို ရှောင်၍ ဆောင်သင့်သည်ကို ဆောင်နိုင်ကြမည်ဖြစ်ပေသည်။

အတွေးအမြင် စာစဉ် ၁၀၁၊ ဇွန် ၁၉၉၄။

## ချစ်ခြင်း၊ မုန်းခြင်းနှင့် အဆုံးအဖြတ်

လူတိုင်းတွင် ချစ်သူမုန်းသူ ဟူ၍ ရှိကြစမြဲဖြစ်သည်။ ချစ်သူမုန်းသူ များခြင်း၊ နည်းခြင်းသာလျှင် ကွဲပြားခြားနားမည်၊ လူရယ်လို့ဖြစ်လာလျှင် မိမိက သူတစ်ပါးအပေါ် ချစ်ခြင်း၊ မုန်းခြင်း ရှိသလို မိမိအပေါ် သူတစ်ပါးက ချစ်ခြင်း၊ မုန်းခြင်းလည်း ရှိမည်သာ ဖြစ်သည်။ လောကဓမ္မတာပင်။

ချစ်ခြင်း၊ မုန်းခြင်းဟူသည်မှာ လူချင်း ပတ်သက်ဆက်ဆံဖူးမှသာ မဟုတ်၊ မြင်ဖူးတွေ့ဖူးရုံဖြင့်လည်း တုံ့ပြန်မှုဖြင့် အကဲဖြတ်ချက် ဖြစ်ပေါ်တတ်သည်။ 'မျက်နှာ မြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ' ဆုတောင်းပြည့်သူများ ရှိသလို မျက်နှာကို မြင်ရုံမျှဖြင့်၊ အသံကို ကြားရုံမျှဖြင့် ရွံရှာမုန်းတီးခြင်း ခံရသူများလည်း ရှိတတ်သည်။ အချို့မှာ လူကိုလည်း မမြင်ဖူးဘဲ သတင်းစကားကြားသိရုံမျှဖြင့် ချစ်မြတ်နိုးခြင်း ခံရသူများ ရှိသလို ခါးခါးသီးသီး ရွံမုန်းခြင်းခံရသူများလည်း ရှိတတ်သည်။

သတင်းစကားဟူသည်မှာ မှန်သည်ရှိသလို မှားသည်လည်း ရှိတတ်သည်။ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ 'သတင်းစကား'ဟူ၍ ထွက်ပေါ်လျှင်ကား လူအများ၏ ကြားသို့ ပျံ့နှံ့ရောက်ရှိသွားပြီးသကာလ လူသတင်းလူချင်းဆောင်ကာ ထင်မြင်ချက်အသီးသီးကို ဖြစ်ပေါ်စေလေသည်။ ထင်မြင်ချက်အသီးသီးတွင် ချစ်ခြင်း၊ မုန်းခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ ပါရှိမည်မှာ ဧကန်ဖြစ်သည်။

လူသည် တစ်ယောက်ထီးတည်းနေသော သတ္တဝါမျိုးမဟုတ်မူဘဲ ပတ်ဝန်းကျင်အတွင်း နေထိုင်သည်ဖြစ်၍ ထင်ရှားကျော်ကြားသူမဟုတ်သော သာမန်လူအဆင့်၌ပင် သူ့အဆင့်နှင့်သူ ပတ်ဝန်းကျင်အသီးသီး ရှိသည်။ လူတစ်ယောက်အပေါ် သူ့ပတ်ဝန်းကျင်နှင့် မည်သို့ဆက်ဆံနေထိုင်သနည်းဟူသောအချက်ပေါ်တွင် မူတည်၍ ချစ်ခြင်း၊ မုန်းခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကို ကြုံတွေ့ရမည်ဖြစ်သည်။ ကျေးဇူးခံ၊ ကျေးဇူးစားတို့က သူ့ကို ချစ်ခင်ကြမည်။ အဆင်မပြေဖြစ်ဖူးသူတို့က သူ့ကို မုန်းတီးကြမည်။ လုံးဝပတ်သက်ဆက်ဆံခြင်းမရှိဖူးသူတို့ကမူ အမှတ်မထင် ရှိကြမည်။

လူ့ဘဝဟူသည် မွေးခြင်းမှစ၍ သေခြင်း၌ ဆုံးသည်။ လူတစ်ယောက်သေဆုံးသောအခါ သူ့အပေါ်ထားရှိသော ပတ်ဝန်းကျင်၏ သဘောထားကို ထောက်ချင့်၍

www.burmeseclassic.com

ထိုသူ၏ လူ့ဘဝတန်ဖိုးကို အကဲဖြတ်နိုင်သည်။ 'ဦးဖြူ'သို့မဟုတ် 'ဒေါ်ညို'ကွယ်လွန်သွားပြီဟု ကြားသိရသောအခါ ဦးဖြူ ဒေါ်ညိုဟူသည် မည်သူမည်ဝါဟု မသိသူများ၊ သူတို့နှင့် ပတ်သက်ဆက်ဆံဖူးခြင်း မရှိသူများက အမှတ်မထင်သာ ရှိကြမည်။ အချို့ကမူ အနိမ့်ဆုံးအားဖြင့် လူသားအချင်းချင်း စာနာစိတ်ပေါ်ပေါက်ကာ 'ဩော်– ကွယ်လွန်ရှာပြီကိုး' သာမန်မျှ ဝမ်းနည်းစိတ်ဖြစ်ပေါ်ကြမည်။ ဦးဖြူ သို့မဟုတ် ဒေါ်ညို၏ ကျေးဇူးခံ၊ ကျေးဇူးစားများကမူ ယူကျုံးမရ ဝမ်းနည်းပက်လက် ဖြစ်ကြမည်။ ကွယ်လွန်သူ၏ ကောင်းကွက်များကို တသသပြောဆိုကာ ချီးကျူးဂုဏ်ပြုကြမည်။ အသေစော၍ နှမြောဘိခြင်းဟု ဆိုကြမည်။ ဦးဖြူ သို့မဟုတ် ဒေါ်ညိုနှင့် အဆင်မပြေဖြစ်ဖူးသူများ၊ ကွယ်လွန်သူ၏ ဆိုးဒဏ်ကို ခံခဲ့ရဖူးသူများကမူ ယင်း၏ သေခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်။ ရန်သူတစ်ယောက်ကို မိမိကိုယ်စား သေမင်းက အနိုင်တိုက်ပေးလိုက်သကဲ့သို့ မှတ်ယူကြမည်။

ဤကား လူ့မနော၊ လူ့သဘောပေတည်း။ ဤစိတ် ဤသဘောတို့သည် ချစ်ခြင်း၊ မုန်းခြင်းဟူသော ခံစားချက်မှ ပေါက်ပွားလာခြင်းပင်။ လူတစ်ယောက်သေဆုံးသောအခါ သူသေခြင်းအတွက် ဝမ်းသာသူ၊ ဝမ်းနည်းသူ၊ အမှတ်မထင် သဘောထားသူ မည်ရွေ့မည်မျှ ရှိသနည်းဟူသည်ကို အချိုးအစားတိုင်းတာကြည့်၍ သူ၏ဘဝတန်ဖိုးကို အကဲဖြတ်နိုင်သည်။ မိမိကိုယ်မိမိလည်း မိမိသေလျှင် အချိုးအဆမည်မျှရှိနိုင်မည်ကို ယခုကတည်းက နှိုင်းချင့် ဆင်ခြင်အပ်ကြပေသည်။

အတွေးအမြင်စာစဉ် ၁၀၂၊ ဇူလိုင် ၁၉၉၄။

## လူ့ဘောင်၏ တွန်းအား

လူအများစုတွင် ကြီးပွားတိုးတက်လိုစိတ် ရှိကြစမြဲဖြစ်သည်။ ကြီးပွားတိုးတက်ခြင်းဆိုရာတွင် ငွေကြေးဥစ္စာစနေကြွယ်ဝခြင်းသာမက ဂုဏ်သတင်းကျော်ဇောခြင်း၊ ဉာဏ်ပညာအဆင့်အတန်းမြင့်မားခြင်းတို့လည်း ပါဝင်သည်။ အချို့က သူဌေးဖြစ်ချင်သည်။ အချို့က နာမည်ကြီးချင်သည်။ အချို့က ပညာကြီးချင်သည်။

မိမိထက် ကြီးမြတ်သူတို့အား ရှိခိုးကန်တော့ရာတွင် အနာကင်းခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း စသည်ဖြင့် ပြည့်စုံစေလိုသော ဆုများပေးလေ့ရှိကြသည်။ ဆုတောင်းခြင်း၊ ဆုပေးခြင်းဆိုသည်မှာ လိုလားချက်များကိုဖွင့်ဟဆန္ဒပြုခြင်းပင်ဖြစ်သည်။

လိုလားချက်ဟူသည်မှာ မပြည့်စုံမှုတွင် အခြေခံ၏။ မပြည့်စုံသူက ပြည့်စုံ သောအဆင့်ကို ရောက်လို၏။ ပြည့်စုံပြီးသောသူကလည်း မိမိ၏ ပြည့်စုံပြီးသော အဖြစ်မှလျော့မကျသွားစေရန်နှင့် ပို၍ပို၍ ပြည့်စုံခြင်းကို လိုလားမျှော်မှန်း၏။ "ရလေလိုလေ"ဆိုသည်မှာ လူ့မနော၏ သဘောအမှန်ပင်ဖြစ်ပေ၏။

မိမိ၏ ရှိရင်းစွဲအခြေအနေကို ကျေနပ်နေသူတို့ကား လောဘဟူ၍ မရှိ၊ စောဒကဟူ၍လည်း မရှိတော့ချေ။ "တင်းတိမ်ရောင့်ရဲခြင်းသည် ကောင်း၏"ဟု ယေဘုယျအားဖြင့် လက်ခံရမည်ဖြစ်သော်လည်း နေရာတကာ၌ ရောင့်ရဲကျေနပ်ခြင်းသည် ကြီးပွားတိုးတက်ရေးလမ်းစကို ပိတ်ထားခြင်းနှင့် တူသည်။

"ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ သဘောထားပါ"ဟု မြန်မာလူမျိုးတို့က ဆောင်ပုဒ်သဖွယ် ပြောလေ့ရှိကြသည်။ ဤစကားသည် နေရာဌာန၊ အချိန်ကာလကို လိုက်၍သာ မှန်ကန်နိုင်သည်။ မကောင်းသော အခြေအနေတစ်ရပ်ကို အကောင်းဟု ဖွတ်မိုတ်သဘောထားခြင်းမှာ မမှန်ကန်နိုင်ပေ။ ထို့ကြောင့် ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ခြင်းအားဖြင့် မြင်တွေ့လာရသော မတော်မတရားမှုများကို ပညာဉာဏ်အမြော်အမြင် ရှိသူတို့က အကောင်းမမြင်နိုင်ကြချေ။ မှား၊ မှန် ကောင်း၊ ဆိုး ခွဲခြားဝေဖန်၍ ကျေနပ်သင့်သည်ကို ကျေနပ်မည်။ မကျေနပ်သင့်သည်ကို မကျေနပ်ဘဲ နေမည်ဖြစ်

www.burmeseclassic.com

သည်။ လောကလူ့ဘောင်၌ မလျော်သော အမှုများကို တွေ့လျှင် ဖယ်ရှားပစ်လိုသော မကျေနပ်မှုသည် အသိအလိမ္မာဉာဏ်ပညာနှင့် ပြည့်စုံသူတို့၏ ဓာတ်စိတ်မှ ပေါက်ပွား လာစမြဲဖြစ်သည်။

မကျေနပ်စရာ အခြင်းအရာတစ်ရပ်ကို စောဒကတက်၍ ဝေဖန်ထောက်ပြခြင်း သည် လောကလူ့ဘောင်၏ ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းစေသည်။ အသိဉာဏ် ပညာနှင့် ပြည့်စုံသူတို့က ဝေဖန်ထောက်ပြပါမှလည်း မကျေနပ်စရာကို မကျေနပ်စရာဟု အများက သိကြမည်ဖြစ်သည်။ ဉာဏ်အလင်းပွင့်ကြမှသာလျှင် ကောင်းမြတ်သော လိုလားချက်များ ပေါ်ထွက်နိုင်မည်။ ကောင်းမြတ်သော လိုလားချက်များသည် လောက လူ့ဘောင်၏ ကြီးပွားတိုးတက်ရေးအတွက် ကြီးမားသော တွန်းအားကို ဖြစ်ပေါ်စေ မည်ဖြစ်သည်။

အတွေးအမြင် စာစဉ် ၁၀၃၊ ဩဂုတ် ၁၉၉၄။

www.burmeseclassic.com

## အဝေဖန်ခံပါ

'ဝေဖန်'ဟူသော စကားလုံးကို မြန်မာစာအဖွဲ့၏ အဘိဓာန်က "(၁) အကောင်းအဆိုးကို သုံးသပ်စိစစ်သည်။ (၂) စီမံခန့်ခွဲသည်။ ခွဲဝေပေးသည်"ဟု အနက်ဖွင့်ထားသည်။ ထို့ကြောင့် ဝေဖန်ခြင်းသည် မကောင်းသော အလုပ်မဟုတ်။ ကောင်းရာကောင်းကြောင်း အဓိပ္ပာယ်ကို ညွှန်းဆိုသည်ဟု မှတ်ယူရပေသည်။

အကောင်းအဆိုးကို သုံးသပ်စိစစ်သည့် ဝေဖန်ရေးတွင် သူတစ်ပါးအား ဝေဖန်ခြင်းနှင့် မိမိကိုယ်ကိုမိမိ ဝေဖန်ခြင်းဟူ၍ နှစ်ပိုင်းနှစ်ကဏ္ဍ ရှိသည်။ သူတစ်ပါးအား ဝေဖန်ရာ၌ "အဆိုး"ကိုသာ သုံးသပ်စိစစ်ပြီး မိမိကိုယ်ကိုမိမိ ဝေဖန်ရာ၌မူ "အကောင်း"ကိုသာ သုံးသပ် စိစစ်ဖော်ထုတ်မှုများကို လူ့အသိုင်းအဝိုင်းက နှာခေါင်းရှုံ့လေ့ ရှိကြစမြဲဖြစ်သည်။ "ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်"ဟု ဆိုခြင်းမှာ ထိုသူမျိုးကို ရည်ညွှန်းသည်။ ယင်းသို့သော အမူအကျင့် စွဲမြဲလာသောအခါ သူ့အသိုင်းအဝိုင်း၏ ကြဉ်ခြင်းကို ခံရတတ်သည်။ အပေါင်းအဖော်မလုပ်အပ်သူဟု သတ်မှတ်ခြင်း ခံရတတ်သည်။

အချို့သူများမှာ မိမိအလှည့်တွင် သူတစ်ပါးကို နင့်နင့်နာနာ ပုတ်ခတ်ဝေဖန်လေ့ရှိသော်လည်း မိမိကို သူတစ်ပါးက ဝေဖန်သောအခါ အကောင်းပြောလျှင် ကြိုက်နှစ်သက်သည်။ အဆိုးကို ထောက်ပြခြင်းခံရပါက ဆတ်ဆတ်ထိမခံ၊ တုံ့ပြန်လေ့ရှိကြသည်။ ငါပြောသမျှအမှန်၊ ငါလုပ်သမျှအမှန်၊ သူတစ်ပါးက ငါ့ကို အကောင်းပြောသမျှ မှန်သည်။ သူတစ်ပါးက ငါ့ကို အကောင်းမပြောဘဲ အဆိုးပြောလျှင် ထိုသူသည် ငါ၏ ရန်သူဖြစ်၍ ငါ့ကို မရှုဆိတ် မလိုလား၍ ပြောခြင်းဖြစ်သည်ဟု တထစ်ချ ပိုင်းဖြတ်ထားသူများအား လူမှုဆက်ဆံရေးလောက၌ မကြာခဏ တွေ့ကြုံကြရတတ်သည်။

မိတ်ကောင်းဆွေကောင်းတို့သည် ဝေဖန်ခြင်းကြောင့် စိတ်ဆိုး၊ စိတ်နာဖြစ်ခြင်းကို အမှုမထားကြချေ။ အမှားကိုမြင်ပြီး အမှန်သို့ ပြင်စေလိုသော စေတနာဖြင့် ဝေဖန်ခြင်းဖြစ်၍ ဝေဖန်ခံရသူ ကာယကံရှင်က လက်ခံပြုပြင်ခြင်း မရှိပါလည်း သူ့ထိုက်နှင့်သူ့ကံဟူ၍သာ သဘောထားကြလေသည်။

www.burmeseclassic.com


အချို့သူများမှာ မိမိအမှားလုပ်ထားသည်ကို မိမိကိုယ်တိုင် သိသည်။ သိနေသည့်အတွက်လည်း အဝေဖန်မခံဝံ့ကြ။ မိမိဝန်းကျင်၌ ခြံရံနေကြကုန်သော ကပ်ပါးများ၏ မြှောက်ပင့်ဝေဖန်မှုများဖြင့် မိမိ၏ အသိတရားကို ဖုံးကွယ်လျက် ကျေနပ်သာယာနေချင်ကြသည်။ ကြာသော် ကပ်ပါးဝေဖန်မှုများကိုပင် အမှန်ထင်ကာ မိမိ၏ အမှားကိုပါ မေ့လျော့သွားတတ်ကြသည်။ သို့ဖြင့် အမှားသံသရာ၌ လည်ပြီးရင်း လည်နေလေတော့သည်။ အမှန်ပြင်၍ မရနိုင်လောက်အောင် အမှားနွံနစ်သွားသောအခါ အဆုံးတစ်နေ့၌ စုံးစုံးမြုပ်သွားတတ်ကြလေသည်။

ထို့ကြောင့် ကောင်းမြတ်သော နည်းလမ်းဖြင့် ကြီးပွားတိုးတက်ရေးကို လိုလားသူတိုင်းသည် ဝေဖန်မှုကို ခံယူသော အလေ့အကျင့် ပျိုးထောင်ကြရပေမည်။ အဝေဖန်ခံခြင်းသည် ယဉ်ကျေးသော ဓလေ့စရိုက်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ စိတ်နေသဘောထား ရင့်ကျက်မှုကို အဝေဖန်ခံခြင်း၊ မခံခြင်းဖြင့် တိုင်းတာနိုင်သည်။ သို့ဖြစ်ရကား အဝေဖန်ခံခြင်းဖြင့် မိမိကိုယ်ကိုမိမိ စိစစ်အပ်ကြပေသတည်း။

အတွေးအမြင်စာစဉ် ၁၀၄၊ စက်တင်ဘာ ၁၉၉၄။

www.burmeseclassic.com

## ပစ္စည်းမှန်မှ နာရီမှန်မည်

ကမ္ဘာကြီး ၂၄နာရီတွင် တစ်ပတ်လည်နေခြင်းမှာ ဘယ်သူကမှ လှည့်ပေးနေ၍မဟုတ်။ သဘာဝတရားကြီး၏ စီမံမှုဖြင့် သူ့အရှိန်နှင့်သူ လည်ပတ်ခြင်းဖြစ်သည်။

သို့ရာတွင် နာရီတစ်လုံး၏ လည်ပတ်မှုကား လူ၏ ချိန်ကိုက်ဖန်တီးမှုကြောင့်ဖြစ်သည်။ သူ့နေရာနှင့်သူ စက်ယန္တရားများ ရှိသည်။ ထိုယန္တရားများ ပုံမှန်လည်ပတ်ပါမှ နာရီအချိန်မှန်သည်။ အချိန်မှန်မှ တန်ဖိုး ရှိမည်။

မမြဲသော နိယာမအရ နာရီများသည် ပျက်စီးတတ်သော်လည်း အဖိုးတန်မျိုးမှန် ယန္တရားအစိတ်အပိုင်းများ တပ်ဆင်ထားသော နာရီသည် အဖိုးမတန် မျိုးမမှန် ယန္တရား အစိတ်အပိုင်းများ တပ်ဆင်ထားသော နာရီထက် ပို၍ ကြာကြာခံသည်။

နာရီတစ်လုံးသည် ဈေးနှုန်းကို လိုက်၍ အကောင်းအညံ့ကွဲပြားသည်။ ထုတ်လုပ်သော ပင်ရင်းဌာန၏ ဂုဏ်သိက္ခာ အဆင့်အတန်းကို လိုက်၍လည်း စိတ်ချရမှု၊ စိတ်မချရမှု ကွဲပြားသည်။ သို့တိုင်အောင် ပင်ရင်းဌာန အမှတ်တံဆိပ်အတုများလည်း ရှိသေးရာ အတုနှင့် တိုးပါက ကိုယ်ကျိုးနည်းရတတ်ပြန်သည်။

ဝယ်ယူသုံးစွဲသူသည် မိမိပေးသော ဈေးနှင့် ထိုက်တန်သလောက် အကောင်းအညံ့ ခံစားရမည်ဖြစ်သည်။ မိမိဝယ်ယူသည့် ပစ္စည်း၏ အမှတ်တံဆိပ် ဂုဏ်သိက္ခာနှင့် လျော်ညီသော အာမခံချက်ကို ရရှိမည်ဖြစ်သည်။

နာရီပျက်သောအခါ ပြုပြင်၍ ရသည်။ ပျက်စီးချွတ်ယွင်းသော စက်အစိတ်အပိုင်းကို လဲလှယ်၍ ရသည်။ ထိုအခါ လဲလှယ်သော စက်အစိတ်အပိုင်း၏ အဖိုးတန်မျိုးမှန်မှုက နာရီ၏ အနာဂတ်အကောင်းအဆိုးကို ပြဋ္ဌာန်းပြန်သည်။

နာရီတစ်လုံး ပုံမှန်ပြန်လည်ပတ်ရေးအတွက် ပစ္စည်းအစိတ်အပိုင်း လဲထည့်ရာ၌ ပင်ရင်းအမျိုးမှန်ရေးသည် အဓိကကျသည်။ ပစ္စည်းစစ် ပစ္စည်းမှန်ဖြစ်ရေးသည် အဓိကကျ သည်။ အစိတ်အပိုင်းချင်း တူလျှင် ပြီးရောဟုဆိုကာ အစားထိုး ထည့်သွင်းလိုက်ပါက ခဏပန်းသာ ခံမည်။ ရေရှည်တွင် သုံးမရအောင် ယိုယွင်းပျက်စီးမည်သာဖြစ်သည်။

နာရီဥပမာကဲ့သို့ပင် လူတို့၏ လုပ်ငန်းဆောင်တာများတွင်လည်း ပုံမှန်လည်ပတ်တိုးတက်ရေးအတွက် အဖိုးတန် မျိုးမှန်မှုသည် အရေးပါလှသည်။ မည်သူဝင်လုပ်လုပ် လုပ်၍ရသည်ဟူသော သဘောမျိုးဖြင့် လုပ်ငန်းကိုင်ငန်းများကို ဝင်လုပ်ပါက ပျက်စီးခြင်းသို့တိုင် ဖြစ်ရတတ်သည်။

ယနေ့ခေတ်တွင် စီးပွားရေးကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ကြရာ၌ အချို့က ကျွမ်းကျင်သူ အပြင်လူများကို ထိုက်ထိုက်တန်တန်နေရာပေး၍ ခန့်အပ် လုပ်ကိုင်စေသည်။ သို့ဖြင့် ကြီးပွားတိုးတက်သွားကြသည်။ အချို့ကမူ ငါ့သား ငါ့သမီး၊ ငါ့ဆွေ ငါ့မျိုးတို့သာလျှင် စိတ်ချရသည်ဟုဆိုကာ ကိုယ့်အတိုင်းတာကလေးနှင့် ကိုယ် လုပ်စမ်းကြည့်ကြသည်။

သို့ဖြင့် အရင်းပါပြုတ်သွားသူ အများအပြား ရှိသည်။

သို့ဖြစ်ရကား နာရီဥပမာတွင် ပစ္စည်းမှန် နေရာမှန်ဖြစ်ရေးသည် အဓိကကျသကဲ့သို့ လူတို့၏ လုပ်ငန်းဆောင်တာများတွင်လည်း လူမှန်နေရာမှန် ဖြစ်ရေးသည် အဓိကကျလှကြောင်း သတိချပ်အပ်ပေသည်။

အတွေးအမြင် စာစဉ် ၁၀၅၊ နိုဝင်ဘာ ၁၉၉၄။

www.burmeseclassic.com

## အမျိုးသားနေ့ဥဒါန်း

၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ ၅ရက်နေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသားတို့သည် ကျွန်ပညာရေးကို အလိုမရှိကြောင်း ဆုံးဖြတ်ကြလျက် သပိတ်မှောက်ရန် အတည်ပြုကြပြီးနောက် ဒီဇင်ဘာလ ၈ရက်တွင် အတွင်းဝန်ရုံးကို လှည့်လည် ကြွေးကြော်ကြကုန်၏။ ထိုအခါ ပညာမင်းကြီး မက်ဟန်းတားသည် မိမိရုံးခန်းပြတင်းပေါက်မှကြည့်၍ ပြုံးလျက် 'ဒါဟာ မကြာခင်ငြိမ်းသွားမယ့် ကောက်ရိုးမီးကလေးပဲ'ဟု မှတ်ချက်ခဲ့လေသည်။

မက်ဟန်းတား၏ ဟောကိန်းသည် တက်တက်စင် လွဲခဲ့ပေသည်။ ယင်းကျောင်းသားသပိတ်ကြီးမှ စတင်လောင်ကျွမ်းခဲ့သော မီးသည် မြန်မာနိုင်ငံအပေါ် လွှမ်းမိုးခဲ့သော ဗြိတိသျှနယ်ချဲ့စနစ်အဆောက်အအုံကြီးကို အပြီးအပိုင် ဖုတ်ကျည်းသင်္ဂြိုလ်ခဲ့လေပြီ။

၁၉၂၀ပြည့်နှစ် ကျောင်းသားသပိတ်ကြီးမှ ပေါက်ဖွားလာခဲ့သော အမျိုးသားကျောင်းများသည် မြန်မာတစ်ပြည်လုံးတွင် နယ်ချဲ့ဆန့်ကျင်ရေးအရေးတော်ပုံတပ်သားများစွာတို့ကို မွေးထုတ်ပေးခဲ့ပေသည်။

ပထမဦးဆုံး စတင်တည်ထောင်သော ဗဟန်းအမျိုးသားကောလိပ်ကြေညာချက်တွင် 'အမိမြန်မာပြည်ကို ချစ်ရန်၊ လူမျိုး၏ ပိုမိုအရာရောက်သော အရေးကိစ္စများတွင် ကိုယ်ကျိုးကို ဖြတ်ပစ်ရန်နှင့် သေသော်လည်း မိမိအမျိုးကို ချစ်သောစိတ်ဖြင့် သေနိုင်ရန်တို့သည် ဗဟန်းရှိ အမျိုးသားကျောင်း၏ ဟုန်းဟုန်းတောက် ရည်ရွယ်ချက်များဖြစ်သည်'ဟူ၍လည်းကောင်း။

'အမျိုးသားပညာရေး၏ နောက်ဆုံးရည်ရွယ်ချက်သည် အမျိုးသားလွတ်မြောက်ရေး(ဝါ)မြန်မာလူမျိုးတို့ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးပင်တည်း' ဟူ၍လည်းကောင်း အတိအလင်း ဖော်ပြပါရှိလေသည်။

www.burmeseclassic.com 

ထိုမှစ၍ ၂၈နှစ်အကြာတွင် မြန်မာတိုင်းရင်းသားပြည်သူတို့ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့သည်။ ၁၉၂၀ပြည့်နှစ် သပိတ်ကြီး ဆင်နွှဲခဲ့ပြီး မျိုးဆက်တစ်ဆက်မျှအကြာတွင် တစ်မျိုးသားလုံး အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ယခု မျိုးဆက်သုံးဆက် ကြာမြင့်ပြီးသည့်တိုင်အောင်နောင်လာနောက်သားတို့က ၁၉၂၀ပြည့်နှစ် သပိတ်ကြီး၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့နှလုံးသွင်းလျက် ရှိကြလေသည်။ ဤနေ့ ဤရက်ကို မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအောင်ပွဲနေ့အဖြစ် ဂုဏ်ယူစွာ အထိမ်းအမှတ်ပြုလျက် ရှိကြလေသည်။

ဤသို့လျှင် ထူးမြတ်လှသော အမျိုးသားနေ့ အခါသမယသည် လာမည့်နှစ်(၁၉၉၅ခုနှစ်)တွင် (၇၅)နှစ် စိန်ရတုသဘင်သို့တိုင် ပြည့်မြောက်တော့မည်ဖြစ်ပေရာ၊ ကျွန်ုပ်တို့က ဝမ်းမြောက်စွာလွန်း အခွန်းခွန်းလျှင် ဥဒါန်းကျူးရင့်လျက် ကြိုဆိုဂုဏ်ပြုလိုက် ရပေသတည်း။

အတွေးအမြင် စာစဉ် ၁၀၆၊ ဒီဇင်ဘာ ၁၉၉၄။

www.burmeseclassic.com

## သိမ်ငယ်စိတ်နှင့် ရန်လိုစိတ်

'မလုံတဲ့အိုး တုတ်နှင့်ထိုး' ဟူသော စကားပုံသည် ကိုယ်ကျင့်သိက္ခာယိုယွင်းသူများ မတော်မတရားပြုလုပ်ထားသူများအတွက် ရည်ညွှန်း၍ ရှေးလူကြီးများက အဆိုအမိန့် ပြုခဲ့ခြင်းဖြစ်သည်။

မကောင်းမှု ဒုစရိုက်ပြုလုပ်ထားသူများသည် မည်သည့်အခါမှ စိတ်မလုံချေ။ သူတစ်ပါးက မိမိအား ရိုးရိုးကြည့်ခြင်းကိုပင် မိမိ၏အကြောင်းကိုသိ၍ ကြည့်ခြင်းပေလောဟုဆိုကာ 'လန့်'နေတတ်သည်။ လန့်ခြင်းသည် သိမ်ငယ်စိတ်ကို ဖြစ်ပေါ်စေ၏။ သိမ်ငယ်စိတ်က ရန်လိုစိတ်ကို ဖြစ်ပေါ်စေပြန်လေသည်။

ရန်လိုတတ်သူများကို အချို့က သတ္တိရှိ၍ဟု ထင်မှတ်မှားတတ်ကြသည်။ စင်စစ်အားဖြင့် ရန်လိုစိတ်သည် အကြောက်တရား(သိမ်ငယ်စိတ်)မှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ညမှောင်မည်းမည်းတွင် လူသူကင်းရှင်းသောလမ်း၌ တစ်ယောက်တည်းလျှောက်သွားရသူအချို့သည် အသံကျယ်ကျယ် သီချင်းအော်ဆိုခြင်း၊ ဘေးဘီကိုအခြောက်တိုက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးခြင်း စသည်ဖြင့်ပြုမူတတ်ကြသည်မှာ သိမ်ငယ်စိတ်ကြောင့်ပင် ဖြစ်လေသည်။ တကယ်တမ်း သတ္တိရှိသူသည် မိမိသွားရာလမ်းကို တည်ငြိမ်ရဲဝံ့စွာ လျှောက်လှမ်းပေသည်။ အန္တရာယ်နှင့်ရင်ဆိုင်ရလျှင်လည်း ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားပေသည်။ 'လူပြောမသန် လူသန်မပြော'ဟူသည့် ပုံခိုင်းစကားကဲ့သို့ပင်ဖြစ်လေသည်။

နိစ္စဓူဝ လူမှုဆက်ဆံရေးလောက၌ ကျွန်ုပ်တို့သည် လူမျိုးစုံနှင့် ကြုံကြိုက်ထိတွေ့ကြရပေရာ လူ့အပြောထက် လူ့မနော လူ့အကြောင်းကို စူးစမ်းတတ်ရန် အထူးလိုအပ်ပေသည်။ အပြောကြီးပြီး လေလုံးထွားသူ၊ နိုင်လိုမင်းထက် ရန်လိုတတ်သူနှင့်ဆက်ဆံရလျှင် ထိုသူ၏ ဇာစ်မြစ်ကို သိအောင် ကြိုးစားရာသည်။ ထိုသူ၌ ရန်လိုစိတ်ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းကို သိပြီဆိုလျှင် ပြဿနာ၏ အဖြေကို ရှာနိုင်တော့မည်ဖြစ်သည်။

www.burmeseclassic.com


ဤနေရာတွင် 'မလုံတဲ့အိုး တုတ်နှင့်ထိုး'ခြင်းသည် ရံဖန်ရံခါ၌ အကောင်း ရလဒ်ဖြစ်ပေါ်၍ ရံဖန်ရံခါ၌ အဆိုးရလဒ်ထွက်လာတတ်သည်။ 'မလုံတဲ့အိုး တုတ်နှင့် ထိုး'ခြင်းသည် ဖုံးကွယ်ထားသော အပြစ်များကို ဖော်ထုတ်ဖွင့်ချခြင်းဖြစ်ရ ကား အချို့ သောသူများသည် တစ်ခါတည်း ဝပ်လျှိုးသွားကြသည်။ ယခင်က လေလုံး မိုးလုံး ထွားခဲ့သမျှ ထိုအခါ၌ ခေါင်းမဖော်နိုင်တော့ဘဲ အသံတိတ်သွားတတ်သည်။ အမှား ကိုဝန်ခံ၍ ပြုပြင်ပြောင်းလဲသော လူကောင်းတစ်ယောက်ဖြစ်သွားနိုင်သည်။

အချို့သောသူများကား ဖုံးကွယ်ထားသောအပြစ်များ ဖော်ထုတ်ဖွင့်ချခံရသော အခါ ချောင်ပိတ်မိသော ခွေးကဲ့သို့ ကြောက်ကန်ကန်တတ်သည်။ ရန်လိုစိတ် ပို၍ ပြင်းထန်လာပြီး အန္တရာယ်ပေးတတ်သည်။ အသင်းအဖွဲ့တစ်စုံတစ်ခုတွင် စာရင်းလိမ် ပြီး ငွေအလွဲသုံးစားလုပ်ထားသူသည် စာရင်းစစ်ခံရချိန်၌ စာရင်းစာအုပ်များနှင့် အဆောက်အအုံကိုပါ မီးရှို့ဖျက်ဆီးပစ်သော ဥပမာကဲ့သို့ ဖြစ်တတ်သည်။

သို့ဖြစ်လေရာ အမှားကိုဖော်ထုတ်တိုင်းလည်း အမှန်ကို မရနိုင်ကြောင်း သတိ ချပ်အပ်သည်။ တစ်စုံတစ်ယောက်အား သူ၏အမှားကို သိမြင်ပြီး အမှန်လမ်းကြောင်း ကို လျှောက်လှမ်းလာနိုင်အောင် ဆွဲဆောင်နိုင်မှသာလျှင် ပြဿနာ၏ အဖြေမှန်ကို ရရှိသည်ဟု ဆိုနိုင်ပေသည်။

အတွေးအမြင် စာစဉ် ၁၀၇၊ ဇန်နဝါရီ ၁၉၉၅။

www.burmeseclassic.com

# ရွေးချယ်ခွင့်

လူတစ်ကိုယ် အကြိုက်တစ်မျိုး ရှိကြစမြဲဖြစ်သည်။ မိမိက ကောင်းသည်ဟု ထင်မှတ်သောအရာကို ကြိုက်နှစ်သက်ကြစမြဲပင်။ လူသည် မိမိကြိုက်နှစ်သက်ရာကို သာ လိုချင်သည်။ ရွေးချယ်ခွင့်သာ ရှိပါက မိမိကြိုက်နှစ်သက်ရာကိုသာ ရွေးချယ်ယူ ငင်လိမ့်မည်ဖြစ်သည်။ ရွေးချယ်ခွင့် လုံးဝမရှိလျှင်ကား 'ရှိတာကို ယူချင်ယူ၊ မလိုချင် လျှင် ထားခဲ့ရုံသာ' ဖြစ်သည်။

သို့တိုင်အောင် အရောင်းထိုင်းကုန်ပစ္စည်းကို အရောင်းသွက်ကုန်ပစ္စည်းနှင့် တွဲရောင်းသော တစ်ခေတ်တစ်ခါ ရှိခဲ့ဖူးသည်။ အရောင်းသွက်ကုန်ပစ္စည်းကို မသုံးမဖြစ် လိုချင်သောကြောင့် မိမိအတွက် မလိုအပ်သော၊ နှစ်လည်း မနှစ်သက်သော အရောင်း ထိုင်းကုန်ပစ္စည်းကို တန်ဖိုးပေး၍ ဝယ်ယူရခြင်းဖြစ်သည်။

အရောင်းထိုင်းကုန်ပစ္စည်းကို မလိုအပ်၍၊ မလိုချင်၍ မယူလျှင် မိမိအတွက် လိုအပ်သော၊ လိုချင်သော ကုန်ပစ္စည်းကို လက်လွတ်သွားမည်စိုး၍ မလွှဲမရှောင်သာ ဖွတ်မိုတ်ပြီး ယူရခြင်းသည် စိတ်မချမ်းမြေ့စရာဖြစ်သည်။ မိမိမလိုချင်ဘဲ မတတ်သာ၍ ယူလိုက်ရသော ပစ္စည်းကို မြင်တိုင်း ဒေါမနဿဖြစ်ရတတ်သည်။

လူသည် ရွေးချယ်ခွင့်သာ ရှိပါက မိမိအတွက် လိုအပ်သည်ကိုသာ ယူမည် ဖြစ်သည်။ မိမိဖတ်လိုသော စာကိုဖတ်မည်။ မိမိကြည့်လိုသော ရုပ်ရှင်ကိုကြည့်မည်။ မိမိနားဆင်လိုသော တေးဂီတကိုဖွင့်မည်။ မိမိမကြည့်လို၊ နားမထောင်လိုလျှင် မျက်စိ မှိတ်၊ နားပိတ်၍ နေလိုက်ရုံသာ ရှိသည်။ နိုင်ငံခြားလေယာဉ်ကြီးများပေါ်တွင် ရုပ်ရှင် ဇာတ်ကားများပြလေ့ရှိရာ နားကျပ်တပ်ပြီး နားထောင်မှ အသံပါကြားရသည်။ မကြည့် ချင်လျှင် မျက်စိမှိတ်ထားရုံ၊ မျက်နှာလွှဲထားရုံဖြစ်သည်။ အလိုအလျောက် အသံထွက် နေလျှင် မကြားချင်ဘဲကြားနေရမည်ဖြစ်၍ နားကြပ်စနစ်ကို စီစဉ်ပေးထားခြင်း ဖြစ် သည်။ အသံမကြားလိုလျှင် နားကြပ်ဖြုတ်ထားလိုက်ရုံပင်။ ရွေးချယ်ခွင့် အပြည့်အဝ ရှိသည်။

www.burmeseclassic.com


ရွေးချယ်မှု မှန်မမှန်မှာ ရင့်ကျက်မှုအပေါ်တွင် တည်သည်။ အကောင်းအဆိုး ပိုင်းခြားဝေဖန်တတ်သော ဉာဏ်ပညာအပေါ်တွင် တည်သည်။ ထိုသို့ ပိုင်းခြားဝေဖန်တတ်ရန် မိမိကိုယ်မိမိ ပြုစုပျိုးထောင်မှုနှင့် ပတ်ဝန်းကျင်ကောင်း ရှိမှုတို့သည် အရေးကြီးသည်။ လူမှုဆက်ဆံရေးနှင့် အိမ်ထောင်ရေးစသည်တို့တွင် အပေါင်းအသင်းမမှားရန်၊ လူရွေးမမှားရန်၊ မိဘဆရာသမား ဆွေမျိုးမိတ်သင်္ဂဟများ၏ ပဲ့ပြင်ဆုံးမတည့်မတ်ပေးမှုသည် အရေးပါလှသည်။ သို့မှသာ ရွေးချယ်မှု မှန်ကန်မည်ဖြစ်သည်။

မည်သို့ဆိုစေ၊ ရွေးချယ်ခွင့်ရှိမှသာလျှင် ရွေးချယ်မှု မှန်ရေးမမှန်ရေးကိစ္စကို စဉ်းစားစရာ ရှိသည်။ အကောင်းအဆိုး မည်မျှပင် ပိုင်းခြားဝေဖန်နိုင်စွမ်း ရှိစေကာမူ 'တွဲရောင်း'စနစ်မျိုးနှင့် ကြုံနေရပါက ရွေးချယ်မှု မှန်မမှန်ဟူသည်မှာ အဓိပ္ပာယ် မရှိတော့ချေ။

သို့ဖြစ်ရကား ရွေးချယ်ခွင့်သည် လူ၏မူလပဓာန အနှစ်သာရပင် ဖြစ်ပေသတည်း။

အတွေးအမြင် စာစဉ် ၁၀၈၊ ဖေဖော်ဝါရီ ၁၉၉၅။

www.burmeseclassic.com

## ကိုယ်ကျိုးစွန့်သူများ၏ ကျေးဇူး

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ထည်ထည်ဝါဝါ ရပ်တည်နေခဲ့ရာမှ နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး သူ့ကျွန်ဘဝတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရဖူးသည်။ ထိုမှတစ်ဖန် ကမ္ဘာ့အခြေအနေ အလှည့်အပြောင်းတစ်ခုနှင့် ကြုံသောအခါဝယ် ဖက်ဆစ်ဝါဒီတို့လက်အောက်သို့ သုံးနှစ်သုံးမိုး ကျရောက်ခဲ့ရပြန်သည်။

သို့ရာတွင် မြန်မာတိုင်းရင်းသားပြည်သူတို့သည် နယ်ချဲ့လက်အောက်၌လည်းကောင်း၊ ဖက်ဆစ်လက်အောက်၌လည်းကောင်း လက်မှိုင်ချလျက် မလှုပ်မယှက် ငြိမ်ခံနေခဲ့ကြခြင်းအလျဉ်းမရှိခဲ့ပေ။ မိမိတို့အား မတရားစိုးမိုးအုပ်ချုပ်နေသူများ၏ လက်အောက်မှ လွတ်မြောက်ရန် သားစဉ်မြေးဆက် လက်ဆင့်ကမ်း တော်လှန်ရေးများ ဆင်နွှဲခဲ့ကြပေသည်။

နယ်ချဲ့ဗြိတိသျှများအား တွန်းလှန်တိုက်ခိုက်ခဲ့ကြသော မြင်စိုင်းမင်းသား၊ လင်းပင်မင်းသား၊ ရွှေဂျိုးဖြူမင်းသား စသော မင်းမျိုးမင်းနွယ်များမှစ၍ ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်၊ မင်းကြီးရွှေလရောင်ဘွဲ့ခံ ဦးမင်းရောင်၊ ဗိုလ်ချို၊ ဗိုလ်ရာညွန့်၊ ဗိုလ်ရွှေ စသော မှူးမျိုးမတ်မျိုးများနှင့် နှောင်းခေတ်တွင် ထင်ရှားခဲ့သော မင်းလောင်းမောင်သန့်၊ ဆရာစံ စသူတို့အထိ မြန်မာ့အာဇာနည်ပုဂ္ဂိုလ်ကြီးများသည် နယ်ချဲ့နှင့် နယ်ချဲ့အလိုတော်ရိများ၏ အမြင်တွင် ဆူပူသောင်းကျန်းသူ လူဆိုးဓားပြများဖြစ်ခဲ့ကြကုန်၏။ အရှင်သခင် အင်္ဂလိပ်မင်းများအား ရာရာစစအန်တုဝံ့သူများအဖြစ် ချိုးချိုးနှိမ်နှိမ်မှတ်တမ်းတင်ခြင်း ခံခဲ့ကြရကုန်၏။ နယ်ချဲ့ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကြီးကို ပုန်ကန်ဝံ့သူများသည် အုတ်နံရံကို ခေါင်းနှင့် ပြေးတိုက်သူများနှယ်ဖြစ်သည်ဟု ထိုခေတ်ကာလက ထင်မှတ်မှားခဲ့ကြ၏။

သို့ရာတွင် ထိုထိုသော ရှေးခေတ်တော်လှန်ရေးသမားကြီးများ၏ ကျေးဇူးကြောင့် သူ့ကျွန်မခံ အလံမလှဲသော စိတ်ဓာတ်အမွေကိုကား နှောင်လာနောက်သားများထံ လက်ဆင့်ကမ်းနိုင်ခဲ့ပေသည်။ နယ်ချဲ့တော်လှန်ရေး တိုက်ပွဲအလံကို သခင်အောင်

www.burmeseclassic.com


ဆန်းတို့ခေတ်တွင် အမြင့်မားဆုံး ပြန်လည်လွှင့်ထူနိုင်ခဲ့သည်။ ထိုမှတစ်ဆင့်တက်၍ ဖက်ဆစ်တော်လှန်ရေးအောင်လံကိုပါ စွဲကိုင်နိုင်ခဲ့ကြလေသည်။

စွန့်လွှတ်စွန့်စားဝံ့သူများ၏ ကျေးဇူးကြောင့်သာလျှင် ကျွန်ုပ်တို့သည် ယနေ့ ယခုအချိန်အခါတွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံသားများအဖြစ် ခိုင်ခိုင် မတ်မတ် ရပ်တည်နေနိုင်ကြခြင်းဖြစ်ပေသည်။ နယ်ချဲ့နှင့် ဖက်ဆစ်တို့လက်အောက်ကျ ရောက်နေချိန်၌ ကိုယ့်စီးပွားကိုယ်ရှာ၊ ကိုယ့်ဝမ်းစာကိုယ်ဖြည့်နေရုံမျှဖြင့် တင်းတိမ်ရောင့်ရဲ နေကြသူချည်းသာ ရှိနေခဲ့ပါက ကျွန်သဘောက်ဘဝမှ လွတ်မြောက်ရေးမှာ အဝေးကြီး ဝေးခဲ့ဦးမည် ဖြစ်ပေသည်။

ထို့ကြောင့် တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားသူများ၏ ကျေးဇူး တရားကို ကျွန်ုပ်တို့ မမေ့မလျော့ အစဉ်အမြဲ သတိရအပ်ပေသည်။ အကြောင်းကြောင်း ကြောင့် မိမိကိုယ်တိုင် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ကိုယ်ကျိုးစွန့်၍ မလုပ်ဆောင် နိုင်ကြသည့်တိုင်အောင် ကိုယ်ကျိုးစွန့်ပြီး လုပ်ဆောင်ခဲ့ကြသူများအား ကြည်ညို လေးစားသဒ္ဓါပွား၍ စိတ်အားသန်စွာ ထောမနာပြုသင့်ပါကြောင်း ထပ်လောင်း နှိုးဆော် လိုက်ရပေသည်။

အတွေးအမြင် စာစဉ် ၁၀၉၊ မတ် ၁၉၉၅။

www.burmeseclassic.com

## ပြဿနာနှင့် နည်းလမ်း

"အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရတတ်သည်" ဟူ သော စကားပုံကဲ့သို့ပင် လူသည် ပြဿနာများနှင့် အခက်အခဲများနှင့် တွေ့ကြုံရင် ဆိုင်ရစမြဲ ဖြစ်သည်။ ပြဿနာမရှိ၊ အခက်အခဲမရှိ၊ လုပ်သမျှ ကိုင်သမျှ အရာခပ်သိမ်း အမြဲတစေ ချောမောပြေပြစ်၍ ပြီးမြောက်အောင်မြင်သွားသူများ ဟူ၍ မရှိသလောက်ပင် ရှားပေလိမ့်မည်။

သို့ဖြစ်ရကား ပြဿနာများ၊ အခက်အခဲများနှင့် တွေ့ကြုံရင်ဆိုင်ရသောအခါ တိုင်း၌ လူသည် အောင်မြင်စွာ ကျော်လွှားနိုင်ရန် နည်းလမ်းရှာရသည်။ နည်းလမ်းရှာ သည်ဟု ဆိုလိုက်သည်နှင့် စဉ်းစားခြင်းသည် တစ်ပါတည်း ကပ်ပါလာသည်။ နည်း လမ်းကို စဉ်းစားဆင်ခြင်ခြင်းဖြင့်သာ ရရှိနိုင်ပေသည်။

နည်းလမ်း ရှာရာ၌ (က) မိမိ၏ အတွေ့အကြုံမှ ရရှိသော ကိုယ်ပိုင်စိတ်ကူး စိတ်သန်းကို အသုံးချခြင်းဖြင့်လည်းကောင်း၊ သူတစ်ပါးတို့ တွေ့ကြုံခဲ့ရသည်ကို ကြား နာမှတ်သားခဲ့ရဖူးခြင်းမှ ဆင့်ပွားတွေးခေါ်၍လည်းကောင်း ရှာဖွေလေ့ရှိကြသည်။

မိမိ၏ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ပြဿနာဖြေရှင်းရေးနည်းလမ်းများကို ရှာဖွေသူသည် မည်သို့သော အကျိုးရလဒ် ထွက်ပေါ်နိုင်သည်ကို ကြိုတင်မှန်းဆရန် ခက်ခဲတတ်သည်။ ဖြစ်နိုင်ခြေများကို မိမိဘာသာ စဉ်းစား၍ မိမိဘာသာ မှန်းဆရမည် ဖြစ်ရာ အမှန်တကယ် ရလဒ်နှင့် နီးစပ်သော အဖြေကို ရခဲသည်။ လူသည် ဆန္ဒစွဲနှင့် ယှဉ်၍သာလျှင် စဉ်းစားလေ့ရှိသည်ဖြစ်ရကား မိမိရွေးချယ်သော နည်းလမ်းသည်သာ လျှင် အမှန်ဆုံးဟု ထင်တစ်လုံး ဖြစ်တတ်စမြဲပင်။ မှားမှန်းသိချိန်တွင် ပြန်လည်ပြင်ဆင် ရန် နောက်ကျလွန်းသော အခြေအနေမျိုးနှင့် ကြုံရတတ်သည်။

သူတစ်ပါး၏ အလားတူ အတွေ့အကြုံများကို လေ့လာဆန်းစစ်၍ ဆင့်ပွား တွေးခေါ်ကာ နည်းလမ်းရှာဖွေခြင်းသည်ကား ဆင်ခြင်တုံတရားကို အထောက်အကူ ဖြစ်စေသည်။ အမှားနည်းစေသည်။ ဥပမာ–လူတစ်ယောက်သည် လမ်းလျှောက်လာရာ ရေမြောင်းတစ်ခုကို တွေ့ရသည်။ ရေမြောင်းကို ခုန်ကျော်သွားရန် စဉ်းစားသည်။ မြောင်း

၏ အကျယ်အဝန်းသည် သူခုန်ကျော်နိုင်လောက်သော အကျယ်အဝန်းမျှပင် ရှိသည်ဟု သူတွေးဆသည်။

သို့ရာတွင် သူ့အရင် ခုန်ကူးခဲ့သော လူနှစ်ယောက်သည် မြောင်းတစ်ဖက်တွင် မြေမာပဟုထင်ရသော နေရာ၌ ရွံ့နွံများဖြစ်နေ၍ ချော်လဲခြင်း၊ နွံနစ်ခြင်းများဖြစ်ခဲ့ကြဖူးကြောင်းကို သူသိထားပါက ရှေ့လူနှစ်ယောက် မှားခဲ့သော အမှားမျိုးကို သူထပ်မံပြုလုပ်တော့မည်မဟုတ်ချေ။ အခြားတစ်နည်းနည်းဖြင့် ရေမြောင်းကို ဖြတ်ကူးနိုင်ရန် နည်းလမ်း ရှာတော့မည်ဖြစ်သည်။

သို့မဟုတ်ဘဲ သူတို့မအောင်မြင်ပေမယ့် ငါအောင်မြင်နိုင်တယ်ဟု တစ်ယူသန်ယူဆကာ ရှေ့လူနှစ်ယောက် ကူးခဲ့သကဲ့သို့ပင် ထပ်တူပြုမိပါက ကြမ္မာတူ ကြုံတွေ့ရဖို့သာ ဖြစ်နိုင်ခြေများပေမည်။

လောက၌ လူအမျိုးမျိုး ရှိလေရာ သူတစ်ပါးအတွေ့အကြုံကို လေ့လာစရာမလို၊ ကိုယ်နည်းကိုယ့်ဟန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ့်လမ်းကိုယ်သွားဖို့သာ လိုသည်ဟု တစ်ယူသန် စွဲမြဲသူများလည်း ရှိသည်။ သူတစ်ပါးအတွေ့အကြုံကို ဆန်းစစ်လေ့လာ၍ မိမိ၏ ဉာဏ်စွမ်းဉာဏ်စဖြင့် မွမ်းမံကာ ကောင်းသည်ထက် ကောင်းအောင် နည်းလမ်းရှာတတ်သူများလည်း ရှိသည်။ သူတစ်ပါးအတွေ့အကြုံကို အပေါ်ယံမျှလေ့လာလျက် သူတို့မအောင်မြင်ခဲ့တာ ငါလည်း အောင်မြင်မှာ မဟုတ်ပါဘူးဟူ၍ စစ်မရောက်ခင် မြားကုန်သကဲ့သို့ အားလျှော့စိတ်ပျက်ပြီး နောက်ပြန်ဆုတ်တတ်သူများလည်း ရှိသည်။ သူတစ်ပါးအတွေ့အကြုံနှင့် အမှားများကို တွေ့ပါလျက် ဒါမျိုး ငါမမှားနိုင်ဟု မိမိကိုယ်မိမိ ထင်တစ်လုံးဖြင့် ဇွတ်တိုး အကဲစမ်းတတ်သူများလည်း ရှိသည်။

ပြဿနာနှင့် ရင်ဆိုင်ရတိုင်း မိမိဘယ်လိုလူစားမျိုး ဖြစ်သည်ဆိုခြင်းကို ပြဿနာကပင် စိန်ခေါ်စစ်ဆေးလျက် ရှိတတ်ပေသည်။

အတွေးအမြင် စာစဉ် ၁၁၀၊ မေ ၁၉၉၅

www.burmeseclassic.com

## နတ်ဆိုးကိုရှောင်

ဟာသရုပ်ရှင်ပြဇာတ်အချို့တွင် မင်းသမီးကို မင်းသားက လူဆိုးများ၏ လက်မှ ကယ်သော ဇာတ်လမ်းမျိုး ပြသလေ့ရှိသည်။ လူဆိုးဆိုသူများမှာ စစ်စစ်အား ဖြင့် မင်းသား၏ သူငယ်ချင်းများပင်ဖြစ်သည်။ မင်းသမီးကို နှောင့်ယှက်ဟန်ပြနေစဉ် မင်းသားက ဝင်ရောက်ကာ လူဆိုးများကို ထိုးကြိတ်မောင်းထုတ်ပစ်လိုက်၍ မင်းသမီး က မင်းသားကို ကျေးဇူးတင်ပြီး ကယ်တင်ရှင်အဖြစ် ချစ်ကြည်သွားလေသည်။

ရှေးမြန်မာတို့၏ ရိုးရာအစွဲအလမ်းများထဲတွင် စုန်းကဝေ၊ ရှာသူ စသည်တို့ ရှိသည်ဟု ယုံကြည်ခဲ့ကြသည်။ စုန်းပြုစားခံရ၍ ဗိုက်နာခေါင်းကိုက်ဖြစ်သောအခါ ပြုစားသူထံ သွားရောက်၍ ပူဇော်ပသတော့မှ ပညာကို ပြန်နုတ်သည်ဟူသော အစွဲ အလမ်းများ ရှိခဲ့ကြသည်။ အလားတူပင် ပယောဂဆရာများသည်လည်း လာဘ်မရှင် ချိန်များ၌ ကံနိမ့်သူတစ်ဦးဦးကို 'ပညာပြု'၍ မရှုနိုင်မကယ်နိုင် ဖြစ်အောင် လုပ်ထားကာ ခံရသူက သူ့ထံ လာရောက်၍ ရောဂါကို ကုပေးရန် တောင်းပန်တော့မှ သူ့ပညာကို ပြန်နုတ်ပြီး ကုသခ ရယူတတ်သည်ဟူသော ဆိုရိုးစကားများ ရှိဖူးသည်။

နတ်များတွင်လည်း နတ်ကောင်းနတ်မြတ်များ ရှိသကဲ့သို့ နတ်ဆိုးများ ရှိ ကြောင်းကို စာပေကျမ်းဂန်များ၌ ဖော်ပြထားသည်။ နတ်ဆိုးများအား အကျင့်လုပ်၍ ပူဇော်ပသမိလျှင် မပူဇော်နိုင်သည့်အချိန်၊ ပူဇော်ရန် မေ့လျော့မိသည့်အချိန်များတွင် ဒုက္ခ ပေးလေ့ရှိကြောင်း နိပါတ်ဇာတ်လမ်းများ ရှိခဲ့သည်။

ကျွန်ုပ်တို့ နိစ္စဓူဝကြုံတွေ့နေရသော လူမှုဆက်ဆံရေးလောက၌လည်း ယင်း သို့သော ဆင်တူဖြစ်ရပ်များ များစွာ ရှိတတ်လေသည်။ လွယ်လွယ်ကလေးကို ဆယ့်နှစ် ကြိုးဆင်၍ ဆက်ခဲအောင် လုပ်ထားပြီးမှ ဖြေရှင်းပေးခ ရယူသူများ၏ ဒဏ်ကို ခံကြ ရဖူးပေမည်။ အထူးသဖြင့် အကန့်အသတ်များ ရှိသော စီးပွားရေးလောက၌ ကြုံကြရ လေ့ ရှိသည်။

အသိဉာဏ် နုံချာသူသည် ယင်းသို့ တမင်ဖန်တီးထားသော အခက်အခဲကို ကျော်လွှားနိုင်အောင် စောင်မပေးသူများအား ကျေးဇူးပင် တင်နေတတ်ကြသေးသည်။

မဟုတ်မတရား ပြုလုပ်ခဲ့သူများသည် အသိဉာဏ်နုံချာသူများ၏ အမြင်၌ နတ်ဆိုးအဖြစ် အမှန်အတိုင်း ရုပ်လုံးမပေါ်ဘဲ မိမိအား မစကြည့်ရှုသော 'နတ်ကောင်းနတ်မြတ်'သဖွယ် ထင်မှတ်မှားစရာဖြစ်တတ်သည်။

သို့ဖြစ်ရာ 'နတ်ဆိုး'ကို 'နတ်ဆိုး'အဖြစ် အမှန်အတိုင်း မြင်တတ်အောင် အသိဉာဏ်ပွင့်လင်းဖို့ လိုသည်။ 'နတ်ဆိုး'ကို မကိုးကွယ်မိအောင် မိမိတို့၏ တစ်ကိုယ်ကောင်းလောဘကို ထိန်းချုပ်ဖို့ လိုသည်။ 'နတ်ဆိုး'ဟူသည် ကိုးကွယ်သူများ ပေါများနေသမျှ ရှင်သန်ကြီးထွားနေမည်သာ ဖြစ်၏။ ကိုးကွယ်သူလုံးဝမရှိတော့သော အခြေအနေသို့ ရောက်လျှင် 'နတ်ဆိုး'လည်း မခံနိုင်။ အမြန်ဆုံး နတ်သက်ကြွေမည်သာ ဖြစ်သည်။ 'နတ်ဆိုး'များ မရှိချိန်တွင် လောက၏ အလှတရားများ ပို၍ ဝေဆာတင့်တယ်လာမည် ဧကန်ဖြစ်ပေသတည်း။

အတွေးအမြင် စာစဉ် ၁၁၁၊ မေ ၁၉၉၅။

www.burmeseclassic.com

## ငြင်းပယ်ခွင့်

လူအပေါအဝင် သက်ရှိသတ္တဝါတိုင်းတွင် အလိုဆန္ဒအသီးသီး ရှိကြသည်။ စားလိုစိတ်၊ အိပ်လိုစိတ်၊ ကာမဂုဏ်ခံစားလိုစိတ် စသည်ဖြင့် အနည်းနည်းအဖုံဖုံသော အလိုဆန္ဒများ ဖြစ်ကြသည်။ လူတို့မှာကား တိရစ္ဆာန်တို့နှင့် မတူ၊ ထူးကဲသော အလိုဆန္ဒများ ရှိကြသေးသည်။ သိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ဝေဖန်ပိုင်းခြားလိုစိတ်တို့ဖြစ်သည်။

သို့ရာတွင် အလိုဆန္ဒဟူသည် လိုခြင်းတစ်ခုတည်းကိုသာ မဆိုချေ။ မလိုချင်ခြင်းသည်လည်း အလိုဆန္ဒပင်ဖြစ်၏။ မမြင်လို၊ မကြားလို၊ မသွားလို၊ မလာလို၊ မလုပ်လိုစသော မလိုခြင်းများစွာသည် လူတို့၌ ဖြစ်ပေါ်တတ်၏။

'လို၍မရသော ဆင်းရဲခြင်း'ဟူသော စကားရှိသလို 'မလိုသည်ကို ရသော ဆင်းရဲခြင်း'ဟူသည်လည်း ရှိပေသည်။ ချစ်သောသူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲခြင်းဖြစ်သကဲ့သို့ မချစ်သောသူနှင့် အတူနေရခြင်းသည်လည်း ဆင်းရဲခြင်းပင်ဖြစ်သည်ဟူသော တရားသဘောနည်းတူဖြစ်လေသည်။

လူ့လောကတွင် လိုချင်သည်ကို မရသောကြောင့် စိတ်ပင်ပန်းဆင်းရဲကြသူများက ပို၍များသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် အပြန်အလှန်သဘောအားဖြင့် မလိုချင်သည်ကို ရနေသောကြောင့် စိတ်ပင်ပန်းဆင်းရဲနေရသူများလည်း ရှိမည်မှာ ဧကန်ဖြစ်သည်။ မမြင်လို၊ မကြားလို၊ မသိလိုသည်များကို မြင်ရ၊ ကြားရ၊ သိနေရ၍လည်းကောင်း၊ မသွားလို၊ မလာလို၊ မလုပ်လိုသည်များကို သွားရ၊ လာရ၊ လုပ်နေရ၍လည်းကောင်း စိတ်ဆင်းရဲခြင်း ဖြစ်နေရသူများလည်း ရှိပေသည်။

လူတို့၏ ပင်ကိုဆန္ဒအလျောက်ဆိုလျှင် မစားချင်သည်ကို မစားဘဲ နေလိုသည်။ မိမိမနှစ်သက်သော အစာ၊ သို့မဟုတ် အကြောင်းကြောင်းကြောင့် မိမိရှောင်ကြဉ်ထားသော အစာကို မစားဘဲ ငြင်းပယ်လိုပေမည်။ ထို့အတူ မိမိမဝတ်ဆင်လိုသော အဝတ်အထည်ကိုလည်း ငြင်းပယ်လိုပေမည်။ မိမိမနေလိုသော ပတ်ဝန်းကျင်အသိုင်းအဝိုင်းကိုလည်း ငြင်းပယ်လိုပေမည်။

www.burmeseclassic.com


လူ့ဘဝရောက်ခါစ ကလေးသူငယ်သည်ပင်လျှင် နို့မစို့ချင်သော အချိန်၌ ပါးစပ်ကိုစေ့၍၊ ခေါင်းခါရမ်း၍ ငြင်းပယ်လေသည်။ ကလေးငယ်၌ နို့စို့ရန် ဆန္ဒမရှိချိန်တွင် အတင်းအဓမ္မတိုက်ကျွေးပါက အော်ဟစ်ငိုယိုခြင်းဖြင့် မကျေနပ်မှုကို ဖော်ပြလေသည်။ ယင်းမှာ မလိုသည်ကို ငြင်းပယ်ခြင်းဖြစ်၏။ ထို့အတူ ကလေးထံမှ သူမြတ်နိုးသော စားစရာ သို့မဟုတ် ကစားစရာပစ္စည်းတစ်စုံတစ်ခုကို အတင်းယူရန် ကြိုးစားပါက အော်ဟစ်ငိုယိုပေဦးမည်။ ယင်းသည် ပေးရန် ငြင်းပယ်ခြင်းဖြစ်၏။

သို့ရာတွင် လူသည် ကြီးပြင်းလာချိန်၌ ဗီဇသဘာဝအပြင် အမှားအမှန် အကောင်းအဆိုးကို ဝေဖန်သုံးသပ်နိုင်စွမ်းသော စဉ်းစားဉာဏ်ကိုပါ ပိုင်ဆိုင်လာ ပေသည်။ ထိုအခါ ကိစ္စများမြောင် လူတို့ဘောင်၌ ကြုံလာသမျှသော အရေးကိစ္စများ အား နှစ်သက်လက်ခံခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း စသည်ဖြင့် အဆုံးအဖြတ်ပြုရာ တွင် ဆင်ခြင်တုံတရားကို အသုံးချကြရလေသည်။ ဆင်ခြင်တုံတရား အနုအရင့်ကို လိုက်၍ အမှားအမှန်ရလဒ် ထွက်ပေါ်မည်ဖြစ်ပေသည်။

ငြင်းပယ်ခွင့်ကို အသုံးချရာ၌ ဆင်ခြင်တုံတရားလက်ကိုင်ထားမှသာလျှင် အမှားကင်းမည်ဖြစ်ပေသတည်း။

အတွေးအမြင် စာစဉ် ၁၁၂၊ ဇွန် ၁၉၉၅

www.burmeseclassic.com

## ကောင်းမှုနှင့် မကောင်းမှု

ကောင်းမှု မကောင်းမှုဟူသည် အဘယ်နည်း၊ မကောင်းမှုကို ဒုစရိုက်ဟု နားလည်ကြပြီးဖြစ်သည်။ ဘုရားဟောကျမ်းဂန်များအရ ဒုစရိုက် ၁၀ပါး ရှိသည်။ ၁။ သူ့အသက်သတ်ခြင်း ၂။ သူ့ဥစ္စာခိုးခြင်း ၃။ သူ့သားမယား ပြစ်မှားခြင်း၊ ၄။ လိမ်လည်ခြင်း၊ ၅။ ကုန်းတိုက်ခြင်း ၆။ ဆဲရေးတိုင်းထွာခြင်း၊ ၇။ အကျိုးမရှိသော စကားကို ပြောခြင်း၊ ၈။ သူတစ်ပါးကို မကောင်းကြံခြင်း၊ ၉။ သူတစ်ပါးကို ပျက်စီး အောင် ကြံခြင်း ၁၀။ အယူမှားခြင်းဟူ၍ ဖြစ်သည်။

ယင်း ၁၀ပါးကို မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် မကောင်းမှုကို ရှောင်ကြဉ်ခြင်း ဖြစ်၏။ သို့ရာတွင် အကုသိုလ်အလုပ်များကို ရှောင်ကြဉ်ရုံမျှဖြင့် ကုသိုလ်မရချေ။ မကောင်းမှုကို ရှောင်ကြဉ်ရုံမျှဖြင့် ကောင်းမှုပြုသည်ဟု မဆိုနိုင်ချေ။ သူတစ်ပါးအတွက်လည်းကောင်း၊ မိမိအတွက်လည်းကောင်း၊ ကောင်းရာကောင်းကြောင်း အကျိုးဖြစ်ထွန်းစေပါမှ ကောင်းမှုပြုသည်ဟု ဆိုနိုင်ပေသည်။ လူသွားလမ်းပေါ်တွင် ဆူးချပြီး သူတစ်ပါး ထိခိုက်နာကျင်အောင် လုပ်ခြင်းသည် မကောင်းမှုဖြစ်၏။ လမ်းပေါ်တွင် တွေ့သောဆူးကို ဖယ်ရှားပစ်ခြင်းသည် ကောင်းမှုဖြစ်၏။ လမ်းပေါ်တွင် ဆူးကို တွေ့ပါလျက် မဖယ်ရှားဘဲ ကိုယ်လွတ်ရုန်း၍ ရှောင်သွားခြင်းသည် မကောင်းမှုဖြစ်၏။

သို့ဖြစ်ရာ အများအကျိုးကို ဆောင်ခြင်း၊ အများအကျိုးကို ဖြစ်ထွန်းစေခြင်းသည် ကောင်းမှုဖြစ်သကဲ့သို့ အများအကျိုး ပျက်စီးဆုတ်ယုတ်စေမည့် မတော်မတရားမှုများကို တားဆီးကာကွယ်ခြင်း၊ ဖယ်ရှားဖြိုဖျက်ခြင်းသည်လည်း ကောင်းမှုဖြစ်၏။

မကောင်းမှုအကျိုးနှင့် ကောင်းမှုအကျိုးတို့သည် သီးခြားစီဖြစ်သည်။ ရောနှော ဆက်စပ်ခြင်း မရှိချေ။ မကောင်းမှု ပြုလုပ်ခဲ့သူသည် နောင်အခါကောင်းမှုပြုခြင်းကြောင့် ယခင်ပြုလုပ်ခဲ့သော မကောင်းမှု၏ အကျိုးဆက်များပြေပျောက်သွားခြင်း မရှိချေ။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်နှင့် ရဟန္တာအရှင်မြတ်ကြီးများပင်လျှင် အတိတ်ကံများ၏ အကျိုးပေးကို ဝဋ်အဖြစ်ခံခဲ့ကြရသေးသည်။ သာမန်လူများအဖို့ရာကား အထူးဆို ဖွယ်မရှိတော့ပါချေ။

www.burmeseclassic.com

သို့စင်လျက် အချို့လူများသည် မကောင်းမှုကို ပြုစဉ်၌ မဆင်မခြင် ပြုခဲ့ကြပြီး နောင်သောအခါ ကုသိုလ်ပြုလိုက်လျှင် ကျေသွားပြီဟု ထင်မှတ်မှားတတ်ကြ၏။ မကောင်းမှုနှင့် ကောင်းမှုကို အကြွေးဆပ်သကဲ့သို့ ဆပ်၍ရသည်ဟု ထင်မှတ်မှားတတ်ကြ၏။ ထိုသို့လုံးဝမဟုတ်ချေ။ မကောင်းမှုပြုခဲ့သည့်အတွက် ခံသင့်ခံထိုက်သော ဝဋ်ကို ခံရပြီးမှ ကောင်းမှုအကျိုးအတွက် စံသင့်စံထိုက်သော ဘုံသို့ ဆိုက်ရောက်မည်ဖြစ်သည်။

သို့ဖြစ်ရကား ဤသဘောကို နားလည်ကြပြီဆိုလျှင် ကောင်းမှု မပြုအားသော်မှ မကောင်းမှုကို မဆွကပင် လုံးဝရှောင်ကြဉ်ကြရန် ကြိုးစားအားထုတ်ကြသင့် သည်။ မကောင်းမှုဟူသည် တစိုးတစေ့မျှ ပြုမိခဲ့လျှင်ပင် ဝဋ်ခံရတတ်သည်ဟု မမေ့မလျော့နှလုံးသွင်းအပ်ကြသည်။

အတွေးအမြင် စာစဉ် ၁၁၃၊ ဇူလိုင် ၁၉၉၅။

www.burmeseclassic.com

## တစ်ကိုယ်ကောင်းစိတ်

'ကိုယ့်လက်ပေါ် မီးပွားကျမှ ပူမှန်းသိတတ်သည်'ဟူသော ဆိုရိုးစကား ရှိသည်။ ကိုယ်ချင်းစာတရားမကပ်သူများအား ရည်ညွှန်း၍ ရှေးလူကြီးတို့က မှတ်ချက်ချခဲ့ခြင်းဖြစ်ပေမည်။ တစ်ပါးသူတို့ ဘေးဒုက္ခရောက်နေပြီး မိမိကို မထိခိုက်သေးသမျှ ငါနှင့်မဆိုင်၊ ငါ့အပူမဟုတ်၊ အနေသာကြီးဟု တစ်ကိုယ်ကောင်းစိတ် မွေးတတ်သူများစွာရှိပေသည်။ ထိုသူများသည် ကိုယ်တိုင်ကိုယ်ကျ ဘေးဒုက္ခကြုံတွေ့ရသောအခါမှ ကိုယ်တွေ့ခံစားမိပြီးမှ ပူမှန်းသိတတ်ကြသည်ကို ဆိုလိုသည်။

ယင်းသို့ စိတ်သဘောရှိသူများသည် တိုင်းရေးပြည်ရေး၊ လူအများအရေးကို စိတ်မဝင်စားကြချေ။ လူအများ ကောင်းကျိုးစီးပွားအတွက် အချိန်ပေးအနစ်နာခံ၍ လုပ်ကိုင်နေကြသူများအပေါ်တွင်လည်း အကောင်းမမြင်ကြချေ။ ကိုယ်ကျိုးစီးပွားအတွက်မဟုတ်ဘဲ အချိန်ကုန်ခံ လူပန်းခံ၍ ပရဟိတ လုပ်ကိုင်နေကြသည်ဆိုခြင်းကို လက်ခံယုံကြည်နိုင်စွမ်းလည်း မရှိကြချေ။ 'ကိုယ့်အကျိုးမပါလျှင် ဘာမျှမလုပ်'ဟူသည့် 'ကိုယ်နှင့်နှိုင်း မရှိုင်း'အမြင်မျိုးဖြင့်သာ တိုင်းတာတတ်ကြပေသည်။

တစ်ကိုယ်ကောင်းသမားတို့၏ အမြင်တွင် မိမိ၏ အကျိုးစီးပွားကိုအထောက်အပံ့ပြုသူသည် မှန်သူကောင်းသူဖြစ်၏။ ထိုသူသည် လူဆိုးဓားပြဖြစ်နေစေကာမူ မိမိအား အကျိုးပြုနေလျှင် လူကြီးလူကောင်းအဖြစ် အိမ်ဦးခန်း၌ နေရာပေးဖို့လည်း ဝန်မလေးတတ်ချေ။ ထိုလူဆိုးလူမိုက်က မိမိမှတစ်ပါး အခြားသူများကို မျက်ရည်ပေါက်ကြီးငယ် ကျအောင် နိုင်ထက်စီးနင်း နှိပ်စက်ကလူ ပြုနေခြင်းကိုပင် ထောက်ခံအားပေးတတ်ကြသေးသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့လက်အောက်၌ မြန်မာနိုင်ငံ ကျရောက်နေချိန်တွင် ဖက်ဆစ်အလိုတော်ရိ စကားပြန်အချို့သည်လည်းကောင်း၊ ဖက်ဆစ်တို့နှင့် ကုန်ရောင်းကုန်ဝယ်ဖြစ်ထွန်းနေသူအချို့သည်လည်းကောင်း အထက်ဖော်ပြပါ လုပ်ရပ်များကို ပြုကျင့်ခဲ့ကြသည်ဟု မှတ်တမ်းတင်စာပေများ ရှိခဲ့ပေသည်။

www.burmeseclassic.com


မှတ်တမ်းတစ်ခုတွင် အလိုတော်ရီ စကားပြန်တစ်ဦးသည် အခြားကျေးရွာများသို့ ဂျပန်တပ်ဖွဲ့တစ်ဖွဲ့နှင့်အတူ လိုက်ပါ၍ ဂျပန်တို့ နှိပ်စက်ကလူ ပြုသမျှကို စိတ်ရောကိုယ်ပါ အားပေးအားမြှောက်ပြုနေချိန်၌ သူ၏ ဇာတိရွာသို့ အခြားဂျပန်တပ်ဖွဲ့တစ်ဖွဲ့ရောက်ရှိလာပြီး အဓမ္မမှုများ ပြုကျင့်ရာ အဆိုပါစကားပြန်၏ သမီးပျိုများပါ ပါဝင်ခံစားခဲ့ကြရပုံကို တွေ့ရှိရသည်။ ထိုအခါတွင်မှ တစ်ကိုယ်ကောင်းသမား စကားပြန်မှာ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ဖက်ဆစ်တို့ကို စိတ်နာကာ တော်လှန်ရေးသမားများနှင့် ပူးပေါင်းခဲ့သည်ဟု ဆိုလေသည်။

စင်စစ်အားဖြင့် ကိုယ့်လက်ပေါ် မီးပွားကျမှ ပူမှန်းသိတတ်ခြင်းသည် အသိဉာဏ်နံ့နဲ့၍သာ ဖြစ်ပေသည်။ အဆိုးအကောင်းခွဲခြားသိတတ်သော အသိဉာဏ်ရှိသူများသည် သူတစ်ပါးတို့၏ အပူကို ကြည့်၍ ကိုယ်ချင်းစာနာသော စိတ်ထားကို မွေးမြူနိုင်စွမ်း ရှိသည်။ မတရားမှုများကို စက်ဆုပ်ရွံရှာလျက် အဓမ္မဝါဒီများနှင့် မပေါင်းမဖော်ဘဲ ရှောင်ကြဉ်နိုင်စွမ်း ရှိကြသည်။ တစ်ကိုယ်ကောင်း အကျိုးစီးပွားကို ငါးစာအဖြစ်ပြ၍ မည်သို့ပင် ဖြားယောင်းသွေးဆောင်သော်လည်း မလိုက်မပါဘဲ ကြံ့ကြံ့ခံနိုင်စွမ်းရှိသူများ တိုးတက်ပွားများလာမှသာလျှင် အဓမ္မဝါဒီတို့ ဆုတ်ယုတ်တိမ်ကောမည် မုချဖြစ်ပေသည်။

အတွေးအမြင် စာစဉ် ၁၁၄၊ ဩဂုတ် ၁၉၈၅။

www.burmeseclassic.com

# ချစ်ကြောက်ခြင်းနှင့် မုန်းကြောက်ခြင်း

လောက၌ အချစ်နှင့်အမုန်းဟူသော ဆန့်ကျင်ဘက်တရားနှစ်ခု ရှိသည်။ မိမိက သူတစ်ပါးကို ချစ်ခြင်း၊ မုန်းခြင်းရှိသလို မိမိအပေါ် သူတစ်ပါးက ချစ်ခြင်း၊ မုန်းခြင်းလည်း ရှိသည်။ မိမိကိုယ်မိမိ ဆန်းစစ်ကြည့်လျှင် မိမိ၌ ချစ်ရမည့်သူ မည်မျှ များသနည်း။ မုန်းရမည့်သူ မည်မျှများသနည်း။ မိမိအပေါ် ချစ်သူ မည်မျှများသနည်း။ မုန်းသူမည်မျှ များသနည်းဆိုသည်ကို (မိမိကိုယ်မိမိ မလှည့်စားဘဲ ရှုမြင်လျှင်) အမှန် အတိုင်း တွေ့ရှိနိုင်ကြပေမည်။

ချစ်ခြင်းကို မေတ္တာဟူသော ပါဠိစကားနှင့် ယှဉ်တွဲသုံးစွဲကြသည်။ ချစ်ခြင်း မေတ္တာ၊ အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်သည်။ မေတ္တာထားခြင်းနှင့် တစ်ဆက်တည်းတွင် ကရုဏာ၊ မုဒိတာတရားများကိုလည်း မွေးမြူလာနိုင်ကြသည်။ မေတ္တာတွင် အတို့ အလှယ် ရှိသည်။ ရောင်ပြန်ရှိသည်ဟူ၍လည်း ယုံကြည်ကြသည်။ 'တစ်ဦးမေတ္တာ တစ်ဦးမှာ'ဟု ဆိုကြသည်။

ကမ္ဘာသူကမ္ဘာသားအားလုံး တစ်ဦးနှင့်တစ်ဦး မေတ္တာထားကြလျှင် ကမ္ဘာကြီး ငြိမ်းချမ်းမည် မုချဟူ၍ စာရေးဆရာကြီး ရွှေဥဒေါင်းက ယုံကြည်ခဲ့သည်။ 'မေတ္တာဝါဒရှုထောင့်'ဟူသော ဆောင်းပါးများကို လွန်ခဲ့သော နှစ် ၃၀ခန့်က ရေးသား၍ မေတ္တာဝါဒကို ဆရာကြီးက လှုံ့ဆော်မြှင့်တင်ခဲ့ဖူးသည်။

သို့ရာတွင် မေတ္တာတရားထွန်းကားရေးသည် ထင်သလောက် မလွယ်ကူချေ။ ယင်းနှင့် ဆန့်ကျင်ဘက် အမုန်းတရားက လောကလူသားတို့အပေါ် ကျယ်ပြန့်စွာ လွှမ်းမိုးနေသောကြောင့် ဖြစ်၏။ အမုန်းတရားဟူသည် လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ မစ္ဆရိယတို့မှ အတောမသတ် ပေါက်ဖွားလျက် ရှိသည်။ မေတ္တာဖြစ်ထွန်း ရေး အခြေခံတရားများထက် ရန်လိုမုန်းတီးမှု ဖြစ်ထွန်းရေး အခြေခံတရားများက အားကောင်းလျက် ရှိသည်။

စဉ်းစားဖွယ်ရာတစ်ရပ်မှာ အမုန်းတရား၏ အခြေခံများသည် အကြောက် တရားမှ ပေါက်ဖွားလာခြင်းပေလောဟူ၍ ဖြစ်သည်။ ကိုယ့်ထက် သူတစ်ပါးက ကြီးပွား

www.burmeseclassic.com


ချမ်းသာသွားမည်ကို ကြောက်ခြင်း၊ ကိုယ့်ကို အနိုင်ရသွားမည်ကို ကြောက်ခြင်း၊ ကိုယ့်ထက် သာလွန်သွားမည်ကို ကြောက်ခြင်းတို့သည် မိမိ၏ ပင်ကို လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ မစ္ဆရိယ အစွယ်ငေါငေါတို့ကို မဖုံးမဖိနိုင်အောင် ပေါ်လွင်စေပြီး အမုန်းတရားကို အားပေးအားမြှောက် ပြုလေတော့သည်။ ထို့ကြောင့် အပြန်အလှန် အားဖြင့် စဉ်းစားလျှင် မိမိသည် လူတစ်ယောက်ကို မုန်းတီးသည်ဆိုရာ၌ မိမိသည် ထိုသူအား ကြောက်စိတ်တစ်မျိုးမျိုး ဝင်နေခြင်းကြောင့် ဖြစ်နိုင်ပေသည်။

သင်လေးစား ကြည်ညိုသော မိဘ၊ ဆရာ၊ မိတ်ဆွေ သင်္ဂဟများအပေါ်၌ လည်း ချစ်ကြောက်ရိုသေမှု ရှိမည်ဖြစ်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များအပေါ်၌ သင်၏ 'ချစ်ကြောက်ခြင်း'သည် မုန်းတီးမှုထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သော ကြောက်စိတ်နှင့် လားလားမှ မသက်ဆိုင်ပေ။

မိဘဆရာသမားများအား ချစ်ကြောက်ခြင်းသည် ကြည်နူးပီတိစိတ်ကို အခြေခံ၏။ ရန်သူအား မုန်းကြောက်ခြင်းသည် ဒေါသစိတ်ကို အခြေခံ၏။

သင်က မုန်းကြောက်သူများပြားနေလျှင် သင့်အပေါ်၌လည်း မုန်းကြောက်သူ များပြားမည်မှာ ဧကန်ဖြစ်သည်။ သင်က ချစ်ကြောက်သူ များပြားလျှင် သင့်အပေါ်၌ ချစ်ကြောက်သူများစွာ ပေါ်ပေါက်ပေလိမ့်မည်။

အတွေးအမြင် စာစဉ် ၁၁၅၊ အောက်တိုဘာ ၁၉၉၅။

www.burmeseclassic.com

## မျှော်လင့်ချက်နှင့် အောင်မြင်ခြင်း

'မျှော်လင့်ချက်နှင့် အသက်ရှင်နေသည်'ဟု တင်စားပြောဆိုမှုများ ရှိသည်။ 'လူ့အလို နတ်မလိုက်နိုင်'ဟူသော စကားကဲ့သို့ လူ၏ အလိုဆန္ဒဟူသည် 'ရလေ လိုလေ' ဖြစ်တတ်စမြဲပင်။ ဆင်းရဲသူက ချမ်းသာလိုသည်။ ရုပ်ဆိုးသူက ရုပ်လှလိုသည်။ လူရာမဝင်သူက လူရာဝင်လိုသည်။ ဂုဏ်နိမ့်သူက ဂုဏ်မြင့်လိုသည်။

လူသည် တွားသွားသော တိရစ္ဆာန်တစ်ပိုင်းဘဝမှ မတ်မတ်လျှောက်လှမ်းသော အဆင့်မြင့်သတ္တဝါဖြစ်လာသည့်နည်းတူ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလိုသူဖြစ်သည်။ ဆုတ်ယုတ်ခြင်းကို မလိုလား၊ တိုးတက်ခြင်းကိုသာ လိုလားသည်။ ဤကား လူ၏ ဆန္ဒပိုင်းဖြစ်၏။

လက်တွေ့တွင်ကား လူ့ဘဝဟူသည် အစဉ်သဖြင့် တိုးတက်နေသည်ချည်း မဖြစ်နိုင်ချေ။ လောကဓံတရားရှစ်ပါးအတိုင်း ဝမ်းသာဝမ်းနည်း၊ ဆင်းရဲချမ်းသာ၊ ကဲ့ရဲ့ချီးမွမ်း၊ နိမ့်တုံမြင့်တုံ အဖုံဖုံအလီလီ ကြုံရမည်သာ ဖြစ်သည်။ နိမ့်ပါးနေသူတစ်ဦးသည် တစ်နေ့နေ့တွင် မြင့်မားလာပေဦးမည်ဟု မျှော်လင့်နိုင်သလို မြင့်မားနေသူအဖို့လည်း တစ်နေ့နေ့တွင် ဆုတ်ယုတ်ကျဆင်းသွားနိုင်သည်ကို မျှော်လင့်ထားရသည်။

နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံး ရှိချေ၏ စသော သံဝေဂလင်္ကာများသည် လောကဓမ္မတာကို ရိုးရှင်းစွာ ဖော်ကျူးထားခြင်းဖြစ်သည်။ လူဖြစ်လာသည်နှင့် တစ်နေ့တစ်ချိန်တွင် အိုရဦးမည်၊ နာရဦးမည်၊ သေရဦးမည်ဟု မျှော်လင့်ထားကြခြင်းသည် စိတ်ကူးယဉ်မျှော်လင့်ချက်များ မဟုတ်ချေ။ ဖြစ်ရိုးဖြစ်စဉ် လောကဓမ္မတာကို မျှော်လင့်ထားခြင်းဖြစ်၍ ကိုယ်တွေ့ကြုံလာရချိန်တွင် တရားနှင့် ဖြေနိုင်ကြလေသည်။

လူအများသည်ကား လိုချင်တောင့်တသော မျှော်လင့်ချက်များဖြင့်သာ ဘဝကို အချိန်ကုန်လေ့ ရှိကြသည်။ ဘာဖြစ်ချင်သည်၊ ညာဖြစ်ချင်သည် စသော မျှော်လင့်ချက်များကို တစ်ဆင့်ပြီး တစ်ဆင့် မဆုံးနိုင်အောင် တန်းစီထားလေ့ရှိကြသည်။ မျှော်လင့်ထားသည်များ ဖြစ်မလာသောအခါ ကိုယ်စိတ်နှလုံး ညှိုးချုံး၍ လူလုံးမလှဖြစ်ကြရလေသည်။

www.burmeseclassic.com

မည်သို့ပင်ရှိစေ၊ 'ကြိုးစားက ဘုရားဖြစ်နိုင်သည်' 'ယောက်ျားတို့လုံ့လ သေခါမှလျှော့'ဟူသော အားမာန်စကားများသည်လည်းကောင်း၊ 'မဟာဇနကထုံး နှလုံး မူ၍' ဟူသော ဥပမာသည်လည်းကောင်း၊ မျှော်လင့်ချက် ထားရှိသူများအတွက် အားတက်စရာများပင်ဖြစ်သည်။ သို့ရာတွင် ဤထုံးနမူနာများကပင် မျှော်လင့်ချက် ပြည့်မြောက်ရေးအတွက် ဖွဲလုံ့လ ဝီရိယသည် မည်မျှ အရေးပါလှကြောင်းကို ပြဆိုလျက်ရှိသည်။

ကြီးပွားအောင်မြင်ရေး ရှေးရှု လုပ်ကိုင်နေကြသူများအဖို့ ဗုဒ္ဓဘာသာ အဆုံးအမတရားဖြစ်သော 'ကံ၊ ဉာဏ်၊ ဝီရိယ' ပြည့်ဝရေးကို ကြိုးပမ်းကြရသည်။ မျှော်လင့်ချက်တစ်စုံတစ်ရာ ပြဋ္ဌာန်းထားရှိသူများသည် ကံ၊ ဉာဏ်၊ ဝီရိယနှင့် လွတ်ကင်းလစ်ဟင်းနေပါက ထီမထိုးဘဲ ထီပေါက်ရန် မျှော်လင့်နေခြင်းသကဲ့သို့ပင်ဖြစ်ပေလိမ့်မည်။

သို့ဖြစ်ရကား မျှော်လင့်ချက်ကိုယ်စီ ထားကောင်းသည်။ သို့ရာတွင် မျှော်လင့်ချက်ပြည့်မြောက်ရေးအတွက်လည်း ကြံဆမှု၊ ကြိုးပမ်းမှု၊ အားထုတ်မှုများ ရှိကြရမည်။ ဤနေရာတွင် 'အတ္တာဟိ အတ္တနော နာထော' မိမိကိုယ်သာ ကိုးကွယ်ရာဟူသော ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသည် အချိန်ကာလမရွေး မှန်ကန်လျက် ရှိသည်။

အတွေးအမြင် စာစဉ် ၁၁၆၊ နိုဝင်ဘာ ၁၉၉၅။

## ပူဇော်ထိုက်သူတို့အား ပူဇော်ခြင်း

ရတနာသုံးပါးအဆုံးအမ၌ တည်ကြသူတို့သည် ရတနာသုံးပါး၊ မိဘ၊ ဆရာ သမားများကို အစဉ်မပျက် ရှိခိုးပူဇော်လေ့ရှိကြသည်။ ထိုအခါ ဆရာ မိဘတို့ ဆုပေးကြသည်။

အဘိဝါဒနသီလဿ၊
နိစ္စံ ဝုဍ္ဍ ဂစာယိနော။
ဝတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။

အနက်မှာ 'ကြီးမြတ်သောသူတို့ကို အရိအသေပြုလေ့ရှိသည်ဖြစ်၍ ရှိခိုးတတ်သော အလေ့ရှိသောသူအား အသက်ရှည်ခြင်းလည်းကောင်း၊ အဆင်းလှခြင်းလည်းကောင်း၊ ကိုယ်စိတ်ချမ်းသာခြင်းလည်းကောင်း၊ ခွန်အားကြီးခြင်းလည်းကောင်း၊ ဤလေးပါးသော တရားတို့သည် အခါခပ်သိမ်း ပွားကုန်၏။'

ဤဂါထာကို ပရိတ်ကြီး အာဋာနာဋိယသုတ်၌လည်းကောင်း၊ ဓမ္မပဒပါဠိတော် သဟဿဝဂ်၊ ၈–အာယုဝဍ္ဎန ကုမာရဝတ္ထု ဂါထာ ၁၀၉၌လည်းကောင်း တွေ့နိုင်သည်။

ရတနာသုံးပါး မိဘ၊ ဆရာတို့အား ရိုသေစွာ ရှိခိုးပူဇော်ခြင်းဖြင့် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ အကျိုးတရားလေးပါးတို့ကို ရနိုင်သည်ဟု ဆိုလိုသည်။

အချို့က အနန္တောအနန္တ ငါးပါးနှင့် ဆက်တွဲ၍ မိမိထက် တစ်နေ့တစ်ရက် တစ်မနက် အသက်ကြီးသော သူများကိုလည်း ရှိခိုးပူဇော်လေ့ ရှိကြသည်။ ဤနေရာတွင် ၃၈ဖြာ မင်္ဂလာမှ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတရားတည်းဟူသော အဆုံးအမကို သတိချပ်အပ်သည်။

'ပူဇော်ထိုက်သူကို ပူဇော်'ခြင်း ပြုရမည်ဆိုလျှင် 'မပူဇော်ထိုက်သူကို မပူဇော်အပ်'ဟု ယူသော် ရကောင်း၏။ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးသူများကို ရှိခိုးပူဇော်ခြင်းသည် ပူဇော်အပ်သော်လည်း အဆိုပါ ဂုဏ်သုံးဂုဏ်အရာ၌ မိမိထက် မကြီးမမြတ်သူများအား ရှိခိုးပူဇော်လျှင် အချည်းနှီးပင် ဖြစ်တတ်လေသည်။

ဆရာကြီးဦးဖိုးကျား ရေးသားသော ခေတ်မီမြန်မာရာဇဝင်အကျဉ်း၌ 'တစ်ခါသော် အလောင်းစည်သူသည် မိမိ၏ ဘိုးလောင်းတော် ဘေးလောင်းတော်တို့မှာ မိမိလောက် ဘုန်းမကြီးကြောင်း စိတ်နှုတ်ဖြင့် ပြစ်မှားမိရာ မျက်လုံးနှစ်ဖက် ကွယ်လေ၏ဟု ဆိုလေသည်။ ထိုအခါ ပညာရှိမှူးမတ်တို့ ညွှန်ကြားချက်အရ ပုဂံတည်စ သမုတိရာဇ်မင်းကစ၍ ခမည်းတော်စောယွန်း၊ ဘိုးတော်ကျန်စစ်မင်းတိုင် မင်း ၄၄ဆက် အာရုံပြုလျက် ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ရှိခိုး၍ ကန်တော့ရသောဟူ၏။ ထိုသို့ ကန်တော့စဉ်က ထိုအရုပ်တို့အနက် ပြူစောထီး၊ အနော်ရထာ၊ ကျန်စစ်သား ဤသုံးရုပ်သာ ခံနိုင်၏။ အခြားအရုပ်တို့မှာ တုံးလုံးလဲလေသည်ဟု ဆိုသည်'ဟူ၍ ဖော်ပြခဲ့ပုံမှာ မှတ် သားဖွယ်ကောင်းလှသည်။

သို့ဖြစ်ရာ မိမိထက် သီလ၊ သမာဓိ၊ ပညာ ဂုဏ်သုံးဖြာ မသာလွန်သူများအား ရှိခိုးပူဇော်ခြင်းဖြင့် အချည်းနှီးမဖြစ်စေဘဲ မိမိထက် ဂုဏ်သုံးဖြာ သာလွန်သူများကိုသာ ရိုသေ ဝပ်တွား ပူဇော်အပ်ကြပေသတည်း။

အတွေးအမြင် စာစဉ် ၁၁၇၊ မတ် ၁၉၉၆။

www.burmeseclassic.com

## လမ်းစဉ်နှင့် ပန်းတိုင်

အတွေးအခေါ်ပညာတွင် ရှေးခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင် ပေါ်ပေါက်ခဲ့သော အယူဝါဒအမျိုးမျိုးကို လေ့လာကြရသည်။ အယူဝါဒတစ်ခုကို လေ့လာလျှင် အတ္တဝါဒလော၊ အနတ္တဝါဒလောဟု ဆန်းစစ်လိုက်ခြင်းအားဖြင့် ထင်ရှားခြားနားသော အုပ်စုများ ခွဲ၍ ရနိုင်သည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဝါဒသည် အနတ္တဝါဒဖြစ်၏။ အတ္တကိုပယ်သော ဝါဒဖြစ်၏။ ကိလေသာအမျှင်များကို ဖြတ်တောက်၏။ လောကသုံးပါးကို ရှုမြင်ရာ၌ အနတ္တအမြင်ဖြင့် မမြင်ဘဲ အတ္တအစွဲဖြင့် ရှုမြင်လျှင် အယူမှား (မိစ္ဆာဒိဋ္ဌိ)ဟု အခိုင်အမာ ပြောနိုင်သည်။

အယူမှားသုံးမျိုးရှိ၏။ နတ္ထိကဝါဒ၊ အဟေတုကဝါဒ၊ အကြိယဝါဒဟူ၍ ဖြစ်သည်။ နတ္ထိကဝါဒသည် အကျိုးကိုပယ်သော ဝါဒဖြစ်၏။ အကြောင်းနှင့်အကျိုး နှစ်မျိုးရှိသည့်အနက် အကျိုးကိုလက်မခံ။ အကြောင်းသည်သာ ပဓာနဟု ခံယူသည်။ ထို့ ကြောင့် လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရာတွင် မိမိလုပ်နေသောအလုပ် ပြီးဆုံးအောင်သာ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ဖို့လိုသည်။ တရားသည် မတရားသည် ဟူ၍မရှိ၊ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း အမှုမထား။ ငါကနောက်ကျသည်။ သူက အလျင်ဦးသည်။ ထို့ကြောင့် သူ့ကိုကျော်ပြီး ငါက အခွင့်အရေးယူရန်မသင့် ဟူ၍ စဉ်းစားရန် မလို။ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ နက်ဖြန်ခါဟူ၍မရှိဟု နတ္ထိကဝါဒက သွန်သင်၏။ ထို့ကြောင့် ထိုအလုပ်မှ ထွက်ပေါ်လာသော အကျိုးတရားအပေါ် တစ်စုံတစ်ရာ တွေးတောစူးစမ်းရန် မလို။ လမ်းစဉ်နှင့် ပန်းတိုင်တွင် လမ်းစဉ်သာ ပဓာနဖြစ်သည်ဟု ခံယူ၏။ ဤဝါဒကို ရှေးခေတ်က အဇိတာကေသကမ္ဗလ ဆရာကြီးက ဟောပြောခဲ့သည်။

အကြိယာဝါဒဟူသည် အကြောင်းကိုပယ်သော ဝါဒဖြစ်သည်။ မိမိလိုသော အကျိုးကို ရမည်ဆိုလျှင် လိမ်၍ပဲရရ၊ လု၍ပဲရရ၊ နောက်ဆုံးအဖကို သတ်၍ပဲရရ၊ အားလုံး မှန်သည်ချည်းဖြစ်သည်။ အကျိုးကို ရမှတော့ အကြောင်းမှန်၍ ရခြင်းဖြစ်

www.burmeseclassic.com

သည်ဟု ယုံကြည်ကြသည်။ လမ်းစဉ်နှင့်ပန်းတိုင်တွင် ပန်းတိုင်သာ ပဓာနဖြစ်သည် ဟူသော ဤဝါဒကို ရှေးခေတ်က ပုရာဏကဿပ ဆရာကြီးက ဟောပြောခဲ့၏။အနောက်တိုင်းတွင် နောင်အခါ ပေါ်ပေါက်လာသော မက္ခိရာဗယ်လီ၏ အယူအဆနှင့် ထပ်တူသဘော ရှိသည်။

အဟေတုကဝါဒကား အကြောင်းနှင့်အကျိုး နှစ်မျိုးလုံးကို ပယ်သည်။ ဤလောက၌ အကြောင်းလည်း ပဓာနမဟုတ်။ အားလုံး သူဖြစ်ချင်သလို ဖြစ်နေကြသည်။ အကြောင်းကောင်းသော်လည်း အကျိုးကောင်းချင်မှကောင်း၏။ အကြောင်းမကောင်းသော်လည်း အကျိုးကောင်းချင်ကောင်း၏။ ထို့ကြောင့် အကြောင်းအကျိုး နိယာမတွင် ဘာမျှ ပုံသေသတ်မှတ်၍မရ။ လမ်းစဉ်နှင့်ပန်းတိုင်တွင် လမ်းစဉ်လည်း ပဓာနမကျ၊ ပန်းတိုင်လည်း ပဓာနမကျ။ ကောင်းသည်ထင်လျှင် လုပ်သင့်သည်ချည်းပင်။ နောက်ဆံတင်းမနေသင့်။ လုပ်လိုသည်ကို လုပ်ဖြစ်အောင်သာ လုပ်ပစ်လိုက်ဟု ဆိုးမသည်။ ဤဝါဒကို မက္ခလိဂေါသာလ ဆရာကြီးက ဟောပြောခဲ့သည်။

ဗုဒ္ဓ၏ သမ္မာဒိဋ္ဌိကဝါဒကား အကြောင်းကိုလည်း ကြည့်သည်။ အကျိုးကိုလည်း ကြည့်သည်။ အကြောင်းနှင့်အကျိုး အဆက်အစပ်ကိုလည်း ကြည့်သည်။ မတူသော ဝိသေသလက္ခဏာကိုလည်း ကြည့်သည်။ တူသော သာမညလက္ခဏာကိုလည်း ကြည့်သည်။ ဝိသေသနှင့် သာမညတို့မှ လွတ်မြောက်မှု ဝိမုတ္တိကိုလည်း ကြည့်သည်။ သို့ဖြင့် လမ်းမှန်ကို မြင်နိုင်သည်။ မှန်ကန်သော ပန်းတိုင်သို့ ရောက်နိုင်သည်။

အထက်ဖော်ပြပါတို့မှာ ကွယ်လွန်သူ ဆရာကြီး ဦးရွှေအောင်၏ 'ဗုဒ္ဓ သို့မဟုတ် အနိုင်းမဲ့'ကျမ်းမှ အတွေးအမြင်အချို့ကို အနှစ်ချုပ်၍ တင်ပြလိုက်ခြင်းဖြစ် ပါသည်။ မိမိသည် အလုပ်တစ်ခုလုပ်တိုင်း မည်သည့်အယူဝါဒနှင့် လုပ်နေသနည်းဟု ဤစာကို ဖတ်၍ ဆန်းစစ်ချိန်ထိုးကြည့်နိုင်သည်။ မိမိကိုယ်မိမိ ရဲရဲကြည့်တတ်သူသည် အဖြေမှန်ကို ရလိမ့်မည်ဖြစ်ပေသတည်း။

အတွေးအမြင် စာစဉ် ၁၁၈၊ မေ ၁၉၉၆

www.burmeseclassic.com

## ကိုယ်ကောင်းလျှင် ခေါင်းမရှော့

လူမှုဆက်ဆံရေးတွင် လူကောင်းလူဆိုး အမျိုးစုံစွာ ကြုံတွေ့ကြရစမြဲ ဖြစ် သည်။ မိမိကို ချစ်ခင်သူရှိသလို မုန်းတီးသူလည်း ရှိမည်သာ။ ချီးမွမ်းသူရှိသလို ကဲ့ရဲ့ သူလည်း ရှိမည်သာ။ ယင်းသို့သော ကြုံမြဲဓမ္မတာများကို ထုံးပြု၍ ရှေးလူကြီးများက ဆိုရိုးစကားများ၊ ဆောင်ပုဒ်များ ထားရှိခဲ့ကြလေသည်။

'ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်' 'ခွေးဟောင်တိုင်း ထကြည့်လျှင် အိပ်ရေး ပျက်သည်' 'ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်' 'ကိုယ်ကောင်းလျှင် ခေါင်း မရှော့'စသော ဆိုရိုးစကားများသည် လူ့လောကထဲတွင် ကျင်လည်နေရသမျှ လက်စွဲ ပြုထားရမည့် အဖိုးတန်အဆုံးအမများပင်ဖြစ်ပေသည်။ လူ့ပတ်ဝန်းကျင် လူ့လောကမှ ဖယ်ရှောင်ကာ၊ တောထဲတောင်ထဲတွင် ဧကစာ ကျင့်သုံးလျက် တရားရှာဖွေနေသူများ မှလွဲ၍ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် နေထိုင်သူဟူသမျှသည် ပေါင်းသင်းဆက်ဆံရေး နှင့် မကင်းလွတ်ကြချေ။ မပေါင်းချင်သော်လည်း ပေါင်းသင်းနေကြရမည်။ မဆက်ဆံ ချင်သော်လည်း ဆက်ဆံနေကြရမည်သာ ဖြစ်သည်။ လူ့အသိုင်းအဝိုင်းထဲ နေပြီး လူ တွေနှင့် မပေါင်းသင်း မဆက်ဆံဘဲနေလျှင် ပုံမှန်မဟုတ်သော စိတ်ရောဂါရှင်ဖြစ်သွား ပေတော့မည်။

ပတ်ဝန်းကျင်နှင့် အဆင်မပြေသူ အတော်များများက 'လောကကြီးကို စိတ် ကုန်တယ်'ဟူသော စကားမျိုးကို ပြောလေ့ရှိကြသည်။ ထိုသို့စိတ်ကုန်သူများအနေဖြင့် ရှေးဦးစွာ ဆင်ခြင်စဉ်းစားရန် ရှိသည်မှာ မိမိက မှားသလား၊ လောကကြီးက မှားသလား ဟူသော မေးခွန်းပင်ဖြစ်၏။

မိမိက မမှားဘဲ လောကကြီးက မှားနေသည်ဟု ခိုင်ခိုင်လုံလုံ ပြောနိုင်လျှင် မိမိမှန်ကန်ကြောင်းကို လောကကြီးက လက်ခံလာအောင် လုပ်ဖို့သာ ရှိသည်။ လောက ကြီးကို စိတ်ကုန်နေရုံမျှဖြင့် မိမိ၏ မှန်ကန်မှုကို သက်သေပြနိုင်မည်မဟုတ်ချေ။ ရံဖန် ရံခါ မိမိက မှန်နေတိုင်းလည်း အတိုက်အခိုက် မလွတ်ကင်းတတ်ကြောင်းကို သတိချပ် အပ်သည်။ လွယ်ကူထင်ရှားသော သာဓကတစ်ရပ်မှာ မိမိက လမ်းကြောင်းမှန်မှန် ကားမောင်းလာသော်လည်း လမ်းကြောင်းမှားပြီး မောင်းလာသော ကားက ဝင်တိုက် ခြင်းကို ခံရတတ်ပုံမျိုးဖြစ်သည်။

www.burmeseclassic.com


လွန်ခဲ့သော နှစ်ပေါင်း(၄၀၀)ခန့်က ပိုလန်လူမျိုး နက္ခတ်ပညာရှင် ကော်ပါးနိကပ်စ်သည် ကမ္ဘာကြီးအား နေက လှည့်ပတ်နေသည်ဟူသော ရှေးအစဉ်အလာ အယူအဆကို တော်လှန်ကာ နေကိုသာ ကမ္ဘာက လှည့်ပတ်နေသည်ဟု ကျမ်းစာအုပ် ပြုစု၍ တင်ပြခဲ့သဖြင့် ဝိုင်းဝန်းရှုတ်ချခြင်း ခံခဲ့ရသည်။ ကော်ပါးနိကပ်စ်၏ ဝါဒကို ဆက်လက် ဖြန့်ချိသော သူ၏တပည့် ဂျော်ဒန်နိုဘရူနိုဆိုသူမှာ မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲခံရပြီး မီးရှို့၍ သေဒဏ်စီရင်ခံခဲ့ရသည်။ အလားတူ အီတလီလူမျိုး ဂယ်လီလီယိုဆိုသူကလည်း နက္ခတ်ကြည့်မှန်ပြောင်း တီထွင်ပြီး ကမ္ဘာကြီးသည် မိမိဘာသာ လည်ပတ်နေသည်ဟု ပြောဟောမှုဖြင့် ထောင်ဒဏ်တစ်သက် စီရင်ခြင်း ခံခဲ့ရသည်

ထိုစဉ်က မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲခံခဲ့ရသော ကော်ပါးနိကပ်စ်၊ ဂျော်ဒန်နိုဘရူနိုနှင့် ဂယ်လီလီယိုတို့သည် နောင်အခါ ကမ္ဘာ့ကျေးဇူးရှင်ကြီးများ စာရင်းဝင်သွားခဲ့ကြသည်။ သူတို့သည် လောကကြီးကို စိတ်ကုန်ပြီး အမှန်ကို အမှန်အတိုင်း ဝံ့ဝံ့စားစား မတင်ပြခဲ့ကြပါက ခေတ်သစ်သိပ္ပံပညာ ပေါ်ပေါက်လာဖို့ပင် နှစ်ပေါင်းများစွာအလှမ်းဝေးခဲ့တော့မည်ဖြစ်သည်။

သို့ဖြစ်ရကား မိမိက မှန်ကန်နေဖို့ မိမိက ကောင်းနေဖို့သာလျှင် အရေးကြီးသည်။ လမ်းမှားနေသူက မိမိကို ဝင်တိုက်၍ မိမိက ခံလိုက်ရသည့်တိုင်အောင် ယာယီအားဖြင့် ခံရခြင်းသာ ဖြစ်လိမ့်မည်။ ဇာတ်ရည်လည်သွားသောအခါ အမှန်သည် အမှန်နေရာမှာ ရှိ၍ အမှားသည် အမှားနေရာ၌သာ ရှိပေလိမ့်မည်။

အတွေးအမြင် စာစဉ် ၁၁၉၊ ဇွန် ၁၉၉၆။

www.burmeseclassic.com

## အမျက်မထွက်ခြင်းနှင့် သည်းခံခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် ရဟန်းငါးရာ ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ နာဠန္ဒသို့ ခရီးရှည် ကြွတော်မူသည်။ ထိုအချိန်တွင် သုပ္ပိယပရိဗိုဇ်သည်လည်း ပရိဗိုဇ် ပရိသတ် ခြံရံလျက် ဘုရားရှင် ပရိသတ်နောက်မှလိုက်ကာ ရာဇဂြိုဟ်မှ နာဠန္ဒသို့ပင် ခရီးရှည်သွားလေသည်။ သုပ္ပိယ ပရိဗိုဇ်က "ရဟန်းဂေါတမဟာ သဗ္ဗညု (အလုံးစုံကို သိသူ) မဟုတ်ဘူး။ ကြံဆပြီး ပြောတာ ဟောတာ"စသည်ဖြင့် ကဲ့ရဲ့စွပ်စွဲစကား ပြော ကြားလျက် နောက်က လိုက်ပါလာခဲ့လေသည်။

လမ်းခုလတ် သရက်ဥယျာဉ်တွင် နေဝင်ခါနီး နားခိုကြရာ၌လည်း ဘုရားရှင် အုပ်စုကတစ်ဖက်၊ ပရိဗိုဇ်အုပ်စုက တစ်ဖက် ယှဉ်လျက် နေကြလေသည်။ သုပ္ပိယပရိဗိုဇ် သည် တစ်ညလုံး ရေးနည်းနှင်နှင် ကဲ့ရဲ့စွပ်စွဲစကားများ ပြောဆိုနေပြန်လေသည်။

မိုးလင်းသော် ရဟန်းများက ထိုအကြောင်းကို ပြောဆိုလျှောက်ထားကြသည့် အခါ ဘုရားရှင်က "ရဟန်းတို့၊ တစ်ပါးသော သူတို့သည် ငါဘုရားကိုမူလည်း ကျေး ဇူးမဲ့ကဲ့ရဲ့စကား ပြောဆိုကုန်ရာ၏။ သံဃာတော်ကိုမူလည်း ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောဆိုကုန်ရာ၏။ ထိုသူတို့အပေါ် သင်တို့ အမျက်မထွက်ကြကုန်နှင့်။ မဟုတ်မမှန် သည် စကားကို မဟုတ်မမှန်သည်အဖြစ်ဖြင့်သာလျှင် သင်ပြောသည့် ဤစကားသည် ဤအကြောင်းကြောင့် မမှန်၊ ငါတို့ဘုရားသည် ဤအကြောင်းကြောင့် အလုံးစုံကို သိသည့် သဗ္ဗညုအစစ်သာတည်း"စသည်ဖြင့် ဖြေရှင်းဖယ်ရှားကြရမည်"ဟု ဟောတော် မူသည်။ (သီလက္ခန် ဗြဟ္မဇာလသုတ်)

ဤနေရာ၌ ဘုရားရှင်သည် ခန္တီပါရမီရှင်၊ ခန္တီဝါဒီဖြစ်တော်မူပါလျက် 'သည်း ခံဖို့' မဟောဘဲ 'အမျက်မထွက်ဖို့နှင့် ဖြေရှင်းဖယ်ရှားဖို့' ဟောတော်မူခြင်းကို အထူး သတိချပ်အပ်သည်။ သို့ဖြစ်၍ အဋ္ဌကထာဆရာက အမျက်မထွက်ဘဲ ဖြေရှင်းခြင်းနှင့် သည်းခံခြင်းတို့၏ သဘောသဘာဝကွာခြားပုံကို ရှင်းလင်းဖွင့်ဆိုခဲ့လေသည်။

ကဲ့ရဲ့စွပ်စွဲစကားပြောဆိုရာ၌ အကယ်၍ ဘာမျှပြန်မပြောဘဲသည်းခံနေလျှင် ကဲ့ရဲ့စွပ်စွဲသည့်အတိုင်း ဟုတ်မှန်ပါသည်ဟု သံသယဖြစ်ဖွယ် ယူမှတ်နိုင်သည်။ ထို့

www.burmeseclassic.com


ကြောင့် သုပ္ပိယပရိဗိုဇ်၏ ကဲ့ရဲ့စွပ်စွဲပြောဆိုမှုများကို ဘုရားရှင်က သည်းခံဖို့မဟော ဘဲ အမျက်မထွက်စေလျက် အကျိုးအကြောင်းပြော၍ အေးအေးဆေးဆေး ဖြေရှင်းရန် ဟောတော်မူခြင်း ဖြစ်သည်။ ထိုသို့ အမျက်မထွက်ဘဲ ကျိုးကြောင်းပြ ဖြေရှင်းခြင်းကို ပါဠိလို 'အက္ကောဓ'ဟု ခေါ်သည်။ အမျက်ထွက်ခြင်း၊ ဒေါသထွက်ခြင်း၊ ကြမ်းတမ်းခြင်းကို 'ကောဓ'ဟု ခေါ်သည်။ အမျက်မထွက်ခြင်း၊ ဒေါသမထွက်ခြင်း၊ စိတ်မဆိုးခြင်း၊ မကြမ်းတမ်းခြင်းကို 'အက္ကောဓ'ဟု ခေါ်သည်။

'ခန္တီ'ခေါ် သည်းခံခြင်းကို ကျင့်သုံးရန်မှာ ဆဲရေးကြောင်း ဝတ္ထုဆယ်မျိုးတို့ဖြင့် ပုတ်ခတ်ဆဲရေးခြင်း၊ ရိုက်နှက်ညှဥ်းဆဲခြင်းတို့နှင့် ကြုံရသည့်အခါ တုံ့ပြန်ခြင်းလုံးဝ မပြုဘဲ လျစ်လျူရှုခြင်း ဖြစ်သည်။ ထိုသို့သော အဖြစ်မျိုး ကြုံရသည့်အခါ ပြန်လည်ဖြေရှင်းခြင်းဖြင့်လည်း အကျိုးမထူးနိုင်။ သို့ဖြစ်၍ လျစ်လျူရှုသည်းခံလိုက်ခြင်းဖြင့် ပြဿနာကို ချုပ်ငြိမ်းစေအပ်သည်။

ကိစ္စများမြောင်၊ လူတို့ဘောင်၌၊ ထောင်သောင်းမက၊ များလှစွာသော လူ အပေါင်းတို့နှင့် ကြုံဆုံဆက်ဆံနေကြရမည်သာဖြစ်ရာ အက္ကောဓ အမျက်မထွက်ခြင်း နှင့် ခန္တီသည်းခံခြင်း တရားနှစ်ပါးကို နေရာဌာနအလိုက် မှန်ကန်သင့်မြတ်စွာ ကျင့်သုံး ခြင်းဖြင့် လောကခံကို ရင်ဆိုင်နိုင်ကြရာသတည်း။

အတွေးအမြင် စာစဉ် ၁၂၀၊ စက်တင်ဘာ ၁၉၉၆။

www.burmeseclassic.com

## ဒုတိယအတွေး

ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးတွင် မနောကံသည် အဦးဆုံး ဖြစ်သည်။ နှုတ်အမူအရာ ကိုယ်အမူအရာ တစ်စုံတစ်ခု မပြုမီ တွေးကြံခြင်းကို အလျင်ဆုံး ပြုကြသည်။ တွေးကြံလိုက်သည်၊ တွေးကြံနေသည်ဟူ၍ ကာယကံရှင်ကိုယ်တိုင်က သတိမူမိကောင်းမှ သတိမူမိမည်။ သို့ရာတွင် ဝစီကံအမှုနှင့် ကာယကံအမှုဟူသမျှသည် တွေးကြံခြင်းတည်းဟူသော မနောကံအမှုကို ပြုပြီးမှသာ ဖြစ်ပေါ်စမြဲ ဖြစ်သည်။

ကိုယ်နှုတ်အပြုအမူတို့သည် မြင်သာ ကြားသာ၏။ ပေါ်လွင်ထင်ရှား၏။ 'နှုတ်တစ်ရာ စာတစ်လုံး'ဆိုသော စကားရှိရာ နှုတ်အမူအရာတည်းဟူသော ဝစီကံအမှုထက် ကိုယ်အမူအရာတည်းဟူသော ကာယကံအမှုက သာလွန်အရေးပါကြောင်း ဥပဒေသပြုထားခြင်းဖြစ်သည်။ စာရေးသည်ဆိုခြင်းမှာ ကာယကံအမှု ဖြစ်သည်။

စကားပြောဆိုခြင်း၊ စာပေရေးသားခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုကို အသုံးပြု၍ လုပ်ဆောင်ခြင်းစသည်ဖြင့် ကိုယ်နှုတ်အမူအရာတိုင်းသည် တွေးကြံခြင်းမှ ပေါက်ဖွားလာသော ရလဒ်များဖြစ်သည်။ သို့ရာတွင် သာမန်လူများအဖို့ သိစိတ်မှတ်စိတ်က လိုက်မမီနိုင်လောက်အောင် မြန်လွန်းလှသဖြင့် တွေးခြင်း၊ ပြောခြင်း၊ လုပ်ခြင်းတို့သည် တစ်ဆက်တည်းလိုဖြစ်နေသည်။ တစ်ဆင့်ချင်း ပိုင်းခြားရန် မတတ်စွမ်းနိုင် ကြချေ။ ထို့ကြောင့် စိတ်နောက်ကိုယ်ပါ ဟူ၍ ဆိုစမှတ်ပြုခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် တွေးခြင်း၊ ပြောခြင်း၊ လုပ်ခြင်းအဆင့်တိုင်း၌ တွေးခြင်းအမူအရာသည် ယှဉ်တွဲလျက် ပါရှိနေသည်ကို သတိထားကြည့်လျှင် တွေ့ကြရမည်ဖြစ်၏။ ဤသဘောသဘာဝကို သတိချပ်ထားလျှင် မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံအမှုတိုင်းကို မပြုမီ ပထမအတွေးကို ဒုတိယအတွေးဖြင့်ပြန်လည်စစ်ဆေးဆင်ခြင်သည့် အလေ့အကျင့် ထားရှိရန် ကြိုးစားသင့်ကြသည်။ စိတ်နောက်ကိုယ်ပါ ပြောခြင်း၊ ပြုခြင်းများကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ပေါ်ပေါက်တတ်ပေရာ တစ်စုံတစ်ခု တွေးကြံ ပြောဆိုပြုလုပ်တော့မည်ဆိုပါက နှုတ်က စကားတစ်ခွန်းမထွက်မီ၊ ကိုယ်က တစ်စုံတစ်ရာ မပြုမူမီ၊ ပြောအံ့ ပြုအံ့ဆဲဆဲ အခိုက်အတန့်ကလေးတစ်ခု၌ ဒုတိယအတွေးကို

www.burmeseclassic.com


ရုတ်ခြည်း ဖော်ထုတ်ဖို့ လိုအပ်သည်။ ယခု နှုတ်က ထွက်တော့မည့် စကားသည် ပြောအပ်၊ မပြောအပ်။ ပြောလိုက်လျှင် အကျိုးရှိမလား၊ အကျိုးပျက်မလား စသည်ဖြင့် ဒုတိယအတွေး၏ လျှပ်တစ်ပြက် ဆန်းစစ်ခြင်းကို ခံယူဖို့လိုအပ်သည်။ ဒုတိယအတွေးသည် စင်စစ်အားဖြင့် ဆင်ခြင်တုံတရားပင်ဖြစ်၏။

လူရေးလူမှုနယ်ပယ်အသီးသီးတွင် အကြောင်းကိစ္စအလုံးစုံနှင့် စပ်လျဉ်း၍ တွေး၊ ကြံ၊ ပြောဆို၊ ပြုမူကြရာ၌ ဒုတိယအတွေးကို ဖြတ်သန်းပြီးမှ ဆောင်ရွက်ကြလျှင် ဆင်ခြင်တုံတရား ထွန်းကား၍ ဗြဟ္မစိုရ်တရားပြန့်ပွား စည်ပင်သော လောကချမ်းသာကြီးကို မျက်မှောက်ပြုကြရပေလိမ့်မည်။

အတွေးအမြင် စာစဉ် ၁၅၂၊ ဖေဖော်ဝါရီ ၁၉၉၅။

www.burmeseclassic.com

BURMESE CLASSIC .com

ကိုဝံသနှင့် ကျွန်တော် မတွေ့သည်မှာကြာပြီ။ သို့သော် တလောလေးကပင် ပြန်လည်တွေ့ဆုံကြသည်။ သူ စာအုပ်တစ်အုပ် ထုတ်မည်ဆို၍ ကျွန်တော့်အား အမှာစာရေးရန် ပြောသည်။ သူနှင့်ကျွန်တော် သိသည်မှာကြာပါပြီ။ သူနှင့် ဖျတ်ခနဲ ဖျတ်ခနဲ ဆုံတွေ့ကြသော်လည်း သူ၏ရုပ်ပုံကားချပ်ကို ကျွန်တော်မမေ့ပါ။ သူက သတင်းစာဆရာ။ သူရေးသော အတွေ့အကြုံစာပေများကို ဖတ်ဖြစ်သည်။ မနေ့ကတ်၊ တီတီး၊ ကျွန်တော် ဝေခန်းစာရေးသည်။ အငြိမ်းမှာအမှုံ ခမျှရှက်၊ တောက်ရှိခြိုးမှုမှု သမ္မတနန်းတော်သို့၊ တီတီး၊ အငြိမ်းမှာအမှုံ ခမျှရှက်တွင် ကျွန်တော်က ပတ်စတာသင်အကြောင်းရေးခဲ့သည်။

/ / /

ကျွန်တော်သည် မောင်ဝံသ၏ သတင်းစာဆောင်းပါးအဆောင်းပါးများကို ဖတ်ရှုသည်မှာ ကြာပါပြီ။ သူ၏ဆောင်းပါးများတွင် ပတ်ဝန်းကျင်ကို သတိပြုမိသည့် အချက်များကို ထင်ရှားစွာတွေ့ရသည်။ ဘယ်သွားသွား၊ တောနှင့်သွားသွား၊ သစ်တောနှင့်သွားသွား၊ သူရောက်ရာ ဆက်သွယ်ရာ ပတ်ဝန်းကျင်ကို သတိမူသူဖြစ်သည်။ ထို့ကြောင့် သူ သတင်းစာဆရာဖြစ်သည်မှာ မဆန်း။ သူ နယ်နှင့်သူ ထိတွေ့နိုင်သူ ပါစ်မောက်ဖြစ်သည်ကို သိရှိရသည်။ တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုး၏ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် သတင်းစာပညာ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ဆက်စပ်နေသော တရားမျှဖြစ်သည်။

/ / /

သမိုင်းတာဝန်များကို ထမ်းဆောင်နေသောသူများတွင် စာရေးဆရာ သတင်းစာဆရာတို့ ပါဝင်သည်မှာ အမှန်ပင်။ နိုင်ငံရေးသမားများသည် တိုင်းပြည်အပေါ်တွင် တာဝန်ရှိသကဲ့သို့ သတင်းစာဆရာသည်လည်း တိုင်းပြည်အပေါ် တာဝန်ရှိသည်။ ထို့ကြောင့် ကျွန်တော် မောင်ဝံသကို နားလည်သွားသည်။

/ / /

နိုင်ငံ၏တာဝန်ကို ထမ်းဆောင်ရာတွင် သတင်းစာဆရာ၏အခန်းကဏ္ဍ ကြီးကျယ်သည်ကို ကျွန်တော်နားလည်နေသည်။ သူ့သမိုင်းကို သူ ဆောင်ရွက်သည်။ တောက်ပလျှင်လည်း တောက်ပသည့်သမိုင်း၊ လူတို့သည် မိမိတို့၏သမိုင်းကို မိမိရေးသားနေသည် မဟုတ်ပါလား။

ဒဂုန်တာရာ၏အမှာ

မောင်ဝံသ

ဒုတိယအဒေတွေး